www.burmeseclassic.com



BURMESE CLASSIC .com

# ၁၉၄၅ မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်း

## တက္ကသိုလ်စိန်တင်

ပဌမအကြိမ်



### ဗိုလ်ချုပ်အောင်ဆန်း

( ၁၉၁၅ - ၁၉၄၇ )

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ အခင်း လွတ်လပ်ရေး ဗိသုကာကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းကို (၁၉၁၅ ခု ဖေဖော်ဝါရီလ ၁၃ ရက်) စနေနေ့ မကွေးခရိုင် နတ်မောက်မြို့ အဘ အမိန့်တော်ရ ရှေ့နေ ဦးဖာ၊ အမိ ဒေါ်စုတို့မှ ဖွားမြင်သည်။ အသက် ၇ နှစ်အရွယ် နတ်မောက်မြို့ ဆရာတော် ဦးသောဘိတ၏ကျောင်းတွင် ပညာသင်၍ အသက် ၁၃နှစ်အရွယ်တွင် ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းသို့ ကူးပြောင်း သင်ကြားရာ အသက် ၁၈ နှစ်၊ ၁၉၃၂ ခုနှစ်တွင် အထက်တန်းပညာကို အောင်မြင်၍ ထိုနှစ် ဇွန်လမှာပင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိလေသည်။ ၁၉၃၅ ခုနှစ်တွင် တက္ကသိုလ်သမဂ္ဂ အမှုဆောင်နှင့် သမဂ္ဂ ထုတ်ဝေသော အိုးဝေမဂ္ဂဇင်း စာတည်းအဖြစ် ဆောင်ရွက်သည်။ ၁၉၃၆-၃၇ ခုနှစ်တွင်တက္ကသိုလ်ကျောင်းသားသမဂ္ဂဒုတိယဥက္ကဋ္ဌ ၁၉၃၇-၃၈ခုနှစ်တွင်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။ ၁၉၃၈ ခုနှစ်တွင် တက္ကသိုလ် ကျောင်းသားများဥက္ကဋ္ဌ အဖြစ်မှထွက်၍ ဒို့ဗမာအစည်းအရုံး ဝင်ရောက်ပြီးလျှင် အထွေထွေ အတွင်းရေးမှူးအဖြစ် နေ့ညမပြတ် ဆောင်ရွက်လေသည်။ ၁၉၃၉ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာရာ မြန်မာနိုင်ငံတော်ကြီး နယ်ချဲ့လက်အောက်မှ ရုန်းရုန်းကြဲ လွတ်မြောက် ရမည်ဟုသော အဓိဋ္ဌာန်ဖြင့် ၁၉၄၀ ပြည့်နှစ် ဩဂုတ်လတွင် မြန်မာပြည်ပြင်ပသို့ ထွက်သွားပြီးနောက်၊ မြန်မာပြည် လွတ်လပ်ရေးရစေမည်ဟုသော ဂျပန်အစိုးရ၏ ကတိကိုယုံ၍ ရဲဘော်သုံးကျိပ်နှင့်အတူ စစ်ပညာကို ပင်ပန်းဆင်းရဲစွာသင်ကြားပြီးလျှင် ၁၉၄၁ ဒီဇင်ဘာလတွင်ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ရဲဘော်သုံးကျိပ်နှင့်အတူ ဗမာ့လွတ်လပ်ရေးတပ်မတော် ကိုဖွဲ့စည်းသည်။ ဗိုလ်ချုပ်အောင်ဆန်း ကြီးမှူးရွက်ဆောင်သော ဗမာ့လွတ်လပ်ရေး တပ်မတော်သည် ဂျပန် စစ်တပ်များနှင့်အတူ နယ်ချဲ့လက်မှ မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်သိမ်းပိုက်လိုက်သည်။ သို့သော် ဂျပန်စစ်တပ်သည် ကတိဖောက်ဖျက်ရုံသာမက ပြည်သူလူထုအပေါင်းတို့အား ညှင်းပန်းနှိပ်စက်မှုများကို ပြုကျင့်သဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့တပ်မတော်ကြီးနှင့်တကွ တစ်ပြည်လုံးကို ခေါင်းဆောင်လျက် ၁၉၄၅ ခု မတ်လ (၂၇) ရက်နေ့တွင် ဖက်ဆစ်ဂျပန်တို့အား အတိအလင်း စစ်ကြေငြာ၍ သုတ်သင် ရှင်းလင်းပြီးလျှင် လူထုကြီးတစ်ရပ်လုံးကို ဖက်ဆစ်တို့ ကြမ်းကြုတ် ရက်စက်မှုဘေးမှ ကယ်တင်လိုက်သည်။ ဂျပန်များဆုတ်ခွာ ထွက်ပြေးကြပြီးနောက် ဗြိတိသျှတပ်များ ဝင်ရောက်လာပြန်သည်။ မြန်မာနိုင်ငံတော်ကြီးကို ကျွန်သက်ရှည်စေမည့် ... ယူလာပြန်သဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည်ဖက်ဆစ်ဂျပန် တို့ကို တော်လှန်ခဲ့သော "ဖ၊ ဆ၊ ပ၊ လ" ခေါ် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ် ကြီးကို အမျိုးသားတပ်ပေါင်းစုကြီးအဖြစ် ပြန်လည်ဖွဲ့စည်းပြီးလျှင် လွတ်လပ်ရေးအောင် ... ကြီးကို လှုံ့ဆော်၍ လွတ်လပ်ရေးတိုက်ပွဲကြီးဆင်နွှဲလေသည်။ ဗြိတိသျှအစိုးရ၏ ဖိတ် ... ချက်အရ "ခေါင်းကျိုးကျိုး မကြိုက်ကြနှင့်" ဟု ပြည်သူလူထုအား အသင့်ရှိ ... မှာကြားပြီးနောက် အင်္ဂလန်ပြည်လန်ဒန်မြို့ကို သွားရောက်ကာ လွတ်လပ်ရေး အတွက် အရေးဆို၍ "အောင်ဆန်း-အက်တလီ" စာချုပ်ကိုချုပ်ဆိုခဲ့ပြီးလျှင် "တစ်နှစ် အတွင်း လွတ်လပ် ရေးရရမည်" ဟူသော ရဲရဲတောက်ကတိကြီးကို ပြည်သူ ... အား ပေးလေသည်။ ထို့နောက် ပင်လုံမြို့တွင် ပြည်ထောင်စုကြီးသို့ ... မြို့နိုင်စွာ အုတ်မြစ်ချပြီးနောက် တစ်နိုင်ငံလုံး ကိုယ်စားလှယ်များပါဝင်သော တိုင်းပြုပြည်ပြု လွှတ်တော်ကြီးကို ရွေးကောက်ဖွဲ့စည်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးကို ရေးဆွဲခဲ့လေသည်။ ... ပြည်သူ လူထု တစ်ရပ်လုံးကို သိမ်းမြှင်ခေါင်းဆောင်လျက် ... မဟာသမဗြတဲ ပြည်သူလူထုအဖို့ ... ပြည်ထောင်စုကြီး၏ အကျိုး ... ဆောင်ရွက်ပြီးလျက် တစ်မိနစ် တရွေ့ ... မနားခြင်းမရှိ အမြဲ ... ကြိုးပမ်းဆောင်ရွက် နေဆဲမှာပင် ၁၉၄၇ ခု ဇူလိုင်လ (၁၉) ရက်နေ့တွင် လုပ်ကြံသူ ... တို့၏ လက်ချက်ဖြင့် ပြည်သူလူထု ... ကျေးဇူးရှင်ကြီး ဗိုလ်ချုပ်အောင်ဆန်း သည် မြန်မာ့လွတ်လပ်ရေးမှ်ဦး၌ ... ကျဆုံးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com




## ထုတ်ဝေမှုမှတ်တမ်း

ပထမအကြိမ်၊ ၁၉၆၈ ခုနှစ်၊ မြဝတီစာအုပ်တိုက်၊ အုပ်ရေ (၂၀၀၀)
ဒုတိယအကြိမ်၊ ၁၉၇၃ ခုနှစ်၊ နိုင်စာပေ၊ အုပ်ရေ (၂၀၀၀)
တတိယအကြိမ်၊ ၁၉၇၆ ခုနှစ်၊ ဂုဏ်ထူးစာပေ၊ အုပ်ရေ (၂၀၀၀)
စတုတ္ထအကြိမ်၊ ၁၉၈၅ ခုနှစ်၊ ဂုဏ်ထူးစာပေ၊ အုပ်ရေ (၂၀၀၀)
ပဉ္စမအကြိမ် ၂၀၁၀ ပြည့်နှစ်၊ အားမာန်သစ်စာပေ၊ အုပ်ရေ (၁၁၀၀)

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၁၈၀၃၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၀၅၉၉၀၆၁၀

မျက်နှာဖုံးပန်းချီ ◆ ပန်းချီ အုံဘွယ်ခင်
ကွန်ပျူတာစာစီ ◆ မြစ်ခွဲဝင်းကွန်ပျူတာ
ဈေးနှုန်း ◆ ၄၀၀၀ ကျပ်
စာအုပ်ချုပ် ◆ ဝဝမိုးနှင့်အဖွဲ့
မျက်နှာဖုံးပုံနှိပ် ◆ ဦးတိုးဝင်း(၀၂၄၃၁)၊
နေလရောင်အဆောက်အဦ၊ (၉၆/ခ)၊
၁၁-လမ်း၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်သူ ◆ ဦးစော်မင်း (Wizard)
အမှတ် (၁၉၈)၊ ၃၃-လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ ◆ တက္ကသိုလ်စိန်တင်(မြ-၀၁၁၉၆)၊ ညောင်ရမ်းစာအုပ်
တိုက်အမှတ်၁၀၅/၁၁၅၊ မိုးမေ့လမ်း (၄၆)လုံးကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)၊
ဖုန်း-(၅၈၀၄၅၅၊ ၅၈၃၃၆၈၊ ၀၉-၅၀၀-၈၈၆၄)

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

၅၉၀-၅၉၈
စိန်တင်၊ တက္ကသိုလ်
၁၉၄၅ မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်း/ တက္ကသိုလ်စိန်တင် ။- ရန်ကုန် ။
ညောင်ရမ်းစာပေ၊ ၂၀၁၀။
(၃၃၀) စာ၊ စင်တီမီ...
(၁) ၁၉၄၅ မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်း


BURMESE CLASSIC .com

## မာတိကာ


စာအုပ်ပြုစုသူ၏ အမှာ ဈ

ပထမပိုင်း
ဖက်ဆစ်တော်လှန်ရေးမဖြစ်မီ
စောစောပိုင်း မြန်မာနိုင်ငံအခြေအနေ

အခန်း(၁)။ မြန်မာလွတ်လပ်ရေး ဆုံးရှုံးခြင်းနှင့် လေ့လာချက်ချည်းသက်သက် အလဲမလှဲလိုသော မျိုးချစ်မြန်မာများ ၁၉
(က) မြန်မာနိုင်ငံသို့ ရောက်ရှိလာကြသော ဥရောပတိုက်သားများ ၁၉
(ခ) မြန်မာလွတ်လပ်ရေး ဆုံးရှုံးခြင်း ၂၆
(ဂ) နယ်ချဲ့တော်လှန်ရေးများ မြန်မာနိုင်ငံအရပ်ရပ်တွင် ပေါ်ထွန်းခြင်း ၃၁
(ဃ) အင်္ဂလိပ်အစိုးရ၏ အရင်းရှင်နယ်ချဲ့စနစ် ၄၁
(င) မြန်မာလူမျိုးများ နိုးကြားလာကြခြင်း ၄၇

အခန်း(၂)။ တော်လှန်ရေးစိတ်ဓာတ်တက်ကြွနေသော မြန်မာလူထု ၅၇
(က) မြန်မာနိုင်ငံတွင် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများ ကြီးထွားလာသည့် ခေတ် ၅၇
(ခ) လယ်သမားတော်လှန်ရေးကြီး ပေါ်ပေါက်လာခြင်း ၅၉
(ဂ) တို့ဗမာအစည်းအရုံး၏ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများ ၆၂
(ဃ) ကျောင်းသားသပိတ်နှင့် ၁၃၀၀ ပြည့်အရေးတော်ပုံ ၆၆


www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယပိုင်း
## ဖက်ဆစ်တော်လှန်ရေးဖြစ်လုနီး မြန်မာနိုင်ငံ အခြေအနေ


အခန်း(၃)။ ဂျပန်နိုင်ငံနှင့် မြန်မာလူငယ်များအဆက်အသွယ်ရလာခြင်း ၇၉
(က) ဖက်ဆစ်ဝါဒနှင့် ဂျပန်နိုင်ငံ ၇၉
(ခ) အင်္ဂလိပ်အစက် ဗမာအချက် ၈၆
(ဂ) မြန်မာ ဂျပန် ဆက်ဆံမှုအခြေအနေ ၉၅
(ဃ) မြန်မာလူငယ်များနှင့် ဂျပန်သူလျှိုတို့အဆက်အသွယ် ၁၀၀
(င) သခင်အောင်ဆန်း နိုင်ငံခြားသို့ ထွက်ခွာခြင်း ၁၀၇
အခန်း(၄)။ ဗမာ့လွတ်လပ်ရေးတပ်မတော် ပေါ်လာပြီ ၁၁၂
(က) ရဲဘော်သုံးကျိပ် ဂျပန်ပြည်သို့ ထွက်ခွာခြင်း ၁၁၂
(ခ) ဟိုင်နန်ကျွန်းစစ်တန်းနှင့် ဖက်ဆစ်ဆန့်ကျင်ရေးဝါဒ ၁၁၈
(ဂ) မြန်မာမျိုးချစ်လူငယ်များနှင့် ဂျပန်တပ်မတော် ၁၂၃
(ဃ) အရှေ့အာရှ သာတူညီမျှကောင်းစားရေးနှင့် ဂျပန် ၁၂၉
(င) ဗမာ့လွတ်လပ်ရေးတပ်မတော် မြန်မာနိုင်ငံသို့ ချီတက်လာပြီ ၁၃၅


## တတိယပိုင်း
## ဖက်ဆစ်တော်လှန်ရေးဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းများ


အခန်း(၅)။ ဖက်ဆစ်ဘီလူးရုပ် ရုပ်လုံးပေါ်လာခြင်း ၁၄၅
(က) ဂျပန်ခေတ်အစ မြန်မာနိုင်ငံအခြေအနေ ၁၄၅
(ခ) ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဂျပန်စစ်ခေါင်းဆောင်တို့က ဖျက်သိမ်းစေခြင်း ၁၅၈
(ဂ) ဂျပန်ပေးသော ရွှေရည်စိမ်လွတ်လပ်ရေး ၁၇၁
(ဃ) မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးတို့တွင် ဂျပန်တို့ ဖိနှိပ်ချုပ်ချယ်မှုများ ၁၇၇
(င) ဂျပန်စစ်တပ်နှင့် မြန်မာတို့ ဆက်ဆံမှုအခြေအနေများ ဆိုးဝါးလာခြင်း ၁၉၀
အခန်း(၆)။ ဖက်ဆစ်တော်လှန်ရေးအတွက် အဖွဲ့အစည်းသစ်မှ ကြိုတင်ပြင်ဆင်ပြီးဖြစ်နေခြင်း ၁၉၇
(က) ဗိုလ်ချုပ်အောင်ဆန်း၏ တော်လှန်ရေးသဘောတရား ၁၉၇
(ခ) နိုင်ငံခြားရောက် မျိုးချစ်လူငယ်များ ၂၀၄
(ဂ) မြေအောက်တော်လှန်ရေး ရဲဘော်များ၏ ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများ ၂၁၄
(ဃ) တပ်မတော်အဖွဲ့ကြီး၏ ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများ ၂၂၃
(င) ဂျပန်ဖက်ဆစ် လုံး၀ သုတ်သင်ရေး ၂၃၃


## စတုတ္ထပိုင်း
## မြန်မာနိုင်ငံအရပ်ရပ်တွင် ဖက်ဆစ်တော်လှန်ရေးကြီး တောင်ဆင့်နိုးခြင်း


အခန်း(၇)။ ပြည်သူလူထုတစ်ရပ်လုံး၏ တော်လှန်ရေး ၂၆၁
(က) တော်လှန်ရေးကာလ အင်္ဂလိပ်-ဂျပန်စစ်အခြေအနေ ၂၆၁
(ခ) တော်လှန်ရေးတိုင်းများ ခွဲခြင်း ၂၆၆
(ဂ) တော်လှန်ရေးတပ်ထွက်အခမ်းအနား ကျင်းပခြင်း ၂၇၀
(ဃ) မြန်မာပြည်အရပ်ရပ်တွင် တော်လှန်ရေးကြီး တောင်ဆင့်နိုးပြီ ၂၇၄
(င) တိုင်း ၄ မှ ဂျပန် ၂၇၇ ဦး ကျဆုံးသော တိုက်ပွဲ ၃၂၄ ပွဲ ၂၈၇
(စ) တိုင်း ၆ မှ ဂျပန် ၄၀၃၅ ဦး ကျဆုံးသော တိုက်ပွဲ ၃၅၇ ပွဲ ၂၉၄
(ဆ) ရန်ကုန်မြို့ကို တော်လှန်ရေးတပ်များက သိမ်းခြင်း ၃၀၀
(ဇ) တော်လှန်ရေးတိုက်ပွဲများ နောက်ဆုံးအခြေအနေ ၃၀၆

အခန်း(၈)။ ဖက်ဆစ်တော်လှန်ရေးဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံအခြေအနေ ၃၂၀
(က) တော်လှန်ရေးနှင့် မဟာမိတ် ဒေသနာယကချုပ်အမြင် ၃၂၀
(ခ) နေသူရိန်ညီလာခံနှင့် ကန္ဒီကွန်ဖရင့် ၃၂၅
(ဂ) အောင်ဆန်း-အက်တလီစာချုပ်နှင့် ပင်လုံတိုင်းရင်းသားစည်းလုံးညီညွတ်ရေးညီလာခံ ၃၃၁
(ဃ) ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများလုပ်ကြံခံရခြင်း ၃၃၅
(င) မြန်မာနိုင်ငံလွတ်လပ်ရေး ကြေညာခြင်း ၃၄၀
- ကျမ်းကိုးစာရင်း ၃၄၆


www.burmeseclassic.com

www.burmeseclassic.com

## ပဋ္ဌမအကြိမ် ပုံနှိပ်ခြင်းအတွက်
## စာရေးသူ၏ အမှာစာ

၁၉၃၀ - တို့ဗမာအစည်းအရုံးကြီး
၁၉၄၂ - တပ်မတော်ဂုဏ်ဆောင်
ရဲဘော်သုံးကျိပ်
၁၉၄၅ - ဖက်ဆစ်တော်လှန်ရေးကြီး သို့မဟုတ်
အနီထဲက ကြယ်ဖြူပွင့်

တက္ကသိုလ်စိန်တင်

(၁)

ချီတက်ကြစို့ တို့ဗမာ့တပ်မတော်
စစ်ဆိုရင် ရဲစိတ်ဓာတ်ဝင် ဗမာတိုင်းပျော်
ကမ္ဘာတွင် ရာဇဝင်တင်လောက်သနော်
အနိုင်ဂုဏ်ကို ကယ်တင်ခဲ့တဲ့ အောင်ဆန်းနော် ××× အောင်ဆန်းနော် ××× အောင်ဆန်းနော်

မောင်စိန်တင်ကလေးတို့ အသက် (၈)နှစ်အရွယ်က သီဆိုခဲ့ဖူးသော စစ်ချီသီချင်းတစ်ပုဒ်ဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးကို သိမ်းကြုံးလွှမ်းခြုံ မင်းလုပ်ခဲ့ကြသော ဗြိတိသျှနယ်ချဲ့သမားတို့၏ စစ်တပ်ကြီးကို ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးက မြန်မာပြည်အတွင်းမှ တိုက်ထုတ်မောင်းနှင်ပြီးကာစ မှု နွေးနွေးကာလ ၁၉၄၂-၄၃-၄၄ ခုနှစ်များဆီက...

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် ထိုကာလတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ဗမာ့ကာကွယ်ရေးတပ်မတော်သည် မြန်မာတစ်နိုင်ငံလုံးတွင် ထင်တိုင်းကြဲ ရမ်းကားနေကြသော ဖက်ဆစ်ဂျပန်တို့အား တွန်းလှန်တိုက်ခိုက်ရန် ချီတက်ကြသည်မှာ ရှိခဲ့တည်း။

သည်တော့ မေးရဦးမည်။

မြန်မာတို့သည် စစ်တိုက်ရာ၌ အတွေ့အကြုံ ဝါသနာထုံသော လူမျိုးမြန်မာတို့၏ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် မကြာမီကပင် များမဟုတ်လား။ မြန်မာတို့၏ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် နယ်ချဲ့ဗြိတိသျှစစ်တပ်ကြီးကို မြန်မာနိုင်ငံအတွင်းမှ စစ်ပွဲကြီးတွေဆင်နွှဲပြီး မောင်းနှင်ထုတ်ခဲ့ပြီးဖြစ်သည်။ ယခုတစ်ဖန် ဖက်ဆစ်ဂျပန်တို့ကို တစ်ဖြန်တိုက်ခိုက်ကြီးတွေနှင့် ရင်ဆိုင်ရန် စီစဉ်နေကြဖြစ်ပါပေ၏လား။ အဲဒါ ဘာသဘောလဲ။

ရှင်းပါဦး။

စင်စစ်ဆိုလျှင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ဘာသာရေးအရဆိုး အမတွင် ရပ်တည်၍ သူတစ်ဦး၏အသက်ကို သတ်ဖြတ်ရန် ဝေးစွ၊ ခြင်များ ယင်ကောင်များကိုပင် သတ်ဖြတ်ရန် ဝန်လေးကြသူများဖြစ်သည်။ သို့သော် ယခုကဲ့သို့ ရန်သူကို ဘာမဆို သူသေကိုယ်သေ တိုက်ပွဲကြီးတွေ ဆင်နွှဲရန် ဖြစ်ပေါ်လာသည်ကား ထူးခြားသောအကြောင်းတစ်ခုရှိ ရှိနေပေသည်။

အဲသည်အကြောင်းက ဘာလဲ။

အတိုဆုံး အရှင်းဆုံး ပြောပါဆို။

သူ့ကျွန်မခံလိုတာပဲ။

ထပ်၍ ဆိုပါဆို။

မိမိနိုင်ငံကို ကျူးကျော်ဝင်ရောက်နိုးနှိမ်ရန် ကြံစည်သော မည်သည့်နိုင်ငံခြားသား၊ မည်သည့်နိုင်ငံခြားစစ်တပ်နိုးနှိမ်ချုပ်ချယ်မှုကိုမှ ဆတ်ဆတ်ထိမခံ တွန်းလှန်မည် ဖြစ်သတည်း။

သည်တော့ ထပ်၍မေးရဦးမည်။

ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီး ဆင်နွှဲရန်၊ မြန်မာပြည်သူတို့သည် မည်သည့်အင်အား၊ မည်သည့်ကြိုးပမ်းမှု၊ မည်သည့်အားထုတ်မှုများကို ပေးဆပ်နိုင်ခဲ့ကြသနည်း။

မေးခွန်းရှည်လိုက်တာ အရှည်ကြီးဖြစ်တော့မည်။ သို့သော် တိုတိုနှင့် ကိုရှင်းကိုသာ ဆိုပါတော့ဆို။



၁၉၄၀ တို့ဗမာအစည်းအရုံးကြီး

၁၉၄၂ တပ်မတော်ရုံးအောင် ရုံတော်သုံးကျိပ်

၁၉၄၅ ဖက်ဆစ်တော်လှန်ရေးကြီး

ဤနိုင်ငံရေးလှုပ်ရှားမှုကြီး အဆင့်ဆင့်သည် တစ်ဆင့်နှင့်တစ်ဆင့် လက်ယှက်ကာ၍ လိုင်းလုံးကြီးသဖွယ် ချိတ်ဆက်နေခဲ့ကြခြင်းဖြစ်၏၊ ကြည့်ပါ။

၁၉၃၀ ပြည့်နှစ်တွင် ပေါ်ထွန်းလှုပ်ရှားခဲ့ကြသော တို့ဗမာအစည်းအရုံးကြီးသည် တစ်ခုတည်းသော ကြွေးကြော်သံကို လက်ကိုင်ပြု ကြွေးကြော်ခဲ့သည်။

'ဗမာ… နိုင်ငံလည်း ငါ့တို့သူ၊ ငါလည်း သခင် လုံးဝလွတ်လပ်ရေး ရချင်စေ။'

သို့သော်… သို့သော်…

လက်နက်ကြီးရှင်၊ အင်အားကြီးအရှင် ဗြိတိသျှနယ်ချဲ့သမားတို့ထံက လွတ်လပ်ရေးကို လက်မြန်တောင်း၍ရနိုင်ပါသလား။ မရနိုင်တော့ရော သည်တော့…

တို့ဗမာအစည်းအရုံးညီလာခံက ဆုံးဖြတ်တာဝန်ပေးချက်အရ သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် (၈-၈-၁၉၄၀)နေ့တွင် မြန်မာပြည်မှ ထွက်ခွာ၍ နိုင်ငံခြားသို့ ပုန်းရှောင်ထွက်ခွာခဲ့ကြသည်။ ဤကား နောင်အခါတွင် သမိုင်းဝင်မည့် ရဲဘော်သုံးကျိပ် လက်နက်ကိုင်အဖွဲ့အစည်းကြီး၏ ပဏာမခြေလှမ်းပင်တည်း။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ရဲဘော်သုံးကျိပ်တို့သည် ယိုးဒယားနိုင်ငံ၊ ဘန်ကောက်မြို့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဖွဲ့စည်းတည်ထောင်လိုက်ကြသည်။ ဂျပန်တပ်မတော်ကြီး၏ ထောက်ပံ့ကူညီမှုဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် အင်အားကြီးမားသော ဗြိတိသျှစစ်တပ်ကြီးကို တိုက်ထုတ်မောင်းနှင်၍ မြန်မာနိုင်ငံအတွင်းမှ ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးစေခဲ့ပြီ။ ဗြိတိသျှနယ်ချဲ့စစ်တပ်ကြီးကို ဗမာ့လွတ်လပ်ရေးတပ်မတော်က မြန်မာနိုင်ငံအတွင်းမှ တိုက်ထုတ်ခဲ့ပြီးနောက် ဒုတိယအရှေ့ဖွဲ့ကျူးသူကား မြန်မာနိုင်ငံကို စိုးမိုးအုပ်ချုပ်နေသော ဖက်ဆစ်ဂျပန်တို့ပင်တည်း။

'အရှေ့ဖွဲ့ကျူးသူ မရှိရဘူး' ဆိုသော မြန်မာတို့ဆိုရိုးစကားရှိ၏။ ထို မြန်မာပြည်သူတို့ကို ဖက်ဆစ်ဂျပန်တို့က နေ့စဉ်ရှုမှုကောင်း၊ လက်စည်းနှိုက်

www.burmeseclassic.com

www.burmeseclassic.com



ပလာယာဖြင့်ဆွဲ၊ ထုပ်တန်းမှာ ကြိုးချည်ပြီး ခေါက်ထိုးဆွဲ၊ ခြေသလုံးကို သစ်လုံးဖြင့် နင်းလှိမ့်၊ ပါးရိုက်၊ မျက်နှာကို ရေလောင်း၊ မကောင်းမှုပေါင်းများစွာဖြင့် ညှဉ်းဆဲနှိပ်စက်နေကြသည်။ ဖက်ဆစ်ဂျပန်တို့ကို မြန်မာပြည်သူတစ်ရပ်လုံးက သိမ်းကြုံးလက်စားချေ တွန်းလှန်တိုက်ခိုက်ရန် အခြေအနေပေးခဲ့ပြီ။

ဤသို့ဖြင့် ၂၇·၃·၁၉၄၅ နေ့တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖတပလ)၏ နိုင်ငံရေးအုံကြွမှုတိုက်ပွဲကြီး စတင်ခဲ့ပြီ။ စစ်တိုက်သည်ဆိုခြင်းကား ပန်းနှင့်ပေါက်ကြသည် မဟုတ်။ လက်နက်မျိုးစုံကိုင်၍ ရင်ကို မြေကတုတ်လုပ်ကာ တစ်ဦးနှင့်တစ်ဦး အသေသတ်ရန် ကြံစည်အားထုတ်ကြသည်ဆိုသော ဖက်ဆစ်ဂျပန်တွေလည်း သေ၊ မြန်မာတွေလည်း ကျကြ၊ နာကြ အနိဋ္ဌာရုံဖြစ်ရပ်ကြီးပင်တည်း။ ထားတော့။

(၂)

ဤသို့ဖြင့် ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် စတင်ခဲ့သော ဖက်ဆစ်တော်လှန်ရေးကြီး အောင်ပွဲခံခဲ့သည်။ အိန္ဒိယနိုင်ငံမှ မြားပစ်သလို ချီတက်လာခဲ့သော မဟာမိတ်ဗြိတိသျှစစ်တပ်ကြီးသည် ပြည်တွင်းမှ မြန်မာဖက်ဆစ်တော်လှန်ရေးတပ်ဖွဲ့များ အကူအညီဖြင့် ဂျပန်စစ်တပ်ကြီးကို အလဲလဲအကွဲကွဲ အသေအကျေခံကာ ဆုတ်ခွာစေခဲ့သည်။

သည်တော့ ဆိုရပေအံ့။

တို့ဗမာအစည်းအရုံးကြီးက မွေးထုတ်ခဲ့သော ရဲဘော်သုံးကျိပ်နှင့် ယင်းရဲဘော်သုံးကျိပ်ကို ဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်တို့က ဖက်ဆစ်တော်လှန်ရေးကြီးအထိ လှိမ့်လုံးတိုက်ခိုက်လာသော နိုင်ငံရေးလှိုင်းလုံးကြီးသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့သည်။

၁၉၃၀ ပြည့်နှစ်မှသည် ၁၉၄၈ ခုနှစ် မြန်မာ့လွတ်လပ်ရေး ကြေညာသည်အထိ တိုက်ခိုက်ခဲ့သော နိုင်ငံရေးလှိုင်းလုံးကြီးသည် ထင်ရှားတောက်ပသော ကြယ်ကြီးတစ်ပွင့်ကို ထွန်းတင်စေခဲ့သည်။

ယင်းကား 'အနီထဲက ကြယ်ဖြူပွင့်'။ မှန်ပါ၏။ ဖက်ဆစ်တော်လှန်ရေးကြီးတွင် တော်လှန်ရေးအင်အားစုကြီး ကိုင်စွဲခဲ့သော အလံတော်ကြီးမှ အနီရောင်ကား ရဲစွမ်းသတ္တိရှိခြင်း၊ မှန်ကန်ခြင်း၊ ဖြောင့်မတ်ခြင်းတို့နှင့် အလံတော်



ကြီး လက်ဝဲထောင့်က ကြယ်ဖြူပွင့်၏ အဓိပ္ပာယ်ကား စင်ကြယ်သန့်ရှင်းဖြူစင်သော မြန်မာတို့၏ ရင်ထဲက သင်္ကေတပင်တည်း။

အနီထဲက ကြယ်ဖြူပွင့် ထာဝစဉ် ထွန်းတင်ဝင်းလက်ပါစေ။

တက္ကသိုလ်စိန်တင်

၂၇·၃·၂၀၁၀

မိုးမခမြိုင်၊

ဒဂုံမြို့သစ်(မြောက်ပိုင်း)။

(၁၉၄၅-၂၀၁၀ ဖက်ဆစ်တော်လှန်ရေးကြီး

၆၅ နှစ်ပြည့် အမှတ်တရ)

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင် မိဘနှစ်ပါးသို့…

မြန်မာနိုင်ငံ အမျိုးသားများ၏ နယ်ချဲ့တော်လှန်ရေးသမိုင်းမှ နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားလာလျှင် ဆတ်ဆတ်ထိမခံ တွန်းလှန်ပုန်ကန် တိုက်ခိုက်ခဲ့ကြသည့် စစ်သူကြီး မဟာဗန္ဓုလ၊ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ မင်းဘူး ဗိုလ်ဥတ္တမ၊ မင်းကြီး နတ်မောက်ရွှေလရောင် စသော အာဇာနည်သူရဲကောင်းများ၏ သမိုင်းဝင် တိုက်ပွဲများကို သားဖြစ်သူ ငယ်စဉ်က ပုံပြင်သဖွယ် ပြောပြလေ့ရှိကြသော…

**မင်းဘူးမြို့မှ**

အငြိမ်းစား ကျောင်းဆရာ ဦးညွန့်နှင့် ဆရာမ ဒေါ်ခင်စုတို့အား ဤစာအုပ်ဖြင့် ရိုသေစွာ ကန်တော့အပ်ပါသတည်း။

တက္ကသိုလ်စိန်တင်

## တက္ကသိုလ်စိန်တင်၏ စာအုပ်များ


၁။ နှင်းမှုန်ကြားမှ တပ်နီတော်
၂။ ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာ ဦးသန့်
၃။ ဟစ်တလာ၏ သစ္စာကေရီ
၄။ ၁၉၄၅ မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်း
၅။ ရဲဘော်သုံးကျိပ်မော်ကွန်း
၆။ ငွေဓားဗိုလ်
၇။ အန္တရာယ်တောင်ကြား
၈။ နွေမင်းသားနှင့် ဆောင်းကေရီ
၉။ ကုံကော်မြိုင်တန်း လွမ်းပန်းဝေဝေ
၁၀။ နှန်းကျာဘုရင်သီပေါ
၁၁။ အကျဉ်းခံသီပေါ
၁၂။ မင်းတုန်းမင်း၏ နောက်ဆုံးနေ့များ
၁၃။ မြန်မာ့နိုင်ငံရေးဇာတ်ခုံမှ စောစံဖိုးသင်
၁၄။ ၁၉၇၃ အာရပ်-အစ္စရေး သဲကန္တာရစစ်ပွဲ
၁၅။ ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း
၁၆။ ကေရီစုပုရား
၁၇။ မုန်တိုင်းဗိုလ်ရဲဒင်
၁၈။ အိုဘယ့်အနော်ရထာ
၁၉။ ပုဂံမှာ ကျန်စစ်သား
၂၀။ ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို
၂၁။ သီဂီဆောင်အခန်းအမှတ် (၃)
၂၂။ မိန်းမချောကလေးများ မချစ်ရ
၂၃။ ထို့ကြောင့် မိန်းမဟုခေါ်သည်
၂၄။ စတီရီယိုမင်းသမီး
၂၅။ ကျွန်တော်တို့အမေ
၂၆။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနှင့် သခင်ဗစိန်


www.burmeseclassic.com

www.burmeseclassic.com



၂၇။ ပန္နရွှေဆီးဆုံးဆေး
(ဘဝခရီးနှင့် အောင်မြင်နည်းအတွေ့အကြုံများ)
၂၈။ ဆိုဗီယက်ယူနီယံပြိုကွဲခြင်း
၂၉။ မြန်မာ့တော်လှန်ရေးအစောနည်း ပုဂံဗိုလ်ချုပ်
၃၀။ ပုဂံရှာပုံတော်-၁။
(နရသီဟပတေ့မင်း၊ မိဖုရားစောလုံနှင့် မိဖုရားဖွားစော)
၃၁။ ပုဂံရှာပုံတော်-၂။
(နရပတိစည်သူ၊ အနန္တသူရိယနှင့် စေတ္တောတိမင်းသမီး)
၃၂။ မြင်ကွန်းနှင့်ကနောင်
၃၃။ တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ၊
စိမ့် (ပညာရေး)နှင့် တွဲဖက်ရေးသည်။
၃၄။ သီပေါဘုရင်နှင့် စုဖုရားလတ်
၃၅။ အိုဘယ့် ရာဇာကုမာရ်
၃၆။ ၂၀၀၁-ခုနှစ် အိန္ဒိယ၊ နီပေါ ဗုဒ္ဓဂယာဓမ္မခရီးသည်
စိမ့် (ပညာရေး)နှင့် တွဲဖက်ရေးသည်။
၃၇။ ပုဂံရှာပုံတော်(၃)
(အလောင်းစည်သူမင်း၊ နရသူနှင့် ပဒုမာဒေဝီမိဖုရား)
၃၈။ ထိုင်းကျိုးမြည်ကျိုးဆောင် (TPS)အဖွဲ့ရဲ့ မေတ္တာစေတနာ
ကရုဏာတရား သွားဦးစွမ်းအတွေ့အကြုံ (၂၀၀၈ ခုနှစ် အမျိုးသားစာပေဆုရ
စာအုပ်)
၃၉။ သိပ္ပံမောင်ဝ (ဂကနှင့်တာပေ)
၄၀။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်းများနှင့် ဗိုလ်ချုပ်အောင်ဆန်း
၄၁။ နန်းမတော်မယ်နု ရှာပုံတော်
၄၂။ သခင်များနှင့် အမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှုကြီး



**တက္ကသိုလ်စိန်တင် နှင့် ဆက်သွယ်ရန်လိပ်စာသစ်**

မိုးမခမြိုင် အမှတ်-၁၁၈၇/၁၁၈၇
မိုးမခလမ်း (၄၆)ရပ်ကွက်
ဒဂုံမြို့သစ်(မြောက်ပိုင်း) ရန်ကုန်မြို့
☎ - ၅၈၀၄၅၅

www.burmeseclassic.com

www.burmeseclassic.com

# အနီးကပ်ဆုံးရန်သူကို ရှာပြီးတိုက်ကြ

ရဲဘော်တို့၊

အကျယ်ချဲ့ပြီး ရှည်ရှည်မပြောချင်ဘူး။

အခုစစ်မြေပြင်ကို ထွက်ရမယ်၊

ဆင်းရဲမယ်၊ ဝေဒနာခံရမယ်၊

အခက်အခဲတွေနဲ့ရင်ဆိုင်ရမယ်၊

ဗမာပီပီ ဗမာသွေးကိုပြကြ

အထက်ဗိုလ်များရဲ့အမိန့်ကိုနာခံကြ

အထက်ဗိုလ်တွေကလည်း

သားတူညီမျှရဲဘော်စိတ်ထားကြ

ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း

ငါလည်းရဲဘော်တို့နဲ့အတူ ချီတက်မယ်

ဗမာ့ရန်သူကို ချေမှုန်းကြ

အနီးကပ်ဆုံးရန်သူကို ရှာပြီးတိုက်ကြ ဖါယ်။

ဗိုလ်ချုပ်အောင်ဆန်း၊

(၁၇-၃-၁၉၄၅)



www.burmeseclassic.com

www.burmeseclassic.com





(၂) စစ်ပြီးခေတ်ရန်ကုန်မြို့ အခမ်းအနားတစ်ခုတွင် တွေ့ရသော ဗိုလ်ချုပ်အောင်ဆန်း၏ ပန်းချီပုံ။ (ပန်းချီ-ဦးကြည်ဝင်း)

၃) ၁၉၄၅ ခုနှစ်၊ မတ်လ(၁၇)ရက်နေ့တွင်၊ ဖက်ဆစ်တော်လှန်ရေး ဗိုလ်သားများသည် ရွှေတိဂုံစေတီအနီး (ယခုတပ်မတော်ပန်းခြံ)မှ တော်လှန်ရေး စစ်ထွက်ပွဲကိုကျင်းပခဲ့ရာ စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းသည် ဓာတ်ပါပုံအတိုင်း မြင်းစီး၍ ချီတက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြစ်ကြီးနားမြို့ရောက် ဗိုလ်ချုပ်အောင်ဆန်းနှင့်ကချင်တိုင်းရင်းသူများ။ (ပန်းချီ-ဦးကျော်သောင်း)



ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီ ဒီ အေ)တွင် ဗိုလ်၊ အကြပ်၊ တပ်သားများ
စစ်ဝတ်စုံဝတ်ဆင်ကြပုံ ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်မှ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၆ ရက်ထိ။



(၄) နယ်ချဲ့အင်္ဂလိပ်ကိုတွန်းလှန်တိုက်ခိုက်ခဲ့သော သူရဲကောင်းစစ်သူကြီး မဟာဗန္ဓုလ။ (ပန်းချီ-ဦးပြည်




(၅) နယ်ချဲ့တော်လှန်ရေးတိုက်ပွဲမှ မြန်မာ့ဘုရင့်ဆင်တပ်မတော်။ (ပန်းချီ-ဦးဘလှိုင်)

www.burmeseclassic.com


www.burmeseclassic.com

## ဗမာ့ကာကွယ်ရေးတပ်မတော် ( ဘီဒီအေ ) တွင်
## ၂၇-၇-၄၂ ခုနှစ် မှ ၂၆-၃-၄၅ ခုနှစ် အထိ
## အသုံးပြုခဲ့သော အလံများ



အလံ အမှတ် ( ၁ )

ဗမာ့ကာကွယ်ရေးတပ်မတော် အလံ အဖြစ် ဗမာ့လွတ်လပ်ရေးတပ်မတော် အလံ အားခေတ္တအသုံးပြုခဲ့သည်




အလံ အမှတ်( ၂ )

ဖက်ဆစ်တော်လှန်ရေးစတင်သည့် ၂၇-၃-၄၅ နေ့အထိသုံးခဲ့သည်




## ဗမာ့ကာကွယ်ရေးတပ်မတော်( ဘီဒီအေ )အား ဗမာ့တပ်မတော် ဟုအမည်
## ပြောင်းပြီး ၇-၁၀-၄၄ ခုနှစ် မှ ဂျပန်တော်လှန်ရေးပြီးသည့်အထိ
## တပ်ဆင်အသုံးပြုခဲ့သော စစ်ရာထူးတံဆိပ်များ






www.burmeseclassic.com


www.burmeseclassic.com




ဗမာ့တပ်မတော် စစ်ဝန်ကြီးရုံးမှသတ်မှတ်လိုက်သည့်
စစ်တိုင်းကြီး ၃ တိုင်း၊ ၁၉၄၄ ခုနှစ်

- အနောက်မြောက်တိုင်း
- အနောက်တိုင်း
- ရန်ကုန်တိုင်း





 ဖက်ဆစ်ဓါးပြများကို ခုခံတိုက်ခိုက်ကြလော့ . . .
(ဗိုလ်ချုပ်အောင်ဆန်း)

www.burmeseclassic.com

www.burmeseclassic.com



(၁၀) ၁၉၄၅ မတ်လ ၂၇ ရက်နေ့မတိုင်ခင် အထက်မြန်မာပြည်တွင်
ဖက်ဆစ်တော်လှန်ရေးကြီးကို အစောဆုံးစတင်ခဲ့တိုက်ခိုက်ခဲ့သော
အထက်မြန်မာပြည်တိုင်းမှူး ဗိုလ်မှူးကြီးဗထူး။



ကမ္ဘာ့ကွန်မြူနစ်တို့၏ သေနင်္ဂဗျူဟာကိုယူ၍
ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်ကြစို့။ (သခင်စိုး)။



ဂျပန်ခေတ်မြန်မာအစိုးရဝန်ကြီးအဖြစ် လျှို့ဝှက်၍
(၁၁) ဖက်ဆစ်တော်လှန်ရေး လုပ်ခဲ့သော သခင်သန်းထွန်း။

www.burmeseclassic.com

www.burmeseclassic.com



(၁၂) ဂျပန်တပ်တော် ထားဝယ်စစ်ကြောင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ကာဝါရှီးမား။ ဖက်စစ်ဂျပန်တပ်မတော်တွင် တန်ခိုးအင်အားအကြီးဆုံးအရာရှိဖြစ်သည်။




(၁၃) နယ်ချဲ့အင်္ဂလိပ်အစိုးရအား သူ့ကျွန်မခံတော်လှန်ခဲ့သော ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်။

www.burmeseclassic.com

www.burmeseclassic.com



(၁၄) ၁၉၃၀-၃၁ ခုနှစ် တော်သူလယ်သမားတော်လှန်ရေး
ခေါင်းဆောင်ကြီး ဆရာစံ။



၁၀.၆.၁၈၂၄ ပထမအင်္ဂလိပ်မြန်မာစစ်ပွဲအတွင်း ရန်ကုန်မြို့ ကြည်မြင်တိုင်ခံတပ်တိုက်ပွဲ။




(၁၅) ၁၂.၄.၁၈၅၂ နေ့၊ အင်္ဂလိပ်၊ မြန်မာ ဒုတိယစစ်ပွဲအတွင်း သိမ်ဖြူခံတပ်တိုက်ပွဲ။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၃ ခုနှစ်၊ မတ်လတွင် မြန်မာပြည်လွတ်လပ်ရေးပေးရေးကိစ္စဂျပန်နိုင်ငံသို့ ဖိတ်ကြားခဲ့ရာ ဒေါက်တာဘမော်၊ သခင်မြ ဒေါက်တာသိန်းမောင်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့သွားရောက်ခဲ့ကြသည်။





(၁၆) ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) တပ်ရင်း (၁)အား ပျဉ်းမနားမြို့တွင် ဗိုလ်ချုပ်အောင်ဆန်း စစ်ဆေးနေစဉ်။





www.burmeseclassic.com

www.burmeseclassic.com






ဖက်ဆစ်တော်လှန်ရေးတွင် တိုက်ပွဲဝင်ခဲ့သော မျိုးချစ်ဗမာ့တပ်မတော်သားများ။



(၁၉) ၁၂.၉.၁၉၄၅ နေ့ စင်္ကာပူတွင် ဖက်ဆစ်ဂျပန်တို့လက်နက်ချရာ၌ လက်မှတ်ရေးထိုးစဉ်။



(၁၈) ဂျပန်ပြည်စစ်တက္ကသိုလ်ရောက် ပထမပတ်မြန်မာကျောင်းသားများ။

www.burmeseclassic.com


www.burmeseclassic.com



ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) တပ်ရင်း (၃) အား ပျဉ်းမနား၊
သစ်တောကျောင်းကွင်းတွင် ဂျပန်ဒုတိယ ဗိုလ်ချုပ်ကြီး အီဒါ စစ်ဆေးနေစဉ်။



(၁၇) ဂျပန်ခေတ် မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်း ပထမပတ်မှလတန်းတပ်စုအားတွေ့ရစဉ်။



၁၉၄၅ ခုနှစ်၊ ဖက်ဆစ်တော်လှန်ရေးကြီးမတိုင်မီ ၁၉၄၂ ခုနှစ်ကပင်
ဗိုလ်ချုပ်အောင်ဆန်းနှင့်လှိုဝှက်တိုင်ပင်ပြီး အိန္ဒိယနိုင်ငံတွင်
မဟာမိတ်ဗြိတိသျှတပ်များနှင့် ဆက်သွယ်လှုပ်ရှားခဲ့သော
မြန်မာ့တမန်၊ ဖက်ဆက်တော်လှန်ရေးခေါင်းဆောင်
(၂၀) သခင်သိန်းဖေ (သိန်းဖေမြင့်)

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံရောက် မြန်မာ့တမန် သခင်သိန်းဖေ၏ အစီအစဉ်ဖြင့် ၁၉၄၅ ခုနှစ်က မြန်မာနိုင်ငံအတွင်းသို့ လေထီးစစ်သားအဖြစ် ဆင်းသက်၍ ဖက်ဆစ်ဂျပန်တို့အား တော်လှန်တိုက်ခိုက်ခဲ့သော ဗိုလ်ချစ်ကောင်း (တောတွင်းကျဆုံး)

(၂၂)




အိန္ဒိယနိုင်ငံရောက် မြန်မာ့တမန် သခင်သိန်းဖေ၏ အစီအစဉ်ဖြင့် ၁၉၄၅ ခုနှစ်က မြန်မာနိုင်ငံအတွင်းသို့ လေထီးစစ်သားအဖြစ် ဆင်းသက်၍ ဖက်ဆစ်ဂျပန်တို့အား တော်လှန်တိုက်ခိုက်ခဲ့သော မန်းဝင်းမောင် (နောင်နိုင်ငံတော်သမ္မတပြီး၊ ကွယ်လွန်)

(၂၃)


www.burmeseclassic.com

www.burmeseclassic.com




ဖက်ဆစ်တော်လှန်ရေးကြီးအောင်မြင်ပြီးနောက် ၁၂.၂.၁၉၄၇ နေ့တွ
ရှမ်းပြည်နယ် ပင်လုံမြို့၌ တိုင်းရင်းသားကိုယ်စားလှယ်ပေါင်းစုံ
လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သော သမိုင်းဝင်ပင်လုံစာချုပ်
စာချုပ်၏အလယ်ပိုင်း လက်ယာဘက်ထိပ်တွင် အင်္ဂလိပ်ဘာသာဖြင့်
ရေးထိုးထားသော ဗိုလ်ချုပ်အောင်ဆန်း၏ လက်မှတ်ကို တွေ့မြင်နိုင်သ






(၂၅) ဗမာ့ကာကွယ်ရေးတပ်မတော်တပ်သားသစ်များအတွက် ကြော်ငြာစာရွက်ကြီး။

www.burmeseclassic.com

www.burmeseclassic.com



(၂၆) ၁၇ ·၃ ·၁၉၄၅ နေ့၊ တော်လှန်ရေးတပ်ထွက်ပွဲတွင် (ရန်ကု
ရွှေတိဂုံစေတီတော်အနီး) တော်လှန်ရေးပန်းခြံမှ တပ်မတော်သားများ စ
ချီတက်လာကြစဉ်။



၁၉၄၅ ခု၊ မတ်လ (၁၇) ရက်နေ့တွင် ဗမာ့တပ်မတော်သားများ
တပ်ထွက်အခမ်းအနားကျင်းပပြီးနောက် ချီတက်လာကြစဉ်။




၁၉၄၅ ခု၊ မတ်လ (၁၇) ရက်နေ့တွင် ဗမာ့တပ်မတော်သားများ
တပ်ထွက်အခမ်းအနားကျင်းပပြီးနောက် ချီတက်လာကြစဉ်။



www.burmeseclassic.com

www.burmeseclassic.com

## မျိုးချစ်ဗမာ့တပ်မတော်(ပီဘီအက်ဖ်)
## ဖက်ဆစ်တော်လှန်ရေးတွင်အသုံးပြုခဲ့သော အလံ
## ၁၉၄၅ ခုနှစ်၊ မတ်လ (၂၇) ရက်





ဖက်ဆစ်တော်လှန်ရေးလက်ပတ်



လက်မောင်းတံဆိပ်



ပခုံးထောက်တံဆိပ်





မျိုးချစ်ဗမာ့တပ်မတော်၊ တိုင်း(၄)၊ တပ်ရင်း(၁၀၆)မှ
တပ်မတော်သားများအား ဖက်ဆစ်တော်လှန်ရေး
ပြီးဆုံးပြီးနောက် တွေ့ရစဉ်။



ဖက်ဆစ်တော်လှန်ရေးကာလအတွင်း တိုင်း(၇)၊ တပ်ရင်း(၂)
စက်သေနတ်ကြီး တပ်ခွဲအား နတ္တလင်းမြို့တွင် တွေ့ရစဉ်။



www.burmeseclassic.com

www.burmeseclassic.com


Signed at TOKYO BAY, JAPAN at 0904 on the SECOND day of SEPTEMBER, 1945

By Command and in behalf of the Emperor of Japan and the Japanese Government


By Command and in behalf of the Japanese Imperial General Headquarters

Accepted at TOKYO BAY, JAPAN at 0908 I on the SECOND day of SEPTEMBER, 1945, for the United States, Republic of China, United Kingdom and the Union of Soviet Socialist Republics, and in the interests of the other United Nations at war with Japan.

Douglas MacArthur
Supreme Commander for the Allied Powers

ဤပုံသည် စက်တင်ဘာလ ၂ ရက်နေ့က တိုကျိုပင်လယ်အော်၌ 'မစ်ဆိုရီ' ခေါ် အမေရိကန်စစ်သင်္ဘောပေါ်တွင် လက်မှတ်ရေးထိုးခဲ့သော ဂျပန်လက်နက်ချရေးစာချုပ်ဖြစ်ကြောင်း။ အပေါ်ဆုံးကလက်မှတ်သည် ဂျပန်နိုင်ငံခြားရေးဝန် ရှိဂေမစ်စုရှာလက်မှတ်ဖြစ်၏။ ဒုတိယမှာ ဂျပန် အင်ပီရီယယ် အထွေထွေ စစ်ဌာနချုပ်အမည်ရှိ လက်မှတ်ဖြစ်၏။ တတိယမှာ မဟာမိတ် စစ်သေနာပတိချုပ် ဂျင်နရယ် မက်အာသာ၏ လက်မှတ်ဖြစ်၏။

(၃၀) ၁၂·၉·၄၅ နေ့၊ စင်္ကာပူတွင် ဖက်ဆစ်ဂျပန်တို့ လက်နက်ချရာ၌ ရေးထိုးသည့်စာချုပ်။



(၃၁) ဖက်ဆစ်တော်လှန်ရေးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ ဇာတာ

www.burmeseclassic.com

www.burmeseclassic.com



# စာရေးသူ၏ အမှာ

(၁)

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံသည် အင်အားကြီးမားသော လက်ဝဲ လက်ယာနိုင်ငံအချို့၏ နယ်ချဲ့ကျူးကျော်ရန် ကြံစည်မှုအန္တရာယ်နှင့် ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်လှုပ်ရှားမှုအန္တရာယ်များကို တော်လှန်ရေးသတိဖြင့် ကာကွယ်ခုခံရန် ရှိနေရမည့်အချိန်၌ "၁၉၄၅ ခုနှစ် မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်း" ကို ရေးသားပြုစု ထုတ်ဝေရသဖြင့် စာရေးသူသည် ကျေနပ်အားရရှိလှပါကြောင်း ပထမဦးစွာ ဖော်ပြလိုပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ အမျိုးသားတော်လှန်ရေးသမိုင်းခရီးစဉ်ကို ပြန်လည်လေ့လာလျှင် ၁၉၄၅ ခုနှစ်က ဖြစ်ပေါ်ခဲ့သော ဖက်ဆစ်တော်လှန်ရေးသည် အရေးအပါဆုံးနှင့် အကြီးကျယ်ဆုံး အမျိုးသားတော်လှန်ရေးလှုပ်ရှားမှုကြီး ဖြစ်နေသည်ကို အောက်ပါအချက်နှစ်ရပ်အား ထောက်၍ သိသာနိုင်စေခဲ့ပါသည်။

၎င်းတို့မှာ (၁) ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးတွင် အမျိုးသား တစ်ရပ်လုံး လူတန်းစား မရွေး၊ ကျားမ မရွေး၊ ရာထူးကြီးငယ် မရွေး၊ အရပ်သား၊ တပ်မတော်သား မရွေး စည်းလုံးညီညွတ်စွာဖြင့် ဆုံကြ စုပေါင်းလျက် တော်လှန်တိုက်ခိုက်ခဲ့ခြင်းနှင့် (၂) မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို တိုင်းခြားအုပ်စိုးသူများက ထိပါးစော်ကားလာလျှင် မြန်မာ အမျိုးသားတစ်ရပ်လုံးသည် မည်သည့်အခါကမျှ ခေါင်းငုံ့မခံဘဲ တစ်ခဲနက် တော်လှန်တိုက်ခိုက် ပုန်ကန်လေ့ရှိကြသူများ ဖြစ်ကြောင်းကို ပေါ်လွင်ထင်ရှားစေခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com



စာဖတ်သူများ သိရှိပြီးဖြစ်ကြသည့်အတိုင်း မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးခဲ့ရစဉ်က မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော နယ်ချဲ့တော်လှန်ရေး လှုပ်ရှားမှုများသည် ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးလှုပ်ရှားမှုကြီးကဲ့သို့ တလုံးတစည်းတည်း ညီညွတ်စွာတော်လှန်လှုပ်ရှားခဲ့ကြခြင်း မဟုတ်ပေ။ ထိုစဉ်က နယ်ချဲ့တော်လှန်ရေးသမိုင်းကို မြင်ကြည့်လျှင် မြန်မာနိုင်ငံ အထက်ပိုင်း၊ အလယ်ပိုင်း၊ အောက်ပိုင်းဟူ၍ အသီးသီးကွဲပြားလျက် ခေါင်းဆောင်အမျိုးမျိုး၏ သဘောထားအသီးသီးကို ခံယူကာ တော်လှန်ကြခြင်းဖြစ်ပေသည်။

၁၉၄၅ ဖက်ဆစ်တော်လှန်ရေးကြီးမှာကား ထိုသို့ မဟုတ်ပေ။ စည်းစနစ်ကျကျ ဖွဲ့စည်းထားသော 'ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့' အလံတော်အောက်တွင် ဗမာ့တပ်မတော်နှင့်အတူ တောင်သူလယ်သမား၊ အလုပ်သမား၊ ရဟန်းသံဃာ၊ ကျောင်းသား လူငယ် ကျား မ မရွေး စုရုံးရောက်ရှိလာကြပြီး စည်းလုံးညီညွတ်စွာဖြင့် ဖက်ဆစ်တိုင်းခြား ရန်သူများကို ဆောင်မြင်စွာ တွန်းလှန်တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်လေသည်။

ထို့ပြင် မြန်မာအမျိုးသားများသည် အချုပ်အခြာအာဏာကို တိုင်းခြားရန်သူတို့က ထိပါးစော်ကားလာလျှင် ဆတ်ဆတ်ထိမခံကြဘဲ တစုတစည်းတည်း ညီညီညွတ်ညွတ် စုပေါင်းလျက် ရှိရာ ဓား၊ လှံ၊ ဝါးချွန်း၊ သေနတ် စသည့် လက်နက်တို့ကို ကိုင်စွဲကာ တိုက်ခိုက်လေ့ရှိကြသည့် လူမျိုးများဖြစ်သည်ကိုလည်း ၁၉၄၅ ခုနှစ်၊ ဖက်ဆစ်တော်လှန်ရေးသမိုင်းက သက်သေခံလျက်ရှိနေဦးမည် ဖြစ်လေသည်။

ဖက်ဆစ်တော်လှန်ရေးသမိုင်း မမေ့ပျောက်ကွယ်သမျှ အထက်ပါ အချက်ကြီးနှစ်ရပ်မှာ မှတ်တမ်းတင်လျက်ရှိနေမည်ဖြစ်သည်။ ယင်း အချက်ကြီးနှစ်ရပ်ရှိနေသမျှ ကာလပတ်လုံး ၁၉၄၅ ခုနှစ် ဖက်ဆစ် တော်လှန်ရေးကြီးသည် အမျိုးသားတော်လှန်ရေးသမိုင်းတွင် ထူးခြား၍ အရေးအပါဆုံး၊ အဓိကအကျဆုံး တော်လှန်ရေးလှုပ်ရှားမှုကြီးအဖြစ် သမိုင်းတင်လျက် ရှိနေဦးမည် ဖြစ်လေသည်။



(၂)

၁၉၈၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ထုတ် လုပ်သားပြည်သူ့ နေ့စဉ် သတင်းစာတွင် 'မြန်မာ့ဖက်ဆစ်တော်လှန်ရေးသမိုင်း' ခေါင်းစဉ်ဖြင့် စာရေးသူသည် ဆောင်းပါးတစ်ပုဒ် ရေးခဲ့ပါသည်။ ယင်းဆောင်းပါးမှာ စာရေးသူ၏ အိမ်နီးချင်းလူငယ်ကလေးတစ်ဦးသည် ဖက်ဆစ်တော်လှန် ရေးအကြောင်း သိနားလည်ခြင်း မရှိသည်ကို အကြောင်းပြု၍ ရေးသား ခဲ့ခြင်းဖြစ်ပါသည်။ ၎င်းဆောင်းပါး၌ စာရေးသူ ရေးသားခဲ့သည်များမှ အချို့ကို ကောက်နုတ်ဖော်ပြလိုပါသည်။

“ထိုလူငယ်သည် တော်လှန်ရေးနေ့အကြောင်းကို မသိပါဆိုသည်၊ ထိုလူငယ် မသိခြင်းမှာ အရိုးခံအတိုင်းဖြစ်မည် ထင်ပါသည်၊ တော်လှန်ရေး နောက်ပိုင်းတွင် မွေးသော လူငယ်လူရွယ်တို့အတွက် တော်လှန်ရေးနေ့နှင့် ပတ်သက်၍ လေ့လာမှတ်သားစရာ စာအုပ်စာတမ်းဟူ၍ အထင်ကရ ဘာမျှ မရှိသေးသည်ကို သတိရသဖြင့် ထိုလူငယ်အရွယ်များ တော်လှန်ရေးသမိုင်းကို မသိကြခြင်းဖြစ်မည်ကို အပြစ်တင်စရာ မရှိဟု ထင်သည်”

“ဖက်ဆစ်တော်လှန်ရေးနှင့် ပတ်သက်သော ဗဟုသုတများမှာ တစ်နှစ် တစ်ကြိမ်သော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတို့၌ အကျဉ်းမျှ ရေးသားဖော်ပြ ကြသည်။ ဤအချိန်ကာလများ၌ ဖက်ဆစ်တော်လှန်ရေးနှင့်ပတ်သက်၍ လေ့လာစရာ ကျမ်း၊ သမိုင်း၊ စာအုပ်များဟူ၍ ဘာမျှ မရှိသေးပါတကားဟု တွေးဆမိသည်။ အမြန်ဆုံး လေ့လာပြုစုသင့်ပြီဟုလည်း ယူဆမိပါသည်။ နိုင်ငံခြား စစ်ဗိုလ်ချုပ်များ၊ စာရေးဆရာများသည် မြန်မာနိုင်ငံသို့ရောက်ရှိပြီး မြင်တွေ့ခဲ့ရ မြန်မာတို့ တစ်ခဲနက် အုံကြွတော်လှန်ခဲ့သော ဖက်ဆစ်တော်လှန် ရေးကို မိမိတို့ အမြင်အမျိုးမျိုး၊ ရှုထောင့်အသွယ်သွယ်မှ ရေးသားခဲ့ကြသည်။ သူတို့ရေးသားမှုမှာ မှန်သည်လည်း ရှိသည်၊ မှားသည်လည်း များစွာ ပါသည်။ ထိုစာအုပ်များ၌ ပါရှိသော အမှားအယွင်းများအတိုင်းသာ ကျွန်ုပ်တို့ လေ့လာမှတ်သားခဲ့ကြလျှင် မြန်မာ့ဖက်ဆစ်တော်လှန်ရေးကြီးသည် အဓိပ္ပာယ် အမျိုးမျိုး လွဲမှားသွားဖွယ် ရှိပေသည်”

“ထို့ကြောင့် ယခုနေ့ခေတ်ရေးအကြီးဆုံး၊ အလိုအပ်ဆုံး ပြုစုဆောင်ရွက်ရန် တာဝန်တစ်ရပ်မှာ '၁၉၄၅ ခုနှစ် မြန်မာ့ဖက်ဆစ်တော်လှန်ရေးသမိုင်း'ကို စနစ်တကျ ပြည့်ပြည့်စုံစုံပြုစုပြီး အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေ ရေးပင် ဖြစ်သည်ဟု ထင်မြင်ပါသည်။ သို့သော် ဤသမိုင်းကို ပြုစုရေးသားရာတွင် တစ်ယောက်ကောင်း တစ်ဦးကောင်း ကြိုးစား၍ ရမည် မဟုတ်၊ တစ်ဖွဲ့ကောင်း ကြိုးစား၍ ရမည် မဟုတ်၊ ပညာရှင်များ၊ တပ်မတော်သားများ၊ တော်လှန်ရေး

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ယောင်များအပါအဝင် လုပ်သားပြည်သူအားလုံး ကျူးကျူးလိုပြန်ပြန် အားပေးကူညီကြရန် ဖြစ်ပေသည်""

မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်းကို အများဝိုင်းဝန်း ပြုစု ရေးသားကြရန် ဆောင်းပါးကို စာရေးသူက ၁၉၆၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာတွင် ရေးသားပြီးနောက် မတ်လ ၂၇ ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်တွင် ဆောင်းပါးရှင် သာကိုးကလည်း အဆိုပါအကြောင်းကိုပင် ပြန်လည်ထောက်ခံရေးသားခဲ့ သည်ကို ဖတ်ရှုရဖြစ်သေးသည်။ သို့သော် ယနေ့အထိ '၁၉၄၅ ခုနှစ် မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်း' စာအုပ်ကို ဝိုင်းဝန်းပြုစု ရေးသားကြခြင်း မရှိသေးပါ၊ ထိုသို့ ရေးသားခြင်း မပြုနိုင်ကြသေးသည် မှာ အကြောင်းကြောင်းကြောင့်၊ အခက်အခဲအမျိုးမျိုးကြောင့် ဖြစ်လိမ့် မည်ဟု ထင်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ အများစုပေါင်း ရေးသားပြုစု ၍ ပြည့်စုံလင်သည့် ဖက်ဆစ်တော်လှန်ရေးသမိုင်းကြီးကို တစ်နေ့နေ့ တွင် တွေ့မြင်ဖတ်ရှုရမည်ဟု ယုံကြည်ပါသည်။

(၃)

စာရေးသူသည် ကမ္ဘာ့ငြိမ်းချမ်းရေးစီသုတေ ဦးသန့် အတ္ထုပ္ပတ္တိ စာအုပ်ကို ရေးသားပြုစုရန်အတွက် သမိုင်းနှင့်ပတ်သက်သည့် စာအုပ် စာတမ်းအချို့ကို လက်လှမ်းမီရာ ရှာဖွေဖတ်ရှုရာတွင် ဖက်ဆစ်တော်လှန် ရေးနှင့်ပတ်သက်၍ တစ်ပိုင်းစီ၊ တစ်စစီ ရေးသားထားကြသော စာအုပ် များ အတော်များများကို တွေ့လာခဲ့ရပါသည်။

၎င်းစာအုပ်များတွင် ဖက်ဆစ်တော်လှန်ရေးအကြောင်း ဖော်ပြရာ၌ အကျယ်ချဲ့၍ သီးသန့်ရေးသားထားခြင်း မဟုတ်ဘဲ ဟိုတစ်ကွက် သည်တစ်ကွက် ထည့်သွင်းရေးသားခြင်းမျှသာ ဖြစ်ပါသည်။ ထိုအခါ အဆိုပါစာအုပ်များမှ ဖက်ဆစ်တော်လှန်ရေးနှင့် ပတ်သက်သည်များကို ကောက်နုတ်ရွေးထုတ်၍လည်းကောင်း၊ နီးစပ်ရာ တော်လှန်ရေးပြန် ရဲဘော်များကို တွေ့ဆုံမေးမြန်းစုဆောင်းလာ၍လည်းကောင်း၊ မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်းစာအုပ်ကို ရေးသားလိုသောဆန္ဒ စာရေးသူ ၌ ဖြစ်ပေါ်လာခဲ့ပါသည်။

၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးကြီးဖြစ်ပေါ်ခဲ့စဉ်က စာရေးသူမှာ အသက် ၁၀ နှစ်အရွယ် ကလေးသူငယ်တစ်ယောက်မျှသာ ဖြစ်သေးရာ တော်လှန်ရေးနှင့် ပတ်သက်သည့် အတွေ့အကြုံ မျက်မြင်ဗဟုသုတ



ဘာမျှ မရှိခဲ့သူဖြစ်သောကြောင့်လည်း ဤသို့ စာအုပ်စာတမ်းများကို အထောက်အထားမှီငြမ်းပြု၍သာ မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေး သမိုင်းကို ရေးသားရန် ဆန္ဒဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။

စာရေးသူသည် ဖြစ်ပေါ်လာသော မိမိ၏ဆန္ဒကို အကောင်အထည် ဖော်သည့်အနေဖြင့် ဤ '၁၉၄၅ ခုနှစ် မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန် ရေးသမိုင်း'ကို ကြိုးစားပြုစုရေးသားလိုက်ခြင်း ဖြစ်ပါသည်။

ဤစာအုပ်သည် အများပြုစုရေးသားမည့် ဖက်ဆစ်တော်လှန်ရေး သမိုင်းကြီး မပေါ်လာသေးမီကာလတွင် ဖက်ဆစ်တော်လှန်ရေး အကြောင်း သိရှိလိုကြသော ယနေ့လူငယ်များအတွက် လိုအပ် သည့် ဗဟုသုတများကို အတော်အသင့်ပေးစွမ်းနိုင်မည်ဟု ယုံကြည်ပါ သည်။ ထို့ပြင် ဖက်ဆစ်တော်လှန်ရေးသမိုင်းကြီးကို ဝိုင်းဝန်းပြုစု ရေးသားကြသည့်အခါ၌ ဤစာအုပ်သည် အထောက်အထားပြုရာ စာအုပ်ငယ်တစ်အုပ်မျှ ဖြစ်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်မိပါသည်။

ထိုမျှထက် ပို၍ကား ဖက်ဆစ်တော်လှန်ရေးနှင့် ပတ်သက်ပြီး အဘက်ဘက်က ပြည့်စုံသည့် စာအုပ်ဖြစ်သည်ဟု စာရေးသူ မဆိုလို ပါ။ အဘယ်ကြောင့်မူ ဤစာအုပ်တွင် လိုအပ်နေသည့်အချက်များ ကျန်ရှိနေဦးမည်ဖြစ်သည်ကို စာရေးသူ သိရှိထားပြီးပင် ဖြစ်ပါသည်။

ဤစာအုပ်ကို ပြုစုရာတွင် စာရေးသူသည် နိုင်ငံခြားသားများ ရေးသားသည့် အင်္ဂလိပ်ဘာသာ စာအုပ်စာတမ်းများကို နည်းနိုင်သမျှ အနည်းဆုံးမှီငြမ်းပြုရန် ကြိုးစားခဲ့ပြီး မြန်မာဘာသာစာအုပ်များကိုသာ အများဆုံး အားကိုးအားထားပြုခဲ့ပါသည်။ ထိုသို့ပြုရခြင်းမှာ နိုင်ငံခြား သားများ ရေးသားသည့် မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးမှတ်တမ်း များနှင့် ပတ်သက်သော အချက်များသည် မြန်မာဘာသာ စာအုပ် စာတမ်းများမှ အချက်များလောက် တိကျမှန်ကန်မှုရှိမည်ဟု မယူဆ၍ ဖြစ်ပါသည်။

စာရေးသူ၏ '၁၉၄၅ ခုနှစ် မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်း' တွင် အပိုင်းလေးပိုင်းခွဲ၍ အခန်းပေါင်း [illegible] ခန်းပါရှိသည့်အနက် ပထမပိုင်း အခန်းနှစ်ခန်းကို နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်လပ်ရေး လှုပ်ရှားမှုများဖြင့် စတင်ခဲ့ပါသည်။ ဤအခန်းနှစ်ခန်းကို ရေးသားတင်ပြ ရာတွင် တော်လှန်ရေးလှုပ်ရှားမှုများနှင့် သမိုင်းနောက်ခံကို ဆက်စပ်သိရှိ နိုင်ကြရန် ဖြစ်သည့်အပြင် မြန်မာအမျိုးသားများသည် နယ်ချဲ့အစိုးရတို့ ၏ ဖိနှိပ်ချုပ်ချယ်မှုများကို ထာဝရတော်လှန်လှုပ်ရှားလာခဲ့ကြသော

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးများဖြစ်သည်ဆိုခြင်းကို အဓိကထားလျက် ဖော်ပြလို၍ပင် ဖြစ်ပါသည်။ ကျန်အခန်းများကိုကား ဖက်ဆစ်တော်လှန်ရေးဖြစ်လုနီးကာလမှစ၍ ဖက်ဆစ်တော်လှန်ရေးအကျိုးဆက်ကြောင့် လွတ်လပ်ရေးရရှိလာသည်အထိ ဆက်စပ်ရေးသားထားပါသည်။

(၄)

ဤစာအုပ်ကို ရေးသားပြုစုရာတွင် စာရေးသူအား ကူညီခဲ့သူများအား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။

ဤစာအုပ် ရေးသားရာတွင် တော်လှန်ရေးသမိုင်းဆိုင်ရာ အချက်အလက်များကို ရှာဖွေပြောပြကူညီသည့် ဗိုလ်မှူးလရောင် (ရဲဘော်သုံးကျိပ်)နှင့် တော်လှန်ရေးခေတ်သမိုင်းဆိုင်ရာ အချက်အလက်အချို့ကို ရှာဖွေပေးခဲ့သော ပန်းတနော် ဦးခန့်တို့အားလည်းကောင်း၊ ဖက်ဆစ်တော်လှန်ရေးနှင့် ပတ်သက်သည့် စာအုပ်စာတမ်းအချို့ကို ရှာဖွေကူညီပေး၍ တော်လှန်ရေးနှင့်ပတ်သက်သော အချက်အလက်အချို့ကို ပြောပြကူညီ အကြံပေးခဲ့သော တော်လှန်ရေးပြန် ရဲဘော်ဟောင်းများဖြစ်ကြသည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှ သခင်မြလေး(ရွှေကျင်)နှင့် ရန်ကုန်မြို့နီစီပယ်အဖွဲ့မှ ဦးသိန်းဟန်(ဘီအေဘီအယ်လ်)တို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ထို့ပြင် ဖက်ဆစ်တော်လှန်ရေးနှင့် ပတ်သက်၍ အထောက်အထားပြုရန် စာအုပ်များ၊ မဂ္ဂဇင်းများကို ရှာဖွေကူညီပေးခဲ့ကြသော ဒေါ်ဝင်းဝင်းကြည် (လူဝင်မှုကြီးကြပ်ရေး တာဝန်ခံဌာန)၊ ဦးချစ်လွင် (စက်မှုလက်မှု တာဝန်ခံဌာန)၊ ဦးမြသိန်း (လူဝင်မှုကြီးကြပ်ရေး တာဝန်ခံဌာန)၊ ဦးခင်မောင်လွင် (သစ်လုပ်ငန်းအဖွဲ့)တို့အားလည်းကောင်း၊ အမျိုးသားစာကြည့်တိုက်မှ အမှုထမ်းများ၊ အင်းစိန်ပြန်ကြားရေးဌာနစာကြည့်တိုက်မှ စာကြည့်တိုက်မှူး ဦးအောင်ထွန်း၊ စာကြည့်ခန်းထိန်းအမှုထမ်းများဖြစ်ကြသော ကိုမြသောင်းနှင့် ကိုမြတ်ကြိုင်တို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်းကို ဖော်ပြလိုပါသည်။

ဤစာအုပ်နှင့်ပတ်သက်၍ လိုအပ်နေသည့်အချက်များ၊ ချွတ်ချော်လွဲမှားနေသည့်အချက်များကို တွေ့ရှိပါလျှင်လည်းကောင်း၊ စာဖတ်သူ၏အမြင်ကို ဖော်ပြလိုလျှင်လည်းကောင်း၊ ဝေဖန်အကြံပေးစာများကို ကျေးဇူးပြု၍ စာရေးသူထံ ရေးသားပေးပို့ကြပါရန် တောင်းပန်အပ်ပါသည်။



ယနေ့ မြန်မာလူငယ်များသည် '၁၉၄၅ ခုနှစ် မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်း'ကို ဖတ်ရှုကြပြီးသည့်နောက် အမျိုးသားလွတ်လပ်ရေးနှင့် နယ်ချဲ့ကျူးကျော်မှု ဆန့်ကျင်ရေးအတွက် တာဝန်ကျရာ ထောင့်မှ တစ်ထမ်းတစ်ရွက် ပါဝင်ထမ်းဆောင်ရန် သန္နိဋ္ဌာန်ချနိုင်ကြမည်ဆိုလျှင် စာရေးသူသည် ဤစာအုပ်ကို ကြိုးစား၍ ရေးသားပြုစုရကျိုးနပ်ပြီဟု ယူဆအပ်ပါသတည်း။

ဖက်ဆစ်တော်လှန်ရေး၌ ကျဆုံးခဲ့သော ရဲဘော်များအား အလေးပြုလျက်...

တက္ကသိုလ်စိန်တင်

နေ့စွဲ ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်

တိုက်အမှတ် (၃၀)၊ အခန်းအမှတ် (၁၂)
ကြို့ကုန်းရိပ်သာ၊ အင်းစိန်စာတိုက်။
ရန်ကုန်မြို့။

❒

www.burmeseclassic.com

www.burmeseclassic.com

# ပထမပိုင်း

## ဖက်ဆစ်တော်လှန်ရေး မဖြစ်ပေါ်မီ စောစောပိုင်း မြန်မာနိုင်ငံအခြေအနေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## မြန်မာ့လွတ်လပ်ရေးဆုံးရှုံးခြင်းနှင့် လေ့လှက်ချည်ကျွန် အသံမတုံ့ကိုနိုင်သော မျိုးချစ်မြန်မာများ

### (က) မြန်မာနိုင်ငံသို့ ရောက်ရှိလာကြသော ဥရောပတိုက်သားများ

ပြည်ထောင်စုမြန်မာနိုင်ငံသည် အာရှတိုက်၏ အရှေ့တောင်ပိုင်းတွင် တည်ရှိ၍ အကျယ်အဝန်း စတုရန်းမိုင်ပေါင်းမှာ ၂၆၁၇၈၉ ဖြစ်သည်။ မြန်မာနိုင်ငံသည် အရှေ့မှ အနောက်သို့ ၅၇၅ မိုင်ရှည်၍ တောင်မှ မြောက်သို့ မိုင်ပေါင်း ၁၃၀၀ ခန့် ရှည်လေသည်။ မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ချင်းတွင်းမြစ် စသည့် မြစ်ကြီးများရှိ၍ ဧရာဝတီမြစ်သည် မိုင်ပေါင်း ၁၅၀၀ ခန့်ရှည်ပြီး မြန်မာနိုင်ငံတွင် အရှည်ဆုံးမြစ်ကြီးဖြစ်သည်။

မြန်မာနိုင်ငံ၏ လူဦးရေမှာ ၁၉၆၆ ခုနှစ် စာရင်းအရဆိုပါက ၂၅ သန်း ခန့်ရှိသည်။ မြန်မာနိုင်ငံတွင် ပြည်မ၌ ပဲခူးတိုင်း၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းတို့ ပါဝင်၏။ ပြည်နယ်များတွင် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကော့သူးလေပြည်နယ်၊ ကယားပြည်နယ် နှင့် ချင်းအထူးတိုင်း(ယခု ချင်းပြည်နယ်)တို့ ပါဝင်လေသည်။ ပြည်နယ်နှင့် ပြည်မတို့ကို စုပေါင်း၍ ပြည်ထောင်စုမြန်မာနိုင်ငံဟု ခေါ်ဝေါ်သုံးနှုန်းကြလေသည်။

မြန်မာနိုင်ငံ၏ နယ်နိမိတ်ကို အကြမ်းအားဖြင့် ကြည့်ပါလျှင် အရှေ့ဘက်၌ အင်ဒိုချိုင်းနားဒေသနှင့် ပြည်သူ့သမ္မတတရုတ်ပြည်ရှိ၍ အနောက်ဘက်တွင် အိန္ဒိယပြည် ရှိ၏။ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်ရှိပြီး မြောက်ဘက်တွင် ပြည်သူ့တရုတ်ပြည် စသည်တို့နှင့် ဝိုင်းရံလျက်ရှိနေကြလေသည်။ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင် ဒေသတစ်ခွင်မှာ မြန်မာ၏ ဖြတ်ကျော်သွားလာရာ ဖြစ်လေသော တောင်တန်း

www.burmeseclassic.com



ကြီးများ ပိတ်ဆို့ကာရံထားသောကြောင့် ကုန်းလမ်းဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ကူးသန်းသွားလာရန် များစွာ မလွယ်ကူလှပေ။

မြန်မာနိုင်ငံတွင် အလွန်ရှေးကျသော အချိန်များကပင် လူအများနေထိုင်ခဲ့ကြသည်။ ကျောက်ခေတ်ဦးကပင် လူများနေထိုင်ခဲ့ကြပြီးလျှင် ကျောက်လက်နက်ပစ္စည်းများကိုသာ အသုံးပြုသော လူမျိုးသာ ဖြစ်ခဲ့ကြသည်။ ကျောက်ခေတ်လူမျိုးများနောက်တွင် ယဉ်ကျေးမှုအနည်းငယ်ရှိလာကြသော နီဂရိုတိုခေါ် လူမျိုးများ နေထိုင်ကြပြန်သည်။ ကျောက်ခေတ်လူမျိုးများ၏ အဆက်အနွယ်များမှာကား မြန်မာနိုင်ငံ၏ တောင်ဘက်တွင် ရှိသော ဘင်္ဂလားပင်လယ်အော်အတွင်းရှိ အန္ဒမန်ကျွန်းခေါ် ကပ္ပလီကျွန်း၌ အနည်းငယ်မျှ တွေ့နိုင်ကြသေးသည်ဟု သမိုင်းဆရာတို့က ဆိုခဲ့ကြ၏။

နီဂရိုတိုလူမျိုးများ၏ နောက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာကြသော လူမျိုးများမှာ အမျိုးများလှစွာ၏။ အချုပ်ဆိုသော် မြန်မာနိုင်ငံ၏ သမိုင်းအစမှာ လူမျိုးအမြောက်အမြား သွားလာဝင်ရောက် နေထိုင်ခဲ့ကြပေသည်။

ဥရောပတိုက်သားများ မြန်မာနိုင်ငံသို့ဝင်ရောက်လာသော နှစ်ကို သမိုင်းဆရာများက ခရစ်သက္ကရာဇ် ၁၄၃၅ ဟု ဆိုကြသည်။ ဥရောပတိုက်သားများသည် မြန်မာနိုင်ငံသို့ ရည်ရွယ်ချက်အမျိုးမျိုး အကြံအစည်အမျိုးမျိုးဖြင့် ဝင်ရောက်လာခဲ့ကြပေရာ ၁၄၃၅ ခုနှစ်တွင် ရောက်လာသော နိုင်ငံခြားသားမှာ ဗင်းနစ်မြို့သား ကုန်သည်တစ်ဦးဖြစ်၍ ကုန်သွယ်ရန် ရည်ရွယ်ချက်ဖြင့် ရောက်ရှိလာခြင်း ဖြစ်လေသည်။

မြန်မာနိုင်ငံသို့ ဥရောပတိုက်သားများ မဝင်ရောက်မီအချိန်ကဆိုလျှင် မြန်မာနိုင်ငံသည် အတွေးအခေါ်မှ အစ ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ကာကွယ်ရေး စသည်တို့ အလွန်အဆင့်နိမ့်ကျလှသော အချိန်ဖြစ်၏။ မြန်မာမင်းများသည် နိုင်ငံအတွင်း၌ ရက်စက်သော လူသတ်ပွဲကြီးများနှင့် စစ်ပွဲကြီးများ ကျင်းပပြီး အချင်းချင်းဖိုလ်လုပ်၍ နေခဲ့ကြသည်နှင့် အချိန်ကုန်ကြသည်။ လက်ဆောင်နှင့် မိစ္ဆာဆင်လာသော လက်အောက်ခံနယ်ကလေးများကိုသာ လိုက်ရှာပြီး နိုင်ငံ၏ တိုးတက်ရာ တိုးတက်ကြောင်းအခြေအနေကိုကား တည်ဆောက်ရန် စိုးစဉ်းမျှ မစဉ်းစားကြပေ။

ဤသို့ရှိစဉ်တွင် ခရစ်သက္ကရာဇ် ၁၄၃၅ ခုနှစ်တွင် အင်းဝနိုင်ငံတော်၌ မိုးညှင်းမင်းတရားကြီး စိုးစံနေစဉ် အီတလီနိုင်ငံ ဗင်းနစ်မြို့သား ကုန်သည်တစ်ဦးသည် မြန်မာနိုင်ငံသို့ ရောက်လာခြင်းဖြစ်၏။ ၎င်း၏အမည်မှာ 'နီကိုလိုဒီကွန်တီ' ဖြစ်လျက် ရခိုင်၊ တနင်္သာရီဒေသတို့ကို ဖြတ်ကျော်၍ ဧရာဝတီမြစ်ကို ဆန်တက်ကာ အင်းဝဘုရင့်နေပြည်တော်သို့ အရောက်လာခဲ့လေသည်။ ၎င်းက မှတ်တမ်း



တင်ခဲ့ရေးသားသောအခါတွင် အင်းဝရွှေပြည်တော်သည် အဝန်း ၁၅ မိုင်ခန့် ကျယ်ဝန်း၍ ကြီးကျယ်ခမ်းနားပြီး လှပသော မြို့တော်ဖြစ်သည်ဟု ပါရှိလေသည်။ ၎င်းသည် အင်းဝတွင် လေးလမျှသာ နေထိုင်၍ ပဲခူး၊ ဟံသာဝတီသို့ စုန်ဆင်းသွား၏။ ဟံသာဝတီ၌ (၄)လမျှသာ နေပြီးလျှင် မြန်မာနိုင်ငံမှ ထွက်ခွာသွားလေသည်။

ခရစ် ၁၄၇၀ တွင် ရုရှနိုင်ငံသားတစ်ဦးသည် မြန်မာနိုင်ငံသို့ လာရောက်သွားခဲ့သည်ဟု သမိုင်းတို့တွင် ဖတ်ရှုရပြန်ပေသည်။ ထိုအချိန်က ဟံသာဝတီတွင် ဘုရင်မရှင်စောပု အုပ်စိုးနေသည်။ ဘုရင်မသည် ဒဂုံတွင် နန်းစံ၍ ပဲခူးတွင်ကား ၎င်း၏ သမက်တော်သူ ဓမ္မစေတီမင်းကို အုပ်စိုးစေသည်။ ရုရှနိုင်ငံသား 'နီတီကင်' ဆိုသူသည် ဟံသာဝတီသို့ လာရောက်၍ ကုန်သွယ်ခြင်းအမှုကို ဆောင်ရွက်ပြီးလျှင် အချိန်အတော်ကြာမျှ နေထိုင်သွားပေသည်။

ခရစ် ၁၄၉၆ ခုနှစ်တွင် အီတလီအမျိုးသားတစ်ဦးဖြစ်သော 'ဟာရိုနီမိုဒေစန်ကိုစတီဖင်နို' ဆိုသူသည် မြန်မာနိုင်ငံသို့ ရောက်လာ၏။ မြန်မာဘုရင် တောင်ငူမင်းဆက် မင်းကြီးညို၏ လက်ထက်တွင် ဖြစ်လေသည်။ ၎င်းနောက် ရောက်လာသူကား 'လူဒိုဗီကိုဒီဗာသေမာ' ဖြစ်သည်။ ထိုသူကလည်း မြန်မာဘုရင်၏ ချမ်းသာကြွယ်ဝပုံကိုလည်းကောင်း၊ ဆင်များဖြင့် ပြည့်နေသော အဖိုးတန်သစ်တောကြီးများနှင့် ချိတ်၊ နံ့သာ၊ ဝါဂွမ်း၊ ငွေ၊ ပတ္တမြားရတနာများ ကြွယ်ဝပုံကိုလည်းကောင်း မှတ်တမ်းတင်ခဲ့၏။ ၎င်းက မြန်မာဘုရင်၏ စီးပွားရေးကို လေ့လာရာတွင် ဤသယံဇာတပစ္စည်းများသည် ဘုရင်၏စီးပွားရေးတွင် ရာနှုန်းပြည့် အထောက်အကူရသော ပစ္စည်းများဖြစ်သည်ဟု ပါရှိလေသည်။

ခရစ် ၁၅၉၉ ခုနှစ်တွင် တောင်ငူမင်းငယ် မဟာဓမ္မရာဇာသည် ရခိုင်တို့နှင့် ပေါင်း၍ သံလျင်ကို တိုက်ရန် အားထုတ်ကြိုးစားလေ၏။ ထိုအချိန်က ရခိုင်တွင် ပေါ်တူဂီလူမျိုးအချို့သည် ဥရောပမှ လာရောက်နေထိုင်လျက်ရှိနေခဲ့သည်။ ခရစ်နှစ် ၁၅၉၉ ခုနှစ် နန်းတက်သော ရခိုင်မင်းရာဇာကြီးသည် မူလကပင် ပေါ်တူဂီများကို အထိုက်အလျောက် နေရာပေးခဲ့ပေသည်။

ရခိုင်တို့သည် မွတ်စလင်ဘာသာ ကိုးကွယ်ရာဒေသဖြစ်သော ဘင်္ဂလားနှင့် နီးစပ်သည့်အပြင် ခရစ်ယာန်ဘာသာကိုးကွယ်သူများဖြစ်ကြသော ပေါ်တူဂီတို့နှင့် ခင်မင်ရင်းနှီးစွာ ပေါင်းသင်းနေထိုင်ကြသော်လည်း မြန်မာ့ဓလေ့ထုံးစံများကိုမူ လက်ခံကျင့်သုံးနေကြမြဲ ဖြစ်၏။ ၎င်းတို့သည် နိုင်ငံခြားသား သြဇာလွှမ်းမိုးမှုကို မခံလိုပေ။

ရခိုင်တို့သည် တောင်ငူမင်းနှင့်အတူ သံလျင်သို့ ချီတက်တိုက်ခိုက်ကြလေ၏။ သံလျင်ကို ရပြီးနောက် ဟံသာဝတီမြို့တော်ကို ဝင်ရောက်သိမ်းပိုက်

www.burmeseclassic.com

www.burmeseclassic.com



လျှော် ရွှေ၊ ငွေ၊ ပစ္စည်းအဝဝကို သိမ်းပိုက်ယူငင်ကြပြီး ရခိုင်သို့ ပြန်ကြသည်။ ထိုသို့ ပြန်ကြသောအခါ သန်လျင်ဆိပ်ကမ်းကို မိမိတို့နိုင်ငံနယ်မြေအဖြစ် ပေါ်တူဂီ တစ်ဦးအား အုပ်ချုပ်ရန် ထားခဲ့လေသည်။

၎င်းပေါ်တူဂီအမည်မှာ ဖိလစ်ဒေဘရစ်တိုနီကိုတော ဖြစ်လေသည်။ ၎င်းမှာ မြန်မာတို့က 'ငဇင်ကာ' ဟု သိထားသော ပေါ်တူဂီအမျိုးသားဖြစ်လေသည်။ ပေါ်တူဂီတို့သည် ဆင်းရဲနွမ်းပါးပြီး ရည်မှန်းချက်ကြီးမားမှုကြောင့် မိုက်ရူးရဲလုပ်တတ်ကြသူများ ဖြစ်လေ၏။ ဒေဘရစ်တိုသည် မိမိနှင့်အတူပါသူ ပေါ်တူဂီ ၅၀ ခန့်၏ အကူအညီဖြင့် သန်လျင်ကို အခိုင်အမာလုပ်၍ ခံတပ်ဆောက်တော့သည်။ မိမိအား ခန့်ထားခဲ့သော ရခိုင်ဘုရင်ကိုပင် ပုန်ကန်တော့ရာ ရခိုင်ဘုရင် တပ်တစ်တပ်ကိုပင် အပြီးတိုင်သုတ်သင်နိုင်ခဲ့သည်။ ဒေဘရစ်တို၏ သြဇာအာဏာမှာ တဖြည်းဖြည်းကြီးမားလာခဲ့ရာ အိန္ဒိယနိုင်ငံရှိ ပေါ်တူဂီပိုင် ဂိုအားမြို့မှ ပေါ်တူဂီအစိုးရက အသိအမှတ်ပြု၍ တပ်သား ၃၀၀၀ နှင့် စစ်တပ်သုံးပစ္စည်းများ၊ စစ်သင်္ဘောများဖြင့် သန်လျင်သို့ ပို့ပေးခဲ့သည်။

ခရစ် ၁၆၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ ညောင်ရမ်းမင်းဆက် အနောက်ဘက်လွန်မင်းတရားကြီးသည် ပေါ်တူဂီ တိုင်းခြားသား ကျူးကျော်သူ ဒေဘရစ်တိုကို မနိုင်နင်းရသရွေ့ နန်းသို့ မပြန်ဟု ဆုံးဖြတ်ပြီး သန်လျင်သို့ချီခဲ့သည်။ သန်လျင်သည် မြန်မာဘုရင့်လက်သို့ ပြင်းထန်သော တိုက်ပွဲကြီးများ ဖြစ်ပြီးမှသာလျှင် ရောက်ရှိခဲ့သည်။ အနောက်ဘက်လွန်မင်းသည် ပေါ်တူဂီလူမျိုး အကြီးအကဲ ဖိလစ်ဒေဘရစ်တိုကို ကြံရာပါ တောင်ငူဘုရင် နတ်သျှင်နောင်နှင့်အတူ သုတ်သင်ခဲ့လေသည်။

ခရစ် ၁၆၁၁ ခုနှစ်တွင် အင်္ဂလိပ်အမျိုးသားများသည် အိန္ဒိယပြည် အရှေ့ဘက်ကမ်းခြေရှိ မက်ဆလီပက်တန်ဆိပ်ကမ်းမြို့၌ ကုန်တိုက်ဖွင့်၍ 'သောမတ်စ်ဆယ်မြူရယ်နှင့် သောမတ်စ်ဒရိုင်ဘာ' ဆိုသူတို့ကို ဇင်းမယ်မြို့သို့ ကုန်သွယ်ရန် စေလွှတ်ခဲ့၏။ အနောက်ဘက်လွန်မင်းသည် ဇင်းမယ်မြို့ကို သိမ်းပိုက်သောအခါ ဆင်မြူရယ်ကို သုံ့ပန်းအဖြစ် မိခဲ့၏။ မြန်မာမင်းသည် ဆင်မြူရယ်ကို ၎င်းပိုင် ကုန်ပစ္စည်းများဖြင့် ဟံသာဝတီ ပဲခူးတွင် လာရောက် ကုန်ကူးရန် ခွင့်ပေးခဲ့သော်လည်း ဆင်မြူရယ်မှာ မကြာမီပင် ကွယ်လွန်ခဲ့၏။

ဇင်းမယ်တွင် တည်ထောင်ခဲ့သော ကုန်ကူးသန်းရေးလုပ်ငန်းများတွင် အစုအများဆုံးပိုင်ဆိုင်သော မက်ဆလီပက်တန် ကုန်တိုက်၏ အကြီးအမှူးသည် ဇင်းမယ်ရှိ ကုန်တိုက်ပိုင် ပစ္စည်းများကို ပြန်တောင်းရန် 'ဟင်နရီဖောရက်စ်နှင့် ဂျွန်စတေဗီလီ' တို့အား မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့သည်။ ၎င်းတို့နှစ်ဦးသည် မဟုတ်မမှန်ပြုလုပ်ခြင်းများ တွေ့ရှိရ၍ မြန်မာမင်းက မြန်မာနိုင်ငံမှ အမြန်ဆုံး



နှင်ထုတ်လိုက်၏။ ၎င်းတို့နှင့်အတူ ဆင်မြူရယ်ပိုင် ပစ္စည်းများကိုကား ပြန်ပေးလိုက်၏။

၁၆၃၄ တွင် ဒတ်ချ်အမျိုးသားများသည် ဟံသာဝတီ ပဲခူးနှင့် ကူးသန်းရောင်းဝယ်ရေး ဆောင်ရွက်ရန် သင်္ဘောတစ်စင်းကို စေလွှတ်ခဲ့ရာ မြန်မာဘုရင် သာလွန်မင်းက ကောင်းစွာ ခရီးဦးကြို ဆက်ဆံခဲ့လေသည်။ ဒတ်ချ်ကုန်တိုက်များကို ၁၆၇၉ ခုနှစ်အထိ မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားခဲ့ရာ အင်္ဂလိပ်များသည် ဤအဖြစ်ကို ကြားသိ၍ များစွာ အားကျပြီး မြန်မာနိုင်ငံသို့ ၎င်းတို့လည်း လာရောက်၍ ကုန်ကူးသန်းရန် ဆန္ဒများ ပေါ်လာခဲ့လေသည်။

၁၆၄၇ တွင် အင်္ဂလိပ်ပိုင် အရှေ့အိန္ဒိယကုမ္ပဏီ ဒါရိုက်တာများသည် ရွှေဂါးပေါင် ၂၀၀၀၀ မက တန်သော ကုန်ပစ္စည်းများ တင်ဆောင်ထားသည့် အင်ဒီးဗားဆိုသော သင်္ဘောတစ်စင်းကို မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့လေသည်။ ၎င်းတို့နှင့်အတူ အနီရောင်၊ ကြက်သွေးရောင်ရှိသော အိန္ဒိယချည်ထည်ပစ္စည်းများ ပါလာခဲ့ရာ မြန်မာတို့ နှစ်ခြိုက်စွာ ဝယ်ယူကြလေသည်။ သို့သော် ၁၆၅၇ ခုနှစ်တွင် မြန်မာနိုင်ငံတွင် ရှိသော ကုန်ကူးသန်းရောင်းဝယ်မှု စခန်းများကို အင်္ဂလိပ်တို့က ပိတ်ခဲ့၏။ ဤသို့ပြုသည်မှာ ဒတ်ချ်လူမျိုးတို့ကို အပေါ်အခင် နိုင်ငံခြားသားများက အပြိုင်အဆိုင် လာရောက်ကုန်သွယ်ကြ၍လည်းကောင်း၊ အင်္ဂလိပ်ကုန်သွယ်ရေးအရာရှိများ သစ္စာမဲ့မှုများကြောင့်လည်းကောင်း ဖြစ်သည်ဟု ဆိုကြလေသည်။

ဥရောပတိုက်သားတို့ မြန်မာနိုင်ငံအတွင်းသို့ နည်းအမျိုးမျိုးနှင့် လာရောက်ကြရာတွင် ကုန်းဘောင်မင်းဆက် မြန်မာနိုင်ငံကြီးကို တည်ထောင်ခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ လက်ထက်တွင်မှသာ အထူးတလည် ရေးသားဖော်ပြစရာတွေ ရှိလာလေသည်။

၁၇၅၅ ခုနှစ်၊ မေလတွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ဒဂုံမြို့သို့ စစ်ဆင်း၍ လာသည်။ ဦးအောင်ဇေယျသည် ဒဂုံမြို့ကို ရန်ကုန်မြို့ဟု သမုတ်ခဲ့၏။ ဤမြို့တော်သို့ရောက်သည့်တွင် ဦးအောင်ဇေယျသည် မိမိနိုင်ငံ၏ ပြင်ပသို့ မျှော်ကြည့်ရန် အခွင့်အရေးတစ်ရပ်ကို တွေ့ခဲ့လေသည်။ ထိုအချိန်က ပြင်သစ်နှင့် အင်္ဂလိပ်တို့သည် အာရှတိုက်နိုင်ငံအသီးသီးတွင် တန်ခိုးအာဏာအပြိုင်ပြိုင် ရှိနေကြဆဲ ဖြစ်၏။ သူတို့နှစ်ဦး၏ တန်ခိုးအာဏာများ တိုးတက်လျက်ရှိကြသည်ကို အလောင်းမင်းတရားသည် သေချာစွာ သတိပြုမိခဲ့ပေသည်။ ထိုအချိန်က အောက်မြန်မာနိုင်ငံတွင် ရှိကြသော မွန်တို့သည် နိုင်ငံခြားသား ဥရောပတိုက်သားများနှင့် ရွေးရောယှက်တင် ဆက်ဆံနေကြပြီဖြစ်ပြီး မွန်တို့ဘက်မှ နိုင်ငံခြားသားတပ်သားများပင် စစ်ကူ၍ တိုက်ခဲ့ကြသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အလောင်းမင်းတရားကြီး သန်လျင်ကို တိုက်မည်ပြုသောအခါတွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် မွန်အမျိုးသားများဘက်မှ ကူ၍ တိုက်ခိုက်ရန် အဆင်သင့်ဖြစ်နေသည်ကို တွေ့ရပြန်လေသည်။

အလောင်းမင်းတရားကြီး ရန်ကုန်ဆင်းလာစဉ်က အင်္ဂလိပ်သင်္ဘောများကို တွေ့ရသောအခါတွင် တစ်စုံတစ်ရာ ဖမ်းဆီးစစ်ဆေးခြင်းမပြုဘဲ ထားခဲ့သည်။ ထို့ပြင် အလောင်းမင်းတရားသည် မိမိအတွက် လိုအပ်နေသော သေနတ်များ ရရှိရန်လည်း အင်္ဂလိပ်သင်္ဘောအရာရှိများနှင့် ဆွေးနွေးခဲ့သည်။ အလောင်းမင်းတရားသည် အင်္ဂလိပ်အာဏာပိုင်များကို ချစ်ခင်ရင်းနှီးစွာ ဆက်ဆံခဲ့သည်။

သို့သော် အင်္ဂလိပ်သင်္ဘောအရာရှိများဖြစ်သော ဂျက်ဆင်နှင့် ဗိုက်ဟီးလ်တို့သည် မိမိတို့အပေါ်တွင် မြန်မာဘုရင်က ချစ်ခင်ရင်းနှီးစွာ ဆက်ဆံသည့် ကျေးဇူးကိုမျှ မထောက်ဘဲ မြန်မာတို့ သန်လျင်ကို တိုက်မည်ပြုသောအခါတွင် ပိုင်းဝန်းကာကွယ်၍ ရန်သူကို အားပေးကူညီခဲ့ကြသည်။

၁၇၅၅ ခုနှစ်တွင် အင်္ဂလိပ်အာဏာပိုင်တို့သည် 'ကပ္ပတိန်ဘေးကာ' ဆိုသူကို ရွှေဘိုမင်း နေပြည်သို့ စေလွှတ်လိုက်သည်။ ၎င်းနှင့်အတူလည်း အမြောက်ငယ်များနှင့်အတူ အဖိုးမတန်လှသော လက်ဆောင်များ ပါလာလေသည်။ အင်္ဂလိပ်သံသည် အင်္ဂလိပ်တို့အား ဟိုင်းကြီးကျွန်းတွင် တရားဝင်နေခွင့် ပေးရန်အတွက် တောင်းဆိုလေသည်။ အလောင်းမင်းတရားသည် အင်္ဂလိပ်က တောင်းခံသည်ကို ကြည်ဖြူစွာ ခွင့်ပြုလေသည်။ ၁၇၅၇ ခုနှစ်၊ ဇူလိုင်လတွင် တစ်ဖန် အင်္ဂလိပ်သံတစ်ဦးသည် မြန်မာမင်းနေပြည်တော်သို့ ရောက်လာပြန်သည်။ ၎င်းက ဟိုင်းကြီးကျွန်းနှင့် ပုသိမ်တွင် ၎င်းတို့အား နေထိုင်ခွင့်အမြဲပေးရန်နှင့် ထိုသို့နေခွင့်ပြုသဖြင့် ၎င်းတို့က နှစ်စဉ် အမြောက်ငယ်များနှင့် ယမ်းမှုန့်များကို အခွန်ဆက်ပါမည်ဟု ဆိုလေသည်။

ဤသည်မှာ အင်္ဂလိပ်တို့ မြန်မာနိုင်ငံ ဘုရင်မင်းမြတ်ထံတွင် တရားဝင် အတည်ပြုချက်တောင်းခံ၍ မြန်မာ့နယ်မြေတွင် လာရောက်နေထိုင်ရန် ကြိုးစားကြံ့ အစဖြစ်သည်။ မြန်မာနိုင်ငံအတွင်းသို့ ဥရောပတိုက်သားများဖြစ်သော အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် နည်းအမျိုးမျိုးဖြင့် ဝင်ရောက်ရန် ကြိုးစားခဲ့ကြရာမှ အင်္ဂလိပ်သည် အခွင့်အရေးအမျိုးမျိုးကို ဆက်တိုက်ရယူပြီးလျှင် မတရားသော စစ်ပွဲကို ဖန်တီး၍ မြန်မာနိုင်ငံကို သိမ်းယူသည်အထိ မြှုမှုခဲ့ပုံကိုကား လာမည့် အခန်းတွင် တွေ့ရမည်ဖြစ်ပေသည်။



## (ခ) မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးခြင်း

မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့မှ စ၍ အချုပ်အခြာအာဏာ ဆုံးပါးခဲ့ရပြီး မြန်မာနိုင်ငံ ပြည့်ရှင်မင်းမြတ်ကိုလည်း နယ်ချဲ့အင်္ဂလိပ်တပ်များက မန္တလေးမြို့တော်မှ ဖမ်းဆီးလျက် အိန္ဒိယနိုင်ငံသို့ ခေါ်ဆောင်သွားခဲ့ကြလေသည်။

မြန်မာ့လွတ်လပ်ရေးဆုံးရှုံးမှုသည် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၂၇ ရက်နေ့အထိ တိုက်ခိုက်ခဲ့သော ၁၄ ရက်ကြာ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီးတွင် ဖြစ်သည်ဟုဆိုသော်လည်း ယခင်က တိုက်ခဲ့ရသော အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ၊ ဒုတိယစစ်ပွဲများ၏ အကျိုးဆက်ကြောင့်လည်း ဖြစ်ပေသည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမှ တတိယစစ်အထိ ဆက်စပ်၍ အကျဉ်းမျှ ဖော်ပြရန် လိုအပ်ပေသည်။

**အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ။** ။ ၁၈၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကုန်းဘောင်မင်းဆက် ဘကြီးတော်ဘုရားအုပ်စိုးနေစဉ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားခဲ့သည်။ စစ်ပွဲဖြစ်ရခြင်း၏အဓိကအချက်များကို ကြည့်လျှင် အချက်ကြီး ၂ ချက်ကိုသာ တွေ့ရမည်ဖြစ်သည်။ ထိုအချက်ကြီး ၂ ချက်တို့မှာ မြန်မာမင်းကို ပုန်ကန်နေကြသော သောင်းကျန်းသူများအား အင်္ဂလိပ်အစိုးရက ကာကွယ်ပေးခြင်းနှင့် ရှင်မဖြူကျွန်းကို အင်္ဂလိပ်အစိုးရတို့က ကျူးကျော်သိမ်းပိုက်ခြင်းတို့ ဖြစ်ပေသည်။ သို့သော် ထိုအကြောင်း အချက်ကြီး ၂ ခုအပြင် အခြားသာမန်အကြောင်းအချက်များ ရှိသေးသည်။ ၎င်းတို့ကား သယံဇာတပစ္စည်းများကြွယ်ဝ၍ အဖိုးတန်သစ်တောကြီးများဖြင့် ပြည့်နေသော မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ အစမှသိမ်းပိုက်လိုခြင်း၊ မြန်မာအစိုးရနှင့် အုပ်ချုပ်ရေးအရာရှိများအပေါ် နိုင်လိုမင်းထက်ဆက်ဆံခြင်း၊ မြန်မာ့အချုပ်အခြာအာဏာကို နည်းအမျိုးမျိုးဖြင့် ထိပါးခြင်း စသည်တို့ ဖြစ်လေသည်။

ဘကြီးတော်ဘုရား နန်းတက်သော ၁၈၁၉ ခုနှစ်မှ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲဖြစ်ပွားသော ၁၈၂၄ ခုနှစ်အထိ မြန်မာနိုင်ငံပိုင် ရခိုင်နှင့် ဘင်္ဂလားနယ်စပ်တစ်လျှောက်တွင် အင်္ဂလိပ်ပိုင် အရှေ့အိန္ဒိယကိုယ်စားလှယ်များသည် ရန်စခြင်း၊ ခြိမ်းခြောက်ခြင်းများ တက်နိုင်သရွေ့ မကြာခဏပြုလုပ်ခဲ့ကြ၏။ ၎င်းတို့သည် အာသံနှင့် မဏိပူရနယ်များရှိ လူထုအား မြန်မာမင်းကို တော်လှန်ပုန်ကန်ရန် အမြဲကာနေ လှုံ့ဆော်နေခဲ့သည်။ ထို့ကြောင့် ဘကြီးတော်ဘုရားသည် မြန်မာတပ်မတော်များကို အာသံ၊ မဏိပူရနှင့် ရခိုင်နယ်စပ်များသို့ ပို့လွှတ်၍ ယင်းနယ်တို့အတွက် ကာကွယ်ရေးစီမံကိန်းများကို အကောင်အထည်ဖော်ရန် ကြိုးပမ်းလာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အာသံနှင့် မဏိပူရနယ်များမှ မြန်မာမင်းကို ပုန်ကန်ထကြွနေကြသော သောင်းကျန်းသူများသည် မြန်မာနိုင်ငံ ပြင်ပနယ်မြေမှ အဓမ္မနည်းဖြင့် မိမိပိုင် ဒေသအဖြစ် အင်္ဂလိပ်က ကြေညာခဲ့ပြီးသော 'ကာချာ'နယ်ကို အကာအကွယ် ယူကြလေသည်။ မာကျွမ်း၊ ကျော်ကျွမ်း၊ ဟမ်ဘာရာဆင်း စသော သူပုန်သူကန်များ သည် အင်္ဂလိပ်တို့ စောင့်ရှောက်ထားသော ကာချာနယ်မှ နေ၍ အာသံနှင့် မဏိပူရရှိ မြန်မာအစိုးရတပ်များကို မကြာခဏ လာရောက်တိုက်ခိုက်ရာမှ မြန်မာတပ်မတော်သည် ယင်းသူပုန်များကို နှိမ်နင်းရင်း ကာချာနယ်အတွင်းသို့ လိုက်လံဝင်ရောက်တိုက်ခိုက်ခဲ့ရလေ၏။ ထိုသို့ သူပုန်သူကန်များကို လိုက်လံ နှိမ်နင်းသော မြန်မာတပ်မတော်နှင့် အင်္ဂလိပ်စစ်ဗိုလ် ဖော့ဂျနယ်ပူတန် အုပ်ချုပ်သော အင်္ဂလိပ်စစ်တပ်များ တွေ့ဆုံကြလျှက် ၁၈၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့ တွင် ပထမဆုံးအကြိမ် တိုက်ပွဲကြီး ဖြစ်ပွားခဲ့၏။

မြန်မာနှင့် အင်္ဂလိပ်တို့ ပထမဦးဆုံးအကြိမ် တိုက်ပွဲဖြစ်သော်လည်း အင်္ဂလိပ်အာဏာပိုင်တို့သည် စစ်မကြေညာသေးဘဲ နေ၏။

၁၈၂၃ ခုနှစ်က အင်္ဂလိပ်အစိုးရသည် အင်္ဂလိပ်စစ်တပ်များကို စေလွှတ် ၍ ရခိုင် ဘင်္ဂလားနယ်စပ်ရှိ နယ်နိမိတ်မျဉ်းအဖြစ် သတ်မှတ်ထားရှိခဲ့သော နတ်မြစ်ဝမှ ရှင်မဖြူကျွန်းကို အဓမ္မသိမ်းပိုက်စေခဲ့၏။ ဤအရေးအခင်းမှာလည်း အင်္ဂလိပ်အာဏာပိုင်တို့က ပြဿနာတစ်ရပ်ဖြစ်လာအောင် ရန်စကျူးကျော်ခြင်းပင် ဖြစ်၏။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ နယ်နိမိတ်ပြုထားသော ကျွန်းကြီးမှာ စင်စစ် အားဖြင့် နယ်ခြားမှတ်တိုင်ဖြစ်သည်။ ထို့ကြောင့် ရခိုင်ရှိ မြန်မာအစိုးရအရာရှိ များသည် အင်္ဂလိပ်အာဏာပိုင်ထံသို့ ရှင်မဖြူကျွန်းကို မသိမ်းပိုက်သင့်ကြောင်း ပြင်းထန်စွာ ကန့်ကွက်ခဲ့လေသည်။ ၎င်းကျွန်းကို ကြားနေဒေသအဖြစ် မည်သူမျှ တပ်စွဲခြင်းမပြုရန်လည်း တောင်းဆိုခဲ့၏။

အင်္ဂလိပ်နယ်ချဲ့သမားတို့သည် မြန်မာအစိုးရအရာရှိများ၏ ကန့်ကွက်ချက် ကို ပယ်ချခဲ့ပြီးလျှင် ၁၈၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဆိုဗီယားအမည်ရှိ စစ်သင်္ဘော တစ်စင်းကို ရှင်မဖြူကျွန်းသို့ စေလွှတ်ခဲ့၏။ ထိုသို့ ရန်စမှုကြီးတစ်ရပ် တပ်စွဲပြုလုပ် ခြင်းကို မြန်မာတို့က သည်းခံခြင်းငှာ မစွမ်းတော့ပြီဖြစ်သဖြင့် ဆိုဗီယားစစ်သင်္ဘော မှ အင်္ဂလိပ်အာဏာပိုင်များကို မြန်မာတပ်မတော်က ဖမ်းဆီးလိုက်လေ၏။

၁၈၂၄ ခုနှစ်၊ မတ်လတွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်အင်းမတ်စ်က အင်္ဂလိပ်-မြန်မာ နှစ်နိုင်ငံတို့ စစ်ဖြစ်ပွားပြီဖြစ်ကြောင်း ကြေညာရာမှ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားခဲ့ရတော့သည်။

အင်္ဂလိပ်အစိုးရသည် ခေတ်မီလက်နက်များ တပ်ဆင်ထားသော တပ်မတော်သားများ ပါဝင်သော စစ်ကြောင်းကြီးသုံးကြောင်းခွဲ၍ မြန်မာနိုင်ငံ



အတွင်းသို့ ဝင်ရောက်တိုက်ခိုက်ခဲ့၏။ ၎င်းတို့မှာ (၁) အာသံ မဏိပူရစစ်ကြောင်း၊ (၂) ရခိုင်စစ်ကြောင်း၊ (၃) မြန်မာနိုင်ငံ တောင်ဘက်ရေကြောင်း စစ်ကြောင်းတို့ ဖြစ်လေသည်။ စစ်ကြောင်းအားလုံးတွင်ပင် ဗိုလ်ချုပ် မဟာဗန္ဓုလ အမှူးပြုသော မြန်မာတပ်မတော်သားများသည် သတ္တိကြောင်ပြောင်စွာ ခုခံခဲ့ကြသော်လည်း လက်နက်အင်အားချင်း ကွာခြားလှသဖြင့် မြန်မာတို့ နေရာတိုင်းမှာ ရှုံးနိမ့်၍ ဗိုလ်ချုပ်မဟာဗန္ဓုလ ကျဆုံးခဲ့ရ၏။ ထို့ကြောင့် ၁၈၂၅ ခုနှစ်၊ စက်တင်ဘာလ အထိ တစ်နှစ်ကျော် တိုက်ခိုက်ခဲ့ရသောအခါ မြန်မာတို့သည် စစ်ပြေငြိမ်းရန် ရန်သူ နယ်ချဲ့အင်္ဂလိပ်တို့နှင့် ဆွေးနွေးခဲ့ရတော့သည်။ ၎င်းဆွေးနွေးပွဲမှာ စစ်ပြေငြိမ်း မှု သဘောတူချက်မရသောကြောင့် ဆက်လက်တိုက်ခိုက်ကြပြန်၏။ ၁၈၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့သို့ ရောက်လာသောအခါမှပင် အထက်မြန်မာနိုင်ငံ သို့ ဦးတည်ချီတက်လာသော အင်္ဂလိပ်အစိုးရတပ်များ၏ ရန်ကို မခုခံနိုင်တော့၍ မြန်မာအစိုးရသည် ရန္တပိုရွာတွင် ပြုလုပ်သော စာချုပ်ဖြင့် အင်္ဂလိပ်အစိုးရနှင့် စေ့စပ်ဆွေးနွေးမှု ပြုခဲ့ရတော့သည်။

၎င်းရန္တပိုစာချုပ်အရ အောက်ပါအချက်များကို မြန်မာက သဘောတူညီ ရသည်။

၁။ မဏိပူရ၊ အာသံ၊ ကာချာနှင့် ဂျိန်းတီးယားပြည်နယ်တို့နှင့် ပတ်သက်သော ကိစ္စအဝဝကို မြန်မာအစိုးရက ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်။
၂။ ရခိုင်နှင့် တနင်္သာရီနယ်များကို မြန်မာအစိုးရက အင်္ဂလိပ်အစိုးရသို့ ပေးအပ်ရန်။
၃။ ယိုးဒယားနိုင်ငံကို အင်္ဂလိပ်အစိုးရ၏ မဟာမိတ်အဖြစ် မြန်မာက အသိ အမှတ်ပြုပြီးလျှင် နောင်တွင် ဝင်ရောက်စွက်ဖက်မှု မပြုရန်။
၄။ အင်္ဂလိပ်ပိုင် အရှေ့အိန္ဒိယကုမ္ပဏီအား မြန်မာအစိုးရက စစ်စရိတ်ငွေ တစ်ကုဋေ ပေးရမည်ဖြစ်ပြီး ပထမအရစ်ငွေ ၂၅ သိန်းကို ချက်ချင်း ပေးဆပ်၍ ကျန်ငွေကို သုံးရစ်ခွဲပေးရန်။
၅။ အင်္ဂလိပ်-မြန်မာ ကုန်သွယ်ရေးစာချုပ် ချုပ်ဆိုရန်။

ထိုအချက်များကို မြန်မာနိုင်ငံအစိုးရက သဘောတူလက်မှတ်ထိုး၍ မြန်မာတို့ စစ်စရိတ်လျော်ကြေးငွေ ၂၅ သိန်းကို ပထမအရစ် ပေးချေသည့်အချိန် တွင် အင်္ဂလိပ်စစ်တပ်များသည် ရန္တပိုရွာမှ ဆုတ်ခွာ၍ ရန်ကုန်မြို့ အပါအဝင် အောက်မြန်မာနိုင်ငံကိုပါ လွှတ်၍ ဘင်္ဂလား ပြန်လည်သိမ်းပေါက်သွားနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



**အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ ။** ဒုတိယအကြိမ်မြောက် စစ်ကြေညာ၍ တိုက်ခိုက်သော အင်္ဂလိပ်-မြန်မာ စစ်ပွဲသည် ၁၈၅၂ ခုနှစ်၊ ဧပြီလတွင် ဖြစ်ပွားခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံတွင် ကုန်းဘောင်ဆက် ပုဂံမင်း အုပ်စိုးနေစဉ်အခါ ဖြစ်လေသည်။

ဤစစ်ပွဲဖြစ်ပွားရခြင်း၏ အဓိကအကြောင်းခြင်းရာများကို ရှာဖွေသော အခါတွင် ရန်ကုန်မြို့ဝန်နှင့် အင်္ဂလိပ်အရာရှိများ ဆက်ဆံရေးမပြေလည်မှုမှ စသည် ဟု ဆိုနိုင်၏။ သို့သော်လည်း 'နင်မဟုတ်က နင့်အဘိုးဖြစ်ရမည်' ဆိုသော ဝံပုလွေက သိုးငယ်အပေါ် ရန်ရှာသလို ပြုကျင့်လျက်နေသော နယ်ချဲ့အင်္ဂလိပ် အစိုးရ၏ မတရားကျူးကျော်ရေးဝါဒကြောင့် ဤစစ်ဖြစ်ရသည်ဟုဆိုလျှင် လည်း မလွဲနိုင်ပါချေ။

ပထမစစ်ပွဲအပြီး ချုပ်ဆိုခဲ့ရသော ရန္တပိုစာချုပ်အရ အင်္ဂလိပ်နှင့် မြန်မာ ကုန်သွယ်ရသောအခါ ရန်ကုန်မြို့တွင် ကုန်တိုက်ကြီးများ လာရောက်ဖွင့်ကြသော အင်္ဂလိပ်ကုန်သည်ကြီးများသည် မြန်မာမြို့ဝန်နှင့် မြန်မာအရာရှိများအပေါ်၌ အထက်စီးဖြင့် မတရားပြုကျင့် ဆက်ဆံတတ်ကြသည်။ ထို့ကြောင့် အင်္ဂလိပ်-မြန်မာ ဆက်ဆံရေးအခြေအနေ ဆိုးဝါးလာပြီးလျှင် ၁၈၃၉ ခုနှစ်တွင် အင်္ဂလိပ် သံအမတ် မေဂျာဘားနေးသည် မြန်မာနိုင်ငံမှ အပြီးအပိုင်ထွက်ခွာသွားတော့သည်။

အင်္ဂလိပ်အစိုးရ အရာရှိများနှင့် မြန်မာမြို့ဝန် ဦးအုပ်တို့၏ ဆက်ဆံရေး မှာ တဖြည်းဖြည်း အခြေဆိုးခဲ့၏။ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် စည်းကမ်းဥပဒေကို လေးစားရကောင်းမှန်း မသိသော အင်္ဂလိပ်လှေဥက်ကျူးအရာရှိ ဆိုသူများသည် နှစ်နိုင်ငံ စစ်ဖြစ်စေရန်အတွက် မြန်မာ့စည်းကမ်းဥပဒေများကို ချိုးဖောက်ကျူးလွန်မှုများ ဆက်တိုက်ပြုမူခဲ့သည်။

ထိုသို့ ဥပဒေမဲ့ ပြုလုပ်မှုများကို ရန်ကုန်မြို့ဝန် ဦးအုပ်က အရေးယူ ဆောင်ရွက်ခဲ့ရာမှ ကပ္ပတိန်လူဝစ်နှင့် ကပ္ပတိန်ရှက်ပတ်ဆိုသော အင်္ဂလိပ်သင်္ဘော ဦးစီးနှစ်ဦးကို မြန်မာမြို့ဝန်က အရေးယူရန် အခြေအနေ ဖြစ်လာလေသည်။ ၎င်းတို့နှစ်ဦးကို မြန်မာအစိုးရက အရေးယူရာ၌ ဗြိတိန်-မြန်မာ ဆက်ဆံရေး အခြေအနေမှာ များစွာပင် တင်းမာလာတော့ ရှိလာခဲ့၏။

ထိုမှ စ၍ မြန်မာနိုင်ငံကို စစ်တိုက်ရန် အခွင့်စောင့်နေသော အင်္ဂလိပ်ပိုင် အရှေ့အိန္ဒိယကုမ္ပဏီသည် ၁၈၅၁ ခုနှစ်၊ နိုဝင်ဘာလတွင် အမြောက်တင် စစ်သင်္ဘော ၆ စင်းကို ဗိုလ်မှူးချုပ် ကော်မဒိုလမ်းဘတ်အား ဦးစီးစေ၍ မြန်မာနိုင်ငံ သို့ စေလွှတ်တော့သည်။

လမ်းဘတ်သည် မြို့ဝန်ဦးအုပ်အား ဖယ်ရှားပစ်ရန် စသော အချက်များ ပါသော တောင်းဆိုချက်စာလွှာကို မြန်မာဘုရင်ထံ တင်သွင်းလိုက်ရာ မြန်မာဘုရင်



သည် ၎င်း၏တောင်းဆိုချက်များကို လိုက်လျောဆောင်ရွက်ခဲ့၏။ သို့ပါလျက် လမ်းဘတ် သည် မကျေနပ်သေးဘဲ ၁၈၅၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ရန်ကုန်၊ မုတ္တမနှင့် ပုသိမ်ဆိပ်ကမ်းများကို မိမိ၏စစ်သင်္ဘောများဖြင့် ပိတ်ဆို့လိုက်တော့ သည်။ ထို့နောက် မြန်မာဘုရင် မလိုက်နာနိုင်သော အချက်များ ပါဝင်သည့် ရာဇသံကို မြန်မာအစိုးရထံ ပေးပို့လိုက်တော့သည်။

မြန်မာဘုရင်သည် အင်္ဂလိပ်အစိုးရ၏ တောင်းဆိုချက်ကို မလိုက်နာနိုင် သော၊ သို့ မလိုက်နာနိုင်သော်လည်း ခုခံစစ်ကို ဆင်နွှဲရန်လည်း တစ်စုံတစ်ရာ ပြင်ဆင်မှုမရှိသေး။ ဤသို့ဖြင့် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲသည် ၁၈၅၂ ခုနှစ်၊ ဧပြီလတွင် စတင်ဖြစ်ပွားခဲ့ရတော့သည်။ ဤစစ်ပွဲတွင် အင်္ဂလိပ်စစ်တပ်များသည် မြန်မာနိုင်ငံအလယ်ပိုင်း ပြည်မြို့အထိ ချီတက်သည်။ တစ်ဖန် မြေထဲမြို့နှင့် ပြည်မြို့အကြား၌ သစ်တောများကိုပါ ရယူလို၍ မြေထဲမြို့အထိ ချီတက် သိမ်းပိုက်ကြလေသည်။

ယင်းသို့ရှိစဉ် မြန်မာနိုင်ငံတွင် ပုဂံမင်း နန်းကျ၍ မင်းတုန်းမင်း နန်းတက် သဖြင့် စစ်ပွဲများ ရပ်ဆိုင်းသွားခဲ့လေသည်။ ဤသို့ဖြင့် ဒုတိယအကြိမ် တိုက်ခိုက် သော အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် မြန်မာတို့သည် မြန်မာနိုင်ငံတစ်ဝက်ကျော်မျှကျယ် ဝန်းသော ဒေသများကို လက်လွှတ်ဆုံးရှုံးခဲ့ရပြန်တော့သည်။

**အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ ။** ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် အင်္ဂလိပ်စစ်တပ် လက်နက်ကိုင်တပ်သားများကို တင်ဆောင်ချီတက် လာသော နယ်ချဲ့အင်္ဂလိပ်စစ်သင်္ဘောများသည် အင်္ဂလိပ်-မြန်မာ နယ်စပ် မြေထဲမြို့ ကို ဖြတ်ကျော်၍ ဧရာဝတီမြစ်ကို ဆန်တက်လာကြ၏။

ဤသို့ တတိယအကြိမ် တိုက်ခိုက်ရသော အင်္ဂလိပ်-မြန်မာစစ်ပွဲကြီး ပေါ်ပေါက်ရန် အရင်းအမြစ်ကို ရှာလျှင် မြန်မာ-ပြင်သစ် စာချုပ်ခြင်းနှင့် ဘုံဘေ ဘားမားကုန်သစ်ကုမ္ပဏီ အရေးအခင်း ပေါ်ပေါက်ခြင်းတို့ကို တွေ့ရမည်ဖြစ်လေ သည်။ သို့သော် အမှန်တကယ်ဖြစ်ပေါ်ခဲ့သော အဓိကအကြောင်းကား အင်္ဂလိပ် အစိုးရ၏ နယ်ချဲ့လိုသော အပြုအမူများကြောင့်ပင် ဖြစ်ခဲ့လေသည်။

၁၈၈၅ ခုနှစ်၊ ဇွန်လတွင် ပြင်သစ်-မြန်မာ ကူးသန်းရောင်းဝယ်ရေး စာချုပ်ကို ချုပ်ဆိုရန် ပြင်သစ်ကောင်စစ်ဝန် ဟတ်စ်သည် မန္တလေးရွှေပြည်တော် သို့ ရောက်လာခဲ့လေသည်။ ၎င်းသည် အချိန်တစ်လမျှအတွင်း မြန်မာအစိုးရ အာဏာပိုင်တို့နှင့် ဆွေးနွေးခဲ့ပြီးလျှင် ပြင်သစ်-မြန်မာ ကူးသန်းရောင်းဝယ်ရေး စာချုပ်ကို ချုပ်ဆိုခဲ့သည်။ ၎င်းစာချုပ်တွင် ပြင်သစ်နိုင်ငံက မြန်မာနှင့်တကွ မီးရထားလမ်းဖောက်ပေးရန်၊ ဘဏ်တိုက်ဖွင့်ရန်၊ အခွန်ကောက်ယူရန်၊ ပတ္တမြား

www.burmeseclassic.com

www.burmeseclassic.com



နှင့် လက်ဖက်လုပ်ငန်းများ လုပ်ဆောင်ရန် အချက်များ ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံကို လက်ဝါးကြီးအုပ်လိုသော အင်္ဂလိပ်အစိုးရသည် နယ်ချဲ့ပြိုင်ဘက် ပြင်သစ်အစိုးရနှင့် မြန်မာတို့ ရင်းနှီးကြည်ရင်းမှုကို မနာလို မရှုဆိတ်နိုင်တော့၍ မြန်မာနိုင်ငံကို ဝင်တိုက်ရန် အခွင့်ကို အသာကြည့်၍ စောင့်ဆိုင်းနေခဲ့လေတော့သည်။

ထိုသို့ရှိစဉ်အတွင်း မြန်မာနိုင်ငံတွင် ကျွန်းသစ်လုပ်ငန်းများကို လာရောက်လုပ်ကိုင်နေသော ဘုံဘေဘားမား ကျွန်းသစ်ကုမ္ပဏီနှင့် မြန်မာအစိုးရ အုပ်ချုပ်ရေးအရာရှိများ အငြင်းပွားမှု ဖြစ်ခဲ့လေသည်။ ဘုံဘေဘားမား ကျွန်းသစ်ကုမ္ပဏီသည် အင်္ဂလိပ်အရင်းရှင်ကြီးများ၏ အရင်းအနှီးများဖြင့် ဖွဲ့စည်းတည်ထောင်၍ မြန်မာနိုင်ငံတွင် လာရောက်လျက် အခြေစိုက်ဆောင်ပြီး ကျွန်းသစ်များကို ခုတ်လှဲယူနေသော ကုမ္ပဏီကြီးဖြစ်သည်။

ဘုံဘေဘားမား ကျွန်းသစ်ကုမ္ပဏီသည် မြန်မာအစိုးရခွင့်ပြုချက် မရှိသော ကျွန်းသစ်များကို ဖျင်းမနားနယ်တွင် တိတ်တဆိတ် ခိုးယူခုတ်လှဲခြင်းများ ပြုခဲ့သည်ကို သက်သေအထောက်အထားဖြင့် တွေ့ရလေသည်။ မြန်မာအစိုးရသည် ဤအမှုအတွက် ဒင်္ဂါးငွေ ၂၃ သိန်းပေးဆောင်စေရန် အမိန့်ပေးခဲ့သော်လည်း ယင်းကုမ္ပဏီသည် လုံးဝလိုက်နာခြင်း မပြုခဲ့ပေ။ ကုမ္ပဏီသည် မြန်မာဘုရင်၏ ဒဏ်ငွေအမိန့်ကို မနာခံဘဲ ၎င်းအမိန့်မှာ မတရားပြုမူခြင်းသာ ဖြစ်သည်ဆိုသော အကြောင်းပြချက်ဖြင့် အင်္ဂလိပ်အာဏာပိုင်တို့ထံ တင်ပြခဲ့လေသည်။

၁၈၈၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် အင်္ဂလိပ်အစိုးရသည် ဘုံဘေဘားမားကိစ္စကို အကြောင်းပြု၍ (၁) အိန္ဒိယဘုရင်ခံချုပ်က ခန့်အပ်သော ကိုယ်စားလှယ်အား ဘုံဘေဘားမားသစ်ကိစ္စ ဆုံးဖြတ်ရာတွင် ပါဝင်ရန်၊ (၂) ၎င်းကိုယ်စားလှယ်ကို စောင့်ရှောက်ရန် ဗိုလ်သင်္ဘောတစ်စင်းအား မန္တလေးမြို့တော်တွင် ထားခွင့်ပြုရန်၊ (၃) ဘုရင်ခံချုပ် ကိုယ်စားလှယ်အား မြန်မာဘုရင့်ရှေ့တော်သို့ ဝင်သောအခါတွင် ဖိနပ်စီး၍ ဓားကိုင်ခွင့်ပြုရန်၊ (၄) မြန်မာနိုင်ငံက နိုင်ငံခြားဆက်သွယ်ရေးကိစ္စများကို အင်္ဂလိပ်အစိုးရအား လွှဲအပ်ရန် စသည့် တောင်းဆိုချက်များကို တောင်းခဲ့လေသည်။

ဤတောင်းဆိုချက်ကို မြန်မာအစိုးရ ငြင်းဆန်ခဲ့ပါက ချီတက်တိုက်ခိုက်ရန် ရန်ကုန်မြို့တွင် အိန္ဒိယစစ်သား တစ်သောင်းကို အသင့်ပြင်ဆင်ခြင်း ပြုလုပ်ထားရန်လည်း အင်္ဂလိပ်အာဏာပိုင်တို့က စီစဉ်ထားလေသည်။

မြန်မာဘုရင်သည် ဤတောင်းဆိုချက်ကို ကျေရာကျေကြောင်း သင့်တင့်မျှတစွာ ပြန်ကြားခဲ့သော်လည်း အထက်မြန်မာနိုင်ငံကို အပြီးဝင်ရောက်သိမ်းပိုက်ရန် လုံးဝဆုံးဖြတ်ထားပြီးဖြစ်သော အင်္ဂလိပ်အစိုးရသည် ရန်ကုန်မြို့မှ အင်္ဂလိပ်



လက်အောက်ခံ စစ်တပ်များကို ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှ စ၍ ဧရာဝတီမြစ်အတိုင်း စစ်သင်္ဘောများဖြင့် ဆန်တက်သွားစေတော့သည်။ အင်္ဂလိပ်လက်နက်ကိုင်များကို ဗိုလ်ချုပ်ကြီးပရင်ဒါဂတ်စ်နှင့် ကာနယ်စလေဒင်တို့အား ဦးစီး၍ ချီတက်စေသည်။

၁၈၈၅ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် မြင်းခြံမြို့သည် အင်္ဂလိပ်လက်နက်ကိုင်တပ်များ၏လက်သို့ ကျသွား၏။ အင်းဝမြို့ကို နိုဝင်ဘာလ ၂၆ ရက်နေ့တွင်လည်းကောင်း၊ စစ်ကိုင်းမြို့သည် နိုဝင်ဘာလ ၂၇ ရက်နေ့တွင်လည်းကောင်း၊ မန္တလေးရွှေမြို့တော်သည် နိုဝင်ဘာလ ၂၈ ရက်နေ့တွင်လည်းကောင်း အင်္ဂလိပ်အစိုးရစစ်တပ်များလက်သို့ ကျဆုံးသွားခဲ့သည်။

အင်္ဂလိပ်စစ်တပ်သည် မြန်မာနိုင်ငံပြည့်ရှင် ဘုရင်မင်းမြတ်ဖြစ်သော သီပေါမင်းနှင့် မိဖုရား ထိပ်စုဖုရားလတ်ကိုလည်းကောင်း၊ အရေးပါသော မင်းသားကြီး ၅ ဦးနှင့် နန်းတွင်းမှ ရွှေငွေ ကျောက်သံပတ္တမြားတို့ကိုလည်းကောင်း စုပေါင်းပစ္စည်းယူငင်၍ အိန္ဒိယပြည်သို့ ခေါ်ဆောင်သွားတော့သည်။

ထိုနေ့မှ စ၍ မြန်မာလွတ်လပ်ရေးသည် လုံးဝဆုံးရှုံးခဲ့ရလေ၏။

## (ဂ) နယ်ချဲ့တော်လှန်ရေးများ၊ မြန်မာနိုင်ငံအရပ်ရပ်တွင် ပေါ်ထွန်းခြင်း

အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲပြီးသည့်အချိန်က စ၍ ပဲခူးတိုင်းနှင့် မြေလတ်ဒေသများတွင် နယ်ချဲ့အင်္ဂလိပ်၏ လက်နက်ကိုင်စစ်သားများကို ခုခံတော်လှန်နေခဲ့ကြသော နယ်ချဲ့တော်လှန်ရေးသမားကြီးများ ရှိနေခဲ့သည်ကို သမိုင်းအရာများက မှတ်တမ်းတင်ထားခဲ့ကြ၏။

၎င်းတော်လှန်ရေးသမားကြီးများမှာ သာယာဝတီနယ်တွင် ဦးခေါင်ကြီး၊ ဟင်္သာတ နေမြို့နယ်တွင် ဦးမြတ်ထွန်းနှင့် မြေလတ်ဒေသတွင် ဦးဘိုးဆိုသူတို့ ဖြစ်ကြလေသည်။

**ဦးခေါင်ကြီး ။** ။ ဦးခေါင်ကြီးသည် လက်နက်အားကိုး ကျူးကျော်လာသော အင်္ဂလိပ်နယ်ချဲ့အစိုးရကို သာယာဝတီနယ်မှ အလုံးအရင်းဖြင့် ခုခံတိုက်ခိုက်ခဲ့ပေသည်။ သူသည် မြန်မာအမျိုးသားများကို စုစည်းခေါင်းဆောင်၍ ရေစီတချို တော်လှန်ခုခံနေခဲ့သည်။

အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲကြီး ပြီးဆုံးသွားသဖြင့် စစ်ပြေငြိမ်းသော အခါတွင် ဦးခေါင်ကြီးသည် မြန်မာအစိုးရ၏ မြို့ဝန်တစ်ဦးဖြစ်သည်။ သူသည် မြန်မာဘုရင်ထံသို့ မပြန်တော့ဘဲ ရသမျှ လူသူလက်နက်အင်အားကို စုဆောင်းပြီး ရွှေ ပဲခူးရိုးမတောင်ခြေသို့ သွားရောက်ခိုအောင်းနေခဲ့၏။ ထိုနေရာမှ အခြေပြု၍

www.burmeseclassic.com

www.burmeseclassic.com



သာယာဝတီနယ်အတွင်းရှိ အင်္ဂလိပ်စစ်တပ်များ၏ အလှုပ်အရှားကို ခြောက်လှန့်ခံဖြင့် ထိုးနှက်ချက်ဆီး၍ တိုက်ခိုက်ခဲ့၏။ ၁၈၅၃ ခုနှစ်မှ စ၍ ဦးအောင်ကြီးနှင့် သူ၏ လက်နက်ကိုင်တပ်သားများသည် ဧရာဝတီမြစ်အတွင်း ခုတ်မောင်းသွားလာနေသော ရေကြောင်းမှ ဖြတ်သန်းကြား သွားလာသည့် အင်္ဂလိပ်သင်္ဘောများကို တောင်းချ ဒုက္ခပေးနိုင်ခဲ့သည်။ အင်္ဂလိပ်အစိုးရသည် ဦးအောင်ကြီးကို ဖမ်းဆီးရန် ကြိုးပမ်းသော်လည်း မရသဖြင့် ဦးအောင်ကြီးကို အားပေးသည်ဟု ယူဆသော မြန်မာကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း ပြုခဲ့လေသည်။

**ဦးမြတ်ထွန်း** ။ မြန်မာနိုင်ငံ ဘုရင့်အစိုးရ၏ လေ့ဘတ်တွင် ပုံနှင်းကြီးအဖြစ် ဦးမြတ်ထွန်းသည် အချိန်အတော်ကြာမျှ ထမ်းဆောင်ခဲ့ပြီး အင်္ဂလိပ်-မြန်မာ ဒုတိယစစ် ဖြစ်ပွားနေချိန်တွင်ကား သူသည် မင်းပြမ်းမင်းဒ ထံကြောင့် ရဲမင်းပြေးဘသို့ ရောက်နေခဲ့၏။ အင်္ဂလိပ်အစိုးရ၏ တပ်များကို မြန်မာဘုရင့်တပ်များက ရှုံးနိမ့်၍ နယ်မြေများစွာ လက်လွှတ်ရပြီဟု ကြားသိရသောအခါတွင် ဦးမြတ်ထွန်းသည် လူသူလက်နက် အင်အားစုရုံး၍ အင်္ဂလိပ်စစ်တပ်များကို ဝင်ရောက်တိုက်ခိုက်နှောင့်ယှက်ခဲ့လေသည်။

ဦးမြတ်ထွန်းတို့၏ တော်လှန်ရေးတပ်သားများသည် ဟင်္သာတနှင့် ဓနုဖြူနယ်များတွင် သုံးနှစ်ကျော်မျှ လှုပ်ရှားတိုက်ခိုက်ခဲ့ကြလေရာ အင်္ဂလိပ်အစိုးရ စက်ယန္တရားလှုပ်ရှားမှုတွင် များစွာ အခက်တွေ့ရလေသည်။ ဦးမြတ်ထွန်း၏တပ်တွင် မြန်မာတပ်သား ၄၀၀၀ နီးပါးခန့်ကြောင်းကို အင်္ဂလိပ်ထောက်လှမ်းရေးတပ်မှ ဗိုလ်ကြီးဖေးမ်စ်၏ အစီရင်ခံစာတွင် ပါရှိခဲ့သည်။ အင်္ဂလိပ်အစိုးရသည် ကြည်းတပ်မှ ဗိုလ်မှူးချုပ် ဂျီ(ဝ်)၊ ရေတပ်မှ ဗိုလ်မှူးချုပ် လင်းဘတ်ဆိုသူတို့ကို ဦးစီး၍ ကြည်းနှင့် ရေ နှစ်ဖက်ညှပ်၍ မြန်မာတော်လှန်ရေးသမားကြီး ဦးမြတ်ထွန်းကို နှိမ်နင်းစေခဲ့သော်လည်း မြန်မာပြောက်ကျားတပ်သားများကို မည်သည့်နည်းနှင့်မျှ ငြိမ်းအေးအောင် မနှိမ်နင်းနိုင်ပေ။

**ဦးဘို** ။ နယ်ချဲ့တော်လှန်ရေးသမားကြီး ဦးဘိုသည် မြည်နှင့် အလယ်(ယခု ဧောင်လဲ)နယ်များတွင် နယ်ချဲ့အင်္ဂလိပ်စစ်တပ်များကို များစွာ ဒုက္ခပေးနိုင်ခဲ့၏။ ဦးဘိုသည် ယခင်က မြေထဲမြို့ဝန် ဖြစ်ခဲ့သည်။ ဦးဘိုသည် ရှည်မျှအင်အားကို စုစည်း၍ မြေထဲဒေသကို ပေါ်ဖြိုပြီးလျှင် နယ်ချဲ့စစ်တပ်ကို စခန်းထွန်းလှန်ခဲ့သည်။ ထို့ပြင် နယ်ချဲ့ကို အားပေးခဲ့သော မြန်မာသူ့ကျွန်တော်များကိုလည်း ပြင်းပြင်း ထန်ထန် နှိမ်နင်းစေခဲ့သည်။ မြန်မာ-အင်္ဂလိပ် နယ်စပ်အဖြစ် သတ်မှတ်ထားသော အလယ်မြို့အနီးရှိ နယ်စပ်ကျောက်တိုင်များကို ထုပေါ် ဖျက်ဆီးခဲ့လေသည်။

**ကရင်တော်လှန်ရေး** ။ မြန်မာနိုင်ငံသားများသည် တိုင်းပြည် အချိုးသား



များ၏ နယ်ချဲ့စနစ်ကို ထွန်းလှန်ပုန်ကန်ရာတွင် တစ်ဦးတစ်ယောက်တည်း မဟုတ်ကြ။ လူမျိုးတစ်မျိုးတည်း မဟုတ်ကြပေ။ လူမျိုးစုအသီးသီးက ပါဝင်စုရုံး တော်လှန်ခဲ့သည်ကို သမိုင်းတွင် ထင်ရှားစွာ တွေ့ရပေသည်။

ယခုလည်း ဦးအောင်ကြီး၊ ဦးမြတ်ထွန်းနှင့် ဦးဘိုတို့ခေါင်းဆောင်သော နယ်ချဲ့တော်လှန်ရေးများသည် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲပြီးတွင် မြန်မာနိုင်ငံ အောက်ပိုင်းတွင် တော်လှန်ပုန်ကန်ခဲ့ကြရာ၌ ၎င်းတို့ကဲ့သို့ပင် နယ်ချဲ့တိုင်းသား လူမျိုးများကို ရွတ်ရွဲ၍ ကျွန်ုပ်တော်လှန်ခဲ့ကြသော လူမျိုးစုတစ်ရပ်ကို ဖော်ပြရန် ရှိပါသေးသည်။

၁၈၅၈ ခုနှစ်တွင် စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်၌ နေထိုင်ခဲ့ကြသော တိုင်းရင်းသားကရင်အမျိုးသားများသည် နယ်ချဲ့တော်လှန်ရေးစစ်ပွဲများကို ဆင်နွှဲခဲ့ကြပြန်လေသည်။ တောင်ငူ၊ ပဲခူးမြို့နယ်ကြီးများတွင် တိုင်းရင်းသား ကရင်အမျိုးသားများသည် အစုအဝေးနှင့် ရွာကြီးများ တည်ထောင်၍ နေခဲ့ကြသည်။ ၎င်းတို့သည် မိမိတို့ကျေးရွာနယ်ပယ်အသီးသီးမှ စုပေါင်း၍ တော်လှန်ရေးခေါင်းဆောင်များကို တင်မြှောက်ကြပြီးလျှင် ကရင်ပြည်နယ်နှင့် ကရင်မင်းဆက်ကို တည်ထောင်ရန် ကြိုးပမ်းလှုပ်ရှားခဲ့ကြသည်။ မိမိတို့နယ်မြေကို လက်နက်အားကိုးဖြင့် ဝင်ရောက်လာကြသော နယ်ချဲ့ကုလားဖြူတပ်များကို ၎င်းတို့သည် ပြောက်ကျားနည်းဖြင့် ထွန်းလှန်တိုက်ခိုက်ခဲ့ရာ နှစ်ပေါင်းအတော်ကြာသည်အထိ ၎င်းဒေသများသည် ငြိမ်ဝပ်ပိပြားမှု မရခဲ့ကြောင်းကို အင်္ဂလိပ်သမိုင်းရေးဆရာများကပင် ဝန်ခံခဲ့ကြရလေသည်။

ဤသို့ဖြင့် မြန်မာနိုင်ငံ၏ အောက်ပိုင်းဒေသနှင့် မြေလတ်ပိုင်းကို လက်နက်အားကိုး သိမ်းယူခဲ့သော နယ်ချဲ့အစိုးရသည် မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ သူ့ကျွန်မခံလိုသော စိတ်နှင့် တော်လှန်ကြခြင်းကို နှစ်ပေါင်း ၂၀ ကြာသည့်တိုင်ပင် တောင်းစွာ နိုင်နင်းအောင်မြင်ခြင်း မရှိသည်ကို တွေ့ကြရပါသည်။

**မြန်မာလွတ်လပ်ရေးဆုံးရှုံးပြီး ပေါ်ပေါက်လာသော မြန်မာတို့၏ နယ်ချဲ့တော်လှန်ရေးများ** ။ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံဘုရင် သီပေါမင်းကို လက်ရဖမ်းဆီးပြီးလျှင် မြန်မာထီးနန်းကို သိမ်းယူအုပ်ချုပ်ခဲ့သော အင်္ဂလိပ်အစိုးရအာဏာပိုင်တို့သည် ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ထုတ်ပြန်ကြေညာသော် အပါအဝင် မြန်မာနိုင်ငံအား အင်္ဂလိပ်ပိုင် အိန္ဒိယနိုင်ငံအတွင်းတွင် ထည့်သွင်းအုပ်ချုပ်သည်ဟု ကြေညာလိုက်လေတော့သည်။

အင်္ဂလိပ်အစိုးရ၏ ကြေညာချက်ကို ဆီမထင်ခဲ့သော မြန်မာအမျိုးသားတော်လှန်ရေးသမားများသည် ထိုအချိန်မတိုင်မီကပင် နယ်ချဲ့အင်္ဂလိပ်အစိုးရကို နည်းအမျိုးမျိုးဖြင့် တော်လှန်ပုန်ကန်လျက် ရှိနေခဲ့ကြပြီလည်းဖြစ်ပေသည်။ ထို

www.burmeseclassic.com

www.burmeseclassic.com



အချိန်က အင်္ဂလိပ်အစိုးရ၏ နယ်ချဲ့စနစ်ဆိုးကြီးကို လေ့ခွက်ချည်းကျန် အလဲ မလှဲစတမ်းစိတ်ဓာတ်ဖြင့် တော်လှန်တိုက်ခိုက်ခဲ့ကြသည့် တော်လှန်ရေးခေါင်းဆောင်များတွင် အောက်ပါခေါင်းဆောင်များသည် ထင်ရှားသည့် ခေါင်းဆောင်များ ဖြစ်ခဲ့ကြသည်။ ၎င်းတို့မှာ နတ်မောက်နယ်မှ မင်းကြီးရွှေလရောင် (၎င်းခေါင်းဆောင်ကြီးမှာ နယ်ချဲ့တော်လှန်ရေးနှင့် ဖက်ဆစ်တော်လှန်ရေးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ အဘိုးဖြစ်သည်။) (၂) ပွင့်ဖြူနယ်မှ ဗိုလ်ဥတ္တမ၊ (၃) မင်းတုန်းနယ်မှ ဗိုလ်ရွှေ၊ (၄) ကျောက်ဆည်နယ်မှ ဗိုလ်သာကျွန်း၊ (၅) ဆီးပင်ကြီးနယ်မှ မြင်စိုင်းမင်းသားကြီး၊ (၆) ရွှေဘိုနယ်မှ ထိပ်တင်မှတ်၊ (၇) ရှမ်းပြည်နယ်မှ ဝန်းသိုအာဇာနည်ကြီး ဦးအောင်မြတ်၊ (၈) ပုပ္ပားနယ်မှ ဗိုလ်နက်ကျော်၊ (၉) ဝဲလောင်နယ်မှ ဗိုလ်ရာညွန့်၊ (၁၀) ရိမ်းမကားနယ်မှ ဗိုလ်ရိုင်၊ (၁၁) ပုဂံနယ်မှ ဗိုလ်ချို၊ (၁၂) ကျွန်းခင်းကြီးနယ်မှ ဗိုလ်လှကျော်တို့ ဖြစ်ကြပေသည်။

အထက်ပါ တော်လှန်ရေးခေါင်းဆောင်ကြီးများထဲမှ ဝန်းသိုအာဇာနည် ဦးအောင်မြတ်သည် ဝန်းသိုနယ်ကိုအခိုင်အမာလုပ်၍ ခံရာ ၁၈၈၆ ခုနှစ်၊ ဒီဇင်ဘာလတွင် အင်္ဂလိပ်စစ်တပ်ကြီး ချီတက်၍ ဝန်းသိုကို တိုက်ခိုက်၏။ လူအင်အား၊ လက်နက်အင်အားချင်း မမျှ၍ ၁၈၈၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဦးအောင်မြတ်သည် ဝန်းသိုမှ ဆုတ်ခွာပေးရတော့သည်။ ဝန်းသိုစော်ဘွားကြီးလည်းဖြစ်သူ တော်လှန်ရေးသမားကြီး ဦးအောင်မြတ်သည် ဝန်းသိုမှ ဆုတ်ခွာခဲ့ပြီးသည့်နောက် နယ်ချဲ့စစ်တပ်များကို အကြိမ်များစွာ ရင်ဆိုင်တိုက်ခြင်း၊ ပြောက်ကျားနည်းဖြင့် တိုက်ခြင်းတို့ဖြင့် ခုခံလျက် နာမည်ကျော် အင်္ဂလိပ်စစ်တပ်မှ စစ်သားအမြောက်အမြားကို ကျဆုံးသည်အထိ ချေမှုန်းအောင်မြင်ခဲ့၏။ သို့သော် နောင်အခါတွင် ရေရှည်တိုက်ပွဲ၌ ရှမ်းပြည်နယ်မှ ရှောင်ခွာ ခိုလှုံနေခဲ့ရသည်။

ရွှေဘိုနယ်မှ တော်လှန်ရေးခေါင်းဆောင်တစ်ဦးဖြစ်သော မင်းသား ထိပ်တင်မှတ်သည် ထိပ်တင်သိန်း အစရှိသော မင်းသားများအကူအညီဖြင့် ၁၈၈၅၊ ဒီဇင်ဘာလမှပင် စတင်၍ အင်္ဂလိပ်အစိုးရတပ်များကို တော်လှန်ပုန်ကန် တိုက်ခိုက်နေခဲ့၏။ ရွှေဘိုနယ်မှပင် အခြားတော်လှန်ရေးသမားကြီးများ ထွက်ပေါ်ခဲ့သေးသည်ကိုလည်း သမိုင်းမှတ်တမ်းများအရ တွေ့ရသေး၏။ ၎င်းတို့မှာ ဗိုလ်အောင်မြတ်၊ ဗိုလ်လှဦး၊ ဗိုလ်ရိုင်နှင့် ဗိုလ်အောင်မြတ် စသော ပုဂ္ဂိုလ်များဖြစ်ကြ၏။ ဗိုလ်လှဦးသည် ရွှေဘိုနယ်တောင်ဘက်ပိုင်း မြင်းမူနှင့် စစ်ကိုင်းမြို့တောင်ဘက် မူးမြစ်ဝအထိပင် တန်ခိုးအာဏာပြန့်ပွားခဲ့သော ခေါင်းဆောင်တစ်ဦးဖြစ်၏။ ဗိုလ်လှဦး၏ လက်အောက်၌ ဗိုလ်မင်းအိုနှင့် ဗိုလ်သာပွဲဆိုသော ခေါင်းဆောင်များလည်း ရှိသေး၏။ သူတို့သည် နယ်ချဲ့အစိုးရနှင့် ဆက်သွယ်၍ တော်လှန်ရေးသမားများကို ဒုက္ခပေးခဲ့သော ပြည်တွင်းသစ္စာဖောက်များကိုလည်းကောင်း၊ အင်္ဂလိပ်ထံ



ခိုးထောက်သွားကြသော သူကြီး၊ အမှုထမ်း စသည်တို့ကိုလည်းကောင်း နှိမ်နင်းတိုက်ခိုက်ရသော တာဝန်ကို ထမ်းရွက်ကြရလေသည်။

အင်းဝနယ်တွင်လည်း တော်လှန်ရေးသမားများသည် ရနိုင်သရွေ့ လက်နက်လူသူကို စုဆောင်း၍ လှုပ်ရှားတော်လှန်ခဲ့သည်။ ၎င်းတို့မှာ မက္ခရာမင်းသားကြီး၏ မြေးတော်များဖြစ်သည့် ထိပ်တင်စောရန်နိုင်နှင့် ထိပ်တင်စောရန်ပိုင် စသော မင်းသားများဖြစ်၏။ ၎င်းတို့၏လက်စွဲတော် တော်လှန်ရေးသမားတစ်ဦးဖြစ်သော ဗိုလ်ရွှေရန်ဆိုသူမှာ ချောင်းဦးနယ်မှ ယန်းလောင်၊ စမုံမြစ်ကြား ဒေသများအထိ တော်လှန်ရေးလုပ်ငန်းများကို ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်နိုင်ပါလေသည်။

မြင်စိုင်းမင်းသားသည် ထင်ရှားသော တော်လှန်ရေးခေါင်းဆောင်တစ်ဦးဖြစ်၏။ ၎င်းသည် ကျောက်ဆည်နယ်မှနေ၍ အင်္ဂလိပ်အစိုးရကို တော်လှန်ခဲ့သည်။ မြင်စိုင်းမင်းသားသည် မူလက ဆီးပင်ကြီးစခန်းမှ အခိုင်အမာခံခဲ့သူဖြစ်၏။ နောင်တွင် အရေးမလှ၍ ကျောက်ဆည်နယ် ရနိုင်ကြီးရွာသို့ ပြောင်းရွှေ့ပြီး စခန်းသစ်ထူခဲ့သည်။ ကျောက်ဆည်မှတစ်ဆင့် ရှာင်နယ်သို့ ပြောင်းပြီးလျှင် ဆက်လက်၍ အင်္ဂလိပ်အစိုးရကို တော်လှန်ပြန်သည်။ ဤမင်းသားသည် ရှာင်တွင်ပင် ခေါင်းချသည်အထိ နေထိုင်ခဲ့လေ၏။

ပုပ္ပားနယ်မှ တော်လှန်ခဲ့သော ဗိုလ်ချိုနှင့်အတူ ကြည့်မြင်တိုင်မင်းသားသည်လည်း အင်္ဂလိပ်အစိုးရကို တော်လှန်ခဲ့သည်။ မင်းတုန်းနယ်မှ ဗိုလ်ရွှေသည် သရက် မင်းတုန်းနယ်ရှိ တောနက်တောင်တန်းဒေသတစ်လျှောက်တွင် နှစ်ပေါင်းများစွာကပင် တော်လှန်နေခဲ့၏။ သူသည် မင်းတုန်းမှ အထက်မင်းလှနယ်ကိုဖြတ်၍ မင်းဘူးနယ်ရှိ ငဖဲမြို့အထိ ကျယ်ကျယ်ပြန့်ပြန့် သွားရောက်ခြေဆန့်ခဲ့သည်။ ငဖဲမြို့မှာ သူ၏ စခန်းဌာနချုပ် ဖြစ်ခဲ့သည်။ ဗိုလ်ရွှေနှင့် ပွင့်ဖြူနယ်မှ ဗိုလ်ဥတ္တမတို့သည် မင်းဘူးနယ်ကို နယ်အသီးသီးခွဲ၍ တော်လှန်ခဲ့ကြခြင်းဖြစ်သည်။ ၁၈၈၆ ခုနှစ်ကုန်ဆုံးမည့်အချိန်ဝယ် ဗိုလ်ရွှေသည် မင်းဘူးနယ်မြောက်ဘက်တစ်လွှားကိုလည်းကောင်း၊ ဗိုလ်ဥတ္တမက မင်းဘူးနယ် တောင်ဘက်တစ်လွှားကိုလည်းကောင်း တာဝန်ယူ၍ တော်လှန်ခဲ့ကြလေရာ ၎င်းတို့၏ တော်လှန်ရေးတပ်မတော်သားများ၏ အင်အားတောင့်တင်းမှုကြောင့် နယ်ချဲ့စစ်တပ်များသည် နှစ်အတော်ကြာသည်အထိပင် ၎င်းတို့ကို နှိမ်နင်းနေခဲ့ရလေသည်။

အထက်ချင်းတွင်းနယ်နှင့် အလုံ မုံရွာတစ်ဝိုက်ဆီတွင် မင်းသားမဟုတ်သော်လည်း မင်းသားဘွဲ့ခံယူလျက် ရွှေချီးဖြူမင်းသားဆိုသော တော်လှန်ရေးသမားတစ်ဦးနှင့် ဗုဒ္ဓရာဇာဆိုသူတို့လည်း နယ်ချဲ့တပ်များကို အချိန်အတော်ကြာ တော်လှန်ခဲ့ကြသေး၏။ မြင်းခြံနယ် (ရှေးက တလုပ်မြို့) မိတ္ထီလာနှင့် ပခုက္ကူခရိုင်များအပါအဝင် ဧရာဝတီမြစ်ကမ်း ဝဲယာဒေသတစ်လျှောက်မှာ ရွှေချီးဖြူမင်းသား လှုပ်ရှားသွားလာခဲ့သော ဒေသများဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာသည် ပျူမြို့များနယ်သို့လည်း ရောက်ရှိပြီးလျှင် ကြည့်မြင်တိုင်မင်းသား၊ သိမ်ကုန်းသူကြီး၊ သီဟရာဇာ စသော ခေါင်းဆောင်များနှင့်အတူ ပျူမြို့နယ်များမြို့ပြင် ဒေသတခွင်ကျင်နှင့် ရမည်းသင်းနယ် ကျေးရွာများကို ပေါင်း၍ တော်လှန်ရေးတာဝန်များကို ဆောင်ရွက်ခဲ့ကြလေသည်။

မိတ္ထီလာမြို့နယ်၌ မြင်းခိုင်းမင်းသား၏ နောက်လိုက်များဖြစ်ကြသော ဗိုလ်မြတ်စုံ၊ ဗိုလ်မောင်ကြီးနှင့် ဗိုလ်မောင်လတ်တို့ကလည်းကောင်း၊ သာစည်နယ်တွင် ဗိုလ်ကံ၊ ဗိုလ်နီ၊ ဗိုလ်ရှိန် စသော ခေါင်းဆောင်များကလည်းကောင်း အသီးသီး တော်လှန်ခဲ့ကြသေးသည်။

သို့သော် တော်လှန်ရေးများ မြန်မာပြည်အနှံ့ရပ်တွင် ပေါ်ပေါက်လာခဲ့ကြရာ၌ ခေါင်းဆောင်ကြီးများတွင် မူလပထမက လူသူလက်နက်များ စုပြီး ဆောင်ပြီး မရှိခဲ့ပေ။ တော်လှန်ရန်လည်း အစီအစဉ် ကျကျနန မရှိ။ စားရေးရိက္ခာလည်း စုဆောင်းထားသည်များ လုံလောက်ခြင်းမရှိခဲ့ပေ။ ထို့ပြင် သို့ပွန်ညီကျကျ လက်နက်တပ်ဆင်ထားသော နယ်ချဲ့အင်္ဂလိပ်စစ်တပ်ကို နေ့စဉ်တကျတော်လှန်ရန် စစ်ဆေးနက်ရှုပါ နည်းပရိယာယ်များ ကြွယ်ဝသော ခေါင်းဆောင်ဟူ၍လည်း မြန်မာ တော်လှန်ရေးတပ်များ၌ ပြည့်စုံစွာ ရှိသည် မဟုတ်ပါချေ။

ထို့ကြောင့်ပင် မြန်မာတော်လှန်ရေး တပ်များသည် ရန်သူ နယ်ချဲ့အင်္ဂလိပ် အစိုးရစစ်တပ်ကို တိုက်ခိုက်ရာတွင် စုစည်းပြီး အင်နှင့်အားနှင့် တိုက်ခိုက်ရခြင်း မရှိဘဲ အကွဲကွဲအပြားပြား နေရာအသီးသီး ဖြန့်ကြက်၍ တော်လှန်နေခဲ့ကြခြင်း ဖြစ်သည်။ အကယ်၍ မြန်မာတို့တွင် လက်နက်လူသူလည်း စနစ်တကျ စုစည်းပြီးဖြစ်လျက် မြန်မာတော်လှန်ရေးတပ်များကိုလည်း ပေါင်း၍ စနစ်တကျဦးစီး၍ တပ်မတော်ကြီးဖွဲ့ကာ အင်နှင့်အားနှင့်သာ နွှဲတော်လှန်ရပါလျှင် မြန်မာတို့၏ မျိုးချစ်တော်လှန်ရေးသမားများကို နယ်ချဲ့များသည် တော်တော်နှင့် နိုင်နင်းစွာ နှိမ်နင်းနိုင်မည် မဟုတ်ပါချေ။

ယခုသော်ကား သေနတ်အမြောက် လက်နက်များကို ပေါတိုင်းစွာ တပ်ဆင်ထားသော အင်္ဂလိပ်စစ်တပ်ကို မြန်မာအမျိုးသားများသည် သူတစ်ပါးကျွန်မခံလိုသော စိတ်ဓာတ်ကို အားပြုလျက် ဓား၊ လှံ၊ လေးမြားတို့ကို အများဆုံး အသုံးပြု၍ သေနတ်လက်နက်ကို အနည်းငယ်မျှသာ ကိုင်စွဲကာ တော်လှန်ခဲ့ကြရခြင်းဖြစ်၏။ သို့ဖြစ်သောကြောင့် မြန်မာတို့၏ တော်လှန်ရေးမှာ အောင်တည်ကာ အခြေမနိုင်လှပေ။

**ရှမ်းတို့၏တော်လှန်ရေး** ။ ရှမ်းအမျိုးသားများသည် မိမိတို့ တောင်တန်းဒေသသို့ ထိုးဖောက်လာသော အင်္ဂလိပ်အစိုးရတပ်များကို ဓား၊ လှံ၊ လက်နက် လူသူတို့ဖြင့် နေရာအနှံ့အပြားတွင် ပြန်လှန်တိုက်ခိုက်ခဲ့ကြသည်။ အင်္ဂလိပ်သမိုင်း



များတွင် ထွက်ပေါ်လာကာ ခေါ်ဆောင်ကာ တပ်ဦးဆောင်ခဲ့ရသော ရှမ်းအမျိုးသား တော်လှန်ရေးခေါင်းဆောင်ကြီးသည် အင်္ဂလိပ်အစိုးရက အထူးဂရုစိုက် နှိမ်နင်းခြင်းခံခဲ့ရသည်။ မူလပထမက တော်လှန်ရေးခေါင်းဆောင်ကြီး ထွက်ပေါ်လာသည့် လူတော်နှင့် မဟုတ်ပါပေ။ သက်ဦးစံ၏ ဘာသာရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်နေခဲ့သော ဘုန်းကြီးသောတော် ရဟန်းတစ်ပါးဖြစ်သည်။ သို့သော် ယင်းဘာသာရေးခေါင်းဆောင်ကြီးသည် အမျိုးသားရေးနှင့် ကြုံသောအခါတွင် ဓားလွယ်၍ တော်လှန်ရေးကြီးတစ်ရပ်ကို ဦးဆောင်ခဲ့သော မျိုးချစ်တော်လှန်ရေးသမားကြီး ဖြစ်လာပါတော့သည်။

ရှမ်းပြည်နယ်နိုင်ငံရာ အင်္ဂလိပ်အရာရှိကြီးတစ်ဦးဖြစ်သော မစ္စတာစကော့ ဆိုသူက ထွက်ပေါ်လာခဲ့သို့ အင်္ဂလိပ်အစိုးရကို ဒုက္ခပေးနိုင်ခဲ့သူကို ရှမ်းပြည်နယ်တွင် တွေ့ခဲ့ရပေဟု မှတ်တမ်းရေးသားခဲ့သည်ကို သိသာရပေ၏။

**ကချင်အမျိုးသားများ** ။ ကချင်အမျိုးသားများသည်လည်း နယ်ချဲ့ တော်လှန်ရေးတွင် တစ်ကဏ္ဍတစ်ခန်း ပါဝင်လှုပ်ရှားခဲ့ကြသည်ကို သမိုင်းအထောက်အထားတွင် တွေ့မြင်ရပေသည်။ မန္တလေးမြို့ကို အင်္ဂလိပ်အစိုးရက သိမ်းပိုက်စဉ်အခါက ကချင်လူမျိုးတို့သည် ၎င်းတို့၏ မျိုးနွယ်အလိုက် ဒူးဝါးခေါ် ခေါင်းဆောင်များ၏ အုပ်ချုပ်မှုကို ခံယူနေကြစဉ် ဖြစ်၏။

ကချင်အမျိုးသားများသည် မိမိတို့ဒေသအသီးသီးမှ ဒူးဝါးခေါ် ခေါင်းဆောင်အသီးသီးတို့၏ ဦးဆောင်မှုအောက်တွင် စနစ်တကျ စည်းလုံးကွပ်ကဲမှု မရှိသော်လည်း နှစ်ပေါင်းများစွာကပင် နယ်ချဲ့ကို တော်လှန်နေသူများဖြစ်၏။

ထိုအချိန်က ကချင်တော်လှန်ရေးခေါင်းဆောင်ကြီးများတွင် ဆမားဒူးဝါ၊ ဖုံကန်ဒူးဝါ၊ သနာဒူးဝါ၊ မခန်းဒူးဝါ၊ ဆဒုံးဆောအာဒူးဝါတို့သည် ထင်ရှားသော တော်လှန်ရေးခေါင်းဆောင်ကြီးများ ဖြစ်ကြသည်။ ကချင်အမျိုးသားများသည် တစ်စိုက်ထဲ တစ်ဖိတ်တက်စနစ်ဖြင့် တော်လှန်ခဲ့ကြရာတွင် အင်္ဂလိပ်သမိုင်းဆရာ တစ်ဦးက “၁၉၁၈ ခုနှစ် ပထမကမ္ဘာစစ်ကြီး ပြီးဆုံးသည့်အထိပင် အချို့ဒေသများတွင် ကချင်ပုန်ကန်သူများ ရှိနေသေးသည်” ဟု ရေးမြန်ခဲ့လေသည်။

အင်္ဂလိပ်အစိုးရတပ်များသည် ၁၈၈၆ ခုနှစ်ကပင် ကချင်တို့ဒေသဖြစ်သော ဗန်းမော်နှင့် မိုးကောင်းမြို့များကို သိမ်းပိုက်နိုင်ခဲ့ကြသော်လည်း မူတာဒေသ နယ်ကိုမူကား ၁၈၉၃ ခုနှစ်မှပင် သိမ်းယူနိုင်ခဲ့လေသည်။ ၁၈၉၃ ခုနှစ်တွင်ပင် မိုးကောင်းနှင့် ကာမိုင်းနယ်တို့တွင် ကချင်အမျိုးသားအချို့တို့သည် နယ်ချဲ့အင်္ဂလိပ် အစိုးရကို ရှုပ်ရှုပ်ရှက်ရှက် တော်လှန်နေကြအံ့ပင် ဖြစ်လေသည်။

နယ်ချဲ့တော်လှန်ရေးခေါင်းဆောင်များဖြစ်ကြသော ဝန်းသိုမင်းကြီးရှာအား ဦးဆောင်ဖြတ်နှင့် ဆောက်နန်းနိုင်မင်းသားတို့သည် ကချင်ဒေသ ဆုံနှံ့ ဆမားနယ်

www.burmeseclassic.com

www.burmeseclassic.com



များကို မိမိတို့ နိုးဆော်ရန် စခန်းများအဖြစ် နှစ်ပေါင်းများစွာ အသုံးပြုခဲ့ကြပေသည်။

ကရင်နီအမျိုးသားများသည်လည်း နယ်ချဲ့တော်လှန်ရေးကြီးတွင် သူတို့ ပြောင်ပြောင် ပါဝင်လှုပ်ရှားခဲ့ကြသည်ကို တွေ့ရပေသည်။ စောလပေါ်ဆိုသူ ခေါင်းဆောင်ကြီးသည် ကရင်နီပြည်နယ်၏ အကြီးအကဲတစ်ဦးဖြစ်ခဲ့ရာ နယ်ချဲ့ တော်လှန်ရန် တာဝန်တစ်ရပ်ကျရောက်လာသောအခါ၌ ထိုတာဝန်ကို ယင်း ခေါင်းဆောင်ကြီးသည် မဆိုင်းမတွ ထမ်းဆောင်ခဲ့ပေသည်။

**ကရင်နီများ** ။ ၁၈၈၇ ခုနှစ်တွင် အင်္ဂလိပ်အစိုးရတပ်များသည် မြန်မာပြည်တောင်ပိုင်းသို့ အလုံးအရင်းနှင့် ဝင်ရောက်လာခဲ့လေသည်။ ထိုအခါတွင် ကရင်နီ(ယခု ကယား)ခေါင်းဆောင်ကြီး စောလပေါ်သည် မိမိ လက်အောက်ခံ ကျေးရွာများကို အားပြုပြီးလျှင် နယ်ချဲ့စစ်တပ်ကို နေရာတိုင်းတွင် ရင်ဆိုင်တိုက်ခိုက်ခဲ့လေသည်။ အင်္ဂလိပ်စစ်တပ်များသည် ကရင်နီပြည်နယ်ကို ရှမ်း ပြည်နယ်တောင်ပိုင်းမှ စစ်ကြောင်းနှင့် အောက်မြန်မာနိုင်ငံ စစ်ကြောင်းနှစ်ရပ်ခွဲ၍ မြားပစ်သလို ဝင်ရောက်နှိမ်နင်း တိုက်ခိုက်ခဲ့သည်။ စောလပေါ်သည် ကရင်နီ အမျိုးသား တော်လှန်ရေးတပ်များကို စုရုံး၍ အားမာန်မလျှော့ဘဲ ခုခံပါသော်လည်း အင်အားချင်း မမျှ၍ အင်္ဂလိပ်အစိုးရတပ်ကို နိုင်အောင် မတိုက်နိုင်၊ သို့သော် တော်လှန်ရေးခေါင်းဆောင်ကြီး စောလပေါ်သည် အင်္ဂလိပ်အစိုးရထံ အညံ့ခံ ဝင်ရောက်ခြင်းမရှိဘဲ ကရင်နီပြည်နယ်မှ ထွက်ခွာရှောင်တိမ်းနေခဲ့ရလေသည်။

**ချင်းတော်လှန်ရေးသမားများ** ။ မြန်မာနိုင်ငံ၏မြို့တော် မန္တလေး မင်းနေပြည်တော်ကို နယ်ချဲ့အင်္ဂလိပ်အစိုးရက သိမ်းပိုက်စဉ်အချိန်က မြန်မာနိုင်ငံ ၏ တိုင်းရင်းသားလူမျိုးစုတစ်ခုဖြစ်သော ချင်းအမျိုးသားများသည် ဧရာဝတီမြစ် ချင်းတွင်းမြစ် အနောက်ဘက်တစ်ခွင် တောင်တန်းဒေသများတွင် နေထိုင်လျက် ရှိကြလေသည်။ အင်္ဂလိပ်စစ်တပ်များ ချင်းတောင်တန်းသို့ တက်ရောက်ရန် လာသောအခါတွင် ချင်းတောင်တန်းများသည် တက်ရန် ခက်ခဲသကဲ့သို့ပင် ချင်းတော်လှန်ရေးသမားများသည် နှိမ်နင်းရန် အလွန်ခက်ခဲသော မျိုးချစ်ကြီးများ ဖြစ်သည်ကို နယ်ချဲ့စစ်သားများသည် နဖူးတွေ့ ဒူးတွေ့ တွေ့ကြရပေတော့သည်။

အင်္ဂလိပ်အစိုးရ၏ သမိုင်းဆိုင်ရာ အစီရင်ခံစာများတွင် ချင်းလူမျိုးများ သည် ၁၈၈၇ ခုနှစ်မှ စ၍ ၁၈၉၈ ခုနှစ်များအထိ မရပ်မနား ဆက်တိုက် တော်လှန်နေခဲ့ကြသည်ဆိုခြင်းကို အရေးတယူ ဖော်ပြထားကြရပေသည်။ သို့သော် ချင်းတို့သည်လည်း အခြားညီနောင်အမျိုးသားတိုင်းရင်းသားများကဲ့သို့ပင် စုစည်း ၍ တော်လှန်ကြခြင်း မဟုတ်၊ မိမိတို့ တောင်တန်းနယ်ပယ်အသီးသီး၊ လူမျိုးစု ငယ်များအသီးသီး ကွဲပြားခြားနားနေသလိုပင် တော်လှန်ရေးကိုလည်း အကွဲကွဲ အပြားပြား ဆင်နွှဲခဲ့ကြသည်ကို တွေ့ရသည်။



ချင်းအမျိုးသားများ အများဆုံးနေထိုင်ကြသော ဒေသတို့မှာ တီးတိန်၊ ဖလမ်းနှင့် ဟားခါးဒေသများဖြစ်သည်။ စီယင်ချင်းအမျိုးသားများသည် တီးတိန် နယ်တွင် လူများစုဖြစ်၍ ယင်းနယ်တွင် ဇုကွာတားနှင့် မန်းပေါ်လူနည်းစု ချင်းများလည်း နေထိုင်ကြသည်။

တာရှန်းနှင့် ရာလေ အမျိုးသားချင်းများမှာမူကား ဖလမ်းဒေသတွင် နေထိုင်၍ ဟားခါး၊ ယိုလွာနှင့် ကလင် ချင်းလူမျိုးစုများမှာ ဟားခါးဒေသတွင် ပင် နေထိုင်လျက်ရှိကြသည်။

၎င်းဒေသအသီးသီးမှ ချင်းအမျိုးသားများသည် နယ်ချဲ့စစ်တပ်များကို လေး၊ မြား၊ ဓား၊ လှံ စသော ခေတ်မမီသည့် လက်နက်များဖြင့်ပင် နှစ်ပေါင်း များစွာ တော်လှန်လျက်ရှိခဲ့ကြသည်။ ထို့ပြင် ကလေးမြို့တားနှင့် ရွှေကျင်မြို့နယ်သား အမည်ခံ နယ်ချဲ့တော်လှန်ရေးသမားကြီးများသည်လည်း ၎င်းချင်းတော်လှန်ရေး ဒေသသို့ ပြေးဝင်ခိုလှုံပြီး နယ်ချဲ့စစ်သားများကို တော်လှန်ရာတွင် ချင်းတို့ဒေသ ကို အခြေစိုက်စခန်းများအဖြစ် အသုံးပြုခဲ့လေသည်။

အင်္ဂလိပ်အစိုးရသည် ဗိုလ်ချုပ်ကျော့ဗ်ဆိုသူကို ဦးစီးစေကာ ချင်း တောင်တန်းသို့ စစ်တပ်များကို စေလွှတ်ခဲ့၏။ ၎င်းသည် ချင်းတော်လှန်ရေးသမား များကို နှိမ်နင်းရာတွင် အရက်စက်ဆုံး၊ အကြမ်းကြုတ်ဆုံး နယ်ချဲ့ဘီလူး တစ်ကောင် ဖြစ်သည်။ ချင်းအမျိုးသားများကို ရက်ရက်စက်စက်သတ်ဖြတ်၍ ချင်းကျေးရွာပေါင်းများစွာကို မီးရှို့ဖျက်ဆီးခဲ့သူမှာ ၎င်း ဗိုလ်ချုပ်ဗိုက်ပင် ဖြစ်လေ သည်။

သို့သော် ချင်းအမျိုးသား တော်လှန်ရေးသမားများသည် နယ်ချဲ့အင်္ဂလိပ် စစ်တပ်များကို လွယ်လွယ်ဖြင့် အညံ့မခံ၊ အရှုံးမပေးဘဲ ဦးခေါင်းဆက်ပြည့် တော်လှန် ခဲ့ကြသည်။ နောက်ဆုံးတွင်တောင်မှ တိုက်ခိုက်ခဲ့ကြသည်။ ထို့ကြောင့်ပင် ချင်းတောင် တန်းတိုက်ပွဲများကို ဦးစီးတိုက်ခိုက်ရာတွင် ပါဝင်ခဲ့သော စစ်ဗိုလ်တစ်ဦးက "မိမိတို့ ကြုံတွေ့ခဲ့ရသော တိုက်ပွဲများနှင့် ရန်သူများတွင် ချင်းလူမျိုးများနှင့် တိုက်ရသော တိုက်ပွဲများကဲ့သို့ အတိုက်ရခက်သော ရန်သူများ၊ တိုက်ပွဲများကို မကြုံဖူးခဲ့ပါ" ဟု မှတ်တမ်းရေးသားခဲ့ပေသည်။

**နယ်ချဲ့၏ ဝန်ခံချက်** ။ မြန်မာလွတ်လပ်ရေး ဆုံးရှုံးမှု အရေးတော်ပုံကြီးတွင် မြန်မာတိုင်းရင်းသားလူမျိုးများ၏ တော်လှန်ရေးတိုက်ပွဲများကို မငြိမ်း မချ တွေ့ရမည်ကို အင်္ဂလိပ်အစိုးရ အာဏာပိုင်များသည် ရေးမဆွဲကပင် ကြိုတင်သိမြင်ခဲ့ကြောင်း ဖော်ပြထားခဲ့ကြ၏။

အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် ဗိုလ်မြတ်ထွန်း၊ ဗိုလ်ငချိုးကြီး နှင့် ဗိုလ်တင့် စသော တော်လှန်ရေးသမားများ၏ ထွန်းလင်းခဲ့မှုမှာ ခက်ခဲစွာ

www.burmeseclassic.com

www.burmeseclassic.com



နှိမ်နင်းခဲ့ရသည့် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီက ဤသို့ မှတ်ချက်ရေးသား ဖော်ပြခဲ့၏။

"မြန်မာလူမျိုးများ မွေးဖွားကြီးပြင်းရာဖြစ်သော မြန်မာနိုင်ငံအထက်ပိုင်းကို သိမ်းပိုက်အုပ်ချုပ်ရန် တာဝန်မှာ ရှောင်လွှဲ၍ရစရာပင် မရှိသော လုပ်ငန်းတစ်ရပ် ဖြစ်သည်"

အင်္ဂလိပ်အစိုးရ၏ မြန်မာပြည်နယ်ဆိုင်ရာ မဟာမင်းကြီးဖြစ်ခဲ့သူ မစ္စတာ ဖျားလ်ဘာနက်ကလည်း ၁၈၈၃ ခုနှစ် အစောကပင် "မြန်မာအမျိုးသားများ မွေးဖွား ကြီးပြင်းရာ ဒေသကို သိမ်းပိုက်အုပ်ချုပ်ရန်မှာကား အိပ်မက်မက်ခဲ့စရာပင် မရှိဟု ဝန်ခံပြောဆိုခဲ့လေသည်။

"မန္တလေးနေပြည်တော်ကြီးကို လက်နက်ကိုင် စစ်သား ၅၀၀ ဖြင့် တက်ရောက်သိမ်းပိုက်ရန် လိုအပ်သော်လည်း မြန်မာနိုင်ငံအထက်ပိုင်းဒေသကို ကား သိမ်းပိုက်အုပ်ချုပ်ရန် အင်္ဂလိပ်စစ်သား ၅၀၀၀ မျှပင် လိုမည်ဖြစ်သည်" ဟု အင်္ဂလိပ်အစိုးရအာဏာပိုင်တစ်ဦးက မြန်မာနိုင်ငံအထက်ပိုင်းကို မသိမ်းမီက ကြိုတင်ပြောဆို ခန့်မှန်းခဲ့လေသည်။

သို့သော် မြန်မာနိုင်ငံအထက်ပိုင်းဒေသများကို တကယ်တမ်း တက်ရောက်သိမ်းပိုက်သောအခါတွင် အင်္ဂလိပ်စစ်သား ၅၀၀၀ ဖြင့်ပင် မလုံလောက်ခဲ့သည်ကို အင်္ဂလိပ်အစိုးရသည် ကိုယ်တွေ့ကြုံမှ သိရတော့သည်။ အကြောင်းကြောင့်ဆိုသော် မန္တလေးနေပြည်တော်ကို သိမ်းယူပြီးနောက် ပြည်နယ်ဒေသများမှ လူမျိုးစုအမျိုးသားများ၏ တော်လှန်ရေးနှင့် ပြည်သူမျိုးချစ်တော်လှန်ရေးသမားများ၏ ခုခံတိုက်ခိုက်မှုကို အင်္ဂလိပ်အစိုးရသည် ပထမစစ်သားတစ်သောင်း ပါဝင်သော တပ်များနှင့် နှိမ်နင်းရန် စတင်ကြိုးစားခဲ့၏။

သို့သော် စစ်သားတစ်သောင်းကို မြန်မာနိုင်ငံ၏ နယ်ချဲ့တော်လှန်ရေးသမားများက ထိမထင်ပြုမူခဲ့ကြသောအခါတွင် ၎င်းမျိုးချစ်သူပုန်များကို နှိမ်နင်းရန် အင်္ဂလိပ်လက်နက်ကိုင်တပ်ခွဲများကို တစ်ခွဲပြီး တစ်ခွဲ မှာယူခဲ့ရသည်။ ၁၈၈၇ ခုနှစ်က မြန်မာနိုင်ငံ၏ နယ်ချဲ့တော်လှန်ရေးသမားများကို နှိမ်နင်းရန် အင်္ဂလိပ်အစိုးရက တပ်များကို စုစုပေါင်း (၃၅၀၀၀) သုံးသောင်းငါးထောင်အထိ တိုးမြှင့် ခေါ်ယူခဲ့ရသည်။ ဤမျှများပြားသော စစ်တပ်ကြီးသည်လည်း မြန်မာမျိုးချစ် သူပုန်များကို ချက်ချင်း မီးကို ရေနှင့် ငြှိမ်းသည့်သို့ ငြိမ်းအေးသွားအောင် မနှိမ်နင်းနိုင်ပေ။ အင်္ဂလိပ်စစ်ဗိုလ်ချုပ်ကြီး ၇ ဦးတို့ ဦးစီး၍ ၅ နှစ်မျှကာ ကြာသည် အထိ နှိမ်နင်းတိုက်ခိုက်နေခဲ့ကြရလေသည်။

**တော်လှန်ရေးများ ငြိမ်သက်သွားခြင်း။** ဤသို့ဖြင့် မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ နယ်ချဲ့တော်လှန်ရေးတိုက်ပွဲများသည် နှစ်ကြာလာသော် တဖြည်းဖြည်း ငြိမ်သက်သွားခဲ့ရလေသည်။



မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ နယ်ချဲ့တော်လှန်ရေးများ ကျဆုံးသွား ရခြင်း၏ အကြောင်းရင်းကို ရှာသောအခါတွင် ပထမဆုံးအချက်မှာ မြန်မာတိုင်းရင်း သားများသည် သက်ဦးဆံပိုင် ပဒေသရာဇ်စနစ်ကို ငြီးငွေ့နေကြပြီဖြစ်သောအချက် ပင် ဖြစ်လေသည်။ မြန်မာဘုရင်တို့သည် သက်ဦးဆံပိုင် ပဒေသရာဇ်စနစ်ကို စနစ်တကျအသုံးချလျက် အမျိုးသားများအပေါ်တွင် ဖိနှိပ်ညှဉ်းဆဲခဲ့သည်။ လူတစ်ယောက်ကို ဥပဒေမဲ့ ရက်စက်စွာ သတ်နိုင်ခွင့် စသော ရက်စက်သည့် အမှုအရေးများကို မြန်မာဘုရင်အမှုထမ်းတို့က အသုံးပြုနေခဲ့သည်။ ဤသို့သော စနစ်ဆိုးများကို မြန်မာတိုင်းရင်းသားတို့ ရွံမုန်းနေကြပြီဖြစ်လေသည်။

မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ တော်လှန်ရေးကြီး ကျဆုံးရခြင်း၏ အခြေခံအကြောင်းတစ်ချက်မှာ မြန်မာတို့ဘက်မှ ခေတ်မီလက်နက်အင်အားကို မသုံးနိုင်ခြင်းပင် ဖြစ်သည်။ တော်လှန်ရေးကို လူထုတစ်ရပ်လုံးက မည်သို့ပင် ထောက်ခံခဲ့သည်ဖြစ်စေ၊ သိပ္ပံနည်းကျ လက်နက်တပ်ဆင်ထားသော အင်္ဂလိပ် စစ်တပ်များနှင့် ရင်ဆိုင်ရသောအခါ မြန်မာတို့၏ မီးကျိုးမောင်းပျက် ဓားလှံ၊ သေနတ်လက်နက်များသည် အရှုံးနှင့်သာ ရင်ဆိုင်စေရအောင် ဖန်တီးခဲ့သည်။

ထို့ပြင် မြန်မာတိုင်းရင်းသားတို့၏ တော်လှန်ရေးတွင် တော်လှန်ရေး တစ်ရပ်ကို စည်းလုံးခေါင်းဆောင်မှုပေးနိုင်မည့် အရည်အချင်းရှိသော ခေါင်းဆောင် ကောင်းများစွာ မရှိခဲ့ပေ။ အနယ်နယ်အရပ်ရပ်တွင် မိမိတို့ဒေသအလိုက် ခေါင်းဆောင်ငယ်များကို သီးခြားစီ၍ တော်လှန်ကြခြင်းဖြစ်သဖြင့် တော်လှန်ရေး အင်အား နည်းပါးလှသည်။ အကယ်၍သာ မြန်မာနိုင်ငံအရပ်ရပ်မှ ဆင်နွှဲကြသမျှ သော တော်လှန်ရေးသမားများကို တနေရာတည်း စုစည်း၍ အင်္ဂလိပ်စစ်တပ် များနှင့် ရင်ဆိုင်စေပါလျှင် တော်လှန်ရေးသည် ယခုထက် နှစ်ပေါင်းများစွာ ပို၍ ရှည်ကြာနေဦးမည်ဖြစ်သည်ဟု ရဲရဲတင်းတင်း ဆိုနိုင်ပါလေသည်။

## (ဃ) အင်္ဂလိပ်အစိုးရ၏ အရင်းရှင်နယ်ချဲ့စနစ်

**ခေတ်ဟောင်းစနစ်။** မြန်မာနိုင်ငံအား အင်္ဂလိပ်အစိုးရက လက်ဝယ် သိမ်းယူအုပ်ချုပ်ခြင်းမပြုမီအချိန်က မြန်မာနိုင်ငံတွင် တည်ရှိနေသော အုပ်ချုပ်ရေး အခြေခံစနစ်မှာ ပဒေသရာဇ်မြေပိုင်ရှင်စနစ်ပင် ဖြစ်ခဲ့လေသည်။ မြန်မာဘုရင်တို့ သည် နိုင်ငံအတွင်းရှိ မြေတွင်း၊ ရေတွင်း၊ ပယင်း၊ ရွှေ အပါအဝင် ရတနာ နှစ်ပါးသာမက တိုင်းပြည်၏ သစ်တောကြီးများ၊ လယ်ယာမြေများအပြင် လူ၏ အသက်စည်းစိမ်ကိုပါ တစ်ချက်လွှတ်အာဏာဖြင့် အုပ်ချုပ်နေသော သက်ဦး ဆံပိုင်အာဏာရှင်များ ဖြစ်နေသည်။

ထိုအချိန်က ကမ္ဘာ့အရှေ့ရပ်တွင် ရှိနေကြသော ပဒေသရာဇ် လူ့အဖွဲ့

အစည်းအရုံးများ၏ အဓိကထုံးစံဓလေ့အတိုင်းပင် မြန်မာနိုင်ငံ၏ စီးပွားရေးစနစ်ကို ကြည့်လျှင် မြေနှင့် ယာကို အားကိုးအားထားပြုနေရသော စီးပွားရေးစနစ် ဖြစ်နေသည်။

ခေတ်ဟောင်း မြန်မာနိုင်ငံတွင် မြေပိုင်မရှိသူများသည် စိုက်ပျိုးခြင်း မရှိသော မြေလွတ် ယာလွတ်များကို အလွယ်တကူ ရယူနိုင်ကြသဖြင့် လူတိုင်းပင် မြေပိုင်ရှိသင့်သလောက် ရှိခဲ့ကြ၏။ ထိုစဉ်က မြေယာစနစ်ကို ကြည့်လျှင် (၁) ဘုံးမြေ (၂) ဘိုးဘွားပိုင်နှင့် (၃) ဘုရင်ပိုင်ဟူ၍ သုံးမျိုးသုံးစား တွေ့မြင်နေရ၏။ ထိုသို့ ထားရှိသော မြေယာစနစ်မှာ တင်းမာကျပ်တည်းစွာ ရေးဆွဲထားသော ဥပဒေမရှိသလိုပင် မြေနှင့် ယာများကို အမွေဆက်ခံရန်သည်လည်း ပြတ်ပြတ်သားသားရေးဆွဲထားသော နည်းဥပဒေဟူ၍ မရှိခဲ့ပေ။

ထိုခေတ်က မြန်မာနိုင်ငံတွင် စာမတတ်သူဦးရေ အလွန်နည်းပါးပေသည်။ မြန်မာကလေးငယ်တစ်ဦးသည် စာကို ရေးနိုင် ဖတ်နိုင်သော အရွယ်ရောက်လျှင် ဘုန်းတော်ကြီးကျောင်းများသို့ စာရေး စာဖတ်သင်ရန် မိဘများက ပို့လိုက်ကြတော့သည်။ မြန်မာဘုန်းတော်ကြီးများ၏ ဆောင်ရွက်မှုဖြင့် မြန်မာပညာရှိများစွာသည် ဘုန်းကြီးကျောင်းများမှ အဆင့်ဆင့်ထွက်ပေါ်လာခဲ့သည်ကို တွေ့ကြရပေသည်။ ဘုန်းကြီးကျောင်းထွက် မြန်မာပညာရှိများစွာတို့သည် နန်းတော်တွင်းနှင့်လည်းကောင်း၊ မြန်မာ့ရေရှင် ဂုဏ်လူများလောကနှင့်လည်းကောင်း တွင်ကျယ်ခဲ့ကြသဖြင့် လူပ်ရှားနေထိုင်နိုင်ခဲ့ကြလေသည်။

မြန်မာတို့ လွတ်လပ်ရေးဆုံးရှုံးခဲ့ရသော ၁၈၈၅ ခုနှစ် မတိုင်မီကာလကို ပြန်လည်စဉ်းစားစစ်ပါလျှင် (၁) ဗုဒ္ဓဘာသာ ယဉ်ကျေးမှုများသည် နေရာတကာတွင် လွှမ်းမိုးလျက်ရှိခြင်း၊ (၂) လူတိုင်းပင် အတိုက်အခံရောက် မြေပိုင်များရှိခြင်း၊ (၃) ပညာကို အခမဲ့သင်ကြားတတ်မြောက်စေနိုင်ခြင်း၊ (၄) ကျေးရွာလူနေမှုနှင့် စီးပွားရေးစနစ်မှာ စုပေါင်းလုပ်အားကို မှီတည်သော သမဝါယမစနစ်ဆန်ဆန်ရှိခြင်း၊ (၅) အမျိုးသမီးများသည် ယောကျ်ားများနှင့် တန်းတူ အခွင့်အရေးရခြင်း၊ (၆) ကုန်သွယ်မှုတွင် ကြီးကြီးမားမား လုပ်ငန်းမရှိ၍ အရင်းရှင်ခေါင်းပုံဖြတ်လူတန်းစားတစ်ရပ် သီးခြားတည်ရှိမနေခြင်း စသည်တို့ကို တွေ့ရ၏။ ထို့ကြောင့် ထိုပဒေသရာဇ် သက်ဦးဆံပိုင်စနစ်သည် ကောင်းလှသော်လည်း မကောင်းသည့် အကန့်အသတ်များတွင် အတော်အသင့် အဆင့်အတန်းမြင့်သော စနစ်တစ်ခုဟု ဆိုဖွယ်ရှိလေသည်။

ထိုခေတ်စနစ်၏ ချွတ်ယွင်းချက်များလည်း ရှိပေသည်။ ထိုခေတ်က မြေရှင်ကြီးများသည် လူတစ်ယောက်ကို အကြောင်းမဲ့သတ်ဖြတ်နိုင်သည့်အထိ ဆိုးဝါးသော ဓလေ့ရှိခဲ့သည်။ သူတို့သည် ကျေးပိုင်ကျွန်ပိုင်စနစ်ကို တည်ထောင်၍



ပြုနေသော ကံကြွေးချူးခေတ်၏ မြေအုတ်မြစ်များလည်း ဖြစ်ခဲ့သည်။

ဥပမာအားဖြင့်ဆိုလျှင် လူသတ်မှုတစ်ရပ်ကို ကျူးလွန်သူသည် အသက်ဖိုးငွေ ငါးသာ ၃၀၀ ကို ပေးနိုင်လျှင် လူသတ်မှုမှ ကင်းလွတ်ခွင့်ရနိုင်ကြ၏။ မြေရှင်ကြီးများသည် ကျေးကျွန်များကို ရက်စက်စွာ သတ်ဖြတ်နိုင်ကြ၏။ လူတစ်ယောက်ကို အပြစ်ကျူးလွန်သည်ဟု ယူဆလျှင် ၎င်း၏ဆွေလုံး တစ်မျိုးလုံးကို အာဏာပိုင်များက ဖမ်းဆီးသတ်ဖြတ်ကြလေ့ရှိ၏။ ဘုရင့်ကျွန် ကပ္ပိယ စသော လူတန်းစား ခွဲခြားသော စနစ်ကို အထူးတလည် သတ်မှတ်ထားကြ၏။ ထိုသို့ ဆိုးဝါးသော စနစ်၏ မြေအုတ်မြစ်များကို ဥပမာ၍ ကံကြွေးချူးခေတ် အဆောက်အအုံကို မြန်မာ မြေရှင်အာဏာရှင်များက တဖြည်းဖြည်း တည်ဆောက်နေကြပေသည်။

ထိုချွတ်ယွင်းချက်အကွက်များကို ဖယ်၍ အကောင်းမှ အနှစ်သာရကို ကြည့်မည်ဆိုသော် မြန်မာတိုင်း စာရေးစာဖတ်တတ်ကြခြင်း၊ အရင်းရှင် အမြတ်ကြီးစား ခေါင်းပုံဖြတ်သူများ နည်းပါးခြင်း၊ အမျိုးသမီးများကို လွတ်လပ်စွာ နေထိုင်ခွင့် ပေးခြင်းတို့ကို တွေ့ရသဖြင့် ထိုခေတ်စနစ်သည် အကောင်းနှင့် အဆိုး ခွန်တွဲနေသည်ဟု ဆိုနိုင်ဖွယ်ဖြစ်လေသည်။

**အင်္ဂလိပ်ခေတ်စနစ်။** ။ အင်္ဂလိပ်အစိုးရတို့ မြန်မာနိုင်ငံတစ်ဝန်း သိမ်းကျုံး အုပ်စိုးသောအခါတွင် မူလက မြန်မာနိုင်ငံတွင် တည်ရှိနေသော စနစ်ဟောင်းထက် ကောင်းမွန်သာလွန်သော စနစ်ကို အစားထိုးရန် မကြိုးစားကြပေ။ ထို့ပြင် ရှိနှင့်ပြီးသော မြန်မာမှု၊ မြန်မာစနစ်မှ ကောင်းသော၊ လက်ခံနိုင်ဖွယ်ဖြစ်သော စီးပွားရေးစနစ်၊ လူမှုရေးစနစ်၊ ယဉ်ကျေးမှုစနစ်နှင့် နိုင်ငံရေးစနစ်များကိုပါ ဖျက်ဆီးဖျက်ဆီးခဲ့ကြလေသည်။

အင်္ဂလိပ်အစိုးရခေတ်တွင် ခေတ်မီကုန်သွယ်မှုစနစ် ထွန်းကားလာသည်ကား မှန်၏။ ထိုကုန်သွယ်မှုစနစ်ကြောင့်ပင် အရင်းရှင် ငွေရှင် လူတန်းစားတစ်ရပ် သီးခြားပေါ်လာခဲ့ပြီးလျှင် ရှိနှင့်သော တစ်မျိုးက ပဒေသရာဇ် မြေရှင်စနစ်ကို ဆက်လက်တည်တံ့စေရန် အင်္ဂလိပ်အစိုးရက ထိန်းသိမ်းပေးခဲ့သည်။ ထို့ပြင် ကြီးနိုင်ငယ်ညှဉ်းစနစ်နှင့် ငွေများ တရားနိုင်ဆိုသကဲ့သို့ မြေရှင်၊ အရင်းရှင်များ ရှေ့တန်းတင်သည့် ခေတ်ကို ပြုစုပျိုးထောင်ပေးခဲ့ဖြစ်လေသည်။

အင်္ဂလိပ်အစိုးရ၏ အရင်းရှင်စနစ် ထွန်းကားကြီးထွားလာသည်နှင့်အမျှပင် မြန်မာလူမျိုးတို့၏ တိုးတက်မှုများမှာ ယုတ်လျော့သွားခဲ့၏။ လူတိုင်း စာဖတ်တတ်ခြင်း မရှိတော့ဘဲ လူတစ်ရာလျှင် ၅၀ ရာခိုင်နှုန်းမျှသာ စာဖတ်နိုင်ကြသည့် အဆင့်သို့ လျော့ကျသွားခဲ့လေသည်။

အင်္ဂလိပ်အစိုးရသည် ကျေးရွာအုပ်ချုပ်သူများ ခေါ်တွင်ရေးတွင် မျိုးရိုး အလိုက် ဆက်ခံစေသော ခေတ်ဟောင်းစနစ်ဆိုးကိုသာ ဆက်လက်အသုံးပြုစေ

www.burmeseclassic.com



ခဲ့၏။ ဤသို့ဖြင့် အဆွေသူကြီးသော်လျှင် သာသည် သူကြီးဖြစ်လာသည်။ ထိုနောက်က သူကြီးသည်လည်း အထိုက်အလျောက် အာဏာရရှိထားသည်ဖြစ်ရာ တစ်ဖက်မှ အစိုးရအရာရှိများ၏ အာဏာရှင်ဆန်သော အပြုအမူများကို ကျေးရွာသူကြီးများသည် ပုံစံတကျ လိုက်နာရှိသေကြရ၏။ တစ်ဖက်မှ မသိနားမလည်သော ကျေးတောရွာ မြန်မာလူထုကို မတရား အခွန်အတုတ်များ ဆောင်စေခြင်း၊ ဖိနှိပ်ညှဉ်းဆဲခြင်း၊ မင်းဆိုးမင်းညစ်ခြင်းများ ပြုလုပ်လျက် အရှင်သခင်ပမာ [illegible] ဆိုးကြီးကို နိုင်နိုင်မာမာ တည်ဆောက်နေကြလေသည်။

ဤသို့ဖြင့် မြို့နယ်အရာရှိများဖြစ်သော မြို့အုပ်၊ နယ်ပိုင်၊ ရာဇဝတ်အုပ် တိုက်ပိုင် စသည်တို့သည် တောနယ်များသို့ ပျော်ပွဲစားသဘော နယ်လှည့်ကြသော အခါ ကျေးရွာသူကြီးများသည် ဘုရားရေ့၍ သောက်ပွဲစားပွဲများအပြင် ကျေးရွာ လုံမ အပျော်အပါးများကိုပါ ဆက်သ၍ ကြိုဆိုကြရသည်။ နယ်ချဲ့အရင်းရှင် အစိုးရ၏ ကျေးကျွန်များဖြစ်ကြသော ဖြူကြီးရေးရာ အရာရှိဆိုးများသည် တောလှည့် လည်၍ အရက်သောက်၊ ငှက်ပစ်ရင်း ကျေးတောနေ မြန်မာလုံမ လှလှပပ ချောချောငယ်ငယ်ကလေးများအား ခေါ်တော်တင်ကြ၏။ ဘာမျှ မသိနားမလည် သော်လည်း ကြောက်ရွံ့ရန်ကိုမူ အလေးအနက်သိရှိထားကြသော ကျေးလက် လုံမငယ်များစွာသည် ဤနည်းဖြင့် ဘဝဆုံးပါး ပျက်စီးကြရလေတော့သည်။

နယ်ချဲ့အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံထွက် ဆန်ကို အရင်းပြု၍ စီးပွားရေး သွေးစုပ်လုပ်ငန်းကို အကောင်အထည်ဖော်ခဲ့ပြန်လေသည်။ မြန်မာ့ဆန်ကို နိုင်ငံခြားသို့ တင်ပို့၍ တောင်သူလယ်သမားထုကြီးအပေါ်တွင် ပေါင်းဆုံဖြတ်သော နည်းကို သေသေသပ်သပ် ပြုစုဆောင်ရွက်ခဲ့လေသည်။ အိန္ဒိယမှ ကုလား အမျိုးသားများကို မြန်မာနိုင်ငံသို့ တံခါးဖွင့် ဝင်စေ၏။ ကုလားလယ်သမားများကို မြေများပေးဝေပေးပြီး လယ်ယာများ လုပ်စေသည်။ တစ်ဖက်မှလည်း မြန်မာလယ်သမားများထံမှ ကောက်ပဲသီးနှံများကို ဈေးအနိမ့်ဆုံးနှိမ်၍ အစိုးရနှင့် သူ၏ကိုယ်စားလှယ်များသဖွယ်ဖြစ်သော ဓနရှင် ကုန်သည်၊ ပွဲစားတို့က ဝယ်ယူကြလေသည်။

မြန်မာလယ်သမားများသည် တစ်ဖက်မှ ကောက်ပဲသီးနှံကို ဈေးနှိမ်၍ ဝယ်ယူခြင်းကို ခံရပြီးလျှင် တစ်ဖက်မှလည်း ဈေးကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပိုးကျခြင်း စသော ဘေးအန္တရာယ်အသွယ်သွယ်နှင့် ကြုံတွေ့ရသဖြင့် စားဝတ်နေရေး အတွက် များစွာ အခက်တွေ့ကြရပြီးလျှင် အကြွေးလည်း များစွာ တင်ကြရ၏။ ထိုအခါတွင် မိမိတို့လက်ဝယ်ရှိသော ရွှေကိုရွှေငွေများကို ကုလားလယ်သမားများ ချစ်တီးများ၊ မြန်မာကုန်သည် အရင်းရှင်များထံ ပေါင်နှံကြရ၏။ ရွှေငွေများ ကုန်သောအခါ၌ မိမိတို့၏ လယ်ယာ မြေမြေများကို ပေါင်နှံကြရလေသည်။



ထိုသို့ ပေါင်နှံသည်ကို လက်ခံရင်း ကုလားလယ်သမားများသည် သူဌေးများ ဖြစ်လာ၏။ လယ်မြေများ ဥယျာဉ်ခြံမြေများကို ပိုင်ဆိုင်လာကြ၏။

တစ်ဖက်မှ မြန်မာကျေးတောနေ မြန်မာလယ်သမားများတို့ လက်ဝယ် ရွှေကိုငွေများသည်၊ ကုန်၊ ပေါင်ထားသော လယ်၊ ယာ၊ ခြံ၊ မြေများလည်း မရွေးနိုင်၍ ဆုံးပါးရသောအခါတွင် အရင်းရှင်၊ ဓနရှင်၊ ကုန်သည်၊ သူဌေး ချစ်တီး ကုလား မြေပိုင်ရှင်တို့သည် တောင်သူလယ်သမား လုံမပျိုများကိုပါ နည်းအမျိုးမျိုးဖြင့် ရအောင် သိမ်းပိုက်ဖျက်ဆီးကြပြန်တော့သည်။ ထိုသို့ဖြင့် မြန်မာကျေးတောနေ လယ်သမားများ ဘဝမှာ ရွှေကို ယူသည်၊ ငွေကို ယူသည်၊ လူကိုပါ ယူသည်ဆိုသကဲ့သို့ အားလုံး ဆုံးပါးပျက်စီးခဲ့ရပြီး ပေါ့ရင်း၊ နစ်ကြသည့် အခြေအနေဆိုးနှင့်ပင် ကြုံတွေ့ကြရလေသည်။

ဤသည်တို့ကြောင့် နောင်အခါတွင် ဖောင်စီးရင်း ရေငတ်ဆိုသကဲ့သို့ စပါးပိုက်သော မြန်မာလယ်သမားများသည် ထမင်းငတ်သည့် ဘေးကို ကြုံတွေ့လာရသည်အထိ ဒုက္ခတွေ့လာကြရပြီး နယ်ချဲ့အစိုးရသည် တစ်ဆင့်ပြီး တစ်ဆင့် ကုပ်သွေးစုပ်သော အရင်းရှင်ကြီး ဖြစ်လာလေတော့သည်။

**အုပ်ချုပ်ရေးစီမံကိန်းများ** ။ မြန်မာနိုင်ငံတစ်ဝန်းလုံးကို လုံးဝသိမ်းပိုက်ပြီးသွားသော ၁၈၈၅ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိ မြန်မာနိုင်ငံကို ချိ(ဖ်)ကော်မရှင်နာခေါ် မဟာဝန်ရှင်တော်မင်းကြီးတစ်ဦး ခန့်ထားလျက် အင်္ဂလိပ်အစိုးရက အုပ်ချုပ်ခဲ့၏။ မြန်မာနိုင်ငံတွင် လိုအပ်နေသော စည်းကမ်းဥပဒေနှင့် ဆောင်ရွက်ဖွယ်တို့ကို အိန္ဒိယဘုရင်ခံတော်က ပြဋ္ဌာန်းပေးရပေသည်။

မြန်မာနိုင်ငံကို ဘုရင်ခံတစ်ဦးခန့်ထား၍ အုပ်ချုပ်သည့်နှစ်မှာ ၁၈၉၇ ခုနှစ်တွင် ဖြစ်လေသည်။ ၎င်းနှစ် မေလတစ်ရက်နေ့တွင် မြန်မာနိုင်ငံ ဥပဒေပြုအဖွဲ့ကို ဖွဲ့စည်းစေ၏။ ၎င်းဥပဒေပြုအဖွဲ့တွင် ပါဝင်သူအဖွဲ့ဝင် ၉ ဦးကို ဘုရင်ခံက ခန့်ထားရလေသည်။

၎င်းအဖွဲ့သည် မြန်မာနိုင်ငံတွင် အင်္ဂလိပ်အစိုးရက ဖိနှိပ်ချုပ်ချယ်လိုသော ကိစ္စတစ်ရပ်ရပ်အတွက် ထုတ်ပြန်သော ဥပဒေအမျိုးမျိုးကို ပြုစုပြဋ္ဌာန်းပေးရသည်။ မြန်မာနိုင်ငံ မြူနီစီပယ်ဥပဒေကို ၎င်းဥပဒေပြုအဖွဲ့သည် ၁၈၉၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။

၎င်းဥပဒေပြုအဖွဲ့သည် အရေးပါသော ငွေရေးကြေးရေးကိစ္စများ ဘတ်ဂျက်ခေါ် ရသုံးမှန်းခြေ ငွေစာရင်းများနှင့် အခြားအရေးကြီးသော ဆောင်ရွက်ဖွယ်ကိစ္စများကိုကား ဆောင်ရွက်ရန်၊ ညွှန်ကြားရန် အခွင့်အရေးမရှိချေ။ ပေးခဲ့သည့်အတိုင်း အင်္ဂလိပ်အစိုးရ၏ ဥပဒေ၊ ချုပ်ချယ်သော စည်းကမ်းဥပဒေများကိုသာလျှင် ပြဋ္ဌာန်းရန် ဖွဲ့စည်းထားသော 'တောင်းတော်ညိတ် စီးတော်သိ' အဖွဲ့မျိုး ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၀၉ ခုနှစ်တွင်ကား "မော်လေမင်တို" စီမံကိန်းကို အကောင်အထည် ဖော်လာ၏။ ၎င်းစီမံကိန်းသည် ဥပဒေပြုအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းစေသည်။ ဥပဒေပြုအဖွဲ့ဝင် အမတ်ဦးရေကို တိုးချဲ့သည်။ သို့သော် အမတ်များကို အများလူထု သဘောကျ ရွေးချယ်သော သဘောမဟုတ်မူ၍ ဒုတိယဘုရင်ခံ၏ သဘောကျသူ ၁၄ ဦးကိုသာ ရွေးချယ်ရသည်။ ကျန်သော အမတ်တစ်ဦးကိုမူကား ဥရောပ တိုက်သားများသာ ပါဝင်သော ကုန်သည်ကြီးများအသင်းက ရွေးချယ်တင်မြှောက် ရ၏။

၎င်းဥပဒေပြုအဖွဲ့တွင် ဥရောပတိုက်သားများသာ ဖြစ်ကြသော အရာရှိ ၆ ဦးနှင့် အရာရှိ မဟုတ်သူ ၉ ဦး ထည့်သွင်းထားသည်။ အရာရှိ မဟုတ်သူ များတွင် ပါဝင်သူများမှာ မြန်မာလူမျိုး ၃ ဦး၊ အိန္ဒိယလူမျိုး ၂ ဦး၊ ဥရောပတိုက် သား ၂ ဦး၊ တရုတ်အမျိုးသား ၁ ဦးနှင့် ရှမ်းစော်ဘွား ၁ ဦးတို့ဖြစ်ကြ၏။ ဒုတိယဘုရင်ခံသည် လိုအပ်သည်ဟု ထင်လျှင် အထူးအမတ် ၂ ဦးကို ဖြည့်စွက် ခန့်ထားနိုင်ခွင့်ရှိလေသည်။

၎င်းဥပဒေပြုအဖွဲ့အနေဖြင့် မြန်မာနိုင်ငံအစိုးရ၏ နှစ်စဉ်ရသုံးမှန်းခြေ ငွေစာရင်းကို ဆွေးနွေးခွင့်ရသည်ဆိုခြင်းမှာ အနည်းငယ်ပိုလာသော ထူးခြားချက် ဖြစ်ပြီး အခြားအခွင့်အရေးများမှာကား ဘာမျှ တိုးတက်မှု မရှိလာပေ။ ၎င်းအဖွဲ့ သည် ဆွေးနွေးရုံမှအပ မဲခွဲဆုံးဖြတ်ခြင်း အခွင့်အရေးပင် မရပါချေ။

၎င်းမော်လေမင်တိုစီမံကိန်းသည် မြန်မာနိုင်ငံအုပ်ချုပ်ရေးအခြေအနေ များကို တိုးတက်မြင့်မားစေရန် မည်သို့မျှ အထောက်အကူမပြုနိုင်ခဲ့ပေ။ အိန္ဒိယ ပြည်၏ ပြည်နယ်တစ်နယ်ဖြစ်သော မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအတွင်းရှိ အခြား ပြည်နယ်တစ်နယ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံမှာ အဆင့်အတန်းရော အခွင့် အရေးပါ များစွာ နိမ့်ကျ နည်းပါးနေမြဲဖြစ်လေသည်။ ထိုအချိန်၌ အိန္ဒိယနိုင်ငံတွင် ပြည်နယ်ဥပဒေပြုအဖွဲ့ဝင်များကို အစိတ်အပိုင်းအားဖြင့် ပြည်သူလူထုက ရွေးချယ် ခွင့်ရသော်လည်း မြန်မာနိုင်ငံတွင်ကား ပြည်သူလူထု၏ သဘောဆန္ဒကို လေးစား၍ လှည့်ကြည့်ရန်မျှ အင်္ဂလိပ်အစိုးရသည် မစဉ်းစားခဲ့ချေ။

တစ်ဖက်မှလည်း အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံထွက်ပစ္စည်းများ ဖြစ်သော ဆန်စပါး၊ ကျွန်းသစ်၊ ရေနံ၊ တွင်းထွက်ကျောက်မျိုးစုံနှင့် သတ္တုများကို ကမ္ဘာ့နိုင်ငံစုံသို့ တင်ပို့ပြီးလျှင် မိမိအကျိုးစီးပွားတိုးတက်ရေးအတွက် မတန်တဆ သွေးစုပ်အမြတ်ထုတ်နေပေသည်။

မြန်မာနိုင်ငံတွင် ၁၉၀၀ ပြည့်နှစ် ကျော်လာသည်နှင့် ပြည်တွင်း လော်လှုပ်မှုများလည်း ငြိမ်ကျ၍ သွားသည် ဖြစ်ရာ အစိုးရသည် ကုန်ထုတ်လုပ်ငန်း ကြီးမားတိုးတက်ရေးကို ပိုမို၍ ကြိုးပမ်းဆောင်ရွက်လာနိုင်၏။ မိမိ အမြတ်များများ ရပေသောအခါတွင် တိုင်းပြည်အတွင်း လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊



ပညာရေး စသည်တို့တွင် သင့်တင့်သော ငွေကို အသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်ခဲ့သည်။

ဗြိတိသျှတို့၏ ပညာရေးစနစ်ကို ထူထောင်၍ အင်္ဂလိပ်စာတတ်လူငယ်များ ကို အဆင့်အတန်းအလိုက် မြို့အုပ်၊ တိုက်ပိုင်၊ ရုံးစာရေး စသဖြင့် ခန့်ထားပေးမြန် သောအခါ မြန်မာလူမျိုးတို့သည် အင်္ဂလိပ်အစိုးရလက်အောက်တွင် လစာမှန်မှန် ယူ၍ အခြေတကျ လုပ်ကိုင်ရသော အမှုထမ်းဘဝကို သာယာသကဲ့သို့ ဖြစ်လာ ကြပေသည်။ ဤသည်ကပင် မြန်မာတို့သည် ရုန်းကန်လှုပ်ရှားလိုသော စိတ် နည်းပါးခန်းခြောက်လာကြခြင်းဖြစ်ကြောင်းကို ပြပေသည်။

သို့သော် မြန်မာတို့အဖို့ ဇိလျှင် ကြွ၊ ထိလျှင် ရှသော စိတ်ဓာတ်သည် တစ်ခေတချင်း ကျဆုံးပျောက်ကွယ်သွားသည်တော့ကား မဟုတ်ပေ။ အများစုသော မြန်မာအမျိုးသားများသည် အင်္ဂလိပ်အစိုးရ၏ ဗျူရိုကရက် နှိပ်မိနေချိန်တွင် တစ်ဖက်မှ နယ်ချဲ့တော်လှန်ရေးစိတ်ဓာတ်ဖြင့် တက်ကြွနေကြသော မြန်မာမျိုးချစ် လူငယ်များသည် မိမိတို့ဆန္ဒကို တစ်ခဲနက် ထုတ်ဖော်ပြသရန် အခွင့်အရေးကြုံလာ မည့်အချိန်ကို ငံ့လင့်လျက်ရှိနေကြသည်မှာကား အမှန်ပင် ဖြစ်ပါသည်။

## (င) မြန်မာလူမျိုးများ နိုးကြားလာကြခြင်း

မြန်မာနိုင်ငံ၏ ဆန်ထွက်နှုန်းသည် တစ်နှစ်ထက် တစ်နှစ် တိုးတက်လာ သည်နှင့်အညီ စပါးဈေးလည်း အသင့်အတင့် တိုးတက်လာသည်ဟု ဆိုရမည်။ သို့သော် တကာယပင်ပန်းဆင်းရဲစွာဖြင့် နွံ့ထဲ၊ လယ်ထဲတွင် နွားနှင့် ရုန်း၍ လုပ်ကြရသော တောင်သူလယ်သမား ဆင်းရဲသားများထက် ငွေရှင်ကြေးရှင် ချစ်တီး များ၊ ကုန်သည်ပွဲစားများ အပါအဝင် နယ်ချဲ့အစိုးရကသာလျှင် ဆန်စပါးကို အရင်းပြုပြီး အမြတ်အစွန်းကို ပိုမိုရရှိခဲ့လေသည်။

အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်အစိုးရတို့ သိမ်းပိုက်ခဲ့သည့် ၁၈၅၂ ခုနှစ်က မြန်မာနိုင်ငံတွင် စပါးတင်းတစ်ရာလျှင် ၄၅ ကျပ်ဈေးသာ ရှိခဲ့၏။ ၁၈၅၇ ခုနှစ်တွင် စပါးတင်းတစ်ရာလျှင် ၅၃ ကျပ်မျှအထိ ဈေးတက်နေ၏။ အင်္ဂလိပ်အစိုးရတို့ မြန်မာနိုင်ငံတစ်ဝန်းကို တတိယစစ်ပွဲဖြင့် သိမ်းပြီးသည့်နောက် ၁၈၉၂ ခုနှစ်သို့ ရောက်သောအခါ စပါးတင်းတစ်ရာလျှင် ၁၈၀ ကျပ်ဈေးအထိ တက်၍ ရရှိခဲ့သည်။

ထိုသို့ စပါးဈေးတက်လာသောကြောင့် တောနေတောင်သူလယ်သမားတို့ သည် တောများကို ခုတ်ထွင်ရှင်းလင်း၍ လယ်ယာများဖြစ်ရန် ကြိုးစားကြ၏။ နွံမြေ၊ ဓနိမြေများကို မြေများဖို့၍ ပြုပြင်စီမံကြရသည်။ ထို့ကြောင့်ပင် ၁၈၆၀ ခုနှစ်က ဆန်စပါးစိုက်ပျိုးသော လယ်ဧကပေါင်းမှာ ၁.၅၆ သန်းဧကအထိ လည်းကောင်း၊ တိုးတက်လာခဲ့သည်။ ၁၈၉၀ ပြည့်နှစ်မှ ၁၉၀၀ ပြည့်နှစ်အထိ

www.burmeseclassic.com

www.burmeseclassic.com



အတွင်း တိုးပွားလာသော စကာသမ်တို့မှာပင် ၂၂၅ သိန်း ဖြစ်၏။ ၁၉၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ ဆန်စပါးစိုက်လယ်ဧကပေါင်းမှာ ၉၂၈ သိန်း အထိပင် ရှိခဲ့သည်။

စပါးစိုက်သော လယ်ဧက တိုးပွားလာသကဲ့သို့ပင် စပါးထွက်နှုန်းလည်း အထူးတလည် များပြားတိုးပွားလာပေသည်။ ၁၈၆၀ ခုနှစ်က နိုင်ငံခြားတိုင်းပြည်များသို့ မြန်မာနိုင်ငံမှ တင်ပို့ရောင်းချသော စပါးတန်ချိန်မှာ ၄၂၀၀၀ တန် ဖြစ်သော်လည်း ၁၈၇၀ ခုနှစ်တွင် ၇၂၀၀၀၀ တန် ဖြစ်လာ၏။ ၁၉၀၀ ခုနှစ်သို့ ရောက်သောအခါတွင် စပါးတန်ချိန်ပေါင်း ၂ သန်းခွဲအထိ တိုးတက်၍ တင်ပို့ ရောင်းချရလေတော့သည်။

ထိုသို့ ဆန်စပါးလုပ်ငန်းများ တိုးတက်ကြီးပွားလာသော်လည်း မြန်မာ တောင်သူလယ်သမားတို့မှာ အထက်က ဖော်ပြသည့်အတိုင်းပင် အကျိုးခံစားခွင့် ပိုမို မလာခဲ့။ စပါးကို ကြိတ်ခွဲခြင်း၊ စက်တင်ခြင်း၊ သင်္ဘောတင်ခြင်း စသည့် လုပ်ငန်းများမှအစ မြန်မာအမျိုးသားများ အလွန်နည်းပါးစွာ ဆောင်ရွက်နေကြပြီး ဥရောပတိုက်သားများ အပါအဝင် နိုင်ငံခြားသားများက ဆောင်ရွက်ကြ၏။

မြန်မာအမျိုးသားများသည် နယ်ချဲ့အင်္ဂလိပ်အစိုးရက ပေးသမျှယူ စေ့သမျှ စား၍ အစိုးရလခစား ရာထူးများဖြင့် ချွေးသိပ်ထားသည်ကို ကျေနပ် နေသူက ကျေနပ်၍ အချို့ကလည်း နယ်ချဲ့အစိုးရ၏ လုပ်ရပ်များကို မကျေမနပ် ကြည့်မိကြသည်။ မတရားဖိနှိပ်မှုနှင့် ကိုယ်ကျိုးရှာအစိုးရ အရာရှိများ၏ ညှဉ်းဆဲ မှုများကို စိတ်နာနေကြသော မြန်မာအမျိုးသားတို့သည် တစ်ခါတစ်ရံတွင် ပါတော် မူသွားပြီးသော သီပေါမင်း၏ အဆက်အနွယ်များကို မျှော်ကြသည်လည်း ရှိ၏။ အချို့ကလည်း မင်းလောင်းပေါ်သည်ဟုဆိုကာ အားကိုးတကြီးမျှော်၍ နယ်ချဲ့အစိုး ကို ဖြုတ်ချရန် ကြံစည်မိကြ၏။ ထိုအတွင်း ခေတ်ပညာတတ် မြန်မာလူငယ်များ တဖြည်းဖြည်း တိုးပွားလာရာမှ အချို့သော မြန်မာလူငယ် ပညာတတ်များသည် အင်္ဂလိပ်အစိုးရ၏ နယ်ချဲ့ဝါဒကို စနစ်တကျ စဉ်းစားဝေဖန် ချိန်ဆတတ်လာ ကြပြီး ယင်းဝါဒ၏ ဝက်ကွင်းမှ လွတ်မြောက်ရန် ရုန်းကန်လှုပ်ရှားမှု နည်းအမျိုး မျိုးနှင့် ကြံဆကြိုးစားလာခဲ့ကြသည်။

တစ်ကြိမ်တွင် မြန်မာလယ်သမားများထံမှ စပါးကို 'ဘူလင်ဂျာ'အမည်ရှိ အင်္ဂလိပ်ကုန်သည်ကြီးများအသင်းက ဦးစီး၍ စပါးတစ်ရာလျှင် ၇၉ ကျပ်စျေး အထိ နှိမ်၍ ဝယ်ရန် ကြိုးစားကြသည်။ သူတို့သည် ကာလပေါက်ဈေးထက် တစ်ဝက် နီးပါးမျှ ဈေးလျှော့၍ ဝယ်ကြရန် ညှိနှိုင်းကြသည်။ ထို့ကြောင့် မြန်မာလယ်သမားကြီးများက မကျေမနပ် ရှုပ်ကြသောအခါ အင်္ဂလိပ်အစိုးရသည် စုံစမ်းမှု ကော်မတီများဖွဲ့၍ စစ်ဆေးသော်လည်း ဤကိစ္စမှာ လွတ်လပ်စွာ



ရောင်းဝယ်ခြင်း နေစ်သာ ဖြစ်၍ အစိုးရက ဝင်၍ စွက်ဖက်ရန် အကြောင်းမရှိဟု ဆုံးဖြတ်လိုက်၏။ မြန်မာနိုင်ငံသား လူထုအများသည် အင်္ဂလိပ်အစိုးရ၏ ဖောက်ပြန်မှုကို မကျေမနပ် ဖြင့်သာ ငုံ့ခံခဲ့ကြရသည်။ စိတ်ထဲမှာကား အင်္ဂလိပ်နယ်ချဲ့ အစိုးရအပေါ်ကျင်ရေး စိတ်ဓာတ်များ တဖွားဖွားပေါ်နေခဲ့သည်သာ ဖြစ်၏။

**တောင်ရှိစည်းသော မြန်မာအသင်း။** ။ သက္ကရာဇ် ၁၈၉၇ ခုနှစ် နှောင်းလ ၆ ရက်နေ့တွင် မြန်မာနိုင်ငံအထက်ပိုင်းမြို့တော်ဖြစ်သော မန္တလေးမြို့ ၌ မြန်မာလူကြီးလူကောင်းများသည် ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းကို တောင်၍ တည်ထောင်ခဲ့လေသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းသည် သာရေးနာရေး စသော မြန်မာ့ထုံးတမ်း စဉ်လာကိစ္စရပ်များကို ဆောင်ရွက်ရန်နှင့် သာသနာတော် စည်ပင်သာယာရေး အတွက်သာ ရည်မှန်း၍ ဖွဲ့စည်းခဲ့သည်။ နောင်သော် တိုင်းပြည်ရေးရာနှင့်တကွ မြန်မာအမျိုးသားများအရေးဖြင့် အင်္ဂလိပ်ဓာသင်ကြားရေးကိုပါ ထိုက်သင့် သလောက် ဆောင်ရွက်ခဲ့လေသည်။ ၎င်းအသင်းသည် ဗုဒ္ဓသာသနာနုဂ္ဂဟ အထက်တန်းကျောင်းတစ်ကျောင်းကိုပင် ဖွင့်လှစ်ခဲ့သည်အထိ တိုးတက်ကြီးပွား ခဲ့သည်။

၁၈၉၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် မော်လမြိုင်မြို့၌ သျှင်ဗုဒ္ဓ ဃောသ အထက်တန်းကျောင်းကို မြန်မာအမျိုးသားများကပင် ဦးစီး၍ တည်ထောင် ကြ၏။ ၎င်းကျောင်းသည်လည်း မြန်မာအမျိုးသားများ အင်္ဂလိပ်စာသင်ကြားရေး ကို အထူးအားပေး ဆောင်ရွက်ခဲ့သည်။

၁၉၀၆ ခုနှစ်တွင် အင်္ဂလိပ်လက်အောက် မြန်မာနိုင်ငံ၏ နိုင်ငံရေးလှုပ်ရှား မှုတစ်ရပ်ကို ဆင်နွှဲမည့် မြန်မာလူငယ်များသည် ဝိုင်အမ်ဘီအေအမည်ရှိ ဗုဒ္ဓ ဘာသာ ကလျာဏယုဝအသင်းကြီးကို ဖွဲ့စည်းကြတော့သည်။ ၎င်းအဖွဲ့ကို ဖွဲ့စည်းရာတွင် ဦးစီးပါဝင်ကြသူ မြန်မာလူငယ်တို့မှာ ဦးဘာပေ၊ အမ်းအေဦးမောင် ကြီးနှင့် ဒေါက်တာဦးဘရင်တို့ ဖြစ်၏။ အသင်း၏ ရည်ရွယ်ချက်မှာ အမျိုး၊ ဘာသာ၊ သာသနာနှင့် ပညာဟူသော အကြောင်းရပ်လေးပါး ကြီးပွားတိုးတက်စေ ရန် ဖြစ်လေသည်။ မြန်မာလူငယ်များ၏ ရည်ရွယ်ချက်မှန်ကန်မှုနှင့် ကြိုးစားမှု ကြောင့် ဤအသင်းကြီးမှာ များစွာ တိုးတက်ကြီးပွားခဲ့၏။ မန္တလေး၊ မော်လမြိုင်၊ မြို့များ၊ ပြည်၊ ပဲခူး၊ ပုသိမ်မြို့ကြီးများအပါအဝင် မြို့များစွာပင် နောင်အခါ၌ အသင်းခွဲပေါင်း ၄၀၀ ကျော်ပင် တည်ထောင်ခဲ့ကြ၏။

၁၉၁၁ ခုနှစ်၊ ဇူလိုင်လတွင် ဝိုင်အမ်ဘီအေ အသင်းဝင်များဖြစ်ကြသော မြန်မာလူငယ်များဖြစ်ကြသည့် ဦးဘာပေ၊ ဦးလှဖေနှင့် ဦးဘကလေးတို့သည် မြန်မာနိုင်ငံအရေးအခင်းများအတွက် ရေးသားဆောင်ရွက်ရန် မြန်မာ့သတင်းစာ

www.burmeseclassic.com

www.burmeseclassic.com



တစ်စောင် ရှိသင့်သည်ဟူသော အယူအဆဖြင့် သူရိယသတင်းစာကို တည်ထောင်ခဲ့သည်။ ဤသတင်းစာသည် သုံးရက်တစ်ကြိမ်ထုတ်ဖြစ်၍ မြန်မာနိုင်ငံ အမျိုးသားများ၏ ပထမဆုံးအမျိုးသားရေးလုပ်ငန်းများကို သတင်းစာတွင် ရေးသားထည့်သွင်းခဲ့လေသည်။

၁၉၁၈ ခုနှစ်တွင် အိန္ဒိယပြည်အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရန် မွန်တေဂုချမ်းဖို့ဒ် စီမံကိန်း၌ မြန်မာနိုင်ငံအတွက် ဘာမျှ မပါရှိခဲ့သဖြင့် မြန်မာအမျိုးသားများက မကျေနပ်၍ တစ်နိုင်ငံလုံးတွင်ပင် ကန့်ကွက်လှုပ်ရှားမှုများ ပြုခဲ့၏။ ၁၉၁၉ ခုနှစ်တွင်ကား ဝိုင်အမ်ဘီအေအသင်းမှ မြန်မာခေါင်းဆောင်များဖြစ်သော ဦးဘပေ၊ ဦးပု၊ ဦးထွန်းရှိန်တို့ကို အင်္ဂလန်သို့ သွားရောက်၍ အရေးဆိုစေခဲ့သည်။ ၎င်းတို့အရေးဆိုခြင်းမှာ မအောင်မြင်သော်လည်း ကိုယ်စားလှယ်များ မြန်မာနိုင်ငံသို့ ပြန်လာသောအခါ မြန်မာလူထုသည် အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုစိတ်ဓာတ် ပြသည့်အနေဖြင့် ၎င်းတို့ကို စည်ကားစွာ စုဝေးကြိုဆိုလျက် ပန်းကုံးများ ဆင်ကြလေသည်။

အင်္ဂလိပ်အစိုးရသည် ၁၉၂၂ ခုနှစ်တွင် အင်္ဂလန် ပါလီမန်မှ နေ၍ မွန်တေဂုချမ်းဖို့ဒ်စီမံကိန်းသည် မြန်မာပြည်နှင့်လည်း သက်ဆိုင်စေဟု ကြေညာပေးခဲ့ရလေသည်။ ၎င်းစီမံကိန်းအတိုင်းဆိုပါမူ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ဒုဘုရင်ခံ အုပ်ချုပ်သော ပြည်နယ်တစ်နယ်မဟုတ်မူ၍ ဘုရင်ခံအုပ်ချုပ်သော နိုင်ငံတစ်နိုင်ငံဖြစ်လာ၏။

၎င်းဥပဒေသစ်အရ မြန်မာနိုင်ငံ ဥပဒေပြုအဖွဲ့ဝင် အမတ်နေရာ ၁၀၃ နေရာအထိ တိုးမြှင့်ပေးပြီးလျှင် လူထုက ရွေးကောက်တင်မြှောက်ရသော အမတ်မှာ ၈၀ အထိရှိလာပြီး ဘုရင်ခံခန့်အမတ် ၂၁ ဦးနှင့် ရာထူးအလျောက် ဆောင်ရွက်လာရသော အမတ် ၂ ဦးတို့ ပါဝင်၏။

၎င်းအုပ်ချုပ်ရေးစနစ်အတိုင်းအုပ်ချုပ်ခြင်းကို ဒိုင်အာခီစနစ်ဟု ခေါ်ကြ၏။ ဒိုင်အာခီဆိုသည်မှာ ၂ ပိုင်းခွဲ၍ အုပ်ချုပ်သော စနစ်ဟု ဆိုလိုသည်။ အစိုးရဌာနများကို အင်္ဂလိပ်အစိုးရကိုယ်စား ဘုရင်ခံက တစ်ပိုင်း၊ မြန်မာလူထု၏ အမတ်တို့က တစ်ပိုင်း ခွဲခြား၍ အုပ်ချုပ်သည့်သဘော ဖြစ်လေသည်။ သို့သော် ၎င်းစနစ်သည်လည်း ကျေနပ်ဖွယ်မရှိလှပေ။ ထိုခေတ်က မြန်မာနိုင်ငံတွင် လူဦးရေ ၁၂ သန်းကျော်ရှိခဲ့ရာတွင် အင်္ဂလိပ်အစိုးရက သတ်မှတ်ထားသော စည်းကမ်းဥပဒေအရဆိုလျှင် မဲပေးနိုင်ခွင့်ရှိသူမှာ ၂ သန်းသာ ရှိ၏။ ၎င်း ၂ သန်းထဲတွင် အစိုးရငြိမ်းစား အမှုထမ်းများနှင့် တိုင်းခြားကုလားသူဌေးများက အတော်များများ ပါဝင်ကြသေးသည်။

ပြည်သူလူထုက ရွေးကောက်တင်မြှောက်ခဲ့သော အမတ်တို့သည် အစိုးရဌာနပေါင်း ၁၀၂ ဌာန ရှိသည့်အနက် မီးရထား၊ ဓာတ်ကြိုး၊ ဆိပ်ကမ်း အကောက်



ခွန် စသော အရေးကြီးသည့် ဌာနပေါင်း ၄၇ ဌာနကို ဝင်ရောက်စွက်ဖက် အုပ်ချုပ်ခွင့် မရကြပေ။ ၎င်းတို့ကို အိန္ဒိယအစိုးရက တိုက်ရိုက်အုပ်ချုပ်၏။ ထို့ပြင် ဘဏ္ဍာရေး၊ ကာကွယ်ရေးနှင့် ပြည်ထဲရေး စသော ဌာနများကိုလည်း အလွန်အရေးကြီးသော ဌာနများအဖြစ်ဖြင့် ဘုရင်ခံက တိုက်ရိုက်အုပ်ချုပ်ပြန်သည်။ ကျန် ၂၂ ဌာနတို့တွင် ပညာရေး၊ သစ်တောရေး စသော အရေးမကြီးလှသည့် ဌာနများသာ ပါဝင်၍ ရွေးကောက်တင်မြှောက်ထားသော ဥပဒေပြုအမတ်တို့က အုပ်ချုပ်ရ၏။

၎င်းအဖြစ်ကို ကြည့်လျှင် နယ်ချဲ့အစိုးရသည် ဘာမျှမထူးခြားသော အခွင့်အရေးကလေးများကို ပေးကာ မြန်မာလူထုအပေါ်တွင် ခေါင်းပုံဖြတ် အမြတ်ထုတ် သွေးစုပ်မြဲ စုပ်နေကြသည်ကို သိသာနိုင်၏။ ထိုသို့ ယုတ်မာပက်စက်သော အကြံအစည်ဖြင့် မြန်မာလူထုကို နားလည့်ပါးရိုက်ပြုလုပ်သည်ကို သိရလေလေ မြန်မာလူထုသည် အင်္ဂလိပ်အစိုးရ၏ နယ်ချဲ့စနစ်နှင့် ဖိနှိပ်မှုများကို ရွံမုန်းလာလေလေ ဖြစ်ခဲ့လေသည်။

**ဂျီစီဘီအေ။** ။ မြန်မာအမျိုးသားများက နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများ ပြုလုပ်လာကြသည့် နိုးကြားလာသော ခေတ်ကို ရေးလျှင် နာမည်ကျော် ဂျီစီဘီအေအသင်းကြီး၏ အကြောင်းကိုလည်း အနည်းငယ်ရေးသားမှ ပြည့်စုံမည် ဖြစ်လေသည်။

၁၉၂၀ ခုနှစ်တွင် ပြည်မြို့၌ ကျင်းပပြုလုပ်သော ဝိုင်အမ်ဘီအေအသင်းကြီး၏ နှစ်ပတ်လည်အစည်းအဝေးတွင် နိုင်ငံရေးစိတ်ဓာတ်များ တက်ကြွနေသည်ကို တွေ့ရသဖြင့် ဦးဘလှိုင်၊ ဦးလွန်း အစရှိသော ပုဂ္ဂိုလ်ကြီးတို့က ဝိုင်အမ်ဘီအေအစား ကျယ်ပြန့်သော မြန်မာ့အသင်းကြီးတစ်သင်းဖွဲ့ရန် အဆိုသွင်းကြသည်ကို အသင်းကြီးမှ လက်ခံခဲ့၏။ ထို့ကြောင့် ဝိုင်အမ်ဘီအေ၏ အမည်မှ ဂျီစီဘီအေ (General Council of Burma Association) မြန်မာအသင်းချုပ်ကြီးဟု ခေါ်တွင်ခဲ့ကြသည်။

ဂျီစီဘီအေအသင်းကြီးသည် အမျိုးသားရေးများကို တက်ကြွစွာ နိုးဆော်ခဲ့သဖြင့် မြန်မာချင်းချင်း ချစ်ကြည်ရိုင်းပင်းကြရန်၊ မြန်မာဖြစ် အဝတ်အထည်များကို ဝတ်ဆင်ကြရန်၊ အမျိုး၊ ဘာသာ၊ သာသနာ ကြီးပွားတိုးတက်ရေးကို ဆောင်ရွက်ကြရန်အတွက် မြန်မာလူထုသည် များစွာ စိတ်အားထက်သန်လာခဲ့၏။

ဂျီစီဘီအေအသင်းကြီး၏ လက်အောက်တွင် ဝိုင်အမ်ဘီအေအသင်းကြီးနှင့် အခြားသောနယ်ကျေးရွာအသင်းများ၊ သာသနာရေးဆိုင်ရာ အသင်းများ ထပ်မံ၍ ဝံသာနု ရဟန်းတော်များနှင့် လူထုအများပင် အသင်းများတွင် ပါဝင်လာခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



လက်အောက်ခံအဖွဲ့အစည်းငယ်ပေါင်း ၁၀၀၀ ကျော်မျှ ဖွဲ့စည်းခဲ့ကြလေရာ ၎င်းအဖွဲ့ငယ်များတွင် လူဦးရေ ၂၀ မှ ၅၀၀ အထိ ရှိခဲ့ပေသည်။

၁၉၂၂ ခုနှစ်တွင် အင်္ဂလိပ်ပါလီမန်မှ အတည်ပြုခဲ့သော ဒိုင်အာခီစနစ်အရ မြန်မာနိုင်ငံအား အုပ်ချုပ်ရန်အတွက် အင်္ဂလိပ်အစိုးရက အစီအစဉ်ပြုလုပ်သောအခါ တွင် ဂျီစီဘီအေအသင်းကြီးက ၎င်းဒိုင်အာခီစနစ်သည် လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေး မဟုတ်၊ ဟုမ်းရူးအခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးကိုသာ အလိုရှိသည်ဟု သရက်မြို့ အစည်းအဝေးကြီးတွင် တင်သွင်းဆုံးဖြတ်လိုက်၏။ ထိုသို့ဆုံးဖြတ်ပြီး မြန်မာပြည် ဥပဒေပြုကောင်စီကို အသင်းကြီးမှ သပိတ်မှောက်လိုက်လေသည်။ ဂျီစီဘီအေ အသင်းကြီးသည် ထိုမှ အစပြု၍ အင်္ဂလိပ်အစိုးရ၏လုပ်ငန်းများကို ကန့်ကွက်ခြင်း၊ ဆန့်ကျင်ခြင်း စသည့် အမျိုးသားလှုပ်ရှားမှုများကို ခေါင်းဆောင်၍ လုပ်ဆောင်လာ ခဲ့ရာ မြန်မာအမျိုးသားများ၏ လေးစားကြည်ညိုမှုကို ရရှိခဲ့သည်။ ဂျီစီဘီအေအ သင်းကြီးသည် အချို့သော အလုသီးခေါင်းဆောင်များကြောင့် ခေါင်းဆောင်အချို့ လမ်းခွဲ၍ သီးခြားအဖွဲ့ ဝင်ပြိုင်တည်ထောင်ကြသော်လည်း အဖွဲ့အစည်းညီညွတ် မှုများကား မပြိုကွဲခဲ့ပေ။

အသင်းကြီး၏ နှစ်ပတ်လည်အစည်းအဝေးကို တစ်နှစ်လျှင် တစ်ကြိမ်ကျ ကျင်းပပြုလုပ်ခဲ့လေသည်။ ဤအသင်းကြီးသည် အမျိုးသားနိုင်ငံရေး လှုပ်ရှားမှုများ၏ ခေါင်းဆောင်အသင်းကြီးဖြစ်ခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ ဖိနှိပ်မှုများကို ခေါင်းဆောင်၍ ဆန့်ကျင်ခဲ့သော အသင်းကြီးတစ်သင်းလည်း ဖြစ်သည်။ နောင်အခါတွင် ပေါ်ပေါက်လာသော တို့ဗမာအစည်းအရုံး စသော မြန်မာနိုင်ငံရေးအသင်း များအတွက် ရှေ့ဆောင်လမ်းပြအသင်းကြီးတစ်သင်းလည်း ဖြစ်ခဲ့ပေသည်။

□

# အခန်း (၂)

## တော်လှန်ရေးစိတ်ဓာတ်တက်ကြွနေသော မြန်မာလူထု

### (က) မြန်မာနိုင်ငံတွင် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများ ကြီးထွားလာသည့် ခေတ်

၁၉၂၀ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများ တဖြည်းဖြည်း ကြီးထွားလာသည်ဟု ဆိုရမည်ဖြစ်သည်။ စောစောပိုင်းက မြန်မာ နိုင်ငံတွင် အင်အားအကြီးဆုံး နိုင်ငံရေးအသင်းအဖွဲ့ကြီးဖြစ်သော ဂျီစီဘီအေ ခေါင်းဆောင်များ၏ စည်းရုံးရေးသည် များစွာ အောင်မြင်ခဲ့သည်။ အမျိုးသားချင်း နှီးသင်းချစ်ကြည်ရေး၊ တိုင်းရင်းဖြစ်အဝတ်အထည်များ ဝတ်ဆင်ရေး သဘော တရားများဖြင့် မြန်မာအမျိုးသားများသည် စည်းစည်းလုံးလုံးရှိခဲ့ကြသည်ကို တွေ့ရပြီ ဖြစ်သည်။

၁၉၂၀ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပညာရေး မီးရှူးတန်ဆောင်ကြီးတစ်ရပ် ဖြစ်သော ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားများ သပိတ်မှောက်ကြသည်။ ကျောင်းသားများ သပိတ်စတင်မှောက်ခဲ့သော ၁၉၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့သည် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တွင် ကျရောက်သည်။ ထိုနေ့ သည် နောင်အခါတွင် အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်၍ ရုံးပိတ်ရက်အဖြစ် ပင် မြန်မာနိုင်ငံ တစ်ဝန်းတွင် သတ်မှတ်ခဲ့ရသည်။

မြန်မာအမျိုးသားများ၏ စိတ်ထဲတွင် အင်္ဂလိပ်အစိုးရ၏ ပညာသင်ကြား ရေးစနစ်မှာ ဖိနှိပ်ချုပ်ချယ်မှုများဖြင့် ပြည့်နေသည်ဟု ယူဆသည်။ ပြည်သူလူထု သည် အထက်တန်းပညာဟုဆိုကြသော တက္ကသိုလ်ပညာရပ်များကို ထိထိရောက် ရောက် သင်ကြားနိုင်မှသာလျှင် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများတွင် ခေါင်းဆောင် မြင့်မြင့်ရှိမည်ဆိုသော အတွေးအခေါ်သစ်ဖြင့် တက်ကြွနေခဲ့လည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၂၀ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်သည် အိန္ဒိယနိုင်ငံ ကာလကတ္တား တက္ကသိုလ်၏ လက်အောက်ခံ တက္ကသိုလ်ကောလိပ်အဖြစ် တည်ရှိနေသေးသည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်ကို သီးခြားတက္ကသိုလ်အဖြစ် ထားရှိရန် အစိုးရတွင် အစီအစဉ်ရှိသည်။ အိန္ဒိယမှ ပါရဂူတစ်ဦးက ရန်ကုန်တက္ကသိုလ်ဥပဒေမူကြမ်းကို ရေးဆွဲ၏။ ၎င်းဥပဒေမူကြမ်းအရ တက္ကသိုလ်သစ်သည် အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် ရှိရသည်။ ထို့ပြင် ကျောင်းအိပ်ကျောင်းစားနေသော ကျောင်းသားများကိုသာ တက္ကသိုလ်တွင် ပညာသင်ကြားခွင့် ရှိ၏။

ထို့အပြင် တက္ကသိုလ်ကျောင်းသားတစ်ဦး၏ တစ်နှစ်အတွက် ကုန်ကျငွေမှာ ကျပ် ၄၀၀ ခန့် ရှိသည်။ ၎င်းငွေမှာ အင်္ဂလန်နိုင်ငံရှိ အောက်စဖို့ဒ်၊ ကင်းဘရစ်တက္ကသိုလ်များမှ ကျောင်းသားများ ကုန်ကျစရိတ်ထက် ဆယ်ပုံတစ်ပုံမျှပင် မရှိပေ။ ၎င်းငွေကိုပင် မြန်မာတို့သည် ကုန်ကျခံနိုင်စွမ်း မရှိပေ။ ထိုသို့ရှိရာ ကျောင်းအိပ်ကျောင်းစားနေရမည်ဆိုသော အချက်မှာ မြန်မာကျောင်းသားများ၏ ဆင်းရဲနွမ်းပါးမှုနှင့် ပဋိပက္ခဖြစ်စေပေသည်။

တက္ကသိုလ်ဥပဒေသစ်ပါ အချက်များသည် မြန်မာနိုင်ငံရှိ ကျောင်းသားများကို ဖိနှိပ်သည့် သဘောအချက်များစွာ ပါရှိနေသည်။ ထို့ကြောင့်ပင် တက္ကသိုလ်ကျောင်းသားများသည် ၁၉၂၀၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် သပိတ်ကြီးကို **တစ်ခဲနက်** မှောက်လိုက်ကြသည်။

မြန်မာကျောင်းသားများ၏ သပိတ်ကို မြန်မာတစ်မျိုးသားလုံးက အပြည့် ထောက်ခံခဲ့ကြသည်။ ထိုစဉ်က အမျိုးသားရေးများကို ခေါင်းဆောင်လျက်ရှိ ဖြစ်သော ဂျီစီဘီအေ ဝံသာနုအသင်းကြီးကလည်း အင်္ဂလန်နိုင်ငံ ထွက်ကုန်ပစ္စည်း များနှင့် အင်္ဂလိပ်အမျိုးသားများ၏ ဆိုင်ပေါင်းထုံးမှ ဓလေ့ထုံးစံပျက်သမျှကို သပိတ်မှောက်ခဲ့သည်။ မြန်မာဝံသာနုလုပ်ငန်းသည်လည်း နိုင်ငံတစ်ဝန်းသို့ ပျံ့နှံ့သွားလေသည်။

ဤတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်နေသည့် မြန်မာတို့၏ မျိုးချစ် အတက်ရေလည်ဖြစ်လာသည်။

တက္ကသိုလ်သပိတ်ကြီးမှောက်ပြီးနောက် အသင်းမပျက်စေရန်အတွက် ရန်ကုန်မြို့ ဗဟန်းရပ်ကွက် **အမျိုးသားကောလိပ်**ကို တည်ထောင်သည်မှ စ၍ မြန်မာနိုင်ငံတစ်ဝန်းတွင် အမျိုးသားခေါင်းဆောင်ကြီးများ ကြိုးပမ်းမှုဖြင့် အမျိုးသား အထက်တန်းကျောင်းများသည် အနှံ့အပြား ပေါ်ပေါက်လာခဲ့လေသည်။

ကျောင်းသားသပိတ်ကြီးသည် ပညာရေးနယ်ပယ်ကို သဘောမကျသဖြင့် ဖြစ်ပေါ်လာရခြင်းဖြစ်သော်လည်း နိုင်ငံရေးအားဖြင့် များစွာ အနက်သဘောရှိခဲ့ပေ သည်။ ဖိနှိပ်ချုပ်ချယ်သော အစိုးရနှင့် ပညာရေးနယ်ကို သပိတ်မှောက်လိုက်ကြ



သော ကျောင်းသားခေါင်းဆောင်များ၏ နောက်မှ မြန်မာလူထုသည် ဝိုင်းရံ ဖြစ်မည်ဆိုသော တော်လှန်ရေးစိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ တဖွားဖွားပေါ်ပေါက်လျက်ရှိခဲ့သည်။

ထို့ကြောင့်ပင် ဂျီစီဘီအေ မြန်မာအသင်းချုပ်ကြီးသည် နယ်ချဲ့အစိုးရ၏ ပညာရေးနယ်ကို မြန်မာကောလိပ်ကျောင်းသားများက ရဲရဲဝံ့ဝံ့ သပိတ်မှောက် ဆန့်ကျင်လိုက်သည့် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားများ၏ အောင်ပွဲနေ့အဖြစ် သတ်မှတ်လိုက်၏။ ၁၉၂၁ ခုနှစ်တွင် မန္တလေးမြို့၌ ကျင်းပ သော လူထုတစ်သိန်း တက်ရောက်သည့် နှစ်ပတ်လည် ဂျီစီဘီအေအစည်းအဝေး ပွဲကြီးမှ ထိုသို့ သတ်မှတ်လိုက်ခြင်းဖြစ်ပေသည်။

## (ခ) လယ်သမားတော်လှန်ရေးကြီး ပေါ်ပေါက်လာခြင်း

၁၉၃၀ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လယ်သမားတော်လှန်ရေးကြီး စတင် ဖြစ်ပွားခဲ့သည်။ မြန်မာနိုင်ငံအနှံ့တွင် လယ်သမားများသည် လက်နက်စွဲကိုင်၍ အင်္ဂလိပ်နယ်ချဲ့အစိုးရကို ပုန်ကန်တော်လှန်ခဲ့ကြလေသည်။ မြန်မာနိုင်ငံသမိုင်း တွင် ရွှေမော်ကွန်းထိုးရမည်ဖြစ်သော ခေါင်းဆောင်ကြီး ဆရာစံသည် နယ်ချဲ့ အစိုးရကို စစ်ကြေညာပြီးလျှင် သာယာဝတီခရိုင်တွင် တော်လှန်ရေးဌာနချုပ်အလံ ကို စိုက်ထူလိုက်လေသည်။

လယ်သမားတော်လှန်ရေးခေါင်းဆောင်ကြီး ဆရာစံ၏ တော်လှန်ရေးကြီး သည် သာယာဝတီနယ်မှ စတင်ခဲ့သည်ဖြစ်သော်လည်း တဖြည်းဖြည်းနှင့် မီးကူး သကဲ့သို့ ကူးစက်သွားခဲ့ပေသည်။ အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံတွင် ရှိနေသော စစ်တပ်များ၊ ပုလိပ်များဖြင့်ပင် နှိမ်နင်းမရသောကြောင့် အိန္ဒိယနိုင်ငံမှ စစ်တပ်ကြီးများ ကို အဆက်မပြတ်ခေါ်ယူပြီး နှိမ်နင်းခဲ့ရသည်အထိပင် တော်လှန်ရေးကြီးမှာ ကြီးထွားခဲ့ရပေသည်။

သာယာဝတီ လယ်သမားတော်လှန်ရေးကြီး အဘယ်ကြောင့် စတင် ဖြစ်ပွားခဲ့ရသနည်းဆိုသော အကြောင်းရင်းကို ရှာလျှင် အင်္ဂလိပ်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖိနှိပ်မှုများသည် အဓိကအချက်များအဖြစ် ပါဝင်မည်ဖြစ်လေသည်။

အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံရှိ လယ်သမားများ၏ စီးပွားရေး ကျဆင်းကာလ ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ၁၉၀၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံမှ ကုလားလူမျိုး ၂ သိန်း ၇ သောင်းကို မြန်မာနိုင်ငံသို့ ခေါ်ယူခဲ့လေသည်။ ထို့အပြင် နှစ်စဉ်ဆိုသလိုပင် အိန္ဒိယနိုင်ငံမှ ကုလားများကို အစိုးရက ခေါ်ယူလာ ရာ ၁၉၂၉ ခုနှစ်တွင် ကုလား ၄ သိန်းကျော်မျှပင် ခေါ်ယူလာခဲ့ပြီးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုလားများသည် မြန်မာနိုင်ငံသို့ ရောက်လာပြီးနောက် ဆောက်ရွက်ခွင့် အလုပ်များမှ စ၍ ဆောင်ရွက်လုပ်ကိုင်ကြလေသည်။ လယ်ယာလုပ်ငန်း၊ ဆိပ်ကမ်း လုပ်ငန်း၊ စက်ရုံလုပ်ငန်းများတွင်လည်းကောင်း၊ ရုံးလုပ်ငန်းဆိုင်ရာများတွင် လည်းကောင်း ဝင်ရောက်၍လုပ်ကိုင်ကြသည်။ အချို့ကုလားငွေရှင် ကြေးရှင်များ သည် လယ်သမားများထံမှ လယ်ယာမြေများကို အပေါင်ခံကြသည်။ ချစ်တီး ကုလားများသည် သီးနှံထွက်အကောင်းဆုံး လယ်မြေများကို အပေါင်ခံကြ၏။ လယ်သမားများသည် ပေါင်နှံထားသော မိမိတို့လယ်ယာများကို ပြန်၍ရွေးနိုင် သည် မရှိလှပေ။ ထို့ကြောင့်ပင် မိမိတို့၏ သီးနှံထွက်အကောင်းဆုံးလယ်များသည် မကြာမီပင် ချစ်တီးများလက်တွင် အပေါင်ဆုံးသွားကြပြီး ဖြစ်နေသည်ကို တွေ့ရ တော့သည်။

ဤသို့ဖြင့် ၁၉၃၂ ခုနှစ်တွင် မြန်မာလယ်သမားများ၏ လက်ထဲမှ ပထမတန်းစား လယ်မြေ ၂ သန်းကျော်မှာ ချစ်တီးများလက်တွင် ရောက်နေ ခဲ့ရပြီဖြစ်တော့သည်။ အင်္ဂလိပ်အစိုးရက အိန္ဒိယမှ သွင်းလာသော ချစ်တီး ကုလားများသည် မြန်မာနိုင်ငံ မြို့များအနှံ့ဖြန့်၍ နေထိုင်ကြပြီးလျှင် ချစ်တီး ငွေချေး အသင်းများစွာကို ဖွဲ့စည်းကြ၏။ ၎င်းတို့ငွေချေးအသင်း၏ နှစ်စဉ်အသုံးပြု ငွေမှာ ကျပ်သန်းပေါင်း ၂၅၀၀ ကျော်မျှ ရှိခဲ့၏။ မြန်မာလယ်သမား ၉ သန်း တို့တွင် တစ်သန်းခွဲသိန်းတို့မှာ လယ်မဲ့ယာမဲ့ဖြစ်နေကြလေပြီ။ အလုပ်အကိုင် ကျပ်တည်းရှားပါး၍ ဆန်စပါးစိုက်ပျိုးသော နိုင်ငံ၌ ဆန်စပါးစိုက်ပျိုးသော မြန်မာလယ်သမားတို့မှာ အငတ်ဘေး ကြုံကြရ၏။

နယ်ချဲ့အစိုးရ၏ ရှေ့ဆောင်လမ်းပြမှုဖြင့် 'စတီးဘရားသားစ်၊ ဘလွမ် ဘရားသားစ်၊ အယ်လာမင်၊ အာရာကန်ကုမ္ပဏီ၊ အင်ဂလိုဘာမား' စသော အင်္ဂလိပ် အရင်းရှင် ကုမ္ပဏီကြီး ၄ ခုတို့ကို 'ဘူလင်ဂျာပူးလ်' ခေါ် ဆန်စပါးရောင်းဝယ်ရေး အဖွဲ့ကြီး ဖွဲ့စည်း၍ စပါးဈေးကို ကြိုက်သလို နှိမ်ချခြင်း၊ မြှင့်တင်ခြင်း ပြုလုပ်လာ ပေသည်။ ယခင်က စပါးတင်းတစ်ရာလျှင် ကျပ် ၁၂၅ ကျပ် မှ ၂၂၅ ကျပ် အထိ ရောင်းခွင့်ရှိရာမှ ယခုအခါ ၎င်းပေါ်အဝယ်တော်အဖွဲ့ကြီးက ၅၅ ကျပ်ဈေး နှိမ်ချ၍ ဝယ်နေသည်။

စပါးဈေးကျဆင်းခြင်းကြောင့် တောင်သူလယ်သမားများသည် စားဝတ် နေရေးအခြေအနေ အဆကျပ်တည်းလာခဲ့သည်။ ကုန်ဈေးနှုန်းကြီးမြင့်လာခြင်း ကြောင့်လည်း စားသုံးစရိတ်မှာ ၂ ဆမျှက ကြီးမြင့်လာသည်။ စပါးဈေး အမှန်အတိုင်းရှိစဉ်က မြန်မာလယ်သမားတစ်ဦး၏ နှစ်စဉ်ဝင်ငွေမှာ ကုန်ကျစရိတ် အစစ နုတ်ပြီးသောအခါ ၁၅၀ ကျပ်မျှ ရှိခဲ့သည်။ ၁၉၃၂ ခုနှစ်တွင်ကား ဆန်စပါးဝင်ငွေသည် ကုန်ဈေး ၃၀ ကျော်ကျဆင်းလာသောကြောင့် လယ်သမားတစ်ဦး ဝင်ငွေမှာ တစ်နှစ်လျှင် ကျပ် ၅၀ ဝင် မပြည့်တော့ချေ။



နယ်ချဲ့အစိုးရသည် ထိုမျှ အကျပ်အတည်းနှင့် ကြုံတွေ့နေသော လယ်သမား ထုကြီးကို ဖိနှိပ်ညှဉ်းဆဲသည့်အနေဖြင့် အခွန်အတုတ်များကို နည်းအမျိုးမျိုးဖြင့် အမှုကောက်ယူရန် ကြံစည်ပြီဖြစ်တော့သည်။ ထိုသို့ အခွန်ငွေများကို အမှုကောက် ခြင်းဖြင့် မြန်မာလယ်သမားများသည် စပါးများကို ရသမျှဈေးဖြင့် ရောင်းချရ တော့မည် ဖြစ်လေသည်။

အစိုးရသည် လူခွန်၊ သစ်တောခွန်၊ မြေခွန်၊ အိမ်ခွန် စသည်တို့ကို နှစ်မရှောင် ကြိုတင်၍ တောင်းခံတော့၏။ လင်နှင့်မယားမက်တစ်ဦးအတွက် လူခွန်တော် ၅ ကျပ်၊ လူပျို၊ အပျိုများ စသော အိမ်ထောင်မရှိသူများမှာ ၂ ကျပ် ၈ ပဲ စသည်ဖြင့် ပေးဆောင်ရ၏။ ထင်းနှင့် ဝါးလှည်းတစ်စီးအတွက် ၂ ကျပ် ၈ ပဲ စသဖြင့် ပေးဆောင်ရ အမှုကောက်ယူသည်။ တစ်ဖက်မှ လယ်ယာ သီးနှံများ ဈေးနှိမ်ခြင်းခံရပြီးလျှင် အခြားတစ်ဖက်မှ အခွန်ငွေများကို မရမက တောင်းခံလေသောအခါ အခွန်ငွေပေးရန်အတွက် လယ်သမားတို့သည် မိမိတို့ လက်ဝယ်ရှိ စပါးများကို ပေါက်ဈေးအတိုင်း အနည်းငယ်မျှသော ဈေးနှုန်းဖြင့်ပင် ရောင်းချကြရ၏။ သူတို့မှာ စပါးဈေးတက်မည့်အချိန်ကို စောင့်ရ၍ မဖြစ်တော့ပေ။

ထိုသို့ စပါးရောင်းရသည့်ငွေမှ ချစ်တီးများ၏ ကြွေးငွေများကိုလည်း ပြန်၍ ဆပ်ရပြန်လေသည်။ ချစ်တီးများသည် လယ်သမားများအပေါ်တွင် မတန်တဆ တင်ထားသော ကြွေးငွေကို တောင်း၍ မရသောအခါ၌ အိမ်၊ မြေ၊ လယ်ယာ၊ လှည်းနွားများအထိ ဖိစွက်၊ ပန်းကန်ပါမကျန် ကြွေးဖြင့် သိမ်းယူကြလေတော့သည်။

ဤသို့သော အခြေအနေဆိုးများတွင် မြန်မာလယ်သမားထုကြီးသည် မိမိတို့ ဘဝဆိုးများမှ လွတ်ကင်းအောင် ဆောင်ရွက်ပေးနိုင်မည့် ခေါင်းဆောင်များ ကို မျှော်လင့်ကြသည်။ မိမိတို့၏ ဆင်းရဲလှသည့် ဘဝမှ လွတ်မြောက်စေရန် ရုန်းထွက်ခြင်းငှာ ဦးဆောင်ပေးမည့် ခေါင်းဆောင်သည် ဘယ်နေရာက ပေါ်လာမည် နည်းဟု စိတ်စောနေမိကြသည်။

ဆရာစံ အမည်ရှိ လယ်သမားတော်လှန်ရေးခေါင်းဆောင်ကြီးသည် ဤသို့သော အခြေအနေတွင် ရုတ်တရက် ပေါ်လာခဲ့လေသည်။ ဆရာစံသည် ဆရာစံ၊ ဆရာမြိုင်၊ ဦးစံကျော်၊ ဦးယာဇာ၊ ဦးစံရွှေ စသဖြင့် နာမည် ၅ မျိုး ရှိသည်။ မူလက ဆရာစံသည် သာယာဝတီခရိုင်၊ မင်းကျည်းကုန်း ဘုန်းတော် ကြီးကျောင်းတွင် လာရောက်၍ အဋ္ဌိရုပ်ထိုးနေသည်။ သူသည် ဘုန်းတော်ကြီး ကျောင်းမှ နေ၍ အင်္ဂလိပ်အစိုးရ၏ ဖိနှိပ်ညှဉ်းဆဲမှုများကို လေ့လာသည့် အလောင်းယူသည်။ တော်လှန်ရေးဆင်နွှဲရန် ကြံစည်နေခဲ့သည်။

အဋ္ဌိရုပ်ဆရာကြီး ဆရာစံ၏သတင်းမှာ သာယာဝတီခရိုင်တွင် အာရုံ ကျော်ဇော၊ အင်းတော၊ အုန်းပင်စု၊ ဇလဝန်မြောင် စသော ကျေးရွာပေါင်းများစွာသို့

www.burmeseclassic.com

www.burmeseclassic.com



မြို့သွားရာ ကျေးတောရွာ ရှိသမျှသော လယ်သမားများသည် ဆရာစံထံသို့ ချဉ်းကပ်၍ ကိုယ်စိတ်ဆေးရွက်ကောင်း ပေးပါရန် တောင်းပန်ကြသည်။ ဆရာစံသည် လယ်သမားများလိုချင်သော ဆေးဝါးအဆောင်တို့ကို ပေးသည်။ ထို့ပြင် လယ်သမားထုကြီးသည် မိမိ၏ တော်လှန်ရေးကြီးနှင့်ပတ်သက်၍ စည်းရုံးဆွေးနွေးသည်။

ထိုမှတစ်ဆင့် သာယာဝတီမြို့သွားလေရာ သရက်၊ မင်းလှ၊ ဓနုဖြူ၊ မင်းလှ စသည်တို့မှ လယ်သမားကြီးများပင် လာရောက်၍ ဆရာစံထံ ဆွေးနွေးကြသည်။ ဆရာစံသည် မိမိထံ လာသူတိုင်းကို တုတ်ပြီးဆေး ကိုယ်စိမ်ဆေး အလွယ်သွယ်ကို ပေးသည်။ ၎င်းတို့နှင့် လျှို့ဝှက်ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ ဆရာစံထံ လာရောက်ကြသော တောင်သူလယ်သမားများသည် မိမိတို့အပေါ် ဖိနှိပ်ညှဉ်းဆဲနေသော အင်္ဂလိပ်အစိုးရ၏ ရက်စက်မှုများ၊ ပုလိပ်အရဲဝင်များ၏ ယုတ်မာမှုများ၊ မြို့နယ်အရာရှိများ၏ ဆိုးဝါးမှုများကို ဆရာစံအား ထုတ်ဖော်တိုင်ကြားကြပေသည်။

အင်္ဂလိပ်စစ်တပ်မှ ကုလားစစ်သားများသည် ချစ်တီးများအား ကြွေးမရ မဆပ်နိုင်ကြသော တောနေလယ်သမားကြီးများအား လက်ရောက်ကျူးလွန်ကြသည်။ ခမ်းဆီးနှိပ်စက်ကြသည်၊ မြန်မာအမျိုးသမီးကလေးများအား ဖလွှာရ မြူကြသည်အထိ ရမ်းကားလာသည်။

ဤသို့သော ဖိနှိပ်ညှဉ်းပန်းရက်စက်မှုများကို ကြားရ သိရ မြင်ရသောအခါ တော်လှန်ရေးခေါင်းဆောင်ကြီး ဆရာစံသည် ဂဠုန်တပ်မတော်အမည်ခံ လယ်သမားတော်လှန်ရေးတပ်ကို ဖွဲ့စည်းတော့သည်။ လက်နက်ဖြင့် ကျူးလွန်လာသူကို လက်နက်ဖြင့် တော်လှန်ရမည်ဆိုသော ဆောင်ပုဒ်ကို လက်ကိုင်ထားလေသည်။ သာယာဝတီခရိုင် ကျေးရွာများမှ လယ်သမားတော်လှန်ရေး တပ်သား ၅၀၀ ခန့် စုဆောင်းရရှိသော် ဆရာစံသည် တော်လှန်ရေးတပ်သားများကို သစ္စာရေသောက်စေပြီး မိမိတို့ ယုံကြည်သည့်အတိုင်း ကိုယ်စိတ်ကာကွယ်ရေး ဆေးများကို ထိုးနှံပေးပေသည်။

ဆရာစံ၏ လယ်သမားတော်လှန်ရေးကြီး ဖြစ်လာသည့်အချိန်က မြန်မာနိုင်ငံ ဘုရင်ခံမှာ မြန်မာအမျိုးသားတစ်ဦးဖြစ်သော ဆာဂျေအေမောင်ကြီး ဖြစ်လေသည်။ ဆရာစံ၏ ခေါင်းဆောင်မှုကို ခံယူထားသော လယ်သမားများသည် ဘုရင်ခံထံသို့ လယ်သမားထုကြီး၏ အခြေအနေဆိုးများကို ပထမတင်ပြလေသည်။

၁၉၃၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ယာယီဘုရင်ခံ ဆာဂျေအေ မောင်ကြီးသည် သာယာဝတီသို့ 'ဒါဘာ' ခေါ် ဂုဏ်ပြုဆုပေးအခမ်းအနားပွဲတွင် ဆုချီးမြှင့်ရန် ရောက်ရှိလာသည်။ ထိုအချိန်တွင် ဆရာစံ စည်းရုံးထားသော လယ်သမား



ခေါင်းဆောင်အချို့သည် ဆာဂျေအေမောင်ကြီးနှင့် တွေ့ဆုံပြီး ယခင်နှစ်တွေ့ကြုံခဲ့ရသော လယ်သမားများ၏ ဆင်းရဲဒုက္ခများကိုလည်းကောင်း၊ အခွန်တော် အလျှော့ တောင်းခံခြင်းမှ ညှာတာခွင့်ပြုရန်လည်းကောင်း ပန်ကြားပြောဆိုခဲ့၏။ သို့သော် ယာယီဘုရင်ခံသည် တောင်သူလယ်သမားများ၏ ပန်ကြားချက်ကို ပယ်ချခဲ့လေသည်။

ဆရာစံသည် ချက်ချင်းပင် သာယာဝတီခရိုင် အလံတောင်စခန်းမှ နေ၍ လယ်သမားတော်လှန်ရေးကြီးကို စတင်လိုက်တော့သည်။

၁၉၃၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် အလံတောင်စခန်း၌ ဂဠုန်တော်လှန်ရေး ဌာနချုပ်ဆောင်ကြီးအဖြစ် သတ်မှတ်ပြီးလျှင် ဆရာစံသည် မိမိကိုယ်ကိုယ် 'သုပဏ္ဏကဂဠုန်ရာဇာ' အမည် သမုတ်၍ ဘုရင်ဘွဲ့ခံယူသည်။ ထိုနေ့မှ စ၍ နယ်ချဲ့အင်္ဂလိပ်အစိုးရအား မိမိတို့၏ တော်လှန်ရေးကို ကြေညာလိုက်လေသည်။

လယ်သမားတော်လှန်ရေးသမားများ၏ ဆောင်ပုဒ်မှာ 'ငတ်၍ မသေ၊ တိုက်ရင်း သေမည်' ဟူ၍ ဖြစ်လေသည်။ တော်လှန်ရေးတပ်သားများ ၁၉၃၀ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင်ပင် အလံတောင် တောင်ခြေရှိ ယာဈေးကျော်ရွာအနီး၌ အင်္ဂလိပ်နယ်ချဲ့လက်ပါးစေ စစ်တပ်တစ်တပ်နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့၏။ ပထမဦးဆုံး တိုက်ရသော လယ်သမားတော်လှန်ရေးတိုက်ပွဲတွင် အစိုးရဘက်မှ ရာဇဝတ်ဝန်ကလေး ဦးမောင်ကလေးနှင့် ပုလိပ်အမှုထမ်းအများအပြားပင် ကျဆုံးသွားကြလေသည်။

ထိုအချိန်အထိ မြန်မာတော်လှန်ရေးတပ်သားများသည် ဓားလှံ လက်နက်ကိုသာ အများဆုံးကိုင်၍ သေနတ်လက်နက်ကိုင်ရသူ အလွန်ပင် နည်းပါးသည်။ ထိုသို့အခြေအနေတွင် ရှိသော တော်လှန်ရေးတပ်သားများသည် ခေတ်မီလက်နက် တပ်ဆင်ထားသော အင်္ဂလိပ်အစိုးရ၏ စစ်တပ်၊ ပုလိပ်အဖွဲ့များကို တွေ့မရှောင် ဝင်တိုက်ရဲကြသည့် သတ္တိမှာ မှတ်တမ်းတင်၍ မကုန်နိုင်တော့ပေ။ မြန်မာမျိုးချစ် တော်လှန်ရေးသမားများသည် စီးပွားရေး နိုင်ငံရေး အရေးတကာ ပေါင်းစုံတွင် ဖိနှိပ်ချုပ်ချယ်နေသော နယ်ချဲ့အစိုးရကို ရှေးလက်နက်ဖြင့် ရင်ဆိုင်တော်လှန်ကြခြင်းလည်း ဖြစ်ပေသည်။

၁၉၃၀ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့နှင့် ၃၁ ရက်နေ့များတွင် အင်္ဂလိပ်အစိုးရတပ်များသည် အလံတောင်စခန်းရှိ လယ်သမားတော်လှန်ရေးဌာနချုပ်ကို အင်အားကြီးမားစွာဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကြလေသည်။ မိုးသီးမိုးပေါက်များသဖွယ် ကျရောက်ပေါက်ကွဲနေသော နယ်ချဲ့အစိုးရစစ်တပ်များမှ ပစ်လွှတ်လိုက်သည့် ကျည်ဆန်များကို တော်လှန်ရေးတပ်သားတို့က ရဲရင့်စွာဖြင့် ခံကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



လူအင်အား လက်နက်အင်အား မမျှသောကြောင့် မျိုးချစ်တော်လှန်ရေးသမားများ၏ ဌာနချုပ်စခန်း ပြိုကွဲသွားခဲ့ရသည်။

တော်လှန်ရေးခေါင်းဆောင်ကြီး ဆရာစံသည် နောက်ဆုံးအချိန်အထိပင် အလံတော် ဌာနချုပ်မှ နေခဲ့သည်။ အင်္ဂလိပ်စစ်သားများကို ဆရာစံသည် ဓားလွတ်ကိုင်၍ ဝင်ခုတ်ရန် ကြိုးစားသော်လည်း တော်လှန်ရေးရဲဘော်များက မိမိတို့ခေါင်းဆောင်ကြီးအား အကျိုးမဲ့ နစ်ခြင်း မပြုဘဲ ရှောင်တိမ်းသွားရန် တောင်းပန်ကြသဖြင့် ဆရာစံသည် အလံတော်စခန်းမှ ရှောင်တိမ်းထွက်လာရလေသည်။

အလံတော်စခန်းပြိုပြီး ၁၀ ရက်အကြာတွင် ဆရာစံသည် သာယာဝတီနယ်မှ အထက်မြန်မာနိုင်ငံသို့ ထွက်လာခဲ့သည်။ ဆရာစံ မန္တလေးသို့ ရောက်ရှိစဉ်ဝယ် ပြည်၊ သရက်၊ အလံ၊ ဟင်္သာတ၊ ရွာဝ၊ အေးတံ နယ်များတွင် ဆရာစံ ကိုယ်တိုင် စည်းရုံးထားခဲ့သော ဂဠုန်တပ်ဖွဲ့အဖွဲ့ဝင် လယ်သမားတော်လှန်ရေးတပ်သားများသည် လက်နက်စွဲကိုင်၍ နယ်ချဲ့အစိုးရကို တော်လှန်လိုက်ကြပြန်သည်။ ရွာတိုင်းလိုလိုပင် တော်လှန်ရေးတပ်သားများသည် အင်္ဂလိပ်အစိုးရစစ်တပ်နှင့် ပုလိပ်အဖွဲ့များကို ရင်ဆိုင်၍ တိုက်ပွဲကြီးများကို ဖန်တီးလိုက်ကြလေသည်။

ဆရာစံသည် မန္တလေး၊ အမရပူရ၊ စစ်ကိုင်း၊ တံတားဦး၊ ကျောက်ဆည်၊ အင်းဝမြို့နယ်များရှိ ကျေးရွာများအထိဆင်း၍ ဂဠုန်တပ်ဖွဲ့များ လယ်သမားရဲဘော်များ စည်းလုံးညီညွတ်စွာဖြင့် နယ်ချဲ့ကို တော်လှန်ရန် ကြိုးစားနေခဲ့သည်။

ငှင်းမှတစ်ဆင့် ဆရာစံသည် ရှမ်းပြည်နယ်သို့တက်၍ ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲနယ်၊ နောင်ချိုမြို့နယ် ကျေးလက်ဒေသများအထိ လှည့်လည်ပြီးလျှင် လယ်သမားတော်လှန်ရေးတပ်များ ဖွဲ့စည်းရန် စည်းရုံးခဲ့၏။ ဆရာစံ လှည့်လည်စည်းရုံးခဲ့သော ကျေးလက်တောရွာများရှိ လယ်သမားထုကြီးသည် အင်္ဂလိပ်အစိုးရကို ရရာလက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်ခဲ့ကြပြန်လေသည်။ ထို့သို့ဖြင့် လယ်သမားတော်လှန်ရေးများသည် မြန်မာနိုင်ငံတစ်ဝန်းသို့ ၁၉၃၁ ခုနှစ်၊ ဧပြီလအထိ ပြန့်ပွားကူးစက်သွားလေတော့သည်။

အလံတော်ဌာနချုပ် ပြိုကွဲသွားပြီးနောက် လယ်သမားတော်လှန်ရေးတပ်သားများသည် ရသမျှအင်အားကို စုစည်းပြီးလျှင် ဟင်္သာတမြို့ ပုလိပ်အဖွဲ့၏ ဂိတ်တဲကိုပင် ဝင်ရောက်စီးနင်းတိုက်ခိုက်ကြပြန်လေသည်။ လယ်သမားတော်လှန်ရေးတပ်များ၏ လှုပ်ရှားမှုများကို ဂရုမထားဘဲ နေ၍ မဖြစ်တော့ပြီကို သိရှာသည့် အင်္ဂလိပ်အစိုးရသည် အိန္ဒိယနိုင်ငံမှ စစ်တပ်များကို အမြန်ခေါ်ယူရလေသည်။

**နာဂရတပ်။** ။ အိန္ဒိယနိုင်ငံမှ မှာယူခဲ့သော ငှင်းတပ်ကို မြင်းခြံ



တွင် တပ်စခန်းချစေပြီး တပ်ဖွဲ့များကို ပခုက္ကူ၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ ချောက်၊ မင်းဘူး၊ တောင်တွင်းကြီးမြို့များ၌ ထားရှိ၏။ ငှင်းတပ်သည် 'ဆာဒနာ' သင်္ဘောဖြင့် ရောက်လာသည်။

**မန်ချက်စတာတပ်။** ။ ငှင်းတပ်ကို မန္တလေးတွင် တပ်စွဲစေပြီးလျှင် တပ်ဖွဲ့များကို ရွှေဘို၊ တောင်ငူ၊ မိတ္ထီလာမြို့သို့ ပို့၍ ဂေါ်ရာတပ်သား ၆၂၃ ဦး ပါဝင်၍ 'အင်ဂိုရာ' သင်္ဘောနှင့် ရောက်လာ၏။

**အလူးချောက်တပ်။** ။ ငှင်းတပ်ကို ပုသိမ်တွင် တပ်စွဲစေ၍ တပ်ဖွဲ့များကို ဟင်္သာတ၊ မြန်အောင်၊ အင်္ဂပူ၊ သဲကုန်းစသောတပ်များသို့ ပို့သည်။ အင်္ဂလိပ်အမျိုးသား စစ်အရာရှိ ၅ ဦးနှင့် အိန္ဒိယစစ်သား ၇၀၀ ပါဝင်၏။

**ပန်ချာပီတပ် အမှတ် ၁။** ။ သာယာဝတီနယ်တွင် တပ်စွဲစေပြီးလျှင် တပ်ဖွဲ့များကို ဇီးကုန်း၊ အုတ်ဖို၊ မင်းလှ၊ လက်ပံတန်း၊ စစ်ကွင်း၊ ငြိမ်းကလေးနှင့် ဥက္ကံမြို့များသို့ ပို့သည်။

**ပန်ချာပီတပ် အမှတ် ၂။** ။ မော်လမြိုင်တွင် တပ်စွဲထားစေပြီး တပ်ဖွဲ့များကို ဖူးကြီး၊ တိုက်ကြီး၊ သနပ်ပင်ချောင်းနှင့် ဖယ်သို့ ပို့၍ တပ်စွဲတိုက်ခိုက်စေသည်။

**အားမားနိုင်ဖယ်တပ်။** ။ ငှင်းတပ်ကို သရက်မြို့တွင် တပ်စခန်းထားစေပြီး ပြည်မြို့နှင့် ခရိုင်အတွင်းရှိ မြို့နယ်များသို့ ပို့လွှတ်လေသည်။

အထက်ပါ နယ်ချဲ့စစ်တပ်များ၏ အရေအတွက်ကို ကြည့်ပြီးလျှင် မြန်မာနိုင်ငံ အနှံ့အပြားရှိ လယ်သမားတော်လှန်ရေးတပ်များ တစ်ခဲနက် တော်လှန်ကြပုံကို သိသာနိုင်၏။ နယ်ချဲ့အင်္ဂလိပ်အစိုးရသည် အိန္ဒိယမှ ရောက်လာသော တပ်များကို လယ်သမားတော်လှန်ရေးတပ်သားများ အနှံ့အပြား တော်လှန်နေကြသော ဒေသများသို့ ခွဲ၍ နှိမ်နင်းနေရသည်။

၁၉၃၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုနယ်တွင် ဆရာစံကို အင်္ဂလိပ်အစိုးရက ဖမ်းမိ၏။ ထိုသို့ ဖမ်းမိခြင်းမှာ ဆရာစံ ဖျားနေ၍ အိပ်ရာထဲမှ မထနိုင်ရှိစဉ်တွင်ပင် သစ္စာဖောက် နောက်လိုက်တစ်ဦးက အင်္ဂလိပ်စစ်တပ်သို့ သတင်းပို့သဖြင့် အဖမ်းခံရခြင်း ဖြစ်လေသည်။ ဆရာစံကို သာယာဝတီသို့ ခေါ်ဆောင်လာပြီး ဩဂုတ်လ ၁၉ ရက်နေ့တွင် တရားရုံးတင်၍ စတင်စစ်ဆေးခဲ့သည်။

အစိုးရက ဆရာစံ၏အမှုကို စစ်ဆေးရန် အထူးခုံရုံးကို ဖွဲ့စည်းပြီး သာယာဝတီသို့ စေလွှတ်၏။ ခုံရုံးတွင် တရားဝန်ကြီး မစ္စတာကန်လယ်၊ ဒေါက်တာ ဘဦးနှင့် မစ္စတာခါဝတ်တို့ ပါဝင်သည်။ ဆရာစံ၏ဘက်မှ ဒေါက်တာဘမော်၊ ဦးလွန်းအောင်ကျော်၊ သာယာဝတီဦးပု၊ ဦးဘသင်၊ သခင်မြ၊ ဦးစော ဝတ်လုံတော်ရကြီးများက လိုက်ပါဆောင်ရွက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လယ်သမားတော်လှန်ရေးခေါင်းဆောင်ကြီး ဆရာစံအား နယ်ချဲ့အင်္ဂလိပ် အစိုးရသည် စွဲချက် ၁၄ ချက်တင်၍ စစ်ဆေးပြီးလျှင် သေဒဏ်ပြစ်ပေးလိုက်လေသည်။ ဆရာစံအား ခုံရုံးတရားသူကြီးက စစ်ဆေးရာတွင် ဆရာစံသည် အမှုအတွက် ခုခံကာကွယ်ပြောဆိုခြင်း၊ မေးမြန်းခြင်း တစ်နေတစ်ရာ မပြုလုပ်ဘဲ အပြစ်ပေးခြင်းကို ရဲရင့်စွာ ခံယူလေတော့သည်။

၁၉၃၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် လယ်သမားတော်လှန်ရေး ခေါင်းဆောင်ကြီး ဆရာစံကို သာယာဝတီထောင်၌ပင် ကြိုးပေးခဲ့သည်။ လယ်သမားတော်လှန်ရေးသမားများသည် ဆရာစံ ကျဆုံးပြီးသည့်နောက်တွင်ပင် အလဲမထိုးဘဲ ဆက်လက်၍ တော်လှန်နေကြပြန်ရာ ၁၉၃၂ ခုနှစ်၊ ဧပြီလအထိ မြန်မာနိုင်ငံအနှံ့အပြားတွင် ဆူပူလှုပ်ရှားနေဆဲ ဖြစ်လေသည်။

ဆရာစံ၏ တော်လှန်ရေးသမားများအနက် ဖမ်းဆီးရမိသော တော်လှန်ရေးသမားများစွာတို့မှာ ကြိုးပေးခြင်း၊ ထောင်ဒဏ်တစ်သက်တစ်ကျွန်း အပြစ်ပေးခြင်း စသော အပြစ်ဒဏ်များကို ခံခဲ့ကြရလေသည်။

### (က) တို့ဗမာအစည်းအရုံး၏ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများ

လယ်သမားတော်လှန်ရေးကြီး မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့ပြီးနောက် မြန်မာ အမျိုးသားတို့သည် တော်လှန်ရေးစိတ်ဓာတ်ဖြင့် အံကြိတ်လျက် ကျန်ရစ်ခဲ့ကြလေသည်။ ဆရာစံကဲ့သို့ ခေတ်ပညာမတတ်မြောက်သော ကျေးတောနေ မြန်မာတစ်ဦးက ရိုးရာ ဓား လှံ၊ လေးမြား၊ မောင်းပြုတ်သေနတ် အနည်းငယ်တို့ဖြင့် အင်ပါယာကြီးလှသော အင်္ဂလိပ်ဘုရင်ကို ခုခံတော်လှန်ခဲ့သော သတ္တိနှင့် ဇွဲလုံ့လကို မြန်မာ အမျိုးသားများသည် အံ့ဩချီးကျူး၍ မကုန် ဖြစ်နေကြသည်။ ထို့ကြောင့်ပင် အင်္ဂလိပ်နယ်ချဲ့အစိုးရက တော်လှန်ရေးခေါင်းဆောင်ကြီး ဆရာစံကို ကြိုးပေး၍ သတ်ဖြတ်ခဲ့သော်လည်း ဆရာစံ၏ တော်လှန်ရေးစိတ်ဓာတ်၊ ဆရာစံ၏ဇွဲ၊ မာန်၊ သတ္တိတို့ကိုမူကား အင်္ဂလိပ်အစိုးရသည် သတ်ဖြတ်၍ မရနိုင်ပေ။ အကြောင်း သော်မူကား သူ၏စိတ်ဓာတ်၊ သူ၏ဇွဲမာန်၊ သူ၏သတ္တိတို့ကို မြန်မာအမျိုးသား များက ဆရာစံထံမှ အမွေခံယူထားလိုက်ကြပြီ ဖြစ်လေသည်။

ထို့ကြောင့်ပင် မြန်မာလူထုသည် အင်္ဂလိပ်အစိုးရ၏ ဖိနှိပ်မှုကို ဆန့်ကျင် ရန် အခွင့်အရေးကို အခါမလပ် စောင့်နေကြသည်။ အင်္ဂလိပ်အစိုးရကို 'နေသေး သပ ချိုထဲက ချိုးလွှေးသပေါကမြဲ' ဟု ကြွေးကြော်နေရသည်။ နိုင်ငံရေးနယ်၊ လူမှုရေး နယ်၊ စီးပွားရေးနယ်မြေများမှ တစ်စတစ်စ ဖိနှိပ်မှု ဖိစီးမှုများပြားလာသော နယ်ချဲ့ အစိုးရ၏ ဝါဒရေးရာကို အာဏာဖီဆန်ရန်အလို့ငှာ ကြိုးစားကြံစည်နေကြ လေသည်။

ထိုအချိန်တွင် တို့ဗမာအစည်းအရုံးကြီးကို မြန်မာလူငယ်များက စတင်



တည်ထောင်ခဲ့လေသည်။ ၎င်းအစည်းအရုံးသည် ၁၉၃၀-၃၁ ခုနှစ်ဆီမှ စ၍ မြန်မာနိုင်ငံတွင် ပေါ်ထွန်းလာပြီးလျှင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားသည့် အချိန် အထိ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများကို အဆင့် တစိုက်ဆောင်ရွက်ခဲ့သည်ကို တွေ့ရလေသည်။

တို့ဗမာအစည်းအရုံးကို သခင်ဘသောင်းအမည်ရှိ မြန်မာလူငယ်တစ်ဦး နှင့် သူ၏ အပေါင်းအသင်းတစ်စုက စတင်တည်ထောင်ခဲ့ခြင်း ဖြစ်လေသည်။ သခင်ဘသောင်းနှင့်အတူ မြေလှိုင်ဦးထွန်းခင်၊ သခင်လှဘော်၊ ကိုကာလီ၊ ကိုမြကျော်တို့ စသော ပုဂ္ဂိုလ်များသည် တို့ဗမာအစည်းအရုံးကြီး စတင်ပေါ်ထွန်းရန် အထူး ကြိုးစားခဲ့ကြရလေသည်။

တို့ဗမာအစည်းအရုံး၏ ကြွေးကြော်သံများမှာ 'ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား။ တို့ပြည်ကို ချစ်ပါ၊ တို့စာကို ချီးမြှင့်ပါ၊ တို့စကားကို လေးစားပါ' စသည်တို့ဖြစ်သည်။ တို့ဗမာအစည်းအရုံး၏ ကြွေးကြော်သံများမှာ ထိုခေတ်အခြေအနေနှင့် များစွာ လိုက်ဖက်ညီညွတ်ရှိလှပေ သည်။ ထိုခေတ်က မြန်မာအချို့သည် နယ်ချဲ့အင်္ဂလိပ်အစိုးရက ပေးသမျှ ယူ၊ ကျွေးသမျှ စား၊ အင်္ဂလိပ်စာကို အထင်ကြီး၊ အင်္ဂလိပ်စကားကို ကိုးကွယ်နေကြ သည်။ ထိုအခါတွင် တိုင်းပြည်ကိုရော၍ တို့စာကို သတိမရ၊ တို့စကားကို တန်ဖိုး ထားရမှန်း မသိ ဖြစ်နေကြသည်။ အမျိုးချစ်ရမှန်းကို သူတို့ သတိမရကြပေ။

ဤသည်ကို သခင်ဘသောင်းနှင့် မြန်မာလူငယ်တစ်စုက ထချ သတိပေးနှိုးဆော်ရင်း တို့ဗမာအစည်းအရုံးကို တည်ထောင်ခဲ့ကြခြင်း ဖြစ်လေ သည်။ ထိုလူငယ်များသည် မိမိတို့ကိုယ်ကိုယ် နာမည်ရှေ့မှ 'သခင်' ဆိုသော ဝေါဟာရကို တပ်ကြသည်။

ထိုခေတ်က မျက်နှာဖြူအရာရှိများနှင့် မြန်မာ ဖြူကြိုက်ရက် အရာရှိကြီး များသည် ၎င်းတို့ကို သခင်ဟု ခေါ်စေသည်။ သခင်ဟုခေါ်မှ ကျေနပ်သည်။ သခင်ဆိုသော စကားလုံးကို ထည့်မပြောလျှင် မကျေနပ်။ ဒေါက်ငမ်း၍ အကြောင်း မရှိဘဲ အကြောင်းရှာပြီး အပြစ်ပေးတတ်ကြသည်။

ဤသည်ကို မြန်မာလူငယ်တို့က မခံချင်ပေ။ မိမိတို့ မြန်မာလူမျိုးများသာ သခင်လူမျိုးဖြစ်သည်။ သမိုင်းအစဉ်အဆက်တွင် သခင်နိုင်ငံသားများ ဖြစ်ခဲ့ကြသည်။ တိုင်းပြည်ကျူးကျော်လာသော နယ်ချဲ့အရာရှိများနှင့် နယ်ချဲ့လက်ပါးစေများကို သခင်ဟု ခေါ်ရန် မလို။ မိမိတို့ မြန်မာများကိုသာလျှင် သခင်ဟု ခေါ်သင့်သည်ဟု ယူဆကြလေသည်။ ထို့ကြောင့် မြန်မာလူငယ်များသည် မိမိတို့ အမည်ရှေ့မှ သခင်ဟူသော စကားလုံးကို ထည့်၍ ခေါ်ကြခြင်းဖြစ်သည်။ ထိုသို့ဖြင့် နယ်ချဲ့အစိုးရဘက်သားများကို မြန်မာလူငယ်များက ဆန့်ကျင်သည့်လုပ်ရပ်များကို စတင်ပြုလုပ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အစပထမတွင် တို့ဗမာအစည်းအရုံးဝင် သခင်လူငယ်များကို မြန်မာလူထုသည် သခင်တပ်၍ ခေါ်ကြသေးပေ၊ သခင်အချင်းချင်းသာလျှင် နာမည်ရှေ့မှ သခင်တပ်၍ ခေါ်ကြသည်။ နောင်သော် စာနယ်ဇင်းများနှင့် မြန်မာလူထုကပါ သခင်အသင်းသား တို့ဗမာအစည်းအရုံးဝင် လူငယ်များကို သခင်ဟူသော ဝေါဟာရဖြင့် ခေါ်ဝေါ်သုံးနှုန်းလာကြလေသည်။ နောင်သော် နာမည်ထွက်ပေါ်လာသော နိုင်ငံရေးသမားများဖြစ်သော သခင်ဗစိန်၊ သခင်သိန်းမောင်၊ သခင်ထွန်းရွှေ စသည့် လူငယ်များလည်း တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်၍ ဆောင်ရွက်လာကြတော့သည်။

တို့ဗမာအစည်းအရုံးဝင် လူငယ်များသည် နိုင်ငံရေးတရားဟောပွဲများတွင် စကားလုံးများကို တောက်တောက်ပြောင်ပြောင် ရဲရဲရှာ သုံးနှုန်းကာ ပြောကြသဖြင့် မြန်မာလူထုသည် သခင်လူငယ်များ၏ လုပ်ရပ်ကို များစွာ သဘောကျနှစ်သက်လာကြသည်။ တရားဟောပွဲများတွင် မြန်မာလူထုသည် နယ်ချဲ့ဆန့်ကျင်ရေးသဘောတရားများကို ဟောပြောကြသော လူငယ်ခေါင်းဆောင်များကို ဂျီစီဘီအေ ခေါင်းဆောင်များထက် ပို၍ သဘောကျကြ၏။ လူကြီးများပါဝင်သော ဂျီစီဘီအေ အသင်းခေါင်းဆောင်များမှာကား အရာရာကို သိုး၊ မွေ့ ရှိန်းဆဲ့၍ ဟောပြောဆောင်ရွက်လေ့ရှိကြသည်။ မြန်မာလူငယ်များမှာကား အမျိုးသားလွတ်မြောက်ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေးမှအပ အခြား ဘာကိုမျှ ထောက်ထားညှာတာခြင်း မရှိကြဘဲ ရဲရဲတောက်စိတ်ဓာတ်များဖြင့် ဟောပြောစည်းရုံးတတ်ကြလေသည်။

၁၉၃၃ ခုနှစ်တွင် ရွှေကျင်မြို့၌ တရားဟောပြောခဲ့ကြသော သခင်ဘသောင်း၊ သခင်ဗစိန်၊ သခင်သိန်းမောင်၊ သခင်ထွန်းရွှေတို့အား အစိုးရပုဒ်မများနှင့် ငြိစွန်းသည်ဟုဆိုပြီး ပုဒ်မ ၁၀၄ ကို အသုံးပြု၍ ရွှေကျင် တရားသူကြီးက မြို့မှ ၂၄နာရီ အတွင်း ထွက်ခွာစေဟု နယ်နှင်အမိန့်ထုတ်၏။ သခင်လူငယ်များသည် မကျေနပ်ကြ၍ အာဏာဖီဆန်ကြသည်။ အမိန့်ကို မနာခံကြသဖြင့် သခင်လူငယ်များကို ဖမ်းဆီးလိုက်၏။ လူငယ်များက တရားလွှတ်တော်သို့ [illegible] မတရားမှု အကြောင်းပြပြီး အယူခံရာ နိုင်သဖြင့် သခင်များကို အမှုမှ လွှတ်လိုက်ရသည်။

တို့ဗမာအစည်းအရုံးဝင်များသည် အစွန်းထက်တို့ အရေး၊ အလုပ်သမား လယ်သမား အရေးအခင်းများကို မိမိတို့အစည်းအရုံး၏ အရေးအခင်းများအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ တို့ဗမာအစည်းအရုံးကြီး ပေါ်ထွန်းလှုပ်ရှားနေသည့် အချိန်တွင် ရန်ကုန်တက္ကသိုလ်၌ မြန်မာပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်သော လူငယ်တစ်စုသည် နိုင်ငံရေးရာများတွင် ပါဝင်လှုပ်ရှားစပြုနေကြပြီဖြစ်လေသည်။

၎င်းတို့မှာ ကိုနု၊ ကိုအောင်ဆန်း၊ ကိုလှဖေ၊ ကိုလှရွှေ၊ ကိုသိန်းဖေ၊ ကိုသိန်းတင်၊ ကိုထွန်းစိန်၊ ကိုဖေကြီး စသော ကျောင်းသားခေါင်းဆောင်များ



ဖြစ်သည်။ ၎င်းတို့သည် တက္ကသိုလ်ကျောင်းသားများသမဂ္ဂ အမှုဆောင်အဖွဲ့တွင် ပါဝင်ကြရင်း ကျောင်းသားလှုပ်ရှားမှုများကို တစ်ဖက်မှ ဦးဆောင်၍ ဆောင်ရွက်နေကြပြီး တစ်ဖက်မှလည်း တို့ဗမာအစည်းအရုံးခေါင်းဆောင်များနှင့် လက်တွဲ၍ နိုင်ငံရေးရာများကို ဆောင်ရွက်နေကြလေသည်။

တို့ဗမာအစည်းအရုံးဝင်များသည် ထိုအချိန်တွင် ကျေးရွာသို့ လှမ်းချဉ်းကြ ကြလေသည်။ ကမ္ဘာ့တော်လှန်ရေးလှုပ်ရှားမှုများ လက်ဝဲဝါဒ ထွန်းကားလာခြင်းများနှင့် အလုပ်သမား လယ်သမား ဘဝသစ်ထူထောင်ရေး လှုပ်ရှားမှုများကို ဆွေးနွေးတိုင်ပင်စကြသည်။ ကွန်မြူနစ်ဝါဒ သဘောတရားရေး စာပေများကို ဖတ်ရှုကြပြီးလျှင် အရင်းရှင်နယ်ချဲ့စနစ်၏ ဆိုးပြစ်များကို ပို၍သိရှိနားလည်လာကြသည်။ အစည်းအရုံးခေါင်းဆောင်များသည် အစည်းအရုံးဝင်များအား ယင်းအချက်များကို ရှင်းလင်းပြသ ပညာပေးကြသည်။

အမျိုးသားစာပေခေါင်းဆောင်ကြီးတစ်ဦးဖြစ်သော မစ္စတာမောင်မှိုင်း အညိုနှင့် ဆရာကြီးဦးလွန်းကို တို့ဗမာအစည်းအရုံးဝင်များက ပင့်ဖိတ်ကြသဖြင့် ဆရာကြီးသည် အစည်းအရုံးသို့ ဝင်ရောက်လာသည်မှ စ၍ တို့ဗမာအစည်းအရုံးကြီးသည် ပို၍ ထင်ရှားလာသည်။ [illegible] နယ်ချဲ့အားထိုးနှက်ချက်ကို စာပေတိုက်ပွဲဝင်ခဲ့သော ဆရာကြီး မစ္စတာမောင်မှိုင်း ဦးလွန်း၏ ၁၉၃၄ ခုနှစ်တွင် ပထမအကြိမ်မြောက် သခင်ညီလာခံကို တို့ဗမာအစည်းအရုံးဝင်များက ရေနံချောင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ထိုအချိန်မှ စ၍ ဆရာကြီး မစ္စတာမောင်မှိုင်းသည် သခင်ကိုယ်တော်မှိုင်းဟု အမည်ပြောင်းခဲ့လေသည်။

တို့ဗမာအစည်းအရုံးအဖွဲ့ဝင်များသည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီကာလ အတွင်း ဖြစ်ပေါ်ခဲ့သော ၁၃၀၀ ပြည့်အရေးတော်ပုံနှင့် ကျောင်းသားသပိတ်ကြီး စသည့် အရေးအခင်းများတွင် ရှေ့တန်းမှ ပါဝင်ဦးဆောင်ခဲ့ကြသည်ကို တွေ့ရ၏။ မြန်မာနိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများတွင် တို့ဗမာအစည်းအရုံးဝင် လူငယ်များသည် လူကြီးအသင်းအဖွဲ့များထက် ပိုမိုစည်းရုံး လှုပ်ရှားနိုင်ခဲ့ကြသည်။ ခေတ်ပညာတတ်လူငယ်များ ပါဝင်ခဲ့ကြသောကြောင့်လည်း အစည်းအရုံးသည် အမြဲတမ်းတက်ကြွနေသည်။ မြန်မာ့အရေးအခင်းများမှန်သမျှတွင် ဤ အစည်းအရုံးဝင်များသည် အဆက်မပြတ် ပါဝင်လှုပ်ရှားခဲ့ကြသည်ကို မှတ်တမ်းတင်ရမည် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## (ဃ) ကျောင်းသားသပိတ်နှင့် ၁၃၀၀ ပြည့် အရေးတော်ပုံ

**ကျောင်းသားသပိတ်။** ။ ၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသည် ဒုတိယအကြိမ်မြောက် ကျောင်းသားသပိတ်ကြီးကို စတင်သပိတ်မှောက်ကြပြန်လေသည်။ ယခုအကြိမ်မှောက်ကြသော ကျောင်းသားသပိတ်ကြီးမှာ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုနု နှင့် အိုးဝေမဂ္ဂဇင်းအယ်ဒီတာ ကိုအောင်ဆန်းတို့အား ကျောင်းထုတ်ခံရသဖြင့် ဖြစ်ပေါ်လာရသော သပိတ်ကြီးဖြစ်ပေသည်။ သို့သော် တက္ကသိုလ်ကျောင်းသားများ၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ တက်ကြွမှုနှင့် ရန်ကုန်တက္ကသိုလ် အာဏာပိုင်များက ကျောင်းသားများအပေါ်တွင် ဖိနှိပ်ချုပ်ချယ်လိုမှုများကြောင့်လည်း ဖြစ်သည်ဟု ဆိုရပေမည်။

ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂမှ ကျောင်းသားကြီးများသည် တို့ဗမာအစည်းအရုံးဝင်များနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းများကို တွေ့ရှိရသဖြင့် တက္ကသိုလ်အာဏာပိုင်များက မကျေနပ်ကြပေ။ ကျောင်းသားများက နယ်ချဲ့ဆန့်ကျင်ရေးလုပ်ရပ်များကို လုပ်ဆောင်နေခြင်းကို တွေ့ရသဖြင့် အခွင့်သာသည့် အခိုက်တွင် ကျောင်းသားများကို ဖိနှိပ်အရေးယူရန်သာ ကြံစည်နေခဲ့ကြတော့သည်။

ဤတွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ ကိုနုကို အရေးယူရန် အချက်တွေ့လာတော့သည်။ ကိုနုသည် ဝိဇ္ဇာဘွဲ့ရ ဖြစ်စလူငယ်တစ်ဦး ဖြစ်၍ ပန်းတနော် အမျိုးသားအထက်တန်းကျောင်းဆရာတစ်ဦး ဖြစ်သည်။ သူသည် ဥပဒေတန်းတက်နေရင်းမှ တက္ကသိုလ်ကျောင်းသားများသမဂ္ဂတွင် ပါဝင်ဆောင်ရွက်နေပြီး တို့ဗမာအစည်းအရုံးဝင်များနှင့် ပူးပေါင်း၍ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများ၌ ကိုယ်ထိလက်ရောက် လှုပ်ရှားပါဝင်နေခဲ့သည်။

တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ကိုနုက အစည်းအဝေးတစ်ခုတွင် တက္ကသိုလ်ဥပဒေတစ်ရပ်လုံးကို ပြောင်းလဲပစ်ရမည်၊ ကျောင်းသားများအပေါ် မတရားဖိနှိပ်ချုပ်ချယ်သော ဆရာများကို အရေးယူရမည်၊ တက္ကသိုလ်ကောင်စီသည် ကျောင်းသားများကို ဖိနှိပ်၍ ကျောင်းသားထုညီညွတ်ရေးကို ဖြိုခွဲနေသည် စသဖြင့် ဟောပြောခဲ့၏။ ထို့ပြင် ကိုနုသည် မိမိ၏ မကျေနပ်ချက်များကို တက္ကသိုလ် ကျောင်းအုပ်ကြီး မစ္စတာစလော့စ်ထံသို့ စာအကြိမ်ကြိမ်ရေးခဲ့လေသည်။

ကိုနု၏ မိန့်ခွန်းကိုလည်းကောင်း၊ ကိုနု၏ သဘောထားကိုလည်းကောင်း တက္ကသိုလ်အာဏာပိုင်များသည် ချက်ချင်းအရေးယူသည့်အနေဖြင့် ကိုနုကို ကျောင်းမှ ထုတ်ပယ်ကြောင်း အမိန့်ထုတ်လိုက်လေသည်။ ကိုနုသည် မိမိရရှိထားသော ဝိဇ္ဇာဘွဲ့ကို ချက်ချင်းပင် တက္ကသိုလ်အာဏာပိုင်များထံ ပြန်အပ်ကြောင်း ကြေညာခဲ့သည်။



ထိုအချိန်တွင်ပင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ၏ ကြေးကြော်သံဖြစ်သော အိုးဝေမဂ္ဂဇင်းတွင် (Hell hound at large) အမည်ဖြင့် အင်္ဂလိပ်ဘာသာ ဆောင်းပါးတစ်စောင် ပါရှိလေသည်။ အဆိုပါ ဆောင်းပါးကို တည်းဖြတ်ထည့်သွင်းသူမှာ အိုးဝေမဂ္ဂဇင်းအယ်ဒီတာ ကိုအောင်ဆန်း ဖြစ်လေသည်။ အဆိုပါ ဆောင်းပါးကို ရေးသူမှာ ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုသိန်းဖေ (ညီမြ) ဖြစ်လေသည်။

ညီမြ ရေး၍ အယ်ဒီတာ ကိုအောင်ဆန်း တည်းဖြတ်ထုတ်ဝေသော အဆိုပါ "ခွေးသရဲကြီး လွှတ်နေသည်" ဆောင်းပါးမှာ တက္ကသိုလ်အာဏာပိုင်များနှင့် နယ်ချဲ့အင်္ဂလိပ်အစိုးရကိုပါ သွယ်ဝိုက်၍ တိုက်ခိုက်ရေးသားထားသော ဆောင်းပါးတစ်စောင်ဖြစ်နေလေရာ အစိုးရကလည်း မခံနိုင်၊ တက္ကသိုလ်အာဏာပိုင်များကလည်း မခံနိုင်ဖြစ်လာသည်။

အဆိုပါဆောင်းပါးတွင် ခွေးသရဲကြီးသည် ရည်းမည်းမြင်တိုင်း ဟောင်လိမ့်မည်၊ ဟောင်ရုံမက ကိုက်ချင်လည်း ကိုက်လိမ့်မည်၊ ခွေးသရဲကြီး၏ အန္တရာယ်ကို ကြိုတင်ရှောင်ရှားရန် လိုသည်၊ သို့မဟုတ် ခွေးသရဲကြီးအား လမ်းဆုံးသို့ပို့၍ အတော့ချောက်ချက်ကြစေရန် တက္ကသိုလ်ကျောင်းသားများက သတိပေး တပ်လှန့်လိုက်ပါသည် စသဖြင့် ဖော်ပြခဲ့ပေသည်။ အဆိုပါ ဆောင်းပါး၏ အဓိကပစ်မှတ်မှာ ထိုအချိန်က အုပ်စိုးနေသော ညွှန့်ပေါင်းအစိုးရနှင့် နယ်ချဲ့အင်္ဂလိပ်အစိုးရကို ဖြစ်၍ တက္ကသိုလ်အာဏာပိုင်များကိုလည်း သွယ်ဝိုက်၍ ထိုးနှက်ထားသည်ကို သိသာနိုင်လေသည်။

အိုးဝေမဂ္ဂဇင်းပါ ဆောင်းပါးသည် အစိုးရအား ပုတ်ခတ်ထိပါးသည်။ ကျောင်းသားကလေးများက အစိုးရအား ထိပါးပုတ်ခတ် ရေးသားခြင်းကို ထိထိရောက်ရောက် အရေးယူပါဟု ညွှန့်ပေါင်းအစိုးရက တက္ကသိုလ်အာဏာပိုင်များကို အမိန့်ပေးခဲ့သည်။ တက္ကသိုလ်အာဏာပိုင်အဖွဲ့သည် အိုးဝေအယ်ဒီတာ ကိုအောင်ဆန်းကို ခေါ်ယူ၍ ၎င်းဆောင်းပါးရေးသားသူ၏အမည်ကို ထုတ်ဖော်ပြောရန် တောင်းဆိုလေသည်။ ကိုအောင်ဆန်းက မိမိမှာ တာဝန်ခံအယ်ဒီတာဖြစ်သဖြင့် ဤမဂ္ဂဇင်းပါ စာသားများအားလုံးအတွက် မိမိ တာဝန်ယူပါသည်၊ ဆောင်းပါးရေးသူကို အယ်ဒီတာက ထုတ်ဖော်ရန် တာဝန်မရှိပါဟု ခိုင်ခိုင်မာမာ ပြန်လည်ပြောကြားခဲ့သည်။ ဤတွင် တက္ကသိုလ်အာဏာပိုင်များက ဆောင်းပါးရေးသူ၏ အမည်ကို ထုတ်ဖော်ခြင်း မရှိသောကြောင့်ဟု အကြောင်းပြ၍ အိုးဝေအယ်ဒီတာ ကိုအောင်ဆန်းကို ကျောင်းမှ ထုတ်လိုက်ကြပြန်ပေသည်။

သို့သော် ဤကျောင်းသားသပိတ်ကြီးကို ကြည့်ပြီး သမဂ္ဂခေါင်းဆောင် ၂ဦး ကျောင်းထုတ်ခံရ၍ သပိတ်မှောက်ကြသည်ဟု သဘောမှန်ယူ၍ မဖြစ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားများအနေဖြင့် နှစ်ပေါင်းများစွာက ဖိနှိပ်ချုပ်ချယ်လာခဲ့ကြသော တက္ကသိုလ်အာဏာပိုင်များအပေါ်အဝင် နယ်ချဲ့အစိုးရကို ဆန့်ကျင်ရေး အဘက်ဘက်တော်လှန်ရေး အတွက် စိတ်အားတက်ကြွနေသည်မှာ ကြာပြီဖြစ်ပေသည်။ အခွင့်အရေးကိုမသော သဖြင့်သာ သည်းခံနေခဲ့ကြခြင်းဖြစ်လေရာ ယခုအခါ အခွင့်သာသည်နှင့် ကျောင်းသားထုတစ်ရပ်လုံးသည် တစ်ခဲနက် သပိတ်မှောက်ခဲ့ကြခြင်းသာ ဖြစ်တော့သည်။

ရန်ကုန်တက္ကသိုလ် သပိတ်မှောက်ကျောင်းသားများသည် ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ မော်လမြိုင်ဇရပ်၌ တည်းခိုစခန်းများ ဖွင့်ပြီးလျှင် နေထိုင်ကြသည်။ သပိတ်ခေါင်းဆောင်များသည် သပိတ်၏ အရေးတော်ပုံကြီးကို ဆင်နွှဲရာတွင် စနစ်တကျ အုပ်ချုပ်ခဲ့ကြလေသည်။

ကော်မတီအသီးသီးဖွဲ့၍ သပိတ်မှောက်ကျောင်းသားများ လုံခြုံရေး၊ စားသောက်ရေး၊ ကျန်းမာရေးများအတွက် စနစ်တကျစီမံထားကြလေသည်။ လှူဒါန်းမှု ဆန် အစရှိသော ရိက္ခာပစ္စည်းများ အလှူခံကြသည်။ မိမိတို့ အဘယ်ကြောင့် သပိတ်မှောက်ခဲ့ရကြောင်းကိုလည်း မိဘပြည်သူများအား ရှင်းလင်းပြောပြခဲ့ကြလေသည်။ တက္ကသိုလ်အာဏာပိုင်များ၏ ဖိနှိပ်ချုပ်ချယ်မှုကိုလည်းကောင်း၊ နယ်ချဲ့အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုကိုလည်းကောင်း၊ ကျောင်းသားခေါင်းဆောင်များက ပြည်သူလူထုအား ရှင်းပြတိုင်ကြားခဲ့သဖြင့် မြန်မာနိုင်ငံ လူထုကြီးသည် အင်္ဂလိပ်အစိုးရနှင့် တက္ကသိုလ်အာဏာပိုင်များအား မကျေနပ်သည့် စိတ်၊ တော်လှန်လိုသည့် ဆန္ဒ၊ ဆန့်ကျင်လိုသည့် သဘောထားများ တဖွားဖွား ပေါ်ပေါက်လှုပ်ရှား လာခဲ့ကြလေသည်။

သပိတ်မှောက်ကျောင်းသားများသည် တက္ကသိုလ်နှင့် အထက်တန်းကျောင်းများသို့ သွားရောက်၍ သပိတ်တားကြသည်။ ညီငယ်၊ ညီမငယ်များကို အစိုးရ၏ ပညာရေးစနစ်နှင့် ဖိနှိပ်ချုပ်ချယ်မှုကို ဆန့်ကျင်ရေး သပိတ်မှောက် ဆန္ဒပြရေးအတွက် ဟောပြောစည်းရုံးကြသဖြင့် တက္ကသိုလ်သပိတ်ကြီးသည် အထက်တန်းကျောင်းများအထိ ပျံ့နှံ့ကူးစက်သွားခဲ့ပြန်လေသည်။

တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ကိုနု ခေါင်းဆောင်သော ကျောင်းသားထုကြီးသည် သပိတ်မှောက်နေစဉ်အတွင်း ရန်ကုန်မြို့ ပုလိပ်ရုံးကြီးသို့ ချီတက်ဝိုင်းဝန်း၍ "ကျွန်ပညာ အလိုမရှိ" စသော ကြွေးကြော်သံများကို ကြွေးကြော်ကြသည်။ ထို့ပြင် ကျောင်းသားများသည် အင်္ဂလိပ်အစိုးရတို့ အထွတ်အမြတ်ထားသော ယူနီယံဂျက်အလံကို မီးရှို့ကြလေသည်။ ကိုနု၊ ကိုအောင်ဆန်း၊ ကိုအုန်း စသော ကျောင်းသားခေါင်းဆောင်များသည် မြို့ပြည်နယ်ရပ်သို့ လှည့်လည်၍ သပိတ်အရေးအခင်းများကို ဟောပြောကြသည်။ ဤသို့ဖြင့် ကျောင်းသားသပိတ်သည် နယ်များသို့ လျှင်မြန်စွာ ကူးစက်ပြန့်ပွားခဲ့လေသည်။



တက္ကသိုလ်ကျောင်းသားများ၏ လှုပ်ရှားမှုကို ထိုအချိန်က ညွှန့်ပေါင်း အစိုးရကပင် ဂရုစိုက်လာရလေသည်။ ညွှန့်ပေါင်းအစိုးရ အာဏာပိုင်အဖွဲ့သည် တက္ကသိုလ်အာဏာပိုင်များထံသို့ ကျောင်းသားခေါင်းဆောင်နှစ်ဦးကို ကျောင်းသို့ ပြန်လည်လက်ခံရန် ညွှန်ကြားခဲ့၏။ ထို့ကြောင့် တက္ကသိုလ်ကျောင်းသား ခေါင်းဆောင်များဖြစ်ကြသော ကိုနုနှင့် ကိုအောင်ဆန်းတို့အား တက္ကသိုလ်တွင် ကျောင်းပြန်တက်ခွင့်ပြုသည့်အပြင် ကျောင်းသားများ မကျေနပ်ချက်များနှင့် ပတ်သက်ပြီးလျှင် "အထူးစုံစမ်းရေး ကော်မတီ" တစ်ရပ်ကို အစိုးရက ဖွဲ့စည်း၍ စုံစမ်းပြီး အစီရင်ခံစာ တင်သွင်းစေခဲ့ပေသည်။

**၁၃၀၀ ပြည့် အရေးတော်ပုံကြီး ပေါ်ပေါက်လာခြင်း။** ။ ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့ စနေနေ့တွင် စတင်မှောက်ခဲ့သော ချောက်မြို့ ဘီအိုစီ ရေနံမြေသပိတ်ကြီးသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် အလွန်အရေးပါ အရာရောက်ခဲ့လေသည်။ ၎င်းသပိတ်အရေးတော်ပုံကြီးမှာ မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်တွင် ပေါ်ပေါက်ခြင်းဖြစ်သောကြောင့် "၁၃၀၀ ပြည့်အရေးတော်ပုံ" ဟု မြန်မာ့သမိုင်းတွင် ပေါ်ပေါ်မှတ်သားရလျက် ရှိခဲ့ကြပေသည်။

ဤသပိတ်တွင် ချောက်မြို့ ဘီအိုစီရေနံလုပ်ငန်းမှ အလုပ်သမား ၅၅ ရာခိုင်နှုန်း ပါဝင်ခဲ့ခြင်းကြောင့် ရေနံလုပ်ငန်းကြီးတစ်ခုလုံး ရပ်စဲခဲ့ရသည်အထိ ဖြစ်ခဲ့၏။ နယ်ချဲ့ရေနံကုမ္ပဏီအာဏာပိုင်များအား ဤသပိတ်ကြီးသည် များစွာ လှုပ်ရှားထိနိုက်သွားစေခဲ့လေသည်။

ဤသပိတ်ကြီးပေါ်ပေါက်လာရခြင်းမှာ (၁) ဘီအိုစီ ရေနံကုမ္ပဏီက ဘာသာရေးအလုပ်ပိတ်ရက် ၁၀ ရက်ကို ၇ ရက်သို့ လျှော့ချခြင်း။ (၂) အလုပ်သမားများ၏ စားဝတ်နေရေးဆိုင်ရာ တောင်းဆိုချက် ၁၂ ချက်ကို လျစ်လျူရှုခြင်း၊ (၃) ချောက်ဘီအိုစီ မော်တော်ယာဉ်ဌာန စက်ပြင်ဆရာ ဦးခင်(သခင်ခင်)ကို အလုပ်ထုတ်ပစ်ခဲ့ခြင်းများကြောင့် ဖြစ်လေသည်။

**ဘီအိုစီကုမ္ပဏီ၏ မတရားမှုများ။** ။ ဘီအိုစီကုမ္ပဏီသည် မြန်မာပြည်သားများအပေါ်တွင် မတရားဖိနှိပ် သွေးစုပ်လျက်ရှိခဲ့သည်မှာ ကြာလေပြီ။ ကုမ္ပဏီအရာရှိများဖြစ်သော နိုင်ငံခြားသားများသည် တစ်လလျှင် လစာငွေ ၅၀၀၀ိ/- မှ ၈၀၀၀ိ/- အထိ ထုတ်ယူ၍ မော်တော်ကား၊ အိမ်နှင့် အခြားအခွင့်အရေးများကို အခမဲ့ရရှိနေချိန်တွင် ရေနံမြေလုပ်သားတစ်ဦး၏ လစာငွေမှာ တစ်လ ၁၅ ကျပ် ဖြစ်နေပေသည်။

ဘီအိုစီကုမ္ပဏီအတွက် ၁၉၃၇ ခုနှစ်တွင် ရေနံစိမ်း ဂါလံသန်းပေါင်း ၃၀၀ ကျော် ရရှိ၍ အိန္ဒိယနှင့် အခြားနိုင်ငံများသို့ တင်ပို့ရောင်းချရာ အိန္ဒိယမှ

www.burmeseclassic.com

www.burmeseclassic.com



ကျပ်သိန်းပေါင်း ၉၉၀ နှင့် အခြားနိုင်ငံများမှ ကျပ်သိန်းပေါင်း ၁၉၀ မျှ နိုင်ငံခြားငွေရခဲ့သည်။ မြန်မာလုပ်သားကြီးများ၏ လုပ်အားမှာ ထိုမျှကြီးမားခဲ့သည်။ ဘီအိုစီ ရေနံကုမ္ပဏီသည် တစ်နှစ်တစ်နှစ်တွင် ကျပ်သိန်းပေါင်း ၉၀၀ ကျော်မှ ကျပ်သိန်းပေါင်း ၁၀၀၀ ကျော်အထိ အမြတ်ရခဲ့သည်။ ဤအမြတ်ငွေမှာ နိုင်ငံခြားသို့ တင်ပို့ရောင်းချ၍ ရသော အမြတ်ငွေနှင့် ပြည်တွင်း၌ ရောင်းချ၍ ရသော အမြတ်ငွေများဖြစ်သည်။ သို့သော် ဘီအိုစီကုမ္ပဏီသည် ထိုမျှ အမြတ်ရရှိနေသော်လည်း လုပ်သားကြီးများအတွက် လုပ်ခငွေကိုမူ တစ်နှစ်လျှင် သိန်း ၇၀ မျှသာ အသုံးပြုခဲ့ပေသည်။ အမြတ်ငွေ၏ ၁၀ ရာနှုန်းပင် မပြည့်သော ငွေကိုသာ လုပ်ခအဖြစ် ပြန်၍ ပေးခဲ့သည်။

မျက်နှာဖြူအရာရှိကြီးများသည် ၃ နှစ်တစ်ကြိမ် ခွင့် ၆ လကြာကြာ လစာပြည့် ခံစားရသည်။ အလုပ်သမား ဆင်းရဲသားတို့ကိုမူ တစ်နှစ်အတွက် ခွင့် ၁၀ ရက်မျှ မှန်မှန်မပေး။ ထို့ပြင် ၈ ပေ၊ ၁၀ ပေ အခန်းကျဉ်းကလေးမျှ ရှိသော အလုပ်သမားတန်းလျားတွင် အလုပ်သမားတစ်အိမ်ထောင်လုံးကို မောင်နှံ နှမ၊ သားနှင့် အမိ၊ လင်နှင့် မယား ရောထွေးနေစေခဲ့၍ ကျန်းမာရေးနှင့် အကျင့်စာရိတ္တပါ ထိခိုက်ပျက်စီးခဲ့ရပေသည်။ ထို့ကြောင့် ၁၉၂၀ ခုနှစ်က သံလျင် ရေနံမြေအလုပ်သမားများသည်လည်းကောင်း၊ ၁၉၂၃ ခုနှစ်တွင် ရေနံချောင်း ရေနံအလုပ်သမားများသည်လည်းကောင်း၊ ၁၉၂၆ ခုနှစ်တွင် ရေနံချောင်း ရေနံအလုပ်သမားများသည်လည်းကောင်း သပိတ်လက်နက် စွဲကိုင်၍ အကြိမ်ကြိမ်ပင် အခွင့်အရေးများ တောင်းဆိုခဲ့၏။ ၁၉၂၀ ခုနှစ်နှင့် ၁၉၂၃ ခုနှစ်တွင် အခွင့်အရေးများ ရရှိခဲ့သည်။ ၁၉၂၆ ခုနှစ်တွင်မူ သပိတ်မှောက်မှုမှာ မအောင်မြင်ခဲ့ပေ။

၁၉၃၈ ခုနှစ်၊ ရေနံမြေသပိတ်ကြီးမှာကား ချောက်-ရေနံမြေ လုပ်သားများ အပေါ် ဖိနှိပ်ညှဉ်းဆဲသော နယ်ချဲ့အရင်းရှင် ရေနံကုမ္ပဏီကို ရေနံလုပ်သားထုကြီးက တစ်ခဲနက် ဆန့်ကျင်၍ ဆန္ဒပြခဲ့ခြင်းဖြစ်သည်။ အလုပ်သမားများ၏ တောင်းဆိုချက်မှာ တရားမျှတ၍ ပေးသင့်ပေးထိုက်သော အချက်များဖြစ်ပေသည်။ သပိတ်ကြီးဖြစ်ပေါ်စေရေးအတွက် အဓိကအကြောင်းသုံးချက်တွင် ပါရှိသော အလုပ်သမားများ၏ တောင်းဆိုချက် ၁၂ ချက်တွင် နေအိမ်များ ပိုမိုတိုးချဲ့ဆောက်ပေးရန်၊ အလုပ်သမားတန်းလျားများကို ရေမီးပြည့်စုံစွာ ပေးရန်၊ ခွင့်ရက်များ ပြည့်စုံစွာ ပေးရန်၊ ကျန်းမာရေးဆေးဝါးအနေဖြင့် အလုပ်သမားများ၏ ဇနီးသားမယားများ ကိုယ်ဝန်ကို ပြုစုကုသ ဆေးရုံတက်ခွင့်ပြုရန် စသည့် အချက်များ ပါဝင်လေသည်။

အလုပ်သမားများ ချောက်ရေနံမြေတွင် လှုပ်ရှားနေစဉ်မှာပင် ရန်ကုန်မြို့ရှိ



တို့ဗမာအစည်းအရုံးဌာနချုပ်မှ နာယကဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ သခင်လေးမောင်၊ လွှတ်တော်အမတ်ဦးဘလှိုင်တို့သည် အလုပ်သမားပြဿနာများကို ဆွေးနွေးရန် ရေနံချောင်းမြို့သို့ ရောက်ရှိခဲ့၏။ ၎င်းပုဂ္ဂိုလ်များကို ကြိုဆိုရန် ချောက်မြို့ အလုပ်သမားအစည်းအရုံးဝင် ဦးခင်(သခင်ခင်)အား စေလွှတ်ခဲ့သည်။ သခင်ခင်မှာ ဘီအိုစီအလုပ်သမားတစ်ဦးဖြစ်လေရာ ဘီအိုစီကုမ္ပဏီ မန်နေဂျာ မစ္စတာဘီရောက သခင်ခင်ကို အပြစ်ရှာ၍ အလုပ်မှ ထုတ်ပယ်ခဲ့လေသည်။ မူလက တောင်းဆိုချက်များ မရသဖြင့် မကျေနပ်ဟု အကြွပ်ရှုပ်မှုဖြစ်နေဆဲတွင် အလုပ်သမားတစ်ဦးကို အပြစ်ရှာ၍ အလုပ်ထုတ်လိုက်သောကြောင့် သပိတ်အရေးတော်ပုံကြီးကို စတင်ဆင်နွှဲကြတော့သည်။

ရေနံမြေအလုပ်သမားခေါင်းဆောင်များသည် သခင်ခင်ကို ဘီအိုစီမှ အလုပ်ထုတ်ပယ်ကြောင်း သိရသည်နှင့်တစ်ပြိုင်နက် ခေါင်းထွက်နေသော အလုပ်သမားထုကြီးကို စည်းရုံး၍ ဘီအိုစီကိုယ်စားလှယ်ရုံးသို့ ချီတက်ကြသည်။ ကိုယ်စားလှယ်ရုံးကိုဝိုင်း၍လျှင် သခင်ခင်ကို ချက်ချင်းအလုပ်ပြန်ခန့်ရန် တောင်းဆိုကြလေသည်။ အလုပ်သမားခေါင်းဆောင်များသည် ရေနံကုမ္ပဏီ ကိုယ်စားလှယ်နှင့် အချိန်အတော်ကြာမျှ ဆွေးနွေးခဲ့သည်။ ကိုယ်စားလှယ်က သခင်ခင်ကို အလုပ်ပြန်ခန့်ရန် သဘောတူပြီးလျှင် အလုပ်သမားများက အလုပ်ပြန်ဆင်းရန် သဘောတူခဲ့သည်။

ဘီအိုစီကုမ္ပဏီသည် တစ်ဖက်မှ အလွန်ကောက်ကျစ်စွာ ကြံစည်ခဲ့သည်ကို နောက်မှ သိရတော့သည်။ နယ်ချဲ့အစိုးရအာဏာပိုင်များနှင့် ရေနံကုမ္ပဏီ အာဏာပိုင်များ ပူးပေါင်း၍ ရေနံသပိတ်ခေါင်းဆောင်များကို ဖမ်းဆီးအရေးယူရန် ကြံစည်ခဲ့ကြသည်။

ဤအကြောင်းကို သိလျှင် သိချင်း အလုပ်သမားထု အစည်းအဝေးကြီး ကျင်းပပြီးလျှင် သက်ဆိုင်ရာ အာဏာပိုင်များအား အလုပ်သမားခေါင်းဆောင်များကို အရေးယူခြင်းမပြုရန် ကန့်ကွက်သော်လည်း သက်ဆိုင်ရာမှ မလိုက်လျောခဲ့ပေ။ ထို့ကြောင့် အလုပ်သမားထုကြီးသည် အလုပ်သမားအခွင့်အရေးများကို တောင်းဆိုသည့် တောင်းဆိုချက် ၂၁ ချက်ကို တင်ပြပြီးလျှင် ၎င်းအချက်များ မရမချင်း သပိတ်မှောက်သည်ဟု ကြေညာလိုက်တော့သည်။

ချောက်မြို့မှ စတင်၍ မှောက်လိုက်သော ရေနံမြေသပိတ်ကြီးမှာ ရေချမ်း ညချမ်းဆိုသကဲ့သို့ ရေနံမြေဒေသများဖြစ်သော လန်းရွာ၊ ရေနံ့ချင်း၊ ရေနံချောင်းမြို့များသို့ ကူးစက်ပြန့်ပွားသွားတော့သည်။ ဘာတွ အလုပ်သမားထုကြီးသည် မိမိတို့အလုပ်ခွင်မှ ပျက်ကွက်၍ သပိတ်မှောက်လိုက်ကြလေသည်။ ယခုစတင်ကြိမ် မှောက်ကြသော ရေနံမြေသပိတ်ကြီးမှာ အင်အားတောင့်တင်း ခိုင်မာပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



အလွန်လည်း ကျယ်ပြန့်လှသဖြင့် ဘီအိုစီရေနံကုမ္ပဏီအာဏာပိုင်များသည် သပိတ်ကြီးကို ဖြိုခွင်းရန် '၁၉ ဦး ကော်မတီ' ဖွဲ့စည်း၍ ကြံစည်ကြံဖန်ကြလေသည်။

ဤရေနံမြေအလုပ်သမားသပိတ်ကြီးသို့ ရေနံမြေဒေသအနီးအပါးတွင် ရှိနေကြသော ကျောင်းသား၊ အလုပ်သမား၊ ဈေးသည်၊ ကုန်သည်၊ အရပ်သား များပါ စုပေါင်းပြီး တောက်လျှောက်ပါဝင်ကြသည်။ ဤသပိတ်မှာ သာမန်အားဖြင့် ကြည့်လျှင် ဘီအိုစီရေနံကုမ္ပဏီကို ဆန့်ကျင်တော်လှန်သော အဓိပ္ပာယ်ရှိသော်လည်း အနှစ်ဆိုလျှင် နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုကြီးတစ်ရပ်လုံး၏ တိုက်ပွဲတစ်ရပ်ဟုလည်း ဆိုနိုင်ပေတော့သည်။

သပိတ်အရေးတော်ပုံကြီး နိုင်ငံအနှံ့ တင်းနေသည်ကို ဖြိုခွဲလေရန် နယ်ချဲ့အစိုးရ၏ မကွေးခရိုင် အရေးပိုင်အက်(ဖ်) အိပ်(ချ်) မူလာဝင်(သ်)သည် ၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့မှစ၍ ချောက်ရေနံမြေတွင် လူစုလူဝေး မလုပ်ရန် ပုဒ်မ ၁၄၄ ကို ထုတ်ပြန်ခဲ့သည်။

ရေနံမြေလုပ်သားထုကြီးသည် ယင်းအမိန့်ကို ဆန့်ကျင်သောအားဖြင့် ၂၂-၁၂-၃၈ ရက် ညနေ နေ့လယ် ၂ နာရီအချိန်တွင် အမျိုးသမီးတစ်ထောင် ၃၀၀ ကျော်ဦးဆောင်၍ သပြေပြန်များကိုင်ပြီး ကြေးနည်းတိုက်၍ ရှေ့သောင်းပွဲကျင်းပသည်။ လူထုကြီးသည် ချောက်မြို့ အေးဝေဘုရားသို့ ချီတက်လာကြရာ မှက်နှာပြူ ရာဇဝတ်ဝန်ထောက်နှင့် ပုလိပ်အဖွဲ့မှ တိုက်ခိုက်တိုးစီးသော ပုလိပ်များက တားဆီးကြသည်။ မျက်နှာဖြူ ရာဇဝတ်ဝန်ထောက်နှင့် တိုက်ခိုက်တို့က သခင်မ ဒေါ်အေးနှင့် သခင်မ မအေးတို့အား လက်ကို ဆွဲ၍ တားဆီးသဖြင့် သခင်မများက ငှင်းတို့အား ပါးရိုက်၍ တုံ့ပြန်ဆန့်ကျင်ခဲ့၏။ ထိုအမှုအတွက် သခင်မ ဒေါ်အေးမှာ ထောင်သုံးလ ကျခံခဲ့ရ၏။

ဘီအိုစီ ရေနံလုပ်သားသပိတ်ကြီးတွင် ပါဝင်ခဲ့သော အလုပ်သမားများ ထဲမှ သပိတ်တားသူများကို အချို့က ဖမ်းဆီးကြသည်။ အလုပ်သမား ၈၀ ကျော်ဝင် အဖမ်းခံခဲ့ရသည်။ ရေနံလုပ်သားအမျိုးသမီးများသည် တုတ်ကိုင်မှုလင် များ၏ ရိုက်နှက်မှုကို ခံပြီး ကတ္တရာစေး အပူလောင်ခံ၍ လမ်းများပေါ်တွင် လှဲအိပ်၍ ဆန္ဒပြကြလေသည်။

ထိုကဲ့သို့ ရေနံသပိတ်ကြီး မှောက်နေသည်ကို နန်းရင်းဝန် ဒေါက်တာ ဘမော်နှင့် ကူညန်ရောင်းဝယ်ရေးဝန်ကြီး ဒေါက်တာသိမ်းမောင်တို့က ၂၅-၁-၃၉ ... နေ့တွင် အလုပ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သော်လည်း ထိရောက်သော အရေးယူမှု မရှိ၍ အလုပ်သမားတို့က သပိတ်ကို ဆက်မှောက်ခဲ့၏။ မှောက်ထားသည်လည်း စစ်မှန်ရေးတော်လှန်တိုက်ပွဲကြီး ရေနံမြေသို့ ပျော့ကျနေရာ မကောင်းပြ ခဲ့ပေ။



ရေနံမြေအလုပ်သမားတို့၏ သပိတ်တိုက်ပွဲအတွက် တို့ဗမာအစည်းအရုံးကြီးသည် မြန်မာနိုင်ငံအနှံ့အပြားသို့ ဖွဲ့စည်းလှုပ်ရှား၍ အလှူငွေများကောက်ခံခြင်း၊ အလုပ်သမားတို့ နစ်နာမှုများကို ရှင်းပြခြင်း စသဖြင့် ကူညီဆောင်ရွက်ခဲ့လေရာ မြန်မာအမျိုးသားထုတစ်ရပ်လုံးသည် သပိတ်ကို ထောက်ခံအားပေးခဲ့လေသည်။

ချောက်၊ ရေနံချောင်း၊ လမ်းရွာ၊ ရေနံချပ်မြို့များက သန်လျင် ရေနံလုပ်ငန်းသို့ပင် ကူးစက်လာသော ရေနံသပိတ်ကြီးမှာ ဘီအိုစီ ရေနံကုမ္ပဏီ အရင်းရှင်များက ဂရုမစိုက်ဘဲနေခဲ့သောကြောင့် သက်တမ်းတစ်နှစ်နီးပါးအထိ ကြာလာခဲ့လေသည်။ သပိတ်မှောက်နေရ၍ အလုပ်သမားများမှာ စားဝတ်နေရေး အတွက် အကျပ်အတည်း တွေ့နေကြရသည်။ သို့သော် မြန်မာ့အလုပ်သမား များသည် အရင်းရှင်ကုမ္ပဏီကို ဒူးမထောက်ဘဲ သံမဏိစိတ်ဓာတ်ဖြင့် သပိတ်ကြီး ကို ဆက်၍သာ မှောက်နေခဲ့ကြ၏။

၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အတွင်းဝန် သခင်ဖိုးလှကြီး ခေါင်းဆောင်သော သပိတ်တပ်ကြီးသည် ရန်ကုန်မြို့ ဘုရင်ခံအိမ်ကို ဝိုင်း၍ ဆန္ဒပြရန်အတွက် ချောက်မြို့မှ ခရီးရှည်ချီတက်ပွဲကြီးကို စတင်ဆင်နွှဲခဲ့လေ သည်။ မိုင်ပေါင်း ၄၀၀ ခရီးရှည်ချီတက်မည့် ရေနံမြေလုပ်သားများတွင် တပ်သား ၂၀၀၀ ခန့် ပါဝင်၍ တစ်ရံ ၈ ယောက်ပြီး ချီကြပြန်သည်။ ရေနံတပ်ကြီးသည် မရွှေဝါ၊ ကျွန်ုပ်ပေါ်၊ နေရှင်နယ် ပွဲကြီးပေါ်၊ အရေးတော်ပုံ အောင်ပါစေ စသော ကြွေးကြော်သံများကို ကြွေးကြော်၍ ချီတက်လာကြရာ လမ်းတစ်လျှောက်လုံးမှ ရွာလူရှင်များက တစ်ခဲနက်အားပေးပြီး ကြိုဆိုကြသည်။ ရေနံတပ်ကြီး မကွေးသို့အရောက်တွင် သပိတ်မှောက်ခေါင်းဆောင်များကို ပုလိပ် များက ဖမ်းဆီးလိုက်၏။ သခင်ဖိုးလှကြီး အပါအဝင် သပိတ်ခေါင်းဆောင်များ အဖမ်းခံရသည်။ သပိတ်တပ်သားများကို ပုလိပ်စစ်တပ်များက လှည့်ကိုင်တပ်၊ မြင်းတပ်များဖြင့် ဝန်းရံထား၍ မကွေးမှ အရောက် ၂၀ ခန့် ကြာမြင့်စွာ နေခဲ့ရသည်။

သပိတ်တပ်ကြီးအား ရန်ကုန်မြို့မှ ရန်ကုန်တက္ကသိုလ် ကျောင်းသား သမဂ္ဂမှ ခေါင်းဆောင်များဖြစ်သော ကိုဝေလှိုင်နှင့် ကိုဗဆွေတို့က မကွေးမြို့သို့ လာရောက် ကြိုဆိုရင်း တရားဟောကြသည်။ ကိုဝေလှိုင်က 'နယ်ချဲ့သမားရဲ့ မြင်းတပ်က မြွေတစ်ချက်ပေါက်ရင် ဖားတစ်ပြည်လုံး ဒီးဟုန်းဟုန်းတောက် စေမည်၊ အသက်သေသေ အရိုးကျေကျေ ပန်းတိုင်အရောက် ချီကြစို့' စသဖြင့် ပြောကြားသည် ဟောကြားလေသဖြင့် အလုပ်သမားထုကြီးမှာ များစွာ အားမာန် တက်ကြွခဲ့ရလေသည်။ ထိုသို့ ဟောကြားသော တို့ဗမာအစည်းအရုံးခေါင်းဆောင် များသည်လည်း အဖမ်းခံကြရပြန်သည်။

ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ရေနံအလုပ်သမားတပ်ကြီးသည် စစ်တပ်များ

www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်များကို အတင်းထိုးဖောက်၍ အာဏာဖီဆန်ပြီး ခရီးကို ဆက်လက်ချီတက်ကြ၏။ စစ်သားနှင့် ပုလိပ်များက မြင်းစွာနှင့် ပေါက်ကြသည်။ ပုလိပ်များက တုတ်ဖြင့် ရိုက်ကြသည်။ မည်သို့ပင် တားဆီးစေကာမူ အသေခံအလေးခံ၍ ချီတက်ရန် ဆုံးဖြတ်ထားသော အလုပ်သမားများသည် အမှုမထား ရှေ့သို့ တိုးကြသည်၊ တက်ကြသည်။ ပုလိပ်များ ရိုက်နှက်၍ လဲကျနေသူများကြားမှပင် မရပ်မနား ရှေ့သို့ တက်ကြလေသည်။ ပုလိပ်များသည် အလုပ်သမားတပ်မှ အလံကိုင်များ ခေါင်းဆောင်များကို ထပ်ဖမ်း၍ ဖမ်းဆီးကြပြန်သည်။ တစ်ဖိုလ်ကျ တစ်ဖိုလ်တက်စနစ်ဖြင့် အလုပ်သမားခေါင်းဆောင်များကို တင်မြှောက်၍ အလုပ်သမားထုကြီးသည် ရန်ကုန်အရောက် ဆက်လက်၍ ချီကြလေသည်။

ရေနံမြေလုပ်သားများကို ထောက်ခံသည့်အနေဖြင့် သထုံ၊ ပဲခူး ပေါင်းနယ်များမှ တောင်သူလယ်သမားတပ်ကြီးသည် ရန်ကုန်မြို့သို့ ခရီးရှည်ချီတက်လာကြရာ အလုပ်သမားတပ်နှင့် လယ်သမားတပ်ကြီးသည် ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်လာခဲ့လေသည်။

**ဗိုလ်အောင်ကျော် ကျဆုံးခြင်း။** ။ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ ခေါင်းဆောင်များဖြစ်သော ကိုဗဟိန်းနှင့် ကိုဗဆွေတို့ကို အစိုးရက ဖမ်းဆီးလိုက်သည်ကို မခံမရပ်နိုင်ကြသော ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားထုကြီးသည် မိမိတို့ ကျောင်းသားခေါင်းဆောင်များကို လွှတ်ရန် ဖိနှိပ်ချုပ်ချယ်ထားသော ဥပဒေများကို အမြန်ဆုံးရုပ်သိမ်းရန် တောင်းဆိုဆန္ဒပြရန် စီစဉ်လေတော့သည်။

၁၉၃၈ ခု ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂမှ ဦးဆောင်၍ ကျောင်းသားများသည် ရန်ကုန်မြို့ အတွင်းဝန်များရုံးကို ဝိုင်းဝန်းဆန္ဒပြကြ၏။ ထိုအချိန်က ရန်ကုန်မြို့တွင် ပုဒ်မ ၁၄၄ ထုတ်ပြန်ထား၍ လူစုလူဝေးဖြင့် စီတန်းလှည့်လည်မှု မပြုလုပ်ရန် တားဆီးထားသည်ကို ကျောင်းသားများက အာဏာဖီဆန်ကြခြင်း ဖြစ်လေသည်။

နံနက် ၁၀ နာရီအချိန်တွင် တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဒုတိယဥက္ကဋ္ဌ နှင့် ကျောင်းသားအသင်းချုပ် ဒု၊ ဥ၊ ကိုလှရွှေ ဦးဆောင်သော ကျောင်းသားထုကြီးသည် ရန်ကုန်မြို့ အတွင်းဝန်များရုံးကို ဝိုင်း၍ စနစ်တကျ ဆန္ဒပြကြသည်။ ဖမ်းထားတဲ့ ကိုခေါင်းဆောင်တွေ အမြန်လွှတ်၊ ဖိနှိပ်ချုပ်ချယ်တဲ့ ဥပဒေတွေ အလိုမရှိ စသော ကြွေးကြော်သံများကို သံပြိုင်ဟစ်ကြွေးကြသည်။ ကိုလှရွှေ ကိုအောင်ကျော် စသော ခေါင်းဆောင်များက ကျောင်းသားထုကြီးအား နယ်ချဲ့အစိုးရစေတပ်များက မည်သို့ ရိုက်နှက်၊ ညှဉ်းဆဲ၊ သတ်ဖြတ်သည်ဖြစ်စေ ကျပြန်ရန်မူခြင်း မပြုရ၊ မနှိမ်ရဟု ဆိုဆုံးမထားခဲ့၏။

နေ့လယ် ၁၂ နာရီအချိန်တွင် ကျောင်းသားထုကြီးသည် ဆန္ဒပြ



ကြွေးကြော်ပြီး၍ တပ်ပေါက်ပြန်ရန် စီစဉ်နေစဉ် နယ်ချဲ့ဖက်ဆစ်အစိုးရ၏ မြင်းတပ်ကြီးသည် ကျောင်းသားထုအတွင်းသို့ တစ်ရှိန်ထိုး မောင်းနှင်ရောက်လာပြီး လက်နက်ကိုင်၍ ဘာမျှ မရှိသော ကျောင်းသားလူငယ်ကလေးများအား သစ်သားတုတ်များဖြင့် ရိုက်နှက်ကြတော့သည်။ ကျောင်းသားများသည် မိမိတို့ခေါင်းဆောင်များ၏ ညွှန်ကြားချက်ကို နာခံ၍ ရန်ပြုခြင်း မရှိဘဲ သည်းခံနေကြသည်။ နယ်ချဲ့အစိုးရ ပုလိပ်များ၏ တုတ်ချက်အောက်တွင် ကျောင်းသူကျောင်းသား ၂၀၀ ခန့် ဒဏ်ရာပြင်းထန်စွာ ရရှိကြသည်။ ထိုဆန္ဒပြပွဲတွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သော ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဂျပ်ဆင်ကောလိပ်ကျောင်းမှ ဥပဒေတန်းသား ကိုအောင်ကျော်မှာ ၂ ရက်အကြာတွင် ရန်ကုန်ဆေးရုံကြီးတွင် ကွယ်လွန်သွားခဲ့လေသည်။

ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော် ကျဆုံးသွားခဲ့ခြင်းကြောင့် ကျောင်းသားထုကြီးနှင့် တစ်ပြည်လုံးရှိ မြန်မာလူထုကြီးက ၎င်းအား "ဗိုလ်" ဘွဲ့တပ်၍ ဗိုလ်အောင်ကျော်ဟု ဂုဏ်ပြုခဲ့ကြလေသည်။ ကျောင်းသားထု၏သွေး မြေသို့ ကျခဲ့ရသဖြင့် မြန်မာတစ်ပြည်လုံးရှိ ကျောင်းသားထုကြီးနှင့် မိတ်ပြည်သူလူထုတစ်ရပ်လုံးပင် မခံမရပ်နိုင် ဖြစ်လာကြသည်။ ကျောင်းသားသွေး မြေသို့ ကျခြင်း၊ ရေနံမြေ အလုပ်သမားထု အရေးတော်ပုံကြီး ပေါ်ပေါက်လာရခြင်း၊ တိုင်းပြည်လှုပ်ရှားမှုအသွင်ကူးလာခြင်းတို့ကြောင့် နောက်ဆုံးတွင် မြန်မာနိုင်ငံ ညွန့်ပေါင်းအစိုးရ ပြုတ်ကျသွားခဲ့ရလေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယပိုင်း

## ဖက်ဆစ်တော်လှန်ရေးဖြစ်ခါနီး
## မြန်မာနိုင်ငံအခြေအနေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

## ဂျပန်နိုင်ငံနှင့် မြန်မာလူငယ်များ အဆက်အသွယ်ရလာခြင်း

### (က) ဖက်ဆစ်ဝါဒနှင့် ဂျပန်နိုင်ငံ

**ဖက်ဆစ်ဝါဒ ။** ။ ဖက်ဆစ်ဆိုသော ဝေါဟာရသည် အီတလီဘာသာ "ဖက်စီရို"မှ ဆင်းသက်လာသော စကားလုံးတစ်ခုပင် ဖြစ်သည်။ "ဖက်စီရို" ဆိုသော အီတလီဘာသာစကား၏ မြန်မာအဓိပ္ပာယ်မှာ "အစည်း" သို့မဟုတ် "စည်းနှောင်ထားသော ပစ္စည်း"ဟု ဖြစ်လေသည်။ ကမ္ဘာပေါ်တွင် ဖက်ဆစ်ပါတီကို ပထမဆုံးတည်ထောင်သူမှာ အီတလီနိုင်ငံ အာဏာရှင် မူဆိုလီနီပင် ဖြစ်သည်။ မူဆိုလီနီသည် ပထမကမ္ဘာစစ်ကြီး ပြီးဆုံးခါစ အချိန်ဖြစ်သော ၁၉၁၉ ခုနှစ်တွင် အီတလီနိုင်ငံ ၌ ဖက်ဆစ်ပါတီကို ပထမဦးစွာ တည်ထောင်ဖွဲ့စည်းခဲ့ပေသည်။ ဖက်ဆစ်ပါတီ၏ မူဝါဒသဘောတရားများတွင် အဓိကအချက်မှာ အာဏာရှင်ဝါဒကြီးမားဖွံ့ဖြိုးရေးနှင့် အုပ်ချုပ်သူ၏ တစ်သွေး တစ်သံ တစ်မိန့် ဩဇာတည်ရှိရေးပင် ဖြစ်လေသည်။ ထို့ကြောင့်ပင် အီတလီဖက်ဆစ်ပါတီဝင်များသည် ခေါင်းဆောင်ကြီး မူဆိုလီနီ၏ တစ်ချက်လွှတ်ဩဇာအာဏာများ တည်တံ့ခိုင်မြဲရေးအတွက် ရက်စက်ကြမ်းကြုတ်စွာ ကြိုးစားဆောင်ရွက်ကြသည်။ အကြောင်းအရာတစ်ခုကို ဆောင်ရွက်ရာ၌ တရားမျှတမှုရှိသည်ဆိုသော ပေတံဖြင့် တိုင်းထွာခြင်း လုံးဝမပြုရဘဲ မိမိတို့အာဏာရှင်၏ တစ်သွေး တစ်သံ တစ်မိန့်နှင့် လိုက်လျောညီထွေ ရှိ၊ မရှိကိုသာ ကြည့်ကြရသည်။ အာဏာရှင်၏ တစ်သွေး တစ်သံ တစ်မိန့်နှင့် လိုက်လျောညီထွေမှုမရှိလေလျှင် ရှိရလေအောင် ရက်စက်ကြမ်းကြုတ်သော နည်းအမျိုးမျိုးဖြင့် သနားညှာတာမှု ကင်းမဲ့စွာ ပြုလုပ်ဆောင်ရွက်တတ်ကြလေသည်။ ဖက်ဆစ်ပါတီတွင် "ဖက်ဆစ် ဂရင်းကောင်စီ"ကို ဖွဲ့စည်းထားသည်။ ၎င်းကောင်စီသည် ပါတီ၏ အာဏာပိုင် အဖွဲ့လည်း ဖြစ်သည်။ ၎င်းကောင်စီကို ဦးစီးချုပ်ကိုင်သူမှာ ဖက်ဆစ်ပါတီ ခေါင်းဆောင် မူဆိုလီနီပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အီတလီ ဖက်ဆစ်ပါတီ၏ တံဆိပ်မှာ သံချောင်းအစည်းတစ်ခုနှင့် ပုဆိန်ပုပင် ဖြစ်သည်။ ၎င်းသင်္ကေတမှာ ရှေးရောမခေတ်၏ အဆောင်အယောင်ကို ဆွဲယူသုံးစွဲထားခြင်းဖြစ်လေသည်။ ရှေးရောမခေတ်၏ တရားသူကြီးများသည် ရုံးတော်သို့ တက်ရောက်လာသောအခါတွင် ၎င်းတရားသူကြီး၏ ရှေ့မှ သံချောင်းအစည်းနှင့် ပုဆိန်ကိုင် အမှုထမ်းတစ်ဦး လိုက်ပါရလေသည်။ ဤသည်မှာ တိုင်းသူပြည်သားတို့၏ အသက်နှင့် ကိုယ်ကို နိုင်ငံတော်က ပိုင်ဆိုင်စိုးမိုးကြောင်း အထိမ်းအမှတ်ဖြစ်သည်။

အီတလီပြည်မှ စတင်လာသော ဖက်ဆစ်ဝါဒသည် ကမ္ဘာ့နိုင်ငံအချို့တို့ဆီသို့ နိုင်ငံရေးအယူအဆတစ်ရပ်အဖြစ် ရောက်ရှိသွားလေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတို့မှ လက်ခံထားသော လစ်ဘရယ်ဝါဒနှင့် ဆိုရှယ်လစ်ဝါဒတို့သည် ဖက်ဆစ်ဝါဒ၏ မဟာရန်သူများ ဖြစ်လာလေသည်။ ဆိုရှယ်လစ်ဝါဒအရ လူတိုင်းလူတိုင်းသည် ပုဂ္ဂိုလ်တစ်ဦးစီအနေဖြင့် အရေးပါ အရာရောက်ရသည်။ အမျိုးသားရေးဟူသည် တိုင်းသူပြည်သားတစ်ဦးစီတို့၏ အရေးအရာများကို စုစည်းထားခြင်းဖြစ်သည်ဟု လက်ခံထားကြပေသည်။

ဖက်ဆစ်ဝါဒအနေဖြင့်ကား ပုဂ္ဂိုလ်တစ်ဦးစီ၏ အရေးကိစ္စကို ဂရုမပြုနိုင်။ လူတိုင်း လူတိုင်းသည် အရေးပါနေသူဟု မယူဆ။ နိုင်ငံတော်ကြီးပွားရေးအတွက် လူတိုင်းသည် နိုင်ငံ၏လက်ကိုင်တုတ်များအဖြစ် အသုံးချခံနေရမည်။ လွတ်လပ်စွာ ရေးသားခွင့်၊ ပြုမူခွင့်၊ ပြောဆိုခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်ဟူ၍ မရှိ။ နိုင်ငံတော်၏ အာဏာပိုင်များက ပေးထားသော အခွင့်အရေးကိုသာ ခံစားခွင့်ရှိသည်။ တိုင်းသူပြည်သားများ၏ အသက်နှင့် စည်းစိမ်ကို နိုင်ငံတော်က လုံးဝပိုင်ပေသည်။

၁၉၁၉ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် အီတလီပြည်၊ မီလန်မြို့၌ ဖက်ဆစ်ပါတီကို မူဆိုလီနီက တည်ထောင်ဖွဲ့စည်းခဲ့လေသည်။ ဖက်ဆစ်ပါတီကို အီတလီလူထုက အားပေးထောက်ခံခဲ့ကြ၏။ ၎င်းဖက်ဆစ်ပါတီတွင် ပါဝင်ခဲ့သော အဖွဲ့ဝင်များသည် အများအားဖြင့် စစ်ပြန် အမှုထမ်းဟောင်းများဖြစ်ကြသဖြင့် ပါတီဝင်များ၏ အင်အားမှာလည်း မူလကပင် ခိုင်မာတောင့်တင်းစွာ တည်ရှိခဲ့ပေသည်။

၎င်းပါတီဝင်များသည် ဖက်ဆစ်တပ်ဖွဲ့ကိုလည်း ဖွဲ့စည်းကြပြန်ပြီး ၎င်းတပ်သားများကို အနက်ရောင်ယူနီဖောင်းများ ဝတ်ဆင်စေသည်။ ထို့ကြောင့် ဖက်ဆစ်တပ်ဖွဲ့ဝင်များကို ရှပ်နက်တပ်သားများဟု ခေါ်ကြသည်။

ဖက်ဆစ်ပါတီခေါင်းဆောင် မူဆိုလီနီသည် မိမိ၏ပြိုင်ဘက် နိုင်ငံရေးပါတီအများအပြားကို ပြင်းထန်ရက်စက်စွာ နှိမ်နင်းတိုက်ခိုက်ခဲ့သည်။ သူသည် ရှပ်နက်တပ်သားများ အကူအညီဖြင့် ရက်စက်ကြမ်းကြုတ်သည့် ပြစ်မှုများကို ကျူးလွန်ခဲ့ပြီးနောက် နိုင်ငံရေးအောင်ပွဲခံခဲ့ရ၏။ အီတလီတပ်မတော်၏ နိုင်



တောင့်တင်းသော အင်အားကို ယူပြီးလျှင် အီတလီအာဏာရှင်အဖြစ် ခံယူတော့သည်။

မူဆိုလီနီသည် မိမိ၏ ဖက်ဆစ်ဝါဒကြီးကို ဝေဖန်ရေးသားခြင်း၊ ဝေဖန်ဟောပြောခြင်း စသည်တို့ကို ထိထိရောက်ရောက် ချုပ်ချယ်တားဆီးခဲ့လေသည်။ ထို့ကြောင့် နိုင်ငံအတွက် နိုင်ငံသားတိုင်း၏ အသက်နှင့် စည်းစိမ်ကို စတေးရမည်ဆိုသော ဝါဒဆိုးတစ်ရပ်သည် အီတလီနိုင်ငံ၌ တရားဝင်တည်တံ့ခိုင်မြဲလာလေတော့သည်။

မူဆိုလီနီ၏ ဖက်ဆစ်ဝါဒအရဆိုလျှင် ၎င်းသဘောတရားကို လက်ခံကျင့်သုံးသော နိုင်ငံတိုင်းတွင် လူတစ်ဦးစီ၏ အကျိုးထက် နိုင်ငံတော်၏ အကျိုးကို ကြည့်ကြရမည်။ နိုင်ငံတော်အတွက် ရှုမှတ်ထားသော မည်သည့်လမ်းစဉ်ကိုမဆို ဝေဖန်ထိပါးမှုပြုလုပ်သူဖြစ်ပါက နိုင်ငံတော်၏ သစ္စာဖောက်မှုဖြင့် ပြတ်သားစွာ အရေးယူရမည်။ ဖက်ဆစ်ဝါဒကို အတိုက်အခံပြုသော မည်သည့်ပုဂ္ဂိုလ်ကိုမဆို ဖမ်းဆီးအပြစ်ပေးရန် လျှို့ဝှက်စုံထောက်နှင့် တပ်သားများ ခန့်ထားစေရမည်။ နိုင်ငံသားတစ်ဦးသည် မည်မျှသေးငယ်သော အကြောင်းအရာကိုပင်ဖြစ်စေ၊ နိုင်ငံ့လမ်းစဉ်နှင့် ပတ်သက်ပါက မပြောရ၊ မဝေဖန်ရ၊ မထိပါးရ။ အကယ်၍ အမှတ်မဲ့ပြောဆိုမိပါက နေရာတိုင်းတွင် ရှိနေသော လျှို့ဝှက်စုံထောက်များက ချက်ချင်းဖမ်းဆီးနိုင်သည်။

ဖက်ဆစ်ခေါင်းဆောင်ကြီးများက နိုင်ငံ၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ကာကွယ်ရေး စသော ဌာနတိုင်းကိုပင် ကြိုးကိုင်ချုပ်ကိုင်နေကြရမည်။ နိုင်ငံသားတိုင်းသည် အမြဲတမ်း စစ်သွေးစစ်မာန်ကြွ၍ တိုက်ချင် ခိုက်ချင်နေစေရန် လှုံ့ဆော်ပေးထားရမည် ဖြစ်၏။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပေါ်မီ အချိန်ကာလတွင် အီတလီနိုင်ငံမှ ကျင့်သုံးနေသော ဖက်ဆစ်ဝါဒ၌ စည်းစနစ်အသစ်တစ်ရပ် ပေါ်လာသည်။ ၎င်းစနစ်သစ်အရ နိုင်ငံတော်၏လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်တို့ကို တရားဝင်အတည်ပြုထားသော အဖွဲ့အစည်း ၂၂ ခုမှ အမှုဆောင်များက အုပ်ချုပ်ရသည်။ ၎င်းအဖွဲ့အစည်း ၂၂ ခုသည်ပင် တိုင်းပြည်၏ ကိုယ်စားပြုသော လွှတ်တော်အမတ်များ ရွေးကောက်ရန် အခြေခံအဖွဲ့များ ဖြစ်သည်။ တိုင်းပြည်ကိုယ်စားလှယ်များရွေးရာ၌ ဒေသအလိုက် မရွေးစေရ၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များအလိုက်သာ ရွေးကောက်ရပေမည်။

အီတလီနိုင်ငံမှ စတင်လာသော ဖက်ဆစ်ဝါဒကို ပထမဆုံး စတင်၍ ကူးယူအသုံးပြုသူမှာ ဂျာမနီနိုင်ငံ အာဏာရှင်ဖြစ်လာသော ဟစ်တလာပင်ဖြစ်လေသည်။ သို့သော် နောင်အခါတွင် ဟစ်တလာနှင့် သူ၏ ဖက်ဆစ်ဝါဒ သဘော

www.burmeseclassic.com

www.burmeseclassic.com



ကရားတို့ကသာ အီတလီဖက်ဆစ်အာဏာရှင် မူဆိုလီနီအား ဖုံးလွှမ်းသွားစေပြီးလျှင် မူဆိုလီနီသည် ဟစ်တလာ ကြိုးဆွဲရာကသော ရုပ်သေးရုပ်ဖြစ်လာရသည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားသောအခါတွင် အီတလီဖက်ဆစ်အာဏာရှင် မူဆိုလီနီသည် ဂျာမနီ ဖက်ဆစ်အာဏာရှင် ဟစ်တလာ၏ ပြဋ္ဌာန်းချက်များကို ကျိုးနွံစွာ လိုက်နာခဲ့ရလေသည်။

မူဆိုလီနီက မိမိ၏ ဖက်ဆစ်ဝါဒသည် မိမိနိုင်ငံအတွက်သာ ဖြစ်သည်၊ အခြားသို့ ပျံ့နှံ့ရန် မဟုတ်ဟုဆိုသော်လည်း နောင်အခါတွင် ၎င်းဝါဒသည် နိုင်ငံအများသို့ ပျံ့နှံ့ခဲ့သည်။ ထိုသို့ပျံ့နှံ့ခဲ့သော နိုင်ငံများတွင် ဂျပန်နိုင်ငံ ပါဝင်ခဲ့လေသည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပေါ်မီ အာဏာရလာသော ဂျပန်စစ်အာဏာပိုင်များသည် မူဆိုလီနီ၏ ဖက်ဆစ်ဝါဒကို မိမိတို့နိုင်ငံသို့ သွင်းကုန်ပစ္စည်းတစ်ရပ်အဖြစ် တင်သွင်းခဲ့လေသည်။ ဤသို့ဖြင့် ကမ္ဘာပေါ်တွင် အရက်စက်ဆုံးနှင့် အရမ်းကာဆုံး နိုင်ငံရေးဝါဒတစ်ရပ်သည် အရှေ့တိုက်မှ အရေးပါအရာရောက်သော နိုင်ငံတစ်ခုသို့ အမှတ်မထင် ရောက်ရှိလာခဲ့သည်။ ထိုသို့ ရောက်ရှိလာသော ဖက်ဆစ်ဝါဒသည် ၁၉၄၁ ခုနှစ်မှ စ၍ အရှေ့တိုက်ကြီးတစ်ခုလုံးအား စစ်မီး လောင်မြိုက်စေရန် မီးကုတ်ကို ကိုင်၍ လိုက်လံမီးရှို့နေခဲ့လေသည်။

**ဂျပန်နိုင်ငံ။** ။ ကမ္ဘာ့မြေပုံပေါ်၌ ဂျပန်နိုင်ငံသည် အရှေ့တိုက်အရှေ့ ဘက်ကမ်းခြေရှိ ကျွန်းစုများပင် ဖြစ်သည်။

၎င်းသည် ပစိဖိတ်သမုဒ္ဒရာထဲတွင် တည်ရှိ၍ **အရှေ့မြောက်မှ** အနောက် တောင်သို့ သွယ်တန်းနေသော ဟိုကိုင်းဒိုးကျွန်း၊ **ဟွန်ရှူးကျွန်း၊ ရှီကိုး**ကူးကျွန်း၊ ကျူရှူးကျွန်း စသော ကျွန်းကြီး ၄ ကျွန်းနှင့် ကျွန်းငယ် **၄၀၀၀ ခန့်** ပါဝင်ပေသည်။

ကျွန်းငယ်များတွင် ကုရီးလ်ကျွန်းစုနှင့် ရီယူးကျူးကျွန်းစုငယ်ကလေး များသည် ပင်မကျွန်းကြီးလေးကျွန်း၏ မြောက်ဘက်နှင့် တောင်ဘက်အသီးသီး၌ **တည်ရှိလေသည်။**

**ဂျပန်နိုင်ငံ၏ အကျယ်အဝန်း**မှာ စတုရန်းမိုင်ပေါင်း ၁၄၇၂၆၅ မျှသာ ရှိပြီးလျှင် စတုရန်းမိုင်ပေါင်း ၂၆၁၇၈၉ မျှ ကျယ်ဝန်းသော မြန်မာနိုင်ငံနှင့်စာလျှင် အကျယ်အဝန်းတွင် မြန်မာနိုင်ငံက ထက်ဝက်နီးပါး ပိုမိုကျယ်ဝန်းသည်။ သို့သော် လူဦးရေမှာမူ ဂျပန်က မြန်မာနိုင်ငံထက် ပို၍များသည်။

၁၉၆၀ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ရှိသော သန်းခေါင်စာရင်း အရ ဂျပန်နိုင်ငံ၏ လူဦးရေမှာ ၉၄ သန်းရှိ၍ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး တိုင်းပြည်များတွင် ဂျပန်နိုင်ငံသည် အမှတ် ၆ အဆင့်တွင် ရှိလေသည်။ တိုကျိုမြို့တော်တွင် လူဦးရေအထူထပ်ဆုံးဖြစ်၍ **၉ သန်း** ၆ သိန်းကျော် နေထိုင် ကြသည်။



ဂျပန်ပြည်တွင်းထွက် သယံဇာတပစ္စည်းများမှာ နည်းပါးသော်လည်း စီးပွားရေးတွင်မူကား ကမ္ဘာတွင် ဝင်ငွေအကောင်းဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လေသည်။ တိုင်းပြည်၏ လူဦးရေ သန်း ၁၀၀ နီးပါး၏ စားဝတ်နေရေး ဖူလုံစေရန် ဂျပန်နိုင်ငံသည် နိုင်ငံတကာနှင့် ကူးသန်းရောင်းဝယ်မှုကို အခြေပြု အားထား ရသည်။ ထို့ကြောင့် ဂျပန်နိုင်ငံ၏ အဓိကစီးပွားရေးသွေးကြောကြီးမှာ နိုင်ငံခြား ကူးသန်းရောင်းဝယ်ရေးဖြစ်သည်ဟု ဆိုရမည်ဖြစ်လေသည်။

ရေပြင်မှ ကြည့်လျှင်လည်းကောင်း၊ လေဟင်မှ ကြည့်လျှင်လည်းကောင်း ဂျပန်ပြည်၌ ပထမဆုံး မြင်ရသော ရှုခင်းနှစ်ခုမှာ စိမ်းလန်းစိုပြည်ခြင်းနှင့် တောတောင်ထူထပ်ခြင်းများ ဖြစ်ပေသည်။ လုံလောက်သော မိုးရေချိန်နှင့် သင့်တင့် မျှတသော ရာသီဥတုတို့မှာ နိုင်ငံတစ်ဝန်းလုံးအား စိမ်းလန်းစိုပြည်၍ နေချင်စဖွယ် သာယာစေရန် ဖန်တီးထားသည်။

ဂျပန်နိုင်ငံ ကုန်းမြေအကျယ်အဝန်း၏ ၈၅ ရာခိုင်နှုန်းမှာ တောင်တန်းလေး များ ဖြစ်နေလေသည်။ ဂျပန်ပြည်၏ အမြင့်ဆုံးတောင်ဖြစ်သော ဖူဂျီယာမသည် ၁၂၃၇၅ ပေ မြင့်သည်။ ၎င်းသည် မီးတောင်ဟောင်းတစ်ခုဖြစ်၍ နောက်ဆုံး အကြိမ်ပေါက်ကွဲခဲ့သည်မှာ ၁၇၀၇ ခုနှစ်က ဖြစ်သည်။ ဂျပန်နိုင်ငံတွင် မီးတောင် ပေါင်း ၁၉၂ ခုရှိ၍ ၅၈ ခုမှာ ယနေ့အထိ မကြာခဏပေါက်ကွဲနေခဲ့လေ၏။

ဂျပန်ကျွန်းများမှာ ကျဉ်းမြောင်းလှသဖြင့် မြစ်ကြီးများ မရှိပေ။ တောင်ကျ ချောင်းကလေးများ နေရာအနှံ့ ရှိနေသောကြောင့် ဂျပန်ပြည်တွင် ရေအားလျှပ်စစ် စက်ရုံများ ပေါများလှသည်။

ဂျပန်ပြည်တွင် မကြာခဏ မြေငလျင်လှုပ်တတ်လေသည်။ ဂျပန်လူမျိုးတို့ အဆိုအရ ဂျပန်တစ်ယောက်သည် တစ်သက်တွင် တစ်ခါ အကြီးဆုံးလှုပ်သော မြေငလျင်နှင့် ကြုံတွေ့ရမြဲဖြစ်သည်ဟု ဆိုသည်။ ၁၉၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့က လှုပ်ခဲ့သော မြေငလျင်ကြီးမှာ ဂျပန်သမိုင်းတွင် အကြီးမားဆုံးဖြစ်၍ လူပေါင်း ၉ သောင်းကျော် သေဆုံးခဲ့သည်။

ဂျပန်နိုင်ငံတွင် လုံလောက်သော မိုးရေချိန်ရှိသော်လည်း နိုင်ငံ၏ ၁၈ ပုံ တစ်ပုံမျှသော မြေနေရာတွင်သာ စိုက်ပျိုးနိုင်သောကြောင့် လူဦးရေ အကျယ်အဝန်း နှင့် စိုက်ပျိုးမြေက မမျှတပေ။ ထို့ကြောင့် တောင်စောင်းများတွင်လည်း စိုက်ပျိုးနိုင် ရန် ကြိုးစားနေကြရသည်။ ဆန်ပေါ၊ လုံလောက်အောင် မစိုက်နိုင်၍ ဂျုံ၊ ဂွမ်း၊ ထောပတ်၊ မုယောများကိုပါ စိုက်ကြရ၏။ လက်ဖက်ကိုလည်း အများအပြားစိုက်ပျိုး ကြသည်။ ဝါးရုံတော ပေါသဖြင့် ဝါးများကို အနုပညာအသုံးပြု၍ ကုန်ပစ္စည်း အမျိုးမျိုးပြုလုပ်ကြလေသည်။

ဂျပန်နိုင်ငံတွင် ရွှေ၊ ကြေးနီ၊ ကျောက်မီးသွေး၊ သံ၊ ငွေ စသော

www.burmeseclassic.com

www.burmeseclassic.com



တွင်းထွက်ပစ္စည်းများ ထွက်သော်လည်း မလုံလောက်၍ နိုင်ငံခြားမှ မှာယူတင်သွင်းရသည်။ ပြည်တွင်းပြည်ပမှ ကုန်ကြမ်းများဖြင့် စက်ရုံများကို လည်ပတ်၍ ကမ္ဘာပေါ်တွင် စက်မှုလက်မှု အထွန်းကားဆုံးနိုင်ငံဟူသော အမည်ကို ခံယူထားလေသည်။

ဂျပန်တို့ ကိုးကွယ်သော အယူဝါဒမှာ ရှင်တိုအယူဝါဒ ၂၀ ရာနှုန်းနှင့် ဗုဒ္ဓဘာသာ ၆၀ ရာနှုန်းတို့ဖြစ်ကြ၍ ကျန်သော ဂျပန်လူမျိုးများမှာ ကွန်ဖြူးရှပ်ဝါဒနှင့် ခရစ်ယာန်ဝါဒကို ကိုးကွယ်ကြသည်။ ဗုဒ္ဓဘာသာမှာ ဂျပန်လူမျိုးတို့ အများဆုံး ကိုးကွယ်သော ဘာသာဖြစ်၍ ဂျပန်နိုင်ငံတွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီများ အများအပြားတည်ရှိလေသည်။

ဂျပန်နိုင်ငံ လူမျိုးများသည် မိမိတို့ကိုယ်ကိုယ် နေမင်းမျိုးနွယ်မှ ဆင်းသက်လာသည်ဟူသော ရှေးဟောင်းအယူအဆကို လက်ခံကြ၍ ၎င်းတို့၏ အမျိုးသားအလံကို အဖြူပေါ်တွင် အနီဝိုင်းတင်၍ နေလုံးကို သရုပ်ဖော်ထားသည်။ ဂျပန်လူမျိုးတို့၏ ပထမဆုံးသော လူသားဧကရာဇ်မှာ ဘီစီ ၆၆၀ ပြည့်နှစ်က နန်းတက်သော ဂျင်မူတင်နို ဧကရာဇ်ဖြစ်သည်ဟု ဂျပန်သမိုင်းက ဆိုသည်။ ၁၈၆၇ ခုနှစ်၌ နန်းတက်သော မိဂျီဘုရင်လက်ထက်မှ စ၍ ဂျပန်နိုင်ငံသည် ရှေးဟောင်းအယူအဆများမှ လင်းကွာပြီး ခေတ်သစ်အတွေးအခေါ်များကို လက်ခံလျက် ဆောက်တက်တိုးတက်လာခဲ့လေသည်။ ရှိုဂန်းအုပ်ချုပ်ရေးနှင့် ဆာမူရိုင်းခေါ် စစ်မှုထမ်းမျိုးများကို ဖျက်သိမ်းလျက် ၁၈၈၉ ခုနှစ်မှ စ၍ ပါလီမန်အုပ်ချုပ်ရေးစနစ်ကို အစားထိုးခဲ့သည်။

၁၈၉၄-၉၅ ခုနှစ်တွင် ဖြစ်ပွားသော တရုတ်-ဂျပန်စစ်ပွဲတွင် ရှေးကျသော တရုတ်တပ်များကို ခေတ်မီသော ဂျပန်တပ်များက အနိုင်ရခဲ့၏။ ထိုစစ်ပွဲတွင် ဂျပန်သည် ဖော်မိုဆာကျွန်းကို လက်ဝယ်ရခဲ့သည်။ ဤသည်က စ၍ ဂျပန်နယ်ချဲ့စနစ်သည် သန္ဓေတည်ခဲ့သည်ဟု ဆိုရမည်ဖြစ်လေသည်။ ထိုစဉ်က ဂျပန်သည် ပို့အာသာဆိပ်ကမ်းအပါအဝင် တရုတ်ပိုင်နယ် အများအပြားကို တောင်းဆိုသေးသည်။ သို့သော် ရုရှနှင့် ဂျာမနီတို့ ကြားဝင်မှုကြောင့် မရခဲ့ဘဲ ဖော်မိုဆာကျွန်းကို လက်ဝယ်သိမ်း၍ ကျေနပ်ခဲ့ရသည်။

၁၉၀၅ ခုနှစ်တွင် ဂျပန်သည် ရုရှနှင့် စစ်တိုက်ပြန်လေသည်။ ဤစစ်ပွဲတွင် ရုရှားကြည်းတပ်၊ ရေတပ်များ မခုခံနိုင်၍ ဂျပန်သည် ရုရှထံမှ ဆာခါလင်ကျွန်းတစ်ပိုင်းနှင့် ကိုရီးယားနိုင်ငံကို ရခဲ့ပြန်သည်။ ထို့ပြင် ပို့အာသာဆိပ်ကမ်း၊ လီယိုတွန်ကျွန်းဆွယ်နှင့် မန်ချူးရီးယား တောင်ဘက်ပိုင်းတို့ကို သိမ်းပိုက်လိုက်ပြန်သည်။

၁၉၁၄ ခုနှစ် ပထမကမ္ဘာစစ်ကြီးတွင် ဂျပန်သည် အင်္ဂလိပ်နှင့် မဟာမိတ်



ဖွဲ့ပြီး ဂျာမနီပိုင်သော တရုတ်နယ်ကလေးများကို ဝင်တိုက်၍ သိမ်းခဲ့ပြန်၏။ ၁၉၃၁ ခုနှစ်တွင် တရုတ်နိုင်ငံ မန်ချူးရီးယားနယ်ကို ဂျပန်စစ်တပ်က ဝင်သိမ်းလျက် မန်ချူးကိုးဟု အမည်ပြောင်းပြီး မိမိ၏ ခြေတော်နယ်အဖြစ် သတ်မှတ်ခဲ့ပြန်လေသည်။ ထိုသို့ ဂျပန်တို့က နယ်ချဲ့စစ်ပွဲများကို တိုက်ခိုက်လာသဖြင့် တရုတ်က ဂျပန်ကုန်ပစ္စည်းများကို သပိတ်မှောက်ခဲ့သည်။ ထို့ကြောင့် နယ်ချဲ့ဂျပန်သည် တရုတ်ပိုင် ရှန်ဟဲမြို့ကို ဝင်တိုက်ပြီး သိမ်းယူခဲ့ပြန်သည်။

ပထမကမ္ဘာစစ်ကြီးပြီးချိန်က ဖွဲ့စည်းခဲ့သော ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းကြီးသို့ ဂျပန်နိုင်ငံသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့သော်လည်း ၁၉၃၃ ခုနှစ်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီးမှ နုတ်ထွက်ခဲ့လေသည်။

၁၉၃၆ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ စစ်ဝါဒီများဖြစ်ကြသော အမျိုးသားရေး အစွန်း ခေါင်းဆောင်များက ဂျပန်တပ်မတော်ကို ကြိုးကိုင်လာကြလေသည်။ ၎င်းဂျပန်စစ်ဝါဒီများသည် ၁၉၃၆ ခုနှစ်၌ ထိုအချိန်က ကမ္ဘာ့ဖက်ဆစ်ခေါင်းဆောင်နိုင်ငံများ ဖြစ်ကြသော အီတလီ၊ ဂျာမနီနိုင်ငံများနှင့် ပူးပေါင်း၍ တရုတ်ပြည် ကွန်မြူနစ်ဆန့်ကျင်ရေး စာချုပ်ကို ချုပ်ဆိုကြတော့သည်။ ဖက်ဆစ်ဝါဒီများ ဖြစ်လာသော ဂျပန်စစ်ဝါဒီများသည် ကွန်မြူနစ်ဆန့်ကျင်ရေးစာချုပ်ကို အကြောင်းပြု၍ ၁၉၃၇ ခုနှစ်တွင် စစ်မကြေညာဘဲ တရုတ်ပြည်ကို ဝင်တိုက်တော့သည်။ ဂျပန်သည် တရုတ်ပြည်ရောက် ဥရောပတိုက်သားတို့အား ညှဉ်းပန်းနှိပ်စက်သည်ဖြစ်ပြီး ဂျပန်နှင့် ဥရောပတိုက်နိုင်ငံများ ဆက်ဆံရေး တင်းမာခဲ့ရ၏။ ထို့နောက် ၁၉၄၀ ခုနှစ်၊ စက်တင်ဘာလတွင်လည်း ဂျပန်၊ ဂျာမနီနှင့် အီတလီဖက်ဆစ် သုံးနိုင်ငံတို့သည် ဝင်ရိုးတန်းနိုင်ငံများ စာချုပ်ကို ထပ်မံချုပ်ဆိုကြပြန်လေသည်။ ၁၉၄၁ ခုနှစ်တွင် အင်္ဂလိပ်နှင့် အမေရိကန်နိုင်ငံတို့သည် ဂျပန်၏ပစ္စည်းဥစ္စာများကို မကျေနပ်သဖြင့် စီးပွားရေး အရေးယူဖြတ်တောက်လိုက်တော့သည်။ ၎င်းကိစ္စအတွက် အင်္ဂလိပ်၊ အမေရိကန်က တစ်ဖက်၊ ဂျပန်က တစ်ဖက် စေ့စပ်ရန် ကြိုးစားကြသော်လည်း မအောင်မြင်ခဲ့။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင်ကား ဂျပန်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း ဟာဝိုင်ယံကျွန်းစုနှင့် ပုလဲဆိပ်ကမ်းရှိ အမေရိကန် ရေတပ်စခန်းကြီးကို စစ်မကြေညာဘဲ ဝင်၍ ရုတ်တရက်တိုက်ခိုက်တော့သည်။ ဤသို့ဖြင့် ထိုစဉ်က ဖြစ်ပွားနေသော ဒုတိယကမ္ဘာစစ်ကြီးထဲသို့ ဂျပန်သည် မိမိနိုင်ငံကို ဆွဲသွင်းခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## (ခ) အင်္ဂလိပ်အခက် ဗမာ့အချက်

**အင်္ဂလိပ်နှင့် ဂျပန်။** ။ အာရှတိုက်တွင် ဂျပန်က စစ်မီးများမွှေးနေစဉ် အခါ၌ ဥရောပတိုက်တွင် နိုင်ငံတကာ ဆက်ဆံရေးအခြေအနေများမှာ အဆိုးဝါးဆုံး အခြေအနေများနှင့် ကြုံတွေ့နေရလေသည်။ ဖက်ဆစ်နာဇီပါတီ အင်အားဖြင့် အာဏာရရှိခဲ့သော ဟစ်တလာသည် ၁၉၃၈ ခုနှစ်တွင် ဩစတြီးယားနိုင်ငံကို ရာဇသံများ ပေးကာ ခြိမ်းခြောက်လျက်ရှိနေပြီးနောက် ထိုနှစ် မတ်လ ၁၂ ရက်နေ့၌ ဂျာမနီစစ်တပ်များကို ဩစတြီးယားသို့ စေလွှတ်သိမ်းပိုက်စေ တော့သည်။ ၁၉၃၉ ခုနှစ်တွင် ဂျာမနီအာဏာရှင် ဟစ်တလာသည် ချက်ကို စလိုဗက်နိုင်ငံကို ဝင်သိမ်းပြန်သည်။

အင်္ဂလိပ်နှင့် ပြင်သစ်တို့က ပိုလန်နိုင်ငံကို ဂျာမနီဝင်တိုက်လာပါလျှင် ပိုလန်အား ကူပါမည်ဟု ကတိပေးထားသည်။ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင်ကား ဟစ်တလာသည် ပိုလန်ကို ဝင်တိုက်တော့သည်။ စက်တင်ဘာလ ၃ ရက်နေ့တွင်မှ အင်္ဂလန်နှင့် ပြင်သစ်သည် လက်နက်အားကိုးဖြင့် ရန်လိုကား နေသော စစ်ဘီလူးဂျာမနီကို စစ်ကြေညာလိုက်လေတော့သည်။

ဂျာမနီသည် ဥရောပတိုက်ရှိ နိုင်ငံအများအပြားသို့ လျှပ်တစ်ပြက် ဝင်ရောက် တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ အင်္ဂလိပ် ပြင်သစ်နှင့် အမေရိကန်တို့၏ မဟာမိတ်နိုင်ငံအများအပြားတို့မှာ ဂျာမနီကို မခံနိုင်ဘဲ နောက်သို့ တရကြမ်း ဆုတ်ပြေးနေရလေသည်။ မဟာမိတ်တပ်များသည် နေ့စဉ်တကျဆုတ်ခွာရသော 'အောင်မြင်စွာ ဆုတ်ခွာရသည်' ဖြင့် ဆုတ်ခွာရခြင်း မဟုတ်ဘဲ ပရမ်းပတာ စည်းမဲ့ ကမ်းမဲ့ အသက်ကို လု၍ ဆုတ်ခွာရခြင်းဖြစ်လေသည်။

ထိုအချိန်တွင် ဂျပန်သည် အရှေ့အာရှနိုင်ငံများတွင် လက်နက်အားကိုး ဖြင့် ကျူးကျော်စစ်ကို ဆင်နွှဲရန် စီမံကိန်းများ ချလေသည်။ တရုတ်ပြည်ကို ဝင်တိုက်ခြင်းဖြင့် မိမိ၏ ကျူးကျော်စစ်ကို အစပြုခဲ့သည်။ ထိုအတွင်းတွင်ပင် ဂျပန်သည် အင်္ဂလိပ် အမေရိကန်တို့ကို စစ်ကြေညာရန် အစီအစဉ်များ ကြိုတင်၍ ကြံစည်နေခဲ့သည်။

သို့သော် အင်္ဂလိပ်အစိုးရသည် ဂျပန်၏အကြံအစည်ကို သဲသဲကွဲကွဲများစွာ ရိပ်မိခဲ့သည်။ ဂျပန်သည် မိမိတို့အား ရုတ်တရက်ဝင်တိုက်ဦးမည် မဟုတ်ဟု ထင်ခဲ့ သည်။ အင်္ဂလန်သည် ဂျာမနီနှင့် ဥရောပစစ်ပွဲတွင် ဆင်နွှဲနေစဉ်အခါဖြစ်၍လည်း အာရှစစ်အတွက် ပြင်ဆင်မှုမရှိ ဖြစ်နေခဲ့သည်။ အကယ်၍ ဂျပန်က အာရှစစ်ကို ဆင်နွှဲလာလျှင်သော်မှ အင်္ဂလန်သည် ဥရောပစစ်မျက်နှာကို ဖွင့်၍ အာရှတိုက်သို့ မိမိ၏စစ်တပ်များ ပေးပို့ကူညီခြင်းပြုနိုင်မည် မဟုတ်သေးသည့် အခြေအနေ လည်း ရှိနေသည်။



ဂျပန်သည် ထိုအချက်ကို ကောင်းစွာ သိနေသည်။ ထို့ကြောင့် အင်္ဂလန် ၏ လက်အောက်ခံနယ်များဖြစ်သော အရှေ့တောင်အာရှရှိ တိုင်းပြည်များကို ဝင်ရောက်ထိပါးရန် အစီအစဉ်များကို ဂျပန်နိုင်ငံ စစ်ဝါဒီများသည် နေ့စဉ်တကျ အချိန်ယူ၍ ရေးဆွဲနေခဲ့လေသည်။

**မြန်မာလူထု၏ မကြုံစဖူး အထူးညီညွတ်မှု။** ။ ထိုသို့ အင်္ဂလိပ် အစိုးရအတွက် အကျပ်အတည်းတွေ့ရမည့်အချိန်သည် မြန်မာနိုင်ငံ လွတ်လပ်ရေး အတွက် အမျိုးသားလှုပ်ရှားမှုများ ပြုလုပ်ရန် အခွင့်အရေးကောင်းတစ်ရပ်ပင် ဖြစ်သည်ဟု မြန်မာလူထုက ယူဆကြလေသည်။ ထို့ကြောင့် မြန်မာနိုင်ငံရေး ခေါင်းဆောင်ကြီးများသည် ထိုအချိန်တွင် 'အင်္ဂလိပ်အခက် ဗမာ့အချက်' ဆိုသော ကြွေးကြော်သံကို တစ်သံတည်း ကြွေးကြော်နေခဲ့ကြလေသည်။

မြန်မာအမျိုးသားထုကြီးအနေဖြင့်လည်း ထိုအချိန်တွင် အထူးညီညွတ် စည်းလုံးလျက်ရှိနေကြသည်။ ၁၃၀၀ ပြည့်အရေးတော်ပုံနှင့် မန္တလေးအာဇာနည်များ အရေးတော်ပုံ ဖြစ်ပွားပြီးနောက် မြန်မာလူထုကြီးတစ်ရပ်လုံးသည် နယ်ချဲ့အင်္ဂလိပ် အစိုးရ၏ ဖိနှိပ်ညှဉ်းဆဲသတ်ဖြတ်မှုများကို များစွာ စက်ဆုပ်ရွံရှာလျက် ရှိနေကြ သည်။ မိမိ၏ တူသား၊ ညီအစ်ကို၊ ဆရာဘုန်းကြီးများအား သေနတ်ဖြင့် ရက်စက်စွာ ပစ်သတ်သော အင်္ဂလိပ်အစိုးရကို ကျွန်ကျွန်သော်လည်း ဥဒါန်းမမေ့ ရှိခဲ့သည်။ ထို့ပြင်လည်း ၁၃၀၀ ပြည့်အရေးတော်ပုံအတွင်းက ကျောင်းသား၊ ရဟန်းသံဃာ၊ လယ်သမား၊ အလုပ်သမားထုကြီး၏ စည်းလုံးညီညွတ်မှုသည် ယခု အချိန်အထိ ပြိုကွဲ၍ မသွားခဲ့သေးပေ။ အရေးတော်ပုံကြီးအတွင်းက တွေ့ကြုံ ခဲ့ရသော နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများ၏ လှုံ့ဆော်မှုကြောင့် မြန်မာလူထု တစ်ရပ်လုံးသည် သွေးတကြွကြွ ဖြစ်နေကြလေသည်။

စစ်မြင်းကြီးများဖြင့် မြန်မာလုပ်သားထုများကို တိုက်ခိုက်၍ မြင်းခွာဖြင့် ပေါက်ရှိ ညှဉ်းဆဲသတ်ဖြတ်ခဲ့သည်များကိုလည်းကောင်း၊ ဗိုလ်အောင်ကျော် ကဲ့သို့သော ကျောင်းသားလူငယ်များကို စစ်မြင်းဖြင့် တိုက်၊ တုတ်ဖြင့် ရိုက်သတ် ခဲ့သော ဖြစ်ရပ်များသည်လည်းကောင်း၊ ဆန္ဒပြသူ မြန်မာအမျိုးသမီးများကို ဖိနှိပ်ဆွဲငင်လုပ်ခဲ့ကြသော အင်္ဂလိပ်အစိုးရပုလိပ်များ၏ ရမ်းကားမှုများသည် လည်းကောင်း မြန်မာအမျိုးသားထုကြီးသည် မမေ့ပျောက်ခြင်းငှာ မစွမ်းနိုင် ရှိနေခဲ့လေသည်။ ယင်းအဖြစ်အပျက်များကို မိဘများက သားသမီးတို့အား အိမ်ရာ ဝင်ပုံပြင်အဖြစ် ပြန်လည်ပြောပြကြ၏။ ဆရာများက တပည့်များအား ပြောပြ၍ အမျိုးသားရေးစိတ်ဓာတ်ကြွစေရန် သွေးတိုးလှုံ့ဆော်ကြ၏။ မြန်မာနိုင်ငံရေး ခေါင်းဆောင်များကလည်း နိုင်ငံရေးတရားပွဲများ၌ လူထုကို ရှင်းပြ၍ နယ်ချဲ့ ဆန့်ကျင်ရေးစိတ်ဓာတ်ကို နိုးဆော်ပေးနေခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် အထက်က ဖော်ပြခဲ့သော "အင်္ဂလိပ်အစက်၊ ဗမာ့အမျက်" ကြွေးကြော်သံသည် တဖြည်းဖြည်း ကျယ်၍ ကျယ်၍လာခဲ့လေသည်။

၁၉၃၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စ၍ မြန်မာပြည်သည် အိန္ဒိယနိုင်ငံ၏ လက်အောက်ခံ ပြည်နယ်အဖြစ်မှ ခွဲထွက်ခဲ့လေသည်။ အင်္ဂလိပ်အစိုးရသည် ၉၁ ဌာနအုပ်ချုပ်ရေးဟူသော အုပ်ချုပ်ရေးစနစ်သစ်တစ်ရပ်ကို တည်ထောင်ခဲ့ပြန်သည်။ ထိုအုပ်ချုပ်ရေးအရ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ဟူ၍ လွှတ်တော် ၂ ရပ် ပေါ်ပေါက်လာခဲ့သည်။

၉၁ ဌာနအုပ်ချုပ်ရေးကို တို့ဗမာအစည်းအရုံး အပါအဝင် ထင်ရှားသော နိုင်ငံရေးအဖွဲ့အစည်းများ ခေါင်းဆောင်ကြီးများက လက်မခံခဲ့ကြပေ။ အစိုးရပေးသော ရာထူးကြီးများကိုလည်း ထိုနိုင်ငံရေးခေါင်းဆောင်တို့သည် ငြင်းပယ်ကြလေသည်။ သို့သော် အချို့သော လူကြီးပိုင်းမှ မြန်မာခေါင်းဆောင်များသည် အင်္ဂလိပ်အစိုးရ ပေးအပ်သော အဆိုးအရင်းရာထူးများကို ခေါင်းပေါင်းစ တလောင်လောင်ဖြင့် ကြိုဆိုလက်ခံကြလေသည်။

၁၉၃၉ ခုနှစ်တွင် အာဇာနည် ၁၇ ဦး မန္တလေးမြို့၌ ကျဆုံးပြီးသည့်နောက် ၁၉၃၇ ခုနှစ်က ဖွဲ့စည်းခဲ့သော ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရ ပြုတ်ကျသွားတော့သည်။

ဦးပု ညွန့်ပေါင်းအစိုးရ တက်လာပြန်သည်။ ၎င်းသည်လည်း ၉၁ ဌာန အုပ်ချုပ်ရေး စက်ယန္တရားကြီးကို မနိုင်မနင်းဖြင့် ဆက်၍ မောင်းနေရရှာသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ထိုအချိန်က အစိုးရနှင့် ဝန်ကြီးများက တစ်ဖက်၊ ပြည်သူလူထုက တစ်ဖက် ဖြစ်နေသည်။ ပြည်သူလူထုသည် တို့ဗမာအစည်းအရုံးဝင်များနှင့် သခင်များ၏ ကြွေးကြော်သံဖြစ်သော အင်္ဂလိပ်အစက် ဗမာ့အမျက်ကိုသာ တစ်သံတည်း ကြွေးကြော်နေကြသည်။ ထိုအချိန်တွင် အင်္ဂလိပ်အစိုးရ ဘာလုပ်လုပ် အကောင်းမထင်သည့်အချိန်ဖြစ်လေသည်။

ထိုအချိန်က သခင်နုနှင့် သူ၏ရဲဘော်များ တည်ထောင်သော နဂါးနီ စာအုပ်တိုက်သည် မြန်မာလူထု၏ ရှေ့ဆောင်လမ်းပြဖြစ်ခဲ့လေသည်။ နဂါးနီစာအုပ်များသည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး မီးရှူးတန်ဆောင်များဖြစ်ခဲ့သည်ကို ငြင်းကွယ်၍ မရပေ။ ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ တော်လှန်ရေးဆင်နွှဲ၍ တည်ထောင်ခဲ့ကြရသည့်အဖြစ်ကို နဂါးနီက မြန်မာလူထုကို တင်ပြသည်။ တိုင်းပြည်၏ အများစုဖြစ်သော အလုပ်သမား၊ လယ်သမားတို့ အခြေအနေ တိုးတက်ရေးလမ်းစဖြစ်သော ဆိုရှယ်လစ်သဘောတရားရေးရာများကို နဂါးနီစာအုပ်များက ပြသပေးလေသည်။

နဂါးနီစာအုပ်အသင်းဝင် စာအုပ်များသည် အစိုးရ၏ အရင်းရှင်နယ်ချဲ့



ပဒေသရာဇ်စနစ်၏ ဆိုးပြစ်များကိုလည်းကောင်း၊ အလုပ်သမား၊ လယ်သမား အစိုးရထူထောင်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း လူထုထံသို့ ပြောပြကြလေသည်။

ထိုသို့ နဂါးနီစာအုပ်များက တိုးတက်သော အမြင်များကို တင်ပြလာခြင်းမှာ စင်စစ် အံ့သြစရာ မရှိလှပေ။ ထိုစဉ်က တို့ဗမာအစည်းအရုံးသို့ ရောက်လာကြသော သခင်အောင်ဆန်း၊ သခင်နု၊ သခင်သိန်းဖေ၊ သခင်ဗဟိန်းတို့ အပါအဝင် သခင်ခေါင်းဆောင်များကိုယ်တိုင်ကပင် မာ(က်)စ်လီနင်ဝါဒ သဘောတရားရေးရာများနှင့် ဆိုရှယ်လစ်အတွေးအခေါ်များကို ကြိုက်နှစ်သက်ကြပြီးလျှင် မြန်မာနိုင်ငံ လွတ်လပ်ရေးရပါက အလုပ်သမား၊ လယ်သမား အထောက်အကူ ဆိုရှယ်လစ်နိုင်ငံကို တည်ထောင်မည်ဟု သန္နိဋ္ဌာန်ချပြီး ဖြစ်နေကြလေသည်။

**ဗမာပြည်ကွန်မြူနစ်ပါတီ** ။ ၁၉၃၉ ခုနှစ်အတွင်းတွင်ပင် ထင်ရှားသော မြန်မာနိုင်ငံရေး ခေါင်းဆောင်များထဲမှ လူငယ်ခေါင်းဆောင်များသည် အဆက်မပြတ် လှုပ်ရှားနေခဲ့ကြလေသည်။ ၎င်းတို့၏ လှုပ်ရှားမှုများထဲမှ ဗမာပြည် ကွန်မြူနစ်ပါတီ ထူထောင်ခြင်းသည် သမိုင်းဝင်ဖြစ်ရပ်တစ်ခုဟု ဆိုရမည်ဖြစ်လေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီကို လျှို့ဝှက်ပါတီတစ်ခုအဖြစ် ၁၉၃၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် သခင်အောင်ဆန်းခေါင်းဆောင်၍ တည်ထောင်ဖွဲ့စည်းခဲ့လေသည်။ ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလကုန်တွင် အိန္ဒိယပြည်မှ ကွန်မြူနစ်ပါတီ စည်းရုံးရေးမှူးတစ်ဦးဖြစ်သူ မစ္စတာ နန္ဒကျော်စ်ဂုပတာသည် ရန်ကုန်မြို့သို့ ရောက်လာခဲ့၏။ ၎င်းသည် ရန်ကုန်ရောက်သည်နှင့် သခင်အောင်ဆန်း၊ သခင်စိုး၊ သခင်လှဖေတို့ ပါဝင်သော တို့ဗမာအစည်းအရုံးမှ ကွန်မြူနစ်ဝါဒလေ့လာရေး သမားများကို တွေ့ဆုံဆွေးနွေးလေသည်။

ထို့နောက် ဂိုရှယ်၊ ရဲဘော်ဘေး၊ ရဲဘော်နက်၊ ရဲဘော်ကျော်စိန် စသော ကွန်မြူနစ်ဝါဒလေ့လာရေးသမား အိန္ဒိယအမျိုးသားများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုသို့ဆွေးနွေးကြပြီး ဩဂုတ်လ ၁၅ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီကို ရန်ကုန်မြို့ အရှေ့ပိုင်း ၄၉ လမ်း အိမ်တစ်အိမ်တွင် စတင်တည်ထောင် ဖွဲ့စည်းကြလေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ကလပ်စည်းကို ပထမဖွဲ့စည်းကြရာတွင် သခင်အောင်ဆန်းက (အထွေထွေအတွင်းရေးမှူး)အဖြစ် တာဝန်ယူပြီးလျှင် သခင်စိုး (လူထုခေါင်းဆောင်)၊ ဂိုရှယ်ခေါ် ဘတင် (စည်းရုံးရေးနှင့် လျှို့ဝှက်ရေးမှူး)၊ သခင်လှဖေ(ဘဏ္ဍာရေးမှူး)၊ ရဲဘော်နက် (စာကြည့်တိုက်မှူး)၊ သခင်ဗဟိန်း (ကျောင်းသားလူငယ်စည်းရုံးရေးမှူး)တို့ ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကွန်မြူနစ်ပါတီစည်းရုံးရေးအတွက် လျှို့ဝှက်သော ကွန်မြူနစ်သင်တန်း တစ်ခုကို သခင်စိုး၊ သခင်အောင်ဆန်း၊ ရဲဘော်ဂိုရှယ်တို့ ဦးစီးဖွင့်လှစ် သင်ကြား ပေးခဲ့သည်။ ထိုသင်တန်းသို့ သခင်လှမြိုင်၊ သခင်သွင် (ကျိုက်မရော) ကဲ့သို့ သော လူငယ်ခေါင်းဆောင်များနှင့် သခင်ကျောင်းသားများ ပါဝင်တက်ရောက် သင်ကြားခဲ့လေသည်။

သခင်ခေါင်းဆောင်များသည် တစ်ဖက်မှ ကွန်မြူနစ်ဝါဒ သဘောတရား များကို လေ့လာနေစဉ်တွင် တစ်ဖက်မှ အမျိုးသားစည်းရုံးရေးကိုလည်း မနေမနား ဆောင်ရွက်နေကြလေသည်။

**ဗမာ့ထွက်ရပ်ဂိုဏ်း။** ။ သခင်ခေါင်းဆောင်များသည် ဒေါက်တာ ဘမော် ဦးစီးသော ဆင်းရဲသားဝံသာနုအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဗမာ့ထွက်ရပ် ဂိုဏ်း (Burma Freedom Bolc) အမည်ရှိ နိုင်ငံရေးအင်အားစုကြီးတစ်ရပ်ကို ထူထောင်ရန် ကြံစည်ကြပြန်သည်။ ဤနိုင်ငံရေးအသင်းကြီးသည် နောင်အခါတွင် ဂျပန်နိုင်ငံနှင့် အဆက်အသွယ်ရရန်အတွက် အရေးပါသည့်အခိုင်းက ကြိုးစား ဆောင်ရွက်ခဲ့လေသည်။

၁၉၃၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ဆင်းရဲသား ဝံသာနုပါတီ ခေါင်းဆောင်များ အစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ကြပြီးသွင် 'ဗမာ့ထွက်ရပ် ဂိုဏ်းကြီး' ကို ဖွဲ့စည်းခဲ့ကြလေသည်။ ဗမာ့ထွက်ရပ်ဂိုဏ်းကြီး၏ လမ်းစဉ်ကို သခင်အောင်ဆန်းက အစည်းအဝေးမှာပင် တစ်ထိုင်တည်း ရေးဆွဲ၍ အားလုံးက အတည်ပြုကြလေသည်။

အဆိုပါ ဗမာ့ထွက်ရပ်ဂိုဏ်းကြီးတွင် ပါဝင်သော ခေါင်းဆောင်များမှာ ဒေါက်တာဘမော်(ဥက္ကဋ္ဌ)၊ သခင်အောင်ဆန်း(အတွင်းရေးမှူး)၊ သခင် သန်းထွန်း၊ သခင်လှဘော်၊ သခင်မြ၊ သခင်နု၊ ဦးဘဦး(မန္တလေး)၊ ဓာမေသာ ဇမ္ဗူဦးစိန်၊ ဦးဘချို(မန္တလေး)၊ ဒေါက်တာသိန်းမောင်၊ ဦးထွန်းအောင် စသည်တို့ ဖြစ်ကြလေသည်။

ဗမာ့ထွက်ရပ်ဂိုဏ်းခေါင်းဆောင်များတွင် တို့ဗမာအစည်းအရုံးကြီးမှ ခေါင်းဆောင်များက ဦးရေများစွာ ပါဝင်ခဲ့သဖြင့် အင်အားတောင့်တင်းသော အဖွဲ့ကြီးတစ်ခု ဖြစ်လာလေသည်။ ဤနိုင်ငံရေးအဖွဲ့ကြီးသည် နိုင်ငံလွတ်လပ်ရေး အတွက် လှုပ်ရှားမှုများပြုလုပ်ရန် အဓိကလမ်းစဉ်အဖြစ် သတ်မှတ်ထားပြီးလျှင် အဖွဲ့ဝင်ခေါင်းဆောင်များသည် နယ်သို့ ဆင်း၍ နယ်ချဲ့ဆန့်ကျင်ရေးတရားများကို ဟောပြောကြလေသည်။

အောက်ပါပြန်တမ်းမှာ ဗမာ့ထွက်ရပ်ဂိုဏ်းကြီးမှ ထုတ်ပြန်ခဲ့သော စည်းရုံး ရေးပြန်တမ်းတစ်ခုပင် ဖြစ်၍ သခင်အောင်ဆန်းက ရေးသားခြင်းဖြစ်လေသည်။



**ဗမာ့ထွက်ရပ်ဂိုဏ်းကြီး၏ ပြန်တမ်း (လျှို့ဝှက်)**

**အင်္ဂလိပ်က ဗမာတွေကို ကုလားလောက် ဂရုစိုက်။**

၁။ ဗမာနှင့် ကုလားတို့သည် လွတ်လပ်ရေးအတွက် အင်္ဂလိပ်ထံသို့ တစ်ပြိုင်တည်း အရေးဆိုခဲ့ကြသည်။ ထိုသို့ ဆိုခဲ့သည့်အတိုင်း ကုလား ခေါင်းဆောင်များကို အိန္ဒိယဘုရင်ခံချုပ်က ဖိတ်ကြား၍ တိုင်ပင်ဆွေးနွေးခဲ့၏။ ထိုသို့ ဆွေးနွေးပြီးနောက် အိန္ဒိယဘုရင်ခံချုပ်ကလည်းကောင်း၊ အိန္ဒိယအစိုးရက လည်းကောင်း၊ အင်္ဂလိပ်ခေါင်းဆောင်များကလည်းကောင်း၊ အင်္ဂလိပ်သတင်းစာ များကလည်းကောင်း ဂရုစိုက်၍ အမျိုးမျိုးအဖုံဖုံ ပြောကြားခြင်းခံခဲ့ရ၏။ သို့သော် ဗမာများကိုကား အင်္ဂလိပ်အစိုးရကလည်းကောင်း၊ ဗမာပြည်ဘုရင်ခံက လည်းကောင်း၊ ဗမာပြည်အစိုးရကလည်းကောင်း မည်သူကမျှ ဂရုစိုက်၍ ဆွေးနွေးခြင်း မပြု ပြောကြားခြင်းလည်း မလုပ်၊ အင်္ဂလိပ်မျက်စိထဲတွင် ကုလား လောက် ဗမာများအား အလေးအမြင်ပေးခဲ့ဟန်မရှိ။

၂။ ဗမာတွေ ဘာကြောင့် ဒီအဖြစ်မျိုးရောက်သနည်းဆိုလျှင်-

(က) အင်္ဂလိပ်အစိုးရက ငါတို့ကို ရှိသေခံ့ညားလောက်အောင် ငါတို့ တွင် စည်းလုံးညီညွတ်မှုအင်အား မရှိသေးခြင်း၊ ၎င်းပြင်-

(ခ) ဗမာတစ်ပြည်လုံး လွတ်လပ်ရေးကို ချက်ချင်းလက်ငင်းရရန် အင်္ဂလိပ်အစိုးရသို့ အရေးဆိုနေစဉ် ဗမာပြည်ဝန်ကြီးချုပ်များက လွတ်လပ်ရေးနှင့် ပတ်သက်၍ တစ်လုံးတစ်ပါဒမျှ မပြောမဆိုခြင်းတစ်ကြောင်း။ ယခု ဖြစ်ပွား လျက်ရှိသော စစ်နှင့် ပတ်သက်၍ ဗမာတစ်မျိုးသားလုံးက ကူညီ၊ မကူညီကို အင်္ဂလိပ်အရေးဆိုလျက်ရှိစဉ် ဗမာဝန်ကြီးချုပ်များက အင်္ဂလိပ်တို့ အလိုကျအတိုင်း စစ်နှင့် ပတ်သက်သော ကိစ္စများကို ထောက်ခံကူညီလျက်ရှိခြင်းတစ်ကြောင်း၊ လွတ်လပ်ရေးအတွက်နှင့် ပတ်သက်၍ ဗမာတစ်မျိုးလုံး၏ အရေးဆိုချက်များကို အင်္ဂလိပ်အစိုးရကလည်းကောင်း၊ ဗမာပြည်ဘုရင်ခံကလည်းကောင်း ဂရုမစိုက်ဘဲ လျစ်လျူရှုလျက်ရှိရာ ဗမာဝန်ကြီးချုပ်များက ဗမာတို့၏ လွတ်လပ်ရေးအတွက် အရေးဆိုချက်များကို အင်္ဂလိပ်အစိုးရက ဂရုတစိုက်ပြုလုပ်အောင် မကူညီခြင်း တစ်ကြောင်း။

၃။ ကုလားပြည်မှာကား လွတ်လပ်ရေးနှင့် ပတ်သက်၍ အင်္ဂလိပ်အစိုးရ ၏ ပြောကြားချက်ကို မကျေနပ်သောကြောင့် ကွန်ဂရက် အလုပ်အမှုဆောင်အဖွဲ့၏ အမိန့်အတိုင်း ကွန်ဂရက်ဝန်ကြီးချုပ်များအဖွဲ့သည် မိမိတို့ ရာထူးမှ နုတ်ထွက်ခဲ့ကြ လေပြီ။ သို့ရာတွင် အင်္ဂလိပ်အစိုးရထံမှ လောကဖြန့်ရသော ဗမာပြည်တွင်ရှိ သော ဝန်ကြီးချုပ်များသည် ဗမာတစ်မျိုးသားလုံး၏ လွတ်လပ်ရေးကို ဂရုမစိုက်ဘဲ မိမိတို့ရာထူးမှ နုတ်ထွက်ရန် နေ၍ ဗမာ့ထွက်ရပ်ဂိုဏ်းကြီးက ဗမာ့လွတ်လပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဗမာကျောင်းသားများနှင့် ညီညွတ်စွာ လွတ်လပ်ရေးတိုက်ပွဲဝင် ရာတွင် ပါဝင်လာကြပါ၊ သို့ထွက်နိုင်လျှင် ဗမာထွက်ရပ်ဂိုဏ်းဝင်ဆောင်ရွက်သူများ ၎င်းတို့၏ မျက်နှာကို အလျှင်းမမြင်ရပါ။ ပေါ်ကတာဘာဓလေ့ကလည်း လွတ်လပ်ရေးအတွက် ယခု လက်တလော အရေးကြီးနေချိန်တွင် ရာထူးကို လက်မခံပါက ၎င်းတို့မှာ တောင်သူမြို့မြို့ကိုပင် ဖော်ကြီးရွက်များက မြို့ကြားရျွေကိုမြင်း မပြုလုပ်နိုင်။

ထို့ကြောင့် ဗမာပြည်တွင် ဗမာလူမျိုးတို့မှာ လွတ်လပ်ရေး အရေးကြီးနေ ရာ၌ မကြံရွယ်သော သောက်ကြီး ဆိုက်ရောက်နေလေပြီ။ ထိုသောက်ရောက်ရန် အတွက် တိုင်းပြည်ကိုသာ အားကိုးရတော့မည်။ တိုင်းပြည်ကြည့်မနေကြဘဲ ညီညွတ်စည်းလုံးသော အင်အားကို ပြသ၍ ဗမာလွတ်လပ်ရေး အတွက် တစ်သံတည်းထွက်နိုင်အောင် လွတ်လပ်ရေးလုပ်ငန်းကို လက်ငင်း ဆောင်ရွက်နေသော ဗမာထွက်ရပ်ဂိုဏ်းကြီးကို ငွေဒါန်းအားပေးကြပါ။ အကြောင်း ရောက်ရှိလျှင်အပေါ်တို့အား တောင်းပန်တိုက်တွန်းလိုက်ရပါကြောင်း။

ဗမာထွက်ရပ်ဂိုဏ်းကြီး ဦးစီးသူ

အဖွဲ့အပေါင်း

သခင်ဆောင်များ

(မော်လွှာအရေးထွေထွေအကြောင်းရေးမှူး)

အထက်ပါ ကြေညာစာတမ်းနှင့် အတူ ဗမာထွက်ရပ်ဂိုဏ်းကြီး၏ ကြေညာစာတမ်းများကို စာကူးစက်ဖြင့် ကူ၍ ထုတ်ပြီး မြန်မာနိုင်ငံအနှံ့အပြားသို့ ပို့ဆောင်ခဲ့ကြလေသည်။ ဗမာထွက်ရပ်ဂိုဏ်းကြီးသည် နယ်ချဲ့အန်ကျင်ရေးနှင့် လွတ်လပ်ရေးတိုက်ပွဲမြင့်ဆင်ရေးလုပ်ငန်းများတွင် အဓိကအကျဆုံး ပါဝင်လှုပ်ရှား နေသည်ကို တွေ့ရပေသည်။

တို့ဗမာအစည်းအရုံးကြီးသည် ဗမာထွက်ရပ်ဂိုဏ်း၏ အင်အားကို များစွာ အလေးထားဂရုပြုခဲ့သည်။ ထို့ကြောင့်ပင် ဗမာထွက်ရပ်ဂိုဏ်းအတွက် အမျိုး အင်အားတောင့်တင်းစေရန်၊ ငွေကြေးအင်အား ပြည့်ပြည့်ဝဝရှိစေရန် တစ်ဖက် ကြိုးစားသကဲ့သို့ တစ်ဖက်မှလည်း နယ်များရှိလူထုကို ဗမာလက်နက်တပ်များ ဖွဲ့စည်းဆောင်ရွက် ပါဝင်စေသည်။ တို့ဗမာအစည်းအရုံးခေါင်းဆောင်များက နယ်များသို့ ဆင်းပြီးလျှင် အင်္ဂလိပ်အစိုးရထံ လွတ်လပ်ရေးကို လက်နက်ကိုင် တိုက်ယူရန်မှာသော ရည်ရွယ်ချက်ဖြင့် ဗမာလက်နက်တပ်ဖွဲ့များကို ဖွဲ့၍ နိုင်ငံရေး သင်တန်းများ ပေးခြင်း၊ စစ်သင်တန်းများ ပေးခြင်း စသဖြင့် ပြုလုပ်ဆောင်ရွက် လျက်ရှိခဲ့သည်။

ထို့ပြင် ကျောင်းသားအဖွဲ့အစည်းများသို့ ချဉ်းကပ်၍ ကျောင်းသားသမဂ္ဂ တပ်များကိုလည်း ဖွဲ့စည်းစေခဲ့သည်။ ၁၃၀၀ ပြည့်အရေးတော်ပုံအပြီး



ညီညွတ်တောင့်တင်းစွာ ကျွန်ရှိခဲ့သော ကျောင်းသားအစည်းအရုံးကြီးသည် မြန်မာ လွတ်လပ်ရေးတိုက်ပွဲအတွက် ဖွဲ့စည်းသော ကျောင်းသားသမဂ္ဂတပ်ဖွဲ့များသို့ ဆင်တိုက်အားတိုက် ပါဝင်ကြသည်။ ထိုသမဂ္ဂတပ်ဖွဲ့များကိုလည်း မြို့နယ်အနှံ့ နယ်တိုင်းတွင် ဖွဲ့စည်းထားပြီး စစ်သင်တန်းများကို လေ့ကျင့်သင်ကြားပေးလျက် ရှိခဲ့ကြလေသည်။

ဗမာထွက်ရပ်ဂိုဏ်းလုပ်ငန်း တောင့်တင်းရန် ရည်ရွယ်ပြီးလျှင် တို့ဗမာ အစည်းအရုံးကြီးသည် အောက်ပါအချက်သုံးရပ်ကို အဓိကထား၍ ဆောင်ရွက်ခဲ့ သည်။

၁။ တိုင်းသူပြည်သားများ ဖိနှိပ်ကြေး လွတ်လပ်ရေးစိတ်ဓာတ် ထက်သန်မှု တို့အတွက် အမြင်းအထိ အားထုတ်ရန်

၂။ တိုင်းသူပြည်သားများအား နေ့စဉ်တာဝန်ခံ ညွှန်ကြားဆောင်ရွက်စေသည့် ခေါင်းဆောင်များ ပေါ်ပေါက်စေရန်

၃။ တိုင်းပြည်လွတ်လပ်ရေးအတွက် အချိန်အလိုက် ဆောင်ရွက်စေနိုင်မည့် ငွေကြေးတောင့်တင်းမှုကို ရရှိစေရန်

အထက်ပါ အချက်ကြီးသုံးရပ်ကို အဓိကထား၍ ဆောင်ရွက်နေစဉ် အတွင်း၌ပင် လူထုအတွင်းသို့ 'လွတ်လပ်ရေးမှာ လွတ်တော်အတွင်းတွင် အဆို တင်သွင်းရုံဖြင့် မရ၊ အလုပ်လုပ်ရုံဖြင့် မရ၊ ဆိတ်နေ၍ မရ၊ တစ်ဦး တည်း၊ နှစ်ဦး၊ တစ်ဦးတည်း နောက်လိုက် လုပ်၍ မရ၊ သော်နေရုံဖြင့် မရ၊ အနစ်နာခံ အဆင်းရဲခံ၊ အပင်ပန်းခံ၊ အသေခံမှ ရမည်' ဆိုသော သဘောတရား ကိုလည်း ကျယ်ပြန့်စွာ ပညာပေးစည်းရုံးခဲ့ကြ၏။

ဗမာထွက်ရပ်ဂိုဏ်းကြီးသည် အင်္ဂလိပ်အစိုးရထံသို့ အဆိုတစ်ရပ်တင်သွင်း ခဲ့၏။ ၎င်းအဆိုပါ 'ယခုတိုက်နေသော စစ်ကြီးပြီးသည့်နောက် မြန်မာပြည်အား လွတ်လပ်ရေးပေးမည်ဟု ကြေညာပါမှ မြန်မာပြည်သူလူထုက အင်္ဂလိပ်အစိုးရ အား စစ်ကြီးတွင် ကူညီနိုင်မည်၊ ထိုသို့ ကတိပေးသည့် ကြေညာချက်မပေါ်ပါက စစ်အတွင်းတွင် အင်္ဂလိပ်အစိုးရကို မကူညီနိုင်' ဟူသော အင်္ဂလိပ်အပေါ် ဗမာ အချက် သဘောတရားများ ပါရှိသည်။

၎င်းအဆိုပြုချက်ကို ဗမာထွက်ရပ်ဂိုဏ်းခေါင်းဆောင်တစ်ဦးဖြစ်သော သခင်နု က သာယာဝတီမြို့၌ ကျင်းပသော တို့ဗမာအစည်းအရုံး ညီလာခံတွင် တင်သွင်းရာ အစိုးရက သခင်နုကို ပုဒ်မ ၁၂၄(က)ဖြင့် ဖမ်းဆီး၍ ထောင် ၂နှစ် ချလိုက်လေသည်။

အင်္ဂလိပ်အစိုးရသည် ဂျပန်၊ ဂျာမနီ၊ အီတလီ စသော ဖက်ဆစ် ဝါဒီများ ပိုင်း၍ အရှေ့ရာယ်ပြုနေသည့် အချိန်အခိုက်အတန့်တွင် မြန်မာ့ လွတ်လပ်ရေးပေးရန်အတွက် အလျှံတွန့်ကို ဖက်တိုနေကြောင်း ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗမာ့ထွက်ရပ်ဂိုဏ်းကြီး လွတ်လပ်ရေးအဆိုကိုပင် ထွက်ရပ်ဂိုဏ်းခေါင်းဆောင်တစ်ဦးဖြစ်သော သခင်အောင်ဆန်းက ဟသ်ာတတွင် ဟောပြောလှုံ့ဆော်မှုကြောင့် အင်္ဂလိပ်အစိုးရသည် သခင်အောင်ဆန်းကို ဖမ်းဝရမ်းထုတ်လိုက်၏။ ထို့နောက် နိုင်ငံရေးခေါင်းဆောင်တစ်ဦးကို သိက္ခာချသည့်အနေဖြင့် သခင်အောင်ဆန်းကို မိလျှင် ဆုငွေငါးကျပ်ပေးမည်ဟု ကြေညာလိုက်ပြန်သည်။ သခင်အောင်ဆန်းသည် ထိုအချိန်မှ စ၍ မြေအောက်လှုပ်ရှားမှုများကို ဆက်လုပ်ရင်း ကိုယ်ယောင်ဖျောက်နေလိုက်လေသည်။

**ပြည်သူ့အရေးတော်ပုံပါတီ။** ။ သခင်အောင်ဆန်းသည် မြေအောက်လှုပ်ရှားမှုများ ပြုလုပ်နေစဉ်အတွင်းတွင်ပင် အင်္ဂလိပ်အစိုးရကို တော်လှန်ပုန်ကန်ရန် ရည်ရွယ်၍ တစ်ဖက်မှ လျှို့ဝှက်တော်လှန်ရေး ပါတီတစ်ခုကို ဖွဲ့စည်းခဲ့ပြန်သည်။ ဤအဖွဲ့အစည်းတွင် တက္ကသိုလ်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော သခင်ကျော်ငြိမ်း(နောင် ဖဆပလ ဝန်ကြီးဟောင်း)၊ ဦးဗဆွေ(နောင် ဖဆပလ ဝန်ကြီးချုပ်ဟောင်း)၊ သခင် ချစ်(တောခိုကွန်မြူနစ်) စသည်တို့ ပါဝင်ကြပြီးလျှင် ကွယ်လွန်သူခေါင်းဆောင်ကြီး သခင်မြက အဖွဲ့ဝင် ခေါင်းဆောင်ပိုင်းမှ ပါဝင်လှုပ်ရှားခဲ့လေသည်။

အဆိုပါတပ်ဦးကို ပြည်သူ့အရေးတော်ပုံပါတီဟု အမည်ပေး၍ ၁၉၃၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အဆိုပါတပ်ဦးကို ဖွဲ့စည်းသောအခါ အစကပါဝင်လှုပ်ရှားခဲ့ကြသော ခေါင်းဆောင်တို့မှာ ၁။ သခင်မြ(ပြည်တွင်းခေါင်းဆောင်) ၂။ သခင်အောင်ဆန်း(ပြည်ပခေါင်းဆောင်) ၃။ သခင် လှဖေ(ဗိုလ်လက်ျာ) ၄။ သခင်နု ၅။ ကိုဗဟိန်း ၆။ ကိုလှမောင် (ဗိုလ်ဇေယျ) ၇။ ကိုလှမောင်(နောင် သံအမတ်ကြီး) ၈။ ကိုဗဆွေ(နောင် ဝန်ကြီးဟောင်း) ၉။ သခင်ချစ် (တောခို) ၁၀။ သခင်ကျော်ငြိမ်း(ဝန်ကြီးဟောင်း) ၁၁။ ကိုထွန်းရွှေ (နဂါးနီစာအုပ်အသင်း) ၁၂။ ကိုကျော်ငြိမ်း(မင်းဘူး) စသည်တို့ဖြစ်ကြလေသည်။

ဤပြည်သူ့အရေးတော်ပုံပါတီသည် အဓိကအားဖြင့် မြေအောက်တော်လှန်ရေးလုပ်ငန်းကို လုပ်ရင်း အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေးဝါဒသဘောတရားများကို စာရွက်စာတမ်းများဖြန့်ချိ၍ ဆောင်ရွက်ခဲ့လေသည်။ ပြည်သူလူထု၏ အင်အားကို ယူ၍ နယ်ချဲ့လက်နက်ကိုင် တော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲရန်အတွက် အခြေခံအထိ စည်းရုံးနေခဲ့သည်။

ထိုစဉ်အတွင်း အင်္ဂလိပ်အစိုးရသည် ဒေါက်တာဘမော်၊ သခင်စိုး၊ သခင်နု၊ သခင်သန်းထွန်း စသော မြန်မာနိုင်ငံရေးခေါင်းဆောင်များကို အကြောင်းအမျိုးမျိုးပြ၍ ဖမ်းဆီးပြီး အကျဉ်းချထားလိုက်သည်။ အချို့ကို ပုဒ်မတပ် အပြစ်ပေး၍လည်းကောင်း၊ အချို့ကို နိုင်ငံရေးပုဒ်မဖြင့်ပြ၍ ရုံးမတင်ဘဲ ထား၍



လည်းကောင်း မြန်မာ့ခေါင်းဆောင်များကို ထောင်ထဲ ပို့ထားလိုက်၏။ ထိုသို့ဖြင့် နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုကို ဖြိုခွဲခဲ့လေသည်။ မည်သို့ပင် ဖြိုခွဲခဲ့သော်လည်း မြန်မာလူထုသည် "အင်္ဂလိပ်အခက် ဗမာ့အချက်" ဆိုသော ကြွေးကြော်သံကို မမေ့နိုင်ကြသေးချေ။

## (ဂ) မြန်မာ ဂျပန် ဆက်ဆံမှုအခြေအနေ

မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို တိုးတက်ဖွံ့ဖြိုးရန် ကြိုးစားဆောင်ရွက်ရာ၌ ဂျပန်အမျိုးသားများသည် အားကြိုးမာန်တက် ဆောင်ရွက်လေ့ရှိကြသကဲ့သို့ပင် ပြည်ပသို့ ထွက်၍ ပင်လယ်ရပ်ခြားနိုင်ငံများတွင် စီးပွားရေးလုပ်ငန်းများ တည်ထောင်ဆောင်ရွက်ရာတွင်လည်း ဂျပန်တို့သည် များစွာ အောင်မြင်မှုရရှိကြသူများ ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းတိုင်းပြည်ဖြစ်သော ယိုးဒယားနိုင်ငံသို့လည်းကောင်း၊ ဂျာဗားကျွန်း၊ ဆူမတြာစသောကျွန်းများသို့လည်းကောင်း ဂျပန်အမျိုးသားများသည် သက္ကရာဇ် ၁၆၄၀ ခုနှစ်ဆီက စ၍ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရင်း ရောက်ရှိနေခဲ့ကြပြီဟု သမိုင်းဝင်မှတ်တမ်းများ၌ တွေ့ရပေသည်။

သို့သော် မြန်မာနိုင်ငံသို့ကား ဂျပန်များ လာရောက်နေထိုင်၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေပြီဟူ၍ကား သမိုင်းမှတ်တမ်းများတွင် ထိုနှစ်အထိ မတွေ့ကြရပေ။ မြန်မာနိုင်ငံသို့ ဂျပန်လူမျိုးများသည် အချိန်တော်တော် နောက်ကျ၍ ရောက်လာကြဟန် ရှိပေသည်။

မှတ်တမ်းများအရ ၁၉၁၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်၍ စီးပွားရေးလုပ်ငန်းများ လုပ်နေသူများမှာ ၄၄၂ ဦး ရှိနေသည်။ ၁၉၃၁ ခုနှစ်အထိ ဂျပန် ၅၇၀ ဦးသာ မြန်မာနိုင်ငံသို့ လာရောက်၍ လုပ်ကိုင်နေကြသည်ကို တွေ့ရသဖြင့် ဂျပန်များ၏ စီးပွားရေးလုပ်ငန်းများမှာ အနှစ် ၂၀ အတွင်း များစွာ ထူးထူးခြားခြား တိုးတက်လာဟန် မရှိဟု ယူဆရပေသည်။

သို့သော် ထိုအချိန်တွင်ကား ဂျပန်များသည် ကုန်သွယ်နည်းမျိုးစုံဖြင့် မိမိတို့ စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လျက်ရှိကြပြီကို တွေ့ရသည်။ ထိုဂျပန်များသည် သွားနိုက်ဆရာ၊ ဓာတ်ပုံဆရာ၊ တိုရှူးနှိပ်နယ်ဆရာနှင့် မွေးမြူရေးသမားများ၊ ဘဏ်အေဂျင်များ၊ ပင်လယ်ရပ်ခြား သင်္ဘောအေဂျင်များ၊ သားငါးလုပ်သမားများ၊ ကုန်သည်များ၊ ကုမ္ပဏီပိုင်ရှင်များ စသဖြင့် လုပ်ငန်းမျိုးစုံ လုပ်ကိုင်နေသူများ ပါဝင်ကြလေသည်။

ထူးခြားသည်မှာ ဂျပန်စီးပွားရေးသမားများသည် မြန်မာနိုင်ငံတွင် အင်္ဂလိပ် စီးပွားရေးသမားများနှင့်အတူ စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်ရာ၌

www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်သမျှ ယှဉ်ပြိုင်လုပ်ကိုင်ကြခြင်းပင် ဖြစ်သည်။ အင်္ဂလိပ်စီးပွားရေးသမားများကို မြန်မာအမျိုးသားများကပင် ယှဉ်ပြိုင်နိုင်ခြင်း အလွန်နည်းပါးနေသည့် အချိန်ဝယ် ဂျပန်တို့သည် နေရာအတော်များများတွင် ဝင်ရောက်၍ ယှဉ်ပြိုင် လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ ဂျပန်ကုန်များ ဈေးကွက်များမှာရှိနေရ၊ ဂျပန်တို့သည် ပေါပေါနှင့် ဈေးနှုန်းသက်သာသော ပစ္စည်းများကို အပြိုင်ရောင်းချ ကြရာ၌ "အင်္ဂလိပ်ပြည်မှာ လုပ်သည်" ဟု တံဆိပ်တပ်ထားသော ကုန်ပစ္စည်းများ သည် အရောင်းရနည်းပါးမှုများဖြင့် ကြုံတွေ့ရလေသည်။

ဂျပန်တို့သည် မြန်မာနိုင်ငံတွင် ဆန်စက်၊ သစ်စက်များကို ပိုင်ဆိုင်နိုင်ခြင်း မရှိကြသော်လည်း အထည်စက် အပေါ်ထားနှစ်လုံးကိုမူ ဦးစီးလုပ်ကိုင်လျက်ရှိကြ ပြီလည်း ဖြစ်လေသည်။

ဂျပန်တို့သည် မြန်မာနိုင်ငံသို့ အဓိကကုန်များအဖြစ် ချည်ထည်၊ ဝိုင်ထည်များကို တင်သွင်းကြပြီး မြန်မာနိုင်ငံမှ ဝါဂွမ်းနှင့် ဆန်ကို အဓိကထား၍ ဖြန့်ဝယ်ယူကြသည်။ သို့သော် မြန်မာနိုင်ငံမှ ဂျပန်ကုန်ပစ္စည်းများကို အဝယ်များ ပြီးလျှင် ဂျပန်က မြန်မာနိုင်ငံထံမှ ဝယ်ယူသော တန်ဖိုးမှာ နည်းပါးသည်ကို တွေ့ရသည်။

ဥပမာအားဖြင့်ဆိုလျှင် ၁၉၃၆ ခုနှစ်က မြန်မာနိုင်ငံသို့ ဂျပန်နိုင်ငံမှ တင်ပို့သော ဂျပန်ကုန်ပစ္စည်းများ၏ တန်ဖိုးမှာ ကျပ်ရွှေသိန်းပေါင်း ၂၇၅-၉၆ သိန်း ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံက ဝယ်ယူသော ကုန် ပစ္စည်းများ၏ တန်ဖိုးမှာ ၁၅၃-၅၅ သိန်းမျှသာ ဖြစ်လေသည်။

၁၉၃၄ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် လန်ဒန်မြို့၌ ချုပ်ဆိုသော အင်္ဂလိပ်-ဂျပန် စီးပွားရေးစာချုပ်တစ်ခုအရ ဂျပန်သည် မိမိနိုင်ငံမှ အထည်ကိုက် ပေါင်း ၃၂ ကုဋေကို ၁၉၃၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အိန္ဒိယအနိုင်ရပ် ပေးသွင်းရောင်းချရမည်ဖြစ်သည်။ ထိုအထည်ကိုက်ပေါင်း ၃၂ ကုဋေမှာ မြန်မာ၊ အိန္ဒိယနိုင်ငံများအတွက် စုပေါင်း၍ ဝယ်ယူခြင်းဖြစ်သည်။ ဂျပန်နိုင်ငံသည် အပြန်အလှန်အားဖြင့် အိန္ဒိယနိုင်ငံမှ ဝါဂွမ်းအထုပ်ပေါင်းတစ်သိန်းကို ဝယ်ယူ ရမည်ဟု အဆိုပါစာချုပ်တွင် ပါရှိလေသည်။

၁၉၃၇ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် ထိုနှစ် မတ်လ ၃၁ ရက်နေ့ ကုန်ဆုံးခဲ့သော အိန္ဒိယ-ဂျပန် စီးပွားရေးစာချုပ်ကို ထပ်မံ၍ ချုပ်ဆိုခဲ့ပြန်ရာ ထိုစာချုပ်မှာ ၁၉၄၀ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ သက်တမ်းတည်ရှိမည် ဖြစ်လေသည်။ ထိုအချိန်တွင် မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံမှ ခွဲထွက်နေပြီဖြစ်၏။ သို့သော် မြန်မာနိုင်ငံ ခွဲရေးစာချုပ်ပါအချက်များအရ အိန္ဒိယနှင့် ဂျပန်စာချုပ်မှာ မြန်မာနိုင်ငံနှင့်လည်း သက်ဆိုင်မြဲ သက်ဆိုင်နေခဲ့ရလေသည်။



ဂျပန်-မြန်မာ သင်္ဘောလမ်းဆက်သွယ်ရေးတွင် အဓိကဆောင်ရွက်နေကြ သော ကုမ္ပဏီများမှာ ဂျပန်၊ အိန္ဒိယ သင်္ဘောဆက်သွယ်ရေးလုပ်ငန်းကြီးများဖြစ်သော N.Y.K နှင့် O.S.K တို့ ဖြစ်ကြလေသည်။ ၎င်းသင်္ဘောလိုင်းများသည် မစ်ဆူရီနှင့် မစ်ဆူဘီရှီ အစရှိ ဂျပန်စီးပွားရေးလုပ်ငန်းကြီးများ၏ ကုန်ပစ္စည်းတန်ပေါင်း များစွာကို အိန္ဒိယနှင့် မြန်မာနိုင်ငံများသို့ ပို့ဆောင်ပေးခဲ့ကြလေသည်။ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့နှင့် အခြားမြို့ကြီးများသို့ သွားရာတွင် ဂျပန်ပင်လယ်ကူးသင်္ဘော ကြီးများသည် မြန်မာနိုင်ငံ ရန်ကုန်မြို့ကို ဖြတ်၍ သွားကြရာ ၁၉၃၅ ခုနှစ်က ဂျပန်ပင်လယ်ကူးသင်္ဘော ၆၄ စင်းနှင့် ၁၉၃၆ ခုနှစ်တွင် ဂျပန်ပင်လယ်ကူးသင်္ဘော ၆၁ စင်းရှိလေသည်။

၁၉၃၆ ခုနှစ်မှ စ၍ ဂျပန်ပင်လယ်ကူးသင်္ဘောကြီးများသည် မြန်မာနှင့် အိန္ဒိယနိုင်ငံများသို့ ဝင်ထွက်သွားလာမှု နည်းပါးသွားခဲ့သည်။ ထိုသို့ဖြစ်ရခြင်းမှာ အင်္ဂလိပ်သင်္ဘောကုမ္ပဏီများက အိန္ဒိယနှင့် မြန်မာနိုင်ငံ ပင်လယ်ရေပြင်၊ ရေကြောင်း သွားလာမှုတွင် ဂျပန်သင်္ဘောများနေရာကို ဝင်၍ ယူခဲ့ကြသဖြင့် ဖြစ်လေသည်။

ဂျပန် ငါးဖမ်းသင်္ဘောများသည် ဘင်္ဂလားပင်လယ်အော်တစ်ဝိုက်တွင် သွားလာလှုပ်ရှား၍ မြန်မာနိုင်ငံအနီး ရေပိုင်နက်၌ ငါးများဖမ်းယူခြင်း ပြုလုပ်လျက် ရှိခဲ့ကြသည်။ ပင်လယ်ငါးများကို ဖမ်းယူ၍ ရေခဲစိမ်ပြီး ရန်ကုန်မြို့သို့ ပို့ဆောင် ရောင်းချ၍ ကြီးပွားခဲ့ကြ၏။ ၁၉၃၆ ခုနှစ်ဆီက မြိတ်မြို့အနီး မြန်မာ့ပင်လယ် ပြင်တွင် အခွင့်မရှိဘဲ မြန်မာ့ရေပိုင်နက်၌ ငါးဖမ်းမှုဖြင့် ဂျပန်သင်္ဘောများကို မြန်မာအစိုးရအရာရှိများက ဖမ်းဆီးပြီး တရားစွဲခဲ့သည့် အမှုများလည်း ဖြစ်ပေါ် ခဲ့လေသည်။

အနုပညာကဏ္ဍအနေဖြင့် ဂျပန်တို့သည် မြန်မာနိုင်ငံတွင် ထွင်ကျယ်မှု မရှိကြပေ။ မြန်မာနိုင်ငံသားတို့သည် ဂျပန်ဓာတ်ရုပ်နှင့် သို့မဟုတ်ပစ္စည်းကိုသာ လက်ခံသုံးစွဲနေကြပြီး ဂျပန်နိုင်ငံထွက် သော်မှုအနုပညာပစ္စည်းတို့ကား မိတ်ဆက် တာမှု များစွာ မရှိလှပေ။ ဂျပန်ရုပ်ရှင်ကားအချို့ကိုသာ မြန်မာနိုင်ငံတွင် လာရောက် ပြသခဲ့ကြပြီးလျှင် မြန်မာနိုင်ငံမှ ရုပ်ရှင်ပညာသည်အချို့တို့သည် ဂျပန်နိုင်ငံသို့ သွားရောက်၍ ရုပ်ရှင်ကားများကို လေ့လာကြပြီး ဂျပန်-မြန်မာ ဖက်စပ်ရုပ်ရှင် ကားတစ်ကားကို ရိုက်ကူးခဲ့ကြဖူးလေသည်။

၁၉၀၂ ခုနှစ်တွင် ဂျပန်၊ အင်္ဂလိပ်မဟာမိတ်စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ဖူး ရာ ထိုစာချုပ်တွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ မကျူးကျော်ရေးနှင့် တစ်နိုင်ငံ အရေး အရေးကို တစ်နိုင်ငံက လေးစားစောင့်ထိန်းရေး၊ အရှေ့အာရှဒေသ ငြိမ်းချမ်းရေး တို့အတွက်များနှင့်ပတ်သက်၍ သဘောတူညီမှုများ ပါသည်။ ၎င်းအရှေ့အာရှဒေသကိစ္စ ရပ်များတွင် မြန်မာနှင့် အိန္ဒိယနိုင်ငံများလည်း ပတ်သက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းစာချုပ်မှာ မြန်မာနှင့် အိန္ဒိယနိုင်ငံများကို ဂျပန်က လက်ရောင်စေရန် အတွက် အင်္ဂလိပ်က ကြိုတင်ကာကွယ်ထားလိုသည့်သဘော ပါရှိနေသည်။ ထိုစာချုပ်ကို ၁၉၀၅ ခုနှစ်တွင် ထပ်မံ၍ ဂျပန်နှင့် အင်္ဂလိပ်နိုင်ငံများက ချုပ်ဆို အတည်ပြုခဲ့ကြပြန်လေသည်။

သို့သော် ဂျပန်နိုင်ငံတွင် စစ်ဝါဒီများ တက်ရောက်အုပ်စိုးလာခဲ့ကြသော ၁၉၃၆ ခုနှစ် နောက်ပိုင်းမှ စ၍ ဂျပန်ခေါင်းဆောင်များသည် နယ်ချဲ့ဝါဒကို လက်ကိုင်ထား၍ အရှေ့အာရှကို လှမ်းမျှော်ကြည့်ခဲ့ကြလေသည်။ အရှေ့အာရှနိုင်ငံများတွင် သယံဇာတပေါကြွယ်ဝ၍ ပင်လယ်ကူးသင်္ဘောဆိပ်နှင့် လေဆိပ်များ အပါအဝင် စစ်အတွက် အသုံးကျမည်ဖြစ်သော ဌာနများရှိသည့် မြန်မာနိုင်ငံကို စိတ်ဝင်စားမှုအရှိဆုံးဖြစ်နေခဲ့သည်။

မြန်မာနိုင်ငံသည် အင်္ဂလိပ်အစိုးရ၏ ဖိနှိပ်မှုများအောက်တွင် လှုပ်ရှားမှုများ ထကြွနေဆဲဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများ မြန်မာနိုင်ငံတွင် အဆက်မပြတ်ပေါ်ပေါက်လျက်ရှိလေရာ ငှင်းလှုပ်ရှားမှုများအောက်တွင် အင်္ဂလိပ်အစိုးရသည် မလွယ်သာမလွှဲသာ အခက်အခဲပေါင်းများစွာဖြင့် ကြုံတွေ့နေရသော အချိန်လည်း ဖြစ်၏။ ထိုအခြေအနေကို ဂျပန်စစ်ဝါဒီများသည် များများသဘောတွေ့ကြပေသည်။ စီးမျှောနေသောသူများထံသို့ တက်ဆီလောင်းထည့်ပေးရန်သာ လိုနေသော အချိန်ဖြစ်ကြောင်း ကောင်းစွာ သိထားကြသော ဂျပန်စစ်ဝါဒီများသည် မိမိတို့၏သူလျှိုများကို နည်းအမျိုးမျိုးဖြင့် မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့လေသည်။

၁၉၄၀ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ဂျပန်အမျိုးသားသတင်းထောက် ၂ ဦးနှင့် ဂျပန်ကိုယ်ရေးသားအဖြစ် ခံယူထားသော တရုတ်ဆရာဝန်တစ်ဦးကို သူလျှိုမှုဖြင့် မြန်မာအစိုးရအာဏာပိုင်များက ဖမ်းဆီးမိခဲ့သောအခါမှ အင်္ဂလိပ်အစိုးရသည် ဂျပန်၏ခြေလှမ်းကို အထိတ်တလန့်ဖြစ်သွားမိခဲ့သည်။ ဂျပန်တို့သည် မိမိ၏ နယ်ပယ်ကလေးများကို လုယူရန် ကြံစည်နေရာ၌ အဘယ်မျှ ခရီးရောက်နေပြီကိုလည်းကောင်း၊ မည်သို့စီမံကိန်းတွေ ဆွဲထားပြီဆိုသည်ကိုလည်းကောင်း အနည်းအကျဉ်းမျှသာ အင်္ဂလိပ်အစိုးရက သိရှိခဲ့ရခြင်းဖြစ်သည်။

ထိုအချိန်၌ ဂျပန်အမျိုးသား သူလျှိုများအပြားသည် ရှေ့လုံးရှေ့ရင်းဖြင့် မြန်မာနိုင်ငံရေးနယ်ပယ်သို့ ထိုးဖောက်ဝင်ရောက်လှုပ်ရှားနေခဲ့ကြပြီလည်း ဖြစ်သည်။ ထို့ပြင် အမျိုးသားလွတ်မြောက်ရေးနှင့် နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး တိုက်ပွဲဝင်နေကြသော မြန်မာမျိုးချစ်ရဲဘော်များကိုလည်း ဂျပန်တို့က အဆက်အသွယ်လက်ကမ်းမိနေကြပြီလည်း ဖြစ်သည်။ 'အာရှတိုက်သည် အာရှတိုက်သားများအတွက်' ဆိုသော ကြွေးကြော်သံများကို ကော်လုံးပြု၍ ဂျပန်သူလျှိုများသည် မြန်မာလူငယ်များနှင့် ဆက်သွယ်လှုပ်ရှားနေကြပြီလည်း ဖြစ်ပေသည်။



သို့သော် မြန်မာနိုင်ငံကို အုပ်ချုပ်နေသော အင်္ဂလိပ်ဘုရင်ခံ ဆာဒေါ်မန်စမစ် အနေဖြင့် ဂျပန်သည် မြန်မာနိုင်ငံအပါအဝင် အာရှအရှေ့ပိုင်းနိုင်ငံများကို ရုတ်တရက် ဝင်တိုက်ဦးမည်တော့ မဟုတ်သေးဟု အထင်ရောက်နေခဲ့သည်။ သူ၏ထင်မြင်ချက်ကို အထောက်အကူပြုသည့် အချက်အလက်ကလည်း မကြာမီ ပေါ်ပေါက်လာလေသည်။

အင်္ဂလိပ်ထောက်လှမ်းရေးအဖွဲ့က မြန်မာဘုရင်ခံထံသို့ သတင်းပို့ရာတွင် "ယခုအချိန်တွင် ဂျပန်သည် မြန်မာနိုင်ငံအပါအဝင် အာရှအရှေ့ပိုင်းသို့ ဝင်ရောက်စစ်ပြုရန် မည်သည့်နည်းနှင့်မျှ အခြေအနေမပေးသေး" ဟူ၍ ပါရှိပေသည်။

မည်သို့ပင်ဖြစ်စေကာမူ မြန်မာပြည်ဘုရင်ခံ ဆာဒေါ်မန်စမစ်သည် အကယ်၍ ဂျပန်က စစ်ပြုလာမည်ဆိုလျှင် အဓိကအမာခံနိုင်ရန် ကြိုတင်ပြင်ဆင်မှုများကိုကား တတ်နိုင်သရွေ့ ပြုလုပ်ခဲ့ပေသည်။ သို့သော် ထိုအချိန်က မြန်မာနိုင်ငံ၏ ကာကွယ်ရေးအခြေအနေကိုမှာ များစွာ အားရကျေနပ်ဖွယ် မမြင်ပေ။ မြန်မာနိုင်ငံ၏ စစ်တပ်တွင် တည်ရှိနေသော လက်နက်အင်အား၊ လူအင်အားနှင့် ယာဉ်အင်အားသည် စစ်ပွဲတစ်ပွဲကို တိုက်နိုက်ရန်အတွက် မည်သည့်နည်းနှင့်မျှ လုံလောက်မှုမရှိသည်ကို တွေ့နေရလေသည်။ ဤအခြေအနေအတိုင်းသာဆိုပါက ဂျပန်ကသာ အရှေ့အာရှကို စစ်ပြုလာလျှင် မြန်မာနိုင်ငံမှ မိမိတို့ အင်္ဂလိပ်အစိုးရအာဏာပိုင်များသည် အချိန်ကြာကြာ ခံနိုင်မည်မဟုတ်သည်ကိုကား မြန်မာဘုရင်ခံနှင့် မြန်မာအစိုးရအဖွဲ့ဝင်များသည် ကောင်းစွာ သဘောပေါက်မိကြပေသည်။

ဂျပန်သာ မြန်မာနိုင်ငံကို စစ်ပြုလာလျှင် ရန်ကုန်မြို့မှာ ပထမဆုံး ဗုံးကြဲတိုက်ခိုက်ခံရမည့်နေရာ ဖြစ်သည်ကိုကား ဘုရင်ခံနှင့် အစိုးရအဖွဲ့က ကောင်းစွာ သိရှိခဲ့ကြသည့်အလျောက် ကာကွယ်ရေးအစီအစဉ်များကို ကြိုးစားပြုလုပ်ခဲ့ကြရှာပေသေးသည်။

ထိုအချိန်တွင် "အင်္ဂလိပ်အခက် ဗမာ့အချောင်" ဆိုသော ကြွေးကြော်သံကို ကိုင်ဆောင်၍ မြန်မာ့လွတ်လပ်ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ပြုလုပ်နေကြပြီဖြစ်သော မြန်မာ့မျိုးချစ်တော်လှန်ရေးလူငယ်များသည် နိုင်ငံခြားအကူအညီကို ယူ၍ အင်္ဂလိပ်အစိုးရကို မြန်မာနိုင်ငံမှ တိုက်ထုတ်နိုင်ရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားနေကြပြီဖြစ်လေသည်။ မြန်မာမျိုးချစ်လူငယ်များသည် "နေသေးသပ ရှိုထိုက၊ ရှိုးမွေးသပ တမြမြ" ဆိုသကဲ့သို့ အင်္ဂလိပ်အစိုးရအား တိုးနှက်ရန် အချိန်ကိုသာ အခါမလပ် စောင့်ကျော်ရှိနေကြတော့သည်။

ဗမာ့ထွက်ရပ်ဂိုဏ်းကြီးမှ ခေါင်းဆောင်များသည် မြို့နယ်များသို့ ဆင်း၍ အင်္ဂလိပ် ဂျပန်စစ်ပွဲတွင် မြန်မာနိုင်ငံအား ပါဝင်တိုက်ခိုက်စေခြင်း မပြုရန်အတွက် ဟောပြောကြသည်။ အင်္ဂလိပ်အစိုးရက တိုက်နိုက်သော စစ်ပွဲများတွင် မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



အစိုးရ ဝင်ရောက်ဆင်နွှဲခြင်းကို တားဆီးကန့်ကွက်ကြောင်းကို ဗမာ့ထွက်ရပ်ဂိုဏ်း ခေါင်းဆောင်အချို့သည် စက်ရုံလယ်ယာများအထိ လှည့်လည်ဟောပြောနေလျက် ရှိနေကြလေသည်။ ဤသို့ဖြင့် အင်္ဂလိပ်အစိုးရသည် ဗမာ့ထွက်ရပ်ဂိုဏ်းခေါင်းဆောင် များကို ဖမ်းဆီး၍ ထောင်ထဲသို့ ပို့ခဲ့ကြပြန်လေသည်။

## (ဃ) မြန်မာလူငယ်များနှင့် ဂျပန်သူလျှိုတို့ အဆက်အသွယ်

ပြည်သူ့အရေးတော်ပုံပါတီသည် အင်္ဂလိပ်အစိုးရကို တော်လှန်တိုက်ထုတ် ရေးအတွက် လက်နက်ကို မည်သည့်နည်းနှင့်ပဲ ရရ ရှာကြမည်ဟု ဆုံးဖြတ်ထား သည်။ ပါတီခေါင်းဆောင်တစ်ဦးဖြစ်သော သခင်အောင်ဆန်းက "ဓားပြတိုက်တဲ့ လူတွေတောင် လက်နက်ကို ရှာ၍ ရသေးသည်၊ လွတ်လပ်ရေးတိုက်ပွဲဝင် ရန် စနစ်တကျ စည်းရုံးထားသူတွေမှာ လက်နက်မရှား"ဟု ပြောခဲ့သည်။ သခင် အောင်ဆန်း၏အမြင်မှာ အဖွဲ့ဝင်များများပါသော ဓားပြအဖွဲ့တစ်ဖွဲ့ဆိုလျှင် ပြောက်ကျားတိုက်ပွဲတစ်ပွဲ ဆင်နွှဲလို့ရနိုင်သည်၊ ထို့ကြောင့် လက်နက်ကို ရသမျှ ရှာ နယ်ချဲ့ကို တိုက်ထုတ်ရာတွင် ပြောက်ကျားတိုက်နည်းကို အသုံးပြုရမည်ဟု ဖြစ်လေသည်။

သို့သော် နယ်ချဲ့အင်္ဂလိပ်အစိုးရကို တော်လှန်ရာတွင် ပြည်ပအင်အားစု ၏ အကူအညီကို ယူသင့်သလောက် ယူကြရမည်ဆိုသော အချက်ကို ပြည်သူ့ အရေးတော်ပုံပါတီဝင်များက လက်ခံထားကြသည်။ နိုင်ငံခြားမှ ရသော အကူအညီ ဖြင့် မိမိတို့ ပြည်တွင်းအင်အားစုကို ပေါင်းလိုက်လျှင် နယ်ချဲ့အင်္ဂလိပ်အစိုးရကို တိုက်ထုတ်၍ လွယ်မည်ဟုလည်း မျှော်လင့်ထားကြသည်။

ဤကိစ္စနှင့်ပတ်သက်၍ကား သခင်အောင်ဆန်းကိုယ်တိုင်ကပင် ယခင်က အပြတ်ပြောဖူးသည်။ 'ပြည်ပအင်အားစုကို အားကိုး၍ မဖြစ်၊ ပြည်တွင်းအင်အား ကိုသာ အားကိုးရမည်၊ ပြည်သူ့လွတ်မြောက်ရေးတိုက်ပွဲတွင် ပြည်တွင်းအင်အား သာ အဓိက အင်အားစုဖြစ်သည်'ဟု သခင်အောင်ဆန်းက ပြောဖူးသည်၊ ပြည်တွင်းအင်အားစုမှာ အဓိကအင်အားစုဖြစ်သည်ဆိုခြင်းကား မှန်သည်။ သို့သော် ပြည်သူတွေအား ဖိနှိပ်ချုပ်ချယ် စိုးမိုးနေသော နယ်ချဲ့အင်္ဂလိပ်အင်အားစုများကို ပြည်တွင်းအင်အားစုများသက်သက်ဖြင့် တွန်းလှန်၍ကား လတ်တလောအခြေအနေ တွင် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်သေးဆိုသော အချက်ကို အရေးတော်ပုံ ပါတီဝင် ခေါင်းဆောင်ပိုင်းက နားလည်လက်ခံကြလေသည်။

ထိုသို့ဆိုလျှင် ပြည်ပအင်အားစုတစ်ခုခုနှင့် ဆက်သွယ်ရန် နည်းလမ်း တစ်ရပ်ကို ရှာရမည်။ ပြည်ပအင်အားစုထံမှ အကူအညီ၊ ခေတ်မီလက်နက်များသာ ရလျှင် ရပါစေဦး၊ စုဆောင်းထားပြီးဖြစ်၍ စစ်သင်တန်းအသီးသီးကိုပင် ပေး၍



ထောင်များမှာ လှောင်ချိုင့်ထားကြသော ဗမာ့လက်ရုံးတပ်သားများကိုလည်းကောင်း၊ သခင်ပါတီဝင်များကိုလည်းကောင်း။ နိုင်ငံခြားအကူအညီဖြင့် ရလာသော ခေတ်မီလက်နက်များကို တပ်ဆင်ပေးလိုက်ရလျှင် နယ်ချဲ့အင်္ဂလိပ်အစိုးရကို သည်တစ်ပွဲ၌ မြန်မာတို့က အနိုင်ဖြင့် ပိုင်းနိုင်မည်မှာ မြေကြီးလက်ခတ်မလွဲဟု တွက်ဆကြသည်။

စုဆောင်းထားသော ဗမာ့လက်ရုံးတပ်များသည် ယခုအခါတွင် ဆင်တူ ယူနီဖောင်းများဝတ်၍ ဝါးခမောက်ဦးထုပ်များကို ဆောင်းပြီးလျှင် ဝါးချွန်များကို လက်နက်အဖြစ်ဖြင့် ကိုင်ဆောင်လျက် စစ်ပညာများကို စနစ်တကျလေ့ကျင့် ထားကြပြီးပေပြီ။ တက္ကသိုလ်ကျောင်းသားများ ဦးစီးပါဝင်သော သံမဏိတပ်များ သည်လည်း သဘောတရားရေးနှင့် စစ်ရေးသင်တန်းများကို စနစ်တကျ သင်ကြား ပို့ချလျက် ပြီးနေပေပြီ။

တို့ဗမာအစည်းအရုံးအဖွဲ့ချုပ်နှင့် တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအဖွဲ့ ချုပ် အစရှိသော အဖွဲ့တို့ကား နယ်ချဲ့အစိုးရအား ဆန့်ကျင်လှုပ်ရှားရာ ဌာနများအဖြစ် ပြည်သူ့အရေးတော်ပုံပါတီနှင့် မြန်မာ့လက်ရုံးတပ်၊ သံမဏိတပ်တို့ များ၏ အဆိုးချုပ်ရာ ဒေသကြီးများဖြစ်နေပြီ။

နယ်ချဲ့အင်္ဂလိပ်ကို ချရန် လက်နက်သာ လိုသည်။ လက်နက် ဘယ်က ရမည်နည်း။

ထိုအခါတွင် ဂျပန်နိုင်ငံသည် မြန်မာမျိုးချစ်လူငယ်များ၏ရှေ့တွင် မားမား မတ်မတ် ရပ်လာလေသည်။

ဂျပန်ကောင်စစ်ဝန်က ဗမာ့ထွက်ရပ်ဂိုဏ်းကြီး၏ ဥက္ကဋ္ဌ ဒေါက်တာ ဘမော်နှင့် ဒေါက်တာသိမ်းမောင်တို့ထံမှ တစ်ဆင့် လျှို့ဝှက်စကား ပို့လွှတ်လာ သည်။ မြန်မာလူငယ်များကို ကူညီမည်၊ မြန်မာမျိုးချစ်လူငယ်များ၏ လုပ်ငန်းစဉ်၊ ဝါဒ၊ သဘောတရား စသည်တို့ကို သိလိုပါသည်ဟု ဆိုလာသည်။

သို့သော် နောက်ပိုင်းတွင် ဂျပန်ကောင်စစ်ဝန်ထံမှ အကြောင်းပြန်စကား ထပ်မံ၍ မကြားရတော့။ ဂျပန်တို့သည် မြန်မာမျိုးချစ်လူငယ်များဖြစ်ကြသော သခင်အောင်ဆန်းခေါင်းဆောင်သည့် တို့ဗမာအစည်းအရုံးနှင့် ပြည်သူ့အရေးတော်ပုံ ပါတီဝင်များကို ထိပ်တန်းကွန်မြူနစ်ကြီးများဟု ထင်ကြလေသည်။

တို့ဗမာအစည်းအရုံးဝင် မြန်မာလူငယ်တို့သည် တိုးတက်သော ဆိုရှယ်လစ် သဘောတရားရေးရာများကို လေ့လာဆည်းပူးကြပြီးလျှင် အရင်းရှင်စနစ်ဆိုးကို ဆန့်ကျင်တိုက်ဖျက်ရန် ဆုံးဖြတ်ထားသူများ ဖြစ်လေသည်။ သူတို့သည် ဆိုဗီယက် နိုင်ငံနှင့် အခြားလက်ဝဲဝါဒရှင်များဖြစ်ကြသော တိုးတက်သော နိုင်ငံများမှ စာပေ များကို လေ့လာဖတ်ရှုနေခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကွန်မြူနစ်ဝါဒဆိုလျှင် အသေအလဲ ကြောက်ရွံ့သော ဂျပန်က မြန်မာလူငယ်များသည် ဘိုရှိဗစ်ကွန်မြူနစ်များဟု ထင်ပြီး အားပေးကူညီရန် အစီအစဉ်ကို အချိန်ဆွဲနေခဲ့လေသည်။ ထိုအချိန်က ဂျပန်သည် တရုတ်ကွန်မြူနစ်များနှင့် တရုတ်ပြည်တွင် စစ်တိုက်နေရ၏။ တရုတ်ကွန်မြူနစ်များနှင့် ချန်ကေရှိတ်စစ်တပ်များသည် ဂျပန်စစ်တပ်များကို အသေအလဲတိုက်ခိုက်နေရသော အချိန်ဖြစ်လေသည်။ ထို့ကြောင့်ပင် ဂျပန်တို့သည် မြန်မာမျိုးချစ်လူငယ်များကို အကူအညီပေးရန် တွန့်တိုနေခဲ့ကြလေသည်။

၁၉၄၀ ပြည့်နှစ်၊ မတ်လတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာထွက်ရပ်ဂိုဏ်း ခေါင်းဆောင် သခင်အောင်ဆန်းက ဦးစီး၍ သခင်သန်းထွန်း(နောက် တောင်), သခင်ဗဟိန်း(ကွယ်လွန်သူ)၊ ကိုထွန်းရှိန်(ရဲဘော်သုံးကျိပ်ဗိုလ်ရန်နိုင်)၊ သခင်ခင်အောင် တို့ ပါဝင်သော မြန်မာလူငယ်များသည် အိန္ဒိယပြည် "ရမ်းဂါး" မြို့၌ ကျင်းပပြုလုပ်သော တောင်သူလယ်သမား ကွန်ဖရင့်သို့ တက်ရောက်ရန် သွားကြလေသည်။

သခင်အောင်ဆန်းသည် ထိုကွန်ဖရင့်၌ တင်သွင်းရန် ဗိုလ်ချုပ်အောင်ဆန်း၏ ကြေညာစာတမ်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးဆွဲခဲ့သည်။ အဆိုပါစာတမ်းသည် မြန်မာနိုင်ငံ ဗိုလ်ချုပ်အောင်ဆန်း၏ ဝါဒသဘောတရားများနှင့် ဦးတည်ချက်များပင် ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ အောက်ပါစာတမ်းမှာ သခင်အောင်ဆန်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သော စာတမ်းပင် ဖြစ်သည်။

### ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးရည်မှန်းချက်

၁။ မြန်မာနိုင်ငံအား နယ်ချဲ့သမားများ၏ လက်မှ လုံးဝလွတ်မြောက်ရေး၊
၂။ ရှမ်းပြည်နယ်နှင့် အခြား ခြင်းချန်ထားသော နယ်များတွင် ပဒေသရာဇ်စနစ် ဖျက်သိမ်းရေး။
၃။ တောင်သူလယ်သမားများနှင့် ပစ္စည်းမဲ့တို့၏ ဒီမိုကရေစီ အာဏာချုပ်ကိုင်မှု တည်ဆောက်ရေး။
၄။ လွတ်လပ်စွာ ဟောပြောခွင့်၊ စည်းရုံးခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့် ရရှိရေး။
၅။ လူတိုင်း လက်နက်ကိုင်ဆောင်ခွင့် ရရေး။

### ဗိုလ်ချုပ်အောင်ဆန်း၏ စီးပွားရေးရည်မှန်းချက်

၆။ အလုပ်သမားပေါ်လစီ -
(က) အလုပ်သမားတစ်ဦး၏ တစ်နေ့အလုပ်ချိန် (၈)နာရီထက် မပိုစေရေး၊



(ခ) အလုပ်သမားများ၏ အနည်းဆုံးလုပ်ခကို ဥပဒေဖြင့် သတ်မှတ်ပေးရေး။
(ဂ) ကလေးသူငယ်များအား အလုပ်ခြင်းနိုင်းခြင်းကို ဖျက်သိမ်းရေး။
(ဃ) လူမှုအာမခံရေး။
(င) အလုပ်လက်မဲ့မဖြစ်စေရန်အတွက် နိုင်ငံပိုင်စက်မှုလက်မှုလုပ်ငန်းများ တည်ဆောက်ရေး။
(စ) စက်မှုလုပ်ငန်းများကို အလုပ်သမားများ ဦးစီးအုပ်ချုပ်ရေး။
၇။ မြေယာပေါ်လစီ
(က) မြေရှင်စနစ်ကို လုံးဝဖျက်သိမ်းရေး
(ခ) ဆင်းရဲသား တောင်သူလယ်သမားများနှင့် လူလတ်တန်းစား တောင်သူလယ်သမားများအား မြေယာ အခမဲ့ဝေငှပေးရေး၊ မြေယာအားလုံးကို နိုင်ငံပိုင်သိမ်းပြီးလျှင် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေး။
၈။ အလုပ်သမားများနှင့် တောင်သူလယ်သမားများ၏ ကြွေးငွေများကို လျှော်ပစ်ရေး။
၉။ နိုင်ငံခြားကြွေးငွေအားလုံး လျှော်ပစ်ရေး။
၁၀။ ဝင်ငွေ အနည်းအများပေါ်တွင် အခြေခံသော အမြတ်တော်ခွန်မှတစ်ပါး သွယ်ဝိုက်၍ ကောက်ခြင်း၊ တိုက်ရိုက်ကောက်ခြင်းနှင့်ဆိုင်သော အခြားခွန်များ ဖျက်သိမ်းရေး။
၁၁။ နယ်တက်နှင့် စစ်တက်ဆိုင်ရာ အသုံးစရိတ်ကို မှတ်ရန် စီမံဆောင်ရွက်ရေး (အထက်တန်းလစာများကို လျှော့ချ၍ အောက်တန်းလစာများ တိုးမြှင့်ရန်)။
၁၂။ မြေယာအားလုံးနှင့်တကွ သစ်တော၊ ရေကြောင်း၊ မီးရထား၊ သတ္တုတွင်း၊ စက်မှုလုပ်ငန်းကြီးများ၊ ဘဏ်တိုက်များကို နိုင်ငံပိုင်ပြုလုပ်ရေး။

### ဗိုလ်ချုပ်အောင်ဆန်း၏ လူမှုရေးရည်မှန်းချက်

၁၃။ အမျိုးသမီးများ စီးပွားရေး၊ လူမှုရေး အချုပ်အချယ်များမှ ကင်းလွတ်ပြီးလျှင် လုပ်ငန်းအားလုံး၌ တူညီသည့် အခွင့်အရေးရရှိစေရေး။
၁၄။ လူတိုင်းအခမဲ့ပညာသင်ယူရေးနှင့် လူငယ်များ၏ ကိုယ်ကျင့်တရား၊ ယဉ်ကျေးမှု၊ ခေါင်းဆောင်အောက်ဆဲရေးအဆင့် အတန်း တိုးမြှင့်ပေးရေး။
၁၅။ မြန်မာနိုင်ငံသားတိုင်း လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်ခွင့် ရရှိရေး။
၁၆။ လူနည်းစု အားလုံးအတွက် ယဉ်ကျေးမှုလွတ်လပ်ခွင့်ရရေး။
၁၇။ လူမျိုး ဘာသာ ထိမ်းမခွဲခြားဘဲ ဥပဒေအရ တူညီစွာ ခံစားခွင့်ရှိရေး။

သခင်အောင်ဆန်းသည် အထက်ပါအချက်များကို အဓိကထား၍ အိန္ဒိယ နိုင်ငံတောင်သူလယ်သမား ကွန်ဖရင့်၌ ဗိုလ်ချုပ်အောင်ဆန်း၏ ဝါဒသဘောတရား

www.burmeseclassic.com

www.burmeseclassic.com



ရေးရာများကို ရေးဆွဲတင်ပြခဲ့ခြင်းဖြစ်ရာ ထိုအချိန်ကပင် သခင်အောင်ဆန်းနှင့် သူ၏ လုပ်ဖော်ကိုင်ဖက် ရဲဘော်များသည် ဆိုရှယ်လစ်သဘောတရားများကို စည်း၍ လေ့လာခံယူထားပြီးဖြစ်သည်ကို သိသာနိုင်လေသည်။

မြန်မာနိုင်ငံရှိ ဂျပန်သံရုံးသည် သခင်အောင်ဆန်းနှင့် မျိုးချစ်လူငယ်တို့အား ဆိုရှယ်လစ်သဘောတရားရေးရာ ခံယူချက်များကို လေ့လာတွေ့ရှိရသည်နှင့် ကွန်မြူနစ်လူငယ်တွေဟု သံသယရှိလျှင် အကူအညီပေးရန် ကိစ္စကို လက်လွှတ် သွားခြင်းလည်း ဖြစ်ပေသည်။

သို့သော် ထိုအချိန်က တို့ဗမာအစည်းအရုံးဝင် ခေါင်းဆောင်များဖြစ်သော သခင်ထွန်းအုပ်နှင့် ဗမာ့လက်ရုံးတပ်ဗိုလ်ချုပ် သခင်လှဖေတို့သည် ဂျပန်ဆရာဝန် တစ်ဦးထံမှ တစ်ဆင့် ဂျပန်သံရုံးနှင့် တိတ်တဆိတ် ဆက်သွယ်မိကြပြန်လေသည်။

သခင်ခေါင်းဆောင် ၂ ဦးနှင့် ဂျပန်သံရုံးကို ဆက်သွယ်ပေးသူမှာ ရန်ကုန်မြို့တွင် နှစ်ပေါင်းများစွာ လာရောက်အခြေစိုက်ပြီး ဆေးကုသနေခဲ့သူ ဂျပန်ဆရာဝန်ကြီး ဒေါက်တာဆူဇူကီး ဖြစ်လေသည်။

ဒေါက်တာဆူဇူကီး ဆက်ပေး၍ သခင်ထွန်းအုပ်နှင့် သခင်လှဖေတို့သည် ဂျပန်သံရုံးမှ ဂျပန်ကောင်စစ်ဝန်နှင့် တိတ်တဆိတ် တွေ့ဆုံဆွေးနွေးခွင့်ရခဲ့၏။ ဂျပန်ကောင်စစ်ဝန်က ဒုတိယကောင်စစ်ဝန် မစ္စတာဖူးကိုင် (ခေါ်) မစ္စတာ ဟုမ်ဆောင်းအား တာဝန်ပေး၍ သခင်ထွန်းအုပ်တို့နှင့် ဆက်လက်ဆွေးနွေးရန် တာဝန် ပေးခဲ့လေသည်။

ဒုတိယကောင်စစ်ဝန် မစ္စတာဖူးကိုင်က တောင်းဆိုသောကြောင့် သခင်ထွန်းအုပ်တို့သည် တို့ဗမာအစည်းအရုံး သမိုင်းအကျဉ်းချုပ်ကို ဂျပန်သံရုံးသို့ ရေးသား တင်ပြလိုက်ရပေသည်။

ယခုတစ်ကြိမ်တွင် ဂျပန်သံရုံးသည် အသေအချာ စိစစ်ဆောင်ရွက်သည်ကို တွေ့ရလေသည်။ အင်္ဂလိပ်အစိုးရကို မြန်မာလူငယ်တို့ တော်လှန်သော အခါ တော်လှန်ရေး ဆောင်ရွက်မည့် ငွေကြေး၊ လက်နက်များ ကြိုတင်သိုဝှက် ထားရန် နေရာများကိုပါ ဂျပန်ကောင်စစ်ဝန်နှင့် သခင်ထွန်းအုပ်တို့က အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြ၏။ အင်္ဂလိပ်အစိုးရကို တော်လှန်သောအခါ တော်လှန်ရေးဌာနချုပ် အဖြစ် ထားရှိရန် သင့်လျော်သော နေရာအဖြစ် သာယာဝတီခရိုင် လယ်သမား တော်လှန်ရေးကြီး စတင်ပေါ်ထွန်းခဲ့သည့် ခေါင်းဆောင်ကြီး ဆရာစံ၏ အ[illegible]တောင်ဒေသကို ဂျပန်ဒုတိယကောင်စစ်ဝန်ကိုယ်တိုင် သွားရောက်၍ လျှို့ဝှက် လေ့လာခဲ့သေး၏။ ၎င်းဒုတိယကောင်စစ်ဝန်သည် တရုတ်အဝတ်အထည်များကို ဝတ်ဆင်လျက် ရုပ်ဖျက်ပြီး တရုတ်များသည် 'အနှောင်' ဟု ခံယူပြီး ထိုဒေသများကို တိတ်တဆိတ်သွားရောက်ခဲ့ရာ မြန်မာခေါင်းဆောင်များက လိုက်လံပြသ ပို့ဆောင် ပေးခဲ့ရပေသည်။



ဂျပန်သံရုံးမှ မြန်မာ့လက်ရုံးတပ်ကြီး ဗိုလ်ချုပ်ကြီး သခင်လှဖေကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ သွား၍ ဘန်ကောက်မြို့မှ စောင့်နေမည့် ဂျပန် အရာရှိနှင့် ဆွေးနွေးရန် စေလွှတ်လေသည်။ သခင်လှဖေသည် ထိုင်း-မြန်မာ နယ်စပ်မှ တစ်ဆင့် ဘန်ကောက်မြို့သို့ သွားရန် ကြိုးစားခဲ့၏။ သခင်လှဖေကို ကျိုက်ထော် သိမ်ဆိပ်မြို့ နန်းတောင်းဆရာတော် ဘုန်းကြီးက ကူညီ၍ သထုံခရိုင် အရှေ့ပိုင်း ဒေါနတောင်တန်းကို ဖြတ်၍ သွားရန် စီစဉ်ပြီး ရန်ကုန်မှ လွှတ်လိုက်လေသည်။ သို့သော် သခင်လှဖေ ထိုင်းသို့ သွားရန် နှစ်ကြိမ်တိုင်တိုင် ကြိုးစားသော်လည်း အနှောင့်အယှက် အခက်အခဲများ တွေ့ရ၍ လမ်းခုလတ်မှ နှစ်ကြိမ်တိုင် ပြန်လှည့်ခဲ့ရလေသည်။ ဤမှဆက်၍ ဂျပန်သံရုံးနှင့် မြန်မာ ခေါင်းဆောင်များမှာ အလုပ်ဖြစ်ဘဲ ရပ်ဆိုင်း၍ သွားကြပြန်သည်။

ထိုအတွင်း တို့ဗမာအစည်းအရုံး ခေါင်းဆောင်များဖြစ်သော သခင်ဗစိန် နှင့် သခင်အောင်သန်းတို့သည် ရန်ကုန်မြို့ ၃၇ လမ်းနှင့် ဒါလဟိုဇီလမ်းထိပ်တွင် သွားစိုက်ဆိုင် ဖွင့်လှစ်ထားသော ဂျပန်လူမျိုး သွားစိုက်ဆိုင်ပိုင်ရှင် မစ္စတာ ကိုကိုဘူးနှင့် ဆက်သွယ်မိကြပြန်လေသည်။

တို့ဗမာအစည်းအရုံးခေါင်းဆောင်များဖြစ်ကြသော သခင်ဗစိန်၊ သခင် အောင်သန်း၊ သခင်ချစ်တင်၊ သခင် ခင်မောင်၊ သခင်ထွန်းအုပ်တို့သည် ၁၉၄၀ ခုနှစ်၊ ဇွန်လအတွင်းက ရန်ကုန်မြို့ ဂျူဗလီဟော ခန်းမကြီးအတွင်း၌ မစ္စတာ ကိုကိုဘူးနှင့် ည ၁၀ နာရီအချိန်တွင် လျှို့ဝှက်၍ ဆွေးနွေးကြလေသည်။

မစ္စတာ ကိုကိုဘူးက မြန်မာလူငယ်ခေါင်းဆောင်များ၏ အင်္ဂလိပ်နယ်ချဲ့ အစိုးရအား တော်လှန်ရေးနှင့် ပတ်သက်၍ အစီအစဉ်များ၊ တော်လှန်ရေးပြီးသော အခါ အုပ်ချုပ်မည့် နည်းနှင့် အုပ်ချုပ်မည့် ပုံစံများ စသည်တို့ကို ရေးသားပေးရန် တောင်းဆို၍ သခင်ခေါင်းဆောင်များက ရေးသားပေးပို့လိုက်ကြပြန်သည်။ မစ္စတာ ကိုကိုဘူးမှာ ဂျပန်အစိုးရ၏ ထိပ်တန်းလျှို့ဝှက်သူတစ်ဦးဖြစ်လေရာ သခင်ခေါင်း ဆောင်များ၏ အင်္ဂလိပ်တော်လှန်ရေး အစီအစဉ်များကို ဂျပန်နိုင်ငံရှိ အာဏာပိုင် များထံသို့ ဂျပန်ပြန်မည့်ခရီးသည်တစ်ဦးထံမှ တစ်ဆင့် ပေးပို့လိုက်လေသည်။

ယခုတစ်ကြိမ် တင်ပြသော သခင်ခေါင်းဆောင်တို့၏ တော်လှန်ရေး အစီအစဉ်များကို ဂျပန်နိုင်ငံရှိ သက်ဆိုင်ရာ အာဏာပိုင်များထံက လက်ခံမည် ဖြစ်ကြောင်းနှင့် အကြောင်းပြန်ကြားချက်တစ်ရပ် မြန်မာနိုင်ငံရှိ သခင်ခေါင်းဆောင် များထံ ပြန်ရောက်လာလေသည်။ ဂျပန်အာဏာပိုင်များသည် သခင်ဗစိန်ကို ထိုင်းမှ တစ်ဆင့် ဂျပန်နိုင်ငံသို့ လာခဲ့ရန် ဆင့်ခေါ်မှာကြားလိုက်ကြပြန်လေသည်။

သခင်ဗစိန်သည် လျှို့ဝှက်စာတမ်းများကို ယူဆောင်၍ မြန်မာနိုင်ငံမှ တိတ်တဆိတ်ပင် ကုန်းလမ်းခရီးမှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ထွက်ခွာ

www.burmeseclassic.com

www.burmeseclassic.com



သွားရာ ယိုးဒယားနယ်စပ်အနီး မေ့ဆောက်တခန်းတွင် အင်္ဂလိပ်အစိုးရ၏ နယ်ထောက် များက ဖမ်းမိသွားခဲ့တော့သည်။

သခင်ခေါင်းဆောင်များသည် သခင်ဖေမြင့်ကို ဖမ်းမိသွားပြီဆိုသော သတင်းကို ကြားရပြီး မကြာမီပင် သခင်အောင်သန်း(ရဲဘော်သုံးကျိပ် ဗိုလ်စကြာ)ကို ထပ်မံ၍ လွှတ်ကြပြန်သည်။ သခင်အောင်သန်းသည် မြိတ်မြို့မှ တစ်ဆင့် ယိုးဒယားနယ်စပ်ကို ဖြတ်၍ ဘန်ကောက်မြို့သို့ သွားရမည်ဖြစ်သည်။ မြိတ်မြို့ဘက်မှ သွားရမည့် ခရီးစဉ်မှာ တောတောင်ထူထပ်၍ ခရီးကြမ်းတစ်ခုဖြစ်လေသည်။

ဤသို့ဖြင့် သခင်အောင်သန်းသည် မြန်မာနိုင်ငံမှ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့သို့ ခက်ခဲကြမ်းတမ်းသော လမ်းမှပင် သွားရောက်ခဲ့သည်။ သခင်အောင်သန်းသည် ဘန်ကောက်မြို့သို့ ချောချောမောမော ရောက်ရှိသွားလေသည်။ လမ်းခရီး၌ အခက်အခဲများ တွေ့ရသည်မှန်သော်လည်း အင်္ဂလိပ်အစိုးရ နယ်ထောက်များ၏ ဖမ်းဆီးမှု ဘေးရန်မှ လွတ်ကင်းစွာဖြင့်ပင် မြန်မာနိုင်ငံမှ ထွက်ခွာသွားနိုင်ခဲ့၏။

သခင်အောင်သန်းသည် ယိုးဒယားနိုင်ငံရှိ ဂျပန်အစိုးရအရာရှိတစ်ဦးနှင့် တွေ့ဆုံနိုင်ခွင့်ရခဲ့သည်။ ဂျပန်အရာရှိနှင့် သခင်အောင်သန်းတို့ တွေ့ဆုံပြီးလျှင် လိုအပ်သော အစီအစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် သခင်အောင်သန်းထံမှ စာတစ်စောင် မြန်မာနိုင်ငံသို့ ရောက်လာတော့သည်။

သခင်ထွန်းအုပ်တို့ထံသို့ ရောက်လာသော ဘန်ကောက်မြို့မှ သခင်အောင်သန်း၏ စာတွင် မြန်မာလူငယ် ၄၀ ကို မြန်မာနိုင်ငံရှိ နိုင်ငံရေးအဖွဲ့အစည်းများ အားလုံးမှ ရွေးချယ်၍ ဂျပန်နိုင်ငံသို့ စေလွှတ်ရန် ဖြစ်သည်။ ယင်းမြန်မာလူငယ် ၄၀ ကို ဂျပန်နိုင်ငံတွင် စစ်ပညာများကို စနစ်တကျ သင်ကြားပေးပြီးလျှင် မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်မည်ဖြစ်၏။ ဤလူငယ်များသည် မြန်မာမျိုးချစ် လူငယ်များကို စစ်ပညာများ တစ်ဆင့် သင်ကြားပို့ချ၍ မြန်မာ့လွတ်လပ်ရေး နယ်ချဲ့တော်လှန်ရေးအင်အားစုများ ဖွဲ့စည်းကာ အင်္ဂလိပ်အစိုးရကို ပြည်တွင်းမှ ပုန်ကန်တော်လှန်ရန် ဖြစ်လေသည်။

ယိုးဒယားနိုင်ငံရောက် သခင်အောင်သန်းထံမှ စာကို ရသောအခါ မြန်မာနိုင်ငံရှိ သခင်ခေါင်းဆောင်များသည် ဂျပန်နိုင်ငံသို့ သွားရမည့် မြန်မာလူငယ်များကို ရွေးချယ်ရန် စနစ်တကျ စည်းရုံးလှုပ်ရှားမှုများအတွက် ရှိနေကြလေသည်။

ထိုအချိန်၌ နောင်အခါတွင် ရဲဘော်သုံးကျိပ် ခေါင်းဆောင် ဗိုလ်တေဇ ဟုလည်းကောင်း၊ မြန်မာ့အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဟုလည်းကောင်း ထင်ပေါ်ကျော်ကြားလာမည်ဖြစ်သော တို့ဗမာအစည်းအရုံးခေါင်းဆောင် သခင်အောင်ဆန်းသည် ၁၉၄၀ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအတွက် နိုင်ငံခြားအကူအညီ ရယူရှာဖွေရန် တရုတ်နိုင်ငံသို့ ထွက်ခွာသွားခဲ့ပြီဖြစ်လေသည်။



## (င) သခင်အောင်ဆန်း နိုင်ငံခြားသို့ ထွက်ခွာသွားခြင်း။

တို့ဗမာအစည်းအရုံးနှင့် ဗမာ့ထွက်ရပ်ဂိုဏ်း ပြည်သူ့အရေးတော်ပုံပါတီ များတွင် ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်၍ လွတ်လပ်ရေးတိုက်ပွဲအတွက် လှုပ်ရှားမှုများကို ပြုလုပ်နေသော သခင်အောင်ဆန်းသည် အင်္ဂလိပ်အစိုးရက မိမိအား ဖမ်းဝရမ်းထုတ်ဆင့်လိုက်သည့်နောက်၌ အဖမ်းခံ၍ အကျိုးမရှိဟု ယူဆပြီး အမြဲတမ်း ရေရှည်တော်လှန်ရေးလှုပ်ရှားမှုများ ပြုလုပ်ရန် ဆုံးဖြတ်လိုက်တော့သည်။

မူလက သခင်အောင်ဆန်းတို့ ဝါဒမှာ ပြည်သူ့ရင်ခွင်အားကို ပြည်တွင်းမှာသာ ရှာဖွေရမည်ဆိုသော်လည်း နောက်ပိုင်းတွင်ကား လွတ်လပ်ရေးလှုပ်ရှားမှုများ ပြုလုပ်ရာတွင် အနည်းဆုံး နိုင်ငံခြားသို့ ဝါဒဖြန့်ရန်အတွက်ပင် အထောက်အကူပြုရန် လိုအပ်သည်ဟု ယူဆလာကြလေသည်။ ထို့ထက် တစ်ဆင့်တိုး၍ နိုင်ငံခြားအကူအညီ ရရှိပါကလည်း မိမိတို့အကျိုး ထိခိုက်စရာမရှိဟု ယူဆခဲ့ကြသည်။

ထို့ကြောင့် မြန်မာလူငယ်အချို့သည် အရှေ့အာရှနိုင်ငံများဖြစ်သော ယိုးဒယား၊ တရုတ်၊ ဂျပန်နိုင်ငံများမှ တစ်နိုင်ငံသို့ ထွက်ခွာသွားပြီး ဆောင်ရွက်ရ ပြီသည်တို့ကို အမြန်ဆုံးဆောင်ရွက်ရန် သင့်သည်ဟု စဉ်းစားမိလာကြလေသည်။

ထိုအခါတွင် မြန်မာနိုင်ငံနှင့် အနီးကပ်ဆုံးဖြစ်သော တရုတ်ပြည်သို့ သွားရန် အကြံရကြသည်။ သို့သော် ၁၉၄၀ ခုနှစ်တွင် တရုတ်ပြည်ကို ဂျပန်တို့လာ ကျူးကျော်ပြီးသည်မှ စ၍ ဂျပန်က တရုတ်-မြန်မာလမ်းမကြီးကို ပိတ်ပေးရန် တောင်းဆိုမှုကြောင့် အင်္ဂလိပ်အစိုးရသည် ၎င်းလမ်းကြောင်းကို လုံးဝပိတ်ပေးခဲ့ရတော့သည်။ ထို့ကြောင့် တရုတ်ပြည်သို့ အလွယ်တကူသွားရန် အကြံအစည်မှာ အကောင်အထည် မပေါ်လာခဲ့ပေ။

မည်သို့ပင်ဖြစ်စေ၊ လောလောဆယ် အခြေအနေတွင် မြန်မာလူငယ်များ နိုင်ငံခြားသို့ ထွက်ခွာရန် အရေးတကြီးလိုအပ်နေပြီဟု ယူဆကြသည့်အတိုင်း မျိုးချစ်ခေါင်းဆောင်များသည် သခင်အောင်ဆန်းနှင့် သူ၏ရဲဘော် သခင်လှမြိုင် (ရဲဘော်သုံးကျိပ် ဗိုလ်ရန်အောင်)တို့ကို နိုင်ငံခြားသို့ သွားရန် ရွေးချယ်လိုက်ကြလေသည်။

သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့အား တရုတ်ပြည်သို့ပင် စေလွှတ်မည်။ ထိုသို့စေလွှတ်ရာတွင် ကုန်းလမ်းမှ တရုတ်-မြန်မာ လမ်းမကြီးကို ပိတ်ပင်ထားလိုက်ပြီဖြစ်၍ ရေလမ်းမှ ပင်လယ်ကူးသင်္ဘောပေါ်တွင် တိတ်တဆိတ်လိုက်ပါ သွားကြရမည် ဖြစ်လေသည်။ ပင်လယ်ခရီးဖြင့် သွားသဖြင့် တရုတ်ပြည်တွင်းသို့ကား ရောက်မည်မဟုတ်ပေ။ တရုတ်ပြည်၏ ကမ်းရိုးတန်းဒေသ သင်္ဘောဆိပ်မြို့သို့သာ ရောက်နိုင်မည်ဖြစ်၏။ ထိုမှတစ်ဆင့် တရုတ်ပြည်တွင်းသို့ ဝင်ရောက်ရေးကား သခင်အောင်ဆန်းတို့၏ ကြိုးစားမှုပေါ်တွင် တည်ရှိနေပေသည်။

ဤသို့ဖြင့် ၁၉၄၀ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် သခင်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် သခင်လှမြိုင်တို့သည် တရုတ်လူမျိုးများအသွင် ရုပ်ဖျက်ပြီးလျှင် တရုတ်သင်္ဘော ဟိုင်လီဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သို့ ထွက်ခွာလာခဲ့ကြသည်။ ထိုသို့ တရုတ်လူမျိုးယောင်ဆောင်ကြရာတွင် သခင်အောင်ဆန်းက 'တန်လုံရှောင်' ဟူသော တရုတ်အမည်ဖြင့်လည်းကောင်း၊ သခင်လှမြိုင်က 'တန်ဆုတောင်' ဟူသော တရုတ်အမည်ဖြင့်လည်းကောင်း၊ အသီးသီးမှည့်ခေါ်ထားကြလေသည်။

ဤသို့ဖြင့် သခင်အောင်ဆန်းတို့သည် ၁၉၄၀ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် တရုတ်ပြည်ကမ်းရိုးတန်းမြို့ဖြစ်သော အမွိုင်မြို့သို့ ရောက်ခဲ့ကြသည်။ အမွိုင်မြို့ ကူလန်ဆူကျွန်းဆိုသော နိုင်ငံခြားသားများ နေထိုင်သော ရပ်ကွက်ရှိ ဟိုတယ်တစ်ခုတွင် နေထိုင်ကြ၏။ ထိုကျွန်းကလေးကို အင်္ဂလိပ်၊ အမေရိကန်၊ ဂျပန်အစိုးရတို့က တစ်လှည့်စီ အုပ်ချုပ်နေကြလေသည်။

သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် ကူလန်ဆူကျွန်းရှိ ဟိုတယ်တစ်ခုတွင် တည်းခို၍ တရုတ်ပြည်အတွင်းသို့ ဝင်ရောက်ရန်အတွက် ၂ လနီးပါး ကြိုးစားနေကြသည်။ ထိုအချိန်တွင် မြန်မာနိုင်ငံမှ ဒို့ဗမာအစည်းအရုံးဝင် သခင်ခေါင်းဆောင်များသည် ယိုးဒယားနိုင်ငံရှိ ဂျပန်အရာရှိမှတစ်ဆင့် ဂျပန်ပြည်မနှင့် လျှို့ဝှက်စွာ ဆက်သွယ်မိနေကြပြီ ဖြစ်လေသည်။ မြန်မာနိုင်ငံရှိ သခင်ခေါင်းဆောင်များ၏ သတင်းပေးချက်အရ ရဲဘော် ၂ ဦးဖြစ်သူ သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် တရုတ်ပြည် အမွိုင်မြို့သို့ ရောက်ရှိနေကြောင်းကို ဂျပန်အစိုးရ အရာရှိများ သိရှိခဲ့ကြလေသည်။

ဂျပန်အရာရှိများသည် အမွိုင်မြို့ရှိ သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့အား ဂျပန်ပြည်သို့ ခေါ်ယူရန် ဆုံးဖြတ်လိုက်ကြ၏။ ၁၉၄၀ ခုနှစ်၊ နိုဝင်ဘာလတွင် ဂျပန်စစ်ပုလိပ် ဗိုလ်မှူးတစ်ဦးသည် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့၏ ဓာတ်ပုံများကို ကိုင်၍ အမွိုင်မြို့ ကူလန်ဆူကျွန်းရှိ ဟိုတယ်များတွင် လိုက်လံရှာဖွေခဲ့လေသည်။ ဂျပန်ဗိုလ်မှူးသည် သခင်အောင်ဆန်းတို့နှင့် တွေ့ဆုံပြီးလျှင် ၁၉၄၀ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ၎င်းတို့နှစ်ဦးအား ဂျပန်နိုင်ငံ တိုကျိုမြို့သို့ လေယာဉ်ပျံဖြင့် ခေါ်ဆောင်သွားခဲ့၏။

သခင်အောင်ဆန်းတို့ တိုကျိုမြို့သို့ရောက်သွားသော နိုဝင်ဘာလ ၁၂ ရက်နေ့မှာ ဂျပန်အင်ပါယာ၏ နှစ်ပေါင်း ၂၆၀၀ ပြည့်သည့် အထိမ်းအမှတ် အခမ်းအနားနေ့နှင့် တိုက်ဆိုင်၍ နေလေသည်။ ဂျပန်အရာရှိများက သခင်အောင်ဆန်းကို နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ဂျပန်နန်းတော်သို့ ခေါ်ဆောင်သွား၏။ နန်းတော်၌ သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် ဂျပန်လူထုနှင့်အတူ ဂျပန်ဘုရင်ထံသို့ ဦးညွှတ်အလေးပြုခဲ့ရလေသည်။

သခင်အောင်ဆန်းသည် မြန်မာပြည်တွင် ရှိစဉ်က ဂျပန်လူမျိုးတို့၏



ဖက်ဆစ်ဝါဒနှင့် ကြမ်းကြုတ်ရက်စက်မှုများအကြောင်း ရေးသားထားသော စာအုပ်များကို များစွာ လေ့လာဖတ်ရှုဖူးလေသည်။ သို့သော် ထိုစဉ်အခါက ယင်းစာအုပ်များသည် ဂျပန်တို့အား မကောင်းသော စိတ်ဖြင့် တမင်ရွတ်ချရေးသားထားသည်ဟု ထင်မိခဲ့သည်။ တကယ့်အဖြစ်အပျက် အမှန်ထက် ပိုမို၍ ချဲ့ထွင်ထားသည်ဟု ယူဆခဲ့မိသည်။ ယခု ဂျပန်သို့ အမှန်တကယ်ရောက်ရှိခဲ့၍ လျှို့ဝှက်စွာ ဆက်ဆံနေကြရသော ဂျပန်တို့ကို တွေ့ရသောအခါ၌ သူတို့သည် သခင်အောင်ဆန်းအပေါ် ယဉ်ကျေးစွာ ဖူးဖူးမှုတ်မှုတ် ဆက်ဆံကြပေရာ သခင်အောင်ဆန်းတို့အနေဖြင့် အခက်အခဲ ဘာမျှ မရှိလှပေ။

သခင်အောင်ဆန်းတို့ကို လက်ခံကြိုဆိုစည့်ခံသော အိမ်ရှင်မှာ ပထမဦးစွာ တိုကျိုလေဆိပ်၌ တွေ့ခဲ့ရသော ဂျပန်-မြန်မာအသင်း၏ အတွင်းရေးမှူးချုပ်ဟုဆိုသူ မစ္စတာမီနာမီ ဖြစ်၏။ မစ္စတာမီနာမီမှာ စင်စစ် ဂျပန်ဗိုလ်မှူးကြီး တစ်ဦးဖြစ်၍ သူ့ကို 'ကာနယ် ဆူဇူကီး' ဟု အများက သိကြလေသည်။

ကာနယ်ဆူဇူကီးသည် ဂျပန်အမျိုးသား စစ်တက္ကသိုလ်မှ ဘွဲ့ရပြီးသူ တစ်ဦး ဖြစ်သည်။ သူသည် စစ်တက္ကသိုလ်မှ ဆင်းပြီးနောက် ဖိလစ်ပိုင်နိုင်ငံတွင် အရှေ့တောင်အာရှဆိုင်ရာ သတင်းထောက်လှမ်းမှုများကို ထမ်းရွက်နေခဲ့ရာ၏။ နောင်တွင် သူသည် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ စစ်ဌာနသို့ ပြောင်းရွှေ့၍ အမှုထမ်း နေခဲ့လေသည်။

ကာနယ်ဆူဇူကီးသည် သခင်အောင်ဆန်း တိုကျိုရောက်ပြီးနောက် နှစ်ရက်ခန့်အကြာတွင် မြို့ပြင်ရှိ ကျေးလက်ဟိုတယ်တစ်ခုသို့ ခေါ်ဆောင်သွားလျှင် ပြည့်တန်ဆာများနှင့် ပျော်ပါးမည်လားဟု မေးတော့သည်။ သခင်အောင်ဆန်းမှာ ထိုအချိန်က လူပျိုတစ်ဦးဖြစ်သည့်အပြင် တစ်ပါးသော မိန်းမများနှင့် တစ်ကြိမ်တစ်ခါမျှ ပျော်ပါးဖူးခြင်း မရှိပေရာ ဂျပန်အရာရှိ၏စကားကို ကြားရသောအခါ များစွာ ရှက်သွားပြီး မလိုချင်သည့်အကြောင်း ပြန်ပြောခဲ့ရလေသည်။ သို့သော် သခင်အောင်ဆန်း၏ စိတ်ထဲတွင်ကား ဂျပန်များသည် မိမိကဲ့သို့ မျိုးချစ်လူငယ်များကို ပထမဦးစွာ ကိုယ်ကျင့်တရားနှင့် စိတ်ဓာတ်ပျက်ပြားအောင် လုပ်ကြပြီဟု သဘောပေါက် နားလည်သွားတော့သည်။

သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့အား ဂျပန်အရာရှိများက ဂျပန်အမည်များကို ပြောင်းလဲမှည့်ခေါ်ပေးခဲ့၏။ သခင်အောင်ဆန်းအမည်မှာ အိုမိုဒါ မွန်ဂျီ (Omoda Monji) ဖြစ်၍ သခင်လှမြိုင်၏ အမည်မှာ အီတိုဒါ ဆာဒိုက်ချီ (Itoda Sadaichi) ဖြစ်လေသည်။

ဂျပန်အရာရှိများသည် သခင်အောင်ဆန်းတို့ကို မိန်းမပျိုများနှင့် ပျော်ပါးရန် မကြာခဏ လာရောက်ခေါ်ငင်ကြလေသည်။ သူတို့သည် မြန်မာလူငယ်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်များအား အကျင့်စာရိတ္တနှင့် စိတ်ဓာတ်ပျော့ညံ့စေရေးအတွက် အကြိုး ကြိုးစ် စမ်းသပ်ဖျက်ဆီးရန် ကြိုးစားခဲ့ကြ၏။ သို့သော် သခင်အောင်ဆန်းတို့အနေ ဖြင့်ကား မိမိတို့ လာခဲ့သော ဦးတည်ချက်မှ လွဲဖယ်သွေဖည်စေမည့် အချက် အထိ လုံးဝလက်မခံဘဲ နေခဲ့ကြသည်။

သခင်အောင်ဆန်းသည် တိုကျိုသို့ ရောက်ရှိ၍ မကြာမီပင် ဂျပန်စစ်ဗိုလ် များ၏ ဆက်ဆံမှုနှင့် စိတ်နေသဘောထားများ အဆင့်အတန်းနိမ့်ကျလှကြောင်းကို သိရှိလာခဲ့လေသည်။ ထိုအချိန်က ဂျပန်တို့သည် မိမိတို့လက်အောက်ခံ ကိုရီးယား နိုင်ငံမှ ကိုရီးယားအမျိုးသားများအား စေသည့် ကျွန်၊ ထွန်သည့် နွားကဲ့သို့ ဆက်ဆံ ကြသည်ကို မြင်ရ၍ ဂျပန်တို့၏ အမူအကျင့် မမှန်ကန်သည်ကို နားလည်ခဲ့ရ၏။

ထို့ပြင် သခင်အောင်ဆန်းကို စည်းရုံးသော အိမ်ရှင်ဖြစ်သူ ကာနယ်ဆူဇူကီ က "ရုရှနိုင်ငံတွင် မိမိရှိစဉ်က မိမိသည် ရုရှအမျိုးသားတစ်ထိမ်လုံး ယောက်ျား မိန်းမ မကျန် သတ်ဖြတ်ခဲ့ကြောင်း။ ထို့အတူ မြန်မာရဲဘော်များသည် အင်္ဂလိပ် အမျိုးသားများ၏ မိသားစုများကို ရက်စက်စွာ သုတ်သင်သတ်ဖြတ်ပစ်ကြရမည် ဖြစ်ကြောင်း" စသဖြင့် ပြောဆိုခဲ့လေသည်။

သခင်အောင်ဆန်းအနေဖြင့် ဂျပန်တွေ သိမ်းပိုက်လာလျှင် ထင်ခဲ့သည့် များမှာ လွှင့်ပါးပျောက်ကွယ်၍ ဂျပန်ဖက်ဆစ်တို့၏ ရက်စက်ယုတ်မာမှုများ တဖြည်းဖြည်း မြင်ရ၊ တွေ့ရ၊ နားလည်ခဲ့ရလေတော့သည်။

ဂျပန်အရာရှိများသည် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့အား အောက် ပါအချက်များနှင့် ပတ်သက်၍ တီးတိုးကျကျ စုံစမ်းမေးမြန်းကြသည်။

၁။ သခင်အောင်ဆန်းတို့သည် အဘယ်ကြောင့် တရုတ်ပြည်သို့ ထွက်လာ ကြသနည်း။

၂။ သခင်အောင်ဆန်းတို့သည် ကွန်မြူနစ်များပေလော။

၃။ ဂျပန်-တရုတ် အရေးတော်ပုံနှင့် ပတ်သက်၍ သခင်အောင်ဆန်းတို့၏ အယူအဆများကား မည်သို့ရှိသနည်း။

စသည့် မေးခွန်းများ၏ အဖြေများကို မေးမြန်းစုံစမ်းကြလေသည်။

သခင်အောင်ဆန်းသည် မေးခွန်းထုတ်လာသော ဂျပန်အရာရှိများ (၁) မိမိ တရုတ်ပြည်သို့ ထွက်ခွာလာခြင်းမှာ မြန်မာလွတ်လပ်ရေးတိုက်ပွဲအတွက် နိုင်ငံခြားအကူအညီလိုရ၍ ဖြစ်သည်။ (၂) မိမိတို့သည် ကွန်မြူနစ်များပေလော သည့် မေးခွန်းအတွက် ပြောရလျှင် မိမိတို့သည် နိုင်ငံတစ်ခုမှ ဝါဒပုံစံတစ်ခုကို အခြားနိုင်ငံတစ်ခု၌ တိုက်ရိုက်ကူးချခြင်းကို မလိုကြသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံ သမိုင်း နည်းစနစ်အမျိုးမျိုးကို လေ့လာသုံးသပ်ပြီးမှ မိမိတို့တိုင်းပြည်၏ အခြေအနေအရ ဆီလျော်အောင် ပြုပြင်အသုံးပြုရန်ပင် ဖြစ်ကြောင်း။ ကွန်မြူနစ်ဝါဒ



သည့် မိမိတို့ မနှစ်သက်စရာ အချက်များလည်း ပါရှိနေကြောင်း။ သို့သော် စီးပွားရေး စနစ်မှာ နည်းယူမှုယ်၊ ချိုးကျူးမှုယ်ဟု မိမိ ယူဆကြောင်း။ (၃) တရုတ်-ဂျပန် အရေးတော်ပုံအနေဖြင့်ကား မိမိတို့၏ အဓိကပြဿနာမှာ မြန်မာလွတ်လပ်ရေးရရှိ ရန် ဖြစ်၍ မိမိတို့ရန်သူ အင်္ဂလိပ်ကို တိုက်ခိုက်နေသူ မည်သူကိုမဆို မိမိတို့မိတ်ဆွေ ဟု ယူဆသည်ဖြစ်ကြောင်း စသဖြင့် ရှင်းလင်းပြောကြားခဲ့လေ၏။

သခင်အောင်ဆန်း၏ အဖြေများကို ဂျပန်အရာရှိများ လေ့လာပြီးလျှင် တစ်ဘီသအဖြေမှတစ်ပါး အထက်က အဖြေနှစ်ချက်ကို ကျေနပ်ကြပုံ မတွေ့ပါချေ။ သို့သော် သခင်အောင်ဆန်းသည် အခွင့်ရတိုင်းပင် မိမိတို့၏ ဦးတည်ချက်ကို ရှင်းပြခဲ့ရ၏။ သခင်အောင်ဆန်းက "မိမိတို့၏ အမျိုးနှင့် နိုင်ငံကို ချစ်စိတ်မှာ ဖုံးကွယ်၍ မရ။ ယခု ဂျပန်နှင့် လာ၍ ပူးပေါင်းခြင်းမှာလည်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအတွက် ဂျပန်မိတ်ဆွေတို့၏ အကူအညီကို ယူလို၍ဖြစ်သည်။ မိမိတို့မှာ ဂျပန်တို့၏ ဟန်ဆောင်ပျော့သော မိတ်ဆွေစစ်စစ်ဖြစ်လိုသော ဆန္ဒ အမှန်ရှိသည်" စသဖြင့် ရှင်းလင်းပြောပြခဲ့ရ၏။

ဂျပန်များသည် သခင်အောင်ဆန်းတို့၏ ပွင့်လင်းသော မျိုးချစ်စိတ်၊ နိုင်ငံ ချစ်စိတ်ကိုကား အသိအမှတ်မပြု၍ မရ ဖြစ်ခဲ့ကြသည်။ ထို့ပြင် သခင်အောင်ဆန်း ၏ အကျင့်စာရိတ္တနှင့် အနေအထိုင်ကို အတဲခတ်၍လည်း ဂျပန်အရာရှိများအနေဖြင့် ဤမြန်မာခေါင်းဆောင်လူငယ်တစ်ဦးမှာ လိမ်လည်ကောက်ကျစ်သည့် စိတ်၊ လှည့်ဖြားပြောဆိုလိုသည့် စိတ် စိုးစဉ်းမျှမရှိဟန်တူကြောင်းကို သိရှိခဲ့ကြလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

## ဗမာ့လွတ်လပ်ရေးတပ်မတော် ဒီလာပြီ

### (က) ရဲဘော်သုံးကျိပ် ဂျပန်ပြည်သို့ ထွက်ခွာခြင်း

ဂျပန်စစ်ဦးစီးဌာနချုပ်မှ ကာနယ်ဆူဇူကီးသည် သခင်အောင်ဆန်းအား မြန်မာ့လွတ်လပ်ရေးအတွက် မြန်မာနိုင်ငံသို့ ချီတက်တိုက်ခိုက်ရန် စီမံကိန်းတစ်ရပ် ရေးဆွဲပေးရန် ပြောကြားခဲ့သည်။

ဤတွင် သခင်အောင်ဆန်းသည် 'မြန်မာပြည်တိုက်ခွဲ' စီမံကိန်းကို နေ့စဉ်တကျပင် အင်္ဂလိပ်ဘာသာဖြင့် ရေးဆွဲ၍ ဂျပန်စစ်အာဏာပိုင်များအား တင်ပြခဲ့ပေသည်။ သခင်အောင်ဆန်းသည် စီမံကိန်းကို ရေးဆွဲရာတွင် မိမိ၏ အတွေ့အကြုံများကို ငဲ့စားချိန်ဆ၍ ရေးဆွဲခဲ့ပေသည်။ ယခုအခါတွင် ဂျပန်တို့၏ နည်းပရိယာယ်နှင့်တကွ အမူအကျင့် သဘောထားတို့ကို စူးစမ်းသိရှိလာခဲ့ပြီး ဖြစ်သော သခင်အောင်ဆန်းသည် ဂျပန်စစ်တပ်ကြီး မြန်မာပြည်တွင်းသို့ ဖြတ် ချီတက်လာခဲ့လျှင် မြန်မာလူမျိုးများအနေဖြင့် တွေ့ကြုံရမည့် အခက်အခဲများကို ရိပ်စားမိခဲ့သည်။

ထို့ကြောင့် သခင်အောင်ဆန်း ရေးဆွဲမည့် မြန်မာပြည်သို့ ချီတက်တိုက်ခိုက်ရန် စီမံကိန်းများတွင် ဂျပန်စစ်တပ်များ တစ်စိတ်တစ်ဒေသသာလျှင် မြန်မာပြည်၏ အရှေ့အရပ်ကျသော ရှမ်းပြည်နယ်ဒေသတချို့သို့ ဝင်ရောက်တိုက်ခိုက်ရန်နှင့် မြန်မာပြည်၏ ကျန်သော ဒေသများကို ဖွဲ့စည်းမည်ဖြစ်သော မြန်မာ့လွတ်လပ်ရေး တပ်မတော်ကြီးကသာ ဝင်ရောက်တိုက်ခိုက်ရန် မူဖြင့် ရေးဆွဲခဲ့ပေသည်။



သခင်အောင်ဆန်းရေးသားသော မြန်မာပြည်တိုက်ခွဲ စီမံကိန်းကို ကာနယ်ဆူဇူကီးက ဂျပန်စစ်ဦးစီးဌာနချုပ်သို့ တင်ပြလိုက်လေသည်။ သခင်အောင်ဆန်းသည် မိမိရေးသားတင်သွင်းသော စီမံကိန်းအား အဓိကထား၍ ဂျပန်စစ်အာဏာပိုင်များက မိမိကို ခေါ်ယူဆွေးနွေးမည်ဟု ထင်ခဲ့သည်။ သို့သော် ဆွေးနွေးခြင်း မပြုရပေ။

နောက်ဆုံးတွင်မူ ဂျပန်စစ်အာဏာပိုင်များသည် သခင်အောင်ဆန်း၏ စီမံကိန်းမှ မြန်မာပြည်သို့ စစ်ဆင်ချီတက်ရာတွင် ထားရှိရမည့် စစ်တပ်များ အရေအတွက်ပိုင်းကို ချန်လှပ်ထားပြီး ကျန်စီမံကိန်းကို သခင်အောင်ဆန်းထံသို့ ပြန်၍ ပေးလိုက်ကြတော့သည်။

ဤစီမံကိန်းအရ မြန်မာပြည်သို့ သခင်အောင်ဆန်း ပြန်သွား၍ မြန်မာ ရဲဘော်များနှင့် ဆွေးနွေးညှိနှိုင်းရန် တာဝန်ကို ဂျပန်စစ်အာဏာပိုင်များက သခင်အောင်ဆန်းကို ပေးအပ်ခဲ့လေသည်။ ထိုတာဝန်နှင့်အတူ သခင်အောင်ဆန်းသည် မြန်မာနိုင်ငံမှ ရဲဘော်များကို ခေါ်ယူခဲ့ပြီး ဂျပန်နိုင်ငံ၌ စစ်ပညာများ သင်ကြားပေးကြရန် စစ်ပညာသင်ကြားပြီးသော မြန်မာလူငယ်များ ဦးစီး၍ မြန်မာ့လွတ်လပ်ရေး တပ်မတော် ဖွဲ့စည်းရန် တာဝန်များကိုလည်း သခင်အောင်ဆန်းထံသို့ ဂျပန်စစ်အာဏာပိုင်များက ပေးအပ်ခဲ့ပေသည်။

ဂျပန်စစ်အာဏာပိုင်များက ကာနယ်ဆူဇူကီး ဦးစီးသော မီနာမိကီကန် (Minami kikan) ခေါ် အဖွဲ့ကို ကူညီအားပေးရန်လည်း အမိန့်ပေးကြသည်။ ထိုအဖွဲ့သည် မြန်မာလူငယ်များအား စစ်ပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရေးကို ရည်ရွယ်ပေသည်။

၁၉၄၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သခင်အောင်ဆန်းသည် ရန်ကုန်မြို့သို့ တိတ်တဆိတ်ပြန်လာခဲ့လေသည်။ သူသည် ယခုတစ်ကြိမ်တွင်လည်း အင်္ဂလိပ် အာဏာပိုင်တို့ ရိပ်မိသိရှိခြင်းမရှိစေရန် 'ရှမ်းတန်မရူး' အမည်ရှိ ပင်လယ်ကူးသင်္ဘော အရာရှိတစ်ဦးအဖြစ် ရုပ်ဖျက်၍ လာခဲ့လေသည်။ သခင်အောင်ဆန်းနှင့်အတူ မီနာမိကီကန်အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သော ဂျပန်အရာရှိ မစ္စတာ မစ်ဆူရူ လည်း ပါရှိသည်။ ၎င်းဂျပန်အရာရှိသည် ရှမ်းတန်မရူးသင်္ဘောပေါ်တွင် ကောက်တန်းအလုပ်သမားတစ်ဦးအဖြစ် ရုပ်ဖျက်၍ လိုက်ပါလာခဲ့လေသည်။

သခင်အောင်ဆန်းနှင့် ဂျပန်အရာရှိတို့သည် ရှမ်းတန်မရူးသင်္ဘောကြီး ပုသိမ်မြို့တွင် ဆိုက်ကပ်ထားစဉ် သင်္ဘောသားဝတ်စုံများကို ဝတ်ဆင်၍ ပုသိမ်မြို့တွင်း၌ ငှက်ပျောသီးသွားဝယ်မည် ဟုဆို၍ ပြောဆို၍ ဆင်းလာခဲ့ကြသည်။ သခင်အောင်ဆန်းသည် ပုသိမ်မြို့အနီးရှိ ရွာတစ်ရွာတွင် မြန်မာဝတ်စုံဖြင့် သင်္ဘောသားဝတ်စုံကို လဲဝတ်လိုက်၏။ ထို့နောက် သွားအတုကို တပ်၍ ပုသိမ်မြို့တွင်းသို့

www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးလျက်ရှိ ဝင်ရောက်နေလေသည်။ သခင်အောင်ဆန်းသည် မှုသီမံမှုတာဝန်... ပေးသီဘား ငှင်းမှ တစ်ဆင့် ရန်ကုန်သို့ ရောက်ရှိခဲ့လေသည်။

သခင်အောင်ဆန်းသည် ရန်ကုန်သို့ ရောက်ရှိပြီး တို့ဗမာအစည်းအရုံး ခေါင်းဆောင်များ၊ ပြည်သူ့အရေးတော်ပုံပါတီဝင်များ၊ ဗမာ့ထွက်ရပ်ဂိုဏ်း ခေါင်းဆောင်များနှင့် တိုင်ပင်ပြီးလျှင် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲ စီမံကိန်းနှင့် ပတ်သက်၍ အတူတကွ ဆွေးနွေးခဲ့သည်။

မြန်မာလူငယ်ခေါင်းဆောင်အချို့တို့သည် ဂျပန်တပ်မတော်ကြီး မည်သည့်အချိန်တွင် ရန်ကုန်မြို့သို့ ချီတက်လာမည်နည်းဟူသော အချက်ကို အ... အစီကထား၍ သခင်အောင်ဆန်းကို မေးကြလေသည်။ သခင်အောင်ဆန်းမှာ များစွာ စိတ်ပျက်မိခဲ့၏။ မြန်မာလူငယ်ခေါင်းဆောင်များသည် ဂျပန်တို့၏ ပုံ... အမှုအကျင့်တွေကို မသိသေးပါကလားဟု နားလည်လာလေသည်။ ဂျပန်များသည် မည်မျှ ရက်စက်ကြမ်းကြုတ်၍ ၎င်းတို့က မြန်မာနိုင်ငံအပေါ် ထားရှိသော သဘောထားမှာ ကျွန်ပြုရေးမျှသာ ရှိကြောင်း၊ ဂျပန်များကို မြန်မာလူငယ်များအနေဖြင့် ကိုယ်ပေါ်ဝင်စိတ်မွှားလုပ်ရမည်ဖြစ်ကြောင်းကို သခင်အောင်ဆန်းသည် ရှင်း... ရှာဖြင့် ရှင်းပြခဲ့လေသည်။

အမှန်ဆိုရသော် မြန်မာလူငယ်ခေါင်းဆောင်အချို့က ဤသို့ ထင်မြင်နေကြလေသည်။ ဂျပန်စစ်တပ်ကြီး မြန်မာနိုင်ငံသို့ ချီတက်လာခဲ့လျှင် မိမိတို့ အမုန်းကြီးမုန်းသည့် အင်္ဂလိပ်စစ်တပ်များမှာ မြန်မာနိုင်ငံတွင် ပိတ်မိနေကြတော့မည်။ ထိုအခါတွင် မြန်မာလူငယ်များ ခေါင်းဆောင်သော တော်လှန်ရေး တပ်မတော်ကြီးသည် အင်္ဂလိပ်စစ်တပ်များကို ထ၍ တော်လှန်တိုက်ခိုက်ပါက မှ... အောင်ပွဲခံရမည် စသဖြင့် အကြမ်းဖျင်း တွက်ခဲ့ကြလေသည်။

သခင်အောင်ဆန်းသည် လက်ရှိအခြေအနေမှန်ကို အနီးကပ်ဆုံး ရှင်းလင်း တင်ပြခဲ့လေသည်။ ဂျပန်တပ်များ မြန်မာနိုင်ငံသို့ ချီတက်ရာတွင် ရှေ့တန်းမှ မြန်မာ့တပ်မတော်သည် နိုင်ငံတော်၏ ပင်မအချက်အချာ ဒေသမှန်သမျှကို စီးမိ... ရန် အရေးကြီးကြောင်း၊ နေရာတကာတွင် ဂျပန်များကို အားကိုးနေ၍ မဖြစ်ကြောင်း စသဖြင့် ရှင်းပြရ၏။

သခင်အောင်ဆန်းသည် မြန်မာမျိုးချစ်လူငယ်များထံမှ ရဲဘော်သုံးကျိပ် ရွေး၍ ဂျပန်နိုင်ငံသို့ ခေါ်ဆောင်သွားရန် စီစဉ်ခဲ့ရလေသည်။ ထိုအချိန်က သခင်ထွန်းအုပ်တို့ ဦးစီးသော တို့ဗမာအစည်းအရုံးအဖွဲ့မှလည်း ဂျပန်ပြည်သို့ သွားရန် လူငယ်များကို ရွေးချယ်ကြလေသည်။

မူလအားဖြင့် သခင်အောင်ဆန်းနှင့် သခင်ထွန်းအုပ်တို့သည် နိုင်... အတွက် လွတ်လပ်ရေးလုပ်ရပ်များကို လုပ်ကြရင်း သဘောထားကွဲပြားမှု...



ရှိကြသည်။ သခင်အောင်ဆန်းသည် သခင်ကိုယ်တော်မှိုင်း ဦးစီးသော တို့ဗမာအစည်းအရုံးတွင်လည်းကောင်း၊ သခင်ထွန်းအုပ်သည် သခင်ဝဂိန်တို့ ဦးစီးသော တို့ဗမာအစည်းအရုံးတွင်လည်းကောင်း အသီးသီးရှိ၍ နိုင်ငံအတွက် တာဝန်ထမ်းဆောင်နေခဲ့ကြ၏။

သို့သော် လွတ်လပ်ရေးတိုက်ပွဲအတွက် ဆောင်ရွက်ရန် ရည်ရွယ်ချက်မှာမူ အားဖြင့် သူတို့သည် ကွဲပြားမှု မရှိ၊ အတူတူပင် ဖြစ်လေသည်။ ထို့ကြောင့်ပင် တို့ဗမာအစည်းအရုံးဝင် သခင်များ၊ ဗမာ့လက်နက်တပ်ဖွဲ့ဝင်များ၊ ဗမာ့ထွက်ရပ်ဂိုဏ်းဝင်များ၊ ပြည်သူ့အရေးတော်ပုံပါတီဝင်များ စုပေါင်း၍ ဂျပန်သို့ လိုက်ပါပြီး စစ်ပညာသင်ကြားကြမည့် ရဲဘော်သုံးကျိပ်ကို ရွေးချယ်ကြလေသည်။

တိုင်းပြည်အတွက် နိုင်ငံခြားသို့ ထွက်ခွာ၍ ခက်ခဲပင်ပန်းစွာဖြင့် စစ်ပညာများကို သင်ကြားရမည့်အရေးတွင် မြန်မာမျိုးချစ်လူငယ်များမှာ သူထက်ငါ လိုက်ပါလိုသူများ အလုအယက်ပြုခဲ့ကြသည်။ သခင်အောင်ဆန်းတို့သည် တိုင်းပြည်အတွက် အသက်ကို စွန့်၍ ဆောင်ရွက်လိုကြသော လွတ်လပ်ရေးတိုက်ပွဲဝင်ရဲဘော်များထံမှ ရဲဘော်သုံးကျိပ်ကိုသာ ရွေးချယ်ကြရ၏။ ကျန်သော ရဲဘော်များကို မိမိတို့ ဂျပန်နိုင်ငံမှ ပြန်လာမည့်အချိန်တွင် နယ်ချဲ့အင်္ဂလိပ်အစိုးရအား လက်နက်ကိုင်၍ တိုက်ပွဲဝင်ရန် အဆင်သင့်ပြင်ဆင်ထားကြပါရန် တောင်းပန်ထားခဲ့ရလေသည်။

သခင်အောင်ဆန်းသည် လွတ်လပ်ရေးတိုက်ပွဲဝင် ရဲဘော်သုံးကျိပ်ထဲမှ သခင်လှဖေ(ဗိုလ်လက်ျာ)၊ သခင်ရွှေ(ဗိုလ်လရောင်)၊ တက္ကသိုလ်ကျောင်းသား ကိုထွန်းရှိန်(ဗိုလ်ရန်နိုင်) စသော ရဲဘော်များကို မိမိနှင့်အတူခေါ်ယူ၍ ၁၉၄၁ ခုနှစ်၊ ... လတွင် ဂျပန်နိုင်ငံသို့ သင်္ဘောဖြင့်ပင် ပြန်သွားခဲ့သည်။ ကျန်သော ရဲဘော်သုံးကျိပ်ဝင်များကို သခင်ထွန်းအုပ် ခေါင်းဆောင်ပြီးလျှင် တရုတ်ပြည် ရှမ်းပိုင်းမြို့သို့ သင်္ဘောဖြင့် တိတ်တဆိတ်သွားရောက်ပြီး ထိုမြို့မှ တစ်ဆင့် ဂျပန်နိုင်ငံ ကျူရှူးကျွန်းသို့ လေယာဉ်ဖြင့် သွားကြလေသည်။ သခင်ထွန်းအုပ်နှင့်အတူ ပါသွားသော ရဲဘော်သုံးကျိပ်ဝင်တို့မှာ ၁။ သခင်ထွန်းအုပ် ၂။ သခင်ရွှေမောင်(ဗိုလ်နေဝင်း) နောင် မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း ၃။ သခင်ဖဂျိုင်(ဗိုလ်မောင်၊ ပထာဝင်ကြီးကောင်း ဗိုလ်မှူး...) ၄။ သခင်ထွန်းခင်(ဗိုလ်မြင့်ဆွေ) ၅။ သခင်ထွန်းရွှေ(ဗိုလ်လှ) ၆။ သခင်... (ဗိုလ်မိုးညို) ၇။ သခင်လှ(ဗိုလ်မင်းခေါင်) ၈။ သခင်ရွှေ(ဗိုလ်ဇေယျ... ကျောင်းတိုက်ပွဲ၌ ကျဆုံးသူ) ၉။ သခင်သန်းလွင်(ဗိုလ်ခင်မောင်) ၁၀။ သခင်သန်း (ဗိုလ်...ရောင်) ၁၁။ သခင်အောင်မောင်(ဗိုလ်ဥက္ကာ၊ ... တာမွန်တကြော့ ကျဆုံးသူ) စသော ရဲဘော် ၁၁ ဦးဖြစ်ကြလေသည်။

သခင်အောင်ဆန်းနှင့် သခင်ထွန်းအုပ်တို့ အုပ်စုတွင် မပါဝင်ကြသော

www.burmeseclassic.com

www.burmeseclassic.com



ကျန်သည့် ရဲဘော်သုံးကျိပ်ဝင်များမှာ မြန်မာနိုင်ငံနယ်စပ်မှ ယိုးဒယားနိုင်ငံသို့ တိတ်တဆိတ်ထွက်ခွာကြ၏။ ယိုးဒယားနိုင်ငံမှတစ်ဆင့် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ထွက်ခွာလာကြရန် စီစဉ်ပြီးဖြစ်ကြလေသည်။ ထိုအချိန်က အင်္ဂလိပ်နှင့် ဂျပန်တို့မှာ စစ်မဖြစ်ကြသေးသဖြင့် မြန်မာလူငယ် ရဲဘော်သုံးကျိပ်တို့မှာ တင်းကျပ်မှု ဆောင်နေသော စစ်ဆေးမှုများ၊ ပုလိပ်များ၏အကြားမှ အကောင်အထည်မျိုးဖြင့် နိုင်ငံခြားသို့ တိတ်တဆိတ် ထွက်ခွာသွားကြခြင်းဖြစ်ပေရာ တစုတဝေးတည်း ထွက်ခွာခြင်း မပြုနိုင်ကြဘဲ နည်းအမျိုးမျိုးဖြင့် လူခွဲ၍ ထွက်ခွာကြခြင်းဖြစ်လေ၏။

သခင်ထွန်းအုပ်တို့၏ ရဲဘော်သုံးကျိပ်ဝင်များသည်လည်းကောင်း၊ သခင်အောင်ဆန်းနှင့် အတူပါသော ရဲဘော်သုံးကျိပ်ဝင်များသည်လည်းကောင်း ဂျပန်နိုင်ငံသို့ စုဝေးရောက်ရှိကြ၏။ သခင်သန်းတင်မှာ ယိုးဒယားနိုင်ငံသို့ မြန်မာနိုင်ငံမှ အကူး တောကြီးထဲ၌ ရှိလာသော ငှက်များရောဂါဖြင့် ဂျပန်လက်အောက်ခံ ထိုင်ဝမ်ကျွန်းသို့ ရောက်မှ ကွယ်လွန်ခဲ့ရှာလေသည်။

ဂျပန်စစ်ခေါင်းဆောင်များသည် မြန်မာလူငယ်များပါဝင်သော ရဲဘော်သုံးကျိပ်တို့အား ကောင်းစွာကြိုဆိုပြုစုကြသည်။ ဂျပန်စစ်ဦးစီးအရာရှိများသည် ရောက်ထယ်ရောက်ရှိလာသော ခေါင်းဆောင်တစ်ဦးဖြစ်သည့် သခင်ထွန်းအုပ်ထံမှ မြန်မာနိုင်ငံ၏ အခြေအနေ၊ မြန်မာပြည်တိုက်ပွဲဝင်ရန် အုပ်ချုပ်မည့် အုပ်ချုပ်ရေးနှင့် နိုင်ငံရေးပါသောသဘောတရားများ စသည်တို့ကို ဆွေးနွေးသားတင်သွင်းရန် မေးမြန်းခဲ့ပြန်သည်။

သခင်ထွန်းအုပ်သည် ၁။ မြန်မာနိုင်ငံ၏ နိုင်ငံရေးအဖွဲ့များ အခြေအနေ နိုင်ငံရေးအဖွဲ့အစည်းတို့၏ စည်းလုံးညီညွတ်ရေး မြန်မာနိုင်ငံအတွင်းမှ နယ်ချဲ့အား တိုက်ရန် အစိုးရတို့ကို တော်လှန်ရာတွင် အစီအစဉ်များအပြည့် မျိုးချစ်လူငယ်များနှင့် ရဲဘော်သုံးကျိပ်တို့ ဆက်သွယ်ရေး မြန်မာနိုင်ငံ လွတ်လပ်သောအခါတွင် အသုံးပြုမည့် စီမံချက်များ၊ စစ်ရေး၊ အုပ်ချုပ်ရေးစီမံကိန်းများ စသည်တို့ကို ရေးသား ပြီးလျှင် ဂျပန်နိုင်ငံ စစ်ဦးစီးအဖွဲ့သို့ တင်သွင်းခဲ့ရလေသည်။

ထိုအတွင်း ဂျပန်စစ်ခေါင်းဆောင်များသည် တို့ဗမာအစည်းအရုံး ခေါင်းဆောင် နှစ်ဦးဖြစ်ကြသော သခင်အောင်ဆန်းနှင့် သခင်ထွန်းအုပ်တို့အား ပြန်ပေါင်းထုပ် စည်းလုံးညီညွတ်ရေး ဆွေးနွေးပွဲတစ်ရပ်ကို ထိုင်ဝမ်ကျွန်း (ဖော်မိုဆာကျွန်း)တွင် ကျင်းပစေလေသည်။ တို့ဗမာအစည်းအရုံး၌ သခင်ဗဟိန်း သခင်ကိုယ်တော်မှိုင်း အုပ်စုဟူ၍ တစ်ချိန်က သပ်ခွဲခဲ့ကြဖူးပေရာ ထိုအစည်းအရုံး ၂ စုမှ ခေါင်းဆောင်များ ညီညွတ်ရေးဆွေးနွေးရန် လိုအပ်သည်ဆိုသော အဆမြင် ဂျပန်နိုင်ငံ စစ်ခေါင်းဆောင်များက စီစဉ်ကြလေသည်။

ထို့ကြောင့် သခင်ထွန်းအုပ်ကို သခင်အောင်ဆန်းရှိနေသော ထိုင်ဝမ်သို့



သို့ လေကြောင်းမှ ပို့ပေးကြ၏။ ထိုင်ဝမ်ကျွန်းတွင် သခင်အောင်ဆန်း(ဗိုလ်တေဇ)နှင့် သခင်လှမေ(ဗိုလ်လက်ျာ)၊ သခင်အောင်သန်း(ဗိုလ်စကြာ) စသည့် ရဲဘော်များ ရှိနေကြ၏။ သခင်ထွန်းအုပ် ရောက်ရှိသွားပြီးနောက် တို့ဗမာအစည်းအရုံးဝင် ခေါင်းဆောင်များသည် တစ်သွေးတည်း၊ တစ်သဘောတည်းဖြင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်အထိ ကြိုးပမ်းကြရန် ဆွေးနွေး၍ သဘောတူချက် ရရှိခဲ့ကြလေသည်။

ဂျပန်ပြည်ရောက် ရဲဘော်သုံးကျိပ်ဝင်များကို ဂျပန်စစ်ဦးစီးအရာရှိများသည် မြန်မာနိုင်ငံ၏ ပထဝီအနေအထား၊ အချက်အချာနေရာများ စသည်တို့ကို အသေးစိတ်မေးမြန်းကြ၏။ ရန်ကုန်မြို့မှ ရွှေတိဂုံစေတီတော်ကြီးကဲ့သို့သော အဓိကရစေတီကြီးအား တန်ဖိုးမည်မျှရှိသည်ကိုပင် စုံစမ်းကြ၏။ ဂျပန်လေယာဉ်များက မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ထိုးရောက်ခဲ့ကြလျှင် ရွှေတိဂုံစေတီတော်ကြီးပေါ်သို့ ဗုံးကျပါက မည်မျှဆုံးရှုံးမှုရှိမည် စသည်တို့ကို လေ့လာစုံစမ်းကြခြင်းဖြစ်ပေသည်။ ရဲဘော်သုံးကျိပ်ဝင်တို့သည် ရွှေတိဂုံစေတီတော်ကြီး၊ တန်ဖိုးဖြတ်နိုင်သည့် အခြေအနေကို ရှင်းပြ၍ ဗုံးဒဏ်မှ ကာကွယ်စေရန်အတွက် မေတ္တာရပ်ခံခဲ့ရလေသည်။

ဂျပန်အရာရှိများသည် မြန်မာလူငယ်ရဲဘော်များ၊ ဂျပန်နိုင်ငံသို့ ရောက်ရှိနေသည်ဆိုသော သတင်းကို အင်္ဂလိပ်အစိုးရနှင့် နိုင်ငံရပ်ခြားမှ သူလျှိုများ စုံစမ်းသိရှိသွားမည်ကို စိုးရိမ်နေကြသည်။ ထို့ကြောင့် ရဲဘော်သုံးကျိပ်ဝင်များအား ဂျပန်ဝတ်စုံများကို အမြဲဝတ်စေ၍ ဂျပန်နာမည်များ ပေးထားပြီးလျှင် အများ လူထုအမြင်၌ ဂျပန်အမျိုးသားများသာ ထင်မြင်စေရန် ရုပ်ဖျက်၍ထားစေသည်။ ဗိုလ်မှူးဝင်း(ဗိုလ်ရှုပ်ကြီးမှူးဝင်း)၏ ဂျပန်နာမည်မှာ "တကာစုကီစုစုမု" ဖြစ်၏။ သခင်ထွန်းအုပ်၏ ဂျပန်နာမည်မှာ "ဆီယိုးယာရှီး" ဖြစ်၏။ ကျန်သော ရဲဘော်များသည်း ဂျပန်နာမည်အသီးသီး မှည့်ခေါ်ကြရလေ၏။

ဤသို့ဖြင့် သခင်အောင်ဆန်းခေါင်းဆောင်သော ရဲဘော်သုံးကျိပ်ဝင်များသည် မြန်မာလွတ်လပ်ရေးတိုက်ပွဲအတွက် စစ်ပညာသင်ကြားရန် ဂျပန်နိုင်ငံသို့ ရောက်ခဲ့ကြသည်။ ၎င်းရဲဘော်သုံးကျိပ်ဝင်များမှာ—

၁။ သခင်အောင်ဆန်း(ဗိုလ်တေဇ) ၂။ သခင်ရှုမောင်(ဗိုလ်နေဝင်း) ၃။ သခင်စံလှိုင်(ဗိုလ်အောင်) ၄။ သခင်အောင်သန်း(ဗိုလ်စကြာ) ၅။ သခင်လှမေ (ဗိုလ်လက်ျာ) ၆။ ကိုထွန်းရှိန်(ဗိုလ်ရန်နိုင်) ၇။ ကိုလှမောင်(ဗိုလ်ဇေယျ) ၈။ သခင်လှမြိုင်(ဗိုလ်ရန်အောင်) ၉။ ကိုရွှေ(ဗိုလ်ကျော်ဇော) ၁၀။ ကိုစောလှ (ဗိုလ်မိန်းဝင်း) ၁၁။ သခင်ထွန်းရွှေ(ဗိုလ်လင်းယုန်) ၁၂။ သခင်ဘကျော်(ဗိုလ် လမောင်) ၁၃။ သခင်အောင်သိန်း(ဗိုလ်ရဲထွဋ်) ၁၄။ သခင်တင်အေး(ဗိုလ်ဘုန်း

www.burmeseclassic.com

www.burmeseclassic.com



မြင့်) ၁၅။ သခင်နီ(ဗိုလ်မြင့်အောင်) ၁၆။ သခင်ထွန်းခင်(ဗိုလ်မြင့်ဆွေ) ၁၇။ သခင်စံမြ (ဗိုလ်တောက်ထိန်) ၁၈။ ကိုလှ(ဗိုလ်မင်းရောင်) ၁၉။ သခင်ကျော်စိန်(ဗိုလ်မိုးညို) ၂၀။ သခင်ထွန်းလွင်(ဗိုလ်ဗလ) ၂၁။ သခင်သန်းညွန့်(ဗိုလ်ဇင်ယော်) ၂၂။ သခင်အေးမောင်(ဗိုလ်မိုး) ၂၃။ သခင်သစ်(ဗိုလ်စောနောင်) ၂၄။ သခင်ရွှေ(ဗိုလ်စောအောင်) ၂၅။ သခင်မောင်မောင်(ဗိုလ်ညာဏ) ၂၆။ သခင်မောင်ဦး(ဗိုလ်တာရာ) ၂၇။ ကိုစောလွင်(ဗိုလ်မင်းခေါင်) ၂၈။ သခင်သန်းတင်(ဗိုလ်သန်းတင်) ၂၉။ သခင်သန်းတင်(၂)(ဗိုလ်မြခင်) ၃၀။ သခင်ထွန်းရှပ်(စစ်ပညာမသင်သဖြင့် ဗိုလ်အမည်မခံယူဘဲ အုပ်ချုပ်ရေးပညာသင်ယူခဲ့သူ)တို့ ဖြစ်ကြ၏။

### (ခ) အင်းစိန်စာတမ်းနှင့် ဖက်ဆစ်ဆန့်ကျင်ရေးဝါဒ

ထိုသို့ ရဲဘော်သုံးကျိပ်ဝင် မျိုးချစ်လူငယ်များသည် ဂျပန်နိုင်ငံသို့ ရောက်၍ လွတ်လပ်ရေးတိုက်ပွဲအတွက် စစ်ပညာများ သင်ကြားလေ့ကျင့်နေစဉ်တွင် မြန်မာနိုင်ငံရှိ နိုင်ငံရေးခေါင်းဆောင်အချို့တို့သည် ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ဂျပန်တပ်မတော် မြန်မာနိုင်ငံသို့ ဝင်လာလျှင် ခုခံတိုက်ခိုက်ရေး သဘောတရားများကို လှုံ့ဆော်စည်းရုံးနေကြသည်ကို တွေ့ရလေသည်။

ထိုသို့ ဖက်ဆစ်ဆန့်ကျင်ရေး သဘောတရားများကို လှုံ့ဆော်စည်းရုံးရန် ဦးဆောင်အားထုတ်သူမှာ တို့ဗမာအစည်းအရုံးဝင် ခေါင်းဆောင်တစ်ဦးဖြစ်သော သခင်စိုးနှင့် အပေါင်းပါရဲဘော်များဖြစ်ကြပေသည်။ ထိုအချိန်က သခင်စိုး၊ သခင်နု၊ သခင်တင်မြ၊ သခင်စိုးရှိ၊ သခင်သန်းထွန်း၊ ဒေါက်တာဘမော် စသော မြန်မာနိုင်ငံ၏ နိုင်ငံရေးခေါင်းဆောင်များသည် အင်္ဂလိပ်အစိုးရ၏ ဖမ်းဆီးချုပ်နှောင်ခြင်းကို ခံနေရလေသည်။

အင်္ဂလိပ်အစိုးရသည် မြန်မာခေါင်းဆောင်များအား အပြင်တွင် သွားလာလှုပ်ရှားနေခြင်းဖြင့် မိမိအစိုးရ၏ ဝါဒနှင့် လမ်းစဉ်များကို အနှောင့်အယှက်ဖြစ်စေမည်ဟု ယူဆသဖြင့် ပုဒ်မတစ်ခု၏ တစ်မျိုး၊ တရားစွဲ၍ တစ်သွယ်၊ မြန်မာခေါင်းဆောင်များကို ထောင်သွင်းအကျဉ်းချထားခဲ့ပေသည်။

မြန်မာခေါင်းဆောင်များကို အများအားဖြင့် အင်းစိန်ထောင်တွင်း၌ အစိုးရက ထားရှိခဲ့သည်။ သခင်စိုး၊ သခင်သန်းထွန်းနှင့် သခင်နု စသော ခေါင်းဆောင်များသည် ထောင်တွင်း၌ အေးအေးဆေးဆေးမနေကြပေ။ မိမိတို့ နိုင်ငံရေးရဲဘော်များ အကျဉ်းကျသူများကို ဆိုရှယ်လစ်သဘောတရားရေးရာများ သင်ကြားပေးရန် သင်တန်းများဖွင့်လှစ်ကြလေသည်။ ၎င်းသင်တန်းများတွင် လက်ရှိနိုင်ငံရေးအခြေအနေများနှင့် ကမ္ဘာ့စစ်အခြေအနေများကိုလည်းကောင်း၊ ဆိုဗီယက်ဆိုရှယ်



လစ်နိုင်ငံ၏ အခြေအနေများနှင့် တော်လှန်ရေးသဘောတရားများကိုလည်းကောင်း သင်တန်းများ ပို့ချကြလေသည်။

သခင်စိုးနှင့် သခင်သန်းထွန်းတို့က တနင်္လာနေ့မှ သောကြာနေ့အထိ တစ်လှည့်စီ နိုင်ငံရေးသင်တန်းများ ပေးကြသည်။ သခင်နုက စနေနေ့တိုင်းတွင် အထွေထွေနိုင်ငံရေး ဗဟုသုတဟောပြောပွဲကို ကျင်းပပြီးလျှင် လိင်ပညာနှင့် ပတ်သက်သော ကျန်းမာရေးပညာပေးသင်ခန်းစာများကိုလည်း ပို့ချသည်။

ထိုအချိန်တွင် ထောင်တွင်း ထောင်ပြင် နိုင်ငံရေးသမားသခင်များအထဲတွင် လွတ်လပ်ရေးတိုက်ပွဲနှင့် ပတ်သက်၍ အမြင်သုံးမျိုးကွဲနေခဲ့လေသည်။

ပထမအမြင်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် မည်သည့်အင်အားနှင့်ဖြစ်စေ ပူးပေါင်းရမည်။ အင်္ဂလိပ်နယ်ချဲ့သမား၏ ကျွန်အဖြစ်မှ လွတ်မြောက်ရန် အင်္ဂလိပ်နယ်ချဲ့၏ ရန်သူဖြစ်သော ဂျပန်နယ်ချဲ့သမား၏ အကူအညီကိုပင် ယူရမည်။

ဒုတိယအမြင်မှာ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွင် မည်သူ့ကိုမျှ အားကိုးစရာ မလို။ မိမိကိုယ်သာ အားကိုး၍ နယ်ချဲ့သမားမှန်သမျှကို တိုက်ခိုက်ရမည်။ အင်္ဂလိပ်နယ်ချဲ့သမားကိုလည်းကောင်း၊ ဂျပန်ဖက်ဆစ်နယ်ချဲ့သမားကိုလည်းကောင်း မြန်မာနိုင်ငံမှ တစ်ပြိုင်တည်း တိုက်ထုတ်ရမည်။

တတိယအမြင်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိစေရန်အတွက် ကမ္ဘာတစ်ခွင်ရှိ လွတ်လပ်ရေးနှင့် ဒီမိုကရေစီအခွင့်အရေးများကို ဖျက်ဆီးချိုးနှိမ်နေသော ဖက်ဆစ်ဝါဒကို တိုက်ရမည်။ ဖက်ဆစ်ဝါဒလက်အောက်တွင် လွတ်လပ်ရေးရမည် မဟုတ်။ ဖက်ဆစ်ဝါဒသည် အဓိကရန်သူဖြစ်နေပြီ။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်းသို့ ဖက်ဆစ်ဂျပန်များ မဝင်လာစေရန် တိုက်ထုတ်ရမည်။ ဖက်ဆစ်ကို တိုက်ထုတ်ရန် အင်္ဂလိပ်နယ်ချဲ့သမားကိုပင် ယာယီမဟာမိတ်အဖြစ်ဖွဲ့၍ အကူအညီယူရမည်ဟူ၍ အယူဝါဒအသီးသီးဖြစ်လေသည်။

ပထမအမြင်ကို ထောင်တွင်းမှ သခင်နု၊ သခင်လေးမောင် စသော ခေါင်းဆောင်များ၊ ထောင်ပြင်မှ သခင်မြ(လွှတ်တော်အမတ်) စသည့် ခေါင်းဆောင်များကလည်းကောင်း၊ ဒုတိယအမြင်ကို ထောင်တွင်းမှ ရဲဘော်ဂိုရှယ်၊ ရဲဘော်နုတ်၊ ထောင်ပြင်မှ သခင်ဗဟိန်း၊ သခင်ထွန်းရွှေ၊ သခင်ချစ်(ပြည်သူ့အရေးတော်ပုံပါတီ) တို့ကလည်းကောင်း၊ တတိယအမြင်ကို ထောင်တွင်းမှ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ကျော်စိန်တို့နှင့် ထောင်ပြင်မှ သခင်တင်မောင်ကြီး၊ သခင်ဇိုက် စသည့် ခေါင်းဆောင်များကလည်းကောင်း အသီးသီးလက်ခံထားကြပေသည်။

ဤနိုင်ငံရေးအမြင်သုံးမျိုးမှ တတိယအမြင်ဖြစ်သော ဖက်ဆစ်ဝါဒကို တိုက်ရမည်။ ဖက်ဆစ်ဂျပန်တို့ မြန်မာနိုင်ငံတွင် ဝင်လာလျှင် တိုက်ထုတ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးနှင့် ဒီမိုကရေစီရေးတို့ကို ရိုက်ချိုးနေသော ဖက်ဆစ်ဝါဒဆောက်လုပ်၊ လွတ်လပ်ရေးမရနိုင်၊ ဖက်ဆစ်ဂျပန်တိုက်ရန် အင်္ဂလိပ်နယ်ချဲ့ထံမှပင် အကူအညီယူရမည် စသော အယူအဆများကို လက်ခံကြသော စည်းရုံးနေသော သခင်စိုးသည် အင်းစိန်ထောင်တွင်း၌ပင်လျှင် နာမည်ကျော်သော 'အင်းစိန်စစ်တမ်း' အမည်ရှိ ဖက်ဆစ်ဆန့်ကျင်ရေးစာတမ်းတစ်စောင်ကို ရေးသားပြုစုခဲ့ပေသည်။

သခင်စိုးသည် သခင်သန်းထွန်းနှင့် မူပေါင်း၍ မိမိ၏ 'အင်းစိန်စစ်တမ်း' အမည်ရှိ ဖက်ဆစ်ဆန့်ကျင်ရေးစာတမ်းပေါ် သဘောတရားများကို ထောင်တွင်း၌ သင်တန်းပို့ချပေးလေသည်။ ထောင်တွင်းရှိ နိုင်ငံရေးအကျဉ်းသားများအပါအဝင် အကျဉ်းကျလူများကို မိမိ၏ နိုင်ငံရေးခံယူချက်နှင့် သဘောတရားများကို စနစ်တကျ ဖြန့်ဖြူးစည်းရုံးခဲ့ပေသည်။

သခင်စိုးသည် အင်္ဂလိပ်-မြန်မာ သွေးစပ်သော ဆောင်မြင့်ခဲ့၏။ သူသည် သန်လျင်ရေနံမြေတွင် ၁၄ နှစ်တိုင်တိုင် အလုပ်သမားအဖြစ် လုပ်ကိုင်ခဲ့ပြီးမှ နိုင်ငံရေးနယ်အတွင်းသို့ ဝင်လာသော မှန်အစွယ်ဝင် နိုင်ငံရေးသမားတစ်ဦးဖြစ်သည်။ မာ့က်စ်လီနင်တို့၏ သဘောတရားရေးရာများကို လေ့လာကျွမ်းကျင်၍ နိုင်ငံရေးအမြင်ထက်မြက်သူ သခင်ခေါင်းဆောင်တစ်ဦး ဖြစ်သည်။

သူသည် မိမိ၏ ဖက်ဆစ်ဆန့်ကျင်ရေးသဘောတရားများကို ထောင်တွင်း၌သာ စည်းရုံးဝါဒဖြန့်၍ မကျေနပ်သည့်နှင့် ထောင်ပြင်ရှိ နိုင်ငံရေးသမားများထံသို့လည်း နည်းအမျိုးမျိုးဖြင့် အရောက်ဖြန့်ခဲ့လေသည်။ သခင်စိုး၏ နိုင်ငံရေးခံယူချက်များကို ထောင်ပြင်ရှိ ရဲဘော်များပင် လက်ခံ၍ နောင်အခါတွင် ဖက်ဆစ်ဂျပန်များ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသောအခါ၌ ထောင်ပြင်ရှိ ရဲဘော်များသည် ဖက်ဆစ်ဂျပန်များကို ဆန့်ကျင်၍ မြေအောက်တော်လှန်ရေးကို ကြိုတင်ပြင်ဆင်နေခဲ့ကြပေသည်။

**အင်းစိန်စစ်တမ်းတွင် ပါရှိသော ဖက်ဆစ်ဆန့်ကျင်ရေးသဘောတရား အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပေသည်။**

## အင်းစိန်စစ်တမ်း

*ယခုဖြစ်ပေါ်နေသော ဒုတိယကမ္ဘာစစ်ကြီးမှာ မြန်မာနိုင်ငံအတွင်းသို့ ချင်းနင်းဝင်ရောက်လာတော့မည်မှာ အငြင်းပွားစရာ မလိုဘဲ သေချာနေပြီဖြစ်ပေသည်။ သို့ဖြစ်၍ ဤစစ်ကြီးတွင် ဂျပန်တို့၏ ဂျပန်၊ အီတလီ၊ ဂျာမနီ ဖက်ဆစ်ဆိုနိုင်ငံနှင့်ပင် မူပေါင်းကြမည်လား၊ သို့မဟုတ် ကမ္ဘာ့အရင်းရှင် ဒီမိုကရေစီ အင်အားစုနှင့် ဆိုဗီယက်အင်အားစုများဘက်တွင် မူပေါင်းပါဝင်ကြမည်လား သို့မဟုတ် နှစ်ဘက်စ*



*ကိုပင် ဆန့်ကျင် တိုက်ခိုက်သွားမည်လားဆိုသည်ကို မေးစရာရှိလာပေသည်။ ကျွန်ုပ်၏အမြင်ကို ပြောပြရမည်ဆိုလျှင် ဂျပန်ဘုရင်တင်နော်ဆောကောတို့သည်လည်းကောင်း၊ အီတလီနိုင်ငံမှ အာဏာရှင် မုဆိုလီနီနှင့် ဂျာမနီနိုင်ငံမှ အာဏာရှင် ဟစ်တလာတို့သည်လည်းကောင်း၊ ကမ္ဘာ့အရင်းရှင် နယ်ချဲ့ဖက်ဆစ်သမား ဆိုးကြီးအညစ်များ ဖြစ်ကြပေသည်။*

*အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ်တို့မှာ အရင်းရှင်နိုင်ငံများဖြစ်ကြသော်လည်း အရင်းရှင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေကြသော နိုင်ငံများဖြစ်ကြပေသည်။*

*ယခုဖြစ်ပေါ်နေသော ဒုတိယကမ္ဘာစစ်၏ သဘောသဘာဝကို သေချာစိစစ်ကြည့်လျှင် ဖက်ဆစ်နယ်ချဲ့အရင်းရှင်အင်အားစုက တစ်ဖက်၊ ဒီမိုကရေစီအရင်းရှင်အင်အားစုတို့က တစ်ဖက်၊ ဈေးကွက် နိုင်ငံလုခြင်းနှင့် နယ်ချဲ့စစ်ပွဲကို ဆင်နွှဲနေကြခြင်းဖြစ်ပေသည်။*

*၁၉၄၁ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့က စ၍ ဂျာမနီ နာဇီနိုင်ငံမှ အာဏာရှင်ဟစ်တလာ ဖက်ဆစ်စစ်တပ်များသည် ဆိုဗီယက်ဆိုရှယ်လစ် သမ္မတနိုင်ငံကို အလစ်ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။ ဆိုဗီယက်နိုင်ငံသည် ယခုဖြစ်ပေါ်နေသော စစ်ကြီးတွင် ရန်သူနှစ်ဦးကို တစ်ပြိုင်တည်းတိုက်ခိုက်ရန် မဖြစ်သည့်အားလျော်စွာ အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ် စသော ရန်သူအရင်းရှင်နိုင်ငံများနှင့် ယာယီမဟာမိတ်အဖြစ် လက်တွဲခဲ့သည်။ ဤနေရာတွင် ဆိုဗီယက်နိုင်ငံသည် မဟာမိတ်ယူစရာရှိသောအခါ အရင်းရှင်နိုင်ငံများနှင့် ထိုနိုင်ငံ၏ ပြည်သူလူထုကိုပင် ယာယီမဟာမိတ်အဖြစ် သတ်မှတ်ခြင်းသာ မှန်ကန်သည်ကို ဆိုဗီယက်ခေါင်းဆောင်ကြီး စတာလင်က လက်တွေ့ပြခဲ့ခြင်း ဖြစ်ပေသည်။*

*အိမ်နီးချင်း တရုတ်နိုင်ငံတွင်ပင် ဂျပန်ဖက်ဆစ်တို့ တိုက်ခိုက်သိမ်းပိုက်လာသော တိုင်းပြည်အနယ်နယ်ကို ရင်ဆိုင်ရသောအခါတွင် တရုတ်ကွန်မြူနစ်နှင့် ကူမင်တန် ခုခံတော်လှန်ရေးတို့သည် ပြည်တွင်းစစ်ပွဲကို ရပ်ဆိုင်း၍ မဟာမိတ်ဖွဲ့လိုက်ပြီး မိမိတို့ အသေတပ်ကြောင်းဝက်ကို ရန်သူဖက်ဆစ်ဂျပန်များဘက်သို့ လှည့်၍ တိုက်ခိုက်ခဲ့ကြပေသည်။*

*ဂျပန်၊ အီတလီ၊ ဂျာမနီ စသော ဖက်ဆစ်သုံးနိုင်ငံကသာ ကမ္ဘာ့စစ်ကြီးကို လွှမ်းမိုးသွားမည်ဆိုလျှင် ကမ္ဘာ့လူ ကမ္ဘာ့သားအပေါင်းမှာ အတုအယောင် ဒီမိုကရေစီဖြစ်သော အရင်းရှင်ဒီမိုကရေစီတွင် အရေးကာလေးများကိုပင် တစ်စွန်းတစ်စသာ ခံစားခွင့်ရမည် မဟုတ်တော့ဘဲ ဂျပန်၊*

www.burmeseclassic.com

www.burmeseclassic.com



အီတလီ ဂျာမနီ စသော နာဇီဖက်ဆစ်ဝါဒီလူကြီးများ၏ ရက်စက် ကြမ်းကြုတ်စွာ ဝါးမျိုခြင်းကို ခံရပေတော့မည်။

အောက်တိုဘာ တော်လှန်ရေးကြီးဖြစ်ပွားရာ၌က အလုပ်သမား သန်းပေါင်းများစွာတို့၏ သွေးဖြင့် အရယူခဲ့သော ဆိုဗီယက်ဆိုရှယ်လစ် သမ္မတနိုင်ငံကြီးမှာ ဖက်ဆစ်ဂျာမနီတို့သာ အောင်ပွဲရပါက ဖက်ဆစ် အမှောင်ထုအောက်သို့ ပြားပြားဝပ်ရောက်ရပေတော့မည်။

မြန်မာပြည် နိုင်ငံရေးသမားတွေ၏ လွတ်လပ်ရေးတိုက်ပွဲကြီးမှ ရှုမှန်သော အင်္ဂလိပ်အစိုးရကို လက်နက်ဖြင့် တော်လှန်ရမည်ဆိုသည့် ဆုံးဖြတ်ချက်မှာ ယခု ၁၉၄၁ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့ နောက်ပိုင်း တွင်ကား ကမ္ဘာ့ကွန်မြူနစ်အင်အားစု၏ သေနင်္ဂဗျူဟာနည်းအတိုင်း ပြင်ဆင်ဆောင်ရွက်ကြရန် လိုအပ်နေပြီ။

ကမ္ဘာ့ကွန်မြူနစ်တို့၏ သေနင်္ဂဗျူဟာနည်းကို မြန်မာနိုင်ငံရေးသမား တို့က ထပ်တူယူပြီး ဖက်ဆစ်ဂျပန်ကို တိုက်ကြရမည်။ ဖက်ဆစ်ဂျပန် ကို တိုက်ရာတွင် မဟာမိတ်ရှိရမည်။ အင်္ဂလိပ်အစိုးရတို့ကို ယာယီမဟာ မိတ်ပြု၍ ၎င်းတို့ထံမှ ခဲယမ်းမီးကျောက်များ တောင်းဆိုပြီးလျှင် ဖက်ဆစ်ဂျပန်များ မြန်မာနိုင်ငံသို့ ဝင်လာသောအခါ ကြံ၍ တိုက်ခိုက် ကြရမည်။

ဖက်ဆစ်ဂျပန်ကို တိုက်၍ရသောနယ်မြေများကို မိမိတို့ပိုင် နယ်မြေ သတ်မှတ်ရမည်။ တိုက်ပွဲများမှ ရသော ခဲယမ်းမီးကျောက်တို့အင်အား ဖြင့် မြန်မာနိုင်ငံကို စစ်ပြီးသည်အထိ မိမိတို့ကသာ သိမ်းပိုက်အုပ်ချုပ် ထားရမည်။

အစပထမတွင်ကား ရဲဘော်တို့သည် မိမိတို့နိုင်ငံကို နှစ်ပေါင်းများစွာ ကျွန်ပြုစိုးမိုးအုပ်ချုပ်လာသော အင်္ဂလိပ်အစိုးရကို ယာယီမဟာမိတ်ပြု ရန် ဝန်လေးစိတ်ခံနေကြပေမည်။ အင်္ဂလိပ်အစိုးရကလည်း မိမိတို့အား ချက်ချင်းယုံကြည်ရန် ခဲယဉ်းနေပေမည်ဖြစ်သည်။ သို့သော် ဘာပဲဖြစ် ဖြစ် ဖက်ဆစ်ဂျပန်တို့ကို တိုက်ခိုက်ချေမှုန်းရန် အသင့်ရှိကြဖို့ လိုသည်။

အင်္ဂလိပ် အမေရိကန်တို့နှင့် ပူးပေါင်းရာတွင် စစ်ကြီးပြီးသည်အထိ သာ ယာယီမဟာမိတ်အဖြစ် ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပေသည်။ စစ်ကြီးပြီးသောအခါတွင် ဖက်ဆစ်သုံးနိုင်ငံ နေရာ၌ အရင်းရှင်သုံးနိုင်ငံ တို့ ဝင်လာကြမည်။ အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်တို့သည် ဖက်ဆစ် များနေရာ၌ ဝင်ယူကြလိမ့်မည်။

သို့သော် နောင်တော်ကြီး ဖက်ဆစ်ဂျာမနီဆုံးလျှင် ညီတော်လေး အရင်း



ရှင်စနစ် အားပျော့နေပိုင်လာစရာ ရှိသည်။ ကျွန်ုပ်တို့ တော်လှန်ရေး သမားအင်အားစုများသည် ဖက်ဆစ်များကို တိုက်ခိုက်ရင်းဖြင့် တိုက်ပွဲ အတွေ့အကြုံနှင့် လက်နက်အင်အား တောင့်တင်းမှုကို ရလာပြီးမည်မှာ လည်း သေချာလှပေသည်။ ထိုအခါတွင် အရင်းရှင်အင်အားစုကို ဆက်လက်တိုက်ခိုက်ရင်း နိုင်ငံလွတ်လပ်ရေးကို အရယူရန်သာ ရှိတော့ မည်။

ထို့ကြောင့် အင်္ဂလိပ် အမေရိကန်တို့ကို ယာယီမဟာမိတ်ပြုပြီးလျှင် ဖက်ဆစ်ဂျပန်များကို ခုခံတိုက်ခိုက်ခြင်းသည်သာ အမှန်ဆုံးလမ်းစဉ် ဖြစ်နေပြီ။

အထက်ပါ စာတမ်းမှာ သခင်စိုးနှင့် ရဲဘော်များ၏ အင်းစိန်စခန်းစာတမ်း တွင် ပါရှိသော ဖက်ဆစ်ဆန့်ကျင်ရေး သဘောတရားများ ဖြစ်ပေသည်။

သခင်စိုးသည် အဆိုပါ အင်းစိန်စခန်းစာတမ်းကို ရေးပြီး ထောင်တွင်း၊ ထောင် ပြင်၌ စည်းရုံးဝါဒဖြန့်ခဲ့သဖြင့် ၎င်းအား အင်္ဂလိပ်လက်ပါးစေ နယ်ချဲ့လက်ကိုင် တုတ်ဟု အချို့က ရှုတ်ချဝေဖန်ခြင်း ခံခဲ့ရပေသည်။ မည်သို့ပင်ဆိုစေ၊ သခင်စိုး သည် မိမိ၏ ဝါဒသဘောတရားများကို ဖြန့်သည်ထက် ဖြန့်ပွားရန် စည်းရုံးခဲ့၏။ နောင်အခါတွင် အင်္ဂလိပ်အစိုးရက သခင်စိုးအား မြင်းခြံထောင်သို့ ရွှေ့ပြောင်းခဲ့ ပေရာ အဆိုပါ အင်းစိန်စခန်းစာတမ်းကိုပင် ပြင်ဆင်၍ မြင်းခြံစခန်းစာတမ်းအမည်ဖြင့် သခင်စိုးက ထပ်မံထုတ်ဝေဖြန့်ချိခဲ့ပေသည်။

သခင်စိုး၏ ဖက်ဆစ်ဆန့်ကျင်ရေးစာတမ်းများ မြန်မာနိုင်ငံတွင် ပျံ့နှံ့ နေစဉ် သခင်အောင်ဆန်း ဦးဆောင်သော မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင် ရဲဘော် သုံးကျိပ်တို့သည် ဂျပန်နိုင်ငံတွင် ပင်ပန်းဆင်းရဲစွာဖြင့် စစ်ပညာများကို သင်ကြား လျက်ရှိနေရာ များစွာ ခရီးရောက်နေပြီဖြစ်တော့၏။

## (ဂ) မြန်မာမျိုးချစ်လူငယ်များနှင့် ဂျပန်တပ်မတော်

ဂျပန်တပ်မတော် စစ်ဦးစီးအရာရှိများသည် ကာနယ်ဆူဇူကီးနှင့်အတူ ထွက်ခွာ၍ မြန်မာမျိုးချစ်လူငယ်များအား အင်ဒိုချိုင်းနားဒေသအနီးရှိ ဂျပန်တို့ အုပ်ချုပ်နေသော ဟိုင်နန်ကျွန်း၌ စစ်ပညာများကို စနစ်တကျ သင်ကြားပေးလေ သည်။

ဟိုင်နန်ကျွန်းအနီးတွင် ကျွန်းငယ်ကလေးများလည်း ရှိသေး၏။ ကျွန်းငယ် ကမ်းခြေတစ်လျှောက်၊ ဂျပန်ရေတပ်မတော်သည် စစ်တန်းလျားများကို ဆောက် ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာမျိုးချစ်လူငယ်များ တည်းခိုရမည့် စခန်းလျှောကြီးများကို ကမ်းခြေမှအနည်းငယ်ဝေးကွာသော တောင်တန်းလုံး၏ အခြေတွင် ကပ်၍ ဆောက် ထားလေသည်။ ရဲဘော်သုံးကျိပ်ဝင်များသည် ၁၉၄၁ ခုနှစ်၊ ဩဂုတ်လမှ စ၍ အဆိုပါ ဟိုင်နန်ကျွန်းစခန်းတွင် ဂျပန်ဆရာများထံ တပည့်ခံ၍ အနာဂတ် မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲအတွက် ဆင်းရဲပင်ပန်းစွာဖြင့် စစ်ပညာများကို သင်ကြားကြရသည်။

ရဲဘော်သုံးကျိပ်ဝင်များ သင်ကြားကြရသော စစ်ပညာများတွင် မြေပြင် တိုက်ပွဲ စစ်ဆေးကျင့်ခန်းသည် အဓိကအားဖြင့် များစွာအရေးကြီးခဲ့ပေသည်။ ဂျပန်သည် အင်္ဂလိပ်အစိုးရလက်မှ မြန်မာပြည်ကို တိုက်ခိုက်ရန် ကြိုတင် စေ့စပ်စွာ စီမံပြင်ဆင်ထားခဲ့သည်ကို ထိုအခါကျမှ သိရတော့သည်။ မြန်မာပြည် မြေပုံကို အကြိမ်ကြိမ်လေ့လာပြီးလျှင် မည်သည့်လမ်းမှ မည်သို့ချီ၍ ဂျပန်တပ် များ မြန်မာနိုင်ငံကို သိမ်းပိုက်ရမည်ဆိုသည်ကို ကြိုတင်တွက်ထားပြီးဖြစ်ပေသည်။

ရဲဘော်သုံးကျိပ်တို့ လေ့လာကြရမည်ဖြစ်သော မြန်မာနိုင်ငံ မြေပုံများ မှာ တစ်လက်မလျှင် ၁၀ မိုင်နှုန်းဖြင့် ရိုက်နှိပ်ထားသော မြေပုံများဖြစ်၏။ အဆိုပါ မြေပုံများမှာ မြန်မာနိုင်ငံအစိုးရ တာ့နိုဝ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေသော မြေပုံများပင်။ မြေပုံကို အပိုင်းပိုင်းဆက်ထားလေရာ မြေပုံတစ်ချပ်လျှင် ၁၅ ပေ နီးပါးမျှပင် ကျယ်ဝန်းရှည်လျားလေသည်။

ရဲဘော်သုံးကျိပ်ဝင်ထဲမှ ယခုအခါတွင် ၂၉ ယောက်မျှသာ ကျန်တော့ သည်။ ရဲဘော်သုံးကျိပ်ဝင်တစ်ဦးဖြစ်သူ သခင်သန်းတင်မှာ ယိုးဒယား-မြန်မာ နယ်စပ်မှ ရှိခဲ့သော ငှက်ဖျားရောဂါဖြင့် ကွယ်လွန်ပြီးသားဖြစ်၍ပင်။ သခင် သန်းတင်မှာ ရန်ကုန်မြို့ ကမာရွတ်ရပ်ကွက်၌ ရဲဘော်သုံးကျိပ်ဝင်များ ယခင်က ပုန်းအောင်းစခန်းချရာ ဆေးခန်းဖြစ်သော အိမ်မှ သခင်စံသိန်း၏ညီ ဖြစ်သည်။ သခင် သန်းတင်သည် မြဝတီ၊ မဲဆောက်၊ ဘန်ကောက်မြို့မှ တစ်ဆင့် တိုင်ဝမ်ကျွန်းသို့ ရောက်လာခဲ့သည်။ သခင်သန်းတင်အား "ကိုကိပိကျူး" ဆေးရုံကြီးသို့ တင်ပို့ ကုသသော်လည်း ရောဂါမသက်သာဘဲ အမိမြန်မာပြည်၏ ပြင်ပနိုင်ငံတစ်နိုင်ငံ တွင် ကွယ်လွန်သွားရှာခဲ့လေသည်။

ဂျပန်စစ်အရာရှိများသည် ရဲဘော်သုံးကျိပ်ဝင်များအား မြန်မာပြည်မြေပုံ ကြီးကို ချ၍ မြန်မာပြည်တိုက်ပွဲ ခရီးစဉ်ကို လေ့ကျင့်ပြသရာ၌ စစ်ကြောင်းကြီး ၅ ကြောင်း ခွဲထားပေသည်။ ၎င်းစစ်ကြောင်းကြီး ၅ ကြောင်းမှာ ဂျပန်တပ် မတော်နှင့် မြန်မာမျိုးချစ်လူငယ်များ ဖွဲ့စည်းမည့် မြန်မာ့လွတ်လပ်ရေးတပ်မတော် တို့ နှစ်တပ်ခွဲ၍ ချီတက်ကြရမည့် စစ်ကြောင်းများပင် ဖြစ်လေသည်။ စစ်ကြောင်း ကြီး ၅ ကြောင်းမှာ ၁။ မြဝတီစစ်ကြောင်း၊ ၎င်းမှာ မော်လမြိုင်ကို ချီတက်



သိမ်းပိုက်ရန် ၂။ ထားဝယ်စစ်ကြောင်း ၃။ ဝိတိုရိယအငူမှ မြိတ်မြို့သို့ ချီစစ် ကြောင်း ၄။ တာမွန်စစ်ကြောင်း ၅။ ကျိုင်းတုံစစ်ကြောင်း၊ စသည်တို့ ဖြစ်ကြလေ သည်။

မြိတ်ကြောင်းချီ တပ်မတော်ကြီးသည် ရန်ကုန်မြို့မှ ရေကြောင်းမှ ဦးတည် ချီတက်ရမည်ဖြစ်၏။ ထိုအခါတွင် မြန်မာနိုင်ငံအတွင်းရှိ မြေအောက် တော်လှန်ရေးအင်အားစုများသည် အင်္ဂလိပ်အစိုးရနှင့် ၎င်း၏တပ်များကို ကောင်း စွာ ဒုက္ခပေးတိုက်ခိုက်နေရမည် ဖြစ်ပေသည်။ ထိုသို့ မြေအောက်အင်အားစုများက တော်လှန်ပုန်ကန်လျက်ရှိကြစေရန်လည်း မြန်မာ့လွတ်လပ်ရေးတပ်မတော်မှ လျှို့ဝှက် တာဝန်များ ပေးလွှတ်၍ စီမံလှုပ်ရှားကြရမည်ဖြစ်သည်။

ထိုသို့ စစ်ကြောင်းငါးကြောင်းဖြင့် ချီတက်ရာတွင် မြဝတီစစ်ကြောင်းချီ တပ်များသည် မော်လမြိုင်မြို့နှင့်တကွ တနင်္သာရီတိုင်းကို သိမ်းပိုက်ပြီးစီးသော အခါ၌ ဂျပန်စစ်ဦးစီးအရာရှိများသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို ကြေညာ ပေးရမည်ဖြစ်၏။ ထိုနေရာမှ စ၍ မြန်မာ့အုပ်ချုပ်ရေး အစိုးရကို စနစ်တကျဖွဲ့စည်း သွားရန် ဖြစ်သည်။ ထိုအုပ်ချုပ်ရေး အစိုးရအဖွဲ့သည် တပ်မတော်မှ မြန်မာနိုင်ငံ တစ်ဝန်းလုံးကို သိမ်းပိုက်တိုက်ခိုက်နေစဉ်အတွင်း သိမ်းပိုက်ပြီး မြို့ရွာများ၌ အုပ်ချုပ်ရေးအဖွဲ့များကို စနစ်တကျဖွဲ့စည်းပေးရမည် ဖြစ်ပေသည်။

ထိုသို့ မြန်မာပြည်တိုက်ပွဲစဉ်ကို မြေပုံပေါ်၌ပင် လေ့ကျင့်သင်ကြားကြ ရာ၌ ဂျပန်လေယာဉ်များကလည်း ကောင်းကင်မှ နေ၍ ကြည်းကြောင်းချီတပ် များ ချီတက်ရေး လွယ်ကူစေရန် ကူညီတိုက်ခိုက်ပေးသွားကြရမည်။ ရှေ့မှ ချီတက်သွားသော တပ်မတော်အတွက် နောက်မှ ထောက်ပို့တပ်များသည် စစ် လက်နက်များ၊ စားရေရိက္ခာများကို အခါမလပ် ထပ်မံ၍ ဖြည့်တင်းပေးသွားကြ ရမည်ကိုလည်း မှုတ်ဖွဲ့လေ့ကျင့်ကြ၏။

မြန်မာပြည်သိမ်း စစ်ဆင်ရေးစဉ်၌ တစ်ဖက်ရန်သူသည် မိမိတို့တပ်မတော် ကို မည်သို့ခုခံတိုက်ခိုက်လိမ့်မည်ဆိုသော သေနင်္ဂဗျူဟာ ပညာအရပ်ရပ်ကိုလည်း သင်ကြားကြရလေသည်။ မြန်မာရဲဘော်များကပင် တစ်ဖက်မှ အင်္ဂလိပ်စစ်တပ် များအလျှင် ပုံသဏ္ဌာန်ပြုပြီးလျှင် မြန်မာပြည်သိမ်းတပ်များကို ခုခံတိုက်ခိုက်ပြန် ပြကြရလေသည်။

လွတ်လပ်ရေးတိုက်ပွဲ၌ တပ်မတော်များသည် လမ်းခရီးတွင် နိုင်ငံရေးနှင့် စစ်ရေးသဘောတရားများကိုပါ ဝါဒဖြန့်၍ စည်းရုံးစုဆောင်းရေးအတွက် ကြိုးစား ကြရမည်ဖြစ်၏။ တိုက်ပွဲ၌ ကျဆုံးထိခိုက် ဒဏ်ရာရ၍ လျော့ပါးသွားသော တပ်သားများနေရာတွင် ထပ်မံဖြည့်တင်းရန် စစ်သားစုဆောင်းရေးကိုလည်း သတိ မလစ်ဟင်းစေရပေ။

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်ကြီး၏ မြန်မာပြည်သိမ်း စစ်ချီစီးနင်းရေး၌ ဆောင်ရွက်မှုရ ရှိသော အစီအကုပ်ငန်းများကိုလည်း ရဲဘော်များ လေ့လာရသေးသည်။ ၎င်းမှ မြစ်များ၊ ချောင်းများ တွေ့သည့်အခါ၌ တံတားများကို ချက်ချင်းဆောက်လုပ်၍ ကူးနိုင်ကြရန် ကြိုးစားကြရမည်ဖြစ်သည်။

မြစ်တစ်ကြောင်းချီကြမည့် တပ်မတော်သားများသည် ထမ်းစရာတွင် "သောင်ရင်း"မြစ်ကို ပထမဦးစွာ ဖြတ်ကူးရမည့် တာဝန်ရှိသေးသည်။ ဤနေရာတွင် ရဲဘော်များသည် မြေပုံပေါ်မှာပင် လေ့လာ၍ သောင်ရင်းမြစ်၏ အကျယ်အကျဉ်း၊ အတိမ်အနက်တို့ကို လေ့လာသင်ကြားရသေးသည်။ ထို့ပြင် တံတားဆောက်ရန် သစ်နှင့် ဝါးကြိမ်၊ ကြိုး စသော ကိရိယာများ မည်၍မည်မျှ လိုအပ်သည်ကို တွက်ချက်ကြရသည်။ မြစ်အနီးအပေါ်တွင် ရရှိနိုင်မည့် သစ်၊ ဝါး စသည်တို့ကိုလည်း လေ့လာမှတ်သားရသည်။ ထိုနည်းပင် အခြားမြစ်များ၊ ချောင်းများနှင့် တွေ့သောအခါတွင် ချက်ချင်း တံတားဆောက်၍ တစ်ဖက်ကမ်းသို့ ကူးနိုင်ရန်အတွက် တစ်ဆင့်ပြီး တစ်ဆင့် သင်ကြားလေ့ကျက်ကြရသေးသည်။

ရန်သူ့နယ်မြေကို တိတ်တဆိတ် ဝင်ရောက်၍ ရန်သူ၏ မဟာဗျူဟာများကို ဖျက်ဆီးဖောက်ခွဲနည်းများကိုလည်း သင်ကြားပေးကြရသည်။ ရဲဘော်သုံးကျိပ်ဝင်များသည် ရန်ကုန်မြို့သို့ ဝင်ရောက်တော့မည့်အချိန်၌ ရန်ကုန်မြို့တွင်းရှိ ပြည်တွင်းတော်လှန်ရေးသမားများက မင်္ဂလာဒုံလေဆိပ်ရှိ အင်္ဂလိပ်လေယာဉ်များကို ကြိုတင်ဖျက်ဆီး ဖောက်ခွဲထားရန် လိုအပ်သေးသည်။ ထိုအခါတွင် လေယာဉ်များကို ဖျက်ဆီးရာ၌ စက်ခေါင်းများကို သေနတ်ဖြင့်ပစ်ထည့်၍ ဖျက်ဆီးနည်းကိုလည်း ကြိုတင်သင်ကြားကြရ၏။

ရဲဘော်သုံးကျိပ်ဝင်များ ထပ်၍ လေ့ကျက်ကြရသော သင်ခန်းစာတစ်ရပ်မှာ မြန်မာပြည်တိုက်ပွဲ၏ ပထဝီဝင်ဖြစ်သည်။ မြန်မာနိုင်ငံရှိ မြို့ကြီးမြို့ငယ်များ၏ တည်ရှိသော နေရာနှင့် အကျယ်အဝန်း၊ တစ်မြို့နှင့် တစ်မြို့ အဆက်အသွယ် မည်သို့ ရနိုင်သည်၊ မြစ်များ ချောင်းများ စီးဆင်းပုံ၊ သယ်ယူပို့ဆောင်ရေး အလုပ်များအတွက် လေ၊ လှည်း၊ တံတား၊ ဆိပ်များ၊ ကားလမ်း၊ မီးရထားလမ်းများ စသည်တို့ကိုလည်း သေချာစွာ သိရှိနားလည်ထားရအောင် သင်ကြားကြရသေးသည်။

ထိုသို့ မြေပြင်တိုက်ပွဲ လေ့ကျင့်ခန်းများကို ရဲဘော်သုံးကျိပ်ဝင်များသည် ရက်သတ္တပတ်တစ်ပတ်လျှင် ဂျပန်စစ်အရာရှိများနှင့် ပူးပေါင်းလေ့လာ သင်ကြားကြရ၏။ သင်ကြားပြီးသော သင်ခန်းစာများကို ရေးမှတ်ထားပြီး မကြာခဏ လေ့ကျက်မှတ်သားကြရ၏။ ဤသို့ဖြင့် ရဲဘော်သုံးကျိပ်ဝင်များသည် မြေပုံစနစ် လေ့ကျင့်ခန်းတိုက်ပွဲများကို ကျွမ်းကျင်တတ်မြောက်သည်အထိ အကြိမ်ကြိမ် လေ့ကျင့်သင်ကြားလျက် ရှိနေခဲ့ကြလေသည်။



ရဲဘော်သုံးကျိပ်ဝင်များ၏ စစ်ပညာသင်တန်း တစ်လျှောက်ကို ပြန်၍ ကြည့်လျှင် သက်သက်သာသာဖြင့် ကုန်လွန်သွားရသော နေ့ဟူ၍ မရှိပေ။ များစွာ ပင်ပန်းခက်ခဲစွာ သင်ကြားကြရသည်။ သို့သော်လည်း မျိုးချစ်လူငယ်များသည် အနည်းငယ်မျှ နောက်တွန့်ခြင်း မရှိကြဘဲ တိုင်းပြည်အတွက် အသင့် ပန်းဆင်းရန်ကို ပြုံးရွှင်စွာ ခံယူမည်ဟူသော စိတ်ဓာတ်ဖြင့် ကြိုးစားလေ့ကျင့်လျက်သာ ရှိခဲ့၏။

ရဲဘော်သုံးကျိပ်ဝင်များ၏ နေ့စဉ် ဝတ္တရားများတွင် နံနက် ၅ နာရီထိုးသည်နှင့် "ကီရှိုး" ဟူသော ဂျပန်ဘာသာဖြင့် အချိန်ပေးသံကို နားစရင်း အိပ်ရာမှ လူးလဲ၍ ထကြသည်။ အိပ်ရာမှ ထသည်နှင့် တစ်ပြိုင်နက်- မျက်နှာသစ်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်းအမှုတို့ကို ပြုခွင့်မရပေ။ ရဲဘော်အားလုံးသည် အလံတိုင် ရှိရာသို့ ပြေးသွားပြီးလျှင် အလံတိုင်ရှေ့၌ ညီညာစွာ စီတန်း၍ ရပ်ကြရသည်။ ထို့နောက် [illegible] ဂျပန်အမျိုးသားသီချင်းလွှင့်နေစဉ် ဂျပန်အလံကြီးကို သင်တန်းမှ ဂျပန်အရာရှိက အလံတိုင်ထိပ်သို့ လွှင့်တင်လိုက်တော့သည်။ ထိုအခါ၌ ဂျပန်အရာရှိများနှင့် မြန်မာရဲဘော်လူငယ်များအားလုံး ဦးညွှတ်၍ အလံကို အရိုအသေပြုကြရသည်။

အလံတော်ကို အရိုအသေပြုပြီးသောအခါတွင် ရဲဘော်များသည် အရှေ့ဘက်ဆီသို့ လှည့်ပြီး ဂျပန်နိုင်ငံတော်အား အလေးပြုကြရသည်။ ထို့နောက် အနောက်ဘက်သို့ လှည့်ရပြီး အမိမြန်မာနိုင်ငံတော်ကြီးအား အလေးပြုကြရ၏။

အလံတော်နှင့် နိုင်ငံတော်များကို အလေးပြုပြီးသောအခါတွင် ရဲဘော်များသည် နံနက်တိုင်း လေ့ကျင့်နေကျဖြစ်သော ကိုယ်ကာယကျန်းမာကြံ့ခိုင်သန်မာရေး ကျန်းမာရေး လေ့ကျင့်ခန်းများကို အဆက်မပြတ် လေ့ကျင့်ကြရသေးသည်။ ကျန်းမာရေးလေ့ကျင့်ခန်းများကို လေ့ကျင့်မှုပြီး နံနက် ၇ နာရီခန့်ရှိသောအခါမှ တန်းဖြုတ်လိုက်၏။

ထိုအခါမှသာ ရဲဘော်များသည် မျက်နှာသစ်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်း အမှုများကို ဆောင်ရွက်ခွင့်ရကြလေသည်။ ထို့နောက် နံနက်စာ ထမင်းစား ခွင့်ရကြသည်။ ရဲဘော်သုံးကျိပ်ဝင် လူငယ်များသည် အားလပ်ချိန်ဟူ၍ လုံးဝ မရှိပေ။ နံနက်စာထမင်းစားပြီးသည်နှင့်တစ်ပြိုင်နက် စစ်ပညာသင်တန်းများကို တစ်ဆက်တည်း လေ့ကျင့်ကြရပြန်သည်။ ထိုသင်တန်းများတွင် စစ်ချီစစ်တိုက်ခြင်းနှင့်ဆိုင်သော သေနင်္ဂဗျူဟာစစ် နည်းပရိယာယ်များကို အဓိကထား၍ သေနတ်အမျိုးမျိုး ကိုင်ဆောင်ပစ်ခတ်ခြင်းအမျိုးမျိုး သေနတ်ပစ်ရာတွင် နေရာယူ၍ ကိုယ်ဖျောက်ထားအမျိုးမျိုး စသည်တို့ကို စာတွေ့ လက်တွေ့ သင်ရ၏။

ထို့နောက် နာမည်ကျော် ဂျပန်သိုင်း ကိုယ်ခံပညာကစားနည်းအမျိုးမျိုး

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်းကောင်း၊ ရန်သူနှင့် နှစ်ယောက်ချင်းတွေ့လျှင် အသုံးချရသော လှံစွပ်ထိုးနည်းအမျိုးမျိုး၊ လက်နက်ကြီးများဖြစ်သော အမြောက်ငယ်များ၊ အမြောက်ကြီးများ ပစ်ခတ်ပုံနည်းအမျိုးမျိုး စသည်တို့ကိုလည်း တစ်ဆင့်ပြီး တစ်ဆင့် သင်ရ၏။

မိမိရှိနေသော နေရာမှ ၅ မိုင်ကွာ၊ ၁၀ မိုင်ကွာ၊ ၁၅ မိုင်ကွာ ဝေးသော နေရာရှိသော ရန်သူထံသို့ လိုက်၍ တိုက်နည်း၊ မြေပြင်တိုက်နည်း၊ တောတန်း၊ တောင်တန်း၊ ချိုင့်ဝှမ်းသစ်ပင်များအကြားတွင် အကာအကွယ်ယူ၍ တိုက်နည်းများကိုလည်းကောင်း၊ ရန်သူတပ်အား ရုတ်တရက် ချောင်းမြောင်းဝင်တိုက်နည်း၊ ညဉ့်အချိန် ရန်သူစခန်းအား ဝင်ရောက်စီးနင်းတိုက်ခိုက်နည်း၊ ရန်သူက မိမိတပ်ကို ဝင်တိုက်လျှင် ခုခံတိုက်ခိုက်နည်းများမှာ ရဲဘော်သုံးကျိပ်ဝင်များ မတတ်လျှင် မဖြစ်သော အရေးကြီးသည့် ပညာရပ်များ ဖြစ်နေတော့သည်။

ရဲဘော်သုံးကျိပ်ဝင် မျိုးချစ်လူငယ်များသည် ဂျပန်ဆရာများ သင်ကြားသမျှကို သေချာစွာ လေ့ကျက်သင်ကြားကြရသည်။ ဂျပန်များသည် မြန်မာမျိုးချစ်လူငယ်များကို ပညာသင်ကြားပေးရာတွင် ပါးရိုက်များ၊ ရိုက် ဆဲဆိုသော်ပက်စက်စွာ သင်ကြားပေးခြင်းဖြစ်၏။ ၎င်းတို့ သင်ကြားပေးသည်ကို နားမလည်၍ လိုက်နာ မပြုလုပ်နိုင်လျှင်လည်းကောင်း ဂျပန်များသည် ရဲဘော်များကို ပါးရိုက်သုံးကြ၏။ ထို့ပြင် ရဲဘော်သုံးကျိပ်ဝင်များထံမှ သခင်အောင်ဆန်း(ဗိုလ်တေဇ)၊ သခင်ရှမောင် (ဗိုလ်နေဝင်း) စသည့် ပုဂ္ဂိုလ်များမှာ ခေါင်းဆောင်ပိုင်းမှ ဖြစ်၍ ဗိုလ်ချုပ်လုပ ချည့်သူများဆိုပြီး စိတ်မာတတ်ချိုးနှိမ်သည့် သဘောဖြင့် အရိုက်ကျူးခြင်း စသော အလုပ်များကို ဂျပန်အရာရှိများက ခိုင်းစေခဲ့ကြလေသည်။

ရဲဘော်များသည် ဆရာဖြစ်သူ ဂျပန်များ၏ ရိုင်းစိုင်းမှုများကို ခွန်းပဲ့ မဖြန့်ဘဲ သည်းခံနေကြ၏။ မိမိတို့ အမိနိုင်ငံ၏ လွတ်လပ်ရေးတိုက်ပွဲတွင် အသုံးချရမည်ဖြစ်သော ဤပညာရပ်များကို သင်ကြားလေ့ကျက်ရာတွင် မှောင်မိုက်ဆင်းရဲပါစေ၊ ရိုက်နှက်ဆဲဆိုခံရပါစေ၊ မော့်နှမလျှော့ ကျောက်ချရက်ကဲ့သို့ သည်းခံကြသည်။ သို့သော် ထိုသို့ စစ်ပညာသင်ကြားနေစဉ်ကပင် ဂျပန်များ၏ ရက်စက်ကြမ်းကြုတ်မှုများကို မြန်မာရဲဘော်များသည် ရိပ်မိနားလည်နိုင်ခဲ့ကြ၏။ ဤမျှ ရက်စက်ကြမ်းကြုတ်သော လူမျိုးသည် တပ်မှူးလိုက်ချီတက်၍ မိမိတို့ အမိမြန်မာနိုင်ငံတော်ကြီးအတွင်းသို့ ချီတက်လာခဲ့လျှင် ဤတပ်များကို မည်သို့ မိမိတို့ ဖြည့်သုံးလို့ရ ရင်ဆိုင်ရပါ့မည်နည်းဆိုသည်ကိုလည်း မြန်မာရဲဘော်များသည် စဉ်းစားတွေးတောမိကြလေသည်။

ရဲဘော်သုံးကျိပ်ဝင်များသည် စစ်ပညာများကို ဂျပန်ပါးရိုက်ကို ခံ၍ ဟိုင်နန်ကျွန်းတွင် နေ့စဉ်တကျ လေ့ကျင့်သင်ကြားရာ၌ သင်တန်းမှာ ပြီးဆုံးသွားသည် မဟုတ်ပေ။ ထိုင်ဝမ်ကျွန်း(ဖော်မိုဆာကျွန်း)သို့လည်း စခန်းပြောင်းရွှေ့၍ စစ်ပညာများကို ဆက်၍ သင်ကြားကြရသည်။



ထိုအချိန်တွင်ကား ဂျပန်တပ်မတော်သည် ဟာဝေယံကျွန်းရှိ ပုလဲဆိပ်ကမ်းရှိ အမေရိကန်စစ်သင်္ဘောများအား ဝင်ရောက်ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြင့် ဒုတိယကမ္ဘာစစ်ထဲသို့ မိမိ ဝင်ရောက်ခဲ့ပြီဖြစ်ကြောင်း ကမ္ဘာသို့ အသိပေးလိုက်ပြီဖြစ်လေသည်။ ဂျပန်တပ်မတော်မှ ပုလဲဆိပ်ကမ်းကို ဗုံးကြဲသည့်နေ့မှာ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တည်း။

ထိုအတွင်း မြန်မာမျိုးချစ်ရဲဘော်များထံမှ အုပ်ချုပ်ရေးပညာကို လေ့လာသင်ကြားနေကြသော သခင်ထွန်းအုပ်နှင့် ရဲဘော်များဖြစ်သော သခင်အေးမောင် (ဗိုလ်မိုး)၊ သခင်အောင်သန်း(ဗိုလ်စကြာ)တို့သည် တိုကျိုအသံလွှင့်ဌာနမှ နေ၍ မြန်မာနိုင်ငံသို့ နေ့စဉ်ပင် မြန်မာဘာသာဖြင့် အသံလွှင့်ကြရလေသည်။ ထိုသို့ အသံလွှင့်ကြရာတွင် မြန်မာနိုင်ငံအား ကျွန်ပြုရန် လာရောက်ကြသော အင်္ဂလိပ်နယ်ချဲ့စစ်တပ်များ၏ ဖိနှိပ်ရက်စက်မှုများ၊ ဆရာစံနှင့် ဦးဝိစာရကိုယ်တော်ကြီးကဲ့သို့သော မျိုးချစ်တော်လှန်ရေးသမားကြီးများကို အင်္ဂလိပ်နယ်ချဲ့အစိုးရက ညှဉ်းဆဲသတ်ဖြတ်ခဲ့ကြသည်တို့ကို ရေစုံစွာ ထည့်၍ နယ်ချဲ့ဆန့်ကျင်ရေးသဘောတရားများကို ပြောကြားခဲ့ကြလေသည်။

ဤအချိန်တွင်ကား ရဲဘော်သုံးကျိပ်ဝင်တို့ အပျော်ဆုံးအချိန်ဖြစ်သည်ဟု ဆိုရတော့မည်။ ဂျပန်နှင့် အင်္ဂလိပ် အမေရိကန်တို့လည်း စစ်တိုက်နေကြပြီ၊ မိမိတို့သည်လည်း မကြာမီ လွတ်လပ်ရေးတပ်မတော်ကြီးကို ဖွဲ့စည်း၍ မြန်မာနိုင်ငံသို့ ချီတက်ရလေတော့မည်။ အမိမြန်မာနိုင်ငံကို နှစ်ပေါင်းရာကျော် စိုးမိုးအုပ်ချုပ်ခဲ့ကြလေသော အင်္ဂလိပ်နယ်ချဲ့စစ်တပ်များနှင့် နယ်ချဲ့အစိုးရတို့ကို မြန်မာမြေပေါ်မှ နှင်ထုတ်ရှင်းရတော့မည်ဖြစ်သဖြင့်လည်း ရဲဘော်သုံးကျိပ်ဝင်များမှာ များစွာ ဝမ်းသာရွှင်မြူးလျက်ရှိကြ၏။

ထို့ထက် ဝမ်းသာခြင်းကား ဂျပန်ဆရာများက မိမိတို့အား ပါးရိုက်နားရိုက် ဟစ်ဆော်ဆဲဆိုခံရသည့် စစ်သင်တန်းမှာ ပြီးဆုံးအောင်မြင်တော့မည် ဖြစ်၍ပင်တည်း။

## (ဃ) အရှေ့အာရှ သာတူညီမျှကောင်းစားရေးနှင့် ဂျပန်

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဂျပန်သည် ပစိဖိတ်သမုဒ္ဒရာထဲမှ အမေရိကန်ပိုင် ဟာဝေယံကျွန်းကို ဗုံးတောင်ကြဲချတိုက်ခိုက်၍ မိမိနိုင်ငံသည် ဒုတိယကမ္ဘာစစ်ကြီးတွင် ပါဝင်လာပြီဖြစ်ကြောင်းကို ကမ္ဘာသို့ သိစေ ကြားစေ လိုက်လေသည်။ ဂျပန်သည် ထိုသို့ ပုလဲဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်ပြီးနောက် များမကြာမီပင် အင်္ဂလိပ် အမေရိကန်နိုင်ငံများသို့ စစ်ကြေညာခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်၊ တနင်္ဂနွေနေ့ နံနက် ၇ နာရီ ၅၅ မိနစ် (ဟာဝေယ် စံတော်ချိန်)တွင် ဂျပန်လေယာဉ် ၃၆၀ တို့သည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အမေရိကန်၏ အကြီးဆုံးရေတပ်ဖြစ်သော ပုလဲဆိပ်ကမ်းကို ရုတ်တရက် သွားရောက်ဗုံးကြဲတိုက်ခိုက်ခဲ့၏။

ထိုနေ့နံနက်တွင် ဂျပန်လေယာဉ် အစီးပေါင်း ၃၆၀ တို့သည် အုပ်စု သုံးစုခွဲပြီးလျှင် ဟာဝေယ်ကျွန်းဆီသို့ ပျံသန်းလာကြသည်။ ပထမလေယာဉ်အုပ်စုသည် ပုလဲဆိပ်ကမ်းရှိ ပင်လယ်ကူးသင်္ဘောဆိပ်၊ လေဆိပ်နှင့် မဟာမိတ်တပ်စခန်းများကို ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ကြရာ မဟာမိတ်တပ်များမှာ အငိုက်မိခံရပြီး ပြန်လှန်တိုက်ခိုက်ခြင်း မပြုနိုင်ကြပေ။

ဒုတိယလေယာဉ်အုပ်စုက စစ်သင်္ဘောများ၊ စစ်စခန်းများကို ဝင်ရောက်တိုက်လာတော့မှပင် အောက်မှ နေ၍ ပစ်ခတ်ခုခံတိုက်ခိုက်ရတော့၏။ တတိယလေယာဉ်အုပ်စုမှာကား မဟာမိတ်တပ်ဖွဲ့အသီးသီးမှ လေယာဉ်ပစ် အမြောက်သုံး၍ ခုခံတိုက်ခိုက်သဖြင့် ဂျပန်လေယာဉ်များမှာ အောက်သို့ ထိထိရောက်ရောက် တိုက်ခိုက်ခြင်းမပြုနိုင်ဘဲ ရှိနေသည်။

ဂျပန်လေကြောင်းတိုက်ပွဲမှာ ၁ နာရီနှင့် ၅၅ မိနစ်သာ ကြာ၏။ သို့သော် အမေရိကန်ရေတပ်နှင့် လေယာဉ်များ၏ ပျက်စီးမှုများမှာကား များလှ၏။ အမေရိကန်တပ်မတော်၏ အားထားရသော စစ်သင်္ဘောကြီး ၅ စင်း၊ ဖျက်သင်္ဘော ၃ စင်း၊ မိုင်းမြှုပ်သင်္ဘော တစ်စင်းအပါအဝင် စစ်သင်္ဘောများစွာမှာ သုံးမရအောင် ပျက်စီးခဲ့သည်။ အမေရိကန်ရေတပ်မတော်မှ လေယာဉ်ကြီး ၁၅၀ နှင့် စစ်လေယာဉ် ၂၇၃ စင်းမှာလည်း လုံးဝသုံးမရအောင် ကြေမွပျက်စီးသွားခဲ့သည်။ စစ်ပစ္စည်းများ ဆုံးရှုံးသည်ထက် လူဆုံးရှုံးသည်မှာ ပို၍ နစ်နာသည်။ အမေရိကန်တပ်သားများစွာတို့မှာ ဂျပန်၏လက်နက်ဖြင့် ပထမဆုံးတိုက်ခိုက်သော စစ်ပွဲတွင် ကျဆုံးခဲ့ရပေသည်။ ပုလဲဆိပ်ကမ်းတိုက်ပွဲတွင် အမေရိကန်ကြည်း၊ ရေ၊ လေတပ်သားပေါင်း ၂၃၄၃ ဦး ကျဆုံးခဲ့သည်။ ၁၂၇၂ ဦးမှာ ဒဏ်ရာပြင်းထန်စွာ ရ၍ တပ်သား ၉၆၀ ကျော် ပျောက်ဆုံးခဲ့ပေသည်။ ဆိပ်ကမ်းတွင် ကပ်ထားသော နာမည်ကျော် စစ်သင်္ဘောကြီးများဖြစ်သည့် အရီဇိုးနား၊ အိုကလာဟိုးမား၊ အနောက် ဗာဂျီးနီးယားအမည်ရှိ သင်္ဘောကြီးများမှာ အစိတ်စိတ် အမြွှာမြွှာကွဲ၍ ကြေမွပျက်စီးခြင်းဖြင့် ဇာတ်သိမ်းခဲ့ရတော့သည်။

အမေရိကန်နိုင်ငံသည် ပုလဲဆိပ်ကမ်းတွင် ဂျပန်၏တိုက်ခိုက်ခြင်းကို ခံခဲ့ရပြီးသည့် နောက်တစ်နေ့ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဂျပန်နိုင်ငံအား စစ်ကြေညာလိုက်ရတော့သည်။ ထိုအချိန်တွင် မူလက အမေရိကန်နိုင်ငံအား စစ်ကြေညာခြင်း မပြုရသေးသော ဂျာမနီ၊ အီတလီ စသော ဖက်ဆစ်နိုင်ငံများက



လည်း အမေရိကန်သို့ စစ်ကြေညာခဲ့ပြန်လေသည်။ အမေရိကန်ပြည်သည်လည်း ချက်ချင်းပင် အဆိုပါဖက်ဆစ်နိုင်ငံများသို့ ပြန်၍ စစ်ကြေညာလိုက်ရသည်။

ဒုတိယကမ္ဘာစစ်ကြီးကား အနောက်ဥရောပမှသည် အာရှ၏ ကျူးကျော်ရေးသမား ဂျပန်နိုင်ငံကြောင့် အရှေ့အာရှသို့ ဤနည်းဖြင့် ပြန့်ပွားကူးစက်လာခဲ့လေတော့သည်။

ဂျပန်နိုင်ငံသည် အရှေ့အာရှနိုင်ငံများကို ရန်သူအင်္ဂလိပ်၏ လက်မှ လုယူသိမ်းပိုက်ရေးအတွက် ကြွေးကြော်သံတစ်ခုကို ကမ္ဘာသို့ ဟစ်လိုက်သည်။ ၎င်းမှာကား 'အာရှတိုက်သည် အာရှတိုက်သားများအဖို့ ဖြစ်စေရမည်' ဟူ၍ ဖြစ်လေသည်။ ထို့နောက် ဂျပန်သည် အာရှတိုက် သာတူညီမျှ ကောင်းစားရေးမှုကို ရှေ့တန်းတင်ပြီးလျှင် အရှေ့အာရှနိုင်ငံများကို တစ်နိုင်ငံပြီး တစ်နိုင်ငံ ဝင်ရောက်တိုက်ခိုက်လေသည်။

အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ လက်အောက်တွင် နှစ်ပေါင်းများစွာကပင် နေထိုင်ခဲ့ရပြီး အင်္ဂလိပ်အစိုးရ၏ အဓိနိုင်ခံခဲ့ကြရသော အရှေ့အာရှနိုင်ငံသားများအဖို့ ဂျပန်နိုင်ငံ စစ်ဝါဒီများ၏ 'အာရှတိုက်သည် အာရှတိုက်သားများအဖို့' ဆိုသော ကြွေးကြော်သံမှာ အလွန်နားဝင်ချိုလှပေသည်။ အရုဏ်ဦး၏ မင်္ဂလာရှိသော ကြေးစည်သံဖြစ်နေပေသည်။ ထို့ကြောင့် 'အာရှတိုက် သာတူညီမျှ ကောင်းစားရေးနယ်' ဆိုသော အလံကို ရှေ့တန်းတင်၍ ချီတက်လာသော ဂျပန်တပ်များကို အရှေ့အာရှနိုင်ငံမှ လူထုသည် တစ်ခဲနက် ထောက်ခံကြိုဆိုခဲ့ကြ၏။ ပြည်တွင်းတော်လှန်မှုများကို အဆက်မပြတ် ပြုလုပ်ကြပြီးလျှင် အင်္ဂလိပ်အစိုးရကို အခက်အခဲတွေ့အောင် ဒုက္ခပေးကြလေသည်။ အချိန်အနည်းငယ်အတွင်းမှာပင် ဂျပန်သည် အာရှတိုက်၏ ဒေသများစွာကို တိုက်ခိုက်သိမ်းပိုက်နိုင်ခြင်းမှာ အထက်ပါအချက်သည် အဓိကအချက်တစ်ရပ် ဖြစ်နေတော့သည်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ဂျပန်လေတပ် လေယာဉ်များသည် အင်္ဂလိပ်အစိုးရ အထူးအားကိုးအားထားပြုရသော အကြီးဆုံးနှင့် အကောင်းဆုံး စစ်သင်္ဘောကြီးများဖြစ်သော ဝေလမင်းသားနှင့် ရီပတ်စ်စစ်သင်္ဘောကြီးများကို ပစိဖိတ်သမုဒ္ဒရာထဲတွင်ပင် တိုက်ခိုက်နှစ်မြှုပ်လိုက်ကြပြန်လေသည်။ ထို့ပြင် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းကလေးများစွာသည် ဂျပန်စစ်တပ်၏ လက်သို့ တဖြည်းဖြည်း ရောက်ရှိလာခဲ့ကြပြန်ပေသည်။

စစ်စတင်ဖြစ်ပွားခဲ့သော ဒီဇင်ဘာလအတွင်းမှာပင် ဂျပန်ရေတပ်မတော်သည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဂူဝမ်ကျွန်း၊ ဝိတ်ကျွန်းများကို တိုက်ခိုက်သိမ်းပိုက်ပြီးဖြစ်နေပြီ ဖြစ်သည်။ ထို့နောက် အင်္ဂလိပ်အစိုးရပိုင် ဟောင်ကောင်ကျွန်းကို တိုက်ခိုက်သိမ်းပိုက်လိုက်ကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ဖိလစ်ပိုင်ကျွန်းတွင် အမေရိကန်နိုင်ငံမှ အထူးအားထားရသော ဗိုလ်ချုပ်ကြီး မက်အာသာနှင့် အမေရိကန် ဖိလစ်ပိုင်တပ်များ ရှိနေလေသည်။ ဂျပန်ရေတပ်ကြီးသည် ဖိလစ်ပိုင်ကျွန်းကို တိုက်ခိုက်ပြန်သည်။ ဗိုလ်ချုပ်ကြီး မက်အာသာသည် ရှစ်ရှစ်ချုံချုံ ခုခံတိုက်ခိုက်ပြီးသော် ဂျပန်အင်အားလျှံသာနေ၍ မိမိ၏ တပ်များကို ကျွန်းစုမှ ဆုတ်ခွာပေးလိုက်ရတော့၏။ ထို့နောက် ဂျပန်သည် လူဇွန်ကျွန်း၊ ဘတာန်းကျွန်း၊ ကော်ရက်ဂျီဒေါကျွန်းတို့ကို တစ်ခုပြီးတစ်ခု ဆက်၍ သိမ်းပြန်လေသည်။ ၎င်းကျွန်းများ၌ ရှိသော အမေရိကန်တပ်သားများမှာ ဂျပန်စစ်သုံ့ပန်းများ ဖြစ်လာရတော့သည်။

ဂျပန်တပ်မတော်သည် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလတွင်ပင် မလေးယားနိုင်ငံကို ဝင်ရောက်တိုက်ခိုက်ခဲ့လေသည်။ ဂျပန်၏ မြားပစ်သလို ချီတက်လာသော စစ်တပ်ကြီးများကို မည်သူမျှ ကားဆီးဆိုက်ဆိုခြင်းငှာ မစွမ်းနိုင်ခဲ့ပါချေ။ မလေးယားနယ်စားများနှင့် ချုပ်ဆိုထားသော ကာကွယ်ရေးစာချုပ်များအရ အင်္ဂလိပ်အစိုးရသည် ဂျပန်၏ ကျူးကျော်မှုကို ကာကွယ်ခုခံ တိုက်ခိုက်ခဲ့သေးသည်။ သို့သော် ထိုပွဲတွင် ဂျပန်ပင် အနိုင်ရလေသည်။ ကြိုတင်ကြံစည်၍ ချီတက်လာသော ဂျပန်ကို ခုခံသူများက ပြင်ဆင်မှုမရှိဘဲ ခုခံရသဖြင့် အချိန်များစွာ မကြာမီမှာပင် မလေးယားသည် ဂျပန်များလက်သို့ ကျလေသည်။

၁၉၂၀ ခုနှစ်ကစ၍ တည်ဆောက်ခဲ့သော စင်္ကာပူရေတပ် အခြေစခန်းကြီးမှာ ၁၉၃၈ ခုနှစ်က ပြီးစီး၍ စတင်ဖွင့်လှစ်ထားရှိခဲ့သည်။ သို့သော် ယင်း စင်္ကာပူရေတပ်စခန်းကြီးသည်လည်း ဂျပန်ရေတပ်ကို အံတုနိုင်စွမ်းမရှိခဲ့ပေ။ ၁၉၄၁ ခုနှစ် ကုန်လုနီးတွင် ကာကွယ်ရေးအတွက် ရည်ရွယ်၍ ပို့ထားခဲ့သော အင်္ဂလိပ်တပ်သားများ၊ ဩစတြေးလျတပ်သားများ၊ အိန္ဒိယတပ်သားများအား ပို့ထားသည့် လေယာဉ်ကွင်းများ၊ စစ်စခန်းများသည်လည်း ဂျပန်တပ်များကို တားဆီးခြင်းမပြုနိုင် ဖြစ်ခဲ့ရပေသည်။

ဤတွင် ဂျပန်တို့သည် ဆုမားတြားနှင့် မလေးယားနိုင်ငံတို့ကို ပေါင်းလိုက်ပြီးလျှင် နှစ်နယ်စလုံးကို မိမိ၏ ကိုလိုနီနယ်များအဖြစ် အုပ်စိုးခဲ့တော့သည်။ ဤနိုင်ငံများကို တစ်နေ့နေ့တွင် လွတ်လပ်ရေးပေးမည်ဆိုသော ဟန်ဆောင်စကားကလေး တစ်ခွန်းကိုမျှ ဂျပန်တို့ မပြောခဲ့ပေ။ ထိုသို့ဆိုလျှင် 'အာရှတိုက်သည် အာရှတိုက်သားများအဖို့' ဆိုသည့် ကြွေးကြော်သံမှာ အဘယ်အဓိပ္ပာယ်ကို ဆောင်ပေသနည်း။ အာရှတိုက်သည် အာရှတိုက်သား ဂျပန်များအတွက်သာလျှင် ဖြစ်နေသည့် ပုံမျိုး ဖြစ်နေတော့သည်။

ဂျပန်သည် ယိုးဒယားနိုင်ငံကိုလည်း အနည်းငယ်အတွင်းမှာပင် မိမိအလိုကျ ပြုလုပ်လိုက်နိုင်ပြန်လေသည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့



တွင် ဂျပန်စစ်တပ်ကြီးများသည် ကြိုတင်အသိပေးခြင်းမပြုဘဲ ယိုးဒယားပင်လယ် ဆော်ကို နေရာပေါင်းများစွာတို့ကို တက်ရောက်လာကြလေသည်။ ထိုအချိန်တွင်ပင် လမ်းနှစ်သွယ်ကို တင်ပြသည်။ ဤလမ်းနှစ်သွယ်မှ ယိုးဒယားဘုရင်အစိုးရသည် ကြိုက်နှစ်သက်သည့် လမ်းကို ရွေးရန်ပင် ဖြစ်လေသည်။

၎င်းမှာကား ဂျပန်တပ်မတော် မြန်မာပြည်သို့ ချီတက်ရန် ယိုးဒယားနိုင်ငံကို ဖြတ်သန်းခွင့်ပေးမည်လော၊ သို့မဟုတ် ဂျပန်နှင့် ယိုးဒယား စစ်တိုက်ကြမည်လောဟူ၍ ဖြစ်လေသည်။ ထိုအချိန်က ယိုးဒယားနိုင်ငံအတွင်းရှိ နိုင်ငံရေးအခြေအနေတွေမှာ များစွာ ရှုပ်ထွေးလျက်ရှိ၏။ အာရှတိုက်သည် အာရှတိုက်သားများအဖို့ ဖြစ်သည်ဆိုသော ကြွေးကြော်သံကိုပင် မင်္ဂလာရှိသည်ဟု ယူဆနေကြသူများ ယိုးဒယားနိုင်ငံတွင် အတော်များများရှိနေ၏။ ဂျပန်စစ်တပ်များကို ခုခံမတိုက်ရဟု ထိုသူတို့က ဆန္ဒပေးကြသည်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့က ကြုံတွေ့နေရသော ယိုးဒယားဘုရင်အစိုးရ၏ ပြဿနာမှာ ဂျပန်နှင့် ပူးပေါင်းရေး (သို့မဟုတ်) အဆိုးဝါးဆုံးသော ဥရောပနယ်ချဲ့စနစ်ဆိုးကြီး အရှေ့ဒေသကြီးမားနေချိန်ကပင် ထိန်းသိမ်းလာခဲ့သည့် လွတ်လပ်ရေးနှင့် ဘုရင်စနစ်တို့ကို စတေးပြီး ဂျပန်ကို ပြန်တိုက်ရေးပင် ဖြစ်နေ၏။

ဂျပန်ကို ခုခံတိုက်ခိုက်လိုသူများလည်း ထင်ထင်ရှားရှားရှိနေကြပေကား ထိုသို့ ခုခံခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများမှာ မတွေးဝံ့စရာလည်း ဖြစ်နေပေသည်။ ထို့ကြောင့် ယိုးဒယားဘုရင့်အစိုးရသည် ဂျပန်ထံမှ ရနိုင်သမျှ ညှိနှိုင်းချက်များကို တောင်းယူ၍ လှုပ်ရှားနိုင်သမျှ အခွင့်အရေးကလေးများကို တောင်းလျက် အလျှော့ပေးလက်ခံလိုက်ရလေတော့သည်။

ဂျပန်စစ်တပ်များသည် ယိုးဒယားနိုင်ငံတွင် ပြည်သိမ်းတပ်များအနေဖြင့် မဟုတ်ဘဲ ချစ်ကြည်သော မဟာမိတ်များအဖြစ် ရှိထားခဲ့၏။ သို့သော် ယိုးဒယားနိုင်ငံသည် ဂျပန်နှင့် ပူးပေါင်းရေးစာချုပ်ကို ချုပ်ဆိုပေးရပြီး အင်္ဂလိပ်၊ အမေရိကန်တို့ကို စစ်ကြေညာပေးခဲ့ရပေသည်။

၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလတွင် စင်္ကာပူကျွန်းနှင့် မလေးပြည်မကြီးကို အင်္ဂလိပ်တို့လက်မှ ဂျပန်က သိမ်းယူရရှိပြီးနောက် ဖေဖော်ဝါရီလ ၁၅ ရက်နေ့၌ အရှေ့အာရှတွင် အင်္ဂလိပ်တို့၏ အကြီးဆုံးခံတပ်ဖြစ်သော စင်္ကာပူခံတပ်ကြီးမှာ လုံးဝကျဆုံးသွားတော့၏။ ဤခံတပ်ကြီး ကျဆုံးခြင်းသည် မဟာမိတ်တပ်ကြီးကို အောက်ခြေသိမ်း ပြိုလဲသွားစေလိုက်ခြင်းနှင့် တူတော့၏။ စစ်သားပေါင်း (၆၀၀,၀၀၀) ပါဝင်သော စင်္ကာပူရှိ မဟာမိတ်တပ်များသည် ဂျပန်ကို ခြွင်းချက်မရှိ လက်နက်ချလိုက်ရတော့သည်။

www.burmeseclassic.com

ဂျပန်တပ်မတော်သည် စစ်ကြီးအတွင်းသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် မိမိအတွက် ကိုလိုနီနယ်မြေပေါင်းများစွာကို ရရှိထားပေပြီ။ လူသူလက်နက် စစ်တပ်အင်အားမှာ မဟာမိတ်တပ်များနှင့် ဂျပန်တပ်များ နှိုင်းယှဉ်ပါက မပြောပလောက်အောင် ကွာခြားမှုမဟုတ်သော်လည်း ဂျပန်တပ်များ၏ ကြိုတင်ကြံစည်မှုနှင့် ရုတ်တရက် ပြုလုပ်သည့်နယ် တစ်ရှိန်ထိုး ဝင်တိုက်နိုင်မှုများကို အင်္ဂလိပ်နှင့် မဟာမိတ်တပ်များသည် မည်သို့မျှ ခုခံနိုင်ခြင်းမရှိ ဖြစ်ခဲ့ရပေသည်။

ထို့ထက် ထူးခြားသည်ကား အရှေ့တောင်အာရှ သာတူညီမျှ အလံကို ကိုင်ဆောင်၍ "အာရှတိုက်သည် အာရှတိုက်သားအတွက်" ဆိုသော ကြွေးကြော်သံကို တစ်ခဲနက်ဆော်၍ နယ်ချဲ့စစ်ကို တိုက်လာသည့် ဂျပန်ကို အာရှနိုင်ငံအတော်များများရှိ လူထုက ဝမ်းသာအားရ ဆီးကြိုထောက်ခံအားပေးခြင်းပင် ဖြစ်သည်။

သို့သော် ဂျပန်သည် ပြောသလိုလည်း မလုပ်ခဲ့၊ လုပ်သလိုလည်း မပြောခဲ့ပေ။ ဂျပန်များက နိုင်ငံငယ်များကို တစ်နိုင်ငံပြီး တစ်နိုင်ငံ သိမ်းပြီးသော်လည်း ၎င်းတို့ ကြွေးကြော်သံများနှင့် လိုက်လျောညီထွေရှိလေသော လုပ်ငန်း တစ်ခုတလေကိုမျှ မပြုခဲ့ပေ။

သိမ်းပိုက်ပြီးသော နိုင်ငံများမှ စားရေရိက္ခာ လူသူအင်အားများကို တောင်းယူပြီးလျှင် ရှေ့ဆက်လက် တိုက်ရဦးမည့် နယ်ချဲ့စစ်အတွက်သာ ပြင်ဆင်နေလေသည်။ ဥပမာဆိုလျှင် ဂျပန်တပ်မတော် ရှေ့သို့ ချီရမည်ဆိုလျှင် ရှေ့တက်ရမည့် စစ်ပွဲအတွက် လိုလောက်သော ရိက္ခာများကို မတရားတောင်းဆိုခြင်း၊ မိမိတို့ နယ်ချဲ့စစ်အတွက် ကုန်ကျမည့် လက်နက်စရိတ်ငွေများကို မိမိတို့ သိမ်းပိုက်ပြီးသော တိုင်းနိုင်ငံများမှ လူထုက ကျခံပေးဆောင်စေခြင်းတို့ကိုသာ ဂျပန်တပ်မတော်က အဓိကပြင်း စီမံဆောင်ရွက်နေခဲ့သည်။

ဂျပန်တပ်သားများသည် မိမိတို့ တောင်းသမျှမရသည်၊ လက်နက် အကူအညီများကို မရလျှင် ရက်စက်စွာ ရိုက်နှက်ညှဉ်းဆဲ သတ်ဖြတ်ကြသည်။ ဘာသာရေးအဆောက်အအုံများ အပါအဝင် ပြည်သူလူထု၏ နေအိမ်အဆောက်အအုံများကို မီးရှို့ဖျက်ဆီး၍ နိုင်ငံငယ်မှ အမျိုးသမီးများကို အဓမ္မကျင့်ကြံပြုသော ရက်စက်ယုတ်မာမှုများကိုလည်း ကျူးလွန်လာခဲ့ကြလေသည်။

ဤအချက်နှင့်ပင် ဂျပန်တပ်မတော်က ကြွေးကြော်ခဲ့သော အာရှတိုက်သည် အာရှတိုက်သားများအတွက်ဆိုသော ဆောင်ပုဒ်မှာ မည်သို့မျှ အဓိပ္ပာယ်မရှိတော့ကြောင်း အရှေ့အာရှရှိ ဂျပန်သိမ်းယူခဲ့သည့် နိုင်ငံများက သိရှိလာကြပြီဖြစ်သည်။ ထို့ပြင်လည်း ဂျပန်၏ မူဝါဒတစ်ခုဖြစ်သော "အာရှတိုက် သာတူညီမျှ ကောင်းစားရေး စနစ်" ဆိုသည်မှာလည်း လိမ်လည်ကောက်ကျစ်သော လူဆိုးများ၏ ဟန်ပြ



ချက်များ ဖြစ်သည်ကို အာရှတိုက်သားများ သိရှိခဲ့ကြပြီဖြစ်သည်။

ဂျပန်သည် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလအဆန်းတွင် စစ်ထဲသို့ ဝင်လာပြီး နောက် သုံးလအတွင်းမှာပင် အရှေ့အာရှရှိ နိုင်ငံများထဲမှ ရာခိုင်နှုန်းများစွာသော နယ်မြေများကို သိမ်းယူပြီးစီးနေပြီ။ ထို့သို့ဖြင့် ရှေ့ဆက်၍ ချီတက်လာသော ဂျပန်တပ်များသည် ၁၉၄၁၊ မတ်လ၌ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့တွင် မြန်မာမျိုးချစ်လူငယ်များ ဦးစီးဖွဲ့စည်းမည့် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့်အတူ မြန်မာနိုင်ငံကို ချီတက်ရန် အသင့်ဖြစ်နေပြီလည်း ဖြစ်ပေသည်။

## (င) ဗမာ့လွတ်လပ်ရေးတပ်မတော် မြန်မာနိုင်ငံသို့ ချီလာပြီ

**ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းခြင်း။ ။** ဂျပန်တပ်မတော် အရာရှိများထဲတွင် ဆင်းရဲပင်ပန်းစွာဖြင့် စစ်ပညာများ သင်ကြားနေကြသော ထိုင်ဝမ်(ဖော်မိုဆာ)ကျွန်းရောက် ရဲဘော်သုံးကျိပ်ဝင် မြန်မာမျိုးချစ်လူငယ်များသည် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့သို့ ရောက်ရှိလာခဲ့ကြသည်။ ၎င်းမျိုးချစ်လူငယ်များသည် မြန်မာနိုင်ငံသို့ ချီတက်ရန်အတွက် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့တွင် ဖွဲ့စည်းကြရမည် ဖြစ်ပေသည်။

ယိုးဒယားနိုင်ငံတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းရန် ရဲဘော်သုံးကျိပ်ဝင်များသည် စောစောပိုင်းကပင် အကြံရခဲ့ကြသည်။ ဆင်ဒိုမြိုင်နားအသ မှာဖြစ်သော ဗိုလ်ယက်နန့်နှင့် ထိုနိုင်ငံရောက် မြန်မာအမျိုးသားများ၊ ယိုးဒယားနိုင်ငံရောက် မြန်မာအမျိုးသားများကို စုစည်း၍ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းရန် ၁၉၄၁ ခုနှစ် အလယ်ပိုင်းဆီမှ စ၍ မြန်မာလူငယ်များက ဂျပန်စစ်အာဏာပိုင်များကို အကြံပေးခဲ့ဖူးသည်။

သို့သော် ဂျပန်စစ်အာဏာပိုင်တို့သည် မြန်မာလူငယ်များ၏ အကြံပေးချက်ကို အကြောင်းအမျိုးမျိုးပြ၍ ပယ်ချခဲ့ကြသည်။ ၎င်းတို့၏ အကြောင်းပြချက်များတွင် ဂျပန်တပ်မတော်က အင်္ဂလိပ်နှင့် မဟာမိတ်တပ်များကို စစ်ကြေညာခြင်းမပြုရသေးသဖြင့် ဤသို့ ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းခြင်း မပြုအပ်သေးကြောင်းဆိုသော အကြောင်းပြချက်မှာ အဓိကဖြစ်နေသည်။ ထို့သို့ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို မြန်မာလူငယ်များ စောစီးစွာ ဖွဲ့စည်းခြင်းမှာ အင်္ဂလိပ်ကို တိုက်ရန် ဂျပန်က စစ်ပြင်ဆင်မှုသတင်းများ ပေါက်ကြားစေသည်နှင့် တူကြောင်း စသဖြင့် ပြောဆိုခဲ့ကြသည်။

ယခုအခါတွင် အင်္ဂလိပ်နှင့် ဂျပန်တပ်မတော်မှာ အတိအလင်း စစ်ကြေညာပြီး တိုက်ခိုက်နေကြပြီဖြစ်သောကြောင့်လည်းကောင်း၊ ယိုးဒယားနိုင်ငံမှာ

www.burmeseclassic.com



ဂျပန်တပ်မတော်၏ အလိုပြည့်ခဲ့ပြီဖြစ်၍လည်းကောင်း ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး ဖွဲ့စည်းရန် ဂျပန်စစ်အာဏာပိုင်တို့က ခွင့်ပြုခဲ့ခြင်းဖြစ်လေသည်။

ထိုသို့ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဖွဲ့စည်းသောအခါတွင် ရဲဘော်သုံးကျိပ်ဝင် မြန်မာမျိုးချစ်လူငယ်များသည် မိမိတို့၏ မူလနာမည်များကို ရဲစိတ်ရဲမာန်ကြွစေမည့် နာမည်အသစ်များဖြင့် အစားထိုး၍ မှည့်ခေါ်ကြစေရန် ရဲဘော်တစ်ဦးဖြစ်သော သခင်လှမောင်(ဗိုလ်ဇေယျ)က ဟိုင်နန်ကျွန်းမှာ ရှိစဉ်ကပင် အကြံပေးခဲ့လေသည်။ ၎င်း၏ အကြံပေးချက်များကို သဘောတူကြသော ရဲဘော်များသည် မိမိတို့ နာမည်ရင်းများကို သခင်အောင်ဆန်းမှ ဗိုလ်တေဇဟုလည်းကောင်း၊ သခင်ရှုမောင်မှ ဗိုလ်နေဝင်းဟုလည်းကောင်း၊ ကိုရွှေမှ ဗိုလ်ကျော်ဇော၊ သခင်ဗဂျမ်းမှ ဗိုလ်လရောင်၊ သခင်ခင်မောင်ဦးမှ ဗိုလ်တာရာ၊ သခင်အောင်သန်းမှ ဗိုလ်စကြာ၊ သခင်လှဖေမှ ဗိုလ်လကျာ၊ သခင်သန်းညွန့်မှ ဗိုလ်ဇင်ယော် စသဖြင့် အသီးသီး ပြောင်းလဲခေါ်ဝေါ်စေခဲ့ကြတော့သည်။

ထို့ပြင်လည်း မြန်မာနိုင်ငံသို့ ဂျပန်တပ်မတော်များနှင့်အတူ ပါလာမည့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဦးစီးဖွဲ့စည်းပေးမည့် ဂျပန်စစ်အရာရှိ ကာနယ်ဆူဇူကီး အမည်ခံသော မဇွတာမီနာမီကိုလည်း မြန်မာလူငယ်တို့သည် ထူးခြားဆန်းသစ်သော နာမည်ကို ပြောင်းလဲပေးလိုက်ကြပေသည်။

မြန်မာနိုင်ငံတွင် ပေါ်ပေါက်ခဲ့သော တဘောင်တစ်ခုတွင် အောက်ပါအတိုင်း ပါရှိခဲ့ဖူးသည်။

'အင်းကို ဟသာဆင်းလတ္တံ့၊ ဆင်းလျှင် လေးနဲ့ခွင်းလတ္တံ့၊ မုဆိုးကို ထီရိုးရိုက်လတ္တံ့၊ ထီးရိုးကို မိုးကြိုးပစ်လတ္တံ့'

အဆိုပါ တဘောင်မှာ မြန်မာရှေးပညာရှိကြီးများ၏ အဆိုအရ မြန်မာ့ဦးစွန်းကို မြေသို့ ကျစေသည့် အင်္ဂလိပ်အစိုးရအား မြန်မာနိုင်ငံမှ တိုက်ခိုက်နှင်ထုတ်မည့်သူ ပေါ်လာမည်ဟု အဓိပ္ပာယ်ရသည်ဆိုသည်။ ထို့ကြောင့်ပင် မြန်မာ တေးဂီတ၊ စာဆိုတို့သည် မြန်မာအမျိုးသားတို့အား မျိုးချစ်စိတ်နှင့် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ပေါ်လာစေရန် အဆိုပါတဘောင်ကို သီချင်းအဖြစ် စပ်ဆိုခဲ့ကြသေးသည်။

အဆိုပါတဘောင်ကို အစွဲပြု၍ အင်္ဂလိပ်အစိုးရကို မြန်မာနိုင်ငံမှ မောင်းနှင်ထုတ်မည့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဦးစီးဖွဲ့စည်းပေးခဲ့သူ ကာနယ်ဆူဇူကီးကို ဗိုလ်မိုးကြိုးဟု မြန်မာလူငယ်တို့က အမည်သစ်ပေးခဲ့လေသည်။ တစ်နည်းအားဖြင့်ဆိုလျှင် မြန်မာလူငယ်တို့သည် လွတ်လပ်ရေးတိုက်ပွဲတွင် စိတ်ဓာတ်စစ်ဆင်ရေးပရိယာယ်တစ်မျိုးကို အသုံးပြုသည့်နည်း ဖြစ်ကြပေသည်။ အဘယ်ကြောင့်ဟူမူ နောင်အခါ ဗိုလ်မိုးကြိုး(ကာနယ်ဆူဇူကီး) ဦးစီးသော ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး မြန်မာနိုင်ငံသို့ ချီတက်လာပြီဆိုသော သတင်းကို



မြန်မာလူထုကြီး ကြားသိသောအခါတွင် (မြန်မာဘုရင့်အနွယ်တော် မင်းသားတစ်ပါးပါးကပင်) ဦးစီးချီတက်လာသယောင် ထင်မှတ်၍ အားတက်သရောထောက်ခံကြိုဆိုခြင်းပြုကြ၍ပင် ဖြစ်လေသည်။ အချို့ကလည်း ဒီယက်နမ်ပြည်ရောက်နေသော မြန်မာဘုရင့်အနွယ်တော် မြင်ကွန်းမင်းသားကြီး၏ သားတော်ကိုယ်တိုင်ဦးစီး၍ လာသလောဟု ထင်မှတ်ကြလေသည်။

ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့တွင် နေထိုင်သော မြန်မာသမားတော်ကြီး ဦးလွန်းဖေနှင့် ဦးမောင်ကြီး စသော ပုဂ္ဂိုလ်များသည် ယိုးဒယားနိုင်ငံရောက် မြန်မာအမျိုးသားများကို ကြိုတင်စည်းရုံးထားပြီးဖြစ်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော ရဲဘော်သုံးကျိပ်ဝင်များ ဘန်ကောက်မြို့သို့ ရောက်ရှိလာသောအခါတွင် ဦးလွန်းဖေတို့လူစုသည် ရဲဘော်သုံးကျိပ်ဝင်များကို ကြိုဆိုကြပြီးလျှင် နေရာထိုင်ခင်းများပေးလျက် ဖွဲ့စည်းတော့မည့် ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးအတွက် လိုသမျှ အကူအညီများကို ပေးအပ်ကြလေသည်။

ဘန်ကောက်မြို့ရောက် ရဲဘော်သုံးကျိပ်ဝင်များသည် မိမိတို့ လက်မောင်းသွေးကို ဖောက်၍ ငွေဖလားတွင် ထည့်သောက်ကြပြီးလျှင် အမိမြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရသည်အထိ အသက်စွန့်၍ တိုက်ခိုက်ပါမည်ဆိုသော သစ္စာကတိကို ဆိုကြလေသည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင်ရန်အတွက် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဗိုလ်တေဇဦးစီး၍ ဖွဲ့စည်းကြလေသည်။ ဖွဲ့စည်းလိုက်သော ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသို့ ယိုးဒယားရောက် မြန်မာအမျိုးသားများ၊ အင်ဒိုချိုင်းနားဒေသရောက် မြန်မာအမျိုးသားများ၊ ရှမ်းအမျိုးသားများ၊ ဘုန်းတော်ကြီးများပါမကျန် အားတက်သရော ပါဝင်အမှုထမ်းကြလေ၏။ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံခြားသို့ ရောက်နေကြသော မြန်မာအမျိုးသားထုကြီးသည် ဖွဲ့စည်းလိုက်သော ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို သူ့ထက်ငါ အလုအယက် ပါဝင်လာကြလေသည်။

ထိုအချိန်တွင် ရဲဘော်သုံးကျိပ်ဝင်များဖြစ်ကြသော ဗိုလ်နေဝင်းဦးစီးသောအဖွဲ့တစ်ဖွဲ့သည် တောတောင်အထပ်ထပ်ကို ဖြတ်ကျော်၍ မြန်မာနိုင်ငံသို့ ကြိုတင်၍ ရောက်ရှိနေလေသည်။ ဗိုလ်နေဝင်းတို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းတွင် လှုပ်ရှားလျက်ရှိနေကြသော ပြည်သူ့အရေးတော်ပုံပါတီအပါအဝင် မြေအောက်တော်လှန်ရေးအင်အားစုများနှင့် ဆက်သွယ်၍ ပြည်တွင်းတော်လှန်ရေး အင်အားစုများ၏ လှုပ်ရှားမှုများကို ဦးဆောင်ဆင်နွှဲရန် ဖြစ်၏။ ဤအဖွဲ့သည် ချီတက်လာမည်ဖြစ်သော ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးအား ပြည်တွင်းတော်လှန်ရေးအင်အားစုများနှင့် အဆက်အသွယ်ပြုလုပ်ရ၍လည်း မြန်မာနိုင်ငံအတွင်းသို့ ရောက်လာကြခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နေဝင်းတို့သည် ပြည်တွင်းတော်လှန်ရေးအင်အားစုများနှင့် ပူးပေါင်း ပြီးလျှင် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအတွက် လှုံ့ဆော်သော ဝါဒဖြန့် ကြေညာစာတမ်းများ ရိုက်နှိပ်ထုတ်ဝေကြသည်။ စောစောပိုင်းကပင် မြန်မာနိုင်ငံ တွင် ရှိပြီး ဖြစ်သော ပြည်တွင်းတော်လှန်ရေးသမားတို့သည် အင်္ဂလိပ်စစ်တပ် များ ခြေချင်းလိမ်၍ ပြေးလာနေကြသည့်အကြောင်းမှာပင် ဗမာ့တော်လှန်ရေး စာစောင် အမှတ် ၁ နှင့် ၂ တို့ကို ရိုက်နှိပ်၍ လျှို့ဝှက်ဝေငှပြီး ဖြစ်နေခဲ့သည်။ ပူး ဗိုလ်နေဝင်းတို့ ရောက်လာပြီးလျှင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ချီတက် လာမည့်သတင်းကိုလည်းကောင်း၊ ပြည်တွင်းတော်လှန်ရေးသမားများအတွက် လက်နက်အသေးစားများကိုလည်းကောင်း ယူဆောင်လာခဲ့ကြပေရာ မြန်မာနိုင်ငံ အတွင်း၌ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများကို လုပ်နေကြသော မျိုးချစ် လူငယ်တို့မှာ များစွာ အားတက်ကြရလေသည်။

## ဗမာ့လွတ်လပ်ရေးတပ်မတော် ချီတက်လာခြင်း

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဘီအိုင်အေခေါ် ဗမာ့ လွတ်လပ်ရေးတပ်မတော်ကြီးသည် စုဆောင်းရရှိသမျှသော တပ်သားများနှင့် စစ်ကြောင်းကြီးလေးကြောင်းခွဲ၍ ဘန်ကောက်မြို့မှ နေ၍ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ချီတက်ခဲ့လေသည်။ ထိုသို့ချီတက်ရာတွင် လမ်းတစ်လျှောက်ရှိ မြို့များ ရွာများ ကျေးလက်ဒေသများမှ လူထုကြီးအား ဗမာ့လွတ်လပ်ရေးတပ်မတော် ၏ စစ်ချီစစ်ဆင်အကြောင်း ဟောပြောပညာပေး စည်းရုံးခဲ့ရာ ကာလသားအမျိုးသား များ၊ ရှမ်းအမျိုးသားများနှင့် ဘုန်းတော်ကြီးများ အပါအဝင် လူပေါင်းများစွာတို့ သည် လွတ်လပ်ရေးတိုက်ပွဲ၌ ပါဝင်ခွင့်ရရန် လာရောက်စာရင်းပေးကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ၎င်းတို့ကိုလည်း တပ်မတော်သားများအဖြစ် လက်ခံ၍ ခေါ်ဆောင်ခဲ့ရလေသည်။

ထိုသို့ချီတက်ရာတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်သားများ၏ လက်နက်အစုံအညီပါသည် မဟုတ်ပေ။ ဂျပန်တပ်မတော်ကလည်း ဗမာ့လွတ် လပ်ရေးတပ်မတော်သားများကို လက်နက်ကိုယ်စီ ပေးနိုင်ခြင်း မရှိပေ။ ဝါး ဓား၊ လှံများနှင့် မီးကျိုးမောင်းပျက် သေနတ်လက်နက်များကို ကိုင်စွဲ၍ စိတ်အားထက်သန်စွာ ချီတက်လာကြခြင်းလည်း ဖြစ်၏။ ထို့ပြင် ဗမာ့လွတ်လပ် ရေးတပ်မတော်သားတို့သည် ဆင်တူဝတ်ဆင်ရန်ပင် စစ်ယူနီဖောင်းများ ကိုယ်စီ ကိုယ်ငှ မရကြပေ။ အဆင်အမျိုးမျိုးရှိသော ဘောင်းဘီတို၊ ဘောင်းဘီရှည် ကို ဝတ်ဆင်ကြပြီးလျှင် အချို့ကလည်း ပုဆိုးတိုတိုဝတ်၍ ပါလာကြသည်။ ဘုန်းတော်ကြီးအချို့မှာ သင်္ကန်းဝင် မချွတ်ဘဲ လိုက်ပါလာကြ၏။

ဗမာ့လွတ်လပ်ရေးတပ်မတော်အလံအဖြစ် ခေါင်းရင်းနှင့် အဝါ၊ စိမ်း



သုံး အရောင်သုံးရောင်ခြယ်အလံကို အသုံးပြုကြသည်။ လက်ပတ်တံဆိပ်များ ကိုလည်း အဆိုပါ သုံးရောင်ခြယ် အလံတံဆိပ်အတိုင်း အသုံးပြုကြပေသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် ထိုသို့ဖြင့် လက်နက်မပြည့်စုံ၊ ဝတ်စုံ ဆင်တူမရှိ၊ စားရေရိက္ခာဆိုဖွယ်လည်း ပြည့်စုံလုံလောက်ခြင်းမရှိပါဘဲလျက် လွတ်လပ် ရေးတိုက်ပွဲအတွက် အင်္ဂလိပ်ကို မြန်မာနိုင်ငံအတွင်းမှ နှင်ထုတ်ရလျှင် ကျေနပ်ပြီ ဆိုသော အသိစိတ်ဖြင့်သာ ချီတက်ခဲ့ကြလေသည်။

ထိုသို့ ချီတက်ရာတွင် စစ်ကြောင်းအသီးသီးတို့မှာ အောက်ပါအတိုင်း ဖြစ်ကြလေသည်။

၁။ မော်လမြိုင်စစ်ကြောင်း၏ တပ်မကြီးတွင် ဗမာ့လွတ်လပ်ရေး တပ်မတော် ဗဟိုစစ်ဌာနချုပ်၏ စစ်သေနာပတိ ဗိုလ်မှူးကြီး ဆူဇူကီးက ဦးစီးလျက် ဗိုလ်မှူးကြီးတေဇ(သခင်အောင်ဆန်း) ဒုဗိုလ်မှူးကြီး ဗိုလ်ရန်အောင်တို့က ကွပ်ကဲအုပ်ချုပ်ကြသည်။ တပ်မှူးများအဖြစ် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မိုး၊ ဗိုလ်ခင်မော်၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်စောအောင်တို့က ဆောင်ရွက်ကြသည်။ ဤစစ်ကြောင်းသည် ယိုးဒယား-မြန်မာနယ်စပ်ရှိ ရဟိုင်း၊ မဲဆောက်မြို့ များကို ဖြတ်၍ တာမွန်သို့ ချီတက်ခဲ့ကြသည်။

၂။ ထားဝယ်စစ်ကြောင်း၏ တပ်မကြီးတွင် ဂျပန်စစ်အရာရှိတစ်ဦးဖြစ်သော ဒုဗိုလ်မှူးကြီး ကာဝါရှီးမားက ဦးစီးအုပ်ချုပ်၍ ရဲဘော်သုံးကျိပ်ဝင်များ ဖြစ်သော ဗိုလ်လရောင်၊ ဗိုလ်လက်ျာ၊ ဗိုလ်ဉာဏ၊ ဗိုလ်စေယျာတို့က တပ်မှူးများအဖြစ် ဦးစီးပါဝင်ကြ၏။

၃။ မြိတ်စစ်ကြောင်း၏ ရေကြောင်းတပ်မကြီးတွင် ဂျပန်စစ်အရာရှိတစ်ဦးဖြစ် သော ဗိုလ်မှူးကြီး ဟီရာအိုကာ ဦးစီးအုပ်ချုပ်၍ ရဲဘော်သုံးကျိပ်ဝင် များဖြစ်သော ဗိုလ်ရန်နိုင်၊ ဗိုလ်မင်းခေါင်တို့က တပ်မှူးများအဖြစ် ဦးစီးပြီးလျှင် မြိတ်မြို့သို့ လှေကတ္တူကြီးများဖြင့် ချီတက်လာကြ၏။ ၎င်းမှတစ်ဆင့် ရေကြောင်းအတိုင်း ဖျာပုံမှ မြစ်ဝကျွန်းပေါ်အထိ ဆက်လက်ချီတက်ခဲ့ကြသည်။

၄။ ဗမာ့လွတ်လပ်ရေးတပ်မတော် အထူးတပ်ရင်းကို ဂျပန်စစ်အရာရှိတစ်ဦး ဖြစ်သူ ဒုဗိုလ်မှူးကြီး တာနာကာက ဦးစီးအုပ်ချုပ်၍ ဗိုလ်ဘုန်းမြင့်က တပ်မှူးအဖြစ် ဦးစီးပြီးလျှင် အမှတ် ၅၅ ဂျပန်တပ်မကြီးနှင့်အတူ မြဝတီမြို့ကို ဖြတ်လျက် ချီတက်ခဲ့သည်။ ၎င်းအထူးတပ်ရင်းသည် အမှတ် ၃၃ ဂျပန်တပ်မကြီးနှင့် ဆက်လက်ပူးပေါင်း၍ ရှေ့သို့ချီတက် ခဲ့ကြရာ ပြည်တွင်းတော်လှန်ရေးတပ်ဖွဲ့များနှင့် ဆက်သွယ်ဦးစီးနေသော ဗိုလ်နေဝင်း၏ တော်လှန်ရေးအင်အားစုနှင့် ပေါင်းပြီး ၁၉၄၂ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



ဇန်နဝါရီ လ ၂၅ ရက်နေ့တွင် ရဟိုင်းကို ကျော်ဖြတ်လျက် မြစ်ကြီးနား အတွင်းသို့ ထိုးဖောက်ဝင်ရောက်လာလေသည်။

အထက်ပါ စစ်ကြောင်းကြီးများတွင် ထားဝယ်ကြောင်းရှိသော တပ်မ ကြီးသည် ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဗိတိုရိယအငူမှ ဖြတ်လျှောက် ထားဝယ်မြို့ကို သိမ်းပိုက်ခဲ့သည်။

တာ့မှန်သို့ ဦးတည်ချီတက်လာသော ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်သူကြီးချုပ်နှင့် မော်လမြိုင်ကြောင်းရှိ တပ်မကြီးသည် ဂျပန်တပ်မတော်၏ အမှတ် ၅၅ နှင့် အမှတ် ၃၃ တပ်မကြီးများကို လမ်းတွင် ဖြတ်ကျော်လိုက်ပြီးလျှင် ရေတကန်းစစ်မျက်နှာသို့ ခရီးပြင်းနှင်ရာ စစ်တောင်းမြစ်ဝှမ်းဒေသ၌ အင်္ဂလိပ်များ နှင့် အပြင်းအထန်တိုက်ခိုက်ရသည်။

စစ်တောင်းမြစ်ဝှမ်းဒေသတွင် ရက်စက်ကြမ်းကြုတ်သော တိုက်ပွဲကြီး များကို ဆင်နွှဲခဲ့ရပြီးနောက် အင်္ဂလိပ်တပ်များသည် စစ်တောင်းတံတားကြီးကို ဖောက်ခွဲလိုက်ပြီးလျှင် ဆုတ်ခွာသွားကြတော့သည်။

ရေကြောင်းရှိ ဖြတ်စစ်ကြောင်းသည် မြိတ်မြို့မှ မုတ္တမနှင့် ရန်ကုန်မြို့ များဆီသို့လည်းကောင်း၊ မျက်နှာ အခြားမြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း ဆက်လက်ချီတက်ခဲ့ရာ ဂျပန်တပ်မကြီးများ မရောက်မီ ဗမာ့လွတ်လပ်ရေးတပ် မတော်သားများက မြို့ရွာဒေသများကို ဦးစီးသိမ်းပိုက်ထားနိုင်ခဲ့ကြလေသည်။ လွတ်လပ်ရေးတပ်မတော်ကြီး မရောက်မီကပင် ပြည်တွင်းတော်လှန်ရေး အင်အား စုများဖြစ်ကြသော မြန်မာမျိုးချစ်လူငယ်များသည် မြစ်ဝကျွန်းပေါ်ဒေသရှိ အခြားမြို့ များရွာကို ကြိုတင်သိမ်းယူထားနှင့်ကြသည်။ ဖိုးလှအောင် (နောက် သခင်မောင်ကြီး ဦးအောင်မောင်)၊ ဖိုးလှမင်း၊ ဖိုးလှညိန်းမွေ၊ သခင်သိန်းဖေ(ဝါးခယ်မ)၊ သခင်ထိန်ဝင်း စသည့် လူငယ်ခေါင်းဆောင်များသည် ဂုသိမ်နှင့် မြောင်းမြနယ်များကို သိမ်းယူ ထားကြောင်း ကြေညာချက်များပင် ထုတ်ဝေလိုက်ကြပြီးလေပြီ။

ရေကြောင်းရှိ ဖိုးလှနှင့်ပင်တပ်များသည် မြစ်ဝကျွန်းပေါ်ရှိ တော်လှန်ရေး တပ်သားများအား ဝမ်းမြောက်ဝမ်းသာ အသိအမှတ်ပြု သတင်းပေးပြီး ဟင်္သာတ နှင့် ရွှေတောင်တိုက်ပွဲများကို ဆင်နွှဲရန် ဆက်လက်ချီတက်သွားလေသည်။ ဆက်ရှိ ရွှေတောင်တိုက်ပွဲမှာ နစ်နာကျဆုံးမှုများသော တိုက်ပွဲဖြစ်လေသည်။ ဗမာ့ တပ်သားပေါင်းများစွာတို့ ကျဆုံးခဲ့သလိုပင် ဂျပန်တပ်မတော်မှ ဖြတ်ကြောင်း ချီတပ်များကို ဦးစီးအုပ်ချုပ်လာခဲ့သော ဂျပန်ဗိုလ်မှူးကြီး ဟီရာအိုကာ ဦး ကျဆုံးခဲ့သည်။ ဤတိုက်ပွဲကို အောင်မြင်ခဲ့သဖြင့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်နဂါး နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်သားများမှာ နာမည်ကျော် တပ်သားကြီးများ ဖြစ်လာခဲ့လေသည်။



ယခုအခါတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် တိုက်ပွဲတိုင်း ကို အောင်မြင်နေသည်နှင့်အမျှ လူအင်အားမှာလည်း တဖြည်းဖြည်း အဆမတန် တိုးပွားလာခဲ့လေတော့သည်။ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့မှ လူအင်အား အနည်းငယ်ဖြင့် ချီတက်လာရသော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် လမ်း ခရီးမှ ချီတက်လိုက်ပါလာသော တပ်သားသစ်များကြောင့် မကြာမီ လူအင်အား ၄၀၀ အထိ ရောက်လာ၏။ တပ်မတော်ကြီးသည် မကြာမီ လူဦးရေ ၁၂၀၀ ရှိလာခဲ့ပြီးလျှင် ယိုးဒယား-မြန်မာနယ်စပ် ဖြတ်ကျော်သောအခါ တပ်သားဦးရေ ၃၇၇၅ ယောက် ဖြစ်လာတော့သည်။ ရန်ကုန်မြို့ကို သိမ်းယူသော မတ်လ ၈ ရက်နေ့မှ စ၍ တဖြည်းဖြည်း အင်အားတိုးပွားလာခဲ့ရာ တပ်သားဦးရေ တစ်သောင်းကျော်ရှိလာ၏။ ၁၉၄၂ ခုနှစ်၊ မေလကုန်တွင်ကား အတောမသတ် ဝင်ရောက်လာသော မျိုးချစ်လူငယ်များကြောင့် ဗမာ့လွတ်လပ်ရေး တပ်မတော် ကြီးမှာ တပ်သားဦးရေ စုစုပေါင်း ၂၅၀၀၀ (နှစ်သောင်းငါးထောင်)ခန့်ပင် ရှိလာပြီဖြစ်တော့သည်။

ရန်ကုန်မြို့ကို ၁၉၄၂ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်မှ သိမ်းပိုက်ပြီးသည့်အချိန်တွင် မြန်မာမျိုးချစ်တော်လှန်ရေးသမားတို့ သည် ဂျပန်ဖက်ဆစ်ဝါဒီတို့၏ ရည်ရွယ်ချက်ကို ကောင်းစွာ နားလည်ခဲ့ကြရပေပြီ။

ဂျပန်ဖက်ဆစ်ဝါဒီများသည် ဗိုလ်တေဇနှင့် ရဲဘော်သုံးကျိပ်တို့အား ကတိပေး ခဲ့ရာ၌ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး မော်လမြိုင်မြို့ကို သိမ်းပိုက်ပြီးသောအခါ ၌ မြန်မာ့လွတ်လပ်ရေးကို ကြေညာခွင့်ပေးမည်ဟု ဝါဒရှိခဲ့သည်။ သို့သော် မော်လမြိုင်မြို့ကျပြီးသော်လည်း လွတ်လပ်ရေးကြေညာစာတမ်းကား ဘယ်ဆီမှာ ဟု မသိရပေ။ ထို့နောက် ရန်ကုန်မြို့တော်ကို သိမ်းပြီးလျှင် လွတ်လပ်ရေး ကြေညာခွင့်ပေးမည်ဟု ဆိုပြန်သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန် တို့ လိမ်လည်လှည့်ဖြားနေပြီဟု သိသော်လည်း အခြေအနေကို စောင့်ကြည့်ဦး မည်ဟုဆိုပြီး ရန်ကုန်သိမ်းသည့် နေ့ကို စောင့်ခဲ့သည်။ ယခု ရန်ကုန်ကို သိမ်းပြီး သည့်အထိပင် ဂျပန်စစ်အာဏာပိုင်များထံမှ လွတ်လပ်ရေးလေသံ လုံးဝထွက် မလာသေး။

သည့်အခြေသို့ ဆိုက်မည်ကို ရှေးဦးစွာကပင် ရိပ်မိနားလည်ထားသော ကြောင့်ပင် ဗိုလ်တေဇနှင့် ခေါင်းဆောင်တစ်စုသည် ဗိုလ်နေဝင်းနှင့် ရဲဘော်တစ်စု တို့ကို မြန်မာနိုင်ငံအတွင်းသို့ စေလွှတ်လျက် ပြည်တွင်းတော်လှန်ရေးအင်အားစု များနှင့် ဆက်သွယ်ကာ မြို့များ၊ နယ်များကို ဂျပန်တပ်မတော် မသိမ်းမီ မြန်မာ့ တော်လှန်ရေးအင်အားစုတို့က ကြိုတင်သိမ်းထားရန် စီစဉ်ခြင်းဖြစ်သည်။ စီစဉ် ခဲ့သည့်အတိုင်းလည်း အောင်မြင်ခဲ့သည်သာ ဖြစ်သည်။ ဂျပန်တပ်မတော်ကြီး

www.burmeseclassic.com



မြန်မာနယ်စပ်ကျော်ရှိသော ရှိသေးသည့်အချိန်၌ မြန်မာလူငယ်များ ဦးစီးသော ပြည်တွင်းတော်လှန်ရေးသမားတို့သည် မြို့များ၊ နယ်များ၊ ရွာများကို ကြိုတင် သိမ်းယူ၍ အုပ်ချုပ်ရေးအဖွဲ့များပင် ဖွဲ့စည်းထားပြီး အခြေ ရောက်နေပေသည်။

ဤအခြေအနေသို့ ရောက်ရှိပါလျက်နှင့်ပင် ဂျပန်သည် မြန်မာလွတ်လပ် ရေးအတွက် ကြေညာခွင့်မပြု၊ စီစဉ်ဆောင်ရွက်သင့်သည်တို့ကို တားဆီးကန့်ကွက် လုပ်နေပြန်သည်။ ထို့ကြောင့် ဗမာလွတ်လပ်ရေးတပ်မတော်သည် ဂျပန်တို့ အပေါ်တွင် များစွာ မကျေနပ်လျက် ရှိနေခဲ့သည်။

ဂျပန်တပ်မတော်အပေါ်တွင် နောက်ထပ်၍ မကျေနပ်ရန် အချက်ရှိနေ ပြန်သည်။ ၎င်းမှာကား ချီတက်လာသော ဂျပန်တပ်မတော်သားများနှင့် ဗမာ လွတ်လပ်ရေးတပ်မတော်သားများ မသင့်မတင့်ဖြစ်မှုများပင် ဖြစ်၏။ ဂျပန်တို့သည် မြန်မာတပ်မတော်သားများကို ဆော်ပလော်ကော်မန်းထဲဆို၍ ပါးရိုက်နားရိုက် လုပ်ကြသည်မှာ နေ့စဉ်နှင့်အမျှ ဖြစ်နေပေသည်။ ထို့ပြင် ချီတက်လာခဲ့သော လမ်းခရီးတစ်လျှောက်ရှိ ကျေးရွာများ၌ စားနပ်ရိက္ခာများယူခြင်း၊ ကျေးတောနေ မြန်မာလူထုကို နှိပ်စက်ညှဉ်းပန်း ရိုက်နှက်ခြင်း၊ ဗုဒ္ဓဘာသာ မြန်မာဘုန်းတော် ကြီးများနှင့် ဘုရားကျောင်းများကို စော်ကားခြင်း စသည့် ယုတ်မာမှုများကို ဂျပန်တပ်သားများ ကျူးလွန်ပြုလုပ်ကြသည်ကို တွေ့ရလေရာ မြန်မာတပ်သားများ ၏ စိတ်နှလုံးမှာ ကြိမ်မီးအုံးသကဲ့သို့ အခဲရခက်လျက်ရှိတော့သည်။

□

# တတိယပိုင်း

## ဖက်ဆစ်တော်လှန်ရေးဖြစ်ပေါ်ခြင်း၏ အကြောင်းရင်းများ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

## ဖက်ဆစ်ဘီလူးရုပ် ရုပ်လုံးပေါ်လာခြင်း

### (က) ဂျပန်ခေတ်အစ မြန်မာနိုင်ငံ၏ အခြေအနေ

မြန်မာနိုင်ငံကို ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်မတော်တို့ ပူးတွဲတိုက်ခိုက် စတင်ဆင်နွှဲသည့်အချိန်က မြန်မာနိုင်ငံအတွင်း၌ ရှိသော အင်္ဂလိပ် အင်အားစု၏ တပ်များတွင် အမှတ် ၁၇ အိန္ဒိယဒီဗီဇတပ်မကြီးနှင့် အမှတ် ၁ မြန်မာဒီဗီဇ တပ်မကြီးတို့ ပါဝင်ကြသည်။ တပ်မတော်ဖွဲ့စည်းပုံ စနစ်ပေးအရ ဆိုပါလျှင် ဒီဗီဇတပ်မကြီး၌ တပ်သားဦးရေပေါင်း ၁၅၀၀၀ ပါဝင်ရပေသည်။ သို့သော် အမှတ် ၁၇ အိန္ဒိယဒီဗီဇ တပ်မကြီး၌ တပ်သားဦးရေ ၁၂၀၀၀ သာလျှင် ရှိနေသည်။ အမှတ် ၁ မြန်မာဒီဗီဇ တပ်မကြီးတွင်ကား တပ်သားဦးရေ ၈၀၀၀ မျှသာ ရှိနေ၏။ ၎င်းတို့အထဲတွင် အချို့တပ်သားများမှာ စစ်သင်တန်းများကိုပင် ပြည့်စုံအောင် တက်ရောက်သင်ကြားရခြင်း မရှိသေးပေ။ အင်္ဂလိပ် တပ်မတော်တွင် ပါဝင်သော အခြားတပ်များပါ စုစည်းလိုက်ပါလျှင် မြန်မာနိုင်ငံ အတွင်းသို့ ဝင်လာသော ဂျပန်နှင့် ဗမာတပ်မတော်တို့ကို ခုခံမည့် တပ်သားအရေ အတွက်မှာ ၃၅၀၀၀ ခန့်တော့ ရှိနိုင်သည်။ သို့သော် ခွင့်သွားသူနှင့် နာမကျန်း သူတို့ကို နုတ်၍ တပ်တွင်း၌ အမှန်တကယ်ရှိသည့် အင်အားမှာ ၂၅၀၀၀ သာ ရှိနေသည်။

ထိုအထဲမှ အင်္ဂလိပ်အမျိုးသားတပ်သားများမှာ ၄၀၀၀ ထက် မပိုပေ။ အိန္ဒိယအမျိုးသားတပ်များမှာ ၇၀၀၀ ခန့်သာ ရှိ၏။ ကျန်သော အခြားတပ်မတော် သားများမှာ မြန်မာနိုင်ငံတိုင်းရင်းသားများ ဖြစ်ကြသော ချင်း၊ ကချင်၊ ကရင်နှင့် ရှမ်းအမျိုးသားများသာ ဖြစ်ကြပေသည်။ ဤတိုင်းရင်းသားတပ်ရင်းများထဲမှ တပ်မတော်အရာရှိတို့မှာ အများအားဖြင့် အင်္ဂလိပ်အမျိုးသားများဖြစ်၍ ရှမ်းအမျိုး

www.burmeseclassic.com

www.burmeseclassic.com



သားတော်ဖွဲ့များမှ အများနှင့် အလှရှိတို့မှာ ရှမ်းစော်ဘွားနယ်များ ဖြစ်ပေသည်။

မြန်မာနိုင်ငံအတွင်း၌ အင်္ဂလိပ်အစိုးရ၏ တပ်သားများမှာ လက်နက် ခဲယမ်းမီးကျောက်နှင့် ရိက္ခာဆင်အား ပြည့်စုံစွာ မရှိခဲ့ပေ။ နောက်ထပ်၍ ရရှိနိုင်မည်ဖြစ်သော ခဲယမ်းမီးကျောက်နှင့် ရိက္ခာဆင်အားများလည်း များစွာ မျှော်လင့်နိုင်စရာမရှိသည့်အခြေတွင် ရောက်နေသည်။ လေတပ်အင်အားနှင့် လေယာဉ်ပစ်အမြောက်တပ်အင်အားတို့မှာလည်း အားရစရာ အခြေအနေမဟုတ်။

နယ်စပ်ဒေသတွင် ချထားသော တပ်များထဲတွင် ဂေါ်ရခါးဆစ်နှင့် ပန်ဂျပ်အမျိုးသားများ ပါဝင်ကြ၏။ သူတို့ကို စစ်ပုလိပ်တပ်ဖွဲ့များ သဘောဖြင့် နယ်စပ်တောင်တန်းဒေသများတွင် ချထားခြင်းဖြစ်သည်။ သူတို့သည် ငြိမ်းချမ်းသော အချိန်အခါများတွင် တာဝန်ကို ကျေပွန်စွာဖြင့် နယ်ခြားဒေသ၏ လုံခြုံရေးကို စောင့်ရှောက်ကာကွယ်နိုင်ကြသော်လည်း စစ်ဖြစ်နေသည့်အချိန်တွင်မူ ထိရောက်သော အင်အားစုအဖြစ် မှတ်ယူခြင်း မပြုနိုင်ပါချေ။

ထို့ပြင် အရံသင့်အင်အားစုတပ်များလည်း ရှိသေးသည်။ ၎င်းတို့တွင် ဥရောပတိုက်သားများ၊ အင်္ဂလိပ်-အိန္ဒိယကပြားများ၊ အင်္ဂလိပ်-မြန်မာကပြားများ ပါဝင်သော တပ်များနှင့် စီးရထားတပ်သားများ ပါဝင်ကြသည်။ ၎င်းတို့သည်လည်း ငြိမ်းချမ်းသည့်အခါတွင် နိုင်ငံတော်ကာကွယ်မှုအတွက် အထောက်အကူ ရနိုင်သော်လည်း စစ်ကြီးဖြစ်နေသော အချိန်တွင်ကား အားထားရလောက်သော အင်အားစုများ မဟုတ်ခဲ့ပေ။

အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံ၏ ကာကွယ်ရေးကို ပထမတွင် စင်ကာပူ၌ ဌာနချုပ်ပြုလုပ်ထားသည့် (အရှေ့အာရှနယ်နိမိတ် အင်္ဂလိပ်စစ်ဌာနချုပ်)၏ အောက်တွင် ထားရှိခဲ့သည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင်ကား မြန်မာနိုင်ငံ၏ ကာကွယ်ရေးအစီအစဉ်ကို အိန္ဒိယစစ်နယ်နိမိတ်မှူး ဂျင်နရယ်ဝေဗယ်လ်၏ လက်အောက်သို့ ပြောင်းလွှဲပေးအပ်ခဲ့ရ၏။

အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံအား ကာကွယ်ရန်အတွက် တရုတ်တပ်သား ၅၀၀၀၀ ကို အကူအညီပို့ပေးရန် တောင်းဆိုခဲ့ရာ တရုတ်ဗိုလ်ချုပ်ကြီး ချန်ကေရှိတ်သည် ချက်ချင်းပေးပို့ခဲ့၏။ ဂျပန်သည် အရှေ့အာရှစစ်ပွဲကြီး မတိုက်မီကပင် တရုတ်ပြည်မကြီးကို ထိုးစစ်ဆင်လျက် ရှိနေခဲ့ပေသည်။ ထိုသို့ တိုက်ခိုက်လျက်ရှိရာမှ တရုတ်ပြည်၏ မြို့ကြီးပေါင်းများစွာတို့မှာ ဂျပန်၏လက်အောက်သို့ ကျရောက်ခဲ့ရ၏။ ထိုသို့ ကျရောက်ခဲ့သော မြို့ကြီးများတွင် ရှန်ဟဲမြို့စသော မြို့ကြီးအများအပြား ပါဝင်ခဲ့ရာ ချန်ကေရှိတ်သည် ဂျပန်ကို စစ်နိုင်ရေးအတွက် သက်နက်ပစ္စည်းများ ရရှိနိုင်မည့် အနောက်တံခါးမှ ဝင်လမ်းကြီးတစ်ခုကို စောင့်ရှောက်ရန် အကြံရခဲ့လေ၏။



ထို့ကြောင့် အင်္ဂလိပ်အစိုးရ၏ သဘောတူချက်ဖြင့် မြန်မာနိုင်ငံ လားရှိုးမှ တရုတ်နိုင်ငံ ကွမ်မင်းမြို့အထိ သွားနိုင်သော မော်တော်ကား လမ်းမကြီးကို ဖြတ်လည်မြေပြင်ပြီးတွင် ဆော်အိမ်လမ်းသစ်ကြီးတစ်လမ်းကို တရုတ်အစိုးရက ဖောက်လုပ်ခဲ့၏ တွင် ကွမ်မင်းသို့ လားရှိုးမှ မိုင် ၇၇၁ ရှည်သော လမ်းမကြီးပေါ် ထရပ်ကားကြီးများ ကောင်းစွာ သွားလာနိုင်ခဲ့သည်။ ရန်ကုန်မြို့မှနေ၍ ပို့ဆောင်သော စစ်လက်နက်ပစ္စည်းများသည် တရုတ်-မြန်မာ လမ်းမကြီးမှတစ်ဆင့် တရုတ်ပြည်သို့ ကောင်းစွာ ရောက်ရှိလာလေတော့၏။ အင်္ဂလိပ်အစိုးရသည် ၎င်းလမ်းမကြီးကို ဖောက်လုပ်ခြင်းဖြင့် တရုတ်အစိုးရကို ကူညီခဲ့ရုံမျှမက မြစ်ကြီးနား၊ နမ်းခမ်း၊ ဝန်းဆော်၊ လားရှိုးမြို့များတွင်လည်း လေယာဉ်ကွင်းများ ဆောက်လုပ်ပေးခဲ့ပြီး တရုတ်လေယာဉ်များ ဆင်းသက်ခွင့်ပြုခဲ့လေသည်။

ဂျပန်က တရုတ်ပြည်ကို တိုက်ခိုက်လျက် ရှိစဉ်ကာလအတွင်း မြန်မာနိုင်ငံမှ တရုတ်ပြည်ကို လက်နက်များ တင်ပို့ပေးနေခြင်းကို မြန်မာလူမျိုးများနှင့် ဗြိတိန်နိုင်ငံမှ နိုင်ငံရေးခေါင်းဆောင်များကပါ ကန့်ကွက်ကြ၍ ၁၉၄၀ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့၌ တရုတ်-မြန်မာ လမ်းမကြီးကို သုံးလတိတိပိတ်မည်ဟု အင်္ဂလိပ်အစိုးရက ကြေညာခဲ့၏။ သုံးလပြည့်သော ကာလတွင် အင်္ဂလိပ်အစိုးရသည် တရုတ်-မြန်မာလမ်းမကြီးကို ပြန်ဖွင့်လိုက်လေသည်။ ပိတ်ထားစဉ်ကာလအတွင်း လမ်းမကြီးကို ပိုမိုကောင်းမွန်အောင် ပြုပြင်ခဲ့ကြလေရာ လမ်းမကြီးပြန်ဖွင့်သည်နှင့် စစ်လက်နက်ပစ္စည်းများကို ချက်ချင်းပင် ရန်ကုန်မြို့မှ နေ၍ တရုတ်ပြည်သို့ အဆက်မပြတ် ပေးပို့ခဲ့ပြန်၏။

ယခု မြန်မာနိုင်ငံအတွက် ကာကွယ်ရေးအင်အား အလိုရှိသည်ဟု သိရသောအခါ အင်္ဂလိပ်အစိုးရ၏ တောင်းဆိုချက်ကို ချန်ကေရှိတ်အစိုးရသည် ချက်ချင်း ကူညီဖြည့်တင်းပေးခဲ့လေသည်။ ချန်ကေရှိတ်အစိုးရသည် အမှတ် ၅ တရုတ်တပ်မတော်နှင့် အမှတ် ၆ တရုတ်တပ်မတော်မှ ဒီဗီဇံတပ်မကြီးများကို မြန်မာနိုင်ငံအတွင်းသို့ တရုတ်-မြန်မာ လမ်းမကြီးမှတစ်ဆင့် ချက်ချင်းပေးပို့ကူညီခဲ့လေသည်။

တရုတ်တပ်မတော်မှ အမှတ် ၉၃ ဒီဗီဇံတပ်မ၏ အမှတ် ၂၇၉ တပ်မဟာသည် မြန်မာနိုင်ငံသို့ ချက်ချင်းရောက်လာ၍ မိုးကောင်းမြို့တွင် စစ်ဌာနချုပ် ဖွင့်လိုက်၏။ ထိုတပ်ရောက်လာသော နေ့မှာ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ဖြစ်၏။

အမှတ် ၄၉ ဒီဗီဇံတပ်မသည် ချက်ချင်းပင် မြန်မာနယ်စပ်သို့ ရွေ့ပြောင်းနေရာယူလိုက်၏။ နောက်တွင် အမှတ် ၅ နှင့် ၆ တရုတ်တပ်မတော်ကြီးမှ ဒီဗီဇံတပ်မများ တပ်မဟာများသည် တဖြည်းဖြည်း မြန်မာနိုင်ငံအတွင်းသို့ ချီတက်

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်လာပြီးလျှင် မြန်မာနိုင်ငံ အထက်ပိုင်းဒေသများ၌ တပ်စွဲနေခဲ့ရာ စုစုပေါင်း တရုတ်တပ်သားအင်အားမှာ ၅၀၀၀၀ ခန့် ရှိခဲ့လေသည်။

မြန်မာနိုင်ငံကို ဂျပန်တပ်မတော် စစ်ချီလာစဉ်က ကြည်းတပ် ဒီဗီ(ဇ) တပ်မလေးခုနှင့် သံချပ်ကာကားတပ် နှစ်တပ်အပါအဝင် ဂျပန်တပ်မတော် လက်နက်ကိုင်အင်အားစုမှာ စုစုပေါင်း ၇၅၀၀၀ ခန့် ရှိလေသည်။ ဂျပန်ဒီဗီ(ဇ) တပ်မကြီးများမှာ အမှတ် ၅၅၊ အမှတ် ၃၃၊ အမှတ် ၁၈ နှင့် အမှတ် ၅၆ ဒီဗီဇတပ်မကြီးများ ဖြစ်ကြလေသည်။ အမှတ် ၅၅ ဒီဗီဇတပ်မကြီးသည် ၁၉၄၁ ခုနှစ်၊ နိုဝင်ဘာလကပင် အင်ဒိုချိုင်းနားသို့ ရေကြောင်းမှ ချီခဲ့၏။ ထိုနှစ် ဒီဇင်ဘာလတွင် ဘန်ကောက်မြို့သို့ ချီခဲ့ပြန်သည်။ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလလယ်တွင် ဂျပန်တပ်မတော်ကြီးသည် မြန်မာနိုင်ငံအတွင်းသို့ ဗမာလွတ်လပ်ရေးတပ်မတော်ကြီးနှင့်အတူ ချီတက်လျက်ရှိနေပြီ ဖြစ်လေသည်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ဂျပန်လေယာဉ်ပျံများသည် ရန်ကုန်မြို့ဝန်းကျင်ဒေသများဆီသို့ ပျံသန်းလာကြသဖြင့် ရန်ကုန်မြို့အတွင်း၌ လေကြောင်းရန် ကာကွယ်ရေးအတွက် အချက်ပေးဥဩများ မှုတ်ခဲ့ရလေသည်။ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင်ကား ဂျပန်လေတပ်လေယာဉ်များသည် ရန်ကုန်မြို့ကို လာရောက်၍ ဗုံးများကြဲချတော့သည်။ ဗုံးကြဲလေယာဉ် အစီး ၆၀ နှင့် တိုက်လေယာဉ် အစီး ၃၀ ပါဝင်သော ဂျပန်လေတပ် လေယာဉ်ပျံများသည် ရန်ကုန်မြို့ အချက်အချာဒေသများကို ဝင်ရောက်ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ရန်ကုန်မြို့သူ မြို့သားများ ၂၀၀၀ သေဆုံး၍ ၂၅၀၀ ခန့် ထိခိုက်ဒဏ်ရာရခဲ့၏။ ရန်ကုန်မြို့မှလည်း လေယာဉ်ပစ်အမြောက်တပ်မှ ခုခံပစ်ခတ်ရာ ဂျပန်လေယာဉ် ၁၁ စင်း ပျက်ကျခဲ့သည်ဟု သိရလေသည်။ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ဗုံးကြဲလေယာဉ်ပျံ အစင်း ၈၀ နှင့် တိုက်လေယာဉ်ပျံ အစင်း ၂၀ ပါဝင်သော ဂျပန်လေတပ်လေယာဉ်များသည် ရန်ကုန်မြို့ကို လာရောက်တိုက်ခိုက် ဗုံးကြဲကြပြန်သည်။

ထိုသို့ ရန်ကုန်မြို့ကို ဂျပန်လေယာဉ်များ အကြိမ်ကြိမ်လာရောက်တိုက်ခိုက်ဗုံးကြဲချနေသောကြောင့် မင်္ဂလာဒုံ လေယာဉ်ပျံကွင်းရှိ အင်္ဂလိပ်တပ်မတော် တိုက်လေယာဉ်များမှာ မကွေးမြို့ လေယာဉ်ပျံကွင်းသို့ ပြောင်းရွှေ့သွားခဲ့ရ၏။ ထို့ကြောင့် ဂျပန်လေယာဉ်ပျံများသည် ၁၉၄၂ ခုနှစ်၊ မတ်လအတွင်း၌ မကွေးလေယာဉ်ကွင်းကို ဆက်၍ ဗုံးကြဲကြပြန်ရာ အင်္ဂလိပ်လေတပ် လေယာဉ်အားလုံးလိုလို ပျက်စီးခဲ့ရတော့သည်။

ဂျပန်တပ်မတော်နှင့် ဗမာလွတ်လပ်ရေးတပ်မတော်သားများ ပါဝင်သော မြန်မာနိုင်ငံ သိမ်းတပ်များသည် စစ်ကြောင်းကြီးလေးကြောင်းဖြင့် မြန်မာနိုင်ငံအတွင်းသို့ ချီတက်လာသောအခါတွင် အင်္ဂလိပ်အစိုးရ၏ လက်အောက်ခံတပ်များ



နှင့် တရုတ်တပ်မကြီးများသည် ရှုပ်ရှုပ်ယှက်ယှက် ခုခံကြသော်လည်း တိုက်ပွဲတိုင်း၌ပင် အရေးနိမ့်၍ နောက်သို့ တရကြမ်း ဆုတ်ခွာကြရလေသည်။ ထိုသို့ ဆုတ်ခွာရာတွင် ဆောင်းမြင့်စွာ ဆုတ်ခွာနည်းမဟုတ်ဘဲ တပ်များ ဖရိုဖရဲဖြစ်ပြီးတွင် တပ်သားအမြောက်အမြားတို့မှာ ဂျပန်နှင့် ဗမာလွတ်လပ်ရေးတပ်မတော်ထဲတွင် စစ်သုံ့ပန်းများအဖြစ် အဖမ်းခံကြရ၏။ အချို့ အင်္ဂလိပ်တပ်သားများမှာ တောကြီးမျက်မည်းထဲတွင် အစာငတ်၊ ရေငတ်ဖြင့် ကျဆုံးကြရသည်။

ထိုအချိန်တွင် မြန်မာအရေးတော်ပုံ ပါတီဝင်များသည်လည်းကောင်း၊ မြေအောက်လက်ရုံးတပ်ဝင်ရုပ်ညီတပ်သားများနှင့် သံမဏိတပ်သား လူငယ်များသည်လည်းကောင်း၊ အင်္ဂလိပ်အစိုးရ၏ အချက်အချာဒေသများကို မြန်မာနိုင်ငံအနှံ့အပြားမှပင် ဝင်ရောက်တိုက်ခိုက်ကြသည်။ ဖိနှိပ်ကြသည်။ အင်္ဂလိပ်အစိုးရအဖွဲ့ဝင်များသည် ရှေ့မှ ချီလာသော ရန်သူကို ခုခံရင်းဖြင့် နောက်မှ ဝင်တိုက်သော မြန်မာတော်လှန်ရေးတပ်သားများ၏ ရန်ကိုလည်း ကာကွယ်တိုက်ခိုက်နေကြရလေသည်။

၁၉၄၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် မြန်မာပြည်ဘုရင်ခံ ဆာဒေါမန်စမစ်သည် ရန်ကုန်မြို့ကို စွန့်ခွာလေသည်။ သူသည် မကွေးမှတစ်ဆင့် မေမြို့ရှိ အစိုးရအဖွဲ့၏ ယာယီရုံးစိုက်ရာ ဌာနသို့ ရောက်လာခဲ့သည်။ မတ်လ ၇ ရက်နေ့တွင် ရန်ကုန်တစ်မြို့လုံးတွင် ရှိသော အစိုးရ၏အရေးပါသော အချက်အချာဌာနများနှင့် သန်လျင်ရေနံချက်စက်ရုံ စသည်တို့ကို မြေလှန်စနစ်ဖြင့် အင်္ဂလိပ်စစ်တပ်များက ဖောက်ခွဲဖျက်ဆီးလိုက်ကြသည်။ ရန်ကုန်မြို့ကို မတ်လ ၈ ရက်နေ့တွင် ဗမာလွတ်လပ်ရေးတပ်မတော်က သိမ်းယူလိုက်တော့သည်။ ထို့နောက်၌ ဂျပန်တပ်မတော်နှင့် ဗမာလွတ်လပ်ရေးတပ်မတော်တို့သည် အထက်မြန်မာနိုင်ငံသို့ ဆက်လက်ချီတက်ခဲ့ပြီးနောက် ပြင်းထန်သော စစ်ပွဲများကို ဆင်နွှဲခဲ့ရာ ၁၉၄၂ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံ၏ မြောက်ဘက်အစွန်တွင် ရှိသော မြစ်ကြီးနားမြို့ကို သိမ်းပိုက်ရရှိခဲ့တော့သည်။

အင်္ဂလိပ်အစိုးရနှင့် သူ၏ လက်အောက်ခံတပ်များ၊ မဟာမိတ်တပ်များသည် မြန်မာနိုင်ငံအတွင်းမှ အပြီးအပိုင် ဆုတ်ခွာသွားကြပြီဖြစ်၏။ မြန်မာအစိုးရသည် အိန္ဒိယနိုင်ငံသို့ ပြောင်းရွှေ့၍ ရုံးစိုက်လျက် ရှိခဲ့လေသည်။ ဤသို့ဖြင့် အင်္ဂလိပ်အစိုးရ၏ လက်အောက်ခံနိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအလုံးကို နယ်ချဲ့အင်္ဂလိပ်စစ်တပ်များ အပြီးသတ်ရှုံးသွားခဲ့ရ၏။ ဤဆုံးရှုံးမှုကြီးကား ၁၇ ရာစုနှစ်မှ စ၍ ဗြိတိန်အင်ပါယာကြီးကို စတင်ထူထောင်လာခဲ့သော အင်္ဂလိပ်အစိုးရကြီးအတွက် ပထမဆုံးသော ကြီးမားလှသည့် မဟာဆုံးရှုံးမှုကြီး ဖြစ်သည်။

သက္ကရာဇ် ၁၈၈၅ ခုနှစ်မှ စ၍ မြန်မာနိုင်ငံတစ်ဝန်းကို ကျွန်ပြုရန်

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်လာခဲ့ကြသော အင်္ဂလိပ်အစိုးရ၏ စစ်တပ်များသည်လည်းကောင်း၊ အစိုးရအဖွဲ့ကြီးနှင့် ဘုရင်ခံမင်းကြီး စသည့် ပုဂ္ဂိုလ်များသည်လည်းကောင်း၊ ရဲဘော်သုံးကျိပ်နှင့် မျိုးချစ်မြန်မာလူငယ်များနှင့်အတူ ချီတက်လာသော ဂျပန်တပ်မတော်၏ အင်အားကို မခုခံနိုင်တော့ဘဲ လက်မြှောက်အရှုံးပေးခဲ့ရပြီလည်း ဖြစ်တော့သည်။

မြန်မာနိုင်ငံတစ်ဝန်းကို ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်များ ချီတက်သိမ်းပိုက်နေစဉ်က ထင်ရှားသော မြန်မာနိုင်ငံရေးခေါင်းဆောင်အများမှာ အင်္ဂလိပ်အစိုးရ၏ အကျဉ်းသားဘဝဖြင့် ထောင်များအတွင်း ထည့်သွင်းချုပ်နှောင်ထားခြင်းခံရဆဲ ဖြစ်၏။ အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးခေါင်းဆောင်များဖြစ်သော ဒေါက်တာဘမော်၊ သခင်နု၊ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း၊ သခင်ကျော်ငြိမ်း စသည်တို့အား ထောင်တစ်ခုပြီး တစ်ခုပြောင်း၍ အထက်မြန်မာနိုင်ငံသို့ ခေါ်ဆောင်ခဲ့လေသည်။ ထို့ကြောင့် ဒေါက်တာဘမော်မှာ မိုးကုတ်ထောင်တွင်လည်းကောင်း၊ သခင်နု၊ သခင်စိုး၊ သခင်ဗဟိန်း၊ သခင်ကျော်ငြိမ်းတို့မှာ မန္တလေးထောင်တွင်လည်းကောင်း၊ သခင်သန်းထွန်းမှာ မုံရွာထောင်တွင်လည်းကောင်း ရောက်ရှိနေဆဲဖြစ်ပေသည်။

ဂျပန်စစ်တပ်များသည် မြန်မာနိုင်ငံတစ်ဝန်းသို့ ချီတက်သွားနေဆဲတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်မှ မြန်မာရဲဘော်များသည် သိမ်းပိုက်ပြီးသွားသော မြို့ရွာဒေသများကို ယာယီ အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့ရန် ကြိုးပမ်းနေကြရလေသည်။ ရန်ကုန်မြို့တွင်လည်း ဗဟိုအုပ်ချုပ်ရေးအစိုးရဖွဲ့စည်းရန် ရဲဘော်သုံးကျိပ်ဝင် သခင်ထွန်းအုပ်အား ခေါင်းဆောင်အဖြစ် ဂျပန်စစ်အာဏာပိုင်များက ခန့်ထားလိုက်သည်။ သခင်ထွန်းအုပ်သည် မြန်မာနိုင်ငံတစ်ဝန်းတွင် ယာယီကျသော အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းရန်အတွက် ကြိုးစားဆောင်ရွက်ခဲ့လေသည်။

သခင်ထွန်းအုပ်ဦးစီးသော မြန်မာနိုင်ငံ ဗဟိုအစိုးရအဖွဲ့၏ရုံးကို အမှတ် ၈ ချာချီလမ်း၊ ရန်ကုန်မြို့ (ယခု ဓာတုဗေဒအဖွဲ့ချုပ်ကောလိပ်နေရာ)တွင် ဖွင့်လှစ်လိုက်လေသည်။ ယင်းဗဟိုအစိုးရသည် နယ်များတွင် ဖွဲ့စည်းမည့် အုပ်ချုပ်ရေးအဖွဲ့များကို ဦးဆောင်အုပ်ချုပ်ရမည် ဖြစ်သည်။ ထို့ပြင် အမှုထမ်းများကိုလည်း ယာယီခန့်ထားနိုင်ခွင့် ရှိပေသည်။

နယ်များတွင် ဖွဲ့စည်းအုပ်ချုပ်ရေးအဖွဲ့များတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မြို့မအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ခရိုင်အုပ်ချုပ်ရေးအဖွဲ့ စသဖြင့် အဆင့်ဆင့် ခွဲခြားထားရှိရသည်။

ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၌ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများကို တင်မြှောက်ရမည်ဖြစ်ပြီး ၄ ယောက်ထက် မနည်း၊ ၈ ယောက်ထက် မများသော အုပ်ချုပ်ရေး



အဖွဲ့ဝင်များကို ခန့်ထားအုပ်ချုပ်ရလေသည်။ မြို့မအုပ်ချုပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် ၆ ယောက်ထက် မနည်းသော အမှုဆောင်အဖွဲ့ဝင်များကို ခန့်ထားဆောင်ရွက်ရလေသည်။

မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အောက်ပါ ဌာနမှူးများကို အသီးသီးခန့်ထား ဆောင်ရွက်စေရသည်။ ၎င်းဌာနမှူးများမှာ ၁။ ဘဏ္ဍာရေး ၂။ တရားစီရင်ရေး ၃။ ကျန်းမာရေး ၄။ ပညာရေး ၅။ ကာကွယ်ရေး ၆။ လမ်းပန်းဆက်သွယ်ရေး ၇။ စစ်သားစုဆောင်းရေး ၈။ ရိက္ခာဌာန ၉။ ဝါဒဖြန့်ချိရေး စသဖြင့် ၉ ဌာန ခွဲထားလေသည်။

ခရိုင်အုပ်ချုပ်ရေးအဖွဲ့တွင်လည်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် ၁။ အခွန်တော်ဌာန ၂။ ကျန်းမာရေးဌာန ၃။ ဘဏ္ဍာရေးဌာန ၄။ တရားစီရင်ရေးဌာန ၅။ ပညာရေးဌာန ၆။ ကာကွယ်ရေးဌာန ၇။ လမ်းပန်းဆက်သွယ်ရေးဌာန ၈။ စစ်သားစုဆောင်းရေးဌာန ၉။ ဝါဒဖြန့်ချိရေးဌာန ၁၀။ သစ်တောဌာန ၁၁။ ဆည်မြောင်းဌာန စသည်တို့အတွက် ဌာနမှူးများအသီးသီးကို ခန့်ထားအုပ်ချုပ်ရလေသည်။

သခင်ထွန်းအုပ်၏ အမိန့်ကြေညာချက်တစ်ရပ်တွင် အင်္ဂလိပ် ငွေစက္ကူများ တရားဝင်သုံးစွဲခွင့် မရှိကြောင်း၊ အကယ်၍ ၎င်းအင်္ဂလိပ်ငွေစက္ကူများကို လက်ခံထားရှိ သုံးစွဲသည်ကို တွေ့လျှင် ကြီးလေးသော အပြစ်ဒဏ်များ ပေးမည်ဖြစ်ကြောင်း စသဖြင့် ပါရှိ၏။ သို့သော်လည်း မြန်မာလူထုသည် တစ်နေ့နေ့တွင် အင်္ဂလိပ်အစိုးရ ပြန်လာဦးမည်ဟူသော မျှော်လင့်ချက်ဖြင့် အင်္ဂလိပ်ငွေစက္ကူများကို သံပုံးများဖြင့် ထည့်၍ မြေကြီးထဲ၌ မြှုပ်၍လည်းကောင်း၊ အခြားလုံခြုံသော နေရာများတွင် ထားရှိ၍လည်းကောင်း သိမ်းဆည်းထားကြလေသည်။

မြန်မာနိုင်ငံရေးခေါင်းဆောင်များက ခရိုင်၊ မြို့နယ်၊ ကျေးရွာများအထိ ထိုကဲ့သို့ ယာယီကျ အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းသည်ကို ဂျပန်တို့သည် မူလအစကပင် ကြိုက်နှစ်သက်သည့် အမူအရာများ မပြခဲ့ကြပေ။ ဂျပန်တို့အနေဖြင့် မြန်မာအမျိုးသားများအပေါ်တွင် နိုင်မာသော မြန်မာ့အုပ်ချုပ်ရေးအဖွဲ့က ယာယီကျ အုပ်ချုပ်ခြင်းဖြင့် မိမိတို့ ဂျပန်တပ်များက ဝင်ရောက်စွက်ဖက်ရန် ခက်ခဲမည်ကို စိုးရိမ်ကြဟန် ရှိပေသည်။ သို့သော်လည်း ဂျပန်အာဏာပိုင်တို့သည် ဘာမျှ ထုတ်ဖော်ကန့်ကွက်ခြင်း မပြုခဲ့ပေ။

ထိုသို့ရှိစဉ်အတွင်း ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်သေနာပတိဖြစ်သော ဗိုလ်မှူးကြီးအောင်ဆန်း ဗိုလ်မိုးကြိုးသည် ၁၉၄၂ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ကြေညာချက်တစ်ရပ်ကို လူသိရှင်ကြား ထုတ်ပြန်ကြေညာခဲ့လေသည်။ အဆိုပါ ကြေညာချက်ကို ဗဟိုအုပ်ချုပ်ရေးအဖွဲ့ဝင် မြန်မာခေါင်းဆောင်များနှင့် ဂျပန်

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေးအရာရှိများ ဆွေးနွေးသဘောတူညီမှုရရှိပြီး ကြေညာခြင်းဖြစ်သည်ဟု ဆိုခဲ့သည်။ သို့သော် ယင်းကြေညာချက်မှာ ဖက်ဆစ်ဂျပန်တို့၏ အာရှတိုက်သာတူညီမျှစနစ်ဟူသော ခေါင်းစဉ်ကို ဆောင်းထားသည့် ဘီလူးရုပ်အား အလှပ်ခြယ်ပြလိုက်သည်နှင့် တူနေတော့သည်။

၎င်းကြေညာချက်တွင် အောက်ပါအချက်များကို အဓိကထား၍ ဖော်ပြထားလေသည်။

၁။ မြန်မာနိုင်ငံမှ သစ်တော၊ သတ္တု အစရှိသော သဘာဝပစ္စည်းများနှင့် စပ်လျဉ်း၍ ရရှိသော အခွန်တော်ဟူသမျှကို ၁၀ နှစ် ကာလအတွင်း ဂျပန်အစိုးရက ကောက်ယူရန်။

၂။ ဂျပန်ကုန်ပစ္စည်းများနှင့် ယိုးဒယားကုန်ပစ္စည်းများသည် ၁၅ နှစ်အတွင်း မြန်မာနိုင်ငံအတွင်းသို့ အခွန်အကောက်မရှိဘဲ တင်သွင်းရန်၊ ထိုကာလအတွင်း အကောက်တော်ခွန်ဌာနကို ဂျပန်က အုပ်ချုပ်ရန်။

၃။ မြန်မာနိုင်ငံအတွင်း၌ ကျဆုံးသော ဂျပန်တစ်ဦးအတွက် မြန်မာက လျော်ကြေးငွေ ၃၀၀၀ ကျပ်ပေးရန်။

၄။ မြန်မာနိုင်ငံမှ ထွက်ခွာသွားကြသော နိုင်ငံခြားသားပိုင်ပစ္စည်းများကို သိမ်းယူရန်။

၅။ မည်သည့်နိုင်ငံခြားသားမျှ မြန်မာနိုင်ငံအတွင်းသို့ ကုန်းလမ်းဖြင့်သော်လည်းကောင်း၊ ရေလမ်းဖြင့်သော်လည်းကောင်း ဝင်ရောက်လာခြင်း မရှိစေရ။

၆။ မြန်မာလူမျိုး ပညာတော်သင် ၁၀၀၀ ဦးကို နှစ်စဉ် ဂျပန်နိုင်ငံသို့ စေလွှတ်၍ ပညာသင်ကြားစေရမည်။

၇။ မြန်မာနိုင်ငံသည် မည်သည့်နိုင်ငံနှင့်မျှ ကူးသန်းရောင်းဝယ်ရေးစာချုပ် မချုပ်ဆိုရ။

၈။ အာရှစစ်ပွဲကြီး မပြီးဆုံးသေးသမျှ ကာလပတ်လုံး စစ်ဆင်ရေးအတွက် လိုအပ်သော ခဲယမ်းမီးကျောက်များကို ဂျပန်က ထောက်ပံ့မည်။

၉။ မြန်မာနိုင်ငံရှိ ဂျပန်လက်နက်ကိုင် စစ်သားများကို အာရှစစ်ပွဲကြီး မပြီးဆုံးသေးသမျှ ကာလပတ်လုံး မြန်မာနိုင်ငံမှ အစားအစာကျွေးမွေး ထောက်ပံ့ရမည်။

ဗိုလ်မိုးကြိုး၏ လက်မှတ်ဖြင့် ထွက်လာသော ယင်းကြေညာချက်မှာ ရန်ကုန်မြို့ကို အင်္ဂလိပ်စစ်သားများလက်မှ ဗမာ့လွတ်လပ်ရေးတပ်မတော်က သိမ်းယူပြီးနောက် ရက်သတ္တ ၂ ပတ်အကြာတွင် ထွက်လာခြင်းဖြစ်သည်။ ယင်းကြေညာချက်ကို ကြားရ သိရသောအခါတွင် မြန်မာနိုင်ငံရေးခေါင်းဆောင်များ



နှင့် စစ်ရေးခေါင်းဆောင်များသည် ဂျပန်ကို မြန်မာပြည်သို့ခေါ်လာခြင်း၏ အဓိက ရည်ရွယ်ချက်ကို သေချာစွာသိကြရပြီး များစွာမကျေမနပ်ဖြစ်ကြတော့သည်။

မူလပထမက မော်လမြိုင်သိမ်းပြီးလျှင် မြန်မာ့လွတ်လပ်ရေးကို ကြေညာပေးပါမည်ဟု ပြောခဲ့ကြပြီးနောက် မော်လမြိုင်ကျသော်လည်း မကြေညာခဲ့။ ထို့နောက် ရန်ကုန်ကို သိမ်းယူပြီးလျှင် မြန်မာ့လွတ်လပ်ရေးကို အမှန်ကြေညာပေးပါမည်ဟု ဂျပန်များက ထပ်မံကတိပေးပြန်သည်။ ယခု ရန်ကုန်မြို့သိမ်းပြီးသောအခါ၌ လွတ်လပ်ရေးအသံကို လုံးဝမကြားရဘဲ တစ်ဖက်စီးနင်းကျသော အထက်ပါ ကြေညာချက်သာ ရုတ်တရက်ထွက်လာခဲ့၏။

အထက်ပါ ကြေညာချက်ကို ကြည့်လျှင် အမှတ် ၁၊ ၂၊ ၃၊ ၇ နှင့် ၉ ပါ အချက်များမှာ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်အနိုင်ကျင့်၍ ကြေညာထားသည့် အချက်များဖြစ်လေသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော သတ္တုများနှင့် သဘာဝပစ္စည်းများ၏ အခွန်တော်ကို ဂျပန်တို့က ၁၀ နှစ်ကောက်ယူရေးနှင့် ဂျပန်နှင့် ယိုးဒယားပစ္စည်းများ မြန်မာနိုင်ငံသို့ အကောက်မဲ့သွင်းရေး စသည်တို့မှာ မြန်မာစီးပွားရေး ငွေလုံးငွေရင်းကို ဓားပြတိုက်ယူခြင်းနှင့် မခြား ဖြစ်နေတော့သည်။

ထို့ပြင် နယ်ချဲ့စစ်ပွဲ၌ အာရှကို ကျူးကျော်တိုက်ခိုက်လာသော ဂျပန်တပ်မတော်မှ တပ်သားတစ်ဦးအတွက် အသက်ဖိုးလျော်ကြေးငွေ ၃၀၀၀ ပေးရမည်ဆိုခြင်းသည်လည်း ဂျပန်တို့က မြန်မာများထံမှ အဓမ္မရယူသော မတရားတောင်းဆိုချက်တစ်ရပ် ဖြစ်နေပေသည်။ ဂျပန်တို့သည် မြန်မာတို့အား အုပ်ချုပ်နေသော အင်္ဂလိပ်အစိုးရကို တိုက်ခိုက်ရာတွင် မိမိ၏ အာရှကျူးကျော်ရေးဝါဒ အလိုကို ထူ၍ တိုက်ခိုက်ခြင်းဖြစ်ရာ ၎င်းတို့အသက်ဖိုးအတွက် မြန်မာနိုင်ငံမှ မည်သည့်တန်ဖိုးငွေမျှ ပေးသင့်သည်မဟုတ်ပေ။

မြန်မာနိုင်ငံက မည်သည့်နိုင်ငံနှင့်မျှ ကူးသန်းရောင်းဝယ်ရေးစာချုပ် မချုပ်ဆိုရဆိုသော တားမြစ်ချက်မှာလည်း မြန်မာနိုင်ငံသည် ကိုယ်ကြမ္မာကိုယ် ဖန်တီးခွင့်မရ၊ ဂျပန်၏ သဘောအတိုင်း လုပ်ဆောင်ရမည်ဖြစ်သော ဂျပန်၏ ကျွန်နိုင်ငံတစ်နိုင်ငံသဘောသာ ဖြစ်နေသည်ကို ထင်ရှားစေပေသည်။ ဂျပန်၏ နောက်ဆုံးတောင်းဆိုချက်ဖြစ်သော အာရှစစ်ပွဲကြီး မပြီးဆုံးသေးသမျှ ကာလပတ်လုံး ဂျပန်လက်နက်ကိုင်တပ်သားများအား မြန်မာတို့က ကျွေးမွေးထားရမည်ဆိုခြင်းကား အဆိုးဝါးဆုံးအချက်တစ်ချက် ဖြစ်နေသည်ဟု ဆိုရတော့မည်။ နယ်ချဲ့စစ်ကို တိုက်လာသော ဂျပန်တပ်သားများ မြန်မာနိုင်ငံ၌ နေထိုင်သမျှကာလပတ်လုံး မြန်မာက ၎င်းတို့အတွက် စားရေးရိက္ခာ ဖြည့်တင်းကျွေးမွေးရေးမှာ မလွယ်ကူပေ။ သည့်အတိုင်းသာဆိုလျှင် အတိုင်းအဆမရှိသော အချိန်ကာလကြာမြင့်

www.burmeseclassic.com

www.burmeseclassic.com



မှာ ဂျပန်များ နေထိုင်ကြမည်ဖြစ်ပြီး ၎င်းတို့နေသမျှ အကန့်အသတ်မရှိသော စားရေရိက္ခာများကို မြန်မာတို့က ကျွေးရပေးရမည့်သဘော ဖြစ်နေလေသည်။

ဗိုလ်မိုးကြိုး၏ ကြေညာချက်ကို မြန်မာခေါင်းဆောင်အများစုတို့က မကျေနပ်ကြပေ။ ထိုအချိန်က သခင်ခေါင်းဆောင်တချို့နှင့် ပြည်သူ့အရေးတော်ပုံ ပါတီဝင်အချို့ အပါအဝင် မြန်မာနိုင်ငံခေါင်းဆောင်များသည် သခင်ထွန်းအုပ် ဖွဲ့စည်းနေသော ဗဟိုအုပ်ချုပ်ရေးအဖွဲ့နှင့် ၎င်း၏လက်အောက်ခံ ခရိုင်မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များတွင် ပါဝင်ဆောင်ရွက်လျက်ရှိနေကြလေသည်။

ထိုသို့ အုပ်ချုပ်ရေးအဖွဲ့များတွင် ဝင်ရောက်ဆောင်ရွက်နေရင်း ဂျပန်စစ်သားများ၏ မတော်မတရားပြုမှုများကို အုပ်ချုပ်ရေးအဖွဲ့ဝင်များ တွေ့ရှိကြသည်။ ထိုအပြုအမူများကို မြန်မာခေါင်းဆောင်များက ဝင်ရောက်ဖြေရှင်း တားမြစ် ဆောင်ရွက်စေသောအခါတွင် ဂျပန်တို့သည် မြန်မာတို့ကို ပါးရိုက်နားရိုက်လုပ်ရင်း ဖမ်းဆီးနှိပ်စက်စပြုလာကြလေသည်။

အရှေ့တိုင်း သာတူညီမျှအလံကို လေတွင် လွှင့်နေရင်းမှ မြန်မာအမျိုးသားများအား ဂျပန်က ပါးရိုက်လာသောအခါ မြန်မာအမျိုးသားထုကြီးမှာ ရှေ့ဆက်၍ ဘာလုပ်ရမှန်းပင် ရုတ်တရက် မသိနိုင်တော့ပေ။

ထိုအချိန်အတွင်း ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်မတော်တို့မှာ မသင့်မတင့်ဖြစ်မှု များစွာ ပေါ်လာတော့သည်။ ဂျပန်တို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်များကို အသေခံဖက် ရဲဘော်များအနေဖြင့် အသိအမှတ်မပြုကြဘဲ မိမိတို့ လက်အောက်ငယ်သား ကျွန်သပေါက်များသဖွယ် ဆက်ဆံညှဉ်းဆဲကြလေသည်။ ထို့ကြောင့်ပင် ဗမာ့လွတ်လပ်ရေးတပ်သားများနှင့် ဂျပန်တပ်သားတို့ မကြာခဏ ပဋိပက္ခ ဖြစ်ကြမည့် အခြေအနေမျိုးအထိ ပြဿနာကြီးမားခဲ့လေသည်။ သို့သော် ဗမာ့လွတ်လပ်ရေးတပ်မတော်သားတို့ကို သက်ဆိုင်ရာအရာရှိများက အကြိမ်ကြိမ်ဖျောင်းဖျနှစ်သိမ့်ခဲ့သဖြင့်သာ မီးတောက်ကြီး လောင်မြိုက်မည့်ဘေးမှ ကင်းဝေးခဲ့ရလေသည်။

ထိုအချိန်အထိ ဗမာ့လွတ်လပ်ရေးတပ်မတော်၏ သေနာပတိအဖြစ် ကာနယ်ဆူဇူကီးခေါ် ဗိုလ်မိုးကြိုးကပင် ဆောင်ရွက်နေဆဲ ဖြစ်သည်။ မြန်မာစစ်ဘက်ခေါင်းဆောင်များဖြစ်သော ဗိုလ်တေဇ(သခင်အောင်ဆန်း)နှင့် ဗိုလ်လက်ျာ ဗိုလ်နေဝင်း စသည့် အရာရှိများမှာ မိမိတို့ ပြုစုပျိုးထောင်ခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ကြီးကြပ်အုပ်ချုပ်ရလျှင် မိမိတို့ သဘောအတိုင်း ဆောင်ရွက်၍မရဘဲ ရှိနေခဲ့၏။ နေရာဌာနတိုင်းတွင် ဗိုလ်မိုးကြိုးနှင့် ဂျပန်အရာရှိများ၏ အုပ်ချုပ်မှုအောက်တွင် ဆောင်ရွက်နေရလေသည်။



ဗိုလ်မိုးကြိုးသည် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ သေနာပတိရာထူးကို မြန်မာနိုင်ငံသို့ တပ်မတော်ကြီး ချီတက်စဉ်ကပင် မြန်မာရဲဘော်များအား လွှဲပြောင်းပေးရန် ကတိပြုခဲ့သည်။ ယခုသော်ကား ရန်ကုန်မြို့ကို သိမ်းပြီးသည့်တိုင် ယင်းရာထူးကို မြန်မာရဲဘော်များအား ပြောင်းလွှဲပေးခြင်း မရှိသေးပေ။ ထိုအချက်ကို ရဲဘော်သုံးကျိပ်ဝင် မြန်မာလူငယ်ခေါင်းဆောင်များက ကြိတ်မနိုင် ခဲရ ဖြစ်နေခဲ့သည်။

ထို့ကြောင့်ပင် ဗိုလ်တေဇ၊ ဗိုလ်လက်ျာ၊ ဗိုလ်နေဝင်း၊ ဗိုလ်စကြာ စသော ဗမာ့လွတ်လပ်ရေးတပ်မတော်ခေါင်းဆောင်များသည် သေနာပတိ ဗိုလ်မိုးကြိုးထံသို့ မိမိတို့အား ဗမာ့လွတ်လပ်ရေးတပ်မတော် အုပ်ချုပ်မှုတာဝန်ကို လွှဲပြောင်းပေးရန် တောင်းဆိုသည့် စာတစ်စောင်ကို ရေးသားတင်သွင်းလိုက်လေသည်။ ယင်းစာသည် ဂျပန်စစ်ခေါင်းဆောင်များအနေဖြင့် ယမ်းပုံမီးကျဖြစ်လျက် ပေါက်ကွဲမှုကြီးဖြစ်လာမည်ကို မြန်မာလူငယ်ခေါင်းဆောင်များ ကြိုတင်သိထားကြသည်။ သို့သော် ဤလမ်းမှတစ်ပါး အခြားလမ်းကို ရွေးစရာ မရှိသည့်အဆုံးတွင် လာမည့်ဘေးကို ပြေးတွေ့ရန် ဆုံးဖြတ်လိုက်ကြရလေတော့သည်။ မြန်မာလူငယ်ခေါင်းဆောင်များအနေဖြင့် ဂျပန်တပ်မတော်၏ ဖိနှိပ်ညှဉ်းဆဲမှုကို မြန်မာတပ်သားများ ခံနေရသဖြင့် သည်းမခံနိုင်တော့၍လည်း ယင်းစာကို တင်လိုက်ကြခြင်းဖြစ်ပေသည်။

ဗိုလ်မိုးကြိုးသည် ထိုစဉ်က အင်္ဂလိပ်သံအမတ် နေအိမ်ဟောင်းတွင် နေထိုင်လျက်ရှိသည်။ ဗိုလ်တေဇတို့ တင်သွင်းသော စာကို ရသည့် ညနေမှာပင် မြန်မာလူငယ်ခေါင်းဆောင်များကို မိမိနေအိမ်သို့ အမြန်လာရောက်ရန် ဆင့်ခေါ်လိုက်လေသည်။ ဗိုလ်တေဇနှင့် ရဲဘော်များသည် ဆင့်ခေါ်ရာ အိမ်သို့ ချက်ချင်းပင် လိုက်တွေ့ကြ၏။ ဗိုလ်တေဇတို့ ဗိုလ်မိုးကြိုးအိမ်ဝင်းထဲသို့ ဝင်လာသောအခါ အိမ်ဝင်းထဲ၌ မကြုံစဖူး အထူးသဖြင့် စောင့်ကြပ်နေသော ဂျပန်တပ်မတော်သားအများအပြားကို လက်နက်စုံညီနှင့် တွေ့ကြရပေသည်။

ဗိုလ်မိုးကြိုးသည် ဗိုလ်တေဇတို့ လူငယ်တစ်စုကို ကြောက်လန့်၍ ဆက်ဆံပြောဆိုလိုသည့် သဘောရှိကြောင်း အလွယ်တကူ သိသာနိုင်ပေသည်။ မည်သို့ပင်ဖြစ်စေ၊ ဗိုလ်တေဇတို့သည် ဂျပန်အရာရှိများနှင့် ဗိုလ်မိုးကြိုးတို့ကို ရဲရဲစွာဖြင့် ဝင်ရောက်တွေ့ဆုံခဲ့သည်။

ဗိုလ်မိုးကြိုးနှင့် တွေ့ရန် စောင့်နေသော ဗိုလ်တေဇတို့ ရဲဘော်တစ်စုထံသို့ ဗိုလ်မိုးကြိုးသည် ခေါမာန်ပါပါဖြင့် ဝင်ရောက်လာသည်။ သူ့အနီး၌ ဂျပန်သက်တော်စောင့် စစ်အရာရှိများ ခြံရံ၍ ပါလာသည်။ ဗိုလ်မိုးကြိုးသည် အခန်းထဲသို့ ရောက်လျှင် ရောက်ချင်းပင် လက်တစ်ဖက်က မိမိ၏ဓားရှည်ကို ဆွဲထုတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၍ "မင်းတို့ဟာက ဘာအဓိပ္ပာယ်လဲ"ဟု စက်ထိန်းမာကျော့စွာ မေးမြန်းခဲ့လေသည်။

နောင်အခါတွင် မြန်မာလွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာခဲ့သော ဗိုလ်တေဇသည် ပြုံးသနားကို အေးအေးဆေးဆေး ရဲရင့်စွာရင်ဆိုင်လိုက်၏။ ဗိုလ်မိုးကြိုး မာရီးကို ဆွဲထုတ်လိုက်သည်နှင့် ဗိုလ်တေဇသည် မိမိ၏ဓားရိုးကို ရုတ်တရက် ဆုပ်ကိုင်လိုက်လေသည်။

ဤအခြေအနေကို ချက်ချင်းနားလည်သွားသော ဗိုလ်မိုးကြိုးသည် မျက်နှာထားကို ပြောင်းလဲလိုက်၍ "မင်းတို့ကို ငါသားတွေလို သဘောထားတယ်၊ ပြောစရာရှိရင် ငါကို လာပြောပါ၊ စာတွေ ဘာတွေ ရေးပြီး ပြောစရာ မလိုဘူး" စသည့် သဘောပါသော စကားများကို ပြောပြီးလျှင် ဗိုလ်တေဇတို့ကို ပြန်လွှတ်လိုက်သည်။

နောက်တစ်နေ့တွင် ဗိုလ်မိုးကြိုး လက်မှတ်ဖြင့် အမိန့်တစ်ရပ် ထွက်လာလေသည်။ ထိုအမိန့်အရ ဗိုလ်တေဇသည် ဗမာ့လွတ်လပ်ရေး၏ သေနာပတိဖြစ်လာပြီးလျှင် ဗိုလ်လက်ျာသည် စစ်ဦးစီးဌာနချုပ်မှူးအဖြစ် ခန့်ထားခြင်းခံရလေသည်။

ဗိုလ်တေဇကို ဗမာ့လွတ်လပ်ရေးတပ်မတော်၏ သေနာပတိအဖြစ် ခန့်အပ်ခြင်းခံရပြီးနောက်တွင်လည်း ဂျပန်တပ်မတော်နှင့် မြန်မာတပ်မတော်သားတို့၏ ဆက်ဆံမှုအခြေအနေမှာ ဆိုးဝါးမြဲ ဆိုးဝါးလျက်ပင် ရှိပေသည်။ ဂျပန်တပ်မတော်၏ စော်ကားမှုများကို ဂျပန်များ မြန်မာနိုင်ငံသို့ဝင်လာစကပင် စတင်၍တွေ့မြင်ရသောအခါ မြန်မာတပ်သားများသည် ဂျပန်များကို တစ်နေ့တွင် ပြန်လည်တော်လှန်ရဦးမည်ဆိုသည့် အသိကို ရလာကြသည်။ ထိုသို့ အသိအမြင်ရလာကြပုံအကြောင်းကို တော်လှန်ရေးရဲဘော်ဟောင်းတစ်ဦးဖြစ်သော ဗိုလ်မှူးချုပ်ကောင်းသည် သူ၏ "အနန်း နှစ်ဆယ်"အမည်ရှိ စာအုပ်၌ အောက်ပါအတိုင်း ရေးထားလေသည်။

"ဘီအိုင်အေနှင့် ဂျပန်ကား အစကတည်းကပင် အစေးမကပ်ဖြစ်ခဲ့၏။ ဘီအိုင်အေမှာ တိုင်းပြည်လွတ်လပ်ရေးအတွက် အင်္ဂလိပ်ကို လက်နက်ကိုင်တိုက်ထုတ်ရန် ဖွဲ့စည်းထားသော တပ်မတော်ဖြစ်၏။ ဂျပန်ကား ဗမာကို ကျွန်ပြုရန် ဝင်လာခြင်းဖြစ်၏။ ဤသို့အားဖြင့် နှစ်ဖက်သည် အပေါ်ယံက မညီမျှပင် ပူးပေါင်းနေသည့် သဘောရှိသောကြောင့် တာကယ်စင်စစ်တွင် မည်ကဲ့သို့ ညီညွတ်သင့်မြတ်နိုင်မည်နည်း"

"တစ်နေ့တွင် ကျွန်တော်တို့ ဒါဒြမြန်ချီရေးဌာနမှ စစ်သားနှင့်သော် ရေးထွက်သူများကို ဂျပန်များက ရိုက်နှက်၍ လွှတ်လိုက်လေသည်၊ ထိုအဖြစ်အပျက်ကလေးသည် ဖက်ဆစ်ဂျပန်မှုန်းမီး၌ မီးမောင်း



လမ်းလျှောက်နေသော ကျွန်တော်တို့အား ရိုက်၍ နိုးလိုက်သလို ဖြစ်သွားလေသည်"

"အင်္ဂလိပ်လက်ထဲမှ သခင်သန်းထွန်းနှင့် သခင်စိုးတို့ လွတ်ပြီးမြင်းခြံသို့ ရောက်၍ လာကြရာ သူတို့က အသိဉာဏ်တစ်ခုပေး၍သွားကြ၏"

"တစ်ချိန်တွင် ကျွန်တော်တို့သည် ဂျပန်ကို ပြန်ချမှ ဖြစ်တော့မည်"

ထိုအချိန်တွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားစကပင် ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများကို လုပ်နေကြသော သခင်စိုး၊ သခင်သိန်းဖေ စသောခေါင်းဆောင်များနှင့် သူတို့၏ရဲဘော်တစ်စုသည် ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းများကို ဆက်လက်၍ လုပ်ဆောင်သွားကြရန် သန္နိဋ္ဌာန်ချပြီး ဖြစ်နေကြပေပြီ။ မိမိတို့ မျှော်လင့်ထားသလိုပင် ဂျပန်သည် မြန်မာနိုင်ငံအတွင်းသို့ ဖက်ဆစ်စနစ်နှင့် ဝါဒသဘောတရားကို စနစ်တကျအသုံးပြုရန် ဝင်လာကြောင်း သိရှိကြရပြီဖြစ်သဖြင့် ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းများကို မြေအောက်လုပ်ငန်းအဖြစ် လုပ်ဆောင်သွားကြရန် ဗိုလ်၍ သေချာသွားခဲ့လေသည်။

ဂျပန်သည် သခင်ထွန်းအုပ်နှင့် ၎င်း၏ ဗဟိုအုပ်ချုပ်ရေးအဖွဲ့ကို မူလကပင် ကျေနပ်နှစ်သက်ခြင်း မရှိခဲ့သည်ကို ရှုကမော်ပြခဲ့ပြီးဖြစ်၏။ ယခုလည်း မြန်မာနိုင်ငံ၏ အဆီကို စား၊ အသားကို မျိုရန် အကြံဖြင့် ထုတ်လိုက်သော ၁၉၄၂ ခုနှစ်၊ မတ်လ ၂၄ ရက် ကြေညာစာတမ်းထွက်လာပြီးနောက် နှစ်လကျော်ကြာသည့်အချိန်တွင် သခင်ထွန်းအုပ်၏ ဗဟိုအုပ်ချုပ်ရေးအဖွဲ့ကို ဂျပန်တပ်မတော်ကြီး၏ စစ်သေနာပတိချုပ် ဂျင်နရယ်အီဒါး၏ အမိန့်ဖြင့် ဖျက်သိမ်းလိုက်ပေသည်။ ထို့နောက် တစ်ဆက်တည်းပင် မြန်မာနိုင်ငံခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သော ဒေါက်တာဘမော်ကို ခေါင်းဆောင်စေပြီး ဗဟိုအုပ်ချုပ်ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းရန် ၁၉၄၂ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ဂျင်နရယ်အီဒါးက အမိန့်ပေးလိုက်ပြန်လေသည်။ ဒေါက်တာဘမော်သည် ပထမတွင် "အုပ်ချုပ်မှု စီစဉ်ရေးကော်မတီ"ကို အရင်ဖွဲ့စည်းရမည်ဖြစ်ပေသည်။ ထိုသို့ပြုလုပ်ခြင်းကပင် ဂျပန်သည် မြန်မာနိုင်ငံရေးခေါင်းဆောင်များအား စစ်တုရင်ရုပ်များသဖွယ် စိတ်တိုင်းကျ ရွှေ့ပြောင်းကိုင်တွယ်ကစားလိုသည့် သဘောကို သိသာနိုင်တော့သည်။

ဂျပန်များ မြန်မာနိုင်ငံသို့ ဝင်လာစဉ်က ဒေါက်တာဘမော်သည် အင်္ဂလိပ်အစိုးရ၏ ဖမ်းဆီးခြင်းကို ခံရ၍ မိုးကုတ်ထောင်သို့ ရောက်နေလေသည်။ ဂျပန်များက သခင်ထွန်းအုပ်နေရာတွင် ထင်ရှားသော နိုင်ငံခေါင်းဆောင်တစ်ဦးကို အစားထိုးရန်အတွက် ဒေါက်တာဘမော်ကို လိုက်လံရှာဖွေခဲ့ကြသည်။ အင်္ဂလိပ်များ မြန်မာနိုင်ငံမှ အပြီးအပိုင်ထွက်ခွာသွားပြီးနောက် ဒေါက်တာဘမော်

www.burmeseclassic.com

www.burmeseclassic.com



သည် မောင်မှ လွတ်ပြီး ရှမ်းပြည်နယ်တစ်နေရာတွင် ရောက်ရှိလျှက်နေခဲ့ရာမှ ဂျပန်များက အရေးတကြီးလိုက်ရှာပြီးနောက် ဗဟိုအုပ်ချုပ်ရေးအာဏာပိုင်ကို ဖွဲ့စည်းမှု တာဝန်ပေးအပ်ခြင်းခံရ ဖြစ်လေသည်။ ဒေါက်တာဘမော်သည် နိုင်မာသော အစိုးရအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်း၍ မြန်မာနိုင်ငံကို အုပ်ချုပ်ရန်နှင့် ဂျပန်စစ်ဆောင်ရွက် ရေးအတွက် မြန်မာနိုင်ငံက အစွမ်းကုန်ကူညီရန်အတွက် တာဝန်ပေးအပ်ခြင်း ခံရပေသည်။ ထို့ပြင်လည်း ဂျပန်-မြန်မာ ဆက်ဆံမှုနိုင်မြဲရေး၊ ခိုင်မြဲစေရန်အတွက် မြန်မာနိုင်ငံ အုပ်ချုပ်ရေးအခြေခံဥပဒေတစ်ရပ်ကိုလည်း ရေးဆွဲပေးရမည်ဖြစ်သည်။

## (ခ) ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဂျပန်စစ်ခေါင်းဆောင်တို့က ဖျက်သိမ်းစေခြင်း

မြန်မာနိုင်ငံရှိ နယ်ချဲ့အင်္ဂလိပ်အစိုးရအဖွဲ့ကို နိုင်ငံပြင်ပသို့ မောင်းနှင်ထုတ်ရန် ရည်ရွယ်ချက်တစ်ခုတည်းဖြင့် ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်းသို့ ချီတက်ခဲ့ကြသော ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်မတော်သည် အချင်းချင်း ဆက်ဆံရေးအခြေအနေများ မပြေလည်ဖြစ်လာမည်ကို ၁၉၄၂ ခုနှစ် ပထမနှစ်ဝက်တွင်ပင် စတင်တွေ့ရှိခဲ့ကြရတော့သည်။

ဤသည်မှာ အမှန်ဆိုရလျှင် ဆန်းကြယ်ထူးခြားလှသည်တော့ မဟုတ်။ ယေဘုယျအားဖြင့် အင်္ဂလိပ်တပ်များကို မြန်မာနိုင်ငံမှ တိုက်ထုတ်ရန် ရည်ရွယ်ချက်တစ်ခုတည်းဖြင့် လက်တွဲ၍ မြန်မာနိုင်ငံသို့ ချီတက်လာကြခြင်းမှန်သော်လည်း အခြေခံဖွဲ့စည်းပုံချင်းမတူညီသော ဂျပန်တပ်မတော်နှင့် ဗမာ့တပ်မတော်တို့မှာ ပဋိပက္ခဖြစ်ပေါ်လာရမည်မှာ သဘာဝကျလှပေသည်။

ဂျပန်တပ်မတော်သည် နယ်ချဲ့ကျူးကျော်စစ်ကို ဆင်နွှဲရန် အခြေခံ၍ ဖွဲ့စည်းထားသည့် ဖက်ဆစ်တပ်မတော်တစ်ခုဖြစ်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးရရှိရန်အတွက် တစ်ခုတည်းသော မျှော်မှန်းချက်ကို အခြေခံ၍ ဖွဲ့စည်းထားသော မျိုးချစ်တပ်မတော်ဖြစ်ပေသည်။

နယ်ချဲ့ကျူးကျော်ရေး မျှော်မှန်းချက်ကို အခြေခံ၍ ဖွဲ့စည်းထားသော ဂျပန်ဖက်ဆစ်တပ်မတော်နှင့် လွတ်လပ်ရေး မျှော်မှန်းချက်ကို အခြေခံ၍ ဖွဲ့စည်းထားသော မျိုးချစ်ဗမာ့လွတ်လပ်ရေး တပ်မတော် ၂ ခုသည် ဤသို့ပင် ကွဲပြားခြားနားချက်ကြီးများ ရှိနေခဲ့လေသည်။ အခြေခံဖွဲ့စည်းပုံနှင့် မျှော်မှန်းချက်ချင်း မတူသော တပ်မတော်ကြီး ၂ ခုတို့ ပဋိပက္ခဖြစ်လာရခြင်းမှာ သဘာဝကျသည်ဟု ဆိုရပေတော့မည်။

ထို့ပြင် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ အင်အားသည် တစ်နေ့တခြား တိုးပွားတောင့်တင်းလာခဲ့လေသည်။ ၁၉၄၂ ခုနှစ် ပထမနှစ်ဝက်တွင် တပ်သား



၂၃၀၀၀ ကျော်အထိ ရှိလာခဲ့သည်။ ဤသို့ အင်အားတောင့်တင်းသော ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးနှင့် အဆင်မပြေဖြစ်ရခြင်းမှာ မိမိတို့ ဂျပန်တပ်မတော်အတွက် ကောင်းမွန်သော သင်္ကေတတစ်ခု မဟုတ်သည်ကို ဂျပန်စစ်ခေါင်းဆောင်များက ကောင်းစွာနားလည်သဘောပေါက်ကြပေသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် သူ၏တပ်သားများသည် ယနေ့ သို့မဟုတ် တစ်နေ့နေ့တွင် မိမိတို့ ဂျပန်တပ်မတော်ကြီးအတွက် အလွန်ကြီးမားသော အန္တရာယ်များကို ပေးလာမည်ကိုလည်း ဂျပန်စစ်ခေါင်းဆောင်များက အကြီးအကျယ် စိုးရိမ်သောက ဖြစ်လာကြခြင်းဖြစ်ပေသည်။

ထို့ကြောင့်ပင် ဂျပန်စစ်ခေါင်းဆောင်များသည် ဗမာ့တပ်မတော်သားတွေ စည်းကမ်းမရှိသော အကြောင်းပြချက်များဖြင့် တင်ပြ၍ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ယခုထက် အင်အားနည်းပါးပြီး စည်းကမ်းရှိသော တပ်မတော်တစ်ခုအဖြစ်သို့ ပြန်လည်ဖွဲ့စည်းရန် လိုအပ်သည်ဟု ပြောဆိုနေခဲ့ကြလေသည်။

၁၉၄၂ ခုနှစ် နှစ်ဦးပိုင်းတွင် မြန်မာနိုင်ငံအတွင်း၌ ဂျပန်တပ်မတော် ဒိဗီဇံတပ်မကြီး ၄ ခုမျှ ရောက်ရှိနေခဲ့လေသည်။ ၎င်းတပ်မကြီး ၄ ခုမှ ဂျပန်ဘာသာဖြင့် (ဟာရာရှီဘူတိုက်) ခေါ် အမှတ် ၁၅ တပ်မကြီးတွင် ပါဝင်သော လက်အောက်ခံ ဒိဗီဇံတပ်များပင် ဖြစ်သည်။ ၎င်းတပ်မကြီးများထဲမှ (တာခု) ခေါ် အမှတ် ၅၆ တပ်မကြီးမှာ တရုတ်-မြန်မာ နယ်စပ်သို့ ချီတက်ပြီး ချန်ကေရှိတ်တပ်များကို လိုက်လံတိုက်ခိုက်လျှက်ရှိ၏။

အမှတ် ၂၈ တပ်မတော်မှ အမှတ် ၁၅ တပ်မတော်သို့ ရွှေ့ပြောင်းရွှေ့၍ အင်အားဖြည့်တင်းပေးထားသော (မိကု)ခေါ် အမှတ် ၁၈ တပ်မကြီးမှာကား ရန်ကုန်မှ မြစ်ကြီးနားသို့ ချီတက်လျှက်ရှိသည်။ (တာတေး)ခေါ် အမှတ် ၃၃ တပ်မကြီးမှာ ရန်ကုန်မြို့နှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် တပ်စွဲလျှက်ရှိပေသည်။

၁၉၄၁ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဂျပန်အင်ပါယာအစိုးရ၏ စစ်ဆင်နွှဲရေးအစည်းအဝေးကြီးမှ ဆုံးဖြတ်ချက်များကို မှတည်၍ ၁၉၄၁ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့၌ ထုတ်ပြန်သော ဂျပန်ဘုရင့်တပ်မတော်၏ အမိန့်တွင် အမှတ် ၁၅ တပ်မတော်၏ သေနာပတိအဖြစ် ဗိုလ်ချုပ်ကြီး ရှိုဂျီရိုအီဒါကို ခန့်ထားခဲ့လေသည်။ ထို့ကြောင့် မြန်မာနိုင်ငံ စစ်မြေတွင် ဗိုလ်ချုပ်ကြီးအီဒါသည် စစ်သေနာပတိအဖြစ် ဆောင်ရွက်လျှက်ရှိနေပေသည်။

ဗိုလ်ချုပ်ကြီးအီဒါနှင့် ၎င်း၏လက်အောက်ခံ စစ်အရာရှိများက ဗမာ့လွတ်လပ်ရေးတပ်မတော်အား ဖျက်သိမ်းရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားလာခဲ့ကြ၏ မကြာမီပင် ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်အောင

www.burmeseclassic.com

www.burmeseclassic.com



အနည်းနှင့် ဗိုလ်အောင်ဆန်းသည် တပ်မတော်၏ ရည်ရွယ်ချက်နှင့် သဘောတရားများကို တိုင်းပြည်သို့ ကြေညာထုတ်ပြန်ခဲ့လေသည်။ ထိုကြေညာချက်နှင့် တစ်ဆက်တည်းပင် ဗိုလ်ချုပ်စောဇသည် ဗမာ့လွတ်လပ်ရေးတပ်မတော်သားများ လိုက်နာရန် လိုအပ်သော စည်းကမ်းချက်များကိုလည်း ထုတ်ပြန်ခဲ့လေသည်။ ဤကြေညာချက်နှင့် စည်းကမ်းချက်များသည် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး စည်းကမ်းရှိ၊ ပရမ်းပတာဖြစ်နေသည်ဆိုသော စွပ်စွဲချက်များကို ပြန်၍ ချေပလိုက်သည့်နယ် ဖြစ်နေတော့သည်။

ဗိုလ်ချုပ်စောဇ၏ ကြေညာချက်၌ 'ဗမာ့လွတ်လပ်ရေးတပ်မတော်ဆိုတာ ဘာလဲ' ဟု ခေါင်းစဉ်တပ်ထားပြီးလျှင် အောက်ပါအချက်များကို ရေးသားဖော်ပြထားသည်။

၁။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာတစ်မျိုးသားလုံး၏ လွတ်လပ်ရေး လွတ်လပ်ကြောင်းအတွက် လူတာအခြားကိုယူ၊ ကျန်ရစ်သော မြန်မာတိုင်း မြန်မာတိုင်း ပါဝင်သော တပ်ကြီးဖြစ်သည်။ ၎င်းတပ်ကို သခင်တစ်စု အစု က ထင်မြင်ကြသော်လည်း သခင်တပ် မဟုတ်။ ဂိုဏ်းဂဏပါတီမရွေး မြန်မာ လွတ်လပ်ရေးကို လိုလားသည့် မြန်မာတိုင်း ပါဝင်သော တပ်သာ ဖြစ်၏။ မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်၏။

၂။ ၎င်းတပ်သည် နိုင်ငံရေးပါတီတစ်ခုကြီးနှင့် မျှပေါင်းပြီး ရှုံလွှာအင်ပိုင်လိုက် မြန်မာ့မြေမှ နှင်ထုတ်ပြီးဖြစ်လေသည်။

၃။ ၎င်းတပ်ကို ဦးစီးအုပ်ချုပ်လျှက် ဗိုလ်မှူးအဖြစ် ဆောင်ရွက်သူများကား မြန်မာပြည် ဟိုင်နန်ကျွန်း ဖော်မိုဆာကျွန်းတို့တွင် စစ်အတတ်ကို တစ်ဖက်ကမ်းခပ် သင်ကြားလာသူများ ဖြစ်သည်။

၄။ တပ်သားများသည်လည်း မြန်မာပြည်တောင်သက်အရှေ့မှ မြောက်ဘက်အဆုံး အထိ မြေလျှင်မရိုး ချီတက်လာပြီး ရင်မြေကာတုတ်တုတ်ကာ သက်စွန့်ကြိုးပမ်း တိုက်ခိုက်ခဲ့သူများ ဖြစ်၏။

၅။ လွတ်လပ်ရေးဆိုသည်မှာ အလွယ်နှင့် ပြီးနိုင်သော ကိစ္စမဟုတ်၊ သွေးမြေမှ ရ၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးနှင့်သာလျှင် မြန်မာ့လွတ်လပ်ရေးကို ရအောင် ယူနိုင်မည်။ ရပြီးသော လွတ်လပ်ရေးကို ခေါင်းအောင် ကာကွယ်နိုင်ပေသည်။

၆။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာနိုင်ငံလွတ်လပ်ရေးလိုလားသူတို့အား တစည်းတလုံးတည်းရှိအောင် လုပ်မည်ဖြစ်၏။ မြန်မာ့လွတ်လပ်ရေးအနှောင့်အယှက်ပြုသူ၊ ဆူပြောက်လုပ်သူ၊ မြန်မာ့လွတ်လပ်ရေးဖျက်လိုသူတို့ကို ကျူးကျော်ရန် ကျူးကျော်မလာနိုင်အောင် သုတ်သင်ရှင်းလင်းမည်ဖြစ်သည်။



၇။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် အင်္ဂလိပ်အစိုးရလက်ထက်က အမှုထမ်းခဲ့သော သူတို့အား ကလဲ့စားချေမည်ဟူသော သဘောမရှိ၊ အရည်အချင်းအလျောက် ပြန်လည်အမှုထမ်းစေမည် ဖြစ်၏။

၈။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ရှမ်း၊ ကချင်၊ ချင်း စသော တိုင်းရင်းသားတို့နှင့် တစ်သွေးတည်း တစ်သားတည်း ရှိ၏။ မြန်မာပြည်အတွင်းရှိ တိုင်းရင်းသားအားလုံး တို့မေတာအပေါ်ဒီးတို့သည် အမြဲတမ်းရာတန်းတူရစေမည်ဖြစ်၏။

၉။ ဗမာ့လွတ်လပ်ရေးတပ်မတော်သားတို့သည် ရာထူးကြီးငယ် လက်ဝယ်ထိုသော စိတ် မရှိ။ ဗမာ့လွတ်လပ်ရေးတပ်မတော်အတွက် အနစ်နာခံခဲ့သော ပုဂ္ဂိုလ်များ၏ ခေါင်းဆောင်မှုကို လိုက်နာဆောင်ရွက် အမှုထမ်းရန် အသင့် ရှိ၏။

၁၀။ ထို့ကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို အလုံးအရင်းနှင့် ဝင်ကြလော့။ အရိုနိုရိုနိုက် စစ်အတတ်နှင့် လက်နက်ကိုင်ပညာကို အကျွန်ုပ်သင်ပေးမည်။ တပ်ကြီး တည်တံ့ရေးအတွက် ရိက္ခာထောက်ပံ့ကြလော့၊ နေရာထိုင်ခင်းများ စီစဉ်ပေးကြကုန်လော့။

ဗမာ့လွတ်လပ်ရေးတပ်မတော်၏ကြေညာချက်သည် အစီအစဉ်ရှင်းလင်း ပြတ်သား၍ တပ်မတော်၏ ဦးတည်ရည်မှန်းချက်ကိုလည်း အတိအကျဖော်ပြထားပေသည်။ လွတ်လပ်ရေးတပ်မတော်ကြီးသည် စည်သူကိုမျှ ညှဉ်းဆဲဖိနှိပ်မလုပ်ဘဲ လွတ်လပ်ရေးနှင့် တိုင်းပြည်ကာကွယ်ရေးအတွက် တိုင်းရင်းသားများနှင့် ပြည်သူလူထု၏ အင်အားကို အခြေပြု၍ ဆောင်ရွက်မည်ဖြစ်သည်ကိုလည်း အကျယ်တဝင့် ဖော်ပြထားပေသည်။ ထိုကြေညာချက်နှင့်အတူ ထုတ်ပြန်သော ဗမာ့လွတ်လပ်ရေးတပ်မတော်၏ စည်းကမ်းချက်များကို ကြည့်၍ တပ်မတော်၏ ခေါင်းဆောင်များသည် မိမိတို့တပ်မတော်ကြီးကို ကောင်းစွာ၍ စည်းနှင့်ကမ်းနှင့် ကြပ်မတ်ကွပ်ကဲရန် စည်းမျဉ်းကြိုးစားခဲ့သည်ကို သိသာနိုင်ပါလေသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်၏ အောက်ပါစည်းကမ်းချက်များမှာလည်း တပ်မတော် ဗိုလ်ချုပ် ဗိုလ်မိုးဇာ(သခင်အောင်ဆန်း)က ထုတ်ပြန်ခဲ့ခြင်းဖြစ်၏။

ဗမာ့လွတ်လပ်ရေးတပ်မတော် စစ္စည်းကမ်းချက်များ

၁။ စစ်မှုထမ်းသူတိုင်း ရာထူးကြီးငယ်အလိုက် စစ်ထုံးစံအတိုင်း သစ္စာခံပေးရမည်။

၂။ စစ်သားတိုင်းသည် သန့်ရှင်းစင်ကြယ်စွာ နေထိုင်ရမည်။

၃။ လက်နက်များကို စစ်သားတိုင်း ရှိသေစွာ သိမ်းဆည်းကိုင်ဆောင်ရမည်။

၄။ စစ်ထုံးအတိုင်းဆောင်ရွက်သူ အကြီးအငယ်မရွေး သင်သင့်ရင်ရင်ပြု၍ အကျိုး

www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့ အလျောက်အရှုံးမရှိစေဘဲ အသုံးပြုရမည်။ စစ်သားအသုံးအဆောင်ကို ကိုင်တွယ်မှုရပ်ပိုင်ခွင့်ကို ဒုတိယပေးရလိမ့်မည်။

၅။ စစ်သားတိုင်း အမြဲ ရေညှိမှု မီးမီ အသုံးပြုရမည့် အဆောက်လက်နက်ပစ္စည်းတို့ကို စေ့ရေတကွ အမြဲထားရှိရမည်။

၆။ စစ်မှုထမ်းသူတိုင်း မိမိလုပ်ဆောင်နေသော အမြဲမြန်မာပြည်ကြီး အမျိုးနှင့် ဂုဏ်ကို အမြဲထောက်ထားရ၍ စစ်အမြဲတက်နို့ တိုင်းသူပြည်သား အများပြည်သူများအား ဆက်ဆံမှုတွင် ယဉ်ကျေးသိမ်မွေ့ မှန်ကန်စွာ ဆက်ဆံရမည်။

၇။ စစ်မှုထမ်းသူတိုင်း စစ်အမြဲ့သို့ အလုပ်အကိုင်ရှိသူနှင့် ခွင့်ရသူများမှအပ ထွက်သွားခြင်း မရှိစေရ။ ဤစည်းကမ်းကို ဖောက်သူအား ဆိုင်ရာ တာဝန်ခံ ဗိုလ်က အထိုက်အလျောက် အပြစ်ပေးလိမ့်မည်။

၈။ စစ်တိုက်ကြသောအခါ ဒဏ်ရာအပြင်းအထန်ရရှိသော ရဲဘော်တစ်ဦးကို တွေ့ရှိက ပစ်ထားခြင်းမပြုဘဲ ဆိုင်ရာသူနာပြုတပ်သို့ အမြန်ဆုံးတိုင်တန်း အကြောင်းကြားရမည်။ သို့မဟုတ် သင့်လျော်သလို ကြည့်ရှုရမည်။ သို့သော် မဖြစ်လောက်သော ဒဏ်ရာရှိသူများသည် မညည်းညူဘဲ အခြားသူများအား အလုပ်ပျက်ကွက်ခြင်း မရှိစေရ။

၉။ စစ်တာဝန်ကျနေသည့်အခါ အထက်သူ၏ စကားကို ပျော့လုပ်ခြင်း မရှိစေရ။ မရှင်းလင်း၍သော်လည်းကောင်း အထက်လူအား မေးမြန်းနိုင်သည်။ နောက်ဆုံး အထက်က အမိန့်ကျပြီးသည့်နောက် အမိန့်ကို ငြင်းဆန်လျှောက်ခြင်း မရှိစေရ။ ရှိခဲ့လျှင် အပြစ်ဒဏ်ကြီးလေးစွာ ခံရလိမ့်မည်။

၁၀။ စစ်တပ်မှ ထွက်ပြေးသူများ၊ သို့မဟုတ် စစ်တိုက်စဉ် ထွက်ပြေးသူများ၊ သို့မဟုတ် အမိန့်ဖောက်သူများ သေဒဏ်အပြစ်ပေးခံရလိမ့်မည်။

၁၁။ စစ်မှုထမ်းသူတိုင်း စစ်ကိစ္စကို ပေါက်ပေါက်ကြားကြားမရှိစေရန် သတိကြီးစွာ ထားရမည်။ ထိုကဲ့သို့ ပေါက်ကြားအောင် ပြုသူ တစ်ဦးတစ်ယောက်ကို တွေ့ရှိလျှင် အပြစ်ကြီးလေးစွာ ပေးလိမ့်မည်။

၁၂။ စစ်မှုစည်းရုံးမှုနှင့် ကျွမ်းကျင်လာရန်သည် စစ်မှုထမ်းသူတိုင်း၏ တာဝန် ဖြစ်သည်။

ပုံ-ဗိုလ်တေဇ
(ဗိုလ်ချုပ်)
ဗမာ့လွတ်လပ်ရေးတပ်မတော်

အထက်ပါ စည်းကမ်းဥပဒေများကို ကြည့်လျှင် ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီးကို မည်မျှတင်းကျပ်စွာ ကွပ်ကဲအုပ်ချုပ်ရန် စီမံထားသည်ကို တွေ့ရမည်ဖြစ်၏။ ဤစည်းကြောင်းချက်ကို ကြည့်၍ ဗမာ့လွတ်လပ်ရေးတပ်မတော်



သည် စည်းရုံးကမ်းရှိ တပ်မတော်ကြီး မဟုတ်။ စည်းနှင့် ကမ်းနှင့် တပ်မတော်ကြီးဖြစ်သည်ကို သိသာနိုင်၏။ သို့သော် အမှန်ဆိုရလျှင် စစ်ကာလအတွင်း လူမျိုးပေါင်းစုံတို့ကို အလျှင်အမြန် သိမ်းသွင်း၍ဖွဲ့စည်းအပ်သော တပ်မတော်ဖြစ်သဖြင့် ငြိမ်းချမ်းသော ကာလ၌ ဖွဲ့စည်းရေးရှိကြသော အမြဲတမ်းစစ်တပ်များကဲ့သို့ ထား စည်းကမ်းဥပဒေကို လိုက်နာနိုင်ခြင်း ရှိမည် မဟုတ်ပေ။

မည်သို့ပင်ဖြစ်စေ၊ ဗမာ့လွတ်လပ်ရေး တပ်မတော် စစ်ခေါင်းဆောင်များ ဖြစ်သော ဗိုလ်တေဇ၊ ဗိုလ်နေဝင်း၊ ဗိုလ်လက်ျာ၊ ဗိုလ်ရန်နိုင် စသည့် မျိုးချစ် လူငယ်များသည် တပ်မတော်ကြီး အစွမ်းကုန်ညီညွတ်ရေး၊ အစွမ်းကုန် အင်အား တောင့်တင်းရေး၊ အစွမ်းကုန် စည်းကမ်းရှိရေးတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် ဂျပန်တပ်မတော်တို့၏ ပဋိပက္ခများ တဖြည်းဖြည်းနှင့် များ၍ များ၍လာလေသည်။ ဂျပန်ကိုသည် နေရာတကာမှာပင် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဘီအိုင်အေ တပ်သားများအပေါ်တွင် အနိုင်ကျင့် မှုများ ဖြစ်လာသည်။ မန္တလေးမြို့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန် တပ်မတော်တို့၏ ဆက်ဆံမှုအခြေအနေကို သခင်တင်မြ ရေးသော 'ဘုံဘဝမှာ မြင့်' စာအုပ်တွင် ဤသို့ပါရှိသည်ကို ဖတ်ရှုရပေသည်။

'မန္တလေးမြို့တော်၏ နိုင်ငံရေးအခြေအနေကား ကြားသိရသမျှ မကောင်း လှပေ။ ဂျပန်စစ်သားများသည် စစ်ရေးအရလည်းကောင်း၊ အုပ်ချုပ်ရေးအရ လည်းကောင်း၊ အချက်အချာနေရာ အဆောက်အအုံများ၊ ပစ္စည်းများကို မျှော်ကိုင်သိမ်းပိုက်ထားလေသည်။ ဘီအိုင်အေတပ်ရောက်လာ ပုံနှင့်ရန် နေရာ မရသဖြင့် မန်းစိန်ကျောင်းတိုက်တွင် စခန်းဖွင့်လှစ်ခဲ့ရလေသည်။ ကား ကောင်းမှန်သမျှကို ဂျပန်စစ်တပ်က သိမ်းယူထားပြီဖြင့် အားမရသေး၊ ဘီအိုင် အေတပ်က အသုံးပြုနေသော ကားများကိုပင် အနိုင်ကျင့်သိမ်းယူလေသည်။

ဂျပန်စစ်သားများ၏ လုယက်မှု၊ အမျိုးသမီးများအပေါ် စော်ကားမှုသတင်း များမှာ တစ်မြို့လုံး ပြန့်နေလေသည်။ အရပ်ထဲ အရပ်သားများသည် ဂျပန် စစ်သားများ၏ စော်ကားနှိပ်စက်မှုများကို ဘီအိုင်အေထံသို့ အားကိုးတကြီး ဖြင့် လာရောက်တိုင်ကြားကြ၏။ တိုင်ကြားချက်များကို ဂျပန်စစ်တက် အကြီး အမှူးများသို့ ဘီအိုင်အေစခန်းမှ တင်ပြသော်လည်း အရေးယူဆောင်ရွက် ခြင်း လုံးဝ မရှိပေ။

ပြည်သူလူထုက ဘီအိုင်အေတပ်ကို လေးစားကြည်ညို၍ အကူအညီ များပေးခြင်း၊ ဘီအိုင်အေအဖွဲ့များကို လူထုက နိုင်ငံရေး၊ အုပ်ချုပ်ရေးအရ အသိအမှတ်ပြု၍ ကိစ္စအရပ်ရပ်တွင် လာရောက်တိုင်ကြားခြင်း၊ အကူအညီ တောင်းခြင်းဖြင့် ဘီအိုင်အေတပ်မှာ အရေးပါ အရာရောက်နေသည်ကို ဂျပန်

www.burmeseclassic.com

www.burmeseclassic.com



တပ်များသည် လုံးဝ မျှော်လင့်ချက်ကင်း ဖြစ်နေပေသည်။ ထို့ကြောင့် ဘီအိုင်အေတပ် မှာ ဂျပန်များ၏ ခေါင်းငုံ့နောက်လိုက် ဖိနှိပ်မှုကို ခုခံဆိုင်းနေရပေသည်။

မည်သို့ပင်ဖြစ်စေ၊ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို မြန်မာအမျိုးသား များသည် တစ်ခဲနက် ဝိုင်းဝန်းကူညီခဲ့ကြပေသည်။ တပ်မတော်အတွက် လိုအပ် သော စားနပ်ရိက္ခာ၊ ရန်ပုံငွေနှင့် သယ်ယူပို့ဆောင်ရေး တာဝန်များကို မြန်မာလူထု ကြီးသည် နေ့ရောညပါ အချိန်မရွေး ကူညီခဲ့ကြသည်။ ထို့ပြင် အင်္ဂလိပ်တပ်များ ဆုတ်ခွာပြေးစဉ်က ကျန်ရစ်ခဲ့သော စစ်လက်နက်ပစ္စည်းများ၊ ခဲယမ်းမီးကျောက် များ၊ ယာဉ်များ စသည်တို့ကိုလည်း မြန်မာအမျိုးသားများက လိုက်လံရှာဖွေ ကြပြီးလျှင် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ပေးအပ်ကြသည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်သည် ရရှိထားသော အင်္ဂလိပ်လက်နက်များ၊ ခဲယမ်းမီးကျောက် များကို ဂျပန်တပ်မတော်သို့ အားလုံးအသိမပေးဘဲ လျှို့ဝှက်တန်သမျှ လျှို့ဝှက် ထိန်းချုပ် သိမ်းဆည်းထားရှိပေသည်။ တစ်ချိန်တွင် ဂျပန်ကို ပြန်၍ တိုက်ခိုက် ရမည်ဆိုလျှင် ဤလက်နက်များနှင့် ခဲယမ်းမီးကျောက်တို့သည် အရေးပါသော ပစ္စည်းများ ဖြစ်လာပေတော့မည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်မတော်တို့ ဆက်ဆံရေး အခြေအနေများ မြန်မာပြည်အရပ်ရပ်တွင် ရှုပ်ထွေးနေစဉ်တွင် မြန်မာအမျိုးသား သစ္စာဖောက်အချို့သည် ဂျပန်များနှင့် ပူးပေါင်းပြီးလျှင် ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး၏ ဂုဏ်သိက္ခာများ ကျဆင်းစေရန် နည်းအမျိုးမျိုးနှင့် ကြံစည် ပြောဆိုလျက် ရှိခဲ့ကြပေသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး ဤမျှအင်အား ကြီးလာရခြင်းမှာ မြန်မာဓားပြလူဆိုးများ အများအပြားတို့က တပ်မတော်သား များအဖြစ် ဝင်ရောက်လာ၍ ဖြစ်ကြောင်း စသည်ဖြင့် မဟုတ်မမှန် ဝါဒဖြန့်ကြပြန် လေသည်။ ဤသို့ ဂျပန်အလိုတော်ရိများ၏ လိမ်လည်ဝါဒဖြန့်မှုများကို ပြည်သူ လူထုက နားမယောင်ကြစေရန် ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်တေဇ လက်မှတ်ဖြင့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ရပြန်ပေသည်။

အဆိုပါကြေညာချက်တွင် ဖော်ပြထားရာ၌ ဗမာ့လွတ်လပ်ရေးတပ်မတော် ကြီး၏ ရည်ရွယ်ချက်မှာ ဗမာ့လွတ်လပ်ရေးပင် ဖြစ်သည်။ ဤတပ်မတော် သည် ရှမ်း၊ ကရင်၊ ကချင်၊ ချင်း စသည့် မြန်မာတစ်မျိုးသားလုံးအတွက် ဖြစ်သည်။ ထို့ကြောင့် တပ်မတော်ကြီးကို လိုအပ်သလို အမျိုးမျိုးကူညီကြပါ။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြို့ရွာများကို စောင့်ရှောက်ကာကွယ်ပေး သည်။ သေနတ်လက်နက်ရှိသူများက တပ်မတော်သို့ အပ်နှံကြပါ၊ အင်္ဂလိပ် အစိုးရထံတွင် ရှေးက အမှုထမ်းခဲ့သူများကို ကလဲ့စားချေရန် ဗမာ့လွတ်လပ်ရေး တပ်မတော်၌ ဆန္ဒမရှိပါ၊ တိုင်းရင်းသားလူမျိုးစုများအား ညီရင်းအစ်ကိုရင်း



သဘောထားပေါ်သည်။ ရွာတိုင်း ရွာတိုင်း လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရှိသည်။ ဗမာ့တပ်မတော်သားတို့၏ အပြုအမူကို တိုင်ကြားလိုပါလျှင် တပ်မတော် တပ်ခွဲများ ရှိရာတွင် တိုင်ကြားနိုင်သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ကြမ်းကိုး၊ သူခိုး၊ ဓားပြမဟုတ်ဘဲ မျိုးချစ်စစ်တပ်ဖြစ်သည်။ နှိုးဆော်လှုံ့ဆော်သူ များ၊ မတော်မတရား ပြုလုပ်သူများကို စစ်ဥပဒေအရ အရေးယူမည်။ လွတ်လပ် ရေးကို ထိုင်စောင့်၍ မရနိုင်၊ လုပ်ယူမှ ရမည်။ ဤအချက်ကို ဗမာတိုင်း နားလည်သဘောပေါက်ပြီး စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရမည် စသဖြင့် ပါရှိပြီးလျှင် ဗမာ့လွတ်လပ်ရေးတပ်မတော် တပ်မှူးချုပ် ဗိုလ်ချုပ်တေဇ လက်မှတ် ရေးထိုးထားပေသည်။

ထိုစဉ်အတွင်း ၁၉၄၂ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် မြန်မာနိုင်ငံရေး ခေါင်းဆောင်တစ်ဦးဖြစ်သော ဒေါက်တာဘမော် ဦးစီး၍ မြန်မာနိုင်ငံ ဗဟိုအုပ်ချုပ် ရေးစီစဉ်မှုကော်မတီတစ်ရပ် ဖွဲ့စည်းရန် အစည်းအဝေးကို ခေါ်ယူ၍ ကျင်းပခဲ့ ပေသည်။ ၎င်းအစည်းအဝေးကို မြန်မာနိုင်ငံရေးခေါင်းဆောင်များ ဖြစ်ကြသော ဒေါက်တာဘမော်၊ သခင်မြ၊ သခင်နု၊ သခင်သန်းထွန်း၊ သခင်ထွန်းအုပ်၊ သခင် ဗဟိန်း၊ သခင်ကိုယ်တော်မှိုင်း၊ ဗိုလ်ချုပ်တေဇ၊ ဦးဘဝင်း၊ ဗန္ဓုလဦးစိန်၊ ဦးဘပေ စသည့် ပုဂ္ဂိုလ်များ တက်ရောက်ကြ၏။

၎င်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ချက်များကို အကောင်အထည် ဖော်သည့်အနေဖြင့် မြန်မာနိုင်ငံ ဂျပန်တပ်မတော်များ၏ စစ်သေနာပတိချုပ် ဂျင်နရယ်အီဒါသည် ၁၉၄၂ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ဗဟိုအုပ်ချုပ်ရေးစီစဉ်မှု ကော်မတီတစ်ရပ် ဖွဲ့စည်းလိုက်ကြောင်းဖြင့် အမိန့်ထုတ်ပြန်လိုက်၏။ ၎င်းကော်မတီ တွင် ဒေါက်တာဘမော်က ခေါင်းဆောင်၍ ဒေါက်တာသိန်းမောင်၊ သခင်နု၊ သခင်မြ၊ သခင်ဗဟိန်း၊ သခင်သန်းထွန်း၊ သခင်ထွန်းအုပ်၊ ဦးဘဝင်း၊ ဗန္ဓုလ ဦးစိန် စသော ပုဂ္ဂိုလ်များ ပါဝင်ပေသည်။

၎င်းကော်မတီသည် မြန်မာနိုင်ငံတစ်ဝန်း၌ ဖရိုဖရဲဖြစ်နေသော အုပ်ချုပ် ရေးစနစ်အဝဝကို စနစ်တကျဖြစ်စေရန်လည်းကောင်း၊ အင်္ဂလိပ်တပ်များ မြေလှန် စနစ်ဖြင့် ဖျက်ဆီးသွားသော စက်ရုံများ၊ ရုံးများ၊ ကျောင်းများ၊ အဆောက်အအုံ များကို ပြန်လည်ပြုပြင်မွမ်းမံ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လည်း ဖြစ်ပေသည်။

ဗဟိုအုပ်ချုပ်ရေးကော်မတီဖွဲ့စည်းရန် စည်းဝေးကြစဉ်က ဂျပန် တပ်မတော် စစ်သေနာပတိ ဂျင်နရယ်အီဒါက မိန့်ခွန်းပြောကြားရာတွင် ဗမာ့ လွတ်လပ်ရေးတပ်မတော်သည် တိုင်းပြည်အုပ်ချုပ်ရေးကိစ္စများ၌ ဝင်ရောက်စွက် ဖက်ခြင်းမပြုရန် တားမြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗမာ့လွတ်လပ်ရေးတပ်မတော် ဗိုလ်ချုပ်တေဇသည် မေမြို့အစည်းအဝေး တွင် ဂျပန်နရယ်အီဒါ၏ စကားကို ကြားသည်နှင့်တစ်ပြိုင်နက် မိမိ၏ တပ်မတော် သို့ အောက်ပါအမိန့်တစ်ရပ်ကို ချက်ချင်းထုတ်ပြန်လိုက်လေသည်။ ထိုအမိန့်ကို မေမြို့မှ နေ၍ ထုတ်ပြန်လိုက်ခြင်းလည်း ဖြစ်သည်။

**ဗမာ့လွတ်လပ်ရေးတပ်မတော် ဗိုလ်ချုပ်တေဇ၏ အမိန့်**

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့်ပတ်သက် ၍ အလျှင်းစွက်ဖက်ခွင့်မရှိ မဟုတ်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ဗိုလ် များနှင့် တပ်သားများသည် ပါတီနိုင်ငံရေး၊ အုပ်ချုပ်ရေးကိစ္စများနှင့် ပတ်သက် ၍ ဝင်ရောက်ခြင်းလည်း အလျှင်းမရှိစေရ၊ ပါဝင်စွက်ဖက်သော တပ်သားများနှင့် တပ်ဗိုလ်အား ကျင့်ဝတ်အရ အပြစ်ပေးခံရမည်ဖြစ်ကြောင်း၊ ငါတို့သည် ဗမာပြည်၏ လွတ်လပ်ရေးကို ရှေးရှု၍ ဗမာပြည်၏ ညီညွတ်ရေးကို အဓိက ထားရမည်။

ဗမာပြည်၏ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဂျပန်စစ်ဗိုလ်ချုပ်က ယခုအခါ ဗမာခေါင်းဆောင်များဖြင့် အဖွဲ့ ဖွဲ့စည်းပြီးဖြစ်၍ အုပ်ချုပ်ရေးနှင့်ပတ်သက်သော ကိစ္စများအတွက် ငါတို့တာဝန် အလျှင်းမရှိတော့ပြီ။ အုပ်ချုပ်ရေးအာဏာများ ကို တစ်စုံတစ်ယောက်က ငါတို့ တပ်မတော်ထဲ လာရောက်တောင်းဆိုလျှင် ဆိုင်ရာအုပ်ချုပ်ရေးနှင့် ပတ်သက်သော အဖွဲ့ကိုသာ ညွှန်ကြားရမည်။ ငါတို့ တပ်မတော်က အာဏာပေးအပ်ခြင်း မရှိစေရ။

ပုံ--- ဗိုလ်ချုပ်တေဇ

ဂျပန်စစ်သေနာပတိက ဖွဲ့စည်းလိုက်သော ဗဟိုအုပ်ချုပ်ရေးစီမံ ကော်မတီတွင် ဗိုလ်တေဇကိုယ်တိုင် မပါဝင်ဘဲ နေခဲ့လေသည်။ ဤသည်မှာ နရယ်အီဒါပြောခဲ့သည့်အတိုင်းပင် ဗမာ့လွတ်လပ်ရေးတပ်မတော်က အုပ်ချုပ် ရေးကိစ္စများတွင် ကင်းရှင်းစွာ နေလိုသည့် သဘောကို ဗိုလ်တေဇက ပြသခဲ့ခြင်း ဖြစ်သည်။ သို့သော် ဂျပန်စစ်ဗိုလ်ချုပ်၏ သဘောကျဖွဲ့စည်းလိုက်သော "ကောင်း ဘောည်တိ စိတ်တော်သိ" အုပ်ချုပ်ရေးအဖွဲ့ဆိုသည်ကို ကြည့်၍ ဗမာ့လွတ်လပ်ရေး တပ်မတော်သားများအနေဖြင့် များစွာ စိတ်မချမ်းသာဖြစ်ခဲ့ကြသည်။ တစ်နိုင် ၂၀၀ အရေးတော်ပုံတွင် အလုပ်သမားသူရဲကောင်းများနှင့် ဗိုလ်အောင်ဖေ ... မောင်း အာဇာနည် ၁၇ ဦးတို့အား ရက်စက်စွာ သတ်ဖြတ်ခဲ့သော ညွှန်ကြား ... ရဲအဖွဲ့၏ ခေါင်းဆောင် ဒေါက်တာဘမော်ကို ယခုမြန်မာနိုင်ငံပြ ...



... လိုင်လက်မှ ဆွေးနွေးဖြင့် အစိုးရတည်၍ မြန်မာပြည်ကိုက်ယူပြီးသည့်အခါ ... ပိုင်တန်းခေါင်းဆောင်ကြီးအဖြစ် တင်မြှောက်လိုက်ရခြင်းအတွက် များစွာ စိတ် ... ကောင်းဖြစ်ကြသည့်နည်းတူ ဂျပန်စစ်ဗိုလ်ချုပ်ကိုလည်း မကျေမနပ်ဖြစ်ကြရ ဖြစ်လေသည်။

ထိုအတွင်း ဂျပန်အကိုတော်ရိုများနှင့် မြည်တွင်းသစ္စာဖောက်အချို့၏ ... ကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်အပေါ် ဂျပန်တပ်မတော်၏ နိုင်ထက် ... နင်းမှုများ စော်ကားမှုများမှာ များသည်ထက် များလာခဲ့လေသည်။ အောက်ပါ ဖြစ်ရပ်တစ်ခုမှာ ဗမာ့လွတ်လပ်ရေးတပ်မတော်မှ တပ်မှူးတစ်ဦးဖြစ်သူ၊ တပ်မတော် ကြီးကို စတင်ပြုစုရာ၌ ပါခဲ့သူ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လင်းယုန်အား ဂျပန် ... ပုလိပ်အရာရှိတစ်ဦးက စော်ကားမှုတစ်ရပ်ကို သခင်တင်မြ ရေးသားသော ... သူ့သမိုင်းတွင် ဖော်ပြထားသည်မှာ ... ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

"ဂျပန်စစ်ပုလိပ်တစ်ယောက်က ကျွန်တော်တို့ရှိရာ စခန်းသို့ ဝင်ရောက်ပြီး ... တပ်မှူးဖြစ်သူ ဂျပန်ပြန် ဗိုလ်လင်းယုန်ကို ဝင်ရောက်စော်ကားသည့်ကိစ္စ ဖြစ်ပွားခဲ့ရပါသည်။ မင်းကွန်းတွင် ရန်ကုန်၊ မန္တလေး စစ်ခြေမနေကြသူ အစိုးရအရာရှိကြီးများ၊ အတော်များများ ရှိကြပါသည်။ ၎င်းတို့ထဲတွင် လိုင်စင် နှင့် ကိုင်ဆောင်သော သေနတ်များနှင့် အင်္ဂလိပ်စစ်တပ်က ရှုံးလိုက်သော စစ်သုံးပိုင်ရှင်မဲ့သေနတ်များ၊ ကျည်ဆန်များ ရှိကြပါသည်။ ဤသတင်းများ ကို ၎င်းတို့ထံမှ အသာတကြည်တောင်းခံ၍ သိမ်းယူပါရန် ဗိုလ်ထွန်းရှိန် ဦးဆောင်၍ တပ်စိတ်တစ်စိတ်ခန့်ကို ခရိုင်တပ်မှူး ဗိုလ်လင်းယုန်က မင်းကွန်းသို့ စေလွှတ်လိုက်ပါသည်။

ဗိုလ်ထွန်းရှိန်သည် မင်းကွန်းတွင် တစ်ရက်နေခဲ့ပြီး အစိုးရအရာရှိဟောင်း များနှင့် အပြေအလည်ဆွေးနွေး၍ ၎င်းတို့ထံမှ သေနတ်နှင့် ကျည်ဆန်များ ရယူခဲ့ပါသည်။ သေနတ်များကို ဗမာ့လွတ်လပ်ရေးအတွက် ရည်ရွယ်ဖွဲ့စည်း ထားသော တပ်မတော်အတွက် ပေးလှူကြရန် တောင်းခံရာတွင် အသာ တကြည်ပေးအပ်ကြကြောင်း၊ ၎င်းတို့၏ လုံခြုံရေး၊ ဓားပြရန်ကာကွယ်ရေး အတွက် သေနတ်အချို့ကို ထားရစ်ခဲ့ရန် ပြောသဖြင့် သေနတ်အချို့ပင် ထားရစ်ခဲ့ကြောင်း၊ အဓကအဓမ္မ ပြုလုပ်ခဲ့ကြောင်း ဗိုလ်ထွန်းရှိန်က ပြန်ပြော၍ သိခဲ့ရလေသည်။

အမှန်မှာ ဤသို့မဟုတ်။ ဗိုလ်ထွန်းရှိန်အား အရာရှိဟောင်းများက အဓမ္မ ... မှန်နှာသောအချိန်၌ ဆက်ဆံ၍ သေနတ်များ ပေးအပ်လိုက်သော်လည်း နောက် တစ်နေ့တွင် အရာရှိဟောင်းများသည် စစ်ကိုင်းရှိ ဂျပန်စစ်ပုလိပ် ... ထံသို့ အပြေးအလွှားသွားရောက်ကြပြီး ဗိုလ်ဆိုင်အောင်တပ်က ၎င်းတို့ထံမှ လက်နက်များကို အတင်းသဘောလုယူသွားကြောင်း၊ ဓားပြတိုက်သွားကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်စစ်ပုလိပ် ရှိသောဘက်ကိုလည်း မကောင်းပြောသွားကြောင်း စသည်ဖြင့် သံတော်ဦးတင်ကြသည်ဟု သိရလေသည်။

ခင်ကိုင်ရှာ ဂျပန်စစ်ပုလိပ် ရှိသောဘက် လူများတလည်း ၎င်းတို့တွင် တန်ခိုးအာဏာ ဘယ်မျှရှိကြောင်းကို ကျွန်တော်တို့ စခန်းအတွင်းသို့ ဝင်၍ ဆော်ကာဖြင့်ဖြင့် ပြပါတော့သည်။ အနီရောင် ဘူးသီးပါဝင်သော ကြိုး တင်းဆိုထားသည့် အဝါရောင်လက်ပတ်ကို တပ်ဆင်ထားသော ဂျပန်စစ်ပုလိပ် (တပ်ကြပ်ကြီး)တစ်ယောက်သည် ဂျပန်စစ်သားဖြင့် ကျွန်တော်တို့ စခန်းကို တစ်နေ့တွင် ရောက်လာပါသည်။

ဂျပန်စစ်ပုလိပ်သည် ကားပေါ်မှ ဆင်းလာသည်က ခေါင်းမာန်ဖွင့်ကား ပြီး ခုန်ဆင်း၍ ဘယ်သူ့ကိုမျှ လူမထင်သည့် စစ်ဗိုလ်နှင့် ပြစ်ပြစ်နှင့်၍ စခန်း အတွင်းသို့ ဝင်လာသည်။ ဘယ်ဘက်က ဂျပန်ဓား လက်ကိုင်ထိပ်ကို တင်းတင်းဆုပ်ကိုင်၍ ဓားဗီးမကျအောင်နေအောင် လက်ကို ဆန့်ထား ထားပါသည်။

နေ့လယ်ပိုင်းဖြစ်သဖြင့် စခန်းအတွင်း ဗိုလ်လင်းယုန်နှင့် စခန်းသား ၄၊ ၅ ယောက်မျှသာ ရှိကြပါသည်။ ဂျပန်စစ်ပုလိပ်သည် ဘယ်သူ့ကိုမျှ ခေါင်းငုံ့မကြည့်ဘဲ ဗိုလ်လင်းယုန် အခန်းတွင်းသို့ ရှတ်ဝင်သွားပါသည်။

ကျွန်တော် ထိုင်နေသော စားပွဲမှာ ဗိုလ်လင်းယုန်အခန်း အပြင်ဘက်နား တွင် ကပ်ရက်ရှိပြီး ဗိုလ်လင်းယုန်စားပွဲကို လှမ်းမြင်နိုင်ပါသည်။ ဗိုလ်လင်းယုန် က သူ့စားပွဲတွင် ထိုင်၍ အလုပ်လုပ်နေရာမှ တစ်ရှူးထိုးဝင်လာသော ဂျပန်ကို မော့ကြည့်လိုက်သည်။ ဂျပန်က စားပွဲရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင်ရန် ကုလားထိုင်ကို ဆောင့် တချက်ဆွဲထုတ်လိုက်ပြီး ကုလားထိုင်ပေါ် တွင် တောင့်တောင့်မတ်မတ် ရပ်လိုက်သည်။ သူ့မျက်နှာ မှုန်ကုပ်မာ ဆယ်ဆက်ကောက်ပင် မကောင်းတင်းခိုင်းသည်။ ဘာဘက်ကသည်။ ဓား ပေါ်တွင် ထောက်ထိုက်မသေးသည်။

ဗိုလ်လင်းယုန်က ဂျပန်ကို စကားတစ်ခွန်း၊ နှစ်ခွန်းပြောပြီး စားပွဲ၏ ကုလားထိုင်ကို လက်ညှိုးထိုးပြနေသည်။ ဂျပန်က ဗိုလ်လင်းယုန်အား တစ်ခုခု ထိုက်သော စကားသံမှာ သူ့ဝဲစက်က အသနတ်ဆောက်သည် ပါနီဖောင် သံများသာ ထွက်လာသည်။ ကျွန်တော်တို့သည် ဂျပန်စကားမပြောတတ် သဖြင့် အဓိပ္ပာယ်ကို မသိ။ ဂျပန်၏ ဟန်အမူအရာနှင့် မျက်နှာထား တောင်း တို့ကို ကြည့်ပြီး ဗိုလ်လင်းယုန်ကို ဟိန်းဟောက်ကြိမ်းမောင်းနေခြင်းဖြစ်ကြောင်း သိသာလေသည်။

ဗိုလ်လင်းယုန်သည် ထိုင်ရာမှ ထလိုက်သည်။ ဒိန်းကြည့်နေရ ကျွန်တော်



တို့ထိခိုက်တွင် ထင်ရှားစွာ ဖြစ်တော့မည်ဟု ထင်မှန်ဖြစ်သွားကြပါသည်။ ဗိုလ်လင်းယုန်၏မျက်နှာမှာလည်း ဒေါသဖြင့် နီမြန်နေပါသည်။ ဂျပန်လို ပေါက်ကွဲ အသံမာမာဖြင့် ပြန်ပြောနေသည်။ ကိုရွှေဘုန်းသည် ဗိုလ်လင်းယုန် စကားကြောင့် ပိုမိုဒေါသထွက်သောကာ တဝုန်းဝုန်းဖြင့် ရှေ့ညွှန်ကာ ဆော်ဟစ်လာ တော့သည်။ သူသည် စားပွဲရှေ့၌ ရပ်၍ ဗိုလ်လင်းယုန်၏ ပါးကို ပါးလက်ဖြင့် ဘယ်ပြန်ညာပြန် တွန်းရိုက်လိုက်ပါသည်။ ပါးရိုက်ရုံမျှမက ဂျပန်လို ဆော်ဟစ်ဆဲဆိုပါတော့သည်။ ဂျပန်လက်ဝါးဖြင့် ၂ ချက်မျှ အရိုက်ခံလိုက် ရပြီး ဗိုလ်လင်းယုန်သည် နောက်သို့ ဆုတ်ပေးလိုက်ပါသည်။ မျက်နှာမှာ ရှက်စိတ်ဖြင့် နီမြန်နေပြီး ကိုယ်လုံးမှာလည်း တုန်နေလေသည်။

ရုံးတွင်းရှိ ကျွန်တော်တို့မှာ တစ်ခိန်တစ်ခန်းအတွင်း ဖြစ်ပျက်သွားသော ဤ အဖြစ်အပျက်ကြောင့် မှင်တက်မိနေရာမှ ဖြန်းခနဲ ပြိုင်တူထလိုက်ကြကာ ဗိုလ် လင်းယုန်ဆီသို့ ပြေးသွားကြသည်။ နံတော်နှစ်ယောက်က သေနတ်ကိုင် မှ ဗိုင်းစယ်သေနတ် ၂ လက်ကို ပြေးဆွဲလာကြပါသည်။ အခြားရှိသူများက စားပွဲထက်ရှိ သေနတ်ထုတ်လျှ လုတ်နှင့် ယောက်ယက်ခတ်သွားပါသည်။ သူ့အနားရောက်လာသော ကျွန်တော်တို့ကို ဗိုလ်လင်းယုန်က လက်တားပြ ပြီး "ကိုယ့်နေရာကိုယ်ပြန်၊ ဘာမှမလုပ်ကြနဲ့" ဟု တန့်တား လိုက်ပါသည်။ ဗိုလ်လင်းယုန်က ဤသို့ တန့်တားခြင်းမပြုပါက မျက်စိနိုင်သော ဖြစ်လိုက်ပါက ထိုဂျပန်ကို ကျွန်တော်တို့အားလုံးက ဝိုင်းရန်ပြုလိုက်ကြရန် စိတ်အားထက်သန်မှု ပြင်းထန်နေကြပါသည်။

အထက်ပါ အဖြစ်အပျက်ကို ကြည့်၍ ဂျပန်တပ်မတော်နှင့် ဗမာ့လွတ်လပ် ရေးတပ်မတော်တို့၏ ဆက်ဆံမှုအခြေအနေ အဘယ်မျှဆိုးဝါးနေသည်ကို သိနိုင် ပေသည်။ ဂျပန်တပ်သားများသည် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် တပ်မတော် သားများကို မထီမဲ့မြင်ပြုကာ စော်ကားနေသည်မှာ တစ်ကြိမ်မက၊ နှစ်ကြိမ်မက ဖြစ်ပျက်ခဲ့ပြီးသည့်ကြားတွင် ဖြစ်ပေသည်။ သို့သော် ဂျပန်တို့ စော်ကားမှုကို တော်လှန်ရန် အချိန်မကျသေးသည်ကို နားလည်ကြသော ဗမာ့လွတ်လပ်ရေး တပ်မတော်ခေါင်းဆောင်များက ပြဿနာများကို သို့သိုသိပ်သိပ်ဖြစ်သွားစေရန် ဖျောင်းဖျပြောဆို၍ ဂျပန်စော်ကားမှုကို ခေတ္တသည်းခံကြစေရန် တပ်မတော်သား များကို ဆိုဆုံးမ နှစ်သိမ့်ခဲ့ရပေသည်။

မကြာမီကပင် ဂျပန်တပ်မတော် စစ်သေနာပတိ ဂျင်နရယ်အီဒါ နှင့် ခေါင်းဆောင်များက အင်အားတောင့်တင်းသော ဗမာ့လွတ်လပ်ရေးတပ်မတော် ကို ဖျက်သိမ်း၍ ဗမာ့ကာကွယ်ရေးတပ်မတော် (Burma Defence Army) (B.D.A) အဖြစ် ပြန်လည်ဖွဲ့စည်းရန် အမှုတပြင်းစီစဉ်ခဲ့ကြလေသည်။

www.burmeseclassic.com



ဂျပန်တပ်မတော်ခေါင်းဆောင်များ၏ အကြောင်းပြချက်များတွင် ၁။ မြန်မာနိုင်ငံအား ဂျပန်အစိုးရက မကြာမီ လွတ်လပ်ရေးပေးတော့မည်ဖြစ်၍ လွတ်လပ်ရေးတပ်မတော်အမည်ဖြင့် ဆက်လက်ထားရှိရန် အဓိပ္ပာယ်မရှိတော့ကြောင်း တိုင်းပြည်နှင့် လွတ်လပ်ရေးကို ကာကွယ်ရန်အတွက် ကာကွယ်ရေးတပ်မတော်သာလျှင် ထားရှိရန် လိုကြောင်း ၂။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် တပ်သားဦးရေ အဆမတန်များပြီး စစ်စည်းကမ်း နည်းလမ်းများက စနစ်တကျလိုက်နာသူ နည်းပါးကြောင်း၊ ထို့ကြောင့် စည်းကမ်းရှိသေ၍ ခိုင်မာသော တပ်မတော်တစ်ရပ်ကို အမြန်ပြန်လည်ဖွဲ့စည်းရန် လိုအပ်နေပြီဖြစ်ကြောင်း ၃။ ဗမာ့လွတ်လပ်ရေးတပ်မတော်မှာ စစ်ပညာသင်ကြားလေ့ကျင့်မှု နည်းပါးသေးကြောင်း၊ ထို့ကြောင့် စစ်ပညာသင်တန်းများကို စနစ်တကျဖွင့်လှစ်ပြီး သင်ကြားရန် လိုကြောင်း၊ သို့သော် လူအင်အား အဆမတန်များ၍ လူမျိုးစုံပါဝင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်သားများကို စစ်ပညာသင်ကြားပေးမည်ဆိုလျှင် မလွယ်ကူကြောင်း၊ စနစ်တကျ ပြန်လည်ဖွဲ့စည်းမည်ဖြစ်သော ဗမာ့ကာကွယ်ရေးတပ်မတော်သာလျှင် စစ်ပညာများ စနစ်တကျသင်ကြားလေ့ကျင့်ပေးရန် လွယ်ကူမည်ဖြစ်ကြောင်း စသဖြင့် ပါရှိခဲ့လေသည်။

ဂျပန်တပ်မတော်က ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဖျက်သိမ်းရန် မည်သို့ပင် အကြောင်းအချက်များ ပြနေသော်လည်း အဓိကအကြောင်းရင်းကိုကား ထင်ရှားစွာ သိရှိနိုင်ကြပါသည်။ ၎င်းမှာ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်မတော်ကြီးတို့ ဆက်ဆံမှုများ တင်းမာခက်ခဲရော်ရှိလာခြင်းနှင့် အင်အားတောင့်တင်းသော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် တစ်နေ့တွင် ဂျပန်တပ်မတော်အတွက် အန္တရာယ်ပြုလာနိုင်မည်ကို စိုးရိမ်ခြင်းတို့ပင် ဖြစ်နေပေသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး စည်းကမ်းမရှိ စသဖြင့် ဂျပန်တပ်မတော်က စွပ်စွဲပြောဆိုခြင်းမှာကား တစ်ဖက်သတ်ကျလွန်းသည်ဟု ဆိုရပေမည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ခေါင်းဆောင်များသည် အထက်က ဖော်ပြခဲ့ပြီးသော အမိန့်စာတမ်းမျိုးစုံကို ထုတ်စေကာဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးနှင့် တပ်မတော်သားတို့၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရန် အထူးကြိုးစားနေခဲ့ကြသည်သာ ဖြစ်လေသည်။ တပ်မတော်ကြီးကို စစ်ပညာသင်တန်းများ လေ့ကျင့်သင်ကြားပေးရန် လိုသည်ကား အမှန်ဖြစ်ပေသည်။ သို့သော် စစ်ပညာသင်ကြားပေးရန်အတွက် တပ်မတော်သားအင်အား ၂၅၀၀၀ မှ ၃၀၀၀၀ နီးပါးရှိသော ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးအား လုံးဝဖျက်သိမ်းလိုက်ရန်ကား လိုမည်မဟုတ်ပေ။

မည်သို့ပင်ဖြစ်စေ၊ ဂျပန်တပ်မတော်ကြီး၏ စစ်အင်အား တောင့်တင်းနေမှု အခြေအနေများကို တောက်၍လည်းကောင်း၊ ဂျပန်စစ်ခေါင်းဆောင်များနှင့်



ပဋိပက္ခနည်းနိုင်သမျှ နည်းစေရန် သတိပြုနေထိုင်ရန် လိုအပ်နေသည့်အချိန်ဖြစ်၍လည်းကောင်း၊ ဂျပန်တပ်မတော်ကို ဆန့်ကျင်တော်လှန်ရန် အချိန်မကျရောက်သေးသည်ကို နားလည်လက်ခံထားကြသောကြောင့်လည်းကောင်း၊ ဂျပန်စစ်ခေါင်းဆောင်များ၏ အစီအစဉ်ကို ဗိုလ်ချုပ်တေဇနှင့် မြန်မာစစ်ခေါင်းဆောင်များက လက်ခံခဲ့ကြရပေသည်။

## (ဂ) ဂျပန်ပေးသော ရွှေရည်စိမ်လွတ်လပ်ရေး

၁၉၄၂ ခုနှစ်၊ ဖွန်လ ၄ ရက်နေ့စွဲဖြင့် ဖွဲ့စည်းခဲ့သော ဒေါက်တာဘမော်ဦးစီးသည့် ဗဟိုအုပ်ချုပ်ရေး စီစဉ်မှုကော်မတီကို ထိုနှစ် ဩဂုတ်လ ၁ ရက်နေ့၌ မြန်မာနိုင်ငံ ဗဟိုအုပ်ချုပ်ရေးအဖွဲ့ဟု အမည်ပြောင်းဖွဲ့လိုက်ကြသည်။ ဗဟိုအုပ်ချုပ်ရေးအဖွဲ့တစ်ဖွဲ့အဖြစ် ဆောင်ရွက်ရန် စစ်သေနာပတိ ဂျင်နရယ်အီဒါး၏ သဘောဆန္ဒအရ ဤသို့ အမည်ပြောင်းလဲပြီး ဖွဲ့စည်းလိုက်ခြင်းလည်း ဖြစ်ပေသည်။

ဗဟိုအုပ်ချုပ်ရေးအဖွဲ့တွင် ဒေါက်တာဘမော်က ဝန်ကြီးချုပ်အဖြစ်ဆောင်ရွက်သည်။ သခင်မြ(ဒုတိယဝန်ကြီးချုပ်)၊ ဒေါက်တာသိမ်းမောင်(ဘဏ္ဍာရေးဝန်ကြီး)၊ ဦးထွန်းအောင်(တရားဌာနဝန်ကြီး)၊ ဦးဘဝင်း(ပြည်ထဲရေးဝန်ကြီး)၊ သခင်သန်းထွန်း(မြေနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီး)၊ သခင်ထွန်းအုပ်(သစ်တောနှင့် သတ္တုတွင်းဌာနဝန်ကြီး)၊ သခင်ဗစိန်(ဆည်မြောင်းနှင့် အလုပ်သမားဌာနဝန်ကြီး)၊ ဗန္ဓုလဦးစိန်(လမ်းလုပ်ငန်း၊ အဆောက်အအုံနှင့် ပြန်လည်ထူထောင်ရေးဌာနဝန်ကြီး)၊ ဦးလှဖေ(ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဌာနဝန်ကြီး)များအဖြစ် ပါဝင်ဆောင်ရွက်ကြသည်။

ဤအဖွဲ့သည် ဂျင်နရယ်အီဒါးက မိမိသဘောကျ ညွှန်ကြားလွှဲအပ်သော ကိစ္စများကိုသာ ဆောင်ရွက်ရမည်ဖြစ်၍ စင်စစ်ဆိုလျှင် လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်ရှိသော အစိုးရအဖွဲ့တစ်ဖွဲ့ မဟုတ်ခဲ့ပေ။ ဌာနအသီးသီးတွင် ဂျပန်အတိုင်ပင်ခံ အရာရှိများကို ထားရှိရပြီးလျှင် မည်သည့်ကိစ္စရပ်မဆို ယင်းအတိုင်ပင်ခံ အရာရှိ၏ သဘောဆန္ဒကို ယူပြီးမှသာ ဆုံးဖြတ်ဆောင်ရွက်နိုင်ခွင့်ရှိလေသည်။ အချို့သော ဌာနများတွင်ကား ဂျပန်အရာရှိ ၅ ဦးမှ ၆ ဦးအထိပင် ခန့်ထားခဲ့လေသည်။

ဂျပန်အကြံပေးအရာရှိများ၏ အခွင့်အာဏာမှာ များစွာ ရှိခဲ့သည် ဖြစ်ရကား အစိုးရအဖွဲ့ဝင် မြန်မာခေါင်းဆောင်များနှင့် မြန်မာအရာရှိများတို့မှာ ရုပ်သေးရုပ်များအဖြစ်သာ တည်ရှိနေကြ၏။ ဂျပန်အရာရှိများသည် ဌာန၏ ဝင်ငွေထွက်ငွေများ သတ်မှတ်သုံးစွဲရာတွင်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားရေးနှင့် အုပ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ရေးဆိုင်ရာ ပြဿနာများကို ဆုံးဖြတ်ရာတွင်လည်းကောင်း အဓိကပြဿနာအောင် ပေးကြသူများ ဖြစ်ကြသည်။ မြန်မာအစိုးရအဖွဲ့ဝင်ခေါင်းဆောင်များမှာ ၄င်း ဂျပန်အရာရှိများ သဘောမတူသည့် ကိစ္စကို ဘာမျှ ဆောင်ရွက်ခွင့် မရှိပေ။

မည်သို့ပင်ဖြစ်စေ၊ ဒေါက်တာဘမော်နှင့် မြန်မာနိုင်ငံရေးခေါင်းဆောင်များသည် အခြေအနေကို ရုတ်တရက် ဆိုးမသွားစေရန် အတတ်နိုင်ဆုံး ထိန်းသိမ်း၍ ဆောင်ရွက်သွားကြလေသည်။ ထိုသို့ဆောင်ရွက်ရင်း ဒေါက်တာဘမော်သည် မိမိနောက်တွင် နိုင်ငံရေးအစည်းအရုံးတစ်ခု ရှိသင့်သည်ဟု ယူဆမိသည်။ သခင်နု အစရှိသော မြန်မာခေါင်းဆောင်များကလည်း ဂျပန်က မိမိတို့အစိုးရအဖွဲ့ကို ဖော်ကားမော်ကား မလုပ်ရဲစေရန် မိမိတို့နောက်တွင် အစည်းအရုံးတစ်ခုကို ဖွဲ့စည်းထားသင့်သည်ဟု ပြောဆိုအကြံပေးကြလေသည်။

သို့သော် ထိုအချိန်က အစည်းအရုံးတစ်ခု ဖွဲ့စည်းရေးမှာ လွယ်ကူသည် မဟုတ်ပေ။ မြန်မာနိုင်ငံ၏ နိုင်ငံရေးခေါင်းဆောင်ဟောင်းများဖြစ်ကြသော ဒို့ဗမာ အစည်းအရုံးမှသခင်များသည်လည်းကောင်း၊ ဆင်းရဲသား ဝံသာနုအဖွဲ့မှ ဘောမ ခေါင်းဆောင်များသည်လည်းကောင်း အချင်းချင်း မညီမညွတ်ဖြစ်နေကြလေသည်။ အစည်းအရုံးဖွဲ့စည်းရန် ရှိသောအခါတွင် သခင်များက 'ဒို့ဗမာ' ဆိုသော အမည် ပါစေချင်၍ ဘောမများက 'ဆင်းရဲသား ဝံသာနု' ဆိုသော စကားလုံး ထည့်ရမည်ဟု ဆိုကြသည်။ ထို့ကြောင့် နောက်ဆုံးတွင် 'ဒို့ဗမာ ဆင်းရဲသားအစည်းအရုံး' ဟု အမည်ပေးပြီး နိုင်ငံရေးအဖွဲ့အစည်းတစ်ခုကို မြန်မာခေါင်းဆောင်များက တည်ထောင်ကြလေသည်။ အစည်းအရုံး၏ စည်းမျဉ်းဥပဒေကို သခင်သန်းထွန်းက ရေးဆွဲခဲ့၏။

အစည်းအရုံးကို ခိုင်မြဲမှုရှိအောင်ဖွဲ့စည်းသောအခါတွင် ဂျပန်စစ်အာဏာပိုင်တို့သည် ထုံးစံအတိုင်း ဝင်၍ နှောင့်ယှက်ကြ၏။ အစည်းအရုံးမှ လုပ်လိုသည့် အစီအစဉ်အချို့ကို မလုပ်ရန် စစ်မိန့်ဖြင့် တားဆီးပိတ်ပင်ခဲ့ကြလေသည်။

ထို့ပြင် 'ဒို့ဗမာ ဆင်းရဲသားအစည်းအရုံး' ဆိုလျှင် ဆင်းရဲသားဆိုသော ဝေါဟာရမှာ ကွန်မြူနစ်သို့ ဆိုလိုသလား စသော မေးခွန်းများမှာ ဂျပန်များ၏ ၄င်းတို့၏ အလိုတော်ရိများထံမှ ပေါ်ထွက်လာသည်။ ထို့ပြင်လည်း အစည်းအရုံးဝင်အချင်းချင်း သွေးကွဲနေကြပြီ၊ သခင်တွေက ဒေါက်တာဘမော်ကို မကျေနပ်ကြ သေးသည့် သတင်းစကားတွေကိုပါ မဟုတ်မမှန် ဖါခြမ်းကြလေသည်။

ထို့ကြောင့်ပင် ဒေါက်တာဘမော်သည် ခိုင်မြဲမှုမရှိသော အစည်းအရုံး ခေါင်းဆောင်များကို ဖိတ်ခေါ်ပြီးလျှင် ရာထူးနှင့်အပ်နှံပွဲတစ်ရပ် ကျင်းပရာ၌ 'ဂျပန်တွေက ဟိုနေရာမှာ အတားအဆီး၊ ဒီနေရာမှာ အတားအဆီး၊ တွေ့ကရာ ရှောင်ကြ နေနိုင်တာပဲ ဘာမှ ဆုံးဖြတ်စရာ မလိုဘူး သူတို့ ဒီလို အတားအဆီးလုပ်တာ



ကျွန်တော်တို့တစ်တွေ မစဉ်းစားဘူးဆိုရင်၊ သူတို့လိုပဲ ကျွန်တော်တို့ အာဏာပြချင်ကြရင် ကျွန်တော်တို့ အားရှိအောင် လုပ်ကြ။ ဒီလိုလုပ်နိုင်ဖို့ဟာ အာဏာ လိုပြီ၊ ဘာမှ တတ်နိုင်တာ မဟုတ်ဘူး။ သူတို့လည်း အားရှိလို့ အာဏာပြနိုင်တယ်။ ကျွန်တော်တို့လည်း အာဏာပြရင် သူတို့လို အားရှိအောင်လုပ်ရမယ်။ ပေါ်လာမယ်ဆိုတာ ဘာမှ အထူးအဆန်း မဟုတ်ဘူး။ ကျွန်တော်တို့တစ်တွေဟာ ဒီမှာ အသက်ကို ကိုယ်ထဲမှာ မထားဘဲ လက်ထဲမှာ ကိုင်သွားနေကြတယ်ဆိုတာ ကောင်းကောင်းမှတ်သွားလိုက်ကြပါ' စသဖြင့် မကျေနပ်သည်များကို ဖွင့်ဟ၍ ပြောကြားခဲ့လေသည်။

ဂျပန်သည် မြန်မာနိုင်ငံ မျိုးချစ်လူငယ်ခေါင်းဆောင်များအား ပေးထားခဲ့သော ကတိစကားများကို တစ်ခုမျှ လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ မိမိသဘောအတိုင်း လုပ်ချင်သည်များကို အစမ်းလုပ်နေသည်ကို တွေ့ရသည်နှင့် ဗိုလ်ချုပ်အောင်ဆန်း နှင့် ဗိုလ်မှူးကြီးနေဝင်းခေါင်းဆောင်သော တပ်မတော်ခေါင်းဆောင်များသည် များစွာ မကျေနပ်ဖြစ်ကြကာ 'ဂျပန်တော့ လိမ်ပြီ၊ ဗမာကို ကယ်နိုင်မှာ ညီညွတ်ရေး တစ်ခုပဲ ရှိတော့တယ်၊ အဲဒီညီညွတ်ရေးရဖို့အတွက် ကျွန်တော်တို့ ဗမာ့တပ်မတော် တစ်တပ်လုံးကို ထားချင်တဲ့ နေရာမှာ ထားပေါ့' ဟုသည့် အဓိပ္ပာယ်ရှိပါသည့် စာတစ်စောင်ကို ရေးပြီး ဒေါက်တာဘမော်အား ပေးခဲ့သေးသည်ဟု 'သခင်နု၏ ငါးနှစ်ရာသီ ဗမာပြည်' စာအုပ်တွင် ပါရှိခဲ့လေသည်။

မြန်မာအစိုးရအဖွဲ့ဝင်ခေါင်းဆောင်များဖြစ်ကြသော ဒေါက်တာဘမော်၊ သခင်မြ၊ ဒေါက်တာသိန်းမောင်နှင့် ဗမာ့ကာကွယ်ရေးတပ်မတော်မှ ဗိုလ်ချုပ် အောင်ဆန်းတို့အား ဂျပန်နိုင်ငံ အစိုးရက ဖိတ်ကြားသဖြင့် ၁၉၄၃ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့မှ တိုကျိုမြို့သို့ လေယာဉ်ပျံဖြင့် ထွက်ခွာသွားကြ၏။ မြန်မာအစိုးရအဖွဲ့ခေါင်းဆောင်များသည် တိုကျိုမြို့သို့ မတ်လ ၁၀ ရက်နေ့တွင် ရောက်သည်မှ ဂျပန်အစိုးရအဖွဲ့ခေါင်းဆောင်များနှင့် မြန်မာနိုင်ငံရေးရာ ကိစ္စ အဝဝတို့ကို ဆွေးနွေးခဲ့ကြသည်။ တိုကျိုတွင် မြန်မာခေါင်းဆောင်များ ရှိနေစဉ် ဂျပန်ဘုရင်သည် ဒေါက်တာဘမော်အား ပထမတန်း နေဝန်းတံဆိပ်ကိုလည်းကောင်း၊ သခင်မြနှင့် ဒေါက်တာသိန်းမောင်တို့အား ဒုတိယတန်း နေဝန်းတံဆိပ်ဖြင့်လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းအား တတိယတန်း နေဝန်းတံဆိပ်ဖြင့်လည်းကောင်း ဂုဏ်ပြု ချီးမြှင့်ခဲ့လေသည်။

၁၉၄၃ ခုနှစ်၊ မေလ ၈ ရက်နေ့တွင်ကား ဂျပန်စစ်ခေါင်းဆောင်များသည် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရန်အတွက် လွတ်လပ်ရေးပြင်ဆင်မှု အဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့၏။ ၄င်းအဖွဲ့တွင် အဖွဲ့ဝင် ၂၆ ဦး ပါဝင်ကြရာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဒေါက်တာဘမော်(ဥက္ကဋ္ဌ) ၂။ သခင်မြ ၃။ ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



၄။ ဦးထွန်းအောင် ၅။ ဒေါက်တာသိမ်းမောင် ၆။ သခင်နု ၇။ ဦးလှမေ ၈။ ဗန္ဓုလဦးစိန် ၉။ သခင်ကိုယ်တော်မှိုင်း ၁၀။ သခင်သန်းထွန်း ၁၁။ သခင်ထွန်းအုပ် ၁၂။ သခင်စစိန် ၁၃။ ဆာမြဘူး ၁၄။ ဦးချစ်လှိုင် ၁၅။ ဦးသိမ်းမောင် ၁၆။ ဦးသွင် ၁၇။ ဒေါက်တာ ဗစိုး ၁၈။ ဦးအေး ၁၉။ ဦးထွန်းဖေ ၂၀။ ဦးဆက် ၂၁။ ဟသ်ာတဦးမြ ၂၂။ ဦးခင်မောင်ရွှေ ၂၃။ ဦးအေးမောင် ၂၄။ ဦးကျော်ငြိမ်း ၂၅။ ဦးကျော် ၂၆။ ဦးဘဝင်။

၎င်းလွှတ်လပ်ရေးစီစဉ်မှု ကော်မတီတွင် အတွင်းရေးမှူးအဖြစ် ဝန်ကြီးချုပ်၏အတွင်းဝန် ဦးကျော်ငြိမ်း(နောင် ဖဆပလဝန်ကြီးဟောင်း)က ဆောင်ရွက်ရလေသည်။ လွှတ်လပ်ရေးစီစဉ်မှုကော်မတီသည် မြန်မာလွှတ်လပ်ရေး ကြေညာရန် လိုအပ်သမျှတို့ကို ဆောင်ရွက်စီစဉ်ခဲ့ပြီး ဖြစ်လေရာ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ တစ်ရက်နေ့တွင် ဂျပန်နိုင်ငံ ဘုရင်မင်းမြတ်က မြန်မာနိုင်ငံတော်အား လွှတ်လပ်သော နိုင်ငံအဖြစ် အသိအမှတ်ပြုကြောင်း ကြေညာခဲ့လေသည်။ မြန်မာနိုင်ငံ လွှတ်လပ်ရေးကို ကြေညာပြီးသည့်နေ့မှ စ၍ အစိုးရအဖွဲ့ခေါင်းဆောင် ဒေါက်တာဘမော်ကို နိုင်ငံတော်အဓိပတိဟု ခေါ်ဆိုရ၏။

ဂျပန်ခေတ် လွှတ်လပ်သော မြန်မာနိုင်ငံတော်၏ အစိုးရအဖွဲ့တွင် ပါဝင်ကြသော ဝန်ကြီးများမှာ အောက်ပါအတိုင်းဖြစ်လေသည်။ ၁။ ဒေါက်တာဘမော် (နိုင်ငံတော်အဓိပတိနှင့် ဝန်ကြီးချုပ်) ၂။ သခင်မြ(ဒုတိယဝန်ကြီးချုပ်) ၃။ ဗိုလ်ချုပ်အောင်ဆန်း(စစ်ဝန်ကြီး) ၄။ ဒေါက်တာသိမ်းမောင်(ဘဏ္ဍာရေးဝန်ကြီး) ၅။ သခင်နု (နိုင်ငံခြားရေးဝန်ကြီး) ၆။ ဦးဘဝင်(ပြည်ထဲရေးဝန်ကြီး) ၇။ ဦးစိန်(ဝါဒဖြန့်ချိရေးဝန်ကြီး) ၈။ ဦးထွန်းအောင်(ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး) ၉။ ဦးသိမ်းမောင်(တရားရေးဌာနဝန်ကြီး) ၁၀။ ပျော်ဘွယ်ဦးမြ(ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီး) ၁၁။ သခင်သန်းထွန်း(မြေနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီး) ၁၂။ သခင်လွန်းဘော်(လမ်းပန်းဆက်သွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီး) ၁၃။ သခင်လေးမောင်(ဆည်မြောင်းဌာနဝန်ကြီး) ၁၄။ ဦးအေး(အခွန်တော်ဌာနဝန်ကြီး) ၁၅။ ဦးလှမေ(သစ်တောနှင့် သတ္တုတွင်းဌာနဝန်ကြီး) ၁၆။ ဦးလှမင်း(ကျန်းမာရေးနှင့် ပညာရေးဌာနဝန်ကြီး)။

ဤအစိုးရအဖွဲ့နှင့်အတူ ပူးတွဲဆောင်ရွက်ရန် အတိုင်ပင်ခံ လွှတ်တော် တစ်ရပ်ကိုပါ တစ်ပါတည်းဖွဲ့စည်းခဲ့ရာ ၎င်းလွှတ်တော်တွင် ဆာဦးသွင်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးဘလှိုင်က ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်၍ သခင်ကိုယ်တော်မှိုင်း၊ ဟသ်ာတဦးမြ၊ ဒီးဒုတ်ဦးဘချို၊ မြန်မာ အသင်းဦးဘတင်နှင့် အခြားပုဂ္ဂိုလ်များ ပါဝင်ပြီး အဖွဲ့ဝင်ဦးရေ ၂၀ ရှိလေသည်။



မြန်မာလွှတ်လပ်ရေးကို ကြေညာပြီးသည်နှင့် ဂျပန်နှင့် မြန်မာတို့သည် မဟာမိတ်စာချုပ်တစ်ရပ်ကို လက်မှတ်ထိုးရသည်။ ယင်းစာချုပ်မှာ ဂျပန်တပ်မတော်အား မြန်မာနိုင်ငံက ဆက်လက်၍ ကူညီထောက်ပံ့မှုများကို ပေးရန်အတွက် အဓိကထား၍ ချုပ်ဆိုသော စာချုပ်ဖြစ်လေသည်။ စာချုပ်ပါအချက်များတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရိုသေလေးစားရန်၊ အရှေ့အာရှစစ်ပွဲကြီးကို အောင်မြင်စွာ တိုက်ခိုက်နိုင်ရန်အတွက် တစ်ဦးကို တစ်ဦး ရင်းနှီးစွာ ပူးပေါင်းကူညီရန် စသဖြင့် ပါရှိလေသည်။

ဗမာလွှတ်လပ်ရေးကို ကြေညာသော နေ့တွင်ပင် နိုင်ငံတော်အဓိပတိ ခေါင်းဆောင်သော မြန်မာနိုင်ငံတော် အစိုးရသည် အင်္ဂလိပ် အမေရိကန်တို့အား စစ်ကြေညာလိုက်သည်။ ယင်းကြေညာချက်၌ ဖော်ပြထားရာ၌ အရှေ့အာရှစစ်ပွဲကြီးတွင် မြန်မာနိုင်ငံသည် ဂျပန်နိုင်ငံနှင့် တွဲ၍ အင်္ဂလိပ် အမေရိကန်တို့အား အပြီးတိုင် ချေမှုန်းတိုက်ခိုက်မည်ဖြစ်ကြောင်း စသဖြင့် ပါရှိလေသည်။

နိုင်ငံတော်အဓိပတိ ဒေါက်တာဘမော်၏ လက်မှတ်ဖြင့် ရေးသားထားသော လွှတ်လပ်ရေးကြေညာစာတမ်းကြီးကို လွှတ်လပ်ရေးနေ့တွင် ဖတ်ကြားရ၏။ ယင်းကြေညာစာတမ်းကြီး၌ အင်္ဂလိပ်နယ်ချဲ့သမားတို့က မြန်မာနိုင်ငံအား အစဉ် နှိပ်စက်ခြင်းပြုခဲ့သည်ကို ရှုတ်ချအပြစ်တင် ရေးသားထား၏။ ထို့ပြင်လည်း အင်္ဂလိပ်နယ်ချဲ့သမားတို့အား မောင်းနှင်တိုက်ထုတ်ပေးခဲ့သော ဂျပန်နိုင်ငံတော်ကြီးကို အထူးကျေးဇူးတင်ရှိပါကြောင်း စသဖြင့် ရေးသားထားလေသည်။

ဂျပန်နိုင်ငံတော် ဘုရင်စကရာဇ်နှင့် ဝန်ကြီးချုပ် တိုဂျိုတို့ထံမှ မြန်မာနိုင်ငံတော် အဓိပတိနှင့် အစိုးရအဖွဲ့၊ တိုင်းသူပြည်သားများထံသို့ မြန်မာလွှတ်လပ်ရေး သဝဏ်လွှာများကို ပေးပို့ခြင်း ပြုခဲ့လေသည်။ ဂျပန်ဘုရင်၏ သဝဏ်လွှာ၌ မြန်မာလွှတ်လပ်ရေးအောင်ပွဲသဘင်ကြီး ကျင်းပပြုလုပ်သည့် နေ့တွင် ဝမ်းသာ စကား ပြောလိုက်ရပါသည် စသဖြင့်လည်းကောင်း၊ ဂျပန်ဝန်ကြီးချုပ် တိုဂျို၏ သဝဏ်လွှာတွင် ရှေးအခါက လွှတ်လပ်ရေးကို မည်သည့်နိုင်ငံကမျှ ချက်ချင်း လွယ်ကူစွာ မရရှိခဲ့သောကြောင်း ယခုအခါတွင်မူ မြန်မာနိုင်ငံတော်သူ နိုင်ငံသားတို့ လိုလားတောင့်တနေကြသော လွှတ်လပ်ရေးကြီးကို ရရှိပြီဖြစ်၍ မြန်မာနိုင်ငံသည် အလွန်ပင် ဂုဏ်ကောင်းရသည့်အဖြစ် များစွာပင် ဝမ်းမြောက်မှုပင်ဖြစ်ကြောင်း စသဖြင့်လည်းကောင်း ပါရှိခဲ့၏။

မြန်မာလူမျိုးများသည် အင်္ဂလိပ်ခေတ်တုန်းကနှင့် ၎င်းတို့၏ စိတ်ဓာတ် စိတ်ထား၊ အမူအကျင့်ဘို့ကို လုံးဝစွန့်ပယ်လိုက်ကြစေလိုသည် စသဖြင့် မြန်မာ နိုင်ငံ ဂျပန်တပ်မတော်၏ စစ်သေနာပတိဖြစ်သူ ဂျင်နရယ်ကာဝါဘီက လွှတ်လပ် ရေးကြေညာစာတမ်း ကြေညာသည့်ပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောကြားခဲ့သေး၏။

www.burmeseclassic.com



ထို့ပြင် မြန်မာ့လွတ်လပ်ရေးကို ဂျပန်နှင့် ၎င်း၏ လက်အောက်ခံနိုင်ငံများ၊ ဂျပန်၏ မဟာမိတ်နိုင်ငံများဖြစ်ကြသော ၁။ တရုတ်ပြည်(နန်ကင်း) ၂။ မန်ချူးကို ၃။ ယိုးဒယား ၄။ ကရိုအေးရှား ၅။ ဂျာမနီ ၆။ ချက်ကိုစလိုဗက်ကီးယား ၇။ ဘူလ်ဂေးရီးယား စသော နိုင်ငံတို့က အသိအမှတ်ပြုကြောင်း ကြေညာလေသည်။

ဂျပန်အစိုးရသည် မစ္စတာ ရင်ဆိုဆာဝါဒါ ဆိုသူအား မြန်မာနိုင်ငံသို့ သံအမတ်အဖြစ် ခန့်ထား၍ မြန်မာနိုင်ငံကလည်း ဂျပန်နိုင်ငံသို့ သံအမတ် စေလွှတ်ခန့်ထားခဲ့ရသေး၏။

အထက်ပါ မြန်မာ့လွတ်လပ်ရေးကြေညာခြင်း အခမ်းအနားတွင် ဂျပန်တို့၏ ပိုင်းဝန်းထောက်ပံ့မှုများကို သာဓကအဖြစ်ကြည့်လျှင် များစွာ ခမ်းနားဖွယ်ရာ အခြေအနေများဟု ထင်မှတ်ရန် ရှိ၏။ သို့သော် ဖြစ်ရပ်ကို သေချာစွာ သုံးသပ်ပါလျှင်ကား မြန်မာနိုင်ငံအပေါ်တွင် ဂျပန်သည် မိမိဩဇာအာဏာ လွှမ်းမိုးမှုကို ဆက်လက်ချုပ်ကိုင်ထားကြောင်းမှာ ထင်ရှားလှပေသည်။ မြန်မာနိုင်ငံအစိုးရအဖွဲ့အပေါ် ဂျပန်စစ်တပ်နှင့် ဂျပန်နိုင်ငံစစ်ခေါင်းဆောင်များ၏ ဩဇာအာဏာများ လွှမ်းမိုးနေခြင်းကို ခံရခြင်းသည်ပင်လျှင် မြန်မာ့လွတ်လပ်ရေးသည် "အပေါ်ယံရွှေမှုန်ကြဲ အထဲက နောက်ချေးခဲ၊ မျိုးက မမှန်" ဆိုသည့် စကားကဲ့သို့ ဖြစ်နေသည်ကို တွေ့ရပေသည်။

မြန်မာနိုင်ငံတော် အစိုးရနှင့် ဂျပန်အစိုးရတို့ ချုပ်ဆိုသော စာချုပ်တွင် မဟာအရှေ့အာရှစည်းပွဲကြီး ဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ တစ်ဦးနှင့် တစ်ဦး ပူးပေါင်းဆောင်ရွက်သွားရန် အချက်ပါရှိရာ ယင်းအချက်၏ အဓိပ္ပာယ်မှာ ဤစစ်ကြီးပြီးသည်အထိ ဂျပန်တပ်မတော်နှင့် ဂျပန်နိုင်ငံကို မြန်မာနိုင်ငံက အစွမ်းကုန် ပူးပေါင်းကူညီဆောင်ရွက်ရမည့် သဘောမှာ အထင်အရှားတွေ့နိုင်သည်။ သို့ဆိုလျှင် မြန်မာနိုင်ငံသည် ဂျပန်ကိုသာမျှကို ပေးနေရမည့် အခြေအနေတွင် ရှိနေသည်ကို တွေ့ရပေသည်။

ဗမာ့လွတ်လပ်ရေး ကြေညာစာတမ်းကြီးတွင်လည်း နိုင်ငံတော်အဓိပတိသည် အင်္ဂလိပ်နယ်ချဲ့တို့အား မြင်းသင်္ကန်းရှာ မှုတ်ထုတ်၍ ဂျပန်ကို ကျေးဇူးအာရုံ တင်ရှိပုံကို ဖော်ပြရသည့်အပြင် အင်္ဂလိပ် အမေရိကန်နိုင်ငံများအပေါ် မြန်မာနိုင်ငံက စစ်ကြေညာရမည်ဖြစ်သည်။ ဤသည်တို့မှာ ဂျပန်တို့ပိုင်သာမျှ ဂျပန်၏အလိုတော်ကျမည့် ထင်သမျှကို လိုက်၍ ဆောင်ရွက်လုပ်ကိုင်ပေးနေရသည့် အဖြစ်ပင်တည်း။

လွတ်လပ်ရေးရရှိသော နေ့တွင်ပင် မြင်သမျှတို့မှာ မြန်မာနိုင်ငံသည် ဂျပန်၏ အချုပ်အချယ်မှ ကင်းလွတ်ခြင်းမရှိသည်ကို အကြမ်းအားဖြင့် တွေ့ကြရ၏။ ထို့ပြင် မြန်မာအစိုးရအဖွဲ့ ဖွဲ့စည်းရာတွင်လည်းကောင်း၊ လွတ်လပ်ရေး



ပြင်ဆင်မှုကော်မတီ၏ လုပ်ဆောင်မှုများတွင်လည်းကောင်း၊ မြန်မာနိုင်ငံရှိ ဂျပန်စစ်အရာရှိများသည် မိမိတို့ သဘောမတွေ့သည်တို့ကို ဖြုတ်ပယ်စေပြီးလျှင် မိမိတို့ လိုလားသည်တို့ကို ထည့်သွင်းရန် အမျိုးမျိုးစီစဉ်ခဲ့ကြ၏။ ဤသို့ဖြင့် မြန်မာနိုင်ငံသည် လွတ်လပ်ပြီဟု ကမ္ဘာသို့ ကြေညာလိုက်သော်လည်း စင်စစ်တကယ်ဆိုလျှင်ကား မြန်မာနိုင်ငံသည် လွတ်လပ်ရေးအတု (ဝါ) ရွှေရည်စိမ် လွတ်လပ်ရေးကို ရရှိခြင်းသာ ဖြစ်ကြောင်း မြန်မာခေါင်းဆောင်များက ကောင်းစွာ နားလည်ခဲ့ကြလေသည်။

ထို့ကြောင့်ပင် မြန်မာနိုင်ငံတစ်ဝန်းတွင် လွတ်လပ်ရေး ဆောင်ပွဲများ ကျင်းပ၍ "လွတ်လပ်ပြီ...လွတ်လပ်ပြီ၊ တို့ပြည်လွတ်လပ်ပြီ" အစရှိသော တေးသီချင်းများကို သီဆိုကခုန်လျက် ပျော်ပွဲရွှင်ပွဲများ ကျင်းပနေကြသော်လည်း အမြော်အမြင်ကြီးသော မြန်မာခေါင်းဆောင်အချို့သည် မြန်မာနိုင်ငံကို ဂျပန်သည် မည်မျှဆက်၍ လိမ်နိုင်မည်နည်းဟူသည်ကိုသာ စောင့်၍ ကြည့်လျက် ရှိကြ၏။ တစ်ဖက်မှလည်း ဂျပန်ဖက်ဆစ်တို့၏ စစ်အာဏာရှင်ဝါဒဆိုးကြီးကို တော်လှန်တိုက်ခိုက်နိုင်ခွင့်ရမည့် နေ့ကို မျှော်လင့်လျက် လုပ်ဆောင်ဖွယ်ရှိသည်တို့ကို ပီပြင်သေသပ်စွာ လုပ်ဆောင်လျက်ရှိကြလေသည်။

ဂျပန်တို့ပေးသော လွတ်လပ်ရေးမှာ ရွှေရည်စိမ်လွတ်လပ်ရေးဖြစ်ကြောင်း အထက်က ဖော်ပြခဲ့၏။ ထို့ပြင် "အပေါ်ယံ ရွှေမှုန်ကြဲ၊ အထဲက နောက်ချေးခဲ၊ မျိုးက မမှန်" ဟုလည်း ဆိုခဲ့၏။ ဂျပန်တို့သည် ရွှေရည်စိမ်လွတ်လပ်ရေးကြီးကို ပြ၍ မြန်မာတို့အပေါ် ထပ်မံ၍ မည်မျှလိမ်ညာခဲ့ကြပြန်သည်ကိုလည်းကောင်း၊ အထဲမှ နောက်ချေးခဲထားပြီး အပေါ်မှ ရွှေမှုန်လှလှ ကြဲပြထားသော လွတ်လပ်ရေးကြီး၏ အနှစ်သာရသည် ဘာမျှ မရှိသည်ဆိုခြင်းကိုလည်းကောင်း၊ ရှေ့တွင် ဆက်လက်ဖော်ပြရပေဦးမည်ဖြစ်၏။

## (ဃ) မြန်မာနိုင်ငံ၏ နိုင်ငံရေး စီးပွားရေးတို့တွင် ဂျပန်တို့ ဖိနှိပ်ချုပ်ချယ်မှုများ

မြန်မာနိုင်ငံကို ဂျပန်ဘုရင်က လုံးဝလွတ်လပ်ရေးပေးမည်ဖြစ်၍ ကြိုတင်ဖွဲ့စည်းထားခဲ့သော လွတ်လပ်ရေးစီစဉ်မှုကော်မတီသည် မြန်မာနိုင်ငံ အုပ်ချုပ်ရေး ဥပဒေနှင့် မူကြမ်းများကို စနစ်တကျ ရေးဆွဲပေးခဲ့လေသည်။ ထို့ကြောင့် နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်၏ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့သည် လွတ်လပ်ရေး စီစဉ်မှုကော်မတီက မူလပထမ ရေးဆွဲထားသော ဥပဒေနှင့် မူကြမ်းများကို အကောင်အထည်ဖော်၍ အုပ်ချုပ်သွားရမည်ဖြစ်သည်။ လက်တွေ့တွင်ကား ထိုသို့ မဟုတ်ပေ။ နိုင်ငံတော် အဓိပတိသည်လည်းကောင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ သည်လည်းကောင်း၊ အစိုးရအဖွဲ့မှ ခန့်ထားသော အတွင်းဝန်များ အရာရှိများ

www.burmeseclassic.com

www.burmeseclassic.com



သည်လည်းကောင်း၊ ဂျပန်စစ်ခေါင်းဆောင်တို့၏ မျက်နှာကိုသာ ကြည့်၍ ဂျပန်တို့အလိုကျသာလျှင် အုပ်ချုပ်လုပ်ဆောင်သွားနေရပေသည်။ မြန်မာနိုင်ငံ အုပ်ချုပ်ရေးဥပဒေများသည် စာရွက်ပေါ်တွင်သာ ရှိပြီး နိုင်ငံတော်ကြီးကို အုပ်ချုပ်ရာတွင် ယင်းဥပဒေများမှာ စက္ကူစုတ်သာသာမျှသာ အခွင့်အရေးရှိတော့သည်။

မြန်မာနိုင်ငံ အုပ်ချုပ်ရေးဥပဒေစည်းမျဉ်းတွင် ဖော်ပြထားရာ၌ 'မြန်မာနိုင်ငံတော်သည် လုံးဝလွတ်လပ်ပြီး အချုပ်အခြာအာဏာနှင့် ပြည့်စုံသော နိုင်ငံဖြစ်သည်' ဟုအတိအလင်းပါရှိပေသည်။ သို့သော် ယင်းအချုပ်အခြာအာဏာကို ယခုအခါ အဘယ်မှာမျှ ရှာ၍ မရပေ။ လက်တွေ့အသုံးပြုနေရသည်မှာ ဂျပန်စစ်အာဏာပိုင်တို့က ပေးသော စစ်အာဏာရှင်စနစ်နှင့် အမိန့်များကို မြန်မာနိုင်ငံတော် အဓိပတိနှင့် အစိုးရအဖွဲ့က အကောင်အထည်ဖော်ရန် ကြိုးပမ်းကြရသကဲ့သို့ ဖြစ်နေပေသည်။

ဂျပန်စစ်အာဏာပိုင်များသည် မြန်မာနိုင်ငံအစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးဦးကို မိမိထံလာရောက်ရန် အမိန့်ထုတ်၍ ဆင့်ခေါ်တတ်ရှိသည်။ အကြောင်းကိစ္စရှိလျှင်လည်း မြန်မာအစိုးရ နိုင်ငံခြားရေးဝန်ကြီးသည် မိမိနိုင်ငံသို့ လာရောက်နေထိုင်သော ဂျပန်သံအမတ်ထံသို့ ကိုယ်တိုင်သွားရောက် တွေ့ဆုံရသည်။ ထို့ပြင် ဥပဒေကျူးလွန်သော ဂျပန်စစ်သားတစ်ဦးကို မြန်မာတပ်မတော်သားတစ်ဦးက အပြစ်ပေးဆုံးမသည့် ကိစ္စကလေးမျှပင် မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံခြားရေးဝန်ကြီး သခင်နုတို့သည် ဂျပန်စစ်အာဏာပိုင်နှင့် ဂျပန်သံအမတ်တို့ကို တောင်းပန်ခြင်းပြုရ၍ ဂျပန်စစ်တပ်က အရေးတောင်းဆို၍ ချက်ချင်းပင် သွားရောက်၍ ဝန်ချတောင်းပန်ခြင်း ပြုရပေသည်။ ဂျပန်စစ်ခေါင်းဆောင်များနှင့် မြန်မာအစိုးရအဖွဲ့ဝင် ဝန်ကြီးတို့၏ ဆက်ဆံရေးသည်လည်းကောင်း၊ ဂျပန်စစ်သေနာပတိချုပ်နှင့် မြန်မာနိုင်ငံတော် အဓိပတိတို့၏ ဆက်ဆံရေးသည်လည်းကောင်း တရားမျှတမှု မရှိဘဲ သခင်နှင့် ကျွန် ဆက်ဆံရေးနည်းမျိုးဖြစ်နေသည်ကို အံ့သြဝမ်းနည်းဖွယ်ရာ တွေ့ရပေသည်။

ထို့အတူပင် မြန်မာနိုင်ငံအရပ်ရပ်တွင် ခန့်ထားသော ခရိုင်ဝန်မှ အစ မြို့ပိုင်အဆုံး အုပ်ချုပ်ရေးအရာရှိများသည် မိမိတို့မြို့နယ်များသို့ [illegible] စီမံအုပ်ချုပ်ရာတွင် တရားဥပဒေကို ဘေးဖယ်ထားပြီး ခရိုင်မြို့နယ်များကို ဂျပန်စစ်ဗိုလ်၊ အကြပ်၊ တပ်သားများ၏ အမိန့်သြဇာကို နာခံလျက် ဆောင်ရွက်နေကြရသည်ကိုလည်း စိတ်ပျက်ဝမ်းနည်းဖွယ်ရာ တွေ့မြင်နေကြရပြန်ပေသည်။

မြန်မာနိုင်ငံတော် အစိုးရအဖွဲ့နှင့် ဖွဲ့စည်းအုပ်ချုပ်ရန် အတိုင်ပင်ခံလွှတ်တော်အဖွဲ့ကို ဖွဲ့စည်းထားခဲ့ရာ မြန်မာနိုင်ငံတော် အဓိပတိသည် ယင်းအတိုင်ပင်ခံလွှတ်တော်၏ အကြံပေးချက်များကို တောင်းယူအသုံးပြုရမည်



ဖြစ်သည်။ ရေးဆွဲထားသော အုပ်ချုပ်ရေးဥပဒေအရ အတိုင်ပင်ခံလွှတ်တော်၏ အကြံပေးချက်များကို အဓိပတိသည် အောက်ဖော်ပြပါကိစ္စများနှင့် ပတ်သက်၍ မတောင်းဘဲ မနေရဟု ပါရှိပေသည်။

ယင်းကိစ္စများမှာ ၁။ အခွန်တော်ကိစ္စ ၂။ နှစ်စဉ် ဝင်ငွေထွက်ငွေ ခန့်မှန်းချက် ၃။ နိုင်ငံတော်ချေးငွေများ ၄။ သာမန်ဥပဒေပြုခြင်း ၅။ စစ်ပြေငြိမ်းရေးစာချုပ်တို့ ဖြစ်ပေသည်။ အတိုင်ပင်ခံလွှတ်တော်အမတ်များကို နိုင်ငံတော် အဓိပတိသည် မိမိအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တိုင်ပင်၍ ခန့်ထားရပေသည်။

ဥပဒေပြုရန် ကိစ္စများပေါ်ပေါက်လျှင် နိုင်ငံတော် အဓိပတိသည် တာဝန်အရှိဆုံးဖြစ်၏။ နိုင်ငံတော်အဓိပတိသည် မိမိဝန်ကြီးအဖွဲ့လည်းကောင်း၊ အတိုင်ပင်ခံလွှတ်တော်အမတ်များထံမှလည်းကောင်း အကြံဉာဏ်များရယူ၍ တိုင်ပင်ဆောင်ရွက်ခြင်းဖြင့် ဥပဒေပြုရပေသည်။ သို့သော် ထိုဥပဒေသည် မြန်မာအမျိုးသားများအတွက်သာ ဖြစ်၍ မြန်မာနိုင်ငံ၌ လာရောက်နေထိုင်သော ဂျပန်စစ်သားများအတွက် မဟုတ်ပေ။ ၎င်းတို့သည် မြန်မာနိုင်ငံတော်၏ ဥပဒေဘောင်ကိုလည်းကောင်း၊ အသက်ကိုလည်းကောင်း နာယူလေးစားခြင်း မပြုကြဘဲ မိမိတို့၏ လက်နက်အာဏာကို [illegible]သည်သာ မိမိတို့ဥပဒေအဖြစ် သုံးစွဲနေကြပေသည်။

ဥပဒေဆိုလျှင် မြန်မာနိုင်ငံ အုပ်ချုပ်ရေးဥပဒေတွင် မြန်မာအမျိုးသားတိုင်း ရသင့်ရထိုက်သော အခြေခံအခွင့်အရေးများကို ဖော်ပြထားသည်။ ၎င်းအခွင့်အရေးများ၌ 'မည်သည့်မြန်မာတစ်ဦးတစ်ယောက်ကိုမျှ ကိုယ်ရေးလွတ်လပ်မှု မဆုံးရှုံးစေရ' ဟူ၍ အတိအလင်း ဖော်ပြပါရှိပေသည်။ အမျိုးသား စီးပွား ဥစ္စာ ပိုင်ဆိုင်မှုကိစ္စနှင့် ပတ်သက်၍လည်း ၎င်းအုပ်ချုပ်ရေးဥပဒေ၌ 'မည်သည့် မြန်မာအမျိုးသားမျှ ဥပဒေမဟုတ်လျှင် မိမိပိုင်စည်းစိမ်ပစ္စည်းများကို မဆုံးရှုံးစေရ' ဟု တိကျစွာ ဖော်ပြထားလေ၏။ အထက်ပါ ဥပဒေစည်းမျဉ်းအချက်အလက်များကို လုံးဝလွတ်လပ်သည်ဟုဆိုသော မြန်မာနိုင်ငံတွင် မည်သူမျှ မခံစားခဲ့ရဟု ဆိုရမည်ဖြစ်ပေသည်။ အကြောင်းမူကား ဂျပန်စစ်အရာရှိများသည် မိမိတို့ မလိုလားသူမှန်သမျှကို ဖမ်းဆီးချုပ်နှောင်ကာ ရိုက်နှက်စစ်ဆေးခြင်း၊ မိမိတို့ မုန်းတီးသော မြန်မာများကို ဥပဒေမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိကြ၍ ဖြစ်သည်။

ရန်ကုန်မြို့တော်မှ အစ ခရိုင်မြို့နယ် ကျေးရွာများအထိ ဂျပန်စစ်အရာရှိများကို အင်္ဂလိပ်ဘာသာဖြင့် 'မာစတာ' ဆိုသော စကားလုံးများကို မိုးမွှန်အောင်ပင် မြန်မာအမျိုးသားများက ခေါ်ဝေါ်သုံးစွဲကြရသည်။ ဂျပန်စစ်အရာရှိများ၊ အကြပ်၊ တပ်သားများသည် မြန်မာမိန်းမပျိုလေးများကို တွေ့လျှင် မိမိအလိုကို၊ [illegible] ဦးလေးသားချင်းများရှေ့တွင်ပင် မရှောင်ဘဲ လက်ရောက်ကျူးလွန်မှုများ

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ကြသည်။ မိန်းမပျိုများကို ဂျပန်စစ်သားများက အဓမ္မခေါ်သွားပြီး မတရား ကျင့်ကြံမှုများကို နိုင်းနိုင်းချွာ ပြုမူကြသည်။

တစ်စုံတစ်ယောက်ကို မကြိုက်လာပါက ဂျပန်စစ်ရုံးကို သွားရောက်၍ ထိုသူသည် အင်္ဂလိပ်သူလျှိုဖြစ်သည်ဟု မဟုတ်မမှန် တိုင်ကြားရုံဖြင့် ကိစ္စပြီးသည်။ ဂျပန်သည် အင်္ဂလိပ်သူလျှိုဟု မဟုတ်မမှန် စွပ်စွဲခံရသူကို ဖရိမရှိ ဥပဒေမရှိ ဖမ်းဆီးလိုက်ပြီးလျှင် စစ်ရုံးသို့ ခေါ်သွားကာ နှိပ်စက်ညှဉ်းဆဲသော နည်းများဖြင့် စစ်ဆေးလေသည်။ ထိုသူသည် အင်္ဂလိပ်သူလျှို ဟုတ်နိုင်သည်။ မဟုတ်နိုင်သည်ကို အနည်းငယ်မျှ စူးစမ်းခြင်းပြုရန်ပင် မစဉ်းစားတော့ဘဲ သေဒဏ်ပိုင်းခြားသည့် ဥာဏ်အလွန်နည်းပါးသော ဂျပန်တို့သည် ဖမ်းဆီးနှိပ်စက်စစ်ဆေးရာတွင် မြန်မာများအား လက်သည်းနှင့်ကို ပလာယာနှင့်ဖြင့် ဆွဲနှုတ်ခြင်း၊ ရေနွေးဖြင့် လောင်းခြင်း၊ ညှပ်သကျည်းကို ဝါးရင်းတုတ်ဖြင့် ရိုက်နှိပ်ခြင်း၊ ခေါင်းနှင့် ထုပ်လျှော်များတွင် ဖောက်ထိုးကြိုးချည်၍ ထားခြင်း၊ အစာငတ် ရေငတ်ထားခြင်း၊ နေပူထဲတွင် နာရီပေါင်းများစွာ ထုတ်လှန်း၍ ထားခြင်း၊ ကျွဲစက်ဖြင့် တို့၍ အစာခံရခက်အောင် နှိပ်စက်ခြင်း စသော နည်းမျိုးစုံဖြင့် စစ်ဆေးကြလေသည်။

အချို့ မြန်မာများမှာ နှိပ်စက်ညှဉ်းဆဲမှုကို မခံမရပ်နိုင်တော့ပေရာ မဟုတ်သော်လည်း ဟုတ်သည့်ပမာ မိမိ သူလျှိုဖြစ်ကြောင်း ဝန်ခံလိုက်ကြ၏။ ထိုသို့ သူလျှိုဟု ဝန်ခံသူသည် အစေနှင့် အမြဲပင် စစ်အရာရှိများ၏ သေဒဏ်ပေးခြင်းကို ခံရမည် မုချဖြစ်တော့သည်။ အချို့က မဟုတ်သဖြင့် မဟုတ်ပါဟု "ဘူး" ခံ၍ အစစ်ခံလျှင် ဂျပန်စစ်သားတို့က ထိုသူအား ခြေကျိုးလက်ကျိုး၊ သွေးအန် ထက်သည်အထိ နှိပ်စက်ပြီးမှ "ဆောတီး" ဟု တစ်ချက်တည်းဓားနှင့်ခုတ်၍ ဖြတ်လိုက်ကြ၏။ ဂျပန်စစ်သားရုံးမှ နှိပ်စက်ခံ၍ ပြန်လာရသူသည် တစ်သက်လုံး အပေါ် တော့မျှ အလုပ်အကိုင် လုပ်ကိုင်စားသောက်၍ မရနိုင်တော့အောင် ခွကျိုးတဖြစ်သွားသည်က များလှသည်။

ဂျပန်ခေတ်က မြို့ရွာငါးရွာနယ်များ၌ သူခိုး ဓားပြများ အလွန်နည်းပါးခဲ့လေသည်။ သူခိုးဓားပြဟု သေကာသူတို့ပင်လျှင် ဖမ်းဆီးရိုက်နှက် သတ်ဖြတ်ခြင်းကို ခံရလေရာ သူခိုးဓားပြအစစ်များသည် ဂျပန်၏ ဖမ်းဆီးသတ်ဖြတ်ခြင်းကို မခံရလေအောင် နိုးကြက်တိုက်ခိုက်လုယက်ခြင်း အလွန်နည်းပါးစွာ ကျူးလွန်ခဲ့လေသည်။ ထိုသို့ပင် ဂျပန်တို့သည် ဥပဒေများကို ဘေးဖယ်၍ မိမိတို့ ဖက်ဆစ် ဥပဒေများ သုံးစွဲဆောင်ရွက်ကြလေသည်။

စင်စစ်သော်ကား ဂျပန်တို့သည် မြန်မာအမျိုးသားတို့အား ရက်စက် ရှိင်းနိုင်းစွာ ဖိနှိပ်ညှဉ်းဆဲ သတ်ဖြတ်နေခြင်းမှာ အထူးအဆန်း မဟုတ်ပေ။ ဂျပန်တို့ မြန်မာနိုင်ငံကို မတိုက်ခိုက်မီက ကိုရီးယားး တရုတ် စသော နိုင်ငံများ



သို့ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့စဉ်ကလည်း ကိုရီးယားအမျိုးသားများ၊ တရုတ်အမျိုးသားများမှာ ထိုသို့နှင့်နှင့်ပင် ညှဉ်းပန်းမှုများ ခံကြရလေသည်။ မြန်မာနိုင်ငံပါအဝင် အာရှနိုင်ငံများမှ မိမိ၏ လက်အောက်ခံနိုင်ငံများ၌ ဂျပန်စစ်ခေါင်းဆောင်များသည် မိမိတို့၏ ဖက်ဆစ်ဝါဒနှင့် စစ်အာဏာရှင်စနစ်ဆိုးတို့ကို ကောင်းစွာ အသုံးပြု၍ အုပ်ချုပ်မိုးနှိုးခဲ့ကြလေသည်။ ထိုသို့ အုပ်ချုပ်ရင်းပင် မူရင်းနိုင်ငံများရှိ အုပ်ချုပ်ရေး၊ လူမှုရေးစနစ်များကို ချိုးဖျက်ဖျက်ဆီးရန်လည်း ကြိုးစား အားထုတ်ခဲ့ကြလေသည်။

ဂျပန်တို့က ဖက်ဆစ်စနစ်ဖြင့် စိုးမိုး၍ လုံးလုံးလျှာက်လပ်သည်ဟုဆိုသော မြန်မာနိုင်ငံတော်၏ အုပ်ချုပ်ရေးဥပဒေနှင့် အမျိုးသားအခွင့်အရေးများကို ဖျက်ဆီးလာကြသောအခါတွင် မြန်မာအမျိုးသားထုကြီးသည် အထူးပင် မခံမရပ်နိုင် ဖြစ်လာကြလေသည်။ နယ်ချဲ့စနစ်နှင့် အရင်းရှင် ပဒေသရာဇ်စနစ်ဆိုးများကို လက်နက်ကိုင်တော်လှန်ရေးဖြင့်တစ်သွယ်၊ ဥပဒေဘောင်အတွင်း တော်လှန်ဆန့်ကျင်ရေးဖြင့် တစ်မျိုး နည်းအမျိုးမျိုးဖြင့် တော်လှန်ဆန့်ကျင်ခဲ့သော မြန်မာအမျိုးသားထုကြီးသည် ဂျပန်ဖက်ဆစ်တို့၏ ယုတ်မာရက်စက်မှုများကို တုံ့ပြန်တော်လှန်ရန် နည်းအမျိုးမျိုးဖြင့် ကြံစည်စီစဉ်ခဲ့ကြလေသည်။

ဂျပန်စစ်ခေါင်းဆောင်များကလည်း မိမိတို့၏ စစ်အရာရှိများ၊ စစ်ဗိုလ် အကြပ် တပ်သားများ၏ ဖိနှိပ်ညှဉ်းဆဲမှုများကို မြန်မာအမျိုးသားက မခံမရပ်နိုင် ဖြစ်လာကြသည်ကို သိရှိနားလည်လာခဲ့ကြသည်နှင့် မိမိတို့ စစ်ဆောင်နိုင်ရေး၊ ဖက်ဆစ်ဝါဒ ဆောင်ရွက်ရေးအတွက် ဝါဒဖြန့် လုပ်ငန်းကြီးများကို နည်းအမျိုးမျိုး နှင့်ဝင် စီမံဆောင်ရွက်ခဲ့လေသည်။

ဂျပန်ခေတ်၌ မြန်မာအစိုးရအဖွဲ့မှ "ဗမာ့ခေတ်" သတင်းစာကို ထုတ်ဝေ၍ ဂျပန်စစ်အာဏာပိုင်များကလည်း "ဂရိတ်တား အေရှား" (မဟာအာရှ) အမည်ရှိ အင်္ဂလိပ်သတင်းစာတစ်စောင်ကို ထုတ်ဝေခဲ့သည်။ ဂျပန်စစ်အရာရှိများသည် မြန်မာအမျိုးသားများနှင့် ၎င်းတို့၏ မဟာမိတ်များသာလျှင် အာရှတိုက်ကြီးကို ပိုင်ဆိုင်သွားမည်ဖြစ်ကြောင်း သဘောတရားပါဝင်သော ဝါဒဖြန့်ဆောင်းပါးသတင်းများကို ဗမာ့ခေတ်နှင့် ဂရိတ်တားအေရှားသတင်းစာတို့မှ အကြီးအကျယ် ရေးသား ဖြန့်ဖြူးလေသည်။ ၎င်းတို့က မည်သို့ပင် ဝါဒဖြန့်သော်လည်း မြန်မာအမျိုးသားတို့မှာ ယုံကြည်စိတ်ချခြင်းမရှိကြဘဲ ဂျပန်အား မကျေနပ်မှုအရိပ်အခံများကို မိမိတို့ ရင်ထဲတွင် သိမ်းဆည်းထားရင်း ဂျပန်တို့အား ဆန့်ကျင်တော်လှန်ရန် အခွင့်အရေးများကိုသာ စောင့်ဆိုင်းနေကြလေသည်။

ဂျပန်တို့သည် မြန်မာအမျိုးသားများပိုင် ရေဒီယိုအသံဖမ်းစက်များအား သိမ်းပြီးနောက် ထုတ်လွှင့်အသံလွှင့်ချက်များကို ဖမ်းယူနားထောင်ခြင်းမပြုရန် တားမြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြရလေသည်။ နိုင်ငံခြားမှ ထုတ်လွှင့်သော အသံလွှင့်ချက်များကို မြန်မာအမျိုးသားတို့ နားထောင်ခြင်းမပြုနိုင်ရန် ရေဒီယိုများမှ နိုင်ငံခြားဘာသာ ဖမ်းယူနိုင်သော လှိုင်းကြိုးများကို ဂျပန်များက ဖြတ်တောက်ပစ်ကြ၏။ ထိုသို့ ဖြတ်တောက်ရန် မြန်မာအမျိုးသားတို့၏ ရေဒီယိုများကို ဂျပန်စစ်အာဏာပိုင်များအား ပေးအပ်ကြရလေရာ ဂျပန်တို့သည် ရေဒီယိုအကောင်းစားများဆိုလျှင် ပိုင်ရှင်သို့ ပြန်မပေးတော့ဘဲ မိမိတို့အပိုင် အဓမ္မသိမ်းယူကြ၏။ ရေဒီယိုအရည်ညံ့ငယ်သာလျှင် မြန်မာအမျိုးသားများ ပြန်လည်ရရှိခဲ့သည်။ မည်သူမဆို နိုင်ငံခြားဘာသာ အသံလွှင့်အစီအစဉ်များကို နားထောင်ပါလျှင် ကြီးလေးသော အပြစ်ဒဏ်ပေးမည်ဟု ဂျပန်တို့က ကြေညာ၏။ ကြီးလေးသော အပြစ်ဒဏ်ဆိုသည်မှာ သေဒဏ်ပင် ဖြစ်လေသည်။ ထိုအမိန့်ကို ၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ဂျပန်စစ်ဦးစီးဌာနမှ ထုတ်ပြန်ခဲ့၏။

ဂျပန်စစ်ခေါင်းဆောင်များသည် မြန်မာအမျိုးသားများ၏ နားနှင့် မျက်စိကို ပိတ်သည့်အနေဖြင့် သတင်းစာများ၊ ရေဒီယိုများတွင် မိမိတို့ ဝါဒဖြန့်ချက်များကိုသာ ဖော်ပြရေးသားခြင်း၊ အသံလွှင့်စေခြင်းများ ပြုလုပ်စေ၏။ မြန်မာနိုင်ငံ အသံလွှင့်ဌာနကို ချုပ်ချယ်ရန်အတွက် မြန်မာအမျိုးသားများထံမှ မခန့်ထားဘဲ ဂျပန်နိုင်ငံ တိုကျိုမြို့ အသံလွှင့်ဌာနမှ မတ်ဆူရာမိုဆိုသူကို ၁၉၄၃ ခုနှစ် ဇန်နဝါရီလ၌ မြန်မာနိုင်ငံသို့ ခေါ်ယူ၍ မြန်မာနိုင်ငံ အသံလွှင့်ဌာန မင်းကြီးအဖြစ် ခန့်ထားခဲ့လေသည်။

၁၉၄၂ ခုနှစ်၊ အောက်တိုဘာလတွင် ဂျပန်စစ်ခေါင်းဆောင်များက စတင်၍ ဖွင့်လှစ်ခဲ့သော မြန်မာနိုင်ငံတော် အသံလွှင့်ဌာနသည် တစ်နေ့လျှင် တစ်နာရီသာလျှင် အသံလွှင့်၏။ အသံလွှင့်အစီအစဉ်စသည်နှင့် ဂျပန်အမျိုးသားသီချင်းကို လွှင့်ထုတ်၍ အသံလွှင့်ခြင်း အဆုံးသတ်သောအခါတွင်လည်း ဂျပန်အမျိုးသားသီချင်းဖြင့် ပိတ်ရလေသည်။ မြန်မာနိုင်ငံ အသံလွှင့်ဌာနကြီးတွင် ဂျပန်အမျိုးသားသီချင်း စိုးမိုးနေခြင်းမှာ ခေတ်အခြေအနေကို သိသာလှပေသည်။

ထိုအတွင်း၌ပင် လုံးဝလွတ်လပ်သည်ဆိုသော အချုပ်အခြာ မြန်မာနိုင်ငံတော်၏ အခွင့်အရေးများကို ဂျပန်တို့က ကလွှဲသဲ စော်ကားလိုက်သော အဖြစ် တစ်ရပ် ပေါ်လာလေသည်။ ၁၉၄၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့ အစိုးရအိမ်တော်၌ ကျင်းပသော အစည်းအဝေး၌ မြန်မာနိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်နှင့် ဂျပန်သံအမတ်ကြီး ရင်ပိုဆဝါဒါတို့ ချုပ်ဆိုသော စာချုပ်အရ မြန်မာအစိုးရသည် ရှမ်းပြည်နယ်တွင် ပါဝင်သော 'ကျိုင်းတုံနှင့် မိုင်းပွန်' နယ် ၂ နယ်ကို စီးပိုင်ခြင်းမှ လက်လွှတ်ခဲ့ရလေသည်။

ထိုစာချုပ် လက်မှတ်ရေးထိုးချုပ်ဆိုခြင်းမပြုမီ ၁၉၄၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့ကပင် ဂျပန်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးတိုဂျိုသည် ဂျပန်နိုင်ငံ တိုကျို



မြို့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့၏။ ထိုကြေညာချက်၌ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သို့ ကျိုင်းတုံနယ်နှင့် မိုင်းပွန်နယ် ၂ နယ်မပါသော ရှမ်းပြည်နယ်များကို ဂျပန်အစိုးရက ပေးအပ်လိုက်ပြီဟု ဖော်ပြပါရှိခဲ့၏။

ကျိုင်းတုံနှင့် မိုင်းပွန်နယ်များမှာ မြန်မာနိုင်ငံ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သော ရှမ်းပြည်နယ်၏ နယ်ကြီးများဖြစ်သော ရှမ်းပြည်နယ်ကို မြန်မာပြည်မနှင့် ပူးပေါင်းသည့်အခါ၌ အဆိုပါနယ်ကြီး ၂ နယ်ကိုပါ ထည့်သွင်းရမည်ဖြစ်ပေသည်။ သို့သော်လည်း ဂျပန်အစိုးရသည် ကျိုင်းတုံနှင့် မိုင်းပွန် ၂ နယ်ကို မြန်မာနိုင်ငံမှ ယူ၍ ယိုးဒယားအစိုးရသို့ ဂျပန်အစိုးရ၏ ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်ခဲ့လေသည်။

ဂျပန်အစိုးရသည် မြန်မာနိုင်ငံအတွင်းမှ နယ်ကြီး ၂ နယ်ကို စစ်ဘုရင် ရုပ်ကလေးများသဖွယ် တိုင်တွယ်၍ အလွယ်တကူ ယိုးဒယားအစိုးရထံသို့ လက်ဆောင်အဖြစ် ပေးခဲ့ခြင်းမှာ မြန်မာနိုင်ငံ အစိုးရအဖွဲ့ကိုသော်လည်းကောင်း၊ မြန်မာလွတ်လပ်ရေးအတွက် ကြိုးပမ်းတိုက်ခိုက်ခဲ့သော တပ်မတော်သားများကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ တိုင်းပြည်လူထုကိုလည်းကောင်း သေသေချာချာ စော်ကားလိုက်ခြင်းပင် ဖြစ်သည်။ ထိုသို့ မြန်မာ့နယ် ၂ နယ်ကို တိုင်းခြားနိုင်ငံ တစ်နိုင်ငံသို့ ပေးခဲ့ခြင်းအတွက် မြန်မာနိုင်ငံလူထုကြီးမှာ အထူးပင် မခံမရပ်နိုင် ဖြစ်ကြ၏။ သို့သော်လည်း ဂျပန်စစ်တပ်၏ အင်အားကို ပြောင်ပြောင်တင်းတင်း အံတုချင်ရန် အချိန်မကျရောက်သေးသော အကြောင်းပြချက်နှင့် မြန်မာနိုင်ငံခေါင်းဆောင်များသည် လူထုကြီးကို နှစ်သိမ့်ဖျောင်းဖျထားရလေသည်။

ဂျပန်တို့သည် မြန်မာ့လွတ်လပ်ရေးကို လုံးဝ မပေးခဲ့ခြင်းဖြစ်၍ မြန်မာ ချုပ်ချယ်ရေးကို ဝင်ရောက်စွက်ဖက်နိုင်ခြင်း ကျေနပ်ခြင်းမရှိဘဲ မြန်မာနိုင်ငံ အစိုးရအဖွဲ့၏ အဓိပတိဖြစ်သော ဒေါက်တာဘမော်ကိုပင် လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ကြလေသည်။ ဂျပန်စစ်ခေါင်းဆောင်တစ်ဦးဖြစ်သူ အစ္စမိုရာဆိုသူသည် ဂျပန်နိုင်ငံမှ အထူးမှာယူထားသော အာဏာကြီးအရာရှိ ဂျပန်ပါဝါကျွက် အာဏာသားတစ်ဦးနှင့် မြန်မာလူမိုက်ခေါင်းဆောင်တစ်ဦးတို့အား ညနေ့အချိန်တွင် အဓိပတိ ဒေါက်တာဘမော်ကို သတ်ရန် အိမ်တော်ကြီးသို့ စေလွှတ်ခဲ့၏။ သို့သော် လုပ်ကြံမှုအောင်မြင်ဘဲ လုပ်ကြံသူများကို ဖမ်းဆီးရမိလိုက်လေသည်။

ဂျပန်စစ်ဘက်ဌာနသည် ထိုအမှုအတွက် တာဝန်ရှိသူများကို ထိရောက်စွာ အရေးယူခြင်းမရှိဘဲ စစ်ခေါင်းဆောင် အစ္စမိုရာကို ဂျပန်နိုင်ငံသို့ ပြန်ပို့လိုက်သည်။ လုပ်ကြံမှုတရားခံနှစ်ဦးကိုလည်း မြန်မာအစိုးရ ချုပ်ချယ်ရေးအာဏာပိုင်များက စစ်ဆေးခြင်း၊ တရားစီရင်ခြင်းပြုခွင့်မရဘဲ ဂျပန်များက အာဏာသုံးယူ ပေးခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဆိုးဝါးသော မြန်မာ့စီးပွားရေး

ဂျပန်စစ်ခေါင်းဆောင်များ၏ ဆိုးဝါးသော အုပ်ချုပ်မှုများ တစ်ကောက် တစ်စ ရှည်ကြာလာသောအခါတွင် မြန်မာနိုင်ငံအတွင်းရှိ လူထုကြီး၏ စီးပွားရေး အခြေအနေမှာ များစွာ ဆိုးဝါးနိမ့်ကျခဲ့လေသည်။ ဂျပန်တို့သည် မြန်မာအစိုးရ အမှုထမ်းများအား ပေးရန် လခငွေများအတွက် မိမိတို့ အာဏာအသက်မဲ့ ကျောထောက်နောက်ခံငွေအင်အားမရှိဘဲ ရိုက်နှိပ်ထုတ်ဝေသော ငွေစက္ကူများကို ထုတ်ဝေပေးကြသည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်းရှိ ဆန်စပါးတွင်းထွက်ပစ္စည်း စသည်တို့ကိုလည်း ဂျပန်ကုန်သည်တို့ကလည်းကောင်း ဂျပန်ငွေစက္ကူများဖြင့် ဝယ်ယူကြသည်။ မြန်မာ့စီးပွားရေးမှာ တန်ဖိုးလုံးဝမရှိသော ဂျပန်ငွေစက္ကူများဖြင့် ပျက်စီးခြင်းကို ခံခဲ့ရ၏။ ထိုသို့ဖြင့် ဂျပန်ငွေစက္ကူဖောင်းပွမှုကြီး ဖြစ်ပေါ်လာပြီးလျှင် မြန်မာနိုင်ငံရှိ ကုန်စည်ဈေးနှုန်းများလည်း များစွာ မြင့်မားလာခဲ့လေသည်။

မြန်မာတို့သည် စစ်ကြီးအစက ဂျပန်တို့၏ ဝါဒဖြန့်ချက်များကို ကြားသိယုံကြည်နေကြ၍ ဂျပန်များ မြန်မာနိုင်ငံသို့ ဝင်လာပါက ဂျပန်ကုန်သင်္ဘောကြီးများပါ တစ်ပါတည်း ပါလာလိမ့်မည်၊ ဂျပန်နိုင်ငံဖြစ် ကုန်ပစ္စည်းများဖြစ်သော အမွှေးအကြိုင်၊ အဝတ်အထည်နှင့် ဖန်ထည်များ၊ ဆေးပစ္စည်းများ စက်ကိရိယာများ၊ လူသုံးပစ္စည်းအမျိုးမျိုးတို့ကို ယင်းကုန်သင်္ဘောကြီးက သယ်ဆောင်လာလိမ့်မည် စသည်ဖြင့် အထင်ရောက်လျက်ရှိခဲ့ကြသည်။ အဝတ်အထည်များသည်လျှင် အလွန်ဈေးပေါပေါနှင့် ဝယ်ယူရရှိလိမ့်မည်ဟုလည်း အထင်ကြီးခဲ့ကြလေသည်။

သို့သော် မြန်မာနိုင်ငံသို့ ဂျပန်များ တကယ်ရောက်လာသောအခါတွင်မူကား ထင်မှတ်ခဲ့သည်တို့မှာ တလွဲဖြစ်ကုန်လေသည်။ ဂျပန်တို့နှင့်အတူ ဂျပန်ပြည်ဖြစ်ပစ္စည်းဟူသရွေ့ အပ်တစ်ချောင်း အထည်တစ်မျှင် မပါလာကြပေ။ ဂျပန်စစ်သားများကသာ မြန်မာနိုင်ငံ လူထုထံမှ ရသမျှပစ္စည်းများကို အလုံးအရင်း သိမ်းယူကြလေသည်။ မြန်မာအိမ်များ၌ နာရီများ၊ ရေဒီယိုများ၊ ပန်ကာများ၊ ဓာတ်စက်များ အပါအဝင် လူသုံးပစ္စည်းကောင်းများကို ဂျပန်စစ်သားတို့ တွေ့မြင်ပါက အတင်းဝင်ရောက်လုယက်ယူငင်ကြသည်။ မြန်မာတို့သည် ထိုအခါ ကျမှသာလျှင် 'ကျောချော့ ဖားပြုန်းသီ' ကြလေသည်။ ဂျပန်နိုင်ငံမှ မိမိတို့သည် မည်သည့်ကုန်ပစ္စည်းကိုမျှ မျှော်လင့်ရန် မရှိဘဲ မိမိတို့၏ အိုးတန်ဖိုးပစ္စည်းများကိုသာ ဖက်ဆစ်ဓားပြများ၏ လုယက်ခြင်းခံရသည်ကို 'နွားအတွေ့ ရွာအတွေ့' တွေ့ကြရလေတော့၏။

ဂျပန်ခေတ် တောင်သူလယ်သမားများသည် များစွာ ဆင်းရဲကြလေသည်။ ဂျပန်စစ်တပ်များ တောင်သူ့ ပေါ်ဆန်ရေ အတွေ့တွေ့ကို အမိန့်တော်နှင့်ယူ-



ပေးသွင်းနေကြရသူတို့မှာ တောနေ တောင်သူလယ်သမားထုကြီးပင် ဖြစ်သည်။ ထို့အပြင် ကျေးတောနေ မြန်မာလူထုသည် ဂျပန်စစ်ပုလိပ်များ၏ ဖမ်းဆီးနှိပ်စက်မှုများကို ခံကြရလေရာ လယ်ယာလုပ်ငန်းခွင်မှ ထွက်ပြေးတိမ်းရှောင်နေကြရသည်။ ကျေးတောမြန်မာသမီးပျိုများသည် ဂျပန်စစ်သားများ၏ မတရားပြုကျင့်ခြင်း ဘေးဆိုးကြီးမှ ကင်းဝေးစေရန်အတွက် ယောက်ျားလေးများကဲ့သို့ ဝတ်ဆင်နေထိုင်ကြရလေသည်။ ကျေးတောလူထုအတွက် အဆိုးဝါးဆုံးမှာ ဝတ်ဆင်ရန် အဝတ်အစား မလုံလောက်မှုဖြစ်လေသည်။ ဂျပန်ခေတ်တွင် ပုဆိုး၊ အင်္ကျီ အလွန်ရှားပါးလှပေရာ ကျေးတောနေ လယ်သမားထုကြီးသည် အရှက်လုံရုံမျှသာ အဝတ်ကို ကိုယ်တွင် စည်းနှောင်ထားကြရသည်။ တချို့လည်း ဂုန်ကြမ်းထည်များကို မတန်တဆ ဈေးကြီးပေး၍ ဝတ်ကြရသည်။ သို့သော် ဆင်းရဲသားလယ်သမားတို့မှာကား ဈေးကြီးပေး၍ပင် အဝတ်အထည်ကို မဝယ်နိုင်ကြပေ။

မြန်မာနိုင်ငံ၏ ၈၅ ရာခိုင်နှုန်းသော လူထုမှာ ကျေးတောနေ မြန်မာလယ်သမား၊ တောင်ယာသမားများသာ ဖြစ်သည်။ ထို့ကြောင့် တောနေလူထု ဆင်းရဲဒုက္ခများနှင့် ကြုံတွေ့ရသောအခါတွင် လယ်ယာလုပ်ငန်းခွင်၌ လယ်ယာလုပ်သားများ တဖြည်းဖြည်း နည်းပါးလာလေသည်။ လယ်ယာလုပ်ငန်းများ မည်မျှပျက်စီးသွားရသနည်းဆိုလျှင် မြန်မာနိုင်ငံရှိ စပါးစိုက်မြေဧက၏ လေးပုံသုံးပုံခန့်မှာ လယ်သမားများ စွန့်ပစ်ထားခြင်း ခံရလေသည်။

တောနေလူထုနည်းတူ မြို့နေလူထု၏ အခြေအနေမှာလည်း များစွာ ဆိုးဝါးနေသည်ကို တွေ့ရပြန်သည်။ ဦးသန့် ရေးသော ပြည်တော်သာစီးစာအုပ်တွင် ဂျပန်ခေတ် စီးပွားရေးအခြေအနေကို အောက်ပါအတိုင်း ပြသထားသည်ကို တွေ့ရလေသည်။

| ရာထူး | လခ |
|---|---|
| အတွင်းဝန် | ၈၀၀/- |
| ခရိုင်ဝန် | ၈၀၀/- |
| ညွှန်ကြားရေးဝန် | ၄၀၀/- မှ ၆၀၀/- |
| ခရိုင်ရုံဝန် | ၅၀၀/- |
| သစ်တောအရေးပိုင် | ၂၅၀/- မှ ၃၀၀/- |
| နယ်ပိုင်ဝန်ထောက် | ၂၅၀/- မှ ၃၀၀/- |
| ယာမျိုးဝန် | ၂၀၀/- |

*၁၉၄၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း၌ ရှားပါးစရိတ် ရရှိကြ၏။ လခ ၁၅/- အောက်ရရှိသော အမှုထမ်းများသည် ရှားပါးစရိတ် ၁၀/- ရရှိ၍ လခ ၁၅/- နှင့် ၁၀၀/- အတွင်း ရှားပါးစရိတ်မှာ ၁၅/- ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'လွှတ်လပ်ရေးကြေညာသည့် ၁၉၅၃ ခုနှစ်၊ ဩဂုတ်လအတွင်း ရန်ကုန်မြို့တွင် ကုန်များ၏ ဈေးနှုန်းများမှာ စစ်မဖြစ်ခင်ကထက် အဆပေါင်းများစွာ တက်လျက်ရှိကြောင်းကို အောက်ဖော်ပြပါ စာရင်းအရ သိနိုင်ပေသည်'

| ကုန်ပစ္စည်း | စီးသာသာတစ်ရာဈေး (၁၉၄၃ ခုနှစ်) | စီးသာသာတစ်ရာဈေး (၁၉၄၀ ခုနှစ်) |
|---|---|---|
| ပဲ | ၃၀၀ိ/- | ၃ိ/- |
| ကြက်သွန် | ၄၀၀ိ/- | ၁ိ/- |
| ငရုတ် | ၂၆၀ိ/- | ၄ိ/- |
| အာလူး | ၂၅၀ိ/- | ၂ိ/- |
| ဆား | ၅၀ိ/- | ၁ိ/- |
| ဆီ | ၁၀၀၀ိ/- | ၇ိ/- |
| ထန်းလျက် | ၁၉၀ိ/- | ၃ိ/- |
| လက်ဖက်ခြောက် | ၃၂၀ိ/- | ၇ိ/- |
| ရေနံဆီ | ၆၃ိ/-(၄ ဂါလံ) | ၃ိ/-၈(၄ ဂါလံ) |

'အထက်ပါ စာရင်းဇယားကို ကြည့်ခြင်းအားဖြင့် ထိုအခါက ဂျပန်၏ စီးပွားရေးအခြေအနေမှာ မပြောပြနိုင်လောက်အောင် ဆိုးရွားသည်ကို သိသာနိုင်ပေသည်။ ဂျပန်အစိုးရက ဖွဲ့စည်းခဲ့သော မြန်မာအစိုးရသည် နှစ်စဉ် ငွေဝင် ငွေထွက် ဘတ်ဂျက်စာရင်းတစ်ခုကို ရေးဆွဲခဲ့လေသည်။ ရှာဖွေရရှိသော မှတ်တမ်းများအရ ၁၉၄၃ ခုနှစ် ဩဂုတ်လ တစ်ရက်နေ့မှ ၁၉၄၄ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ရရှိသည့် ဝင်ငွေမှန်းခြေမှာ ငွေပေါင်း (၄၀၃၄၂၀၀၀ ကျပ်)ဖြစ်၍ ထိုကာလအတွင်း ကုန်ကျမည်ဟု ခန့်မှန်းထားသည့်အသုံးစရိတ်မှာ ငွေပေါင်း (၁၇၈၁၀၇၀၀၀ ကျပ်) ဖြစ်လေသည်။ ထို့ကြောင့် ထို ၈ လမျှသော ကာလအတွက် ဖိုးငွေပေါင်း (၁၃၇၇၆၅၀၀၀ ကျပ်) ဖြစ်လေသည်။ ထိုငွေကိုရရှိအောင် မည်သို့ဆောင်ရွက်မည်ဟူ၍ကား ဖော်ပြထားခြင်းမရှိပေ'

'နိုင်ငံခြား ထွက်ကုန်ဝင်ကုန်နှင့် စပ်လျဉ်း၍လည်း ဂျပန်ကုမ္ပဏီကြီးများကသာလျှင် လက်ဝါးကြီးအုပ်ထားသည်ကို တွေ့ရ၏။ ဂျပန်ခေတ်က မြန်မာနိုင်ငံအတွင်းသို့ ဂျပန်ကုန်များ ရောက်ရှိလာသည်ဟူ၍ မကြားသိရဘဲ မြန်မာနိုင်ငံမှသာလျှင် ဆန်စပါး၊ ကျွဲနွား၊ ကျောက်မီးသွေး၊ ဝါဂွမ်း အစရှိသော ကောက်ပဲသီးနှံများကို ပြင်ပသို့ ထုတ်ယူသွားသည်ကို တွေ့ရလေသည်။ ထို့ပြင်သာမကသေး ဂျပန်တပ်မှူးနိုင်များသည် မြန်မာနိုင်ငံအတွင်းမှ သံတိုသံစများ၊ ဓမ်ကော်...



အကောင်းများနှင့် အချိုက်များ၊ စားပွဲ၊ ကုလားထိုင် စသော အိမ်ထောင်ပရိဘောဂများ၊ ဖွန်း၊ ခက်ရင်း၊ ပန်းကန်များ၊ ရေခဲသေတ္တာ၊ ရေဒီယို အစရှိသည့်ပစ္စည်းများကိုလည်း ရနိုင်သမျှ သယ်ယူသွားကြသည်ကို တွေ့ရ၏။ ငွေပေး၍ ဝယ်ယူရသော ပစ္စည်းများကို သူတို့ အစာခံ အသော်မရှိ ပုံနှိပ်၍ ယူဆောင်လာသော ငွေစက္ကူများဖြင့် ဝယ်ယူ၍ အချို့ပစ္စည်းများကိုမူကား အခကြေးငွေမယူဘဲ ယူဆောင်သွားသည်ကိုလည်း တွေ့ခဲ့ရလေသည်'

'ဂျပန်ခေတ်အတွင်းက မြန်မာနိုင်ငံ ဆန်တန်ချိန် မည်မျှ ပြင်ပသို့ ထုတ်သွားသည်ဟူသော အချက်အလက်များ မတွေ့ရသော်လည်း ၁၉၄၂ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ ဆန်တန်ချိန် တစ်သိန်းခွဲနှင့် နှစ်သိန်းအတွင်း ထုတ်ယူသွားသည်ဟု မှတ်တမ်းတစ်ခုက ဆိုလေသည်။ ၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ ဂျပန်အသံလွှင့်ဌာနမှ ကြေညာချက်တစ်ရပ်အဆိုအရ စပါးဈေးကို ၈၂ ကျပ်မှ ၁၀၂ ကျပ်အထိ မြှင့်တင်အား ဆန်စပါးယူနိုင်မှ ဈေးတိုးမြှင့်လိုက်ကြောင်း သိရ၏'

ဂျပန်တို့ မြန်မာ့စီးပွားရေးကို ဝင်ရောက်စွက်ဖက်ကြသဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေများ ကျဆင်းလျက်ရှိရသော်လည်း မြန်မာအမျိုးသားလူထုကြီး၏ လက်ထဲတွင်ကား ဂျပန်ငွေစက္ကူများမှာ အထပ်လိုက်ရှိနေလေသည်။ မြန်မာကုန်သည် အသေးစားတစ်ဦး၏ လက်ထဲတွင် ဂျပန်ငွေစက္ကူများမှာ ရေနံဆီသေတ္တာဖြင့် ပုံးပေါင်း ၅၀၊ ၆၀ ခန့်အထိ ရှိနေလေသည်။ မြန်မာပေါင်မုန့်သည်တစ်ဦး၏ အိမ်တွင် ၅ိ/- တန်၊ ၁၀ိ/-တန် ဂျပန်ငွေစက္ကူထုပ်ကြီးကို တွေ့မြင်နေရ၏။ ကလေးသူငယ်များ၏ လက်ထဲဝယ် ဂျပန်ငွေစက္ကူ တစ်ဆယ်တန်၊ နှစ်ရွက်၊ သုံးရွက် တွေ့ရတတ်၏။ ဤသည်မှာ မြန်မာအမျိုးသားများ ချမ်းသာလာကြ၍ မဟုတ်ပေ။ ဂျပန်ငွေစက္ကူများမှာ တန်ဖိုးမရှိ၊ ဈေးကောက်နောက်ခံ မရှိ အကန့်အသတ်မရှိ ရိုက်နှိပ်ထုတ်ဝေခြင်းကြောင့် ငွေစက္ကူတန်ဖိုးမှာ ကျဆင်းပြီးလျှင် ဤမျှ များပြားလာခြင်းဖြစ်သည်။ စနစ်တကျဖွဲ့စည်းထားသည့် ဘဏ်ကလည်း ဤငွေစက္ကူများကို အနတ်အသိမ်း မလုပ်ရကား ငွေစက္ကူများမှာ ပေါချင်တိုင်း ပေါနေရတော့သည်။ ဂျပန်ငွေစက္ကူများ ပေါလာသဖြင့် ငွေစက္ကူကိုင်းကို လူထုက လက်မခံတော့ပေ။ ဂျပန်တစ်ဆယ်တန်မှ ဘုရားအစုတ်ကလေးမှာ ရဲရဲနီနေပြီး ထောင်ကြည့်လိုက်လျှင် အဖြူသားစက္ကူမှာ ရွှေဖြူနေသကဲ့သို့ ဖြစ်သဖြင့် 'ဘုရားနီတောင် ဖြူမှ ယူမည်' ဟုသဖြင့် စကားလုံးအသုံးအနှုန်း ပေါ်ခဲ့၏။ ထို့ပြင် ဂျပန်ငွေစက္ကူများကို တောင်လိုက်လျှင် တွေ့မြောက်ကဲ့သို့ ထမ်းသွားသည့်အထိ တောင့်တင်းနေပြီ၊ သယ်နှံ့များကိုပင် ကောင်း၍ ရယူနိုင်

www.burmeseclassic.com



မှ လက်ခံမည်ဆိုသည့် အဓိပ္ပာယ်ဖြင့် 'ထောင်မလဲ သဲကော်မှ လက်ခံမည်' ဟု လည်း ပြောဆိုလေ့ရှိကြလေတော့သည်။

မြန်မာအစိုးရသည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အခြေအနေ များမှ အနည်းငယ် ပြုပြင်ကယ်တင်နိုင်ရန်အတွက် ဥပဒေကျမ်းသုံးစုကို အမိန့် ပင်စံလွှတ်တော်၏ အကူအညီဖြင့် အကြံရယူပြီး အတည်ပြုရန် ကြိုးပမ်းခဲ့ သည်။ ၎င်းဥပဒေကျမ်းသုံးစုတို့မှာ ၁။ မရွှေပြောင်းနိုင်သော ပစ္စည်း ဥပဒေကျမ်း ၂။ ကုမ္ပဏီဥပဒေကျမ်းနှင့် ၃။ လက်ထပ်ရေးဥပဒေကျမ်းတို့ ဖြစ်ကြလေသည်။

၁။ မရွှေ့ပြောင်းနိုင်သော ပစ္စည်း ဥပဒေကျမ်း၏ သဘောမှာ မြန်မာနိုင်ငံ တွင် မရွှေ့ပြောင်းနိုင်သော ပစ္စည်းဟူသရွေ့ကို မြန်မာနိုင်ငံသားများသာ ပိုင်ဆိုင်စေရမည်။ မြန်မာနိုင်ငံသား မဟုတ်သူတို့ မပိုင်ဆိုင်စေရ၊

၂။ ကုမ္ပဏီဥပဒေကျမ်းအရဆိုလျှင် မြန်မာနိုင်ငံ၌ မည်သည့်ကုမ္ပဏီမဆို အနည်းဆုံး မြန်မာဒေ့ရှင်းတစ်ရာလျှင် ခြောက်ဆယ်မပါဘဲ ထူထောင် ခွင့် မရှိစေရ။

၃။ လက်ထပ်ရေးဥပဒေကျမ်းအရ မြန်မာမိန်းမကို မည်သည့်နိုင်ငံခြားသား မဆို လက်ထပ်လျှင် လင်ခန်း၊ မယားခန်း၌ ဗုဒ္ဓဘာသာ ဓမ္မသတ် အတိုင်း ဖြစ်ရမည်။

ဤဥပဒေကျမ်းသုံးစုသည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ဂျပန်အမျိုးသားများကို ထိခိုက်လာမည်ဖြစ်လေသည်။ ယင်း ဥပဒေကျမ်းပါ အချက်အလက်များသည် မြန်မာနိုင်ငံ၌ လာရောက်၍ စီးပွားရှာ နေကြသော ဂျပန်အရင်းရှင်ကြီးများ၏ အချက်ကို လက်သီးဖြင့် ထိုးလိုက်ဘိသကဲ့ သို့ နာသာခံခက်ဖြစ်စေလေသည်။

'မရွှေ့မပြောင်းနိုင်သော ပစ္စည်းဥပဒေကျမ်း' သာ အတည်ဖြစ်လျှင် ဂျပန်အရင်းရှင်သူဌေးများသည် မြန်မာနိုင်ငံ၌ လာရောက်၍ ကုန်သွယ်မှုပြုကြရင်း မြန်မာနိုင်ငံ မှ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအဝဝကို ငွေဖြင့် ဆေါက်၍ ဝယ်ယူ ပိုင်ဆိုင်နေကြခြင်းကို ပြတ်ပြတ်သားသား တားဆီးနိုင်မည်ဖြစ်၏။ 'ကုမ္ပဏီဥပဒေ ကျမ်း' အတည်ဖြစ်လျှင် မြန်မာနိုင်ငံတွင် လာရောက်၍ ကုမ္ပဏီများတည်ထောင် ပြီး လှုပ်ရှားနေကြသော ဂျပန်အရင်းရှင်များပင်လျှင် ပထမဆုံး အခက်တွေ့ ရမည် ဖြစ်သည်။ ဂျပန်အရင်းရှင်တို့သည် မိမိတို့အရင်းရှင်းသော ငွေသိန်းပေါင်း များစွာကို စုဆောင်းနိုက်ထုတ် တည်ထောင်၍ ကုမ္ပဏီများ တည်ထောင်ပြီး မြန်မာနိုင်ငံမှ ဆန်စပါး၊ ကျွန်းသစ်၊ ရေနံ စသည့် မြန်မာ့ရတနာပစ္စည်းအပေါင်း ပြည်ပသို့ ထုတ်ယူကုန်သွယ်နေကြ၏။ ယခုတင်သွင်းသော ဥပဒေကျမ်း သာအတည်ဖြစ်လျှင် ဂျပန်အမျိုးသား အရင်းရှင်များသည် ကုမ္ပဏီများကို အစ



အသစ် တည်ထောင်လုပ်ကိုင်နိုင်ခြင်း ရှိတော့မည် မဟုတ်။ ထို့ပြင် မြန်မာကုန်သည် များ၏ လက်ထဲသို့ ပြည်တွင်းပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ အလိုက်အလျောက် ရောက်လာနိုင်မည်ဖြစ်သည်။ 'လက်ထပ်ရေးဥပဒေကျမ်း' သာ အတည်ဖြစ်လျှင် ဂျပန်ဒေ့ရှင်ကြေးရှင်သူဌေးများ၊ ဂျပန်စစ်ခေါင်းဆောင်များ၊ စိုလ်များ၊ အကြပ်၊ တပ်သားများတို့က မြန်မာအမျိုးသမီးများနှင့် လက်ထပ်မှုများတွင် မြန်မာအမျိုး သမီးများသည် ဥပဒေပါ အခွင့်အရေးများကို ခံစားကြရမည်ဖြစ်လေသည်။ ယခုမြင်တွေ့နေကြရသည်မှာ ဂျပန်များသည် မြန်မာအမျိုးသမီးများကို လက်ဆောင် အဖြစ် စသည်တို့ဖြင့် ဈေးဖြတ်တစ်သွယ်၊ ခြောက်လှန့်၍တစ်မျိုး လက်ထပ်ယူ ကြ၏။ အချို့အမျိုးသမီးများမှာလည်း အဓမ္မသိမ်းပိုက်ခြင်းကို ခံကြရ၏၊ အချို့ အမျိုးသမီးများမှာမူကား မိမိတို့၏ မိဘ၊ အစ်ကို၊ မောင် စသည်တို့အား ဂျပန်တို့ ဖမ်းဆီးနှိပ်စက်ခြင်း ဘေးရန်ကြုံတော့မည်ကို တွေးမိသဖြင့် အတင်းမျက်စိမှိတ်၍ ဂျပန်ကို လက်ထပ်လိုက်ရသည်လည်း ရှိသည်။

ဂျပန်တို့သည် ဤနည်းများဖြင့် မြန်မာအမျိုးသမီးကလေးများကို သိမ်း ပိုက်လက်ထပ်ကြပြီးနောက် အဆီကို စား၊ အသားကို မျိုပြီးသောအခါတွင် မိမိတို့၏ မြန်မာဇနီးမယားများကို ရက်စက်စွာ စွန့်ပစ်တတ်ကြ၏။ ထို့နောက် ထပ်၍ အသစ်အသစ်သော ဇနီးမယားတို့၏နောက်သို့ လိုက်ကြပြန်သည်။ ဂျပန် တို့၏ ဖျက်ဆီးမှုကြောင့် မြန်မာအမျိုးသမီးများမှာ 'သားတစ်ကောင်နှင့် တိုးလိုး တွဲလောင်း' ဆိုသော စကားနှယ် ကလေးတစ်ယောက်ပိုက်၍သော ဂျပန်လင်ဖြစ်သူ ၏ စွန့်ပစ်ခြင်းကို ခံကြရသည်။ အချို့ ဂျပန်အရာရှိများ၊ စစ်ခေါင်းဆောင်များက လည်း မိမိတို့ အခြားတစ်နိုင်ငံသို့ တာဝန်အရ ပြောင်းရွှေ့သွားသောအခါဖြစ်စေ၊ နိုင်ငံရင်း ဂျပန်ပြည်သို့ ပြန်သောအခါဖြစ်စေ၊ ကျန်ရစ်ခဲ့သော မြန်မာဇနီးကို သနားညှာတာကင်းမဲ့စွာ စွန့်ပစ်ခဲ့ကြလေသည်။

ထို့ကြောင့်ပင် အကြောင်းအမျိုးမျိုးကြောင့် ဂျပန်ကတော်ဖြစ်ရသူများ ကို သနားရင်း ဂျပန်တို့၏ ယုတ်မာမှုကို ဖော်ထုတ်ညွှန်ပြသည့်အနေဖြင့် မြန်မာအချို့က 'စိန်ကြည်နော်... စိန်ကြည်... လင်ယူပက်စက်သည်။ ဂျပန်ကြီး က တိုကျိုပြန်၊ စိဘ်တစ်လုံးနဲ့ ကျန်' ဟူ၍ ဂျပန်တေးသွားအလိုက် သီချင်း သီဆို ရေးစပ်ပြောင်လှောင်ကြလေသည်။

ယခုလက်ထပ်ရေးဥပဒေကျမ်းအတည်ဖြစ်သွားပါလျှင် ဂျပန်စွန့်ပစ် သွားသော မြန်မာအမျိုးသမီးများ၏ ကြမ္မာဆိုးကို အလိုက်အလျောက် ကယ်တင် နိုင်မည်ဖြစ်သည်။ ဗုဒ္ဓဘာသာ ဓမ္မသတ်မှ ပေးထားသော အခွင့်အရေးများကို မြန်မာအမျိုးသမီးများ ခံစားနိုင်ကြမည်ဆိုလျှင် လမ်းပေါ်က အရှက်ကွဲအောင် စောတလိုယူကာဆောင်ပြီး နိုးသွားလျှင် လွှင့်ပစ်ခဲ့သကဲ့သို့ မြန်မာအမျိုးသမီးများကို

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ယူပြီး ရှုံ့မဲ့သွားသော ဂျပန်အဆောင်များများမှာ ဥပဒေ၏ ထိုးနှက်ချက်များကို ခံကြရမည်ဖြစ်လေသည်။

ဂျပန်စစ်ဘက်မှ မြန်မာအစိုးရအဖွဲ့မှ ရေးဆွဲသော ဥပဒေကျမ်းများကို မှလာ၍ သဘောတွေ့၍ အမြဲချီးမြှင့်ထားခဲ့သည်။ မြန်မာအစိုးရအဖွဲ့ကလည်း အချိန်ရတိုင်း မိမိသဘောဖြင့် အတည်ပြုမည်ကြံ၏။ သို့သော် နောက်ဆုံးတွင် အင်္ဂလိပ်တပ်များ မြန်မာနိုင်ငံသို့ ဖိ၍ တိုက်လာသောအခါတွင် ဂျပန်စစ်တပ်နှင့် ခေါင်းဆောင်များ ခေါင်းစီးလောင်နေစဉ် မြန်မာအစိုးရသည် ၄င်းဥပဒေကျမ်းသုံးခုကို အတည်ပြုရန် ကြိုးစား၏။

ဂျပန်စစ်ဘက်သည် "နောင်ကို မြင်၍ ဆွေးနွေးချင်လျှင် ဆွေးနွေးနိုင်သည်" ဟူသော ကတိပြုချက်ကို မြန်မာအစိုးရအဖွဲ့ထံမှ တောင်းယူပြီးလျှင် ၄င်းဥပဒေကျမ်းများကို အတည်ပြုခွင့်ပြုလိုက်လေသည်။

## (င) ဂျပန်စစ်တပ်နှင့် မြန်မာတို့ ဆက်ဆံမှုအခြေအနေများ ဆိုးဝါးလာခြင်း

မြန်မာနိုင်ငံအတွင်း၌ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေးအခြေအနေများသည် တစ်နေ့ထက် တစ်နေ့ ဆိုးဝါးလျက်ရှိခဲ့သည်ကို တွေ့ရလေသည်။ ဂျပန်တပ်မတော်ကြီး ချီတက်လာသောအခါတွင် ဂျပန်နိုင်ငံမှ ဆေးဝါးပစ္စည်းများ ပါလာမည်ဟုလည်းကောင်း၊ ဂျပန်သင်္ဘောများသည် ဂျပန်ဆေးဝါးများကို သယ်ဆောင်လာလိမ့်မည်ဟုလည်းကောင်း၊ ယခင်က အားကိုးတကြီးမျှော်လင့်ခဲ့ကြသော မြန်မာအမျိုးသားတို့သည် ယခုအခါတွင် မျှော်လင့်လေသမျှ သဲရေကျသကဲ့သို့ ပျောက်ကွယ်သွားကြလေသည်။

နိုင်ငံခြားဆေးဝါးပစ္စည်းများ ရောက်မလာတော့၍ မြန်မာနိုင်ငံအတွင်းရှိ ဆေးရုံများမှာ လုံးဝပိတ်လိုက်ရလေသည်။ ဆေးရုံများတွင် ကျန်ရှိနေသော ဆေးဝါးအကျန်အကြွင်းများကိုပင် ဂျပန်စစ်တပ်မှ စစ်သားများက သိမ်းယူသွားပြီး ရှေ့တန်းစစ်မျက်နှာသို့ ပို့လိုက်ကြလေသည်။

ထို့ကြောင့်ပင် မြန်မာနိုင်ငံအရပ်ရပ်တွင် ကျောက်ရောဂါများ၊ ဝမ်းရောဂါများအပါအဝင် ကူးစက်တတ်သော ရောဂါများ အကြီးအကျယ်ဖြစ်ပွားလာသည်။ ရောဂါဖြစ်ပွားသော်လည်း ကုသရန် ဆေးကား မရှိပေ။ ထို့ပြင် ရောဂါမဖြစ်ပွားသေးသော ဒေသများသို့လည်း ကြိုတင်ကာကွယ်သည့်အနေဖြင့် ရောဂါကာကွယ်ဆေးများဖြင့် ထိုးနှံပေးခြင်း မပြုနိုင်ခဲ့ပေ။

ဂျပန်ခေတ်တွင် မြန်မာနိုင်ငံ၌ ဆေးပညာရှင်များ အလုပ်များပါနှံ့သည့် ဆရာဝန်နှင့် သူနာပြုဆရာ၊ ဆရာမများသည် မိမိတို့လက်နှင့် မြေအောက်များ



အသုံးဝင်ဖြစ်သော ဆေးနှင့် ဆေးပစ္စည်းများ မရှိ၍ ဆေးကုသခြင်းအမှုကို မပြုနိုင်ကြဘဲ ရှေးက အသက်မွေးဝမ်းကျောင်းအလုပ်များကို ရှာဖွေလုပ်ကိုင်ကြရသည်။ အချို့ဆရာဝန်များသည် ငါးပိ၊ ဆား ကုန်ကူးသူက ကူးကြ၍ အချို့သူနာပြုဆရာမများသည် ဆေးလိပ်ခုံတွင် ဆေးလိပ်သမအဖြစ် အမှုထမ်းကြသည်။ ထို့ပြင် စနစ်တကျသင်တန်းပေးသော သူနာပြုဆရာသင်တန်းများလည်း ဖွင့်လှစ်ခြင်း မရှိ၊ ဆေးတက္ကသိုလ်များလည်း ပိတ်ထားရသဖြင့် ဆရာဝန်၊ ဆရာမများ နည်းပါးမှုပြဿနာမှာ တဖြည်းဖြည်း ကြီးထွားလာ၏။ ဆေးဝါးနည်းလမ်းကို ရှာဖွေ၍ တည်ထောင်ထားသော ဆေးရုံအချို့မှာ ဆေးပညာရှင်များ နည်းပါးမှု၊ ဆေးနှင့် ဆေးပစ္စည်းများပါးမှုတို့ကြောင့် တဖြည်းဖြည်း ပိတ်ခဲ့ကြရသည်။

ထိုအခါတွင် မြန်မာအမျိုးသားများသည် ရှေး ဆေးမြီးတိုဖြင့် ရောဂါများကို ကုသကြရသည်။ မြန်မာသမားတော်များကလည်း မိမိတို့တတ်ကျွမ်းသော တိုင်းရင်းသားဆေးပညာဖြင့် ရောဂါများကို ကုသခြင်းဖြင့် ကူညီကြလေသည်။ သို့သော် အနည်းငယ်မျှသော တိုင်းရင်းသားဆေးဆရာများသည် စစ်ပြေး ရောဂါမျိုးစုံ ကြုံတွေ့နေရသော မြန်မာနိုင်ငံလူထု၏ ဒုက္ခကို ထိရောက်အောင် မကူညီနိုင်ကြပေ။

မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေမှာလည်း များစွာ အဆင့်အတန်းနိမ့်ကျလျက်ရှိလေသည်။ ဂျပန်တို့သည် မြန်မာနိုင်ငံကျောင်းများ၌ အင်္ဂလိပ်ဘာသာသင်ခန်းစာများကို သင်ကြားခြင်းမှ ရပ်စဲလိုက်ရန် အမိန့်ထုတ်ခဲ့၏။ ထို့ပြင် ဂျပန်ဘာသာကို မြန်မာနိုင်ငံတွင် မသင်မနေရဘာသာအဖြစ် သတ်မှတ်ရန် အမိန့်ထုတ်ဆင့်လေသည်။ မြန်မာဘာသာပြီးလျှင် ဂျပန်စာသည် မြန်မာနိုင်ငံကျောင်းများတွင် အရေးအပါဆုံး ဘာသာတစ်ရပ် ဖြစ်လာရသည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာသင်နေသူများအားလုံး ဂျပန်ဘာသာကို သင်ကြားကြရမည် ဖြစ်လေသည်။

ထို့ပြင် ကျောင်းသုံးစာအုပ်များကိုလည်း အစလုံးပင် ဂျပန်တို့၏ အနေအထား ပြုပြင်ရေးသားထားသော စာအုပ်များကို သင်ကြားစေသည်။ ဥပမာ သမိုင်းဘာသာတွင် အင်္ဂလိပ်များနှင့်ပတ်သက်သည့် အချက်အလက်များကို ပယ်ရှား၍ ထိုနေရာတွင် ဂျပန်နိုင်ငံသမိုင်းနှင့် ဂျပန်အမျိုးသားများကို အမွှမ်းတင်ထားသည့် အချက်များကို ပြုပြင်ထည့်သွင်းသင်ကြားရမည် ဖြစ်လေသည်။ အချို့ကြော်ငြာ ဖွင့်ထားခဲ့သော ရန်ကုန်တက္ကသိုလ်ကို ၁၉၄၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သောအခါ၌ ကျောင်းသူ ၃၀ အပါအဝင် စုစုပေါင်း ကျောင်းသား ကျောင်းသူပေါင်း ၂၁၇ ယောက်သာလျှင် ကျောင်းတက်လာ

www.burmeseclassic.com



ကြလေသည်။ ဤအရေအတွက်မှာ စစ်မဖြစ်မီက ကျောင်းသား ကျောင်းသူ အရေအတွက်နှင့်စာလျှင် ၁၀ ရာခိုင်နှုန်းဝင် ရှိမည်မဟုတ်ပေ။

အချိန်ဆိုလျှင် ဂျပန်ခေတ်၌ ဖွင့်လှစ်ထားသော ကျောင်းများမှာ များများပင် နည်းပါးလှလေသည်။ မူလက ဖွင့်လှစ်ထားသော ကျောင်းများမှာပင် ကျောင်းသား နည်းပါးခြင်း၊ ဆရာ မရှိခြင်းတို့ကြောင့် ပိတ်လိုက်ရလေသည်။ မြန်မာအမျိုးသား များသည် လေယာဉ်ပျံဗုံးကြဲမှုရန်မှ ကင်းဝေးရေးနှင့် ဂျပန်စစ်တပ်မှ စစ်သား များ၏ နှောင့်ယှက်မှုများမှ ကင်းဝေးစေရန် မြို့နှင့် ဝေးကွာသော ဒေသများရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားတန်ဆောင်းများအတွင်းသို့ ရွှေ့ပြောင်းနေထိုင် ကြလေ၏။ ထိုအချိန်တွင် ကလေးများ၏ ပညာသင်ကြားရေးမှာလည်း ပျက်ပြား ခဲ့ရလေသည်။

ဂျပန်များသည် ဘာသာရေးဆိုင်ရာ ကျူးလွန်ယုတ်မာမှုများကို များစွာ ပြုလုပ်ခဲ့ကြလေသည်။ မြန်မာများအနေဖြင့် ဂျပန်အမျိုးသားများတွင် ဗုဒ္ဓဘာသာ ဝင်များက အများစုဖြစ်နေလေရာ ရဟန်းသံဃာများ၊ ဘုရားပုထိုးများကို များစွာ ကြည်ညိုလေးစားသမှု ပြုကြလိမ့်မည်ဟုလည်း မျှော်လင့်ခဲ့ကြလေသည်။ ခရစ် ယာန်အင်္ဂလိပ်များထက် ဗုဒ္ဓဘာသာဂျပန်က မြန်မာများနှင့် ဆက်ဆံရာတွင် အစစအရာရာ ပြေပြစ်ချောမောခြင်း ရှိလိမ့်မည်ဟု ထင်ခဲ့ကြလေသည်။ သို့သော် ဤအထင်မှာ တက်တက်စင် လွဲမှားခဲ့လေသည်။

ဂျပန်တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်၍ မြန်မာနိုင်ငံရှိ ရဟန်းသံဃာ၊ ဘုရားပုထိုးများကို ကြည်ညိုလေးစားမည် ဝေး၍ မထီမဲ့မြင်ဝင် ပြုကြလေသည်။ ဂျပန်တို့သည် ဗုဒ္ဓဘာသာဘုရားကျောင်းဝင်းများအတွင်းသို့ ဖိနပ်များစီး၍ ဝင်ခြင်း၊ ဘုရားပုထိုးအနီးတွင် အညစ်အကြေးစွန့်ခြင်းများ ပြုလုပ်ခြင်းဖြင့် ဗုဒ္ဓဘာသာကို စော်ကားပြုကြလေသည်။ နောင်တွင်ကား ဘုန်းတော်ကြီးကျောင်းများအတွင်းသို့ အဓမ္မဝင်ရောက်၍ သံဃာတော်များပိုင် ပစ္စည်းများကို လုယူခြင်း၊ ရဟန်းသံဃာ များကို ဂျပန်ဆန့်ကျင်သူများ၊ အင်္ဂလိပ်သူလျှိုများ စသည်ဖြင့် စွပ်စွဲပြီးလျှင် ဖမ်းဆီးရိုက်နှက်ခြင်းပြုကြ၏။ မြန်မာနိုင်ငံ၏ အချို့အရပ်ဒေသများတွင် ရဟန်း သံဃာတော်များကို သတ်ဖြတ်ကြသည်အထိ သာသနာနှင့် ဘာသာကို စော်ကား ကြသည်။

ဂျပန်ဘုရင်သည် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကြီးအား ငွေကျပ် တစ်ထောင်ဖြင့် လှူဒါန်းပူဇော်ခဲ့၏။ သို့သော်လည်း ဂျပန်ဘုရင်၏ စစ်တော်သား သည် မြန်မာနိုင်ငံအတွင်း ဘုရားပုထိုး ဝတ်ကျောင်းများကို ဖျက်ဆီး၍ မြန်မာ ရဟန်းသံဃာများကို နှိပ်စက်ညှဉ်းဆဲခြင်းနှင့် မငြိမ်းသာနိုင်အောင် ပြုမူခဲ့ သည်။



ဂျပန်တို့သည် ယိုးဒယား-မြန်မာ မီးရထားလမ်းကို ဖောက်လုပ်ရာတွင် မြန်မာနိုင်ငံ လူထုအများကို အဓမ္မခိုင်းစေခဲ့ကြသည်။ ကျေးရွာလူကြီးများနှင့် မြို့နယ် အရာရှိများသည် ဂျပန်တောင်းသော လူအရေအတွက်ပြည့်အောင် လမ်းဖောက် လုပ်သားများကို မိမိတို့စုဆောင်းသော ကျေးရွာ၊ မြို့နယ်၊ ခရိုင်များမှ ရရှိအောင် ရှာဖွေခဲ့ကြသည်။ ၎င်းလမ်းဖောက်လုပ်သားများကို ချွေးတပ်သားများဟု ခေါ်ကြ သည်။ ဂျပန်တို့သည် မြန်မာပြည်အရပ်ရပ်ရှိ ချွေးတပ်သားများကို ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့မှ မြန်မာနိုင်ငံ သံဖြူဇရပ်အထိ ၂၄၅ မိုင်ရှည်သော မီးရထားလမ်း ဖောက်လုပ်ရာ ဒေသသို့ ပို့ကြလေသည်။

ဂျပန်တို့သည် ချွေးတပ်သားများကို သနားညှာတာခြင်းကင်းမဲ့စွာ ပြုမူ ဆက်ဆံကြသည်။ ချွေးတပ်စခန်းမှ ထွက်ပြေးသူ လုပ်သားတစ်ဦးအတွက် ပြစ်ဒဏ်မှာ သေဒဏ်ဖြစ်၏။ ချွေးတပ်စခန်းတွင် ထမင်းဟင်း ဝလင်အောင် မစားရ၊ နာများမကျန်းမာဖြစ်၍လည်း လုံလောက်သော ဆေးကုသခြင်း မရှိပေ။ အစားအစာလုံလောက်စွာ မစားရခြင်းကြောင့် လုပ်သားများမှာ ကျန်းမာရေးချို့တဲ့ ပြီးလျှင် ဝမ်းရောဂါများ၊ ငှက်ဖျားရောဂါများ စွဲကပ်နေကြတော့သည်။ ထိုရောဂါ များ စွဲကပ်လျှင် တောထဲရှိ တဲတန်းလျားတစ်ခုသို့ သွားရောက်ပို့ထားပြီး လူနာ ၏ ကျန်းမာရေးအခြေအနေကို ဂျပန်တပ်သားတို့သည် လှည့်၍မျှ မကြည့်ကြ တော့ပေ။ ဤသို့ဖြင့် မြန်မာလုပ်သားများစွာတို့မှာ ဂျပန်တို့ အဓမ္မခေါ်ဆောင် သွားသော သံဖြူဇရပ် ချွေးတပ်စခန်းတွင် နေ့သေ၊ ညသေ သေခဲ့ကြရလေ သည်။

### ဗမာ့ကာကွယ်ရေးတပ်မတော်နှင့် ဂျပန်ဆက်ဆံရေး

မြန်မာနိုင်ငံအရပ်ရပ်တွင် ဂျပန်စစ်သားများ၏ ဖိနှိပ်ရက်စက်မှုများကို မြင်နေရစဉ်အတွင်းမှာပင် ဗမာ့ကာကွယ်ရေးတပ်မတော်နှင့် ဂျပန်တပ်သားများ၏ ဆက်ဆံရေးအခြေအနေများမှာ တစ်စတစ်စ ဆိုးဝါးလာသည်ကို တွေ့ရလေသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဂျပန်များက ဖျက်သိမ်းပြီး အင်အားနည်းငယ်သာရှိသော ဗမာ့ကာကွယ်ရေးတပ်မတော်ဟု ၂၇-၇-၄၂ ရက်၌ ပြောင်းလဲ၍ ဖွဲ့စည်းစေရာတွင် တပ်သား ၃၀၀၀ မျှသာ ပါဝင်စေခဲ့သည်။

ထိုဗမာ့ကာကွယ်ရေးတပ်မတော်မှ စစ်ဗိုလ်လောင်း ၃၀၀ ကို ရွေးချယ်၍ ရန်ကုန်မြို့ မင်္ဂလာဒုံရှိ တပ်မတော် ဗိုလ်သင်တန်းကျောင်းတွင် တက်ရောက် သင်ကြားစေခဲ့လေသည်။ ဗိုလ်သင်တန်းကျောင်းအုပ်မှာ ဂျပန်ဘာသာဖြင့် (ကန်ဘူ ဂါကိုး)ဟု အမည်ရလေသည်။ ကျောင်းအုပ်မှာ ဂျပန်စစ်ဗိုလ်မှူးကြီး ဘောဝါ ရှီးမား ဖြစ်လေသည်။ ရုံးတော်သုံးကျိပ် ဗိုလ်လောင်းသူများက သင်တန်းများ ဆင်းသီး

www.burmeseclassic.com

www.burmeseclassic.com



ကို ချုပ်ချယ်ရာတွင် ပါဝင်ခဲ့၏။ တစ်နှစ်အတွက် တက်ရောက်ရသော စစ်ပြည့် ပေါင်း ၃၀၀ မှ အတော်ဆုံး ၃၀ ကို ဂျပန်နိုင်ငံသို့ စေလွှတ်ပြီး စစ်ပညာများ ကို ထပ်မံသင်ကြားကြရမြန်လေသည်။

ဂျပန်များသည် မြန်မာတပ်မတော်သား ဗိုလ်လောင်းများကို ပညာ သင်ကြားပေးရာတွင် အရက်စက်ဆုံးနည်းများကို အသုံးပြု၍ သင်ကြားပေး သည်။ တပ်မတော်သား ဗိုလ်လောင်းများမှာ ဂျပန်၏ ပါးရိုက်ခြင်းကို မရေ မခံနေကြရလေသည်။ ဂျပန်က မြန်မာဗိုလ်လောင်းများကို ရိုက်နှက်ညှဉ်းဆဲ၍ စစ်ပညာများ သင်ကြားပေးခြင်းဖြင့် မြန်မာဗိုလ်လောင်းများသည် ဂျပန်ဆန့်ကျင် ရေးစိတ်ဓာတ်များကို အမာခံအဖြစ် မွေးမြူလာစေသည့် အကျိုးကျေးဇူးများကို ခံစားကြရလေသည်။ ဗိုလ်မှူးချုပ်ကောင်း ရေးသော 'အနှစ်နှစ်ဆယ်' စာအုပ်မှ ဂျပန်ရက်စက်နည်းကို မြန်မာဗိုလ်လောင်းတစ်ဦး ခံစားရပုံမှာ ရင်နင့်ဖွယ်ရာကောင်း လှ၍ အောက်တွင် ဖော်ပြလိုက်ရပါသည်။

"ကျောင်း၌ ကင်းစောင့်ဆိုင်းတစ်ခုရှိ၏။ စာရေးကျော်ပို့၍ လက်ဖက်ရည် သောက်၏၊ မွဲမှုန့်သော ညဖြစ်၏။ ထိုမှုန့်များကိုသည်း ဆိုင်အတွင်း၌သာ စားရ၏၊ အိပ်ခန်းအတွင်းသို့ ယူမသွားရ။

"တစ်နေ့ ကျောင်းသားတစ်ယောက်၏ ဖောင်ဖေါက်ကြားထဲမှ မွဲမှုန့် နှစ်ရက်ကို ဂျပန် မိသွားလေ၏။ ဂျပန်သည် ထိုကျောင်းသားကို သူ့ရှေ့တန်းသို့ ခေါ်ပြီး သတိအနေအထားဖြင့် ရပ်ခိုင်း၏။ ထို့နောက် ပါးစပ်အဟ ခိုင်းကာ မွဲမှုန့်များနှင့် ထန်းလျက်ခဲများကို ပလုတ်ပလောင်းဖြစ်အောင် အပြည့်ထည့် လေ၏။ ပြီးလျှင် ရေခရားတစ်ခုကို ကြိုးတပ်ပြီး လည်ပင်း၌ ပါးစပ်အောက်က ဆွဲထားစေ၏။ ထို့နောက် ခုံတန်းထဲမှ တချို့ကြီးကို ဖက်လက်လှန်၍ ခေါင်းပေါ် တင်ပေးလိုက်ပြီး ဒူးကို အကွေးခိုင်းထားလေသည်။

ဂျပန်သည် ဤမြင်ကွင်းကို ကျွန်တော်တို့ ကျောင်းသားများအား တမင်ပြ၍ အကြည့်ခိုင်းလေသည်။ တရာက တပည့်ကြပ်မှုအား မည်သို့ကျင့်ရမည်ကို သင်ခန်းစာပေးခြင်းဖြစ်၏။ ကျောင်းသား၏ ပါးစပ်ထဲမှ ထန်းလျက်ရည်မှာ ရေခရားထဲသို့ စီးကျနေ၏။ ဒူးများမှာ ကြာလေ တုန်လာလေ၏။ ခေါင်းပေါ်မှ တချို့ကိုင်ထားသည့် လက်များမှာ ယိမ်းထိုး၍ နေ၏။

မည်မျှအားကောင်းသောလူပင် ဖြစ်စေကာမူ ဤအနေအထားကျင့် ကြာရှည်စွာ ရပ်တည်နေနိုင်မည် မဟုတ်ပေ။ မကြာမီ တချို့ကြီးမှာ ခေါင်းပေါ် မှ လွတ်ကျသွားပြီး လူမှာ သမ်းကလင်းပေါ်သို့ ပုံလျက်သား လဲကျသွား၏။ ဂျပန်သည် ရှူးရှူးရှားရှား ဒေါသဖြစ်ကာ ပုံကျနေသူအား ခြေဖြင့် ဆင့်၍ ဆင့်၍ ကန်လေတော့သည်။



ကျွန်တော်တို့၏ ဝမ်းထဲ၌ကား၊ နာကြည်းခံပြင်းမှုများသည် လှိုင်းထ၍ နေကြ၏။

မကြာမီ နာကြည်းမှုကို ပို၍ ပြင်းထန်စေသော အဖြစ်အပျက်တစ်ခု ကျွန်တော်တို့ကိုယ်တိုင် တွေ့ကြုံခံစားကြရလေသည်။ ကျွန်တော်တို့ ကျောင်း သို့ရောက်စက တစ်လကြာသည့်တိုင် အပြင်သို့ ထွက်လည်ခွင့် ပေးမထား ဘဲ ထား၏။ တစ်လကျော်ပြီးနောက် တနင်္ဂနွေနေ့များတွင် အပြင်သို့ ထွက် လည်ခွင့်ရကြလေသည်။ ညနေတွင် သတ်မှတ်သည့်အချိန်အရောက် ကျောင်းသို့ ပြန်ကြရ၏။ လည်ပတ်ရာတွင်လည်း သတ်မှတ်ထားသည့်နေရာ များတွင်သာ လည်ပတ်ခွင့်ပြု၏။ ပထမပိုင်း၌ အင်းစိန်သို့သာ သွားခွင့်ပြုပြီး ရန်ကုန်သို့သွားခွင့် ပိတ်ထား၏။

တစ်နေ့တွင် ကိုလှမော်၊ ကိုအောင်နှင့် ကျွန်တော်တို့သည် နားလည်မှု လွဲပြီး သတ်မှတ်ထားသည့် အသေမကျသည့်နေရာ ရန်ကုန်မြို့သို့ သွား၍ လည်မိကြလေသည်။ အပြန်လမ်းတွင် ဂျပန်နှင့် တွေ့ပြီး သူ့ရုံးခန်းသို့ ခေါ်သွား လေသည်။

ဂျပန်ဆရာသည် ကျွန်တော်တို့လေးဦးအား တန်းစီ၍ သတိနှင့် အရပ်ခိုင်း ကာ ခနဲလေးပါးပါးသလေးထက်လုံးကို လက်နှစ်ဖက်ဖြင့် စကိုင်ခိုင်းပြီး ရေနွေးပူပူကျက်ကျက်ကို ခနဲလေးထဲသို့ လောင်းထည့်လိုက်လေသည်။

လက်ဖဝါးနှင့်ကို မီးဖြင့်ရှို့လိုက်သကဲ့သို့ ဖြစ်သွားလေသည်။ ကျွန်တော်တို့ သည် လေးများကို လွှတ်ချမပစ်လိုက်ဘဲ အံကြိတ်ပြီး ကိုင်မြဲ ကိုင်ထားကြ လေသည်။ လူတစ်ကိုယ်လုံး ချွေးသီးချွေးပေါက်ကြီးများ ကျလာ၏။ ဂျပန် ကား ခနဲလေးထဲမှ ရေအပူရှိန် လျော့သွားတိုင်း ဆူပွက်နေသော ရေသစ် များကို ဖြည့်၍ ဖြည့်၍ပေးနေလေသည်။ ကျွန်တော်တို့၏ လက်ဖဝါးများမှာ ဖူးရောင်ပြီး အရေပြားမှ အရေကြည်ဖုများကို အတော်ကြာမှ ကိုင်တွယ်မရ အောင် ဖြစ်သွားခဲ့၏။"

အထက်ပါ အဖြစ်အပျက်ကဲ့သို့ပင် ဂျပန်တပ်သားများသည် မြန်မာ တပ်သားများကို နှိပ်စက်သည့် နေရာတိုင်း၌ ညှဉ်းဆဲကြ၏။ ဂျပန်အကြပ်တပ်သားများ က အောက်ထက်ရှိ မြန်မာဗိုလ်လောင်းများကို ညှဉ်းဆဲခဲ့သကဲ့သို့ ဂျပန်အောက် ရှိသည့် ဗမာ့ကာကွယ်ရေးတပ်မတော်မှ ဒုတိယအကြီးဆုံးအရာရှိဖြစ်သော ဗိုလ်လက်ျာကိုပင် ဒုက္ခပေးရန် ကြံစည်ကြပြန်လေသည်။

ဂျပန်စစ်ဗိုလ်များသည် ဗမာ့ကာကွယ်ရေးတပ်မတော်မှ ဗိုလ်လက်ျာ ကို ဂျပန်ဆန့်ကျင်ရေးလှုပ်ရှားမှုများ လုပ်နေသည်ဟု အထင်ရှိကာ သံသယဖြင့်ကြည့်နေ ကြလေ၏။ ထိုအချိန်တွင် မန္တလေးမြို့အနီးအပါး၌ ဂျပန်စစ်တပ်မှ သုံးတန်းထား

www.burmeseclassic.com



သော တယ်လီဖုန်းကြိုးများမှာ နေရာများစွာ၌ပင် ပြတ်ကျနေ၏။ ဤတယ်လီဖုန်းကြိုးများပြတ်မှုမှာ ဂျပန်ဆန့်ကျင်ရေးသမားဟု ဂျပန်တို့က စွပ်စွဲထားသော ဗိုလ်လက်ျာ၏ လက်ချက်ထင်ကြ၏။

အမှန်ဆိုလျှင် တယ်လီဖုန်းကြိုးများကို ဂျပန်တို့က လွယ်လွယ်ကူကူ တပ်ဆင်ကြ၍ လက်လှမ်းမီသည့် တယ်လီဖုန်းကြိုးကလေးမှာ အလွန်လှပေရာ ဖြတ်၍ လွယ်သည်နှင့် တောရွာသေသူ လူအချို့က ဖြတ်ယူပြီး အိမ်၌ အသုံးကြိုးတန်းလုပ်ကြသည်။ ထင်းခုတ် လှည်းတိုက် လုပ်သားများကလည်း ထိုကြိုးကလေးများကို ဖြတ်ယူကြသူလည်း ရှိကြသည်။ ထိုကြိုးများကို ဖြတ်ခြင်းမှာ ဂျပန်ကို ဆန့်ကျင်လို၍ မဟုတ်၊ ကြိုးကလေးများ လှ၍၊ ထို့ပြင် ဖြတ်ရန် လွယ်ကူ၍ ဖြတ်ကြခြင်းပင် ဖြစ်သည်။ ထိုသို့ ကြိုးပြတ်သည်ကို တွေ့တိုင်း ဂျပန်စစ်ပုလိပ်တို့သည် ကြိုးပြတ်သောနေရာအနီးရှိ ရွာလူထုကိုသာ ဖမ်းဆီး၍ 'ဒီကြိုးတွေကို မင်းတို့ကို ဗိုလ်လက်ျာက အဖြတ်ခိုင်းလို့ ဖြတ်ကြတာ မဟုတ်လား' ဟု စစ်ဆေးပြီး ရိုက်နှက်ကြ၏။ ဂျပန်၏ နည်းအမျိုးမျိုးဖြင့် ညှဉ်းဆဲမှုကို မခံနိုင်ကြသော ကျေးရွာလူထုမှာ နောက်ဆုံး၌ 'ဟုတ်ပါတယ်' ဟု ဖြေလိုက်ရလေသည်။ သည်တော့မှ ဂျပန်၏ညှဉ်းဆဲမှုမှ သက်သာလေသည်။

ဂျပန်သည် ယင်းအမှုနှင့်ပတ်သက်၍ လူများစွာကို ဖမ်းဆီးခဲ့၏။ ဗိုလ်လက်ျာကို ဖမ်းရန် အစီအစဉ်ရှိသော်လည်း ရာထူးမျှင် နိုင်ငံခေါင်းဆောင်တစ်ဦး ဖြစ်နေ၍ မဖမ်းသေးဘဲ စောင့်ကြည့်နေပြီး ဗိုလ်လက်ျာ၏ အပါးတော်မြဲလုပ်ခဲ့သူ ဗိုလ်စတင်ကို ဖမ်း၍ ညှဉ်းဆဲကြလေသည်။ ဂျပန်တို့သည် ဗမာ့ကာကွယ်ရေးတပ်မတော်မှ ခေါင်းဆောင်တစ်ဦး၏ တပည့်အရာရှိတစ်ဦးကို ဖမ်းလိုက်ခြင်းဖြင့် တပ်မတော်အတွင်းမှ ဂျပန်ဆန့်ကျင်ရေးအင်အားစု၏ အစကို ဖမ်းမိပြီဟု ယူဆနေကြလေသည်။ ဤကိစ္စမှာ မြန်မာအစိုးရအဖွဲ့မှ ဝန်ကြီးများကိုယ်တိုင် ဂျပန်စစ်ပုလိပ် ဗိုလ်မှူးကြီးများထံ အကြိမ်ကြိမ် သွားရောက်ရှင်းပြခဲ့သဖြင့် ဗိုလ်လက်ျာ၏ အပါးတော်မြဲလုပ်ခဲ့သူ ဗိုလ်စတင်ကို ဂျပန်က လွှတ်ပေးခဲ့ရ၏။

ဤအရေးအခင်းမှာ အေးအေးသေးသေးငြိမ်သွားသော်လည်း ဗမာ့ကာကွယ်ရေးတပ်မတော်သားများအနေဖြင့် ဂျပန်၏အပေါ်တွင် တစ်နေ့ထက် တစ်နေ့ ယုံကြည်မှုကင်းပျောက်၍ လာခဲ့လေသည်။

❐

# အခန်း (၆)

## ဖက်ဆစ်တော်လှန်ရေးအတွက် အဖွဲ့အသီးသီးမှ ကြိုတင်ပြင်ဆင်ပြီးဖြစ်နေခြင်း

### (က) ဗိုလ်ချုပ်အောင်ဆန်း၏ တော်လှန်ရေးသဘောထား

ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်ရန်အတွက် တော်လှန်ရေးကြီး မဖြစ်ပေါ်မီ အလွန်စောသော အချိန်ကပင် ကြံစည်စိတ်ကူးခဲ့သည်ကို သိရှိရပေသည်။ ဂျပန်လက်ထက် မြန်မာနိုင်ငံ၏ အစိုးရအဖွဲ့တွင် စစ်ဝန်ကြီးရာထူးရထားသော ဗိုလ်ချုပ်အောင်ဆန်းသည် ရာထူးစည်းစိမ်တွင် ယစ်မူးပျော်ရိုက်နေခြင်း မရှိခဲ့ပေ။ ဂျပန်အစိုးရသည် ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းကို ဂျပန်နိုင်ငံသို့ တတိယတန်း နေတံဆိပ်ဆွဲပေးအပ်ရန် ဖိတ်ကြားခေါ်ယူစဉ် ၁၉၄၃ ခုနှစ်၊ မတ်လက ဗိုလ်ချုပ်ရာထူးသို့ တိုးမြှင့်ပေးခဲ့၏။ ထို့နောက် ဂျပန်ဘုရင်ကိုယ်တိုင်က ဗိုလ်ချုပ်အောင်ဆန်းကို တတိယတန်းနေတံဆိပ်ကို ချီးမြှင့်ခဲ့သည်။ နိုင်ငံလွတ်လပ်ရေးရပြီးသော အခါ ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူရစဉ် ပထမတန်းတံဆိပ်ကို ဂျပန်အစိုးရက ဗိုလ်ချုပ်အောင်ဆန်းအား ထပ်မံချီးမြှင့်ခဲ့သည်။ ဤသို့ဖြင့် ဂျပန်အစိုးရနှင့် ဂျပန်တပ်မတော်၏ ချီးမြှောက်မှုကို ဗိုလ်ချုပ်အောင်ဆန်း ခံယူခဲ့ရသည်များကို ကြည့်၍ ဗိုလ်ချုပ်သည် ရာထူးဂုဏ်ထူးများတွင် နစ်မျောနေလိမ့်မည်ဟု ယူဆလျှင် မှားပေလိမ့်မည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်များ၏ အသုံးမကျပုံများကို ဂျပန်များ မြန်မာနိုင်ငံသို့ မဝင်မီကပင် သိခဲ့သည်။ ဗိုလ်ချုပ်သိသလိုပင် သူ၏ရဲဘော်များ ဖြစ်ကြသော ရဲဘော်သုံးကျိပ်ဝင်များကလည်း သိကြ၏။ တစ်ချိန်ကဆိုလျှင် ရဲဘော်သုံးကျိပ်ဝင်များသည် ဖော်မိုဆာကျွန်း၌ စစ်ပညာသင်ကြားနေစဉ်ကပင် အကြောင်းတစ်ရပ်နှင့် ပတ်သက်ပြီး ဂျပန်တို့ကို ဆန့်ကျင်တော်လှန်ရန် စီစဉ်ခဲ့သေးသည်။ သို့သော် အချိန်မကျသေးဟုဆိုသော ဗိုလ်ချုပ်အောင်ဆန်း၏ ပြောခြင်းဖြင့် ရဲဘော်တစ်စု၏ တော်လှန်ရေးကို ထိန်းသိမ်းချုပ်ချယ်ထားခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာမျိုးချစ်လူငယ်များ၊ ဂျပန်များ မြန်မာနိုင်ငံသို့ မရောက်မီကပင် မြန်မာနိုင်ငံအတွင်းသို့ ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ရေးသား၍ ထောက်ခံကြ၏။ နိုင်ငံခြားမှ လာသော ဖက်ဆစ်ဆန့်ကျင်ရေးစာအုပ်များကို မြန်မာဘာသာပြန် ပြန်ဆိုသူ ပြန်ဆိုကြ၏။ ထို့ကြောင့်ပင် "ဂျပန်သူလျှို" "ဖက်ဆစ်စားပြ" စသော ဖက်ဆစ်ဆန့်ကျင်ရေးစာအုပ်များကို မြန်မာလူထုသည် ဂျပန်တို့ မြန်မာနိုင်ငံသို့ မရောက်မီကပင် ဖတ်ရှုပြီးဖြစ်နေကြ၏။ အဆိုပါ ဖက်ဆစ်ဆန့်ကျင်ရေးသမား လူငယ်များသည် ဂျပန်များ မြန်မာနိုင်ငံသို့ ဝင်ရောက်လာပြီးနောက် ဖက်ဆစ်ဆန့်ကျင်ရေးစည်းရုံးမှုများကို မြန်မာနိုင်ငံအနှံ့အပြားတွင် လှည့်လည်ပြုလုပ်ကြသည်။ အချို့က နိုင်ငံခြားအဆက်အသွယ်ယူရန် ကြိုးစားကြသည်။ အချို့က လူသူလက်နက် ရှာဖွေစုဆောင်းကြ၏။ အချို့က ဖက်ဆစ်ဆန့်ကျင်ရေးသင်တန်းများ ပေးကြလေသည်။ ဤသို့ပြုမူဆောင်ရွက်မှုများကို ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ရေးခေါင်းဆောင်တစ်ဦးအနေဖြင့်လည်းကောင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးအနေဖြင့်လည်းကောင်း ကောင်းစွာ သိရှိခဲ့၏။ ထိုသို့ သိရှိသောအခါတွင် ယင်းဖက်ဆစ်တော်လှန်ရေးစည်းရုံးမှုများ၏ သွားလာရေး၊ ဆောင်ရွက်ရေး အစီအစဉ်များကို ဗိုလ်ချုပ်သည် တတ်နိုင်သမျှ ကာကွယ်ကူညီခြင်း ပြုခဲ့လေသည်။

အောက်ပါစာတမ်းတွင် "ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ဂျပန်များကို မိမိ အဘယ်ကြောင့် တော်လှန်ခဲ့ရသနည်း" ဆိုသော အဖြေကို ဖော်ပြထား၏။ ၎င်းမှာ မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးကြီးအပြီးတွင် ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ရေးသားသော Burma's Challenge အမည်ရှိ အင်္ဂလိပ်ဘာသာ စာတမ်းမှ ကောက်နုတ်ချက်အချို့ ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ယင်းစာတမ်းတွင် သမိုင်းဝင်အချက်အလက်များကို ထိရောက်စွာ ဖော်ပြထားလေသည်။

"ကျွန်ုပ်တို့သည် ဖက်ဆစ်ဝါဒကို ထိုစဉ်ကနဦးကပင် ဆန့်ကျင်ခဲ့ပါ၏ [illegible] ကျွန်ုပ်တို့၏ အရှင်သခင်ဟောင်းများ လွတ်ငြိမ်းရေးအတွက် ရုန်းကန်ခဲ့ရာ၌ [illegible] ကြောင့် ဂျပန်တို့ကို စိတ်မချဖြစ်ခဲ့ကြခြင်း ဖြစ်တော့သည်။"

ဂျပန်တို့ကား အစမှ အဆုံး သူတို့ပေးခဲ့သော ကတိကဝတ်များကို တစ်ခုမကျန် ဖျက်ဆီးပစ်တော့လေသည်။ ဂျပန်တွေ ဘယ်အထိ မကောင်းကြံ ပုံများကို အကျယ်ရေးသားဖော်ပြရလျှင် ဆုံးနိုင်မှာမဟုတ်၍ အတိုချုပ် ထိုရေးအချက်ကိုသာ ဖော်ပြရမည်ဆိုလျှင် ကျွန်ုပ်တို့သည် ဂျပန်ပြည်သို့ သွား၍ စစ်ပညာသင်ကြားနေသောအချိန်ကတည်းက သူတို့၏ သဘော [illegible] ထိမ်းသည်းမှုနှင့် ဆက်ဆံပုံ အကျင့်စရိုက်များ [illegible] တို့အပြင် တစ်ဖက်သားကို အလွန်နှိမ့်ချ၍ ဆက်ဆံမှုများကြောင့် [illegible] သဘောပေါက်လာသဖြင့် ကျွန်ုပ်တို့အားလုံး (ယခင်က ဂျပန်



ဆန့်ကျင်ရေးစိတ် မရှိသူများပါ) ဂျပန်ကို အလွန်မုန်းတီးရွံရှာလျက် ဂျပန်ဆန့်ကျင်ရေးစိတ်ဓာတ်များမှာ အလွန်မြင့်မားစွာပြီး ဝင်ရောက်လာခဲ့လေသည်။

ထိုအချိန်တွင် ကျွန်ုပ်တို့နှင့် သဘောချင်းမတိုက်ဆိုင်၍ အငြင်းအခုံဖြစ်သည့်အခါတွင်လည်း၊ မပါဝင်ဘဲ နေခဲ့သူ မြန်မာနစ်ဦးကို ချန်လှပ်လျှင် ဂျပန်ပြည်သို့ သွားရောက်၍ စစ်ပညာလေ့လာနေသူ စုစုပေါင်း ၂၇ ယောက် ရှိ၏။ အမှန်တကယ်ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်တစ်ခုကို ပြောပြရန် ကျန်သေးသည်။ တစ်ခါက ကျွန်ုပ်တို့သည် တိုကျိုမြို့သို့ ရွှေ့ပြောင်းသွားရောက်နေစဉ် ကျန်ခဲ့သော ရဲဘော် ၂၆ ယောက်တို့သည် အထက်ပါ မြန်မာနှစ်ဦးတွင် တစ်ယောက်၏ ကိုယ်ရေးကိုယ်တာအကြောင်းများက လှုံ့ဆော်ပေးမှုဖြင့် ဂျပန်တို့ကို ဂျပန်ပြည်မှာပင် တော်လှန်မှုကန့်ကွက်ကြရန် ကြံစည်ခဲ့လေ၏။ ထိုအချိန်က ကျွန်ုပ်တို့သည် ဖော်မိုဆာတွင် စစ်ပညာသင်နေဆဲ ဖြစ်၏။

ကျွန်ုပ်သည် တိုကျိုမြို့မှ ဖော်မိုဆာသို့ ကံကောင်းသဖြင့် အချိန်မီ ပြန်ရောက်လာသဖြင့် ယင်းတော်လှန်မှုကို အမြန်ရပ်တန့်ထားလိုက်ရလေသည်။ ကျွန်ုပ်တို့ ယိုးဒယားနိုင်ငံရောက်ရှိစဉ် မြန်မာနိုင်ငံရှိ ရဲဘော်များထံသို့ ကျွန်ုပ် စာတစ်စောင်ရေးခဲ့၏။ ၎င်းစာထဲ၌ "ဂျပန်များအား စိတ်မချရကြောင်းကို အရိပ်အမြွက်သည့်ပြောလိုသောကြောင့် မြန်မာတို့သည် နိုင်ငံခြားအကူအညီကို လုံးဝအားကိုး၍ မဖြစ်ကြောင်း" ရေးလိုက်၏။

ထို့နောက်တွင် ယိုးဒယားနိုင်ငံမှ ဗီအိုင်အေတပ်ဦး လွတ်မြောက်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းသည့်အခါ ကျွန်ုပ်သည် ရှေ့ပြေးရဲဘော်များကို ၂၄ ဦးဖြင့် ဂျပန်တော်လှန်ရေး တပ်စည်းရုံးရန် မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့သည်။ ကျွန်ုပ်၏အကြံမှာ မြန်မာပြည်သို့ ဂျပန်များ ချီတက်ဝင်ရောက်လာရေးမှာ တားဆီးမရနိုင်သည့်အတွက် မြန်မာပြည်ရှိ ကျွန်ုပ်တို့၏ ရဲဘော်များက ဂျပန်တပ်များမလာမီ "လွတ်လပ်သည့် မြန်မာပြည်" ကို ဖွဲ့စည်းတည်ထောင်ထားနိုင်လျှင် ဂျပန်တို့၏ ကျူးကျော်ဝင်ရောက်မှုကို ဟန့်တားနိုင်မည်။ ထို့ပြင် မြန်မာလွတ်လပ်ရေးကိုပင် ဂျပန်က လေးစားရမည့် လွတ်လပ်ရေး ဖြစ်လာမည်။

ဤအကြံအစည် အောင်မြင်ဖြစ်မြောက်ခဲ့လျှင် ကျွန်ုပ်တွင် အခြားအကြံအစည်တစ်ခု ရှိသေး၏။ ၎င်းမှာ မြေအောက်၌ လျှို့ဝှက်စွာစည်းရုံးနည်းဖြင့် မြန်မာလူထုကြီးကို စည်းရုံး၍ ဂျပန်ကိုတော်လှန်ရန် လှုံ့ဆော်စည်းရုံးပေးရန်ပင် ဖြစ်လေသည်။ ထိုသို့ဖြစ်ခဲ့လျှင် မြန်မာနိုင်ငံ၌ ဂျပန်တို့သည် အာဏာကို ရှည်ကြာစွာ အမြစ်တွယ်ရန် မလွယ်ကူဖြစ်လာမည်။ ထို့ပြင် လူထုအား ဂျပန်တို့က ဖက်ဆစ်ဆန်စွာ ညှဉ်းပန်းမှုများလည်း လျော့လျော့ပေါ့ပေါ့ဖြစ်လာမည်ကို

www.burmeseclassic.com

www.burmeseclassic.com



ယူဆပါ၏။ ထိုသို့ ဆောင်ရွက်သောအခါ ဘီအိုင်အေ၏ အခရာပါ အရာ ရောက်ပုံကိုလည်း ခန့်မှန်းမိပါ၏။

ထို့ကြောင့် ကျွန်ုပ် အားထက်သွားပြီး တစ်နေ့တွင် ကျွန်ုပ်ပိုင်းသို့ ဂျပန်များ မျက်စိလည်ကာ သူတို့ကို တန်ပြန်တိုက်ခိုက်နိုင်ရေးအတွက် သင်္ချိုင်း ကိုင်တပ် တစ်တပ်ရှိနေပြီဖြစ်ရကား စိတ်အေးအေးထားခြင်းမပြုကြရန် ကျွန်ုပ်၏ ရဲဘော်များအား သတိပေးခဲ့ရပေသည်။ သို့သော် ထားဝယ်လက်တွေ့ မြန်မာပြည်တွင်းရှိ ကျွန်ုပ်တို့ ရဲဘော်များသည် ဂျပန်ဆန့်ကျင်ရေးအတွက် စည်းရုံးရေးလုပ်ငန်းများကို ထိထိရောက်ရောက် မပြုလုပ်နိုင်ကြသေး ရှိသေး ဟုသည်ကို ကြည့်၍ ကျွန်ုပ်များမှာ စိတ်ပျက်မိပါ၏။

ထိုအချိန်တွင် မြန်မာနိုင်ငံရှိ အရေးအခင်း ပေါ်ထွန်းသော်များမှာ ထောက်ခံ သို့ ရောက်နေကြသည်။ အမြင်၌ မြို့ကြီးများမှာလည်း (အစရှင်ပေါက်မ လူတန်းစားအများအကျိုးအတိုင်း) တွေ့ဆုံဆွေးနွေးနေကြသည့် အချိန်ဖြစ်၏။ ထိုသို့ဖြစ်ပင် ကျွန်ုပ်တို့သည် ၁၉၄၂ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ရန်ကုန်မြို့ ကြီးကို သိမ်းယူနိုင်ခဲ့ကြသော်။ ကျွန်ုပ်တို့ ဝမ်းမြောက်ကာသော သမ်း တစ်လျှောက်တွင် ဂျပန်တို့က မြန်မာလူထုအပေါ် ပြုမူဆက်ဆံပုံကို တွေ့ရ သောအခါ ကျွန်ုပ်တို့မှာ များစွာ စိတ်မကောင်းဖြစ်ကြ။ ဤကိစ္စများကို အရေး ရန် သက်ဆိုင်ရာ ဂျပန်အာဏာပိုင်များအား ကျွန်ုပ်တို့က တိုင်ကြားသော် လည်း အရေးမယူ၊ ဂျပန်တပ်မတော်သားများနှင့် ဘီအိုင်အေ တပ်သားကို မှာ နေရာတိုင်း၌ ပဋိပက္ခဖြစ်ကြသည့် အမှုတွေမှာ ပိုများလာ၏။ ကျွန်ုပ်သည် လည်း ရန်ကုန်မြို့သို့ ရောက်သည်အထိ ဘီအိုင်အေကို တိုက်ရိုက်ကွပ်ကဲခွင့် မရသေး ကာနယ်ဆူဇူကီး၏ စစ်ဦးစီးအရာရှိ ဖြစ်နေသည်။

ထိုအချိန်၌ပင် ကျွန်ုပ်တို့၏ ရဲဘော်အချင်းချင်း ကြား၌ပင် ဆိုင်းငံ့၍ ဂျပန်တို့ကို တော်လှန်ရန် နည်းလမ်းတွေကို ငြင်းခုံကြ၏။ အချို့အရေးမှာ မှန်ကန်နေ၏။ ကြိုတင်ပြင်ဆင်ရန်လည်း ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိ၍ ကျွန်ုပ် တို့အဖို့ မဆောင်ရွက်နိုင်သေး။

ဂျပန်တို့သည် ကျွန်ုပ်တို့ မြန်မာ့လွတ်လပ်ရေးတပ်မတော်အား ဦးစီး၍ ရောက်ရှိခဲ့ကြသော် အထက်မြန်မာနိုင်ငံကို တိုက်ရန် အမိန့်ပေးသဖြင့် ထို့ကြောင့် ကျွန်ုပ်သည် ဘီအိုင်အေတပ်များနှင့် အထက်မြန်မာနိုင်ငံ ဘက်သို့ ချီတက် တိုက်ခိုက်ခဲ့ရသည်။

ကျွန်ုပ်တို့သည် ရွှေဂုံမြို့ရောက်သောအခါ တက်သစ်နိုင်ငံရေးသမား မြန်မာလူငယ်များဖြစ်ကြသော တက်ဘုန်းကြီး သိန်းဖေ၊ သခင်မြ၊ သခင် နုတို့သည် တရုတ်စစ်တပ်များနှင့်အတူ မြန်မာပြည်ပြင်ပသို့ [illegible]



သွားကြသည်ကို ပထမဆုံး ကြားရ၍ ဝမ်းသာအားတက်ဖြစ်ခဲ့ရ၏။ သို့သော် နောင်အခါ၌ ၎င်းအကြံမှာ အထမမြောက်ဟု သိရ၏။ ကျွန်ုပ်မှာ များစွာ စိတ်ပျက်သွားရပြန်ပေသည်။

ဂျပန်စစ်ဘက် အာဏာပိုင်ကြီးတို့သည် ဘီအိုင်အေတပ်သားများအား စနစ်တကျဖြင့် ချီတက်ရန် အမိန့်ပေးကြပြန်၏။ ထိုအချိန်တွင် အင်္ဂလိပ် စစ်တပ်များအား တိုက်ခိုက်နေရာ ပြီးဆုံးနေပြီဖြစ်ရကား ကျွန်ုပ်သည် နိုင်ငံရေး ကြီးမေးခွန်းကို ဘီအိုင်အေတပ်မတော်အား ကွပ်ကဲခွင့်ရှိပေသည်။

မန္တလေးသို့ ဘီအိုင်အေတပ်မတော်ကြီး ချီတက်နေစဉ် ဘီအိုင်အေ ခေါင်းဆောင် အဖွဲ့နှင့် နိုင်ငံရေးခေါင်းဆောင်ကြီးတို့သည် ဂျပန်စစ်တပ်များနှင့် ပဋိပက္ခဖြစ်ကြ ဖြစ်သည်ဟု သတင်းကြားရပြန်သည်။ ဂျပန်စစ်ဗိုလ်တစ်ဦး စာရွက်စာရ မှုကြောင့် ဗိုလ်ကြီးဘမယုန့် ရဲဘော်အချို့ကို ဂျပန်တို့က ဖမ်းဆီးနှိပ်စက် ခဲ့လေသည်။

သို့သော် ကျွန်ုပ်တို့နှင့် တွဲဖက် ဂျပန်အကြံပေးအရာရှိတစ်ဦးက ထိုကိစ္စကို ဝင်ရှင်းပေးခဲ့သော ဗိုလ်ယန်နောင်ကို လွှတ်ပေးပြောက်စေခဲ့ရပေသည်။ ဗိုလ်ယန်နောင် တို့သာ မလွတ်ခဲ့လျှင် သည်နေရာ၌ ဂျပန်တပ်နှင့် ဘီအိုင်အေ တိုက်ပွဲ တစ်ပွဲဖြစ်ရဦးမည်ပင်။ ထိုသို့နေရာမှ ကျွန်ုပ်တို့သည် မြန်မာပြည်နယ်စပ် တစ်လျှောက် တရုတ်နယ်စပ်ကို ဖြတ်ကျော်၍ တရုတ်စစ်တပ်များဆီသို့ သွား ရောက်ပူးပေါင်းရန် ကြံစည်မိလေသေး၏။

ဂျပန်တွေကိုတော့ ကျွန်ုပ်တို့သည် အလျှင်တရာပင် ရှုံ့ရှံ၍ စောင့်ကြည့်နေ လျက်ရှိကြပြီ ဖြစ်၏။ ကျွန်ုပ်သည် မန္တလေးသို့ ပြန်ခဲ့၏။ ထိုအချိန်က မန္တလေးကို တာဝန်ယူအုပ်ချုပ်သူမှာ ဘီအိုင်အေစစ်ဦးစီးမှူး ဗိုလ်မှူးကြီးလက်ျာ ဖြစ်၏။ ကျွန်ုပ်နှင့်အတူ ဗိုလ်မှူးကြီးနေဝင်းလည်း လိုက်ပါခဲ့၏။ မုံရွာနှင့် ယင်းမာပင်မြို့နယ်တွင် သခင်သန်းထွန်းနှင့် တွေ့၍ အခြေအနေအမှန်ကို အစဉ် အမြဲ ပြောပြခဲ့သည်။ ဗိုလ်မှူးကြီး လက်ျာကို ကျွန်ုပ်သည် မေမြို့မှ နေ၍ မန္တလေးသို့ သွားပြီး ကျွန်ုပ်တို့ရဲဘော်များအား စုရုံးတွေ့ဆုံလျက် ရေ အဖွဲ့တွင် ကျွန်ုပ်တို့ အားလုပ်သင့်သည်ဆိုသော အရာက်ကို ဆွေးနွေးမည်အား ဆုံးဖြတ်ကြရန် စေလွှတ်ထားခဲ့ခြင်းဖြစ်လေသည်။

ကျွန်ုပ် မန္တလေးသို့ ရောက်သောအခါ မန္တလေးမြို့အခြေအနေမှာ များစွာ ရှုပ်ထွေးနေပြီး ဂျပန်စစ်ပုလိပ်များ(ကင်ပေတိုင်)တို့ကလည်း ယုတ်မာ ကြမ်းကြုတ်စွာ ရမ်းကားပြုမူနေကြလေသည်။ ကျွန်ုပ်နှင့်အတူ ရှေ့နောက် တက်ဘုန်းကြီး ကိုသိန်းဖေသည်ပါလာရာ အမှုမှုရောက်သောအခါ [illegible] တိုင်းက ကိုသိန်းဖေကို အမှုတပြင်းရှာနေကြောင်း သိရ၍ ကိုသိန်းဖေသည် ကိုယ်ပျောက်ရောက်သွားရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်များသည် တော်လှန်ရေးကြီးသိမ်းကို မခံနိုင်ဘဲ နာမည်ကြီးနေသော တိုင်းချစ်ဦးသိန်းဖေ(မန္တလေး)ကို ဖမ်းဆီးခဲ့၏။ ကျွန်ုပ်တို့က ဖွင့်သိန်းဖေအား မဖမ်းဆီးရန် တင်းတင်းမာမာကန့်ကွက်၍ လွှတ်ပေးခဲ့သည်။ သို့သော် ကိုသိန်းဖေမှာ ဂျပန်တို့ ညှဉ်းပန်းနှိပ်စက်မှုကို မခံသာနိုင်ခဲ့ရလေသည်။ ကျွန်ုပ်တို့၏ အကြားရခဲ့သော်နှင့်ပင်မှာ ဂျပန် ညှဉ်းဆဲမှုဒဏ်ကို ခံရလဖြင့် အသက်ဆုံးခဲ့ရ၏။

မကြာမီပင် ဘီအိုင်အေသင်ကို ဘီဒီအေခေါ် ဗမာ့ကာကွယ်ရေးတပ်မတော် အမည်ဖြင့် ပြန်လည်ဖွဲ့စည်း၍ ကျွန်ုပ်ကို ဗိုလ်မှူးကြီးရာထူးဖြင့် ခန့်အပ်ခဲ့သည်။ ထိုအချိန်တွင် အင်္ဂလိပ်အုပ်ချုပ်ရေးလက်ထက်က တရားသူကြီးတစ်ဦးအဖြစ် အမှုထမ်းခဲ့သူ မြန်မာတစ်ဦးအား ဂျပန်စစ်ဘက်ရာထူးများက ဖမ်းဆီးခဲ့၏။ ထိုသို့ ဖမ်းဆီးခြင်းမှာ မတိုမှန်သောသူတစ်ယောက်က မှန်သောင်းပေး၍ တရားသူကြီး၏ နေအိမ်ဝင်းတွင် တယ်လီဖုန်းကြိုးအပြတ်များ တွေ့ရှိမှုကြောင့် ဖြစ်လေသည်။

ထိုသူမှာ အလွန်ရိုးသားသူတစ်ဦးဖြစ်သော်လည်း ဂျပန်တို့က နှိပ်စက်ညှဉ်းပန်း၍ မဟုတ်မမှန်ဖြောင့်ချက်ကို ဂျပန်တို့ထံ အစစ်ခံရလေသည်။ ဂျပန်စစ်ဘက်မှ ကာနယ်မှူးကြီးက ဗမာ့ကာကွယ်ရေးတပ်မတော်မှ ဗိုလ်မှူးသောက်နှင့် ငှက်အဓိကရာရှိ ဗိုလ်တောင်တို့သည် တရားသူကြီးနှင့်ပေါင်းပြီး ဂျပန်တော်လှန်ရေးကို တိတ်တဆိတ်ကြိုးစည်နေသည်ဟု တရားသူကြီးက ဖြောင့်ချက်ပေးကြောင်း ကျွန်ုပ်အား လာရောက်ပြောပြလေ၏။

ဂျပန်တို့သည် မဟုတ်မမှန်လုပ်ကြံခြင်းဖြစ်ကြောင်းမှာ ယုံမှားဖွယ် မရှိလှပေ။ ကျွန်ုပ်တို့သည် ဂျပန်များကို ရွံမုန်းနေပြီး ဂျပန်တော်လှန်ရေးကို လုပ်ရန် စည်းရုံးကြိုးစားထားသော်လည်း အထက်ပါ ဗိုလ်သောက်တို့၏ အမှုကား ထိုးဆယ်မှုသက်သက်ဖြစ်သည်။ ဂျပန်တို့သည် ဗိုလ်သောက်ကို မဖမ်းဘဲ ဗိုလ်တောင်ကို ဖမ်းဆီးရန် ခေါ်ဆောင်သွားကြ၏။ ရက်တော်တော် ကြာသည်အထိ ဗိုလ်တောင် ပြန်မရောက်သဖြင့် ကျွန်ုပ်တို့သည် အလွန် စိုးရိမ်ကြောင့်ကြဖြစ်ကာ ကာနယ်ဟုကိုကို မေးမြန်းကြရတော့၏။ ကျွန်ုပ်တို့သည် ဤကိစ္စအား ဂျပန်ပြီးစီးဥဒေသ တိုက်ရိုက်ကန့်ကွက်ခဲ့၏။ ကျွန်ုပ်၏ လက်အောက်အရာရှိ အချို့ကလည်း ဂျပန်စစ်ပုလိပ်ထံသို့သွား၍ ပြောဆို ဆူပူကြလျှက်ပင် နောက်နှစ်လကြာမှ ဗိုလ်တောင် လွတ်လာလေသည်။

ဗိုလ်တောင်ကို ဂျပန်တို့သည် နည်းအမျိုးမျိုးဖြင့် ညှဉ်းပန်းနှိပ်စက်ကြပြီးနောက် ဘီဒီအေအရာရှိတစ်ဦးသည် ဖြစ်၍လည်းကောင်း၊ ကျွန်ုပ်တို့က သူ့အား အပြင်းအထန် ရှုကန့်ကွက်ကြ၍လည်းကောင်း နောက်ပိုင်းတွင် ညှဉ်းဆဲခြင်း၊ နှိပ်စက်ခြင်း မပြုကြဟု သိရ၏။ ဗိုလ်တောင်ကား ဂျပန်တို့လက်မှ



လွတ်လာပြီးနောက်မှပင် အတော်ကြာလှုပ်ရှားလျက်ရှိနေခဲ့လေသော၏။

၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်က ပေးသော မြန်မာ့လွတ်လပ်ရေးသည် ကျွန်ုပ်တို့ထံ ရောက်လာ၏။ ကျွန်ုပ်တို့အဖို့ကား အဆိုပါ လွတ်လပ်ရေးကို အထင်ကြီးမှု စိတ်ကူးယဉ်သာယာခြင်း လုံးဝမရှိခဲ့သည်မှာ အမှန်ဖြစ်ပါသည်။

လွတ်လပ်ရေးကြေငြာဆင်နွှဲသော်ပွဲတွင် ပါဝင်ကြသူများသည်း ဤလွတ်လပ်ရေးကို စိတ်ကူးယဉ်သာယာမှု လုံးဝမရှိဟု ဆိုကြ၍ ကျွန်ုပ် ယုံကြည်လေသည်။

ဂျပန်လက်ဖြင့် အပြီး ပျော့ကုန်သွားရောက်တွင် မြောက်ပြီးသော ဂုဏ်ပြုတည်ဆောက် ဂျပန်တို့ပေးလည်ဖြင့်သော လွတ်လပ်ရေးသည် နာမည်မျှသာ ဖြစ်လိမ့်မည်ဟု ကျွန်ုပ်က အကြိမ်ကြိမ် ပြောပြခဲ့ပါသော၏။ ကျွန်ုပ်သည် ထို့ကြောင့်ပင် ဂျပန်တို့၏ ရွရွနည်းတပ် ပေးသော လွတ်လပ်ရေးကို လက်ခံရန်အတွက် ဂျပန်သည်များကို တော်လှန်ပုန်ကန်ရန် အသင့် ဖြစ်နေကြောင်း ဆောင်ရွက်ကြလျှပ်ခဲ့ပါသေးသည်။ ထိုသို့ပြောလိုက်သောအခါ ကျွန်ုပ်တို့၏ ဖက်ဆစ်တော်လှန်ရေးအကောင်အထည်ကို တွေ့ရသည် ဖြစ်လိမ့်မည်ဖြစ်သောသည်။

ထို့ကြောင့် အခင်းအကျင်းအချိန်တွင် အရည်အချင်းတစ်ရပ် ကျင်းပပြုလုပ်၍ ကြီးကျယ်ခမ်းနားစွာပြုလုပ်ရန် အားလုံး ဖွဲ့စည်းပေးကြ၏။ ထို့နောက် ဂျပန်ကို တော်လှန်ပုန်ကန်ရန် ပေါ်ပြူလာဆုံးဖြတ်ချက်ချမှတ်ခဲ့တော့သည်။ ကျွန်ုပ်သည် ၁၉၄၄ ခုနှစ်ကုန်ပိုင်းတွင် တော်လှန်ရေးပြင်ဆင်မှုအစရပ်ရပ်တို့ အားလုံးပြီးပြည့်စုံမည်ဟု မှန်းမှန်း၏။ တော်တော့ဆောင်ရွက်သောအခါ ထွင်ကား ထိုအထက် ပိုကြာခဲ့၏။ ထို့ပြင် ဖက်ဆစ် ဂျပန်ဆန့်ကျင်ရေးအစုစု များမှာ စနစ်တကျ ပေါ် စည်းရုံးမှုလည်း မရှိ၊ ဆက်စပ်မှုလည်း မရှိသေး။ တိကျပြတ်သားသော လုပ်ငန်းစဉ်ဟူ၍လည်း မရှိသေး။ ထို့ပြင် နိုင်ငံခြား ရောက် ကျွန်ုပ်တို့ရဲဘော်များနှင့်ပင် အဆက်အသွယ်မရသေးသည့်အချိန် လည်း ဖြစ်နေသည်။

တစ်ဖက်တည်းမှာပင် ရိက္ခာရှာဖွေရေးကိစ္စ၊ သယ်ယူပို့ဆောင်ရေးကိစ္စ၊ ထပ်းပေါင်းဆက်သွယ်ရေးကိစ္စများတို့မှာလည်း ဆောင်ရွက်ရန် ကြိုးပမ်းကြရပြီ၏။ တစ်ဖက်မှလည်း ပြည်ပမှလာမည့်တပ်ပေါင်းတပ်စုများက ကျွန်ုပ်တို့၏ ဖက်ဆစ်တော်လှန်ရေးကို ထောက်ခံကူညီပေးရန်လည်း မြန်မာပြည်ကို ဖက်ဆစ်ဆန့်ကျင်ရေးအင်အားကြီး ဖြစ်စေရန် စည်းရုံးလှုံ့ဆော်ပေးရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်များသည် ကျွန်ုပ်တို့အပေါ်တွင် မောစောဒိုင်းကာပင် သိသည် ရှိခဲ့ကြသည်ကို သိရ၏။ ထိုထို သိသော်လည်းပဲ လွတ်လပ်ရေးရရှိရေး မြန်မာနိုင်ငံ၌ ကာကွယ်ရေးဝန်ကြီးအဖြစ် ကျွန်တော်နေထိုင်ဆောင်ရွက်ရသည့် ကျွန်ုပ်တို့ ရောကာကွယ်ရေးတပ်မတော်အားလုံးကို ရုပ်သေးရုံ လမ်းမှာ ရှိနေ သို့ မြင်ရ၍ ငိုခဲ့တော့၏။ ဂျပန်တို့က ကျွန်ုပ်နှင့် ကျွန်ုပ်၏တပ်များအားလုံး ဆက်သွယ်မှုမပြုစေရန် ပြုလုပ်ခဲ့ကြပြီးသည်။

ကျွန်ုပ်က တပ်များကို စစ်ဆေးရန် သွားရောက်လိုသည်ဟု စိုင်တိုင်း ဂျပန်တို့သည် အကြောင်းပြချက်တစ်ခုခုဖြင့် ကျွန်ုပ် မသွားနိုင်စေရန် တားမြစ်တော့၏။ ကျွန်ုပ်၏ ဘီအီးအေတပ်များမှာ စစ်လေ့ကျင့်ခန်းများကို ပြီးဆုံးအောင် သင်ကြားခြင်းမပြုရသေး၊ လက်နက်ခဲယမ်းမီးကျောက်များလည်း မပြည့်စုံသေးဘဲလျက် ရုပ်သေးရုံ မြို့ပြင်တောခြင်းခံရမှုကို ကျွန်ုပ်သည် ဘာမှ ပင် မပြောဘဲ ကြည့်နေလိုက်ပါ၏။

ကျွန်ုပ်က ပြောခဲ့သော်လည်း တာမူအကြောင်းရှာသည် မဟုတ်ပါချေ၊ အကြောင်းမှာ ဂျပန်တို့က ကျွန်ုပ်အား မိမိထင်မြင်ချက်များကို အသေမရောဘဲ ပြောဆိုပါဆို၍ ကျွန်ုပ်က အကြံပေးပြောဆိုတိုင်းပင် ကောင်းကောင်းဆိုသော် လက်မခံဘဲ ကျွန်ုပ်နှင့် ဆန့်ကျင်ဘက်ကိုသာ လုပ်ရသည့် လုပ်နေပြီဖြစ်၍ ၏။

သို့ကြောင့်ပင် ဂျပန်များက ကျွန်ုပ်၏ အကြံပေးချက်ကို တောင်းဆိုတိုင်း ကျွန်ုပ်သည် သူတို့အစီအစဉ်အားလုံးကို ကောင်းပါသည်ဟုသာ ပြောခဲ့၏။ သို့သော် ကျွန်ုပ်၏ စိတ်ထဲတွင်ကား မည်သည့်နည်းဖြင့်ဖြစ်စေ ဂျပန်ကို မြန်မာတော်လှန်ရမည်ဖြစ်ကြောင်းကိုကား တွက်ထားပြီးဖြစ်ပါသည်။

## (ခ) နိုင်ငံခြားရောက် မျိုးချစ်လူငယ်များ

ဂျပန်စစ်တပ်ကြီးနှင့်အတူ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် ၁၉၄၂ ခုနှစ်ဇန်နဝါရီလနှင့် မြန်မာနိုင်ငံအတွင်းသို့ ဖြတ်ဝင်သည်ကို ချီတက်လာကြသည်။ အင်္ဂလိပ်အစိုးရ၏ တပ်များသည် တစ်ဆုတ်တည်း ဆုတ်နေ၏။

ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး ချီတက်လာပြီဆိုသည့် သတင်းနှင့် အတူ ဂျပန်တပ်သားများ၏ မိုက်မဲရမ်းကားမှု သတင်းများကလည်း လူသတင်း လူချင်းဆောင်လျက် ပါလာ၏။ ဂျပန်များသည် ဗုဒ္ဓဘာသာဝင်များကို … ကြ၏။ ဘုန်းတော်ကြီးများကို ပါးရိုက်ကြ၏။ မြန်မာအမျိုးသမီးများ လူကြီး … များရှေ့တွင်ပင် အဓမ္မပါ ကိုယ်ထိအရေးရှိကြ၏။ အစားအစာများကို မြန်မာ များထံမှ လုယက်ကြ၏။ မြန်မာအမျိုးသမီးများကို မုဒိမ်းကျင့်ကြသည်။ …



သတင်းများသည် ဂျပန်ကို အထင်ကြီးနေကြသူများ ပေါ်များသော မြန်မာနိုင်ငံ ရန်အကြားသို့ တဖြည်းဖြည်း ပြန့်လာသည်။

မန္တလေးတောင်အတွင်း၌ အကျဉ်းချခံထားကြရသော သခင်နိုး၊ သခင်နု၊ သခင်ကျော်ငြိမ်း စသော မြန်မာခေါင်းဆောင်များသည် ထောင်က လွတ်သည်နှင့် ယင်းသတင်းများကို ကြားကြ၏။ ထောင်အပြင်၌ မူလက ရှိနေကြသော သခင်ကျော်ငြိမ်း၊ သခင်သိန်းဖေ(သိန်းဖေမြင့်) စသည့် ပုဂ္ဂိုလ်များကလည်း ထိုသတင်းများကို ကြားပြီးဖြစ်ရ၏။ သခင်သိန်းဖေသည် သခင်ကျော်ငြိမ်းတို့၏ ပြည်သူ့ အရေးတော်ပုံပါတီ ရန်ပုံငွေဖြင့် ဂျပန်ဆန့်ကျင်ရေးစာတမ်းတစ်စုကို ဘာသာပြန် ရေးသားထုတ်ဝေခဲ့သူ ဖြစ်၏။ ယင်းစာတမ်းမှာ တရုတ်ကွန်မြူနစ်ခေါင်းဆောင် မော်စီတုန်းက ဂျပန်ဆန့်ကျင်ရေးကို အဓိကထား၍ ပြောခဲ့သော 'နိုင်ငံတကာ ရေးရာနှင့် တရုတ်ပြည်ရေးရာ' မိန့်ခွန်းတစ်ခုပင် ဖြစ်သည်။

သခင်နိုးကား နာမည်ကျော် 'အင်းစိန်စစ်တမ်းနှင့် မြင်းခြံစစ်တမ်း'ကို ရေးသားပြီး ဖက်ဆစ်ဂျပန်များကို တော်လှန်ရန် အမြဲလှုံ့ဆော်ခဲ့သော သခင်တစ်ဦး ဖြစ်သည်။ သခင်နုမှာ 'အင်္ဂလိပ် အခက်၊ ဗမာ့အချက်' ပါ၍ အရ အင်္ဂလိပ်က လွတ်လပ်ရေးပေးမည်ဆိုမှ ဂျပန်ကို ခုခံတိုက်ခိုက်သည့်ဆန္ဒ ရှိ၏။ သခင်ကျော်ငြိမ်း မှာမူကား သခင်နိုးနှင့် သဘောထားတစ်ခုတည်းရှိပြီး ဖက်ဆစ်ဂျပန်များကို ဆန့်ကျင်တိုက်ခိုက်ရန် အမြဲအဆင်သင့်ရှိသူ ဖြစ်သည်။

အထက်ပါ မြန်မာလူငယ်ခေါင်းဆောင်တစ်စုသည် ဂျပန်စစ်တပ်မရောက်မီကလေးတွင် မန္တလေးမြောက်ဘက် ကဝိုင်ရွာကလေးတွင် စုဝေးမိကြလေသည်။ လူငယ်တစ်စုသည် ကဝိုင်ရွာ အပြင်လယ်ကွင်းပြင်ထဲရှိ ရေတွင်းတစ်တွင်း၌ နောင်တော်မြန်မာနိုင်ငံ၏ ပြဿနာနှင့် မိမိတို့ ဘာလုပ်ကြမည်နည်းဆိုသည်ကို စည်းဝေးဆွေးနွေးကြ၏။ ထိုစည်းဝေးပွဲသို့ သခင်နု၊ သခင်နိုး၊ သခင်ကျော်ငြိမ်း၊ သခင်မြသွင်၊ သခင်ကျော်ငြိမ်း၊ သခင်သိန်းဖေတို့ ၆ ဦး တက်ရောက်ကြသည်။ အစည်းအဝေးပွဲသို့ တက်ရောက်သော ပုဂ္ဂိုလ်အများစုပင် ယခုအခြေအနေမှာ မြန်မာ နိုင်ငံသည် အင်္ဂလိပ်ကျွန်အဖြစ်မှ ဂျပန်ကျွန်အဖြစ်သို့ ပြောင်းရခြင်းပင် ဖြစ်သည်ဟု ယူဆကြသည်။ ဂျပန်၏ ကျွန်ဘဝတွင် အခြေအနေမှာ များစွာ ဆိုးဝါးမည်ကို လည်း ခန့်မှန်းမိကြလေသည်။

ထိုအချိန်၌ ဂျပန်တို့သည် မန္တလေးသို့ နေ့လား ညလား ဝင်လာတော့ မည့်အချိန် ဖြစ်၏။ အင်္ဂလိပ်တပ်များသည် မြေလှန်စနစ်အရ အင်းဝတံတား ကြီးကို ဗုံးခွဲလိုက်သဖြင့် မြည်ဟည်းလာသော အသံကြီးကို စည်းဝေးနေကြသူ များ ကြားကြရသည်။

အားလုံးပင် ဂျပန်၏ ကျွန်ဖြစ်မည့် အခြေအနေကို မကြိုက်ကြ။ သို့သော်

www.burmeseclassic.com



မကြိုက်ချေသည်။ မရှေး၊ ဂျပန်သည် တော့ချနောက်သို့ ရောက်နေပြီ။ ထိုအချိန်၌ ရေဒီယိုကို ဖွင့်လိုက်လျှင် ဂျပန်ဝါဒဖြန့်ချက်များကို ကြားရသည်။ ချယ်ရီပန်းများ ဝေဆာလှပုံများ ချယ်ရီပန်းများနှင့်အတူ ချီတက်လာသော တပ်မတော်ကြီး၏ အရှေ့အာရှနိုင်ငံများရှိလူတို့သည် နေအရုဏ်ကို ကြိုဆိုသကဲ့သို့ ကြိုဆိုကြပုံများ ဂျပန်ရေဒီယိုက အသံလွှင့်၏။ သို့သော် ယခု ကာဗိုင်ရွာတွင် ရောက်နေကြသော မြန်မာလူငယ်များသည် ဂျပန်ရေဒီယို၏ လိမ်ညာလှည့်ဖြားမှုများကို ရွံရှာလျက် ရှိကြလေသည်။ ထို့ကြောင့် ယင်းလူငယ်များသည် သဘောတူညီချက်တစ်ခုကို ရရှိကြသည်။ ၎င်းမှာ 'အင်္ဂလိပ်စစ်ပြီးရုံနှင့် လွတ်လပ်ရေးအရေးတော်ပုံ မပြီးဆုံးသေး။ မြန်မာလွတ်လပ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ကြဦးမည်' ဟူ၍ပင် ဖြစ်သတည်း။

သခင်နုနှင့် သခင်ကျော်ငြိမ်းတို့က မြန်မာနိုင်ငံအတွင်း၌ နေရစ်ခဲ့ပြီး ဂျပန်နှင့် ပူးပေါင်း၍ အာဏာကို ခွဲယူလျက် မြန်မာနိုင်ငံ လုံးဝလွတ်လပ်ရေး ရသည်အထိ တိုက်ပွဲဝင်ကြမည်။

သခင်စိုး၊ သခင်ကျော်စိန်နှင့် သခင်မြသွင်၊ သခင်သိန်းဖေတို့ လေးဦးကား မြန်မာနိုင်ငံမှ ဆုတ်ခွာနေသော တရုတ်တပ်များနှင့်အတူ လိုက်ပါ၍ မြန်မာနိုင်ငံတော်အပြင်သို့ ထွက်ခွာမည်။ တရုတ်၊ အင်္ဂလိပ်၊ အမေရိကန် စသည့် မဟာမိတ်တပ်များနှင့် ပူးပေါင်းလျက် အင်အားစုတစ်ရပ် ဖွဲ့စည်းယူမည်။ ထို့နောက် ယင်းမဟာမိတ်တပ်များ၏ အကူအညီကို ယူကာ ဖက်ဆစ်ဂျပန်များအား မြန်မာနိုင်ငံမှ အပြီးအပိုင် တိုက်ထုတ်ကြမည်။

ဤသို့ ဆုံးဖြတ်ချက်များ ချမှတ်ကြပြီးလျှင် မိမိတို့ ဆုံးဖြတ်ချက်များကို ချက်ချင်းပင် စတင်ဆောင်ရွက်ကြရန် ပြင်ဆင်ကြလေသည်။ ထို့ကြောင့် ချက်ချင်းပင် ခွဲခွါကြ၏။

သခင်စိုး၊ သခင်ကျော်စိန်၊ သခင်မြသွင်နှင့် သခင်သိန်းဖေတို့သည် ကာဗိုင်ရွာမှ ရွှေညောင်မြို့သို့ ထွက်လာကြ၏။ ရွှေညောင်တွင် တရုတ်တပ်ကြီးတစ်ခုနှင့် တွေ့ကြရာ တရုတ်တပ်များသည် သခင်စိုးတို့အားလုံးကို ဖမ်းလေတော့သည်။ သခင်သိန်းဖေထံတွင် တရုတ်စိုင်ချုပ်ကြီး၏ ရေးပေးထားသော ဂျပန်ဆန့်ကျင်ရေးသမားဖြစ်ကြောင်း ထောက်ခံလွှာပါသဖြင့် သခင်သိန်းဖေကို ဖမ်းဆီးခြင်းမပြုဘဲ လွှတ်ပေးသည်။ နောက်တွင် ဆိတ်ခွန်ရွာသို့ ရောက်နေသော နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သည့် ဒီးဒုတ်ဦးဘချိုက တရုတ်တပ်မတော် ဗိုလ်ချုပ်ကြီး ချန်ကေရှိတ်၏ လက်မှတ်ကို ပြ၍ လာရောက်တောင်းယူမှ သခင်စိုးတို့လေးဦးမှာ တရုတ်တပ်သားများလက်မှ လွတ်ခဲ့လေသည်။

သခင်စိုးသည် ဂျပန်ထက်ဆိုးသော တရုတ်တပ်များ၏ အခြေအနေများသို့ မြင်၍ စိတ်ပျက်သွား၏။ သခင်သိန်းဖေနှင့် သခင်ကျော်စိန်၊ သခင်မြသွင်တို့



ကား တရုတ်တပ်များနှင့်အတူ ကူမင်းမြို့အထိ လိုက်သွားကြသေးသည်။ သို့သော် အခြေအနေမကောင်း၍ မြန်မာပြည်သို့ ပြန်လာကြလေသည်။

သခင်စိုးနှင့် သခင်သိန်းဖေတို့သည် တရုတ်တပ်များနှင့် နိုင်ငံခြားသို့ ထွက်ခွာရန် အစီအစဉ်ကို လက်လျှော့လိုက်ပြီး အိန္ဒိယပြည်သို့ မိမိတို့ဘာသာ ထွက်ခွာသွားရန် ကြိုးစားကြပြန်လေသည်။

သို့သော် သခင်စိုး၏ ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေး ရဲဘော်များက ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းများကို သခင်စိုး မရှိဘဲ မိမိတို့သည် မြန်မာနိုင်ငံအတွင်း၌ လုပ်ကိုင်တတ်မည်မဟုတ်ဟု တားဆီးကြသည်။ သခင်သိန်းဖေကလည်း အိန္ဒိယတွင် မဟာမိတ်တပ်များနှင့် ဆက်သွယ်မှုနှင့် အကူအညီရယူရန် မိမိကြိုးစားမည်၊ ရသည့်အကူအညီကို ယူဆောင်၍ နိုင်ငံအတွင်းမှ ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းများကို သခင်စိုး ဦးဆောင်၍ ဆောင်ရွက်သည်အထိ ဆောင်ရွက်ရန် ပြောကြားလေသည်။ ရဲဘော်များ၏ တောင်းဆိုချက်ကို လက်ခံ၍ သခင်စိုးသည် မြန်မာနိုင်ငံအတွင်း၌ နေရစ်ရန် ဆုံးဖြတ်သည်။ သခင်သိန်းဖေသည် သခင်စိုး ဦးစီးသော ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဖက်ဆစ်ဆန့်ကျင်ရေးကိုယ်စားလှယ်အဖြစ် အိန္ဒိယတွင် ဆောင်ရွက်ရမည်ဖြစ်သည်။ သခင်သိန်းဖေနှင့်အတူ ဖက်ဆစ်ဆန့်ကျင်ရေး ရဲဘော်တစ်ဦးဖြစ်သူ သခင်တင်ရွှေလည်း လိုက်ပါသွားမည်ဖြစ်လေသည်။

ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများပြုလုပ်ရန် ကြိုးစားနေကြသော ဗမာပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်များဖြစ်သည့် သခင်စိုးသည် ဦးသိန်းမောင်ဟုလည်းကောင်း၊ သခင်သိန်းဖေ၏ အမည်မှာ ဦးညိုထွန်းဟုလည်းကောင်း၊ သခင်တင်ရွှေ၏အမည်မှာ ဦးစိုးယုန်ဟုလည်းကောင်း ပြောင်းလဲထားပြီးဖြစ်သည်။

သခင်သိန်းဖေနှင့် သခင်တင်ရွှေတို့သည် မင်းဘူးမြို့မှတစ်ဆင့် အမ်းတောင်ကြားလမ်းမှ ရခိုင်ရိုးမကို ဖြတ်လျက် ရခိုင်သို့ ခရီးဆက်ရန် ကြိုးစားကြ၏။ သူတို့နှင့်အတူ သူတို့ကို နယ်စပ်အထိ လိုက်ပို့ပေးမည့် သခင်စိုးနှင့် သခင်တင်မြ (အင်းစိန်ဆရာလိပ်ကြီး) သခင်တင်ဦးတို့လည်း ပါလာ၏။ သို့သော် အမ်းတောင်ကြားလမ်းအခြေအနေမှာ လုံခြုံမှုမရှိသဖြင့် ယင်းလမ်းမှ သွားရေးကို လက်လျှော့လိုက်ကြရ၏။

ထို့နောက် မကွေးမြို့မှ ပြည်မြို့အထိ ဆင်း၍ ပြည်မှ ပသိဘော ရွှေနီးအထိ ဆင်းပြီး သာပေါင်းလမ်းမှ သံတွဲဘက်သို့ ဖြတ်ကျော်သွားရန် စီစဉ်ကြလေသည်။ သခင်သိန်းဖေနှင့် သခင်တင်ရွှေတို့သည် အခက်အခဲ အမျိုးမျိုးကို ကျော်လွှား၍ အိန္ဒိယနိုင်ငံသို့ ရခိုင်မှတစ်ဆင့် ရောက်သွားလေသည်။ သခင်သိန်းဖေတို့က မိမိတို့ အိန္ဒိယသို့ရောက်လျှင် 'ညိုထွန်းတို့ မိဂါဝါ၌ရောက်ပြီ' ဆိုသည့် စကားဝှက်ကို အိန္ဒိယအသံလွှင့်ဌာနမှ မြန်မာနိုင်ငံသို့ လွှင့်လိုက်မည်

www.burmeseclassic.com

www.burmeseclassic.com



ဟု မှာကြားသွား၏။ သို့သော် သခင်သိန်းဖေတို့ အိန္ဒိယသို့ ရောက်သောအခါ တွင် ထိုသို့ အသံလွှင့်နိုင်ရန် သော်လည်း အိန္ဒိယရှိ မဟာမိတ်တပ်များ၏ ဖမ်းဆီးခြင်းကို ခံကြရသောအခါ၌ မဟာမိတ်တပ်များကို သခင်သိန်းဖေတို့က မိမိတို့သည် ဖက်ဆစ် ဆန့်ကျင်ရေးအတွက် မဟာမိတ်တပ်များ၏ အကူအညီကို ရယူရန် အိန္ဒိယသို့ ထွက်လာခဲ့ကြောင်း ပြောပြကြ၏။ သို့သော် မဟာမိတ်တို့က မယုံသဖြင့် သခင် သိန်းဖေနှင့် သခင်တင်ရွှေကို အကျယ်ချုပ်ဖြင့် ငါးလတိုင်တိုင် ချုပ်နှောင်ထား ၏။ ထိုသို့ဖြင့် သခင်သိန်းဖေတို့မှာ စိတ်ပျက်စရာ ကြုံကြရလေသည်။

သခင်သိန်းဖေသည် အကျယ်ချုပ်ဖြင့်နေရစဉ် အိန္ဒိယကွန်မြူနစ်ပါတီနှင့် တိတ်တဆိတ်ဆက်သွယ်၍ မြန်မာနိုင်ငံ၏ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများ သတင်းကို ပေးခဲ့လေသည်။ ထို့ပြင် အင်္ဂလိပ်အစိုးရက မိမိတို့အား ဂရုတစိုက် မရှိသဖြင့် တရုတ်ပြည်နှင့် အဆက်အသွယ်ယူရန်လည်း ကြိုးစားပြန်လေသည်။ အင်္ဂလိပ်အစိုးရ၏ရန်သူ ဂျပန်များကို ဆန့်ကျင်ရန် ကြိုးစားနေသူများကို ပြုမူ ကြိုဆိုရမှာ တွေ့တွေ့ချင်း ဆောက်နှင့်ထွင်းသလို ရှိခဲ့၏။

သခင်သိန်းဖေနှင့် သခင်တင်ရွှေတို့ မြန်မာပြည်မှ စစ်တကောင်းနယ် သို့ ရောက်ရှိလာသည်နှင့် အင်္ဂလိပ်စစ်တပ်က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ အင်္ဂလိပ် စစ်တပ်က သူတို့ကို ကာလကတ္တားမြို့မှတစ်ဆင့် နယူးဒေလီသို့ ခေါ်သွား၏။ သူတို့နှစ်ယောက်ကို ဟိုတယ်တစ်ခုသို့ ခေါ်သွားပြီး အကျယ်ချုပ်ထားလျှက် မြန်မာနိုင်ငံမှ စစ်သတင်းများကို စစ်ဆေးမေးမြန်းသည်။ သို့သော် သခင်သိန်းဖေ တို့ တင်ပြသော ဖက်ဆစ်ဆန့်ကျင်ရေးအတွက် မြန်မာလူငယ်အင်အားစုနှင့် ပူးပေါင်းရန်ကိစ္စကိုကား အင်္ဂလိပ်စစ်တပ်သည် တစ်လုံးတစ်ပါဒမျှ နားယောင်ခြင်း မရှိပေ။

သခင်သိန်းဖေသည် နယူးဒေလီမြို့တွင် အကျယ်ချုပ်ဖြင့် နေရသည့် ၅ လကာလအတွင်း မြန်မာနိုင်ငံရှိ ဂျပန်ဖက်ဆစ်များ၏ အပြုအမူများနှင့် ပတ်သက်၍ စာအုပ်တစ်အုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့လေသည်။ ၎င်းစာအုပ်အမည်မှာ 'မြန်မာနိုင်ငံ၌ ဘာဖြစ်ခဲ့သလဲ' What happened in Burma ဟူ၍ ဖြစ်သည်။ ယင်းစာအုပ်ကို အိန္ဒိယကွန်မြူနစ်ပါတီက စာစောင်အဖြစ် ထုတ်ဝေပေးခဲ့၏။ ထို့နောက် သခင်သိန်းဖေတို့သည် ဒေလီမြို့မှ ဆင်းမလားမြို့ သို့ ပြောင်းခဲ့ရပြန်လေသည်။ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားသော အင်္ဂလိပ်ကိုလိုနီ ဒေါ်မန်စမစ်အစိုးရအဖွဲ့သည် ဆင်းမလားမြို့တွင် ရုံးစိုက်နေသည်။ စစ်ပြေးမြန်မာ အစိုးရအဖွဲ့သည် မြန်မာနိုင်ငံသို့ ပြန်ရောက်လျှင် မည်သည့်စီမံကိန်းကြီးများ အကောင်အထည်ဖော်လိုက်မည် စသဖြင့် စိတ်ကူးယဉ်အိပ်မက်များကိုသာ မက် နေကြ၏။ မြန်မာနိုင်ငံအတွင်း တိုးတက်သော လူငယ်တစ်စု၏ ဖက်ဆစ်ဆန့်ကျင် ရေးလှုပ်ရှားမှုများကိုကား ကူညီရမှန်း မသိကြပေ။



ဆင်းမလားမြို့မှ ဒေလီမြို့သို့ သခင်သိန်းဖေတို့ ပြန်လာပြီးလျှင် အင်္ဂလိပ် မြန်မာရေးဝန်ကြီးဌာန၏ အသံလွှင့်ဌာနခွဲမှနေ၍ ဂျပန်ဆန့်ကျင်ရေး ဟောပြော ချက်များကို ထုတ်လွှင့်ခဲ့ကြ၏။ လေ့ဇတ်သားအမည်ရှိ သတင်းစာတွင် ဖက်ဆစ် ဆန့်ကျင်ရေးဆောင်းပါးများကိုလည်း ရေးသားခဲ့ပြန်သည်။

၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလတွင် သခင်သိန်းဖေတို့သည် အိန္ဒိယသို့ ရောက်စဉ်က ရှေ့ရက်က ဆက်သွယ်အကြောင်းကြားခဲ့သော တရုတ်ပြည်သမ္မတ နှင့် ဗိုလ်ချုပ်ကြီးချန်ကေရှိတ်၏ အကြံပေးအရာရှိ ဗိုလ်ချုပ်ကြီးဝမ်း၏ တောင်းဆို ချက်နှင့် အိန္ဒိယသို့ ရောက်လာ၏။ ၎င်းတောင်းဆိုချက်၌ သခင်သိန်းဖေနှင့် သခင်တင်ရွှေတို့ကို တရုတ်ပြည်သို့ ပို့ပေးရန် ပါရှိ၏။

သခင်သိန်းဖေတို့သည် မြန်မာပြည်အတွင်းရှိ ဖက်ဆစ်ဆန့်ကျင်ရေးအင်အား စုအတွက် လိုအပ်သော အကူအညီများကို ရရှိကြောင်း၊ ရရှိနိုင်မည်ဆိုသော မျှော်လင့်ချက်ဖြင့် တရုတ်ပြည် ချုံကင်းမြို့သို့ လိုက်ပါသွားခဲ့၏။ ချန်ကေရှိတ် အစိုးရနှင့် တရုတ်ပြည်တွင် တွေ့ရသောအခါတွင် သခင်သိန်းဖေတို့မှာ များစွာ စိတ်ပျက်ရပြန်လေသည်။ အရှေ့တိုက်၌ တရုတ်ပြည်သည် ဖက်ဆစ်ဆန့်ကျင် ရေးအတွက် အကြီးဆုံးအင်အားစုများ တည်ရှိရာဒေသဟု ထင်ခဲ့သည်များမှာ ယခုတော့ ဟောက်တက်စင် လွဲနေပြန်၏။

ချန်ကေရှိတ်တပ်များသည် ဖက်ဆစ်ဂျပန်များကို ဟန်ပြသာလျှင် တိုက် ခိုက်၏။ တစ်ဖက်မှ ပြည်တွင်းကွန်မြူနစ်အင်အားစုများဖြစ်သော မော်စီတုန်းတပ် များကို လှည့်၍ ဖိုင်းရန် ချန်ကေရှိတ်တို့က ကြိုးစားနေ၏။ ဂျပန်ကို အစွမ်းကုန် တိုက်ရန် ကြိုးစားခြင်းမရှိသော ချန်ကေရှိတ်အစိုးရသည် ဖက်ဆစ်ဆန့်ကျင်ရေး အတွက် အကူအညီပေးရမည်ကိုလည်း လက်တွန့်နေလေသည်။ ထို့ကြောင့် သခင် သိန်းဖေတို့မှာ တရုတ်ပြည်၌ ၇ လမျှကြာပြီး ဘာမျှလည်း အရာမရောက်ဘဲ အိန္ဒိယပြည်သို့ ပြန်လာခဲ့ရတော့သည်။

အင်္ဂလိပ်တပ်မတော်သည် သခင်သိန်းဖေတို့ ချုံကင်း၌ ရှိစဉ်က တရုတ် အစိုးရမှ တစ်ဆင့် ဆက်သွယ်၍ သခင်သိန်းဖေတို့သည် မြန်မာနိုင်ငံတွင်းသို့ ဗိုလ်ချုပ်ဝင်းဂိတ် ဦးဆောင်ချီတက်မည့် 'ထိုးဖောက်တပ်'တွင် ပါဝင်ဆောင်ရွက်ရန် ဆန္ဒ ရှိ၊ မရှိ စုံစမ်းသည်။ ထိုသို့မေးမြန်းခြင်းမှာ သခင်သိန်းဖေတို့အား မြန်မာ နိုင်ငံ၏ ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစု၏ တရားဝင်ကိုယ်စားလှယ်အဖြစ် အသိ အမှတ်မပြုဘဲ စစ်ဆင်ရေးတွင်သာ သူတို့အားတစ်ပါးအဖြစ် အသုံးပြုရန် ကြံစည် ခြင်း သိသာရသည်။ သခင်သိန်းဖေတို့သည် အင်္ဂလိပ်အစိုးရ၏ ကမ်းလှမ်းချက်ကို ပယ်ချခဲ့လေသည်။

သခင်သိန်းဖေနှင့် သခင်တင်ရွှေတို့သည် တရုတ်ပြည်မှ အိန္ဒိယသို့

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်လာပြီးနောက် အင်္ဂလိပ်အစိုးရထံသို့ စာတမ်းတစ်စောင် တင်သွင်းခဲ့ကြပြန်၏။ ယင်းစာတမ်းတွင် မြန်မာနိုင်ငံရှိ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများ၏ အသိအမှတ်ပြုသင့်သည်၊ ဖက်ဆစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကို အကူအညီပေး သင့်သည် စသဖြင့် ဖော်ပြပါရှိခဲ့၏။

ထိုအချိန်တွင် ကမ္ဘာစစ်အခြေအနေများ ပြောင်းလဲလာလေ၏။ ကမ္ဘာ စစ်မျက်နှာအသီးသီးတွင် ဖက်ဆစ်အင်အားစုများ ယိုင်လဲစပြုလာသည်။ မဟာ မိတ်တပ်များက အောင်ပွဲများ ရလာ၏။ ဆိုဗီယက်တပ်များသည် ဂျာမနီတပ် များကို အလဲထိုးစပြုလာသည်။ ဖက်ဆစ်များ သိမ်းပိုက်ထားသည့်နိုင်ငံတိုင်းမှ ပင် ပြည်တွင်းတော်လှန်ရေးအင်အားစုများ အသီးသီးပေါ်လာခဲ့၏။ သို့ဖြင့် ဗိုလ်ချုပ်ဝင်းဂိတ်၏ မြန်မာပြည်ချီတိုက်ရေးစစ်ဆင်မှု ရှုံးနိမ့်၍ အိန္ဒိယပြည်သို့ ပြန်ရောက်လာလေသည်။ ထို့ကြောင့်ပင် အင်္ဂလိပ်စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်တို့ သည် မြန်မာပြည်တွင်းမှ မိမိတို့ကို ထောက်ခံကူညီမည့် အင်အားစုတစ်ရပ်လိုမည် ကြောင်း နားလည်လက်ခံလာ၏။ သခင်သိန်းဖေတို့ တင်ပြသော စာကိုလည်း လက်ခံစဉ်းစားလာကြလေသည်။

အင်္ဂလိပ်စစ်အာဏာပိုင်တို့သည် သခင်သိန်းဖေတို့ တင်ပြကြသော မြန်မာပြည်တွင်းမှ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုနှင့် အဆက်အသွယ်ယူပြီး လျှင် လိုအပ်သည့် အကူအညီများပေးရေးကိစ္စကို လက်ခံကြလေသည်။ ထို့ကြောင့် ရဲဘော်တင်ရွှေ(ဖိုးယုန်)ကို မြန်မာနိုင်ငံသို့ တိတ်တဆိတ်ပြန်လွှတ်၍ ပြည်တွင်း မှ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများနှင့် ဆက်သွယ်ရေးအစီအစဉ်များ လုပ်ကိုင် တာဝန်ပေး၏။ ရဲဘော်တင်ရွှေအား အိန္ဒိယရေတပ်မှ စစ်သင်္ဘောတစ်စင်းက ညအချိန်တွင် ရခိုင်ကမ်းခြေဒေသရှိ ဆောင်ချိုင်းရွာအနီးသို့ အရောက်ပို့ပေး၏။ ထိုနေရာမှတစ်ဆင့် ရွှေ့ရှိသို့ လာခဲ့ပြီးလျှင် ရဲဘော်တင်ရွှေသည် မြန်မာနိုင်ငံ အတွင်းရှိ မြေပေါ်မြေအောက် ဖက်ဆစ်ဆန့်ကျင်ရေးအစုများနှင့် အဆက်အသွယ် ယူခဲ့လေသည်။

ရဲဘော်တင်ရွှေသည် ရန်ကုန်မြို့သို့ လျှို့ဝှက်စွာ ရောက်လာပြီး အစိုးရ အဖွဲ့ ဝန်ကြီးတစ်ဦးဖြစ်သော သခင်သန်းထွန်းအိမ်သို့ တန်းသွားခဲ့၏။ သခင်သန်း ထွန်းမှတစ်ဆင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နု၊ သခင် စိုးတို့နှင့်လည်း တွေ့ဆုံခဲ့သည်။ ထိုအချိန်က ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင် သန်းထွန်းတို့မှာ ဖက်ဆစ်ဂျပန်များကို တော်လှန်ပုန်ကန်ရန်အတွက် ခြေမပေါ်မ ဟန်မပျက် ကြိုးပမ်းဆောင်ရွက်နေကြသူများ ဖြစ်လေသည်။ ရဲဘော်တင်ရွှေ သည် သခင်သန်းထွန်းထံမှ တစ်ဆင့် ကျိုက်လတ်မြို့နယ် ညောင်ချောင်းကျေးရွာ တွင် ပုန်းအောင်းနေထိုင်လျက် မြေအောက်လှုပ်ရှားမှုများ ပြုလုပ်နေသူ သခင်စိုး နှင့် သွားရောက်တွေ့ဆုံခဲ့၏။



ရဲဘော်တင်ရွှေသည် မြန်မာနိုင်ငံအတွင်းမှ တွေ့ဆုံသင့်သော ခေါင်းဆောင် များကို တိတ်တဆိတ်တွေ့ဆုံပြီးနောက် အိန္ဒိယပြည်သို့ ပြန်ရန် စီစဉ်တော့သည်။ ရဲဘော်တင်ရွှေသည် မြန်မာနိုင်ငံအတွင်းရှိ ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုများ လိုအပ်သည့် လက်နက်များ၊ ပစ္စည်းများကို မဟာမိတ်တပ်များက လေယာဉ်မှ လာရောက်ချပေးလျှင် လက်ခံရမည့် အစီအစဉ်များ ပြုလုပ်ခဲ့၏။ လေယာဉ်ဖြင့် ပစ္စည်းများ လာရောက်၍ ချပေးသည့်အခါ၌ အောက်မှ အချက်ပြ၍ လက်ခံယူ ရမည့်နည်းများကိုလည်း အချင်းချင်း နားလည်မှုယူကြရလေသည်။

ထို့ပြင် အင်္ဂလိပ်တပ်မတော်သည် ဖက်ဆစ်ဂျပန်များအား တော်လှန် တိုက်ခိုက်ကြမည့် မြန်မာလူငယ်များထံမှ လက်ရွေးစင် လူငယ်အချို့ကို အိန္ဒိယ နိုင်ငံသို့ ခေါ်ယူလျက် စစ်ပညာများ သင်ကြားပေးမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာလူငယ်များထံမှ အိန္ဒိယပြည်တွင် သွားရောက်စစ်ပညာသင်ကြားရန်အတွက် လည်း ရဲဘော်တင်ရွှေသည် သက်ဆိုင်ရာခေါင်းဆောင်ကြီးများနှင့် ဆွေးနွေးရ လေသည်။

လောလောဆယ် သခင်တင်ရွှေ အိန္ဒိယအပြန်တွင် ရခိုင်လူငယ်တစ်ဦး ဖြစ်သော ရဲဘော်ညိုထွန်း (နောင် မြန်မာသံအမတ်ကြီး)ကို ထည့်ပေးလိုက်ရန် သခင်သန်းထွန်းက စီစဉ်၏။ ထိုအချိန်က ရခိုင်စစ်မြေပြင်ဝယ် အင်္ဂလိပ်စစ်တပ် နှင့် ဂျပန်တပ်များသည် ရှေ့မတိုးနိုင် နောက်မဆုတ်နိုင်ဖြစ်ပြီး တစ်နှစ်ခန့် တိုက်ခိုက် နေဆဲ ဖြစ်၏။ အင်္ဂလိပ်တပ်များသည် စစ်ရေးအားဖြည့်၍ ပြင်းထန်သောထိုးစစ် ကို မကြာမီ ဆင်နွှဲတော့မည်ဖြစ်၏။ ထိုသို့ ထိုးစစ်ဆင်နွှဲပါက ရခိုင်ပြည်တွင်းမှ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲကို စောစောစထားကြရန် လိုပေသည်။ ရဲဘော် ညိုထွန်းသည် ယခု အိန္ဒိယသို့ လိုက်၍ မဟာမိတ်များနှင့် ဆက်သွယ်မှုရယူ လျက် ရခိုင်ပြည် ဖက်ဆစ်တော်လှန်ရေးကို ခေါင်းဆောင်ပြီး ဆင်နွှဲရန် တာဝန် ယူရမည်ဖြစ်ပေသည်။

၁၉၄၄ ခုနှစ်၊ ဇန်နဝါရီတွင် သခင်တင်ရွှေနှင့် ရခိုင်ရဲဘော် ညိုထွန်းတို့ သည် မူလက လာခဲ့သော ရခိုင်ကမ်းခြေဒေသကို လာရောက်ကြိုဆိုနေသည့် အိန္ဒိယရေတပ် စစ်သင်္ဘောဖြင့်ပင် အိန္ဒိယသို့ ပြန်သွားကြလေသည်။ သခင်တင်ရွှေ ထံတွင် မြန်မာပြည်ရှိ ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုများမှ အိန္ဒိယသို့ ပေးစာများ၊ ဗမာပြည်ကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ် သခင်စိုးထံမှ အိန္ဒိယကွန်မြူနစ် ပါတီသို့ ပေးစာများ ပါရှိသွားလေသည်။

သခင်တင်ရွှေ အိန္ဒိယသို့ရောက်သည်နှင့် အိန္ဒိယရှိ အင်္ဂလိပ်တပ်မတော်၏ စစ်အာဏာပိုင်များသည် မြန်မာပြည်တွင်းရှိ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစု များ၏ အခြေအနေများကို ကောင်းစွာ နားလည်လက်ခံခဲ့ဖြစ်လေသည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံအတွင်းမှ ဖက်ဆစ်ဆန့်ကျင်ရေး ရဲဘော်များကို စစ်ပညာများ သင်ကြားပေးရန် အစီအစဉ်ကို ဆက်လက်၍ အကောင်အထည်ဖော်ခဲ့၏။

အိန္ဒိယနိုင်ငံရှိ မြန်မာနိုင်ငံ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစု၏ ကိုယ်စားလှယ် သခင်သိန်းဖေနှင့် ရဲဘော်တင်ရွှေ၊ ရဲဘော်ညိုထွန်း စသော လူငယ်ခေါင်းဆောင်များသည် ဆောင်ရွက်စရာ ရှိသည်များကို မနားတမ်း လုပ်ဆောင်ကြရ၏။ မြန်မာနိုင်ငံအတွင်းမှ ရောက်လာမည်ဖြစ်သော တော်လှန်ရေးရဲဘော်များကို နိုင်ငံရေးသဘောတရားသင်တန်းများ ပို့ချပေးရေးကို စနစ်တကျ စီစဉ်ဆောင်ရွက်ကြ၏။ ထို့ပြင် ရဲဘော်များ တည်းခိုနေထိုင်စားသောက်ရေးနှင့်ပတ်သက်၍ ဆိုင်ရာစစ်ဘက်အရာရှိများနှင့် ဆွေးနွေးရ၏။ အင်္ဂလိပ်စစ်ဘက်ဆိုင်ရာတို့သည် သခင်သိန်းဖေတို့အဖွဲ့၏ စားဝတ်နေရေးကို လုံးဝတာဝန်ယူရုံမျှ မကသေး၊ သုံးစွဲရန် ငွေကြေးအလုံအလောက်လည်း ပေးခဲ့လေသည်။

ထိုသို့ဖြင့် မြန်မာနိုင်ငံအတွင်းမှ ဗမာ့ကာကွယ်ရေးတပ်မတော် အရာရှိများအပါအဝင် မျိုးချစ်ရဲဘော်များသည် ဂျပန်များကို တိုက်ခိုက်ရန် ပြောက်ကျားတိုက်ပွဲပညာရပ်များ သင်ကြားရန်အတွက် ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလတွင် အိန္ဒိယနိုင်ငံသို့ ရောက်လာကြလေသည်။ ထိုသို့ ရောက်လာကြသော မျိုးချစ်ရဲဘော်များတွင် ရဲဘော်ချစ်ကောင်း(ဗိုလ်မှူးချစ်ကောင်း)၊ မန်းဝင်းမောင်(နောင်သမ္မတဟောင်း)၊ သခင်ဗိုလ်(လေယာဉ်ပျက်၍ ကျဆုံးသူ)၊ ကိုကျော်ရင်(ကွယ်လွန်သူ မန္တလေး ဝိဇ္ဇာ-သိပ္ပံတက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်ရင်) စသော ရဲဘော်များ စုစုပေါင်း ၃၀ ခန့် ရှိလေသည်။

ရခိုင်ကာကွယ်ရေးတပ်မှ တော်လှန်ရေးရဲဘော်အချို့လည်း သခင်သိန်းဖေတို့အိမ်တွင် စောစောကပင် ရောက်နေနှင့်ကြ၏။

အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့တွင် စစ်သင်တန်းကျောင်း ဖွင့်လှစ်ထားလေသည်။ ယင်းကျောင်း၌ မြန်မာပြည်ဌာနခွဲတစ်ခု ဖွင့်လှစ်ထား၏။ ထိုဌာနတွင် ဖက်ဆစ်ဂျပန်များကို တိုက်ခိုက်ရေးပညာရပ်များကို မြန်မာနိုင်ငံမှ ရောက်လာသည့် တော်လှန်ရေးရဲဘော်များကို သင်ကြားပေးလေသည်။ ဒီဇင်ဘာလ ၂၆ ရက်နေ့မှ စ၍ မြန်မာရဲဘော်များသည် ထိုကျောင်းသို့ သွား၍ ကျောင်းအိပ်ကျောင်းစားနေပြီး သင်တန်းတက်ရ၏။ ကျောင်း၌ သင်ကြားရသော ပညာများတွင် စည်းရုံးရေးပညာ၊ ဝါဒဖြန့်ဖြူးရေးပညာ၊ ရုပ်ဖျက်နည်း၊ စကားဝှက်စာရေးနည်း၊ စာလုံးဖျောက်ရေးနည်း၊ ပြောက်ကျားတပ်ဖွဲ့နည်း၊ ဗုံးဖောက်ခွဲဖျက်ဆီးနည်း၊ လက်နက်ငယ်များ ကိုင်တွယ်ပစ်ခတ်နည်းများ ပါဝင်လေသည်။ ထိုကျောင်း၌ သင်ကြားရသည်မှာ ၁၇ ရက်သာ ကြာ၏။ ၁၉၄၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ကျောင်းဆင်းကြရ၏။ ဤသို့ဖြင့် နောက်ထပ်ရောက်လာသော တော်လှန်



ရေးရဲဘော်များကိုလည်း အဖွဲ့လိုက်ပင် ထိုကျောင်းသို့ ဆက်လက်ပို့ဆောင်သင်ကြားစေရပေသည်။

မြန်မာနိုင်ငံမှ ပို့လွှတ်သော တော်လှန်ရေးရဲဘော်များကို ယခုအခါတွင် မြန်မာနိုင်ငံ၌ ဖွဲ့စည်းပြီးပြီဖြစ်သော ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး(ဖ·တ·ပ·လ)အဖွဲ့ကြီးမှ ရွေးချယ်၍ စနစ်တကျပို့လွှတ်နေခြင်းဖြစ်လေသည်။ မြန်မာရဲဘော်များသည် ကာလကတ္တားကျောင်းမှ စာတွေ့သင်ခန်းစာများကို သင်ကြားပြီးနောက် လက်တွေ့သင်တန်းများကို တက်ရောက်သင်ကြားရာ၌ သီဟိုဠ်နိုင်ငံ ကိုလံဘိုမြို့သို့ လေယာဉ်ပျံဖြင့် သွားရပြန်သည်။ ကိုလံဘိုမြို့နှင့် မိုင် ၃၀ အကွာတွင် စစ်သင်တန်းကျောင်းဖွင့်လှစ်ထားပြီး ၎င်းကျောင်းကို အင်္ဂလိပ်တပ်မတော်မှ ဗိုလ်မှူးကြီး မာစ်ဂရေ့က အုပ်ချုပ်ရ၏။ ယင်းကျောင်း၌ အင်္ဂလိပ်၊ ပြင်သစ်၊ တရုတ်၊ မြန်မာ၊ ချင်း၊ ကချင်၊ ယိုးဒယား လူမျိုးစုကျောင်းသားများကို တွေ့ကြရ၏။ ဤသင်တန်းသို့ တက်ရောက်နေကြသည့် ရဲဘော်များကို အရာရှိအဆင့်ပေး၍ ကောင်းမွန်စွာ ပြုစုကျွေးမွေးလေသည်။

ကိုလံဘိုစစ်သင်တန်းမှာ တကယ်လက်တွေ့ကျသော သင်တန်းဖြစ်သည်။ လက်နက်ငယ်များကို ကျည်ဆန်အစစ်များဖြင့် ဖောက်ခွဲခြင်း၊ တိုက်ပွဲဝင်ခြင်း၊ တကယ့်မီးရထားလမ်းကို ဖောက်ခွဲလေ့ကျင့်ခြင်း စသည်တို့ကို သင်ကြားကြရ၏။ ထို့ပြင် အချက်ပြဆက်သွယ်ရေးပညာ၊ မြေပုံဖတ်နည်း၊ တောထဲတွင် နေထိုင်သွားလာနည်းပညာ၊ ဂျပန်၏လက်အောက် မြန်မာနိုင်ငံရေး၊ ဂျပန်လက်နက်များ ကိုင်စွဲပစ်ခတ်နည်း အခြေခံဆေးကုသမှုပညာ၊ မြေပြင်မှ နေ၍ လေယာဉ်ပျံသို့ ဆက်သွယ်နည်းပညာများ စသည်တို့ကိုလည်း လက်တွေ့ကျကျသင်ကြားကြရလေသည်။

ဤကျောင်းမှ သင်တန်းဆင်းသူ ရဲဘော်များကို မြန်မာပြည်၌ လေယာဉ်ပျံမှ လေထီးဖြင့် ခုန်ဆင်းရာတွင် အတူတကွဆောင်ရွက်ရန် အင်္ဂလိပ်အရာရှိများနှင့် ပူးပေါင်း၍ အဖွဲ့ကလေးများ ဖွဲ့ပေး၏။ မြန်မာရဲဘော်တစ်ဦးတွင် အင်္ဂလိပ်အရာရှိ ၂ ဦး၊ ဝါယာလက် ရဲဘော်တစ်ဦး စသဖြင့် တစ်ဖွဲ့၌ ၄ ဦး တွဲပေး၏။ ဤအဖွဲ့များအတွက် ယူနီဖောင်း၊ လက်နက်၊ ဆေးဝါး၊ ရိက္ခာ စသည်တို့ကို ပြည့်စုံစွာ ထုတ်ပေး၏။ ဤရဲဘော်များသည် ကိုလံဘိုမှ အိန္ဒိယနိုင်ငံ ကာလကတ္တားသို့ ပြန်လာပြီး ဂျက်ဆိုမြို့ လေထီးသင်တန်းကျောင်းသို့ ဆက်သွားကာ လေထီးခုန်ဆင်းနည်း လေ့ကျင့်သင်တန်းဆင်းရပြန်သည်။ လေထီးကျောင်း၌ မြေပြင်မှာပင် လေထီးနှင့်ပတ်သက်သော ပညာများ စာတွေ့သင်ယူပြီးနောက် လေယာဉ်ပေါ်သို့ တက်၍ လက်တွေ့ခုန်ဆင်းကျင့်ကြရပေသည်။

ဤသင်တန်းပြီးသောအခါတွင် မြန်မာရဲဘော်များသည် နိုင်ငံရေးခံယူ

www.burmeseclassic.com

www.burmeseclassic.com



ချက်များကို သင်ကြားရန် သခင်သိန်းဖေတို့၏ ဖက်ဆစ်ဆန့်ကျင်ရေးကိုယ်စားလှယ်အဖွဲ့တည်ရာ 'ဘုံရိပ်သာ'သို့ ပြန်သွားကြရ၏။ ဘုံရိပ်သာကို သခင်သိန်းဖေ၊ သခင်မြသွင်၊ သခင်ကျော်ရင်၊ ဂိုရှယ် စသည့် ခေါင်းဆောင်များက စနစ်တကျအုပ်ချုပ်၏။ ရဲဘော်တင်ရွှေ၏ဇနီး မခင်စီ စသော အမျိုးသမီးခေါင်းဆောင်များကလည်း ဘုံရိပ်သာသို့ ရောက်ရှိ၍ အမျိုးသားရေးများကို ပါဝင်ဆောင်ရွက်လျက်ရှိ၏။ ဘုံရိပ်သာကလာပ်စည်းတွင် သခင်သိန်းဖေသည် ကြီးကြပ်ရေး၊ စစ်မှုစီမံရေးနှင့် နိုင်ငံရေးသင်တန်းမှူးအဖြစ်လည်းကောင်း၊ ဂိုရှယ်(နောင် ဘောခိုကွန်မြူနစ်)က အတွင်းရေးမှူးနှင့် နိုင်ငံရေးသင်တန်းဆရာအဖြစ်လည်းကောင်း၊ သခင်မြသွင်က ဘဏ္ဍာရေးမှူး၊ စာကြည့်တိုက်မှူးအဖြစ်လည်းကောင်း ဆောင်ရွက်ရသည်။

ဘုံရိပ်သာတွင် ကွန်မြူနစ်စာပေများနှင့် နိုင်ငံရေးသဘောတရားများ၊ ဖက်ဆစ်ဆန့်ကျင်ရေးခံယူချက်များကို သခင်သိန်းဖေတို့က တော်လှန်ရေးရဲဘော်များကို စနစ်တကျသင်ကြားပေးကြသည်။ ဤသို့ဖြင့် သင်တန်းအသီးသီးမှ ဆင်းပြီးသော တော်လှန်ရေးရဲဘော်များကို (Force 136) ဖို့စ် ၁၃၆ ဟု အမည်ပေး၍ မြန်မာနိုင်ငံရှိ ပြည်တွင်းဖက်ဆစ်ဆန့်ကျင်ရေးအုပ်စုများ တည်ရှိရာ တောင်ငူ၊ ပျဉ်းမနား စသော ဒေသအသီးသီး၌ လေယာဉ်ပျံပေါ်မှ ညဥ့်အချိန်တွင် လေထီးဖြင့် ချပေးကြလေသည်။

### (ဂ) မြေအောက်တော်လှန်ရေးရဲဘော်များ၏ ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများ

ဗမာပြည်ကွန်မြူနစ်ပါတီသည် ဖက်ဆစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကို မြေအောက်မှ နေ၍ အပြင်းအထန် ဆောင်ရွက်နေခဲ့လေသည်။ မြန်မာနိုင်ငံတွင် ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများ ပြုလုပ်ကြသူတို့တွင် ကွန်မြူနစ်ပါတီ၏ လှုပ်ရှားမှုများမှာ စနစ်တကျလည်း ဖြစ်သည့်အပြင် ပိရိသေသပ်သောကြောင့် ဂျပန်စစ်စုံထောက်များ၏ ဘေးရန်မှ လွတ်လွတ်ကင်းကင်း ဆောင်ရွက်နိုင်ခဲ့သည်က များသည်ကို တွေ့ရ၏။

ဤအခန်း၊ အခန်းခွဲ (ခ)တွင် ကွန်မြူနစ်ပါတီ ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သူ သခင်စိုးသည် သခင်သိန်းဖေတို့ကို ရခိုင်ပြည်သို့အရောက် လိုက်လံပို့ဆောင်ခဲ့ပြီးသည်ကို ဖော်ပြခဲ့၏။ သခင်စိုးသည် ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ဗိုလ်ရန်အောင် (နောင် ကျဆုံး)နှင့် ရခိုင်ပြည် မင်းပြားမြို့တွင် တွေ့ဆုံခဲ့ရပြီးလျှင် ဖက်ဆစ်ဆန့်ကျင်ရေးသဘောထားများကို ဆွေးနွေးတင်ပြလေသည်။ ဗိုလ်ရန်အောင်သည် ထိုအချိန်ကပင် ၁၉၄၂ ဂျပန်ဖက်ဆစ်များ၏ အပြုအမူများကိုများစွာ ရွံမုန်းစက်ဆုပ်နေပြီ ဖြစ်၏။ နေ့စဉ်နှင့်အမျှ တွေ့ဆုံနေရသော ဂျပန်ဖက်ဆစ်



များ၏ ရမ်းကားမှုများကို ဗမာ့လွတ်လပ်ရေးတပ်မတော် အရာရှိတစ်ဦးအဖြစ် မြင်ရရာ များစွာ စိတ်ပျက်နေလေသည်။ ဗိုလ်ရန်အောင်သည် ဗမာ့လွတ်လပ်ရေးတပ်မတော်မှ သိမ်းယူရရှိထားသော ငွေ ၂၂ သိန်းမှ သခင်စိုးနှင့် ရဲဘော်များ၏ ဖက်ဆစ်ဆန့်ကျင်ရေး ရန်ပုံငွေအတွက် ငွေကျပ် ၅ သောင်း ထုတ်ပေးလေသည်။ ဗိုလ်ရန်အောင်ကို သခင်စိုးက ဖက်ဆစ်ဆန့်ကျင်ရေးစည်းရုံးမှုများကို ဗမာ့လွတ်လပ်ရေး တပ်မတော်အတွင်း၌ စနစ်ကျကျ ပြုလုပ်ရန် မှာကြားခဲ့၏။

သခင်စိုးသည် ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ပြုလုပ်ရန်အတွက် ဗမာ့ကာကွယ်ရေးတပ်မတော်မှ စစ်ဦးစီး ဗိုလ်မှူးကြီးလက်ျာ အစရှိသော ပုဂ္ဂိုလ်များကိုပင် တွေ့ဆုံဆွေးနွေးပြီးနောက် ရန်ကုန်ကို ဗဟိုပြု၍ နိုင်ငံရေးလှုပ်ရှားမှုများကို ပိရိသေသပ်စွာ ဆောင်ရွက်နေခဲ့လေသည်။

သခင်စိုးသည် ကိုမြသွင်(ဗမာ့ခေတ်မြသွင်)၊ ကိုချစ်လှိုင်၊ ကိုလှကြည် (အလင်းရောက် အလံနီ ရဲနီ ကိုကျော်ဝင်း) စသော လူငယ်မျိုးချစ်ရဲဘော်တစ်စုတို့ မကြာခဏတွေ့ဆုံ၍ ဖက်ဆစ်ဆန့်ကျင်ရေး သဘောတရားများကို သင်တန်းများ ပေးခဲ့သည်။ ထိုသို့ရှိစဉ်အတွင်း သခင်စိုးသည် အစိုးရအဖွဲ့ဝင် ဝန်ကြီး သခင်သန်းထွန်းနှင့် အဆက်အသွယ်ပြုပြီးလျှင် လိုအပ်သော အကူအညီများကို ရယူခဲ့၏။ သခင်စိုး၏ ရဲဘော်တစ်ဦးဖြစ်သူ သခင်တင်မြသည် ကမ္ဘာ့စစ်သတင်းအခြေအနေများ၊ နာဇီဖက်ဆစ်နှင့် ဂျပန်ဖက်ဆစ်တို့၏ စစ်ရေးရှုံးနိမ့်မှုသတင်းများကို သခင်သန်းထွန်း အိမ်ရှိ ရေဒီယိုမှ ဖမ်းယူနားထောင်၍ ရေးမှတ်ပြီးလျှင် တစ်နေရာ၌ လျှို့ဝှက်စွာ နေထိုင်သော သခင်စိုးထံသို့ ပို့ပေးရလေသည်။ ထိုအချိန်က နိုင်ငံခြားသတင်းများကို သခင်သန်းထွန်းကဲ့သို့သော ဝန်ကြီးများ၊ အရာရှိများသာ နားထောင်ခွင့်ရှိခဲ့ပေသည်။

နောင်အခါတွင် ကမ္ဘာ့စစ်သတင်းများ၊ နိုင်ငံရေးသတင်းများကို သခင်သန်းထွန်းသည် ရေဒီယိုဖြင့် ဖမ်းယူနားထောင်ပြီး အင်္ဂလိပ်လက်နှိပ်စက်ဖြင့် ရိုက်နှိပ်လျက် သခင်တင်မြမှတစ်ဆင့် သခင်စိုးထံ ပို့ပေးလေသည်။ ယင်းသတင်းများကို နားထောင်၍ စုဆောင်းရေးသား၊ လက်နှိပ်စက်ဖြင့် ရိုက်ပေးသူမှာ ဂျာနယ်ကျော် ဦးချစ်မောင်ဖြစ်သည်ကို သိရလေသည်။

သခင်စိုးနှင့် တစ်ချိန်တည်းပင် ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ပြုလုပ်နေကြသူတို့မှာ ရဲဘော်များဖြစ်ကြသော သခင်ကျော်စိန်နှင့် သခင်ဖေငွေးသည့် ပုဂ္ဂိုလ်များဖြစ်သည်။ သခင်ဖေငွေးသည် ထိုအချိန်က ညောင်တုန်းမြို့တွင် အုပ်ချုပ်ရေးမှူး တာဝန်ကို ထမ်းဆောင်ရင်းဖြင့် ဖက်ဆစ်ဂျပန်များအား ဆန့်ကျင်သည့် စာရွက်စာတမ်းများ တိတ်တဆိတ် ရိုက်နှိပ်လျက် ဝေငှနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့နေရင်း တစ်ဖက်မှလည်း ဖက်ဆစ်ဆန့်ကျင်ရေး စည်းရုံးရေးများကို ဆောင်ရွက်ရင်း မိမိတို့အဖွဲ့ လူအင်အားများစေရန် ကြိုးစားလျက်ရှိနေခဲ့၏။

သခင်ကျော်စိန်မှာ ရန်ကုန်ကို ဗဟိုပြုလျက် ဖက်ဆစ်ဆန့်ကျင်ရေးရဲဘော်များကို စည်းရုံးထားလေသည်။ သူသည်လည်း သခင်ဖေငွေးကဲ့သို့ပင် ဖက်ဆစ်ဆန့်ကျင်ရေးစာတမ်းများကို ရိုက်နှိပ်ဖြန့်ဝေသည့် လုပ်ငန်းများကို ရဲရဲတင်းတင်း ပြုလုပ်ခဲ့သည်။ ဤသို့ပြုလုပ်ခြင်းကို သခင်စိုးခေါင်းဆောင်သော ကွန်မြူနစ်ပါတီ လူငယ်များက မကျေနပ်ကြပေ။ သူတို့က ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများ ပြုလုပ်ရာတွင် လျှို့ဝှက်ရေးသည် ပထမ၊ လျှို့ဝှက်ရေးသည် ဒုတိယ၊ လျှို့ဝှက်ရေးသည် တတိယ ဖြစ်သည်။ ဖက်ဆစ်ဆန့်ကျင်ရေး သဘောတရားသည် မည်မျှပင် မှန်မှန်၊ နိုင်ငံရေးလမ်းစဉ် မည်သို့ပင် ကောင်းကောင်း၊ စည်းရုံးရေးလုပ်ငန်း မည်မျှနိုင်မာသည်ဖြစ်စေ လျှို့ဝှက်မှုစနစ်ကို တကယ်မကျင့်သုံးပါက ဖက်ဆစ်ဂျပန်တွေ၏ ချေမှုန်းမှုအောက်တွင် မိမိကျေပြုန်းသွားနိုင်သည်ဟု ဆိုသည်။

သခင်ကျော်စိန်နှင့်အဖွဲ့၏ ဖက်ဆစ်ဆန့်ကျင်ရေးဆောင်ရွက်မှုများသည် သဘောတရားရေးရာများကို စနစ်တကျ သင်ပေးခြင်းမရှိ၊ လျှို့ဝှက်မှုစနစ်ကို သေချာစွာ အသုံးပြုခြင်း မလုပ်နိုင်ခဲ့ပေ။ ထို့ကြောင့်ပင် သခင်စိုး၏ အဖွဲ့သည် နောက်ပိုင်းတွင် သခင်ကျော်စိန်တို့အဖွဲ့နှင့် ဆက်သွယ်ရယူခြင်း မရှိဘဲ သီးခြား ဆောင်ရွက်ခဲ့ပေသည်။

သခင်စိုးသည် သခင်သန်းမြိုင်(နောင် တောတွင်းကွန်မြူနစ်)နှင့်ဆက်သွယ်ပြီးလျှင် မိတ္ထီလာနယ်၌ ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများ ပြုလုပ်ရန် တာဝန်ပေးလိုက်လေသည်။ သခင်သန်းမြိုင်သည် ကိုသာငြိမ်း(မိတ္ထီလာ)၊ သခင်ချမ်းသိန်း (ကျောက်ဆည်၊ ကိုဝင်းဖေ ကျောက်ဆည်) စသည့် ရဲဘော်များကို ဖက်ဆစ်ဆန့်ကျင်ရေးအတွက် စည်းရုံး၍ သခင်စိုးထံသို့ ပို့ပေးခဲ့၏။ သခင်စိုးသည် ရန်ကုန်တွင် လုံခြုံမှုမရှိဟု ယူဆပြီး ကွမ်းခြံကုန်းမြို့နယ် ကျိုက်ထော်ရွာကြီးသို့ ရွှေ့ပြောင်းနေထိုင်ခဲ့သည်။ ထိုစခန်းမှ နေ၍ ကိုမြသွင်၊ ကိုချစ်လှိုင်၊ ကိုသာငြိမ်း၊ သခင်ချမ်းသိန်း၊ ကိုဝင်းဖေ စသော ရဲဘော်များအား ဖက်ဆစ်ဆန့်ကျင်ရေး သဘောတရားများ သင်ကြားပေးရင်းဖြင့် ဖက်ဆစ်ဆန့်ကျင်ရေးစာအုပ်တစ်အုပ်ကို ဘာသာပြန်ခဲ့သည်။ ယင်းစာအုပ်အမည်မှာ 'အလုပ်သမား လူတန်းစား၏ ဖက်ဆစ်ဝါဒဆန့်ကျင်ရေးတိုက်ပွဲ'ဟူ၍ ဖြစ်လေသည်။

သခင်စိုးသည် ကျိုက်ထော်ရွာမှတစ်ဆင့် မော်ဘီသို့ ပြောင်းရွှေ့နေထိုင်ရင်း သခင်အေးမောင်(အလံနီဟောင်း ဦးထွန်းစိန်) တစ်ယောက်တည်းကို ဖက်ဆစ်ဆန့်ကျင်ရေးတပ်သားအဖြစ် လက်ခံလျက် သင်တန်းများပေးပြန်သည်။ ထိုသို့



...င်တန်းပေးရင်းမှ ဖက်ဆစ်ဆန့်ကျင်ရေးစာတမ်းကြီးတစ်စောင် ရေးသားပြုစု...၏။

ယင်းစာတမ်းအမည်မှာ 'ဗမာ့လွတ်လပ်ရေး ကြေညာစာတမ်းအမှတ် ၁' ...ဖြစ်သည်။ လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ထားသောစာတမ်းမှာ စာမျက်နှာ ၄၅ မျက်နှာ ...ပေ သည်။ စာတမ်း၏ အစပိုင်း၌ 'လွတ်လပ်ရေးကို တိုက်ယူရင်း ခံထားရသော လူမျိုးသည် ဆိုရှယ်လစ်ဝါဒကို ထူထောင်ရန် မပြောနှင့်၊ ဆိုရှယ်လစ်ဝါဒ အကြောင်း ပြောပင် ပြောနိုင်မည်မဟုတ် (မော်စီတုန်း)'ဟု ဖော်ပြပါရှိ၏။

၎င်းစာတမ်းကို အကြမ်းအားဖြင့်ကြည့်လျှင် အင်းစိန်ထောင်တွင် သခင်...း ရှိနေစဉ်က ရေးသားခဲ့သော အင်းစိန်စစ်တမ်းနှင့် နောင်တွင် ယင်းစာတမ်းကို ...ပြင်၍ ရေးသားခဲ့သော မြင်းခြံစစ်တမ်းတို့ကို အခြေခံထားကာ ဖက်ဆစ်ဆန့်ကျင်...ရေးသဘောတရားများကို ထပ်မံဖြည့်စွက်ရေးသားခြင်းဖြစ်သည်ကို တွေ့ရလေ...သည်။

စာတမ်းတွင် ဖက်ဆစ်ဝါဒ၏ စီးပွားရေးအခြေအနေများ၊ ဖက်ဆစ်ဝါဒ၏ ...စက်ကြမ်းကြုတ်မှုများ၊ ဖက်ဆစ်ဝါဒသည် အင်အားကြီးမားဟန်ရှိသော်လည်း ...မြဲမှုမရှိခြင်း၊ ဖက်ဆစ်ဝါဒသည် လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်...ဒရေးရာများ၏ ရန်သူစစ်စစ်ဖြစ်ခြင်း၊ ဖက်ဆစ်ဝါဒကို အမြစ်က နုတ်၍ ...တ်သင်တိုက်ဖျက်နိုင်မှသာလျှင် လုံးဝလွတ်လပ်ရေး ရနိုင်မည်ဖြစ်ခြင်း၊ ဖက်ဆစ်...န်များကို မောင်းနှင်တိုက်ထုတ်သည့်အခါ၌ လိုအပ်သော ပြည်သူလူထုကို ...းကပ်စည်းရုံးရေးလုပ်ငန်းများ၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ မြေအောက်ကလာပ်...စည်းများ ဖွဲ့စည်းနည်းတို့ကို အခန်းကဏ္ဍအသီးသီးခွဲခြားလျက် ပြည့်ပြည့်စုံစုံ ...ရေးသားထားပေသည်။

သခင်စိုးသည် စာတမ်း၏အဆုံးတွင် ဤစာတမ်းထုတ်ဝေသူ၏ အမည် ...ဖော်ပြရာ၌ (ကွန်မြူနစ်ပါတီ၊ ဗမာပြည်၊ ခေတ္တအိန္ဒိယပြည်)ဟု ဖော်ပြခဲ့၏။ ...သို့ဖော်ပြခြင်းမှာ အကယ်၍ စာတမ်းကို ဖက်ဆစ်ဂျပန်များ တွေ့သွားပါက ...တမ်းထုတ်ဝေနေသည့် ကွန်မြူနစ်မှာ နိုင်ငံခြားတွင် ရှိနေသည့် ပုံဟန် ထင်မြင်...စေရန် ဖြစ်လေသည်။

အဆိုပါ ဗမာ့လွတ်လပ်ရေးကြေညာစာတမ်း အမှတ် ၁ ကို မြန်မာနိုင်ငံ...တွင်းရှိ ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းများကို စည်းရုံးလုပ်ကိုင်နေကြသော ...ဘော်များထံသို့ ဖြန့်ချိပေးသည်။ ထို့ပြင် စာတမ်းပါသဘောတရားများကို ...ဘော်များ နားလည်သဘောပေါက်စေရန် သခင်စိုး၏ ကိုယ်တော်စည်းရုံး...သူများအဖြစ် ဆောင်ရွက်နေကြသော ရဲဘော်များသည် မြန်မာပြည်၏ ...အသီးသီးတွင် ရှိသော ကွန်မြူနစ်ရဲဘော်များထံသို့ သွား၍ သင်တန်းများပေး

www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ ရှင်းလင်းပြောပြခြင်း စသော စည်းရုံးရေးလုပ်ငန်းများကို လျှို့ဝှက်စွာ စနစ်တကျ လုပ်ကိုင်ခဲ့ကြလေသည်။

ထိုသို့ စနစ်တကျဖြင့် တော်လှန်ရေးလုပ်ငန်းများကို လျှို့ဝှက်စွာ လုပ်ဆောင်နေသည့်အကြားမှပင် ချောက်မြို့မှ ဖက်ဆစ်ဆန့်ကျင်ရေးရဲဘော်တစ်စုမှာ ဂျပန်များ၏ အဖမ်းအဆီးကို ခံလိုက်ရသေးသည်။ ရေနံမြေတွင် တာဝန်ယူ၍ စည်းရုံးနေကြသည့် ရဲဘော်ထွန်းစိန်၊ ရဲဘော်စံညွန့်တို့အဖွဲ့မှ ရဲဘော်အချို့ကို ဂျပန် ဖမ်းဆီးပြီး ဖက်ဆစ်ဆန့်ကျင်ရေးစာတမ်းများကိုပါ သိမ်းယူသွားကြလေသည်။ ရဲဘော်ထွန်းစိန်တို့လူစုသည် ချောက်နှင့် ရေနံချောင်းမြို့များတွင် ဖက်ဆစ်ဆန့်ကျင်ရေးကလာပ်စည်းများကို လျှို့ဝှက်စွာ ဖွဲ့စည်း၍ အလုပ်သမား၊ ကျောင်းသား၊ သခင်ဟောင်းများကို စည်းရုံးဆောင်ရွက်နေခဲ့ကြ၏။ ရဲဘော်ထွန်းစိန်တို့အဖွဲ့သည် ချောက်မြို့ကို ဗဟိုစခန်းအဖြစ် သတ်မှတ်ပြီးလျှင် ပခုက္ကူနှင့် မြင်းခြံမြို့များသို့လည်း လှမ်း၍ ဆက်သွယ်ကာ ဖက်ဆစ်ဆန့်ကျင်ရေးကလာပ်စည်းများ ဖွဲ့စည်းရန် ကြိုးပမ်းနေပေသည်။ ထိုသို့ဖြင့် ပခုက္ကူ၊ မြင်းခြံ၊ မြစ်ချေ၊ ဆိပ်ဖြူ၊ မြို့များ ရွာများမှ တိုးတက်သော အယူဝါဒရှိသည့် ရဲဘော်လူငယ်များ တို့ကိုပင် ချောက်မြို့သို့ ခေါ်ယူ၍ နိုင်ငံရေးသဘောတရားသင်တန်းများ နှစ်ကြိမ်မျှ ပေးခဲ့၏။

ထိုသို့ရှိစဉ် တစ်နေ့တွင် ချောက်မြို့ရှိ နိုင်ငံရေးသင်တန်းပေးနေသော အိမ်တစ်အိမ်မှ သေနတ်များ၊ လက်ပစ်ဗုံးများနှင့် ဖက်ဆစ်ဆန့်ကျင်ရေး စာရွက်စာတမ်းများကို ဂျပန်စစ်သားများ လာရောက်ရှာဖွေ၍ တွေ့ရှိသိမ်းဆည်းသွားလေသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ရဲဘော်ထွန်းစိန်အပါအဝင် ရဲဘော်အတော်များများ ထွက်ပြေးလွတ်မြောက်သွားသော်လည်း မြို့ခံရဲဘော်အချို့မှာမူ ဂျပန်ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ဂျပန်များသည် ဖက်ဆစ်ဆန့်ကျင်ရေးလုပ်သူရော၊ မလုပ်သူရော ရောနှော၍ ဖမ်းဆီးပြီးလျှင် ရိုက်နှက်ညှဉ်းပန်းနှိပ်စက် စစ်ဆေးကြပြီးမှ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ မြန်မာနိုင်ငံ လွတ်လပ်ရေးကြေညာသောအခါတွင် လွတ်လပ်ရေးအထိမ်းအမှတ်ဟုဆိုပြီး ချောက်မြို့မှ ဖမ်းထားသောသူများကို လွှတ်လိုက်လေသည်။

ရန်ကုန်တွင် ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ပြုလုပ်နေသော သခင်ကျော်စိန်တို့အဖွဲ့နှင့် ညောင်တုန်း၊ မအူပင်နှင့် မြစ်ဝကျွန်းပေါ်ဒေသတစ်ပိုက်တွင် ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်နေကြသော သခင်ဖေငွေးတို့အဖွဲ့များသည် ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံလွတ်လပ်ရေးကြေညာသည့်အချိန်နှင့် ကိုက်၍ ဖက်ဆစ်ဆန့်ကျင်ရေးပိုစတာများ



ကပ်ခြင်း၊ ကြေညာစာတမ်းများ ဖြန့်ဝေခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့ကြလေသည်။

သခင်ကျော်စိန်၊ ဆရာ ရာဂျုန်နှင့် သခင်ဖေငွေးတို့သည် ဖော်ပြခဲ့သည့်အတိုင်းပင် ဂျပန်ပေးသော မြန်မာ့လွတ်လပ်ရေးအခမ်းအနားကျင်းပသော နေ့တွင်ပင် ပိုစတာများဖြန့်ကပ်ခြင်း၊ လက်ကမ်းကြေညာချက်များ ထုတ်ဝေခြင်းဖြင့် ဖက်ဆစ်ဆန့်ကျင်ရေးဝါဒဖြန့် စည်းရုံးမှုများကို အဆက်မပြတ် လုပ်ခဲ့ကြသည်။ ထိုသို့ ပြုလုပ်ခဲ့သဖြင့် မကြာမီပင် သခင်ကျော်စိန်နှင့် အဖွဲ့ဝင်များသည်လည်းကောင်း၊ သခင်ဖေငွေးနှင့် သူ၏ရဲဘော်များသည်လည်းကောင်း ဖက်ဆစ်ဂျပန်စစ်ပုလိပ်များ၏ ဖမ်းဆီးခြင်းကို ခံရလေတော့သည်။

သခင်ကျော်စိန်၊ သခင်ဖေငွေးတို့အဖွဲ့နှင့် သခင်စိုးတို့အဖွဲ့၏ လုပ်နည်းလုပ်ဟန်များမှာ ခြားနားခြင်းရှိလေသည်။ သခင်စိုးသည် လူတစ်ယောက်ကို စည်းရုံးရာတွင် ထိုလူ၏နောက်ကြောင်းရာဇဝင်နှင့် လုပ်ရည်ကိုင်ရည်ကို စမ်းသပ်စစ်ဆေး၍ ကျေနပ်မှသာ စည်းရုံးခြင်းပြုလုပ်၏။ ထို့နောက် နိုင်ငံရေးသဘောတရားများကို ကျေနပ်အောင် သင်တန်းပေး၏။ ဆက်လက်၍လည်း လျှို့ဝှက်ဆောင်ရွက်နည်းများကို ပီရိသေသပ်စွာ ဆောင်ရွက်နိုင်ရန် သင်တန်းပေးလေသည်။ ဤသို့ဖြင့် သခင်စိုးသည် ဂျပန်ခေတ်က ဖွဲ့စည်းသော အာရှလူငယ်ခေါင်းဆောင်များ၊ ဗမာ့လွတ်လပ်ရေးတပ်မတော်မှ အရာရှိ၊ အကြပ်၊ တပ်သားများ အပါအဝင် စစ်ခေါင်းဆောင်များအထိ လျှို့ဝှက်စွာနှင့် စနစ်တကျ စည်းရုံးထားနိုင်ခဲ့ပေသည်။

သခင်ကျော်စိန်တို့မှာကား ထိုသို့မဟုတ်ပေ။ ဖက်ဆစ်ဆန့်ကျင်ရေးကလာပ်စည်းများ ဖွဲ့စည်းပြီးသည်နှင့် ဖက်ဆစ်ဆန့်ကျင်ရေးစာတမ်းများကို ရိုက်နှိပ်ထုတ်ဝေဖြန့်ချိခြင်းဖြစ်လေရာ ရန်သူဖက်ဆစ်များအနေဖြင့် သခင်စိုးတို့အဖွဲ့ထက် သခင်ကျော်စိန်တို့အဖွဲ့ကို ဖမ်းဆီးရန် ပိုမိုလွယ်ကူနေတော့သည်။

သခင်စိုး၏ ဖက်ဆစ်ဆန့်ကျင်ရေး ရဲဘော်များ စည်းရုံးရာတွင် လက်သိပ်တိုး ချဉ်းကပ်ဆွေးနွေးနည်းကို သုံးခဲ့သည်။ ဖက်ဆစ်ဆန့်ကျင်ရေးတွင် ကေဒါသည် အရေးအကြီးဆုံးဖြစ်သည်။ သို့ဖြစ်၍ တော်လှန်ရေးကေဒါများကို အမာခံထား၍ မွေးထုတ်ရမည်။ တော်လှန်ရေးကေဒါများသည် သူ့အချိန်မကျဘဲ ကျဆုံးခြင်း မဖြစ်စေရပေ။ ပြည်သူလူထုအနေဖြင့် နေ့စဉ် ကြုံတွေ့နေရသော ခံစားတွေ့ထိချက်များအရ ဖက်ဆစ်များကို မုန်းတီးပြီးဖြစ်နေပြီ။ ဖက်ဆစ်ဂျပန်စစ်သားများက ပြည်သူလူထုအား နေ့စဉ် စော်ကားနှိပ်စက်သတ်ဖြတ်ခြင်း၊ မိန်းမပျိုများကို အဓမ္မကျင့်ခြင်း စသည်တို့ကို ကျူးလွန်နေကြရာ မိမိတို့ဖက်ဆစ်ဆန့်ကျင်ရေး ရဲဘော်များက အထူးတလည် ဝါဒဖြန့်နေရန် မလိုဟု သခင်စိုးတို့

www.burmeseclassic.com

www.burmeseclassic.com



က ယူဆလေသည်။ ပြည်သူလူထုမှာ ဖက်ဆစ်ဆန့်ကျင်ရေးစိတ်ဓာတ်များ တဖွားဖွားပေါ်နေခဲ့ပြီး ဖြစ်လေသည်။

သို့ဖြစ်၍ ဖက်ဆစ်ဂျပန်များကို ဖိတ်ခေါ်သကဲ့သို့ ရှိသော ဖက်ဆစ်ဆန့်ကျင်ရေးစာတမ်းများကို မြို့လယ်နေရာများ၌ ကပ်ခြင်း၊ ဖြန့်ဝေခြင်း ပြုရန်လည်း မလိုသေးဟု ၎င်းတို့အဖွဲ့က ထင်မြင်ပြီးလျှင် စည်းရုံးရေးလုပ်ငန်းများကို မူလကကဲ့သို့ပင် လျှို့ဝှက်စွာ ဆောင်ရွက်နေခဲ့ကြ၏။ ဖက်ဆစ်ဆန့်ကျင်ရေးတပ်သားသစ်များအဖြစ်သာ ကေဒါများကို ရှာဖွေစည်းရုံးပြီးလျှင် ခိုင်မာသောနိုင်ငံရေးသဘောတရားသင်တန်းများကို ပို့ချပေးခြင်း ပြုခဲ့ကြလေသည်။

သခင်စိုး၏ ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းတွင် အမာခံ ကေဒါများ တဖြည်းဖြည်း များပြားလာသည်နှင့်အမျှပင် အဖွဲ့အင်အားလည်း တဖြည်းဖြည်း ကျယ်ပြန့်ကြီးမားလာခဲ့သည်။ ထိုအချိန်က သခင်စိုး၏ ဗမာပြည်ကွန်မြူနစ်ပါတီမှ စည်းရုံးထားသော ကေဒါများတွင် သခင်စိုး(နောင် တောတွင်းအလံနီ)၊ သခင်တင်မြ (နောင် လမ်းစဉ်ပါတီဌာနချုပ်)၊ သခင်လှကြည်(နောင် အလင်းဝင် အလံနီ ရဲနီကျော်ဝင်း)၊ ကိုချစ်လှိုင်(ရဲဘော်ထိန်လင်း)၊ ဒေါ်စောမြ(အလံနီဟောင်း)၊ သခင်ထွန်းရင် (ယူအယ်လ်အိုဟောင်း)၊ ကိုထွန်းသန်း(ရဲနီ ထွန်းသန်း၊ ၁၉၄၉ ခုနှစ်တွင် အသတ်ခံရသည်။)၊ ရဲဘော်ထွန်းစိန်(ထူးစိန်ပါတီဟောင်း)၊ သခင်သန်းမြိုင်(နောင် တောတွင်းကွန်မြူနစ်ပါတီ)၊ သခင်သက်တင်၊ ရဲဘော်စံညွန့်(ကျဆုံး)၊ သခင်မောင်မောင် (အလံနီ ပေါ်လစ်ဗျူရိုဝင်း)၊ ကိုညွန့်ဝင်း(ကျဆုံး)၊ ကိုမြသွင်(ဗမာ့ခေတ်မြသွင်)၊ ဦးသွင်(ကျိုက်မရော)တို့သည် အရေးပါသည့်အပိုင်းမှ ပါဝင်လှုပ်ရှားခဲ့ကြသော ကေဒါများဖြစ်ကြလေသည်။

သခင်စိုးတို့ကဲ့သို့ပင် ကျိုက်လတ်မြို့နယ်မှ နေပြီး ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းများကို လုပ်ဆောင်နေကြသူ အုပ်စုတစ်ခုရှိနေသည်။ ၎င်းမှာ ရဲဘော်ဘဆွေ(နောင် စာရေးဆရာ ရန်ကုန်ဘဆွေ) ဦးစီးသော အဖွဲ့ပင်ဖြစ်သည်။ ၁၉၄၂ ခုနှစ် ဘီအိုင်အေတပ်များ ကျိုက်လတ်မြို့သို့ မရောက်မီကပင် ကျိုက်လတ်သို့ ရဲဘော်ဘဆွေ ရောက်ရှိလာပြီးလျှင် သခင်ခေါင်းဆောင်များနှင့် ကျောင်းသားလူငယ်များကို တိတ်တဆိတ်စည်းရုံးနေခဲ့လေသည်။ မြစ်ဝကျွန်းပေါ် ဖက်ဆစ်ဆန့်ကျင်ရေးအုပ်စုကို တက္ကသိုလ်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုမောင်မောင်(ဗိုလ်မှူးဟောင်း မောင်မောင်၊ နောင် ပူကိုဆလပ်နိုင်ငံ သံအမတ်)က ခေါင်းဆောင်၍ ရဲဘော်ဘဆွေနှင့် ကိုမောင်မောင်တို့ ပူးတွဲဆောင်ရွက်နေကြ၏။

ကိုမောင်မောင်သည် ဖက်ဆစ်ဆန့်ကျင်ရေးဆိုင်ရာ ညွှန်ကြားချက်စာရွက်စာတမ်းများကို ရေးသားထုတ်ဝေ၍ စစ်သင်တန်းများကိုမူ ရဲဘော်ဘဆွေက ဦးစီးသင်ပေးနေ၏။ ဘီအိုင်အေတပ်များ မြန်မာနိုင်ငံသို့ ဝင်ရောက်လာပြီး



နောက်တွင် ရဲဘော်ဘဆွေနှင့် အဖွဲ့သည် ဖက်ဆစ်ဂျပန်များကို တော်လှန်ရန်အတွက် လက်နက်များကို စုဆောင်းဝှက်ထားခဲ့သည်။ ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းပြီးနောက်တွင်ကား ဝှက်ထားသောလက်နက်များကို ထုတ်၍ တော်လှန်ရေးစိတ်ဓာတ်ရှိသော လူငယ်များကို ရဲဘော်ဘဆွေတို့က စစ်သင်တန်းများ စနစ်တကျသင်ကြားပေးခဲ့ကြခြင်း ဖြစ်လေသည်။ ဗမာပြည်ကွန်မြူနစ်ပါတီမှ သခင်စိုးသည် ပြည်သူ့အရေးတော်ပုံပါတီ အမည်ခံသော ကိုမောင်မောင်နှင့် ရဲဘော်ဘဆွေတို့အဖွဲ့မှ ရဲဘော်ဘဆွေနှင့် နှစ်ဦးနှစ်ဖက်တွေ့ဆုံ၍ ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ပေသည်။

သခင်စိုးသည် မိမိ၏စခန်းကို ကျိုက်လတ်မြို့နယ် ညောင်ချောင်းရွာသို့ ခေတ္တရွှေ့ပြောင်းပြီးလျှင် ကွန်မြူနစ်ပါတီ ကွန်ဂရက်ကို လျှို့ဝှက်စွာ ကျင်းပခဲ့လေသည်။ ထိုကွန်ဂရက်သို့ ကိုလှကြည်(ရဲနီကျော်ဝင်း)၊ သခင်တင်မြ၊ ဦးသွင်(ဝန်ကြီးဟောင်း ကျိုက်မရော ဦးသွင်)၊ ရဲဘော်ထွန်းစိန်နှင့် ကိုစံညွန့်၊ ကိုငွေးအောင်(ကျိုက်လတ်)တို့သာလျှင် တက်ရောက်ကြလေသည်။ လျှို့ဝှက်ရေး အခြေအနေအရ လူဦးရေအနည်းငယ်သာ တက်ရောက်သော်လည်း ပါတီကွန်ဂရက်ကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ ကွန်ဂရက်အစည်းအဝေးမှာ ၁၉၄၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း၌ ကျင်းပခဲ့ခြင်းဖြစ်လေသည်။ အစည်းအဝေး သဘာပတိအဖြစ် ဦးသွင်ကလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် သခင်စိုးကလည်းကောင်း ဆောင်ရွက်ကြသည်။ သခင်တင်မြက ကွန်မြူနစ်ပါတီ၏ အဓိကလုပ်ငန်းစဉ်ဖြစ်သော ဖက်ဆစ်ဆန့်ကျင်ရေးစည်းရုံးမှုများ၏ အခြေအနေကို ပါတီသို့ အစီရင်ခံစာ တင်သွင်းရ၏။ သခင်စိုးက နိုင်ငံရေးအစီရင်ခံစာကို ပါတီသို့ တင်သွင်းခဲ့သည်။ ထိုနိုင်ငံရေးအစီရင်ခံစာကို နောင်အခါတွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ ထုတ်ဝေသော "ဗမာ့လွတ်လပ်ရေးကြေညာစာတမ်း အမှတ် ၂"အဖြစ်ဖြင့် ဖြန့်ချိခဲ့လေသည်။

သခင်စိုး၏ နိုင်ငံရေးအစီရင်ခံစာတွင် အောက်ပါအချက်များကို အဓိကထား၍ ဖော်ပြထားလေသည်။

**အခန်း (၁)။ ။ ကမ္ဘာ့နိုင်ငံရေးနှင့် စစ်ရေးအခြေအနေ။ ။** ယခုအချိန်တွင် ဆိုဗီယက် ရုရှား တပ်နီတော်သည် ပိုလန်ပြည်နှင့် ဂျာမနီပြည်တို့အား ထိုးဖောက်ဝင်ရောက်တော့မည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည်လည်း ဖက်ဆစ်စနစ်ကို တိုက်ဖျက်ရေးတိုက်ပွဲကြီးတွင် ဖက်ဆစ်ဂျာမန်နှင့် ဖက်ဆစ်ဂျပန်တို့ကို ထိရောက်စွာ တိုက်ခိုက်လျက်ရှိသည်။ တရုတ်ပြည်နှင့် အိန္ဒိယနိုင်ငံတို့သည် ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲကြီးတွင် အင်အားကြီးမားလာနေပြီဖြစ်သည်။ မဟာမိတ်အဖွဲ့ဝင် ကမ္ဘာ့ခေါင်းဆောင်ကြီးများသည်

www.burmeseclassic.com

www.burmeseclassic.com



ကွန်ဖရင့်ကျင်းပလျက် ကမ္ဘာ့ရေးရာ ဆောင်ရွက်ရန် အချက်များကို ဆုံးဖြတ်ချက်ချကြပြီဖြစ်သည်။ ဖက်ဆစ်ဝါဒကို အမြစ်တိုက်ရန်နှင့် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့စစ်ပွဲများ ဆင်နွှဲနေသူများကို ကူညီရန်အတွက် ဒုတိယစစ်မျက်နှာဖွင့်ရန်၊ စစ်ကြီးပြီးလျှင် နိုင်ငံတကာပါဝင်သော အဖွဲ့ချုပ်ကြီးတည်ထောင်ရန်၊ ဖက်ဆစ်များက လုံးဝအညံ့ခံမှသာ စစ်ပွဲကိုရပ်စဲရန် ထိုဆုံးဖြတ်ချက်များတွင် ပါဝင်ခဲ့သည်။ ကမ္ဘာ့အရှေ့ပိုင်းရှိ ပစိဖိတ်သမုဒ္ဒရာတွင် ဖက်ဆစ်ဂျပန်များလက်မှ ဆော်လမွန်ကျွန်းစု၊ နယူးဂီနီ၊ အလူရှင်းကျွန်းစု၊ ဂီလ်ဘတ်၊ ပိုက်ဘီး၊ နယူးဗြိတိန်၊ မက်ဒဝေကျွန်းများကို အမေရိကန်က သိမ်းယူရရှိပြီးဖြစ်သည်။

အခန်း (၂)။ ။ ပြည်တွင်းရေးအခြေအနေ။ ။ ဝင်းဂိတ်၏ ခမိုးရှည်ထိုးဖောက်ချီတက်ခြင်းတပ်မှအပ မြစ်ကြီးနားစစ်မျက်နှာ၊ ရခိုင်စစ်မျက်နှာ အခြေအနေများမှာ ထူးခြားခြင်း မရှိ၊ ဂျပန်က ပေးသော မြန်မာ့လွတ်လပ်ရေးမှာ မျက်နှာပြောင်တိုက်၍ လိမ်လည်လှည့်ဖြားနေခြင်းသာ ဖြစ်သည်။ လွတ်လပ်ရေးကြေညာခဲ့ပြီးမှ မြန်မာများသည် ယခင်ကထက်ပို၍ ချွေးတပ်ဆွဲခံနေရသည်။ မြန်မာနိုင်ငံ၏ မြေတွင်းမြေပေါ်ထွက် သယံဇာတပစ္စည်းများမှာ ယခင်ကထက်ပို၍ အလုအယက်ခံနေကြရသည်။ တန်ဖိုးမဲ့သော ငွေစက္ကူအများအပြား ထုတ်ဝေပြီး ကုန်ပစ္စည်းများကို မတရားအဝယ်ခံနေရသည်။ ဂျပန်စစ်သား တစ်သန်းခန့် စားသောက်ရန် စားနပ်ရိက္ခာများမှာ နေ့စဉ်ဂျပန်တို့၏ လုယက်ခြင်းခံနေရလေသည်။

ဤအခြေအနေတွင် ပြည်သူလူထု၏ နေ့တိုင်းစားသောက်မှု အခြေအနေမှာ အလွန်အမင်း ဆိုးရွားလေသည်။ ကုန်ဈေးနှုန်းများ အဆမတန်ဈေးတက်လာသည်။ အထည်အလိပ်ပစ္စည်းများမှာ အဆပေါင်း ၆၀၊ ဆီဈေးမှာ အဆ ၅၀၊ ကြက်သွန်ဈေးမှာ အဆ ၁၀၊ သကြားဈေးမှာ အဆ ၅၀၊ ရေနံဆီဈေးမှာ အဆ ၂၀၊ ဆပ်ပြာဈေးမှာ အဆ ၅၀ ခန့် စသဖြင့် ဈေးနှုန်းများတက်လာသည်။ မြန်မာတစ်မျိုးသားလုံးကို ကျွန်သပေါက်ဘဝသို့ ရောက်စေခဲ့သော၊ မြန်မာတစ်မျိုးသားလုံးကို ဇော်ကားနှိပ်စက်နေသော၊ လုယက်သတ်ဖြတ်နေသော ဂျပန်ဖက်ဆစ်များကို တော်လှန်ပုန်ကန်ကြရန် ပြင်ဆင်ကြပါစို့။

ရဲဘော် မြန်မာအမျိုးသား အမျိုးသမီးအပေါင်းတို့။ ။ ယခုအခါသည် တစ်ဦးတစ်ယောက်တည်း၏ စီးပွား၊ တစ်ဦးတစ်ယောက်တည်း၏ ကောင်းကျိုးချမ်းသာကို တစ်ယောက်ချင်းဆောင်ရွက်၍ မဖြစ်တော့ပြီ။ မြန်မာတစ်မျိုးသားလုံး စည်းရုံးသိမ်းသွင်းကာ တစ်မျိုးလုံး၏ ကောင်းကျိုးချမ်းသာကို တညီတညွတ်တည်း ဆောင်ရွက်ကြမှသာလျှင် တစ်ယောက်ချင်း ကောင်းကျိုးချမ်းသာဖြစ်နိုင်တော့မည်။ မပေါ့ကြနှင့်၊ မမေ့ကြနှင့်၊ ယောင်၍များ ပေါ့ကြလျှင် ကောက်၍ ကွေးကုန်ကြမည်။ အလေးကြပ်ကြပ်ပြု၊ ထို့ကြောင့် မြန်မာ



တစ်မျိုးသားလုံးကို တစ်ခုတည်းသော လွတ်လပ်ရေးတပ်မတော်ကြီးအဖြစ်သို့ရောက်အောင် တလုံးတစည်းတည်း စည်းရုံးသိမ်းသွင်းထားရမည်။ ဤသို့စည်းရုံးသိမ်းသွင်းထားမည်လော၊ သို့တည်းမဟုတ် တစ်မျိုးလုံး ပြုတ်ပြုတ်ပြုန်းခံမည်လော။

အခန်း (၃)။ ။ လက်ဝဲလက်ယာ သွေးစည်းရေးရှောင်ရန်။ ။ ဖက်ဆစ်ဂျပန်များအပေါ် ခါးသီးရှုရှာသော စိတ်ဓာတ်ဖြင့် စိတ်မထိန်းနိုင်ဘဲ အချိန်မကျမီ တစ်စုချင်း လက်နက်ကိုင်၍ ထတိုက်ခြင်းမပြုမိစေရန်လည်းကောင်း၊ ဖက်ဆစ်ဂျပန်တို့၏ လူမဆန်သော နှိပ်စက်ညှဉ်းပန်းမှုများကို ကြောက်လန့်ချောက်ချားသွားခြင်း၊ ဖက်ဆစ်တော်လှန်ရေး အရေးတော်ပုံကို စွန့်လွှတ်သွားခြင်းမပြုမိရန်လည်း သတိထားဖို့ လိုအပ်ပေသည် စသဖြင့်လည်း သွေးစည်းရေးလမ်းစဉ် ကျင့်သုံးခြင်းမပြုရန်ကို အထူးနှိုးဆော်ထားသည်။

သခင်စိုး၏ နိုင်ငံရေးအစီရင်ခံစာ၏ နောက်အခန်းများ၌ ခေတ်ကို ပြောင်းလဲပြုပြင်ရေးကိုလည်းကောင်း၊ ခေါင်းဆောင်မှုကို မှန်ကန်စွာ ထူထောင်ရန်၊ ပါတီ တည်ဆောက်ရေးကို အာရုံစိုက်ရန်၊ ပါတီဝင်များအား သဘောတရားရေး၊ နိုင်ငံရေးအသိ မြှင့်တင်ပေးရန် စသဖြင့် အကျယ်တဝင့် ရေးသားဖော်ပြပါရှိလေသည်။

ထိုနိုင်ငံရေးအစီရင်ခံစာကို ကွန်ဂရက်သို့ တက်ရောက်သူ ကိုယ်စားလှယ်များက တညီတညွတ်တည်း အတည်ပြုကြသည်။ ထို့နောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်များအဖြစ် သခင်စိုး တင်ပြသော အမည်စာရင်းကို ထပ်မံအတည်ပြုကြ၏။ ဗဟိုကော်မတီဝင်များမှာ သခင်စိုး(အထွေထွေအတွင်းရေးမှူးချုပ်)၊ ဦးသွင်(ကျိုက်မရော)၊ ကိုလှကြည်(ရဲနီကျော်ဝင်း)၊ ရဲဘော်ထွန်းစိန်၊ ကိုစံညွန့်၊ သခင်တင်မြတို့ပင် ဖြစ်၍ စုစုပေါင်း ၆ ဦးဖြစ်ပေသည်။

ထိုကွန်ဂရက်ကို သခင်စိုး တင်သွင်းခဲ့သော နိုင်ငံရေးစာတမ်းသည် နောင်အခါတွင် ကွန်မြူနစ်ပါတီ၏ "ဗမာ့လွတ်လပ်ရေးကြေညာစာတမ်း အမှတ် ၂ "အဖြစ် အသွင်ပြောင်းလျက် ထွက်လာလေသည်။

## [illegible]) ဖတပလအဖွဲ့ကြီး၏ ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများ

၁၉၄၃ ခု၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်ပေးသော မြန်မာ့လွတ်လပ်ရေးကို ကြေညာပြီးသောအခါတွင် ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ဝန်ကြီးတာဝန်ထမ်းဆောင်ရလေ၏။ ဗိုလ်မှူးစကြာမှာ ဒုတိယစစ်ဝန်ကြီး ဖြစ်လေ၏။ မြန်မာအစိုးရအဖွဲ့သည် စစ်ဝန်ကြီးရုံးကို ဖွဲ့စည်းတည်ထောင်ပေးပြီး

www.burmeseclassic.com

www.burmeseclassic.com



လျှင် စစ်တပ်များကိုအုပ်ချုပ်ရန် စစ်ဦးစီးချုပ်ဌာနဟု သီးသန့်ဖွဲ့ပေးသည်။ တပ်မတော်၏ စစ်ဦးစီးချုပ်အဖြစ် ဗိုလ်မှူးကြီးနေဝင်းကို ခန့်ထား၏။ ထို့ပြင် ဗမာ့ကာကွယ်ရေးကို ဗမာ့တပ်မတော်ဟု အမည်ပြောင်းစေပြီး တပ်များကို တိုးချဲ့ဖွဲ့စည်းခဲ့လေသည်။

တိုးချဲ့ဖွဲ့စည်းလိုက်သော တပ်မတော်များမှာ ခြေလျင်တပ်ရင်း (၄)၊ ခြေလျင်တပ်ရင်း (၅)၊ ခြေလျင်တပ်ရင်း (၆)၊ ခြေလျင်တပ်ရင်း (၇)၊ စက်မှုလက်မှုတပ်ရင်း (၁)၊ စက်မှုလက်မှုတပ်ရင်း (၂)၊ စက်အမြောက်တပ်ရင်း (၁)၊ အမြောက်ကြီးတပ်ရင်း (၁)၊ သယ်ယူပို့ဆောင်ရေးတပ်ရင်း (၁)၊ မော်တော်ယာဉ်တပ်ရင်း (၁)တို့ ဖြစ်၏။

မင်္ဂလာဒုံရှိ ဗိုလ်သင်တန်းကျောင်းကိုလည်း တိုးချဲ့ဖွင့်လှစ်၍ ဗိုလ်မှူးကြီးရှန်နိုင်ကို ကျောင်းအုပ်ကြီးအဖြစ် ခန့်ထား၏။ မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းကို ဒုတိယပတ်အထိ ဂျပန်စစ်အရာရှိများက ဦးစီး၍ သင်ကြားပေးခဲ့သော်လည်း တတိယအပတ်မှ ပဉ္စမအပတ်အထိ တပ်မတော်မှ မြန်မာအရာရှိများက ဦးစီးသင်ကြားပေးခဲ့ရလေသည်။ ၄င်းသင်တန်းမှ ဗိုလ်လောင်းအချို့ကို ဂျပန်နိုင်ငံသို့ ပို့၍ စစ်ပညာတော်သင်များအဖြစ် သုံးကြိမ်စေလွှတ်ခဲ့လေသည်။

ဗမာ့တပ်မတော် စစ်ကြောင်းများကို မြန်မာနိုင်ငံအနှံ့အပြား၌ ချထားပုံများမှာ ဤသို့ဖြစ်လေသည်။

၁။ ခြေလျင်တပ်ရင်း (၁)နှင့် ခြေလျင်တပ်ရင်း (၃)ကို ၁၉၄၂ ခုနှစ်မှ စ၍ ရခိုင်တိုင်းတွင် တာဝန်ချထားစေသည်။

၂။ ခြေလျင်တပ်ရင်း (၃) ကို ရခိုင်တိုင်းမှ နေ၍ ရွှေဘိုမြစ်ကြီးနားဘက်သို့ ရွှေ့ပြောင်းပြီးလျှင် မဟာမိတ်တပ်မှ ဗိုလ်ချုပ်ဝင်းဂိတ်တပ်များ၏ ထိုးစစ်ကို ရွှေဘိုမှ ဖြတ်၍ မီးရထားလမ်းကို မဝင်နိုင်ရန် စောင့်ကြပ်ရ၏။

၃။ ခြေလျင်တပ်ရင်း (၁)ကို ရခိုင်တိုင်း ကျောက်ဖြူ၊ သံတွဲမြို့များမှ နေ၍ အထက်ချင်းတွင်းသို့ ပြောင်းလိုက်ပြန်သည်။

၄။ စက်မှုလက်မှုတပ်ရင်း (၁)သည် အင်းတော်မှ တီးတိန် ဖလမ်းမြို့များအထိ လမ်းဖောက်လုပ်ရန် တာဝန်ယူရသည်။

၅။ ခြေလျင်တပ်ရင်း (၄)သည် ခြေလျင်တပ်ရင်း (၃)နှင့် ပူးပေါင်း၍ ဗိုလ်ချုပ်ဝင်းဂိတ်၏ မဟာမိတ်တပ်များကို အပြင်းအထန်ခုခံရလေသည်။

၆။ စက်အမြောက်တပ်ရင်းနှင့် အမြောက်ကြီးတပ်ရင်းတို့သည်ကား မြန်မာနိုင်ငံအနှံ့အပြားတွင် ရန်သူလေယာဉ်များကို ခုခံရန်အတွက် ဖြန့်၍ တာဝန်ပေးထားခဲ့လေသည်။

၁၉၄၃ ခုနှစ်၊ နောက်ပိုင်းတွင် ဗမာ့တပ်မတော်ခေါင်းဆောင်များသည် မြန်မာနိုင်ငံအတွင်းမှ ဖက်ဆစ်ဆန့်ကျင်ရေးအုပ်စုများနှင့် အဆက်အသွယ်ရလာ



ပြီးလျှင် ဖက်ဆစ်တော်လှန်ရေးအတွက် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခဲ့ကြလေသည်။ ထို့ကြောင့် ဖက်ဆစ်တော်လှန်ရေးအတွက် ပထာမစည်းရုံးရေးပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် ရည်စူး၍ သရက်တွင် အနောက်တိုင်းရုံးကို ဖွင့်လှစ်ထားခဲ့သည်။

မန္တလေးမြို့တွင် အနောက်မြောက်တိုင်းရုံးကို ဖွင့်လှစ်ပြန်၏။ အထက်မြန်မာနိုင်ငံရှိ တပ်များကို အုပ်ချုပ်စည်းရုံးရန် ဖြစ်လေသည်။ ဗမာ့တပ်မတော်သည် တိုးချဲ့ထားသော ခြေ ျင်တပ်ရင်းများအပြင် လေ့ကျင့်ရေးအတွက် အမှတ် (၁)မှ (၄)အထိ တိုးချဲ့၍ ထပ်မံဖွဲ့စည်းခဲ့ပြန်သည်။ ဗမာ့တပ်မတော်ကို ထိုသို့ တိုးချဲ့၍ ဖွဲ့စည်းခဲ့သဖြင့် ၁၉၄၄ ခုနှစ် အလယ်သို့ ရောက်သောအခါတွင် ဗမာ့တပ်မတော်မှာ တပ်သား ၁၅၀၀၀ ပါဝင်သော တပ်မတော်အဖြစ်သို့ ကျယ်ကျယ်ပြန့်ပြန့်တိုးတက်လာခဲ့လေသည်။

၁၉၄၄ ခုနှစ် အစတွင် ဗမာ့တပ်မတော်ရှိ အရာရှိ အကြပ်တပ်သားများသည် ဖက်ဆစ်တို့၏ ရက်စက်ရမ်းကား ယုတ်မာမှုများကို ဆက်လက်သည်းခံခြင်း မပြုနိုင်ကြတော့၍ ဗမာ့တပ်မတော် စစ်ဦးစီးချုပ် ဗိုလ်မှူးကြီးနေဝင်းထံသို့ စတင်လျက် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲရန် အရေးဆိုကြတော့သည်။ ဗိုလ်ချုပ်အောင်ဆန်း အစရှိသော စစ်ခေါင်းဆောင်များသည် တော်လှန်ရန် အချိန်မကျသေး၍ ရဲဘော်များကို ချော့မော့နှစ်သိမ့်ထားခဲ့ရသည်။ အမှန်ဆိုသော် ၁၉၄၃ ခုနှစ်ကပင် ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်တော်လှန်ရေးအတွက် ရဲဘော်များနှင့် ဆွေးနွေးခဲ့သေးသည်။

၁၉၄၃ ခုနှစ်အလယ်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်မှူးကြီးလက်ျာ၊ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်ဇေယျ၊ ဗိုလ်ကျော်ဇော၊ ဗိုလ်ရဲထွဋ် စသည့် ရဲဘော်များကို ၄င်း၏အိမ်သို့ ခေါ်၍ ဂျပန်အား တော်လှန်ကြရန် ကိစ္စကို တိုင်ပင်ဆွေးနွေးခဲ့သည်။ ဗိုလ်လက်ျာက အချိန်စောသေးသည်ဟု အကြောင်းပြ၍ တားဆီးခဲ့သည်။ အခြားရဲဘော်များကလည်း ထို့အတူပင် ဗိုလ်ချုပ်အောင်ဆန်းကို တားကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တော်တော်နှင့် ကျေနပ်ခြင်းမရှိခဲ့ဘဲ နောက်မှ ဆက်ဆွေးနွေးမည်ဟု ပြောပြီး အစည်းအဝေးကို ရွှေ့ဆိုင်းခဲ့သည်။

ထိုကိစ္စနှင့် ပတ်သက်၍ ဝန်ကြီးသခင်သန်းထွန်းကိုလည်း ဗိုလ်ချုပ်အောင်ဆန်းက တိုင်ပင်ပြန်ရာ သခင်သန်းထွန်းက အချိန်မကျသေးသည်ကို အကြောင်းပြ၍ တားခဲ့ရသည်။

ဗမာ့တပ်မတော်မှ စစ်ခေါင်းဆောင်များဖြစ်ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်မှူးကြီးနေဝင်းတို့သည် ယခုမှပင် ဖက်ဆစ်တော်လှန်ရေးအတွက် ကြံစည်ကြခြင်း မဟုတ်မူ၍ ဂျပန်ဝင်စ ၁၉၄၂ ခုနှစ်ဆီကပင် တော်လှန်ရေးတစ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



ကို ဆင်နွှဲရဦးမည်ဟု ဆုံးဖြတ်ထားခဲ့ကြသည်ကို သိန်းဖေမြင့်၏ 'စစ်အတွင်းခရီးသည်' စာအုပ်တွင် ဤသို့ ရေးသားခဲ့သည်ကို ဖတ်ရှုရ၏။

ကျွန်တော်သည် ရွှေဘိုသို့ သွားရာ ကံအားလျော်စွာပင် ဗိုလ်တဲ၀ ခေါ် သခင်အောင်ဆန်းနှင့် တွေ့လေသည်။ သူနှင့် တွေ့သော နေရာကား နေရှင်နယ်ကျောင်း အပေါ်ထပ်အခန်းထဲမှာ ဖြစ်၏။ သူက ဇန်းမော်ဘက်မှ ပြန်အလာ ရွှေဘိုမြို့လူကြီးများက ဆီးကြိုညှိခံနေကြသည်။ တွေ့တွေ့ချင်း သခင်အောင်ဆန်းက ကျွန်တော့်အား "ခင်ဗျားတို့ တရုတ်တပ်နဲ့ ပါသွားပြီထင်လို့၊ ခင်ဗျားတို့ကို တရုတ်တပ်က ဖမ်းသွားတယ်ဆိုပြီး ဂျပန်တွေဆီ သတင်းလွှင့်ထားတယ်" ဟု ဆို၏။ ၎င်းနောက် ကျွန်တော့်အား မန္တလေးကို လိုက်ခဲ့ရန် ခေါ်လေသည်။ ဟိုကျမှ အချင်းချင်းတိုင်ပင်ပြီး ဘာလုပ်ကြမလဲ ဆုံးဖြတ်ကြမည်ဟု ဆိုသည်။ သို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်း ကားနှင့် မန္တလေးသို့ ကျွန်တော်လည်း လိုက်ပါသွားလေသည်။ ဗိုလ်အောင်ဆန်းနှင့် ဆွေးနွေးပြောဆိုရာမှ ကျွန်တော်အကဲခတ်မိသော အရာမှာ သူသည် ဂျပန်များနှင့် ဟန်ဆောင်ပေါင်း ပေါင်းနေပြီး တစ်နေ့တွင် ဂျပန်ကို ပြန်ချမည်ဖြစ်ကြောင်း ဖြစ်၏။ ထို့ကြောင့် ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ကျွန်တော် အားတက်မိလေ၏။

သိန်းဖေမြင့်သည် ဗိုလ်မှူးနေဝင်း၏ ထိုအချိန်က ဂျပန်အပေါ်ထားရှိသော သဘောထားကို ယင်းစာအုပ်၌ပင် ဤသို့ ဖော်ပြခဲ့ပြန်သည်။

"၎င်းအပြင် ဗိုလ်အောင်ဆန်းမှာ ဘီအိုင်အေ စစ်သေနာပတိဖြစ်လေရာ မန္တလေးအဝင်တွင် အကြီးအကဲ အဆောင်အယောင် အနည်းငယ်ရှိဦး လိုသေးသည်။ ထို့ကြောင့် လိုအပ်သော အပြင်အဆင်၊ အစီအရင်လုပ်ရန် ကျွန်တော်တို့နှင့် ပါလာသော ဗိုလ်နေဝင်းက မန္တလေးသို့ အရင်သွားနှင့်ရန် ဆုံးဖြတ်ကြလေသည်။ ဗိုလ်နေဝင်းနှင့် ကျွန်တော်ပါ လိုက်ပါသွားလေသည်။

မြစ်ဆိပ်တွင် မော်တော်ဘုတ်ပေါ် တက်ကြမည်လုပ်ရာ ဂျပန်စစ်သားက နူးရကား၊ ဂူးဝဲလုပ်ကြလေသည်။ ဗိုလ်နေဝင်း၏ စစ်အဆောင်အယောင်များကိုပင် ၎င်းတို့က နောက်ပြောင်သလိုလို လုပ်နေကြလေသည်။ ထိုအခါ ဗိုလ်နေဝင်းက မီနာမီဘွန်တိုင်းဟု အထိမ်းအမှတ်စကားကို ဆို၍ ရှင်းပြရလေသည်။ ကျွန်တော်ပါရောယောင်ပြီး ကျွန်တော့်ကိုယ်ကိုယ် မီနာမီဘွန်တိုင်းပင် ဖြစ်ကြောင်း ရှင်းပြရလေသည်။ ကျွန်တော်ကား မီနာမီ(ဗိုလ်မိုးကြိုး)၏ တပ်သားအဖြစ် အကာအကွယ်ယူရသည်မှာ ပထမအကြိမ်ဖြစ်သဖြင့် စိတ်နှလုံးမသာမယာဖြစ်သော်လည်း ရှုံ့တွန့်တွန့် ကြောင်တောင်တောင်ကား မဖြစ်ပါချေ။



တစ်ဖက်ကမ်းသို့ ရောက်သောအခါ ပေတစ်ရာလမ်းမပေါ်သို့ရောက်ရန် သဲသောင်များကို ကျော်ဖြတ်၍ အတော်ကြာအောင် လျှောက်ရလေ၏။ ဗိုလ်နေဝင်းက အသွားမြန်သလို ကျွန်တော်ကလည်း လိုက်၍ မြန်ရ၏။ ညနေစောင်းသော်လည်း နေက အတော်ပူတုန်းရှိနေသေးသည်။ ဗိုလ်နေဝင်းကား တစ်လမ်းလုံး ဂျပန်တွေ မကောင်းကြောင်း ဖော်ထုတ်ပြောနေ၏။ ထုံးစံအတိုင်း ဂျပန်တို့အား မအေနှင့် ကိုင်တုတ်သေး၏။ ဒီကောင်တွေကိုလည်း ပြန်ချရဦးမှာပဲ၊ မချလို့မဖြစ်ဘူးဟု ပြောလေသည်။"

၁၉၄၄ ခုနှစ်ဆီသို့ ရောက်သောအခါတွင် သခင်ကျော်ငြိမ်း၊ ကိုဗဆွေ၊ သခင်ချစ်၊ သခင်မြ စသော ပြည်သူ့အရေးတော်ပုံပါတီခေါင်းဆောင်များသည် ပါတီ၏လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ရန် ကြိုးစားနေ၏။ သူတို့သည် မကြာမီ ဆင်နွှဲရမည်ဖြစ်သော ဖက်ဆစ်တော်လှန်ရေးကြီးအတွက် လက်နက်လူသူစုဆောင်းခြင်း၊ စစ်သင်တန်းများပေးခြင်းတို့ကို လျှို့ဝှက်၍ ဆောင်ရွက်နေကြလေသည်။

ထိုအချိန်တွင် ဗမာ့တပ်မတော်မှ ဗိုလ်ချုပ်အောင်ဆန်းနှင့် စစ်ခေါင်းဆောင်များသည်လည်းကောင်း၊ ကွန်မြူနစ်ပါတီ၏ မြေပေါ်ခေါင်းဆောင်များဖြစ်သော သခင်သန်းထွန်း၊ သခင်ဗဟိန်းတို့သည်လည်းကောင်း၊ ပြည်သူ့အရေးတော်ပုံပါတီမှ သခင်ကျော်ငြိမ်းနှင့် ခေါင်းဆောင်များသည်လည်းကောင်း ဖက်ဆစ်တော်လှန်ရေးအတွက် ညီညွတ်နိုင်မာသော အမျိုးသားတပ်ပေါင်းစုကြီးတစ်ရပ် ရှိသင့်သည်ဆိုခြင်းကို သဘောတူညီကြပြီးလျှင် ယင်းအမျိုးသားတပ်ပေါင်းစုကြီး ဖွဲ့စည်းရန်အတွက် ပြင်ဆင်လာကြလေသည်။

၁၉၄၄ ခုနှစ်ဆန်းတွင် ပြည်သူ့အရေးတော်ပုံပါတီမှ သခင်ကျော်ငြိမ်း (နောင် ဖဆပလဝန်ကြီးဟောင်း)၊ သခင်ချစ်(နောင် တောခိုကွန်မြူနစ်)၊ ဦးဗဆွေ (ဖဆပလ ဝန်ကြီးဟောင်း)၊ ဘဆွေလေး(ရန်ကုန်ဘဆွေ)တို့နှင့် ဗမာ့တပ်မတော် ဗိုလ်မောင်မောင်၊ ဗိုလ်ခင်မောင်လေး(ဖဆပလ ဝန်ကြီးဟောင်း)၊ ဗိုလ်အောင်ကြီး (ဗိုလ်မှူးချုပ်ဟောင်း)တို့ ပါဝင်သော အဖွဲ့တစ်ဖွဲ့သည် မြစ်ဝကျွန်းပေါ်ဒေသတွင် နေထိုင်ပြီး ဖက်ဆစ်ဆန့်ကျင်ရေး စည်းရုံးလှုပ်ရှားမှုများကို ပြုလုပ်နေသော ဗမာပြည်ကွန်မြူနစ်ပါတီမှ သခင်စိုးနှင့် သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့ကြလေသည်။

၎င်းတို့အဖွဲ့သည် သခင်စိုးကို ရန်ကုန်သို့ ခေါ်ဆောင်လာခဲ့ကြသည်။ သခင်စိုးကို ဗမာ့တပ်မတော်ယူနီဖောင်း ဝတ်စေပြီးလျှင် ဗမာ့တပ်မတော်စစ်အရာရှိတစ်ဦးအသွင် ဟန်ဆောင်စေလျက် ဂျပန်စစ်ဗိုလ်များ အထပ်ထပ်ကြားမှပင် ရန်ကုန်မြို့သို့ ခဲယဉ်းစွာ ခေါ်ဆောင်လာခဲ့ကြရ၏။ ရန်ကုန်မှ တစ်ဆင့် ပဲခူးမြို့

www.burmeseclassic.com

www.burmeseclassic.com



တိုင်း ၄၊ ဗမာ့တပ်မတော်ရုံးသို့ သခင်စိုးကို ခေါ်သွားပြီး စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်စိုးတို့ တွေ့ဆုံဆွေးနွေးကြလေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်စိုးတို့သည် ၁၉၄၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ ၅ ရက်၊ ၆ ရက် (သောကြာ၊ စနေ၊ တနင်္ဂနွေ)နေ့ သုံးရက်တိုင်တိုင်ပင် ဆွေးနွေးကြပြီးလျှင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးကို ညီညီညွတ်ညွတ်ဖွဲ့စည်းရန် သဘောတူညီကြလေသည်။

၁၉၄၄ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့၊ ပတ်လမ်းနှင့် ဦးထွန်းမြတ်လမ်းထောင့်ရှိ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏အိမ်၌ ဗမာ့တပ်မတော်၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီတို့ ပါဝင်သော 'ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ ဖတပလ' ကို ဖွဲ့စည်းလိုက်ကြလေသည်။

ပထမဦးစွာ ဖွဲ့စည်းသော ဖတပလဌာနချုပ် ဦးစီးအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်လေသည်။

| | |
|---|---|
| ၁။ သခင်စိုး | ဥက္ကဋ္ဌနိုင်ငံရေးခေါင်းဆောင် |
| ၂။ သခင်သန်းထွန်း | အထွေထွေအတွင်းရေးမှူးနှင့် မဟာမိတ်ဆက်သွယ်ရေးတာဝန်ခံ |
| ၃။ သခင်ဗဟိန်း | တွဲဖက်အတွင်းရေးမှူး |
| ၄။ ဗိုလ်ချုပ်အောင်ဆန်း | စစ်ရေးခေါင်းဆောင် |
| ၅။ ဗိုလ်မှူးကြီးလက်ျာ | ဗမာ့တပ်မတော် တပ်တွင်း စည်းရုံးရေးမှူး |
| ၆။ ဗိုလ်မှူးကြီးနေဝင်း | ၄င်း |
| ၇။ သခင်ချစ် | အဖွဲ့ဝင် |
| ၈။ ကိုဗဆွေ | ။ |
| ၉။ သခင်ကျော်ငြိမ်း | ။ |

ဖတပလ၏ ဗဟိုစစ်ကောင်စီတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်။

| | |
|---|---|
| ၁။ ဗိုလ်ချုပ်အောင်ဆန်း | စစ်ရေးခေါင်းဆောင် |
| ၂။ သခင်စိုး | နိုင်ငံရေးခေါင်းဆောင် |
| ၃။ သခင်သန်းထွန်း | ပြောက်ကျား၊ နိုင်ငံခြားရေးရာမှူး |
| ၄။ ဗိုလ်မှူးကြီးလက်ျာ | အဖွဲ့ဝင် |
| ၅။ ဗိုလ်မှူးကြီးနေဝင်း | ။ |
| ၆။ သခင်ကျော်ငြိမ်း | ။ |
| ၇။ သခင်ချစ် | ။ |

(ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ ဖတပလကို နောင်



အခါတွင် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့၊ ဖဆပလဟု အမည်ပြောင်းခဲ့လေသည်။)

ဖတပလအဖွဲ့ကြီးတွင် မူလက ဗမာ့တပ်မတော်၊ ပြည်သူ့အရေးတော်ပုံပါတီနှင့် ကွန်မြူနစ်ပါတီများသာ ပါဝင်ကြလျက် နောင်အခါတွင်ကား ရခိုင်အမျိုးသားအစည်းအရုံး၊ ကရင်ဗဟိုအဖွဲ့ချုပ်၊ အရှေ့အာရှလူငယ်များ အစည်းအရုံးတို့လည်း ပါဝင်လာကြလေသည်။

ဖတပလအဖွဲ့ကြီး၏ အဓိကရည်ရွယ်ချက်မှာ ၂ ချက်တည်းသာလျှင် သတ်မှတ်ထားလေသည်။ ၄င်းတို့မှာ (၁) ဖက်ဆစ်ဝါဒဆိုးကြီးကို မြန်မာနိုင်ငံတွင်သာမက ဖက်ဆစ်ဝါဒ ဖြစ်ပေါ်ရာ မူရင်းဒေသများ၌ပင် အမြစ်ပြုတ်အောင် တိုက်ခိုက်ရန် (၂) မြန်မာအမျိုးသားတစ်ရပ်လုံး ရည်မှန်းထားခဲ့သော လုံးဝလွတ်လပ်ရေးရရှိသည်အထိ တိုက်ပွဲဝင်ရန်တို့ ဖြစ်သည်။ နောက်ပိုင်းတွင် ဖတပလအဖွဲ့ကြီးမှာ တဖြည်းဖြည်းကျယ်ပြန့်လာသည့်အလျောက် အဖွဲ့ကြီး၏ ရည်ရွယ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသတ်မှတ်လျက် နိုင်ငံအနှံ့ ကြေညာခဲ့လေသည်။

## ဖ·တ·ပ·လ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်

၁။ ဖက်ဆစ်ဂျပန်များကို ကျူးပင်ခုတ် ကျူငုတ်မကျန် တိုက်ခိုက်မောင်းနှင်ထုတ်ရမည်။

၂။ အောက်ပါအချက်များကို အခြေခံပြုကာ လွတ်လပ်သော မြန်မာနိုင်ငံအတွက် အုပ်ချုပ်ရေးစည်းမျဉ်းများကို တိုင်းသူပြည်သားတို့၏ အကူအညီဖြင့် ရေးဆွဲရမည်။

(က) ဂျပန်တို့ပေးသော လွတ်လပ်ရေးမျိုးမဟုတ်ဘဲ တကယ့်ကိုယ်ပိုင်လွတ်လပ်ရေးကို အသိအမှတ်ပြုရန်။

(ခ) လွတ်လပ်စွာ စဉ်းစားကြံဆရေးကို လုံးဝခွင့်ပြုရန်။

(ဂ) လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသားခွင့်၊ လွတ်လပ်စွာ ထင်မြင်ချက်ပေးခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့်တို့ကို ရစေရန်။

(ဃ) ဂျပန်တို့ ခွင့်ပြုချက်မရဘဲ လူထုဆန္ဒမပြနိုင်ခြင်း၊ အစည်းအဝေးများ မလုပ်နိုင်ခြင်းကြောင့် ငါတို့၏ အလုပ်သမားအဖွဲ့များ၊ ကျောင်းသားသမဂ္ဂများမှာ ပြိုပျက်သွားရုံမကဘဲ တစ်ဦးနှင့် တစ်ဦး တွေ့ဆုံခွင့်ပင် မရ။ ဂျပန်တို့ပေးသော လွတ်လပ်ရေးကား နာမည်သာ ရှိ၏။ တကယ့်အနှစ်သာရနှင့် ပြည့်စုံသော လွတ်လပ်ရေးမဟုတ်။ ထို့ကြောင့် ရှေ့တွင် ငါတို့သည် လွတ်လပ်စွာ အသင်းအဖွဲ့များ ဖွဲ့စည်း၍ တစ်ဖွဲ့နှင့် တစ်ဖွဲ့ တွေ့ဆုံဆွေးနွေးခွင့်ရစေရမည်။

www.burmeseclassic.com

www.burmeseclassic.com



(င) စိတ်၏ လွတ်လပ်မှု ရရှိပြီး နိုင်ငံတော်အစိုးရသည် ဘာသာရေးပြဿနာနှင့် စပ်လျဉ်း၍ ဂျပန်တို့ကဲ့သို့ ဘာသာရေး ဗန်းပြ၍ လူထုကို အသုံးမပြုရ။

(စ) ဗုဒ္ဓဘာသာ စေတီပုထိုး၊ ခရစ်ယာန်တို့၏ ဘုရားရှိခိုးကျောင်းများနှင့် မူဆလင်တို့ ဗလီကျောင်းများကို အနှောင့်အယှက်အဖျက်အဆီးမပြုရန်။

(ဆ) မတရားသဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်းများ မရှိစေရန်။

(ဇ) စီးပွားရေးနှင့် ပေါင်းသင်းဆက်ဆံရေး လွတ်လပ်မှုများရှိစေရန်၊ တရားသဖြင့် ဖြစ်စေရန်။

(ဈ) အလုပ်ခန့်ရာ၌ ကျားမ မရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး မျှမျှတတရှိ၍ သွေးခွဲမှု မရှိရန်။

(ည) လူတိုင်း အလုပ်လုပ်နိုင်ခွင့်ရှိရမည်။ အလုပ်ကျွမ်းကျင်သည်ဖြစ်စေ၊ မကျွမ်းကျင်သည်ဖြစ်စေ အလုပ်သမားများသည် ထိုက်လျောက်သည့်နေရာများ၌ အလုပ်ခန့်ထားပြီး အလုပ်တည်မြဲမှုလည်း ရှိရမည်။

(ဋ) တစ်အိမ်ထောင်အတွက် အိမ်ဆောက်ရန် သစ်ဝါးအခမဲ့ ရစေရမည်။ လိုင်စင်မယူဘဲ တစ်အိမ်ထောင်အတွက် ငါးရှာစားနိုင်ခွင့်ရှိရမည်။

(ဌ) အစိုးရအမှုထမ်းဖြစ်စေ၊ ကုမ္ပဏီအလုပ်သမားဖြစ်စေ၊ နေထိုင်စားသောက်ရေးအတွက် ပြည့်စုံစွာ ရရှိပြီး အလုပ်ချိန်ကန့်သတ်ရာတွင် လူတို့၏ ကျန်းမာရေးကို မထိခိုက်စေဘဲ တရားသဖြင့် ဖြစ်စေရမည်။

(ဍ) လူမျိုးဘာသာ ကျားမ မရွေး ပညာရေးတွင် လူတိုင်းညီမျှသော အခွင့်အရေး ရရှိစေရမည်။

(ဎ) ကရင်၊ ရှမ်း၊ ပလောင်၊ တောင်သူ၊ ချင်း၊ ကချင်၊ တရုတ်နှင့် အိန္ဒိယ စသည့် လူနည်းစုတို့၏ စီးပွားပေါင်းသင်းဆက်ဆံရေးနှင့် နိုင်ငံရေးကြိုးပမ်းမှုများတွင် အစိုးရသည် စောင့်ရှောက်ရမည်။

၃။ နိုင်ငံတော်အစိုးရလက်အောက်တွင် အမှုထမ်းသူမှန်သမျှ ပင်စင်လျော်ကြေးနှင့် ထောက်ပံ့ကြေးများ ရရှိစေရမည်။

၄။ လူမျိုးအများအပြားရှိရာ ယဉ်ကျေးမှုမပြည့်စုံသေးသော လူမျိုးများအား နိုင်ငံတော်အစိုးရက ယဉ်ကျေးမှုအဆင့်အတန်းရှိစေရန် ကူညီစောင့်မရမည်။

၅။ တိုးတက်မှုရှိစေမည့် ပညာရပ်များကို နိုင်ငံတော်အနှံ့အပြားတွင် သင်ကြားစေရမည်။ ဂျပန်များပေးသော ပညာများမှာ မြန်မာကလေးသူငယ်များအား သူလျှိုများသာ ဖြစ်စေပြီး မိမိတို့တိုင်းရင်းသားဘာသာစကားများကို မေ့ပျောက်သွားစေလေသည်။

၆။ ကျောင်းသားများကို အထက်တန်းပညာများ၊ လောကဓာတ်သုတေသနရှာဖွေစုဆောင်းရေး ပညာရပ်များကို သင်ကြားနိုင်စေရန် နိုင်ငံတော်အစိုးရက ထောက်ပံ့ကူညီရမည်။



၇။ တိုးတက်သည့် ခေတ်မီစိုက်ပျိုးရေး ပညာရပ်များကိုလည်း သင်ပေးနိုင်ရမည်။

၈။ အခွန်တော်ကောက်ခံရာ၌ တရားမျှတမှုရှိစေရမည်။

၉။ ကုန်စည်ပစ္စည်းလုပ်ကိုင်မှုနှင့် အလုပ်သမားများအတွက် ခေတ်မီစနစ်များကို အသုံးပြုရမည်။

၁၀။ အုပ်ချုပ်ရေးတွင် တံစိုးလက်ဆောင်စားခြင်း၊ လာဘ်ယူခြင်းများ မရှိစေဘဲ လူထုအကြိုက် အုပ်ချုပ်သွားရန် အစိုးရက ပြုပြင်ပေးရမည်။

၁၁။ တိုင်းပြည်နှင့် အမျိုးသားသစ္စာဖောက်သောသူတို့၏ ပစ္စည်းဥစ္စာများကို အစိုးရက သိမ်းယူရမည်။

၁၂။ တရားဥပဒေကိုလည်း ပြန်လည်ပြုပြင်ပြီး ဆင်းရဲသားတို့အား တရားမျှတမှုဖြစ်စေရမည့်အပြင် အကျဉ်းထောင်များကိုလည်း ပြန်လည်ပြုပြင်ရမည်။

အထက်ပါအချက်များကို ပြုပြင်ပြောင်းလဲခြင်းမရှိသမျှ ကာလပတ်လုံး အမျိုးသားတိုးတက်မှုနှင့် လမ်းမှန်သောတရားများ ရှိမည်မဟုတ်ပေ။ ထို့ပြင် မြန်မာနိုင်ငံ၌ ဂျပန်အရိုင်းအစိုင်းများ ရှိနေသမျှကာလပတ်လုံး အထက်ဖော်ပြပါ အချက်အလက်များကို ငါတို့ လိုလားသလောက် ပြုလုပ်ဆောင်ရွက်နိုင်မည် မဟုတ်။ ပြည်တွင်း၌ အစဉ်မငြိမ်မသက်ဖြစ်နေပြီး အကောင်းမရှိ၊ အဆိုးသာ ရှိနေချေမည်။ လူမျိုး၏အခွင့်အရေးများ တိုးတက်ရန် ဆောင်ရွက်ရေးနည်းလမ်းမရှိခဲ့သဖြင့် ငါတို့သည် မိစ္ဆာဂျပန်တို့ကို ပြည်တွင်းမှ တောထုတ်ပစ်ရလိမ့်မည်။ မိစ္ဆာများကို တောထုတ်နိုင်စေရန် အောက်ပါအတိုင်း ပြုလုပ်ကြလော့။

## တော်လှန်ရေးအစီအစဉ်

၁။ ဂျပန်တို့၏ ရေလမ်း၊ ကြည်းလမ်း အဆက်အသွယ်များကို ဖြတ်တောက်ဖျက်ဆီးပြီး မီးရှို့ရမည်။

၂။ ရွှေးတပ် သွေးတပ်ဖွဲ့ရာ၌ လူများသည် သူတို့အား အကူအညီမပေးဘဲ ရှောင်ရှားနေကာ လူစုပြီး တော်လှန်ကြရမည်။

၃။ လှေ၊ လှည်း၊ နွား အစရှိသည့် ယာဉ်များကို သိုဝှက်ထားကြရမည်။

၄။ ဂျပန်ကိုယ်စားလှယ်များနှင့် နိုင်ငံသစ္စာဖောက်များအား သုတ်သင်ပစ်ရမည်။

၅။ ဗမာ့တပ်မတော်သည် ပြောက်ကျားစနစ်ကို သုံးကာ ဂျပန်တို့အား တော်လှန်တိုက်ခိုက်ရမည်။

၆။ တော်လှန်ရာ၌ အခြေအနေ သတင်းမှန်တို့ကို ဖဆပလအဖွဲ့သို့ လာရောက်ပေးပြီး သတင်းမှားများကို ရန်သူ့နားသို့ ရောက်စေရန် ကြိုးပမ်းဆောင်ရွက်ရမည်။

www.burmeseclassic.com

www.burmeseclassic.com

၇။ မြို့နယ်များတွင် ဖတပလအဖွဲ့ခွဲများ ထူထောင်ကြပြီး ပြောက်ကျားများနှင့် အလုပ်သမားသမဂ္ဂများကို ထူထောင်ဖွဲ့စည်းရမည်။

၈။ ပါတီအချင်းချင်း၊ လူမျိုးအချင်းချင်း ဝိဝါဒကွဲပြားခြင်း မရှိစေရ။ တစ်ဦးနှင့် တစ်ဦး ပူးပေါင်းဆောင်ရွက်သွားရမည်။

ဂျပန်ဟုဆိုရာ၌ ငါတို့သည် ဖက်ဆစ်ဂျပန်များကိုသာ ရန်သူအမှတ်ထားကာ တိုက်ခိုက်ရမည်။ ဖက်ဆစ်ဂျပန်များသည် ငါတို့မြန်မာလူမျိုးများနှင့် အာရှတိုက်ရှိ အခြားလူမျိုးများကိုသာ ညှဉ်းပန်းနှိပ်စက်နေသည် မဟုတ်။ သူတို့တိုင်းပြည်၌ ရှိသော ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ဝင် ဂျပန်အမျိုးသားများကိုလည်း နှိပ်စက်ညှဉ်းပန်းလျက်ရှိလေသည်။

ဤသို့ နိုင်လိုမင်းထက် နှိပ်စက်ညှဉ်းပန်းမှုပြုလုပ်ခြင်းမှာ ဖက်ဆစ်ဂျပန် စစ်ဗိုလ် မျက်နှာကြီးများနှင့် ဖက်ဆစ်ဂျပန် နေရှင်ကြီးများဖြစ်သော မစ်ဆူဘီ၊ မစ်ဆူဘူရှိ၊ ဂူမီနိုနှင့် မြန်မာနိုင်ငံရှိ နာမည်ကြီး အမ်ကေကေ အစရှိသည့် ကုမ္ပဏီပိုင်ရှင်ကြီးများ၏ အကျိုးအတွက်သာ ဖြစ်လေသည်။ ဂျပန်နိုင်ငံတွင် ဂျပန်လူမျိုးအချို့တို့သည် ဖက်ဆစ်ဝါဒီကို မလိုလားကြဘဲ ဖက်ဆစ်ဂျပန်များနှင့် တစ်ဖက်တစ်လမ်းရှိနေကြရကား ထိုသူတို့၏ မကျေနပ်မှုများကို တစ်နည်းအားဖြင့် ပပျောက်လွင့်စဉ်သွားစေခြင်းငှာ ဖက်ဆစ်ဂျပန်တို့သည် အခြားနိုင်ငံများနှင့် စစ်တိုက်ခိုက်ကြလေသည်။ နိုင်ငံခြားများတွင် သူတို့၏ စီးပွားရေးနယ်ချဲ့လိုသော ဆန္ဒဖြင့် စစ်တိုက်ခဲ့ကြလေသည်။

သို့ဖြင့် အပေါ်ယံရွှေမှုန်ကြဲ အထဲက နောက်ချေးခံဖြစ်သော ဖက်ဆစ်ဝါဒကို ဖြန့်ကာ ဂျပန်အမျိုးသားအားလုံးတို့အား စစ်ထဲသို့ သိမ်းသွင်းခဲ့လေသည်။ စစ်တိုက်၍ နိုင်ခဲ့ပြန်လျှင်လည်း စစ်ရှုံးနိုင်ငံများတွင် ဂျပန်စစ်သားများသည် စစ်ဗိုလ်ကြီးများ၏ သဘောတော်ကျ တိုင်းသူပြည်သားတို့ကို မတရားနှိပ်စက်ညှဉ်းပန်းကြပြန်သည်။

ဂျပန်လူမျိုးများတွင် သာမန်ဂျပန်လူမျိုးတို့မှာ လူကောင်းများဖြစ်ကြလေသည်။ ဖက်ဆစ်ဂျပန်များသာလျှင် လူဆိုးများဖြစ်ကြသည်။ ထို့ကြောင့် စစ်ဦးစီးအဖြစ် ဆောင်ရွက်နေသော ဖက်ဆစ်ဂျပန်များ အရေးနိမ့် စစ်ရှုံးသွားခဲ့မှသာလျှင် အတိုက်အခံဖြစ်သော ဖက်ဆစ်ဆန့်ကျင်ရေးဂျပန်များ တက်လာရန် အလားအလာရှိလေသည်။

သို့ဖြစ်လေရာ ငါတို့သည် ဖတပလအဖွဲ့ကြီးက ညွှန်ကြားသည့်အတိုင်း တော်လှန်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြလျက် တော်လှန်ရေးတွင် သာမန် ဂျပန်စစ်သို့ပန်းများကို ညှဉ်းဆဲသတ်ဖြတ်ခြင်းမပြုဘဲ ကောင်းမွန်စွာ စောင့်ရှောက်ထားပြီး စစ်ဌာနချုပ်သို့သော်လည်းကောင်း၊ အဖွဲ့ချုပ်သို့သော်လည်းကောင်း ပို့ဆောင်ရမည်။



ဂျပန်စစ်သားတစ်ယောက်ကို တွေ့လျှင် သုတ်သင်ပစ်မည့်အစား ငါတို့ ဌာနချုပ်သို့ ခေါ်ဆောင်ခဲ့ကြလော့။ ဂျပန်တစ်ယောက်ကို သုတ်သင်လိုက်ခြင်းဖြင့် စစ်နိုင်သည် မဆိုနိုင်ပေ။ စစ်တိုက်ရာတွင် အသုံးကြေးသဖွယ်ဖြစ်သည့် တံတားများနှင့် ဆက်သွယ်ရေးအချက်အချာများ၊ လက်နက်ခဲယမ်းမီးကျောက်သိုလှောင်ရာ နေရာများကို ဖျက်ဆီးနိုင်မှသာ ဂျပန်တို့ အရေးနိမ့်သွားပြီး မြန်မာနိုင်ငံအတွင်းမှ ထွက်သွားကြပေလိမ့်မည်။

### အောင်လံတော်

ဖတပလအဖွဲ့ချုပ်၏ အောင်လံတော်မှာ အနီရောင်ခံလျက် လက်ဝဲဘက်နှင့် အထက်ထောင့်တွင် ကြယ်ဖြူတစ်ပွင့်ရှိသည်။ အနီရောင်၏သဘောမှာ ၁။ ရဲရင့်ခြင်း ၂။ လူထုစည်းရုံးခြင်း ၃။ ကမ္ဘာပေါ်ရှိ လူမျိုးတို့၏ သွေးစည်းတက်ကြွစေသည်။ ကြယ်ဖြူ၏သဘောမှာကား လွတ်လပ်ရေးနှင့် တိုးတက်ရေးရရှိရန် လူတို့အား ရှေ့ဆောင်သည့် သောက်ရှုံကြယ်ပင် ဖြစ်သည်။

### ရဲဘော်တို့...

လွတ်လပ်ရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အလိုရှိက သင်တို့သည် ဖက်ဆစ်ဂျပန် မိစ္ဆာကောင်များကို တောထုတ်ပစ်ကြလော့...

လူထုအစိုးရကို တည်ထောင်လော့...

ဖက်ဆစ်ဝါဒကို ချေမှုန်းလော့...

ဒီမိုကရေစီဝါဒ လက်ကိုင်ထားသော မဟာမိတ်တပ်များနှင့် ပူးပေါင်းဆောင်ရွက်ကြလော့...

ဦးစီးအဖွဲ့<br>
မြန်မာပြည်အမျိုးသားတပ်ဦး<br>
ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်<br>
(မြန်မာနိုင်ငံ)

### ) ဂျပန်ဖက်ဆစ် လုံး၀ သုတ်သင်ရေး

အိန္ဒိယနိုင်ငံသို့ ရောက်နေသော မြန်မာနိုင်ငံ ဖက်ဆစ်ဆန့်ကျင်ရေး ...အားစု၏ ကိုယ်စားလှယ် သခင်သိန်းဖေ(သိန်းဖေမြင့်)သည် မြန်မာနိုင်ငံမှ ...က်သော ပြောက်ကျားပညာသင်များကို နိုင်ငံရေးသင်တန်းများ ပေးရင်းမှ ...က်မှလည်း စာတမ်းတစ်စောင်ကို ရေးသားပြုစုခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



၎င်းစာတမ်း၏အမည်မှာ 'ဖက်ဆစ်ဂျပန်များ လုံးဝသုတ်သင်ရေး'ဟု အမည်ပေးထား၏။ စာတမ်း၏သဘောမှာ ဖက်ဆစ်ဂျပန်များ၏ လက်အောက်မှ လွတ်မြောက်ပြီးသော နယ်မြေများကို ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုက သိမ်းပိုက်အုပ်ချုပ်သွားသောအခါ၌ ပြုလုပ်ဆောင်ရွက်ရမည့် မူဝါဒ သဘောတရားများ ဖြစ်လေသည်။

ယင်းစာတမ်းကို ရေးသားပြီးလျှင် မြန်မာနိုင်ငံရှိ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများဖြစ်ကြသော ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးနှင့် ဗမာပြည်ကွန်မြူနစ်ပါတီသို့ အိန္ဒိယမှ ပေးပို့ခဲ့လေသည်။ ၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလတွင် သခင်သိန်းဖေသည် မြန်မာနိုင်ငံသို့ ပြန်သွားမည်ဖြစ်သော ပြောက်ကျားစစ်ပညာသင် ရဲဘော်တစ်ဦးနှင့်အတူ ၎င်းစာတမ်းကို မြန်မာနိုင်ငံသို့ ပေးပို့ခဲ့၏။

လက်ပံတန်းနယ်မြေသို့ ညဥ့်အချိန်တွင် လေယာဉ်ပျံမှ လေထီးဖြင့် လျှို့ဝှက်စွာဆင်းလာသော ရဲဘော်ရဲထွန်းနှင့် ရဲဘော်ချာလီတို့ထံတွင် ၎င်းစာတမ်းကို ပေးပို့ခဲ့ခြင်းဖြစ်၏။ (ရဲဘော်ရဲထွန်းမှာ နောင်အခါ တောင်ကြီးမြို့၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့တွင်လည်းကောင်း၊ ရဲဘော်ချာလီမှာ အငြိမ်းစားဗိုလ်ကြီး အဖြစ်လည်းကောင်း ရှိနေသည်ဟု သိရ၏။)

ရဲဘော်ရဲထွန်းနှင့် ရဲဘော်ချာလီတို့သည် ဂျပန်ဖက်ဆစ် လုံးဝ သုတ်သင်ရေးစာတမ်းနှင့် ဝိုင်ယာလက်စက်၊ လက်နက်အစုံအလင်ဖြင့် လက်ပံတန်းမြို့ အရှေ့မြောက်ဘက်ရှိ ၆ မိုင်ခန့်ဝေးသော ရွာတစ်ရွာသို့ လေထီးဖြင့် ဆင်းလာရင်း ဂျပန်တပ်သားများ၏ ဝိုင်းဝန်းဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ရဲဘော်နှစ်ဦး၏ လျင်မြန်ဖျတ်လတ်မှုကြောင့် ဂျပန်များ၏ ဖမ်းဆီးခြင်းကို မခံရသော်လည်း ဝိုင်ယာလက်စက်နှင့် လက်နက်များကို စွန့်ထားခဲ့ရတော့သည်။ ဂျပန်ဖက်ဆစ် လုံးဝသုတ်သင်ရေးစာတမ်းကိုသာ အရယူ၍ ပြေးခဲ့ရလေသည်။

ရဲဘော်ရဲထွန်းတို့သည် ၎င်းစာတမ်းကို မြန်မာနိုင်ငံရှိ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးသည်လည်းကောင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီသည်လည်းကောင်း ဤစာတမ်းပါ အချက်အလက်များကို လေ့လာပြီးလျှင် လက်ခံအတည်ပြုခဲ့ကြလေသည်။



## ဖက်ဆစ်လက်အောက်မှ လွတ်မြောက်ပြီးသော နယ်များအတွက် လုပ်ငန်းစဉ်

(၁)

မဟာမိတ်တပ်များနှင့်အတူတူ ငါတို့ ဗမာပြည်သူပြည်သားအများသည် ဂျပန်ကို မောင်းထုတ်လျှင် မြန်မာပြည် ဂျပန်လက်က လွတ်မြောက်သော အခါ၌...

၁။ ဂျပန်ဖက်ဆစ်ပျက်စီးခြင်း မဟုတ်သေးကြောင်းကို ငါတို့ နားလည်ကြရမည်။ ဗမာပြည်၊ ယိုးဒယား၊ မလေးယား၊ ဖိလစ်ပိုင်နှင့် အရှေ့အာရှကျွန်းစုများမှ ဂျပန်ဆုတ်ခွာပြေးခြင်းသည် ၎င်း၏ ပထမကာကွယ်ရေးနယ်နိမိတ်မှ သို့မဟုတ် အပြင် ကာကွယ်ရေးမျဉ်းကြောင်းမှ အတွင်းကာကွယ်ရေးမျဉ်းကြောင်းသို့ ရွှေ့ပြောင်းခြင်းသာ ဖြစ်သည်။

တရုတ်ပြည်သည် ဂျပန်၏ တကာယ်အင်အားဖြစ်သည်။ လွန်ခဲ့သော ၆ လ အတောအတွင်းက တရုတ်ပြည်ရှိ ဂျပန်အင်အားသည် အဆပေါင်းများစွာ တိုးတက်ခဲ့သည်။ ဂျပန်တို့သည် မိုင်တစ်ထောင်ကျော် တိုးတက်လျက် လူဦးရေတစ်သိန်းကျော်ရှိသော မြို့ကြီးပေါင်း ၄၇ မြို့ကို ထို ၆ လ အတောအတွင်း သိမ်းပိုက်နိုင်ခဲ့သည်။ မန်ချူးရီးယားပြည် မိုက်ဒင်မြို့မှ တရုတ်ပြည်တောင်ပိုင်း တင်းတောင်မြို့ရှိ တစ်လျှောက်လုံးသော မီးရထားလမ်းကို သိမ်းပိုက်နိုင်ခဲ့သည်။

(မဟာမိတ်တို့က ဗမာပြည်ကို သိမ်းပိုက်နိုင်ခြင်းသည် ဂျပန်တိုက်ခိုက်ရေး စစ်ပွဲတွင် မဟာမိတ်တို့က ဂျာမနီလွှမ်းသော ဥရောပတိုက်ကို ဝင်ရောက်ချဉ်းနင်းရေးအတွက် မြောက်ပိုင်းအာဖရိကတိုက်ကို သိမ်းပိုက်မိခြင်းမျှသာ အဓိပ္ပာယ်ရှိလေသည်။)

မဟာမိတ်တို့သည် ဂျာမနီကို နိုင်အောင် ဝင်ရောက်တိုက်ခိုက်ရရှိသော အခါ အာဖရိကမြောက်ပိုင်းကို ဂျာမနီ၊ အီတလီတို့လက်မှ ကယ်တင်လွှတ်မြောက်စေရသကဲ့သို့ ဂျပန်ကို အပြီးအပိုင်နိုင်အောင် တိုက်ရမည်။ မဟာမိတ်တို့သည် တရုတ်ပြည်ရှိ ဂျပန်၏ အဓိကအင်အားကို ဝင်ရောက်မဖျက်ဆီးနိုင်မီ ဗမာပြည်ကို သိမ်းပိုက်နိုင်ခြင်းဖြစ်လေသည်။

ယခုတိုင် ဂျပန်လက်ထဲတွင် တပ်မဟာ (ဒီဗီဇံတပ်ပေါင်း) တစ်ရာမျှ ရှိသေးသည်။ သို့ကြောင့် ဗမာပြည်မှ ဂျပန်တို့ ဆုတ်ခွာသွားပြီးနောက် အနည်းဆုံး ၂ နှစ်ကြာအောင် တိုက်ခိုက်ရဦးမည်။

(က) ဖက်ဆစ်ဂျပန် လုံးဝပျက်ပြားခြင်း မရှိသေးဘဲနှင့် တရုတ်ပြည်ကြီးသည် အင်အားတောင့်တင်းသော လွတ်လပ်သည့် တကာယ်ဒီမိုကရေစီနိုင်ငံကြီး မဖြစ်နိုင်သေး။ တရုတ်ကွန်မြူနစ်ပါတီက တည်ထောင်၍ ထားသော အများပြည်သူ

www.burmeseclassic.com

www.burmeseclassic.com



တို့၏ အိုးရ (ဝါ) လူထုကြီး၏အစိုးရသည် ယခုအခါ တရုတ်လူမျိုး သန်းပေါင်း ၉ဝ ကျော်ကို အာဏာလွှမ်းမိုးနေရာမှ တစ်ပြည်လုံး အာဏာလွှမ်းမိုးနိုင်သော အချိန်သည် ဖက်ဆစ်ဂျပန်ပြုတ်ကျသောအခါမှ ဆိုက်ရောက်လိမ့်မည်။ ထိုသို့သော အချိန်ကျရောက်မှ တရုတ်ပြည်သည် အရှေ့နိုင်ငံများ လွတ်လပ်ရေးအတွက် ဖွက်ဖက်ဆောင်ရွက်နိုင်လိမ့်မည်။

(ခ) ဂျပန်တို့ ဗမာပြည်မှ ထွက်ပြေးရသော အချိန်နှင့် မရှေးမနှောင်းပင် ဂျာမန်ဖက်ဆစ်တို့သည် လုံးဝပုန်းပုန်းကျလျက် ဆုံးရှုံးလိမ့်မည်။ ထိုသို့ ဂျာမန် ဆုံးရှုံးသောအခါမှာ ဂျပန်ဖက်ဆစ်တိုက်ခိုက်ရေးတွင် ဆိုဗီယက်ယူနီယံ၏ ဖွက်ဖက်ကူညီခြင်းမပါဘဲနှင့် မပြီးနိုင်။ ဂျပန်ဖက်ဆစ်တိုက်ဖျက်ရေးအတွက် ကူညီဖွက်ဖက်သော ဆိုဗီယက်ယူနီယံသည် အရှေ့ဖျားနိုင်ငံများ လွတ်လပ်ရေးအတွက် ထောက်ထားမှီခိုရာအကြောင်းတရားဖြစ်မည်မှာ ယုံမှားဖွယ်ရာ မရှိပေ။

၂။ ယခုအခါ ဗြိတိသျှနယ်ချဲ့သမားများသည် ယိမ်းယိုင်ပျက်ပြားနေစေကာမူ အင်အားချည့်နဲ့ခြင်း မရှိသေး။ ဗြိတိသျှနယ်ချဲ့သမားသည် ဥရောပတိုက်၌ အခြေစိုက်နေခဲ့သော ရေသောက်မြစ်တို့သည် ဥရောပပြည်သူပြည်သား လူအများ၏ ပယောဂဖြင့် ပျက်ပြားကုန်သည်ကား မှန်၏။ ဗြိတိသျှနေရှင် နယ်ချဲ့သမားများ၏ ဩဇာအာဏာများသည် ကနေဒါ၊ ဩစတြေးလျ စသော အမေရိကန်ပြည်များတွင် ပျက်ပြားကုန်သည်ကား မှန်၏။ ၎င်းခြယ်လှယ် လွှမ်းမိုးခြင်းခံရသော အာရေဗီယား ပါးရှား စသော အရှေ့အလယ်ပိုင်းနိုင်ငံများ သည် ၎င်း၏ လက်ခုပ်ထဲမှ လွတ်မြောက်စ ပြုနေသည်ကား မှန်၏။

သို့သော် ၎င်း၏ အကြီးဆုံးသော ရေသောက်မြစ်ကြီးတစ်ခုဖြစ်သည့် အိန္ဒိယတိုင်းရင်းသား နေရှင်ခေါင်းဆောင်တို့သည် ဟိန္ဒူ၊ မူဆလင် ညီညွတ်၍ တလုံးတစည်းတည်း လွတ်လပ်ရေးကို အရယူနိုင်သောအခြေသို့ မရောက်သေး။ အင်္ဂလန်ပြည်တွင်လည်း လက်ဝဲဂိုဏ်းတို့သည် ညီညွတ်စည်းလုံးကာ လက်ယာဂိုဏ်းများကို မတိုက်ဖျက်နိုင်သေး။ ယခုတိုင် ကွန်မြူနစ်ပါတီနှင့် လေဘာပါတီ မပေါင်းမိသေး။ လေဘာပါတီခေါင်းဆောင် အချောင်သမားတို့သည် လက်ယာဂိုဏ်းသားတို့နှင့် ညှိနှိုင်းကာ ဗြိတိသျှလူထုကြီး၏အင်အားကို ခုခံလျက် ရှိသေးသည်။

၃။ ငါတို့ ဗမာပြည်သူပြည်သားလူထုကြီးသည် တစ်ကြိမ်တစ်ခါမျှနှင့် မတူအောင် နိုးကြားသည်ကား မှန်၏။ လွတ်လပ်ရေးအတွက် သွေးဆူနေကြသည်ကား မှန်၏။ သို့သော် အစည်းအရုံးနှင့် စနစ်ကျသော အင်အားကား မရှိသေး။ ငါတို့ ပါတီဝင်များသည် ပါတီစိတ်ရှိကြသည်ကား မှန်၏။ ပါတီကို သစ္စာရှိ၏။



ပါတီဝင်တို့၏ တကယ့်သတ္တိဗျတ္တိလည်း ရှိ၏။ သို့သော် ပါတီကျင့်၊ ပါတီကြံ၊ ပါတီစည်းကမ်း၊ ပါတီပညာ နည်းသေး၏။ စိတ်ထားအင်အား နည်းသေးသည်။ အတွေ့အကြုံ နည်းသေးသည်။

၄။ ငါတို့လူထုကြီးသည် စစ်ကြောင့် ပင်ပန်းနွမ်းနယ်နေကြသည်။ ရောဂါဘယ ထူနေကြသည်။ ၎င်းတို့၏ ပင်ပန်းနွမ်းနယ်မှု၊ ရောဂါထူပြောမှု စသော နေရေးထိုင်ရေးကိစ္စများတွင် ငါတို့က ဖြစ်မြောက်စွာ ကူညီလျက် စည်းရုံးမပေးနိုင်ဘဲနှင့် ဆက်တိုက် လွတ်လပ်ရေးတိုက်ပွဲကို ခေါ်ဆောင်လျှင် အောင်မြင်ရန် အကြောင်းမရှိသေး။

(၂)

ဗမာပြည် ဂျပန်လက်အောက်မှ လွတ်မြောက်သော အချိန်မှ ဂျပန်တို့က ခြွင်းချက်မရှိ အဆုံးရှုံးပေးရသော အချိန်အထိတိုင်အောင်သော ကာလကို ပြင်ဆင်ချိန်ဟူ၍ ခေါ်ရမည်။ ထိုကာလအတောအတွင်း ငါတို့သည် ငါတို့ တိုင်းပြည်လွတ်လပ်ရေးအတွက် ပြင်ဆင်ရမည်။ ငြိမ်းချမ်းစွာ တိုးတက်သော ကမ္ဘာသစ်ကို တည်ထောင်ရာ၌ ငါတို့သည် လွတ်လပ်သော တိုင်းပြည်တစ်ခု အဖြစ် ပါဝင်ကြရန် ပြင်ဆင်ရမည်။

၁။ ငါတို့၏ နိုင်ငံရေးလုပ်ငန်းအကြီးဆုံးမှာ ဖက်ဆစ်ကို အပြီးအပိုင် အဆုံးအထိ တိုက်ဖျက်ရေးဖြစ်သည်။

၂။ ငါတို့၏ တိုင်းပြည်ကို ပြန်လည်ထူထောင်ရမည်။ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေးအားလုံး အစရှိသော အရေးတို့ကို ပြန်လည်ပျိုးထောင်ခြင်း၊ တိုင်းသူပြည်သားတို့ ငတ်မွတ်ခေါင်းပါးခြင်း၊ အနာရောဂါကပ်ရောက်ခြင်းတို့ကို နည်းအမျိုးမျိုးတို့ဖြင့် ပြေပျောက်ပေးရမည်။ စစ်ကြောင့် တိုင်းသူပြည်သားတို့၏ ပေါင်းသင်းဆက်ဆံရေး၊ လူမှုရေးရာအဖြာဖြာနှင့် အကျင့်စာရိတ္တပျက်ပြားနေခြင်းကို ပြန်လည်ပြုခြင်း၊ ၎င်းတို့ကို တိုင်းပြုပြည်ပြုလုပ်ငန်းများဟု ခေါ်ကြစို့။

၃။ ငါတို့၏စစ်တပ်ကို ပြန်လည်ပြုပြင်၍ ဗြိတိသျှနယ်ချဲ့သမားတို့က ဗမာနိုင်ငံ၏ အမြဲတမ်းစစ်တပ်အဖြစ် အသိအမှတ်ပြုအောင် နည်းအမျိုးမျိုးဖြင့် အားထုတ်ရမည်။ ထိုသို့ အားထုတ်ရာ၌ ငါတို့ လက်ကိုင်ပြုအပ်သော ကြွေးကြော်သံနှစ်ရပ်မှာ အောက်ပါအတိုင်းပင်။

(က) ဂျပန်သည် အဆုံးသတ်မရှုံးသေးသမျှ ငါတို့ လွတ်လပ်ရေးအတွက် စိတ်မချနိုင်သေး။ ဂျပန်သည် တရုတ်ပြည်တွင် အခြေစိုက်နေသမျှ ကာလပတ်လုံး ငါတို့၏ လွတ်လပ်ရေးလုပ်ငန်းကြီးကို အန္တရာယ်ပြုနေဦးမည်။ ဂျပန်ကို အပြီးအပိုင်နိုင်ရေးသည် ငါတို့ ဗမာအပေါင်းတို့၏ အဓိကလုပ်ငန်းဖြစ်ပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့် တပ်မတော်ကို အသိအမှတ်ပြုရမည်။ (ဂျပန်ကို အကြွင်းမဲ့သုတ်သင်ရေး)

(ခ) ငါတို့ တိုင်းသူပြည်သားများ၏ အကူအညီကို မယူဘဲ ငါတို့ဗမာများကို ဗမာပြည်၏ ကာကွယ်ရေးတွင် ပါဝင်ဆောင်ရွက်ခွင့် ထိရောက်စွာမပေးဘဲ ငါတို့ဗမာများအား စစ်သွေးကြွအောင် မလှုံ့ဆော်ဘဲ လျစ်လျူရှုနေခဲ့သော ဗြိတိသျှနယ်ချဲ့သမား၏ မဟာအမှားတော်ကြောင့် ငါတို့ဗမာပြည်သည် ဂျပန်လက်သို့ ကျရောက်ခဲ့သည်။

နောက် ထိုကဲ့သို့သော ရန်စကလူပြုမှုလာပြန်သော နိုင်ငံခြားသားနယ်ချဲ့သမားတို့၏ ဘေးရန်မှ ငါတို့၏တိုင်းပြည်ကို ငါတို့ ကာကွယ်နိုင်ဖို့ အရေးကြီးသည်။ ဗြိတိသျှနယ်ချဲ့သမားသည် ငါတို့တိုင်းပြည်ကို ချက်ချင်း လွတ်လပ်ရေးမပေးသည်မှာ ကိုယ့်ကိုယ်ကိုယ် မကာကွယ်နိုင်သောကြောင့် ဟူ၍ ဆင်ခြင်ပြလေ့ရှိသည်။ ငါတို့သည် ငါတို့ကိုယ်ကိုယ် ကာကွယ်နိုင်ရမည်။ ငါတို့သည် အမြန်နှင့် အမြန် လွတ်လပ်စေတော့မည်။ လွတ်လပ်သော ဗမာပြည်ကို ကာကွယ်ရေးအတွက် ငါတို့သည် ယခုက ပြုပြင်ရမည်။ ထို့ကြောင့် ငါတို့ ကာကွယ်ရေးအတွက် တပ်မတော်ကို အသိအမှတ်ပြုရမည်။

(ဂ) ဂျပန်ချုန်ရစ်ခဲ့သော ပဉ္စမ်တပ်သားများနှင့် သူခိုး၊ ဓားပြ စသော လူထုကြီး၏ ရန်သူများကို နှိပ်ကွပ်ရန် ငါတို့ တပ်မတော်ကို အသိအမှတ်ပြုရမည်။

၄။ လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်၊ စည်းရုံးခွင့် စသော အများကြိုက် အခွင့်အရေးရရှိအောင် လုံးပန်းရမည်။

၅။ စစ်ကြီးပြီးသောအခါ နောက်တစ်ဖန် စစ်မဖြစ်နိုင်အောင် မိုင်မြဲသော ငြိမ်းချမ်းရေးကို ရနိုင်အောင် (ဝါ) အများကြိုက်ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်အောင် (တိုင်းပြည်တိုင်း၊ တိုင်းပြည်တိုင်း) ၎င်းတို့၏ အသီးသီးသော ကံကြမ္မာကို ၎င်းတို့ကိုယ်တိုင် လွတ်လပ်စွာ ဖန်တီးခွင့်၊ လူတစ်မျိုးနှင့် တစ်မျိုး တန်းတူအခွင့်အရေးရရှိမှု၊ ထိုအခွင့်အရေးများကို ငါတို့ ရရှိအောင် အားထုတ်ရမည်။ (ထိုအခွင့်အရေးကို ငါတို့တိုင်းပြည်ရှိ အားလုံးသော လူအပေါင်းတို့က ခွဲခွဲမြဲမြဲ လိုလားလာအောင် ငါတို့ လှုံ့ဆော်ကြရမည်။)

၆။ လူထုကြီး၏ အတန်းအစားအလိုက် သက်ဆိုင်ရာ အစည်းအရုံးများကို တည်ဆောက်ရမည်။ ဤလုပ်ငန်းများကို တွင်ကျယ်စွာ လုပ်ကိုင်နိုင်ရန် ဂျပန်လက်အောက်မှ စ၍ အုတ်မြစ်ချရမည်။ ဂျပန်ကို မောင်းထုတ်ရာ၌ ငါတို့သည် အကြွင်းမဲ့လောက် လုပ်နိုင်၏။ ထိုမျှလောက်သော အင်အားဖြင့် ငါတို့သည် အထက်ပါလုပ်ငန်းများကို ဆက်တိုက်ဆောင်ရွက်နိုင်လိမ့်မည်။ ငါတို့သည် ဂျပန်ကို မောင်းနှင်ထုတ်ရာ၌ လူထုကြီးကို ထိုမျှလောက် လှုံ့ဆော်စည်းရုံး



နိုင်၏။ အထက်ပါ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ အကြွင်းမဲ့လောက် အောင်လိမ့်မည်။ ဂျပန်တိုက်ဖျက်ရေး ပြည်လုံးကျွတ်သူပုန်ကြီးတွင် လူထုကြီးကို လှုံ့ဆော်ခြင်း၊ လူထုကြီးကို စည်းရုံးခြင်း၊ လူထုကြီး ပါဝင်ဆောင်ရွက်စေခြင်း၊ လူထုကြီးထဲမှ ထူးချွန်ဉာဏ်ရှိသော ခေါင်းဆောင်များ ပေါ်ပေါက်စေခြင်း စသည့် လူထုကြီးလုပ်ငန်းသည် အရေးအကြီးဆုံးဖြစ်သည်။

## (၃)

## ပြောက်ကျားတပ်သားများ

ပြောက်ကျားတပ်သားများသည် တောပုန်းများ မဟုတ်။ တိတ်တိတ်ပုန်းလုပ်ကြသော လူသတ်ယောကျ်ားများ သက်သက်မဟုတ်။ ပြောက်ကျားတပ်သားများသည် တော်လှန်ရေးသမားများ ဖြစ်ကြသည်။ သူပုန်များဖြစ်သည်။ လူထုကြီး၏ အရေးတော်ပုံတွင် လက်နက်စွဲ၍ ဝင်ရောက်တိုက်ခိုက်နေသူများ ဖြစ်သည်။

ဂျပန်ကို တော်လှန်တိုက်ခိုက်ရာ၌ ပြောက်ကျားတပ်များသည် တစ်ယောက်ကောင်း၊ နှစ်ယောက်ကောင်း လူထုကြီးနှင့် အဆက်ပြတ်၍ တိုက်ရန် မဟုတ်။ ဂျပန်တော်လှန်ရေးတိုက်ပွဲသည် တစ်မျိုးသားလုံးအုံကြွကာ ထတိုက်သော တိုက်ပွဲဖြစ်ရမည်။ အိမ်ပေါက်စေ့ တိုက်ပွဲဖြစ်ရမည်။ ပြည်လုံးကျွတ် တိုက်ပွဲဖြစ်ရမည်။

လက်နက်စွဲကိုင်နိုင်သော အခြားသူများကို ရပ်ရွာကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းပေးရမည်။ ထိုကာကွယ်ရေးအဖွဲ့များသည် ပြောက်ကျားတပ်သားများ လူလိုသောအခါ လူအကူအညီပေးနိုင်ရမည်။ ၎င်းတို့သည် ပြောက်ကျားတပ်သားများ ရန်သူ၏သတင်းကို ရှာဖွေ၍ ပေးခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သူနာပြုခြင်း၊ ကျွေးမွေးခြင်း၊ ညွှန်ခြင်း စသော အလုပ်ဝတ္တရားဖြင့် ပုန်ကန်မှုကြီးတွင် ထိရောက်စွာ ပါဝင်ကြရမည်။

ပြောက်ကျားတပ်သားတို့ စွဲကိုင်သော လက်နက်များသည် တစ်စုံတစ်ယောက်သောသူ၏ ကိုယ်ပိုင်လက်နက် မဖြစ်စေရ။ ဘုံပိုင်သော လက်နက် ဖြစ်စေရမည်။ (အသင်းပိုင် ဖြစ်စေရမည်။)

ပြောက်ကျားတပ်သားများ အစွမ်းအားဖြင့် အောင်ပွဲများ ရသောအခါ တစ်ရွာလုံး တစ်ရပ်လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်သွားအောင် အောင်ပွဲခံရမည်။ အကယ်၍ ဂျပန်များကို သုံ့ပန်းအဖြစ်ရလျှင် တစ်ရပ်လုံး တစ်ရွာလုံး မြင်အောင် လိုက်ပြရမည်။

ငါတို့ ပြောက်ကျားတပ်များသည် ခဏတစ်ဖြုတ်ဖြစ်ဖြစ် အာဏာရသော

www.burmeseclassic.com

www.burmeseclassic.com



နေရာ၌ ငါတို့ကြောက်ကျားတပ်များသည် လက်နက်စွဲကိုင်၍ ရပ်သူရွာသား တို့ရှေ့တွင် စစ်ရေးပြခြင်း၊ စီတန်းလှည့်လည်ခြင်း စသော လုပ်ငန်းများ ဖြင့် အားလုံးသော လူတို့ စစ်သွေးကြွလာအောင် လှုံ့ဆော်ပေးရမည်။ ထိုသို့ အားဖြင့် ရပ်သူရွာသားအားလုံးတို့သည် ပုန်ကန်မှုကြီး၌ တတ်နိုင်သည့်ဘက် မှ ဝင်ရောက်ဆောင်ရွက်လာအောင် လှုံ့ဆော်ပေးရမည်။

ဆောင်သူများကို စည်းရုံးခြင်း

(က) ၎င်းတို့၏ လုပ်ငန်းဖြစ်သော ကောက်ပဲသီးနှံ အစားအစာ ကုန်ပစ္စည်းများကို ဂျပန်လက်သို့မရောက်အောင် သိုဝှက်ရန် အဖွဲ့များ ဖွဲ့ပေးရမည်။ (ပစ္စည်းသိုဝှက်ရေးကော်မတီ)

(ခ) ဂျပန်လက်သို့ အလုပ်သမားများ မရောက်အောင် ကာကွယ်ပေးခြင်း၊ ဂျပန် လက်တွင်း ရောက်နေပြီးသော အလုပ်သမားများကို ကယ်ဆယ်ခြင်း စသည် တို့ကို ဆောင်ရွက်ရန်အတွက် ရွှေ့ပြောင်းလုပ်ကိုင်ရေး ကော်မတီအဖွဲ့ ဖွဲ့စည်း ပေးရမည်။

(ဂ) တစ်အိမ်နှင့် တစ်အိမ် အစားအစာ အသုံးအဆောင် လဲလှယ်ပေးခြင်း စသော လုပ်ငန်းများအတွက် ဆက်သွယ်ရေးကော်မတီ ဖွဲ့စည်းပေးရမည်။

(ဃ) ဂျပန်သူလျှိုများကို စုံထောက်ခြင်း၊ ဂျပန်အသွားအလာကို ကင်းထောက်ခြင်း၊ ရန်သူက လူအများကို ရန်ရှာရန် ကြံစည်မှု စသည်များကို စုံထောက်ခြင်း စသော လုပ်ငန်းများအတွက် မထောက်လှမ်းရေးကော်မတီ ဖွဲ့စည်းပေးရမည်။

ထိုသို့သော လူထုကြီးနှင့် သက်ဆိုင်သော အဖွဲ့အစည်းမျိုးကို ဖွဲ့[illegible] ဆိုင်ရာတာဝန်ခံတို့ကို စည်းကမ်းစနစ်တကျ ဆောင်ရွက်နိုင်စေရမည်။

မြို့သားများ စည်းရုံးခြင်း

ရေနံစက်၊ ကွင်းမိုးစက်၊ ပန်းပဲ၊ ရှူညီစက်၊ အင်ချုပ်စက် စသော [illegible] အလုပ်သမားများကို ပထမဆုံးအလုပ်ကို နှေးနှေးလုပ်အောင် သွန်သင်[illegible] ရမည်။

ဒုတိယ။ ။ စက်ကိရိယာများ ဘေးဘေးအပျက်ပြားအောင် လုပ်ပေးရမည်။

တတိယ။ ။ စက်ကိရိယာများ မီးလောင်အောင်၊ လုံးဝပျက်ပြားအောင် လုပ်ပေးရမည်။

နောက်ဆုံးတွင် အရေးတော်ပုံကြီးနှင့် တစ်ပြိုင်နက်တည်း သပိတ်[illegible] အောင် လုပ်ပေးရမည်။ ထိုလုပ်ငန်းတို့အတွက် အလုပ်သမား အစည်းအ[illegible] များ ထောင်ပေးရမည်။ လျှို့ဝှက်ရာဖြစ်စေ၊ အခြေအနေသာသော [illegible] ၌ ပွင့်လင်းစွာဖြစ်စေ ဖွဲ့ပေးရမည်။



တိုင်းသူပြည်သားတို့ သုံးစွဲရန် လုပ်နေသော အလုပ်သမားများ၊ ဥပမာ ဆေးလိပ်လိပ်သူ စသည်တို့ကိုပါ အလုပ်မပျက်အောင် စောင့်ရှောက်ကူညီ ပေးရန်၊ ဥပမာ မြို့တစ်မြို့၌ ဂျပန်သောင်းကျန်းမှုကြောင့် ဆေးလိပ်စုံအလုပ် ရပ်သည် ဆိုကြပါစို့။ အလုပ်သမားအစည်းအရုံးက ကြိုးကြိုးကုတ်ကုတ် အိမ်ပေါက် စေ့ အလုပ်ခွဲ၍ လုပ်စေရမည်။ ထားရျက်ခြင်း၊ အထည်ရက်ခြင်း စသည်တို့ တွင်လည်း ထို့အတူပင်။

ငါတို့ အလုပ်သမားများ လက်ကိုင်စွဲရမည့် ကြွေးကြော်သံမှာ "ဂျပန် အတွက် အလုပ်တွေ ဖျက်၊ ပြည်သူ့အတွက် အလုပ်မပျက်။

ဆိုက်ကား၊ မြင်းရထား၊ လှည်းရထား၊ လှေ၊ လှည်း စသည်တို့သည် အားလုံး ရပ်စဲစေရမည်။ မရပ်စဲက ဂျပန်က ထိုအရာအားလုံးတို့ကို ဖျက်ဆီးပြေးလိမ့် မည်။ ထို့ပြင် ဆောင်ရေးသမားများ၏ တာဝန်မှာ ဆိုက်ကား၊ မြင်းရထား စသည်တို့ကို ဖြုတ်၍ ဖုံးကွယ်ထားရန် ဖြစ်သည်။ ထိုသို့ ရပ်စဲနေသော အချိန် အတွင်းတွင် စားသောက်ရေးအတွက် အကျပ်အတည်းတွေ့ရမည်ဖြစ်ရာ ၎င်းတို့၏ အစည်းအရုံးက အစားအသောက် ရှာဖွေပေးရမည်။ ဥပမာ ဆန် ပေါများသောသူထံမှ ဆန်ပေါ်ရွေးရှာပေါ်သွင် အသင်းက တာဝန်ယူ၍ ချေးနိုင်၏။

ဈေးရောင်းသူများ

ဈေးရောင်းသူများသည် ဈေးတွင် ဆိုင်ဖွင့်ရောင်းလျှင် ၎င်းတို့ ကုန်ပစ္စည်း များ ဂျပန်လက်သို့ ရောက်ရန် ဖြစ်၏။ ထို့ကြောင့် ဈေးတွင် ဆိုင်မထွက် ဘဲ အိမ်ပေါက်စေ့လိုက်ရောင်းနိုင်လျှင် ကောင်းသည်။ အချို့ အိမ်၌ လာရောက် ဝယ်စေရမည်။ အထည်အလိပ်၊ ပန်းကန်ခွက်ယောက် စသော ကုန်ပစ္စည်း များကို အရောင်းအဝယ်မလုပ်ခြင်း၊ သိမ်းထားခြင်းဖြင့် ပိုင်ရှင်၌ အကျိုးရှိလိမ့်မည်။ အကြောင်းမှာကား မကြာမီ ဂျပန်ငွေစက္ကူများသည် အသုံးမဝင် ဖြစ်တော့ မည်။ ထို့ကြောင့် ရောင်းသည်များသည် ကုန်ချင်းလဲလှယ်မှုကို အားပေးရမည်။

ငါတို့ အသင်းဝင်ဖြစ်သော ရောင်းသည်များနှင့် ငါတို့အသင်းခေါင်းဆောင် ရာ ထိုက်သော ရောင်းသည်များကို ကုန်လဲလှယ်ရေးကော်မတီ ဖွဲ့စည်းပေးရမည်။ ထိုကော်မတီများသည် မြို့နှင့် ရွာနှင့် ကုန်လဲလှယ်ခြင်း၊ မြို့ရှိ အလုပ်သမား အချင်းချင်း ကုန်လဲလှယ်ရေး၊ ရှာတန်းစားအချင်းချင်း ကုန်လဲလှယ်ရေး စသည် တို့ကို ကြိုးကြိုးစားစားဆောင်ရွက်ပေးရမည်။ အင်္ဂလိပ်ငွေများ၊ ရွှေများကို တောင် သုံးစွဲအောင် ဆောင်ရွက်ရမည်။

ဤကိစ္စတွင် အရေးကြီးသည်မှာ ဂျပန်လက်ထဲသို့ ကုန်ပစ္စည်းများ မရောက်အောင် နည်းအမျိုးမျိုးဖြင့် ကြံစည်လုပ်ဆောင်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



### အစိုးရအလုပ်သမားများ

စာရေး၊ စာချီ၊ ပုလိပ်၊ ရဲအုပ် စသော အလုပ်သမားများသည် သက်ဆိုင်ရာ အလုပ်သမားများကို သပိတ်မှောက်စေရမည်။ သပိတ်မှောက်ဖို့ သွေးဆောင်ရန် စကားကို နှစ်မျိုးသုံးရမည်။

ဂျပန်ကို မလိုလားသော မျိုးချစ်အရာရှိများနှင့် ပတ်သက်၍မူ လက်ရှိ လုပ်ကိုင်နေရခြင်းသည် ဗမာလူမျိုးတို့အား သက်သက်နှိပ်စက်နေသည့် အလုပ်ဖြစ်ပေသည်။ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့အဖွဲ့များနှင့် ပူးပေါင်း၍ လုပ်ကိုင်မှသာလျှင် တိုင်းပြည်အကျိုး၊ လူမျိုးအကျိုးကို ထိရောက်အောင် လုပ်နိုင်မည်ဟူသော စကားနှင့် ဆွယ်ရမည်။

အင်္ဂလိပ်အလိုတော်ရိများ သက်သက်တို့ကို သွေးဆောင်ရာ၌ အဆွေတို့... အဆွေတို့သည် ဂျပန်အစိုးရ၏ အလုပ်များကို သပိတ်မှောက်ခြင်းအားဖြင့် အဆွေတို့၏ အစိုးရဟောင်းဖြစ်သော အင်္ဂလိပ်ကို ကူညီရာ ရောက်သည်။ ထိုသို့ကူညီခြင်းအတွက် အင်္ဂလိပ်အစိုးရက သင်တို့အား ဆုတော်များ ချီးမြှင့်လိမ့်မည်ဟူသော စကားများကို အသုံးပြုလိုက ပြုနိုင်သည်။ သူတို့အား ဆွဲဆောင်ရာ၌ လူ၏သဘောထားကို အကဲခတ်၍ ဆွဲဆောင်နိုင်ပေသည်။

(၄)

ဂျပန်ထွက်ပြေး၍ အင်္ဂလိပ်ရောက်လျှင်ရောက်ချင်း ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်နှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့က ကြီးမှူး၍ အောက်ပါလုပ်ငန်းများကို လုပ်ရမည်။ ထိုအစည်းအရုံးနှစ်ရပ်၏ ပါတီဝင်တို့သည် တာဝန်ခွဲလျက် ဆောင်ရွက်လျှင် ကောင်းသည်။ တတ်နိုင်သော နေရာများ၌ ရုံးနှစ်ရုံးထားရမည်။

အမျိုးသားနိုင်ငံရေးနှင့် ပတ်သက်၍လည်းကောင်း၊ (ဘီဒီအေ)ကိစ္စနှင့် ပတ်သက်၍လည်းကောင်း ဆောင်ရွက်သောအခါ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်နာမည်နှင့် လုပ်လျှင် သာ၍ ကောင်းလိမ့်မည်။

လူတန်းစားအသီးသီးတို့၏ နိုင်ငံရေး (ဝါ) လူထုကြီး၏ နိုင်ငံရေးကို (ဝါ) လူထုကြီးကို စည်းရုံးရေး စသော ကိစ္စများကို ဆောင်ရွက်ရာ၌ ကွန်မြူနစ်ပါတီနာမည်နှင့် လုပ်လျှင် ပို၍ ကောင်းသည်။

၁။ ပထမဆုံးသော လုပ်ငန်းမှာ ထိုအသင်းနှစ်သင်း၏ နာမည်နှင့် ဆိုဗီယက်၊ အင်္ဂလိပ်၊ အမေရိကန်၊ တရုတ်တို့၏ အမျိုးသားအလံများကို အသုံးပြုလျက် ပြည်ထောင်ချင်းချင်း၏ တပ်သားများကို ကြိုဆိုရမည်။

၂။ အချို့သော ခေါင်းဆောင်တို့သည် မဟာမိတ်စစ်ဗိုလ်တို့ထံ သွား၍ စစ်ကိုရှေ့ဆက်လက်တိုက်ခိုက်ရေးအတွက် လိုသော အကူအညီကို ပေးမည်ဖြစ်ကြောင်း၊ မဟာမိတ်တပ်သားတို့ကို ကြိုဆိုသော အစည်းအဝေး ခေါ်မည့်အကြောင်း ပြောပြရမည်။ ဥပမာ မြို့တစ်မြို့သို့ မဟာမိတ်တပ်များရောက်လျှင် ရေစုပ်စက်များ ဖွင့်ဖို့ လိုလိမ့်မည်။ ထိုအခါ ငါတို့က ချက်ချင်းဖွင့်ပေးရမည်။

ဗုံးအပြင် တပ်များနောက်မှ လိုက်၍ လာကြသော ဗြိတိသျှအစိုးရအုပ်ချုပ်ရေးအရာရှိများထံ သွား၍ တိုင်းပြည်ကို ပြန်လည်ထူထောင်ရေးတွင် လိုသော အကူအညီများ ပေးမည့်အကြောင်း၊ သူခိုး၊ ဓားပြ သောင်းကျန်းခြင်းအတွက် နှိမ်နင်းရာတွင် ကူညီမည့်အကြောင်းများ၊ ပြည်သူတို့ ဝတ်ပြတ်ဆင်းရဲခြင်း၊ အဝတ်အစားချို့တဲ့ခြင်း၊ ရောဂါဘယထူပြောခြင်း စသည်တို့တွင် သက်သာပျောက်ကင်းအောင် လုံးပန်းရေး၌ အကူအညီပေးမည့်အကြောင်း၊ အစည်းအဝေးခေါ်မည့်အကြောင်း၊ ထိုအစည်းအဝေးတွင် ဆုံးဖြတ်မည့်အဆိုများ အကြောင်း ပြောပြရမည်။

၃။ ခေါင်းဆောင် တစ်ယောက်၊ နှစ်ယောက်သည် လျှို့ဝှက်ရေးလုပ်ငန်းအတွက် အဆင်သင့်လုပ်ကိုင်သွားနိုင်ရန် မထင်မရှားနေ၍ အလုပ်လုပ်ရမည်။

၄။ ရပ်တိုင်းရွာတိုင်း၊ မြို့တိုင်း နယ်တိုင်း၊ ရပ်ရွာမြို့လုံးကျွတ် အစည်းအဝေးကြီးများ ကျင်းပပေးရမည်။

အောက်ပါတို့သည် ဆုံးဖြတ်ချက်များ ဖြစ်လိမ့်မည်။

(က) ဂျပန်တို့လက်မှ လွတ်မြောက်သဖြင့် ဝမ်းသာကြောင်း၊ ထိုအဆိုကို သွင်းဆဲထောက်ခံဆဲတို့တွင် ဖက်ဆစ်နှင့် ဒီမိုကရေစီ ကွာခြားပုံအမျိုးမျိုးတို့ကို ပြောပြရမည်။ ဒီမိုကရေစီလက်အောက်တွင် လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်၊ စည်းရုံးခွင့် စသော ပြည်သူ့လွတ်လပ်မှုများကို ရရှိခံစားရတော့မည်ဟူ၍ ပြောပြရမည်။ ထိုသို့ ပြောခြင်းဖြင့် ဖက်ဆစ်၏ အမွေအနှစ်များကို ခံယူမည့် ဖက်ဆစ် စနစ်များကို သုံးကာ အုပ်စိုးလိုမည့် နယ်ချဲ့သူများကို ဟန့်တားရာ ရောက်လိမ့်မည်။

(ခ) (ကမ္ဘာသူ ကမ္ဘာသား လူထုကြီးများ၏ လွတ်လပ်ရေးနှင့် ဒီမိုကရေစီအတွက် အသက်စွန့်ကာ တိုက်သော လူထုကြီး၏ သားကောင်းရတနာများဖြစ်သော မဟာမိတ်တပ်များကို ကြိုဆိုခြင်း၊ လိုသော အကူအညီပေးမည့် အကြောင်း) ထိုအဆိုကို သွင်းရန် စစ်ကြီးသည် ၁၉၄၁ ခုနှစ်၊ ဇွန်လမှ စ၍ နယ်ချဲ့စစ်ကြီးဘဝမှ လူထုကြီး၏ စစ်ပွဲဘဝသို့ ပြောင်းလဲလာပုံ၊ ဖက်ဆစ်တွေ ရှုံးနိမ့်ပြီး လူထုကြီး၏ တန်ခိုးအင်အား တိုးတက်လာပုံ၊ ဤစစ်ကြီးကို မဟာမိတ်တို့က နိုင်သည့်နေ့မှာ ဆင်းရဲသားလူထု၏ အောင်မြင်ခြင်းသည်သာ ဖြစ်ကြောင်း၊ ငါတို့ပါတီက ဤစစ်ကြီးကို ဝေဖန်ဆုံးဖြတ်ထားသည့်အတိုင်း ပြောပြရမည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုဗီယက်၏ တပ်နီကြီးနှင့် ဆိုဗီယက်ယူနီယံ၏ အောင်မြင်မှုများကို များများ ကြီး ချီးကျူးရမည်။

(ဂ) ဂျပန်တို့ကို မောင်းနှင်ထုတ်ရာ၌ စွန့်စားဆောင်ရွက်ခဲ့သော မျိုးချစ်များနှင့် ပြောက်ကျားတပ်များကို ချီးကျူးကြောင်း၊ ဤအဆိုကို သွင်းရင်း ဖက်ဆစ် တိုက်ဖျက်ရေးတွင် ပါဝင်သူမှန်သမျှကို လွတ်လပ်ရေးပေးမည်ဟု ကြေညာ ထားသော ချာချီ၊ ရုစဗဲ့နှင့် စတာလင်တို့၏ တေဟီရမ်ကြေညာချက်နှင့် အခြားကတိများကို ဖော်ပြလျက် သူတို့စကားနှင့် သူတို့ချည်ကာ လွတ်လပ် ရေးအတွက် ဝါဒဖြန့်ရမည်။

(ဃ) တိုင်းပြုပြည်ပြုပျိုးထောင်ရေးအတွက် အများပြည်သူတို့က ကိုယ့်အစွမ်းရှိ သလောက် မတွယ်မကတ်ဘဲ ဆောင်ရွက်ကြရန်၊ ထိုအဆိုကို သွင်းရင်း အများပြည်သူတို့သည် တကွဲတပြားမလုပ်ကြဘဲ အစည်းအရုံးများကို တည် ထောင်လျက် ညီညွတ်စွာ ဆောင်ရွက်ကြမှ အောင်မြင်နိုင်ကြောင်း၊ အများကြိုက် ဇနစ်ကို တည်ထောင်မှသာလျှင် အောင်မြင်နိုင်ကြောင်း ဝါဒဖြန့်ရမည်။

အစည်းအဝေးပြီးသောအခါ တောင်သူလယ်သမားတို့အတွက်၊ အလုပ် သမားတို့အတွက်၊ ကျောင်းသားလက်မှုပညာ ကုန်သည်ကလေးများ စသည် တို့အတွက် အကျိုးဆောင်ရန် တာဝန်ယူမည့်သူများကို နာမည်စာရင်းယူရ မည်။

(မှတ်ချက်) အကောင်းဆုံးသော နည်းမှာ အစည်းအဝေးကျင်းပမည့် အကြောင်းကို အုပ်ချုပ်ရေးအရာရှိတို့နှင့် စစ်တပ်ဆိုင်ရာသို့ သာမန်အကြောင်း ကြားလျက် အစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်။ အကြောင်းကြားရုံနှင့် မရလျှင် ခွင့်တောင်းရမည်။ ခွင့်တောင်းလို့ မရလျှင် လက်မှတ်ထိုး၍ စာတင် ကာ တောင်းရမည်။ (အိမ်ပေါက်စေ့ လက်မှတ်ရရန် အရေးကြီးသည်။) ထိုသို့ မရလျှင် အိမ်အတွင်း၌ အစည်းအဝေးများခေါ်၍ အထက်အဆိုများကို တင်သွင်းရမည်။ အစည်းအဝေးခေါ်ဆိုခွင့်ကိုလည်း တောင်းဆိုရမည်။ ထိုသို့ မဖြစ်လျှင် ဆိုင်ရာအရာရှိကြီးများ တွေ့ဆုံ၍ တောင်းဆိုရမည်။ ဤသို့အား ဖြင့် မနားမနေ ရှေ့ရှုလျှင် စည်းဝေးခွင့် မုချရလိမ့်မည်။ အစည်းအဝေး အကြိမ် ကြိမ်လုပ်ပြီးသည့်နောက် စီတန်းလမ်းလျှောက်ခြင်း စသော အင်အားပြမှုများ ကို လုပ်နိုင်ခွင့် ရှိလာလိမ့်မည်။

ငါတို့သည် ထောင်မကျစေဘဲ ထောင်နှုတ်ခမ်း လမ်းလျှောက်ပြီး လုပ်း လုပ်ရန် အလွန်အရေးကြီးသည်။ ငါတို့အတွက် ထောင်အကျခံရခြင်းသည် ရှိခဲ့သည်။ အသက်စွန့်၍လုပ်ရသည်တို့လည်း ရှိခဲ့သည်။ အလုပ်အောင်မြင် အောင် နည်းအမျိုးမျိုးတွင်ခြင်းကား မရှိနိုင်။ ဤနည်းအားဖြင့် လွတ်လပ်စွာ



ပြောဆိုခွင့်၊ ရေးသားခွင့်၊ စည်းရုံးခွင့် စသော အခွင့်အရေးများ ရယူနိုင်လိမ့် မည်။

### တောင်သူလယ်သမားများကို စည်းရုံးခြင်း

တောင်သူဆိုရာ၌ ကူလီ၊ စာရင်းငှား၊ သီးစားတောင်သူ၊ မြေဧက ၂၀ အထိ ပိုင်သော တောင်သူကြီးတို့ ပါဝင်သည်။ (တောင်သူကြီးကို ခွဲခြား ရာ၌ ဒေသပတ်ဝန်းကျင် အခြေအနေတို့ကိုလိုက်လျက် ခွဲခြားရမည်။) တောင်သူများကိုစည်းရုံးရာ၌ ငါတို့၏ လက်ဝဲကြွေးကြော်သံကား "လယ်ယာ ကိုင်းကျွန်းကို ပြန်လုပ်ကြ" ဟူ၍ ဖြစ်သည်။

ဖက်ဆစ်ကို အကြွင်းမဲ့သုတ်သင်ရန်၊ တိုင်းပြည်ကို ပြန်လည်ပျိုးထောင် နိုင်ကြရန် တောင်သူလယ်သမားတို့သည် လယ်ယာကိုင်းကျွန်းသို့ ပြန်၍ အလုပ်လုပ်ကြရန် အရေးကြီးသည်။ လယ်ယာကိုင်းကျွန်းကို ပြန်ရောက်၍ အောင်မြင်စွာ အလုပ်လုပ်နိုင်ကြရန် အောက်ပါလုပ်ငန်းများကို လုပ်လျက် အောက်ပါတောင်းဆိုချက်များကို တောင်းဆိုရန် အရေးကြီးသည်။ လုပ်ငန်း နှင့် တောင်းဆိုချက်များကို တစ်ဆင့်စီ တစ်ဆင့်စီ တိုးတက်သွားရမည်။ လုပ်ငန်းနှင့် တာဝန်တို့ကို တောင်သူလယ်သမားတို့သည် မိမိတို့ကိုယ်ကိုယ် အားကိုးလျက် မိမိတို့လုံ့လဖြင့် ဆောင်ရွက်ကြရမည်။ တောင်းဆိုချက်များကို အစိုးရနှင့် မြေပိုင်ရှင်တို့ထံမှ ရရှိအောင် တရားနည်းအားလုံးဖြင့် တောင်းဆို ရမည်။

### ပထမအဆင့်လုပ်ငန်း

(က) "လယ်ယာကိုင်းကျွန်းသို့ ပြန်လုပ်ကြ" ဟူသော လုပ်ငန်းကို အနှံ့အပြား ဝါဒဖြန့်ရမည်။

(ခ) နွား၊ လှည်း၊ ထွန်၊ ဓား၊ ပေါက်ပြား အစရှိသော တောင်သူလယ်သမား တို့၏ ပစ္စည်းများကို အချင်းချင်းလဲလှယ်ပြီး သုံးကြရန် စီမံပေးရမည်။

(ဂ) အစိုးရဆီက ရသော အကူအညီများကို ရသလောက် ယူ၍ အချင်းချင်း သင့်တင့်စွာ ဝေခွဲရမည်။

(ဃ) ကျွဲ၊ နွား ရှားပါးနေခြင်းအတွက် အမဲသားမစားရေးကို ဆောင်ရွက်ရမည်။

(င) အများကြိုက် သမဝါယမနည်းဖြင့် ရောင်းခြင်း၊ ဝယ်ခြင်း၊ စက်မှုလက်မှု လုပ်ငန်း တည်ထောင်ခြင်းများကို ဆောင်ရွက်ရမည်။

ဥပမာ ထိုအစည်းအရုံးက ပန်းပဲဖိုကို အထက်ပါနည်းနှင့် တည်ထောင်နိုင်၏။

(စ) အဖိတ်သီတင်း စသော နေ့အားများတွင် ပျက်စီးနေသော လမ်းများကို ပြုပြင်ပြင်ဆင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



(ဆ) တောင်သူတို့က သစ်ဝါးထုတ်ပြီးလျှင် စာသင်ကျောင်း၊ အစည်းအရုံး၊ အဆောက်အအုံ၊ ပါတီအဆောက်အအုံ စသည်တို့ကို ဆောက်လုပ်ပေးရန်။

(ဇ) တောင်သူလယ်သမားများက သစ်ဝါးထုတ်ပြီးလျှင် မြို့က အလုပ်သမားများအား ဈေးပေါပေါနှင့် ရောင်းရန် (အစည်းအရုံးအချင်းချင်း ဆက်ရမည်။)

### ပထမအဆင့် တောင်းဆိုချက်

(က) အစိုးရနှင့် မြေပိုင်ရှင်တို့က မျိုးစေ့များပေးရန်

(ခ) မြို့ရှင်တို့က ကြွေးဆိုင်းရန်၊ ကြွေးသစ်များကို အတိုးနည်းနည်းနှင့် ပေးရန်

(ဂ) အစိုးရက အမတော်ကြွေး ပေးရန်၊ ဓား၊ ထယ် စသည်တို့ကို ဈေးပေါပေါနှင့် ရောင်းရန်။

(ဃ) အစိုးရက သစ်ဝါးထုတ်လုပ်နိုင်ခွင့်ပေးရန်၊ မြေပိုင်ရှင်က ထန်းရွက်၊ ဓနိ၊ သက်ကယ်ချိုင်နိုင်ခွင့်ပေးရန်

### ဒုတိယအဆင့်လုပ်ငန်း

ပထမအဆင့်တွင် ဖော်ပြထားသော လုပ်ငန်းများအပြင်...

(က) လွတ်လပ်နေသော မြေများ၊ "ကော"နေသော မြေများ၊ ထိုမြေများကို မြေမဲ့ယာမဲ့ တောင်သူလယ်သမားများက ဝင်ရောက်လုပ်ကိုင်ရန်

(ခ) နှမ်း၊ မြေပဲ၊ ဟင်းသီးဟင်းရွက် စသည့် ရှားပါးနေသော အသီးအနှံများကို ပိုထွက်အောင် ကြိုးစားရန်

(ဂ) ငရုတ်၊ ဆေး၊ ကွမ်း စသော ကောက်ပဲသီးနှံများကို ပိုမို၍ စိုက်ပျိုးရန်

(ဃ) နွားမွေးမြူခြင်း၊ နွားနို့ညှစ်ခြင်း၊ ကျွဲမွေးမြူခြင်း စသော လုပ်ငန်းများကို တိုးတက်ကြီးပွားအောင် ဆောင်ရွက်ရန်

(င) ၄င်းတို့၏ လုပ်စာဖြင့် ကျောင်းထောင်ခြင်း၊ အသင်းကို ထောက်ပံ့ခြင်း၊ ပါတီကို ထောက်ပံ့ခြင်း

### ဒုတိယအဆင့် တောင်းဆိုချက်

(က) မြေပိုင်ရှင်တို့က သီးစားခလျှော့ရန်

(ခ) အစိုးရက လယ်ခွန်လယ်ခလျှော့ရန်

(ဂ) အစိုးရက စစ်ကြောင့် တောင်သူလယ်သမားများ ပျက်စီးဆုံးရှုံးသည်ကို လျော်ကြေးပေးရန်၊ ဘီအိုစီ စသော ကုမ္ပဏီကြီးများကိုသာ လျော်ကြေးပေးခြင်းကန့်ကွက်သည်။

(ဃ) လယ်သီး ယာသီး ဈေးကောင်းအောင် အစိုးရ လက်ဝါးကြီးအုပ်၍ ကုမ္ပဏီများနှင့် လက်တို့ဈေး လောဘကောင်ကြီးများကို ဖြိုဖျက်ပေးရန်



(င) အစိုးရက လမ်းပန်းကောင်းအောင် လုပ်ပေးရန်၊ အဆက်အသွယ် လွယ်ကူအောင် စီမံရန်

### တတိယအဆင့်လုပ်ငန်း

ပထမအဆင့်၊ ဒုတိယအဆင့် လုပ်ငန်းများအပြင်...

(က) ဘုံဝါဒ မဖြစ်ဘဲနှင့် အထက်ပါလုပ်ငန်းများ တင်းပြည့်မအောင်မြင်နိုင်သဖြင့် တောင်သူလယ်သမားများသည် ဘုံဝါဒကျောင်းများ ထူထောင်ကြရမည်။

(ခ) ဆိုဗီယက်ရုရှားပြပွဲများ လုပ်ရမည်။

(ဂ) ဘုံဝါဒဖြန့်ဖြူးသော ပွဲလမ်းသဘင် ဆင်ယင်ရမည်။

(ဃ) တောင်းဆိုချက်တို့အတွက် အစည်းအဝေး ခဏခဏလုပ်ရမည်။ အမျိုးသားနိုင်ငံရေးအတွက် ထောက်ခံသော အစည်းအဝေးများ ခဏခဏလုပ်ရမည်။

(င) အင်အားပြပွဲများ ကျင်းပရမည်။

### တတိယအဆင့် တောင်းဆိုချက်များ

(က) လက်ဝါးကြီးအုပ် ကုမ္ပဏီများကို တိုက်ဖျက်လျက် လက်ဝါးကြီးအုပ် ကုမ္ပဏီများကို တိုင်းပြည်ပိုင်ပစ္စည်း လုပ်ရမည်။

(ခ) လယ်လုပ်သူများအားသာ လယ်ပိုင်စေရန်၊ မြေမဲ့ယာမဲ့ တောင်သူအလုပ်သမားများအား လယ်ဝေရန်

(ဂ) ကြွေးမြီများ လျှော်ပစ်ရန်

(ဃ) တိုင်းပြည်ကို လွတ်လပ်ရေးပေးရန်

မှတ်ချက်။ ။ (ငါတို့ သေနင်္ဂဗျူဟာအရ ပထမအဆင့်မှာ ဖက်ဆစ်ကို လုံးဝသုတ်သင်ရေးဖြစ်သည်။ သို့ဖြစ်၍ ဖက်ဆစ်ဆန့်ကျင်မှု တော်လှန်ရေးတောင်းဆိုချက်များနှင့် လယ်မြေတော်လှန်ရေး တောင်းဆိုချက်များ မရောမထွေး အပ်ပေ။)

### အလုပ်သမားများကို စည်းရုံးခြင်း

မိမိ၏ လုပ်ခွန်အင်အားဖြစ်သော လက်ရုံးရည်နှင့်နှလုံးရည်မှ လွဲ၍ တစ်စုံတစ်ရာ ရင်းနှီး၍ အသက်မွေးဝမ်းကျောင်းရန် လက်နက်ပစ္စည်းမရှိသော လူတန်းစားတို့ကို အလုပ်သမားဟူ၍ ခေါ်ဆိုရမည်။ ငါတို့၏ ရည်ရွယ်ချက်ကား ထိုသို့သော အလုပ်သမားအားလုံးကို စည်းရုံးရန် ဖြစ်ပေသည်။ "ငါတို့၏ အဓိကကြွေးကြော်သံ" ဖက်ဆစ်ကို အကြွင်းမဲ့သုတ်သင်ရန်နှင့် တိုင်းပြည် ပြန်လည်ထူထောင်ရန် အလုပ်ခွင်ကို ပြန်ဝင်ကြ။

www.burmeseclassic.com

www.burmeseclassic.com



### ပထမအဆင့်လုပ်ငန်း

(က) ဆိုင်ရာလုပ်ငန်းများအလိုက် အလုပ်သမားများကို ဖွဲ့စည်း၍ အလုပ်ရှင်တို့ထံ ချဉ်းကပ်လျက် အလုပ်ဖွင့်ရန် ကူညီပေးရမည်။ ဥပမာ စက်ရုံတစ်ရုံ၌ ထင်းလို၍ ထိုစက်ရုံမဖွင့်နိုင်ခဲ့သော် အလုပ်သမားတို့က ထင်းရှာပေးရမည်။

ဥပမာ (အာ-တီ-ဘီ) အလုပ်သမားများက ကားများကို ရှာဖွေစုဆောင်း၍ ပြန်လည်မောင်းနိုင်အောင် ပြင်ဆင်ပေးရမည်။

(ခ) အလုပ်သမားများသည် အစုလိုက် အစိုးရထံ သွား၍ အလုပ်တောင်းရမည်။ အလုပ်တောင်းရာ၌ သက်ဆိုင်သော အလုပ်တို့၏ စီမံကိန်းများ ပါရမည်။ ဥပမာ အုတ်ဖုတ်မည်ဆိုလျှင် မည်သည့်နေရာ၌ အုတ်လုပ်ရန် မြေရနိုင်မည်။ မည်မျှလုပ်နိုင်မည်၊ မည်မျှရောင်းနိုင်မည်၊ အရင်းကို မည်မျှလိုသည် စသော စီမံခန့်ခွဲမှုများ ပါရှိစေရမည်။

(ဂ) စစ်တပ်မှ အလုပ်များကို လက်ခံသောအခါ အသင်းမှ လက်ခံနိုင်ရမည်။ အသင်းမှ ဆိုင်ရာအလုပ်များကို စစ်တပ်နှင့် ညှိနှိုင်းရှာပေးနိုင်ရမည်။

(ဃ) အလုပ်သမားများက အများအကျိုးအတွက်ဖြစ်သော ကျောင်း၊ ဆေးရုံ စသည်တို့ကို ပြန်လည်တည်ထောင်ရာ၌ လက်ရုံးရည်၊ နှလုံးရည်ဖြင့် ကူညီတည်ထောင်ရမည်။ အသင်းအဆောက်အအုံ၊ ပါတီအဆောက်အအုံ၊ အသင်းလုပ်ငန်း၊ ပါတီလုပ်ငန်းတို့ကို အလုပ်သမားများက သူတို့၏ နှလုံးရည်၊ လက်ရုံးရည်ဖြင့် ကူညီရမည်။

### ပထမအဆင့် တောင်းဆိုချက်

တိုင်းပြည်ကို ပြန်လည်ပြုစုရာ၌ လျင်မြန်စွာ အောင်မြင်ရန်နှင့် ကုန်ပစ္စည်းများ ပိုမိုထွက်ရန် အောက်ပါ အလုပ်သမားများ၏ တောင်းဆိုချက်ကို ဆိုင်ရာတို့က လိုက်လျောပေးရမည်။

(က) အစိုးရကိုယ်တိုင်က လုပ်ငန်းဆောင်တာ အလုပ်များကို တည်ထောင်လျက် အလုပ်သစ်များကို ရှာဖွေပေးခြင်းအားဖြင့်ဖြစ်စေ၊ အလုပ်ဟောင်းများတွင် ပြန်လည်ရအောင် ဆောင်ရွက်ပေးခြင်းဖြင့်ဖြစ်စေ အလုပ်သမားများ၏အကျိုးကို ဆောင်ရွက်ရန်

(ခ) စစ်ကြောင့် အစားအသောက်နှင့်တကွ အားလုံးသော ကုန်ပစ္စည်းဈေးအဆမတန်တက်နေသဖြင့် အလုပ်သမားများ၏ အခကြေးငွေကို တိုးပေးရန်နှင့် ရှားပါးစရိတ်ပေးရန်

(ဂ) အလုပ်သမားတို့က အလုပ်တွင်ကျယ်ပြီးမြောက်ရေးနှင့် ကုန်ပစ္စည်း ပိုမိုထွက်ရှိရေးအတွက် အကြံပေးချက်များကို ဆိုင်ရာတို့က လက်ခံရန်၊ အလုပ်သမားအကြံပေးကော်မတီများကို အသိအမှတ်ပြုရန်



(ဃ) အလုပ်ရှင်တို့က အလုပ်သမားနေအိမ်များကို ဆောက်ပေးရန်၊ အစားအစာများ၊ အဝတ်အစားများ စသော ပစ္စည်းများကို အလုပ်သမားများသည် ဈေးပေါပေါနှင့် ဝယ်ယူရရှိနိုင်အောင် အစိုးရနှင့် နေရှင်တို့က အလုပ်သမားဆိုင်ဖွင့်ပေးရန်။

### ဒုတိယအဆင့်လုပ်ငန်း

ပထမအဆင့် လုပ်ငန်းများအပြင်...

(က) လုပ်စာ ကုန်ပစ္စည်း ပိုထွက်အောင် အလုပ်သမားကိုယ်တိုင်က အကြံသစ်ဉာဏ်သစ်ထွင်ခြင်း၊ လုံ့လထုတ်ခြင်း၊ အချင်းချင်းဆွေးနွေးတိုင်ပင်ခြင်း၊ လှုံ့ဆော်ခြင်း စသည်တို့ကို ဆောင်ရွက်ရမည်။

(ခ) အလုပ်သမားများ တတ်ထားသော လက်မှု စက်မှုပညာများကို မတတ်သေးသောသူများအား သင်ပေးရမည်။

(ဂ) အလုပ်သမားများအတွက် စာသင်ကျောင်း တည်ထောင်ကြရမည်။

(ဃ) အလုပ်သမားများ ဈေးပေါပေါဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် အများကြိုက် သမဝါယမကုန်ဝယ်ရေးအသင်းများ ဖွဲ့စည်းရမည်။

(င) ကျောင်း၊ အသင်း၊ ဆေးရုံ စသော အများနှင့်ဆိုင်သည့် အရာကိစ္စများအတွက် အလုပ်သမားတို့က ရက်သတ်၍ အခမဲ့လုပ်ပေးခြင်း၊ ဥပမာ တနင်္ဂနွေနေ့တစ်ပတ်လျှင် တစ်ရက်၊ ပုံနှိပ်တိုက်အလုပ်သမားများက ကျောင်းသားများစာပုံနှိပ်ရေးအတွက် အခမဲ့လုပ်ပေးရမည်။ ချည်စက်အလုပ်သမားများက တောင်သူများ အဝတ်ရှို့တဲ့နေသည်ကို လှူဒါန်းပေးကမ်းရန် တစ်ပတ်လျှင် တစ်ရက် အခမဲ့လုပ်ပေးရမည်။ အလုပ်ပိုင် နေရှင်တို့က တစ်ရက်အတွက် ကုန်ကျသော ချည် စသော ကုန်ကြမ်းများနှင့် လုပ်ခကို လှူဒါန်းရမည်။

### တောင်းဆိုချက်

(က) အခကြေးငွေကို တိုးထုတ်ပေးရန်

(ခ) အလုပ်သမားတို့၏ ကျန်းမာရေး၊ နေအိမ်၊ အထည်အလိပ် ချောင်ချိစွာရရှိရေး စသည်တို့တွင် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးရန်

(ဂ) အခမပျက် ခွင့်ရက်ပေးရန်

(ဃ) အလုပ်သမား အစည်းအရုံးများကို အစိုးရနှင့် အလုပ်ရှင်တို့က အသိအမှတ်ပြုရန်

(င) လွတ်လပ်စွာပြောဆိုခွင့်၊ စည်းရုံးခွင့် စသော ပြည်သူ့လွတ်လပ်ခွင့်များကို အစိုးရက ပေးရန်၊ အလုပ်သမားများအကျိုးအတွက်၊ အလုပ်သမားကောင်းစားရေးအတွက် ဥပဒေပြုရန်

www.burmeseclassic.com

www.burmeseclassic.com



(စ) ကုမ္ပဏီများ၏ မန်နေဂျာ၊ အင်ဂျင်နီယာ စသော အရာရှိကြီးများသည် ငွေပြည့် ပျက်နေသော ၃ နှစ်တာအတောအတွင်း အခကြေးငွေများ ယူနေကြသကဲ့သို့ ရပ်ယူနေကြရာ ဆင်းရဲသား အလုပ်သမားများလည်း လွန်ခဲ့သော ၃ နှစ်အတွက် လစာများ၏ ထက်ဝက်ကို ရရမည်။

## တတိယအဆင့်လုပ်ငန်း

ပထမနှင့် ဒုတိယအဆင့်လုပ်ငန်းများအပြင်…

(က) ဘုံဝါဒသင်တန်းများဖွင့်ခြင်း

(ခ) ဆိုဗီယက်ပြပွဲများဖွင့်ခြင်း

(ဂ) မေဒေးနေ့၊ လီနင်နေ့၊ အောက်တိုဘာအရေးတော်ပုံနေ့ စသော ကမ္ဘာ့ အလုပ်သမားပွဲကြီးများကို ကျင်းပရမည်။

(ဃ) အစည်းအဝေး ခဏခဏလုပ်၊ စီတန်းလှည့်လျှောက် စသော အင်အားပြပွဲများ ခဏခဏလုပ်။

(င) အလုပ်သမားအစည်းအရုံးက ကုန်ပစ္စည်းပိုမိုထွက်ရေး၊ အလုပ်သမား အချင်းချင်း အငြင်းပွားခြင်းကို ဖျန်ဖြေရေး စသည်ဖြင့် နေရာတကာတွင် ကြဲဖာသောင်းလာစေရမည်။

(စ) ဗမာပြည်လွတ်လပ်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး စသော နိုင်ငံရေးလုပ်ငန်းတို့ တွင် ခြေစုံပစ်၍ ဝင်ရမည်။

## တတိယတောင်းဆိုချက်

(က) ရေနံတွင်း၊ ငွေတွင်း စသော သတ္တုတွင်းများ၊ စတီးဘာရားသား စသော လက်ဝါးကြီးအုပ် ကုန်သည်ကြီးများ၊ အိုင်-အက်(စ်)စီ အယ်လ် စသော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ဘဏ်တိုက်များကို တိုင်းပြည်ပိုင် လုပ်ရမည်။ သို့မှသာလျှင် တိုင်းပြည်ကြီးကို အများကြိုက် ဒီမိုကရေစီစနစ်နှင့် ပြုပြင်တည်ထောင်နိုင်မည်။ သို့မှသာ တိုင်းပြည်ပြန်လည်ထူထောင်ရေး လုပ်ငန်းသည် လျင်မြန်စွာ အောင်မြင်မည်။ သို့မှသာ လူထုကြီး၏ နေထိုင်ရေး တိုးတက်ကောင်းမွန်မည်။

(ခ) အလုပ်သမားတို့က တစ်နေ့ ၈ နာရီသာ လုပ်ရန်

(ဂ) အလုပ်သမားတိုင်း အလုပ်ရနိုင်ခွင့်ရှိရန်၊ အလုပ်လက်မဲ့ဖြစ်လျှင် အကူအညီ ရရန်၊ စည်းရုံးခွင့်ရရှိရန်၊ သပိတ်မှောက်ခွင့်ရှိရန်၊ ဤသို့သော အလုပ်သမား တို့၏ အခွင့်အရေးများကို အစိုးရက အသိအမှတ်ပြုရမည်။

(ဃ) အလုပ်သမားတို့၏ ကုန်ပစ္စည်းပိုမိုထွက်ရေး ကော်မတီများသည် စက်ရုံ အလုပ်ရုံများကို အုပ်ချုပ်ရေးအဖွဲ့မှ ပါဝင်ခွင့်ရှိရန်

(င) တိုင်းပြုပြည်ပြုလွှတ်တော်ကြီးကို ခေါ်ရန်



## လက်မှုပညာသည်များ

လက်ငင်းလုပ်ငန်း။ ။ “ဖက်ဆစ်တို့ကို အကြွင်းမဲ့သုတ်သင်ရေးနှင့် တိုင်းပြည်ကို ပြန်လည်ထူထောင်ရေးအတွက် လက်မှုပညာသည်များ ပူးပေါင်းကြ”

(က) အဘယ်သူ မီးခြစ်လုပ်တတ်သည်၊ အဘယ်သူ အပ်လုပ်တတ်သည်၊ ဆပ်ပြာ ချက်တတ်သည် စသော လက်မှုပညာတတ်များကို စာရင်းယူရမည်။

(ခ) လက်မှုပညာသည်များ၊ အသက်မွေးဝမ်းကျောင်းအတွက် ရနိုင်သော ကိရိယာ များကို စာရင်းယူရမည်။

(ဂ) လက်မှုပညာသည်များ၏ အများကြိုက်သမဝါယမအဖွဲ့များ ဖွဲ့ပေးရမည်။

(ဃ) အရင်းငွေ လိုက်လံကောက်ခံရမည်။

(င) သမဝါယမ ရောင်းရေးဌာန ဖွင့်ရမည်။

(စ) လက်မှုပညာပို၍ တိုးတက်အောင် လူအများလည်း တတ်မြောက်အောင် ကျောင်းထောင်ပေးရမည်။

## လက်ငင်းတောင်းဆိုချက်

(က) အစိုးရက အတိုးနည်းနည်းနှင့် ငွေရှင်းပေးရန်

(ခ) အစိုးရနှင့် ကုမ္ပဏီများက လက်နက်ကိရိယာများကို ဈေးပေါပေါနှင့် ရောင်းချ ရန်

(ဂ) အစိုးရက သမဝါယမထွက်သော ကုန်များကို ဝယ်ယူရန်

(ဃ) အများပြည်သူတို့က သမဝါယမကုန်ကို သုံးစွဲခြင်းဖြင့် ကူညီအားပေးရန်

## နောက်အဆင့်လုပ်ငန်း

(က) နိုင်ငံရေးတွင် တကယ့်ဒီမိုကရေစီအုပ်ချုပ်ရေး (ဝါ) လူထုကြီးအစိုးရ ရှိမှ (ဝါ) ဘုံဝါဒအောင်မြင်နေမှ သမဝါယမလုပ်ငန်းသည် ဖြစ်ဖြစ်မြောက်မြောက် ထွန်းကားနိုင်ကြောင်း ဝါဒဖြန့်ရမည်။

(ခ) သမဝါယမလုပ်ငန်းများမှ ထွက်သော ပစ္စည်းကို လူထုကြီးသည် အားပေး ခြင်းဖြင့် မျိုးချစ်စိတ်ကို မွေးမြူပေးရမည်။

(ဂ) ပိုကောင်းသော လက်နက်ကိရိယာများ ရအောင် ကုန်လုပ်ပေးပညာ တိုးတက် အောင် ဆောင်ရွက်ရမည်။

(ဃ) တစ်ပြည်လုံးရှိ သမဝါယမအသင်းသားတို့သည် အမျိုးသားလွတ်မြောက်ရေး ဖြစ်သော နိုင်ငံရေးတွင် ဝင်ရောက်ဆောင်ရွက်ရန်

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ဆင့်တောင်းဆိုချက်

(က) အစိုးရသမဝါယမလုပ်ငန်းများကို ပိုမိုအကူအညီပေးရန်၊ ပိုမိုကာကွယ်ရန်

(ခ) လက်ဝါးကြီးအုပ်ဓနရှင်တို့ကြောင့် သမဝါယမလုပ်ငန်း တိုးတက်သင့်သလောက် မတိုးတက်ဘဲရှိရာ သမဝါယမ၏ရန်သူ လက်ဝါးကြီးအုပ် ဓနရှင်ကုမ္ပဏီများကို ဘုံပစ္စည်းလုပ်ပစ်ရန်

(ဂ) ကုန်သည်ကလေးများကိုလည်း သမဝါယမရောင်းဝယ်ရေးအသင်းများ လုပ်ငန်းကြီးများ တည်ထောင်၍ဖြစ်စေ၊ လက်ဝါးကြီးအုပ် ကုန်သည်ကြီးများ (ဝါ) လက်ကားဆိုင်ကြီးများနှင့် ပဋိပက္ခဖြစ်မှုများအပေါ်တွင် အခြေပြု၍ အစည်းအရုံးများ တည်ထောင်ပေးရမည်။ ဥပမာ အထည်အလိပ် လက်ကားဆိုင်ကြီးများက ကုန်များကို သိုလှောင်ပြီးလျှင် လက်တို့ဈေးများကို အားပေးခြင်းကြောင့် အထည်အလိပ်သုံးစွဲမှု တိုင်းသူပြည်သား အများသာမက လက်လီဆိုင်ကလေးများကိုလည်း စည်းရုံးပေး၍ လက်ကားကုန်သည် လက်ဝါးကြီးအုပ် ဓနရှင်များကို တိုက်ခိုက်စေရမည်။

ကျောင်းသားများကို စည်းရုံးခြင်း

ဖက်ဆစ်ဝါဒ အကြွင်းမဲ့သုတ်သင်ရေးအတွက် ဖက်ဆစ်ဂျပန်တို့ ဖြန့်ဖြူးခဲ့သည့် အယူအဆ အထင်အမြင်များကို လူငယ်များဦးနှောက်မှ ရှင်းလင်းသုတ်သင်ရန် အရေးကြီးသည့်အတိုင်း ပြည်ပျက်ပြီးနောက် ပြန်လည်ထူထောင်ရာတွင် လူငယ်များသည် လမ်းမှန်ကမ်းမှန် ဆိုင်ရာဘက်မှ နေ၍ ထူထောင်ရေးတွင် ပါဝင်ဖို့ အရေးကြီးသည်။ စစ်ပြီးလျှင် ဗမာပြည်သည် လွတ်လပ်သော ပြည်ဖြစ်မည်ဖြစ်ရာ ခေတ်သစ်ကြီးနှင့်ဆီလျော်သော ပညာကို လူငယ်များ ပါဝင်အချိန်က စ၍ ရှာမှီးရန် လိုအပ်သည်။ ထို့ကြောင့် "ကျောင်းသားများ ကျောင်းပြန်တက်ကြ"

ပထမအဆင့် လုပ်ငန်း

(က) ကျောင်းသားများကိုယ်တိုင်က ကျောင်းဆရာများထံသို့ ချဉ်းကပ်၊ ကျောင်းနေရာရှာ၊ ကျောင်းကို ဖွင့်၊ ဆရာဟောင်းများက မကူညီခဲ့သော် သင့်လျော်သော မျိုးချစ်များကို ကျောင်းဆရာအဖြစ် ဆောင်ရွက်စေရမည်။

(ခ) ကျောင်းထူထောင်ရေးအတွက် တောင်သူအစည်းအရုံး၊ အလုပ်သမား အစည်းအရုံးတို့ထံမှ အကူအညီယူ၊ ဥပမာ တောင်သူအလုပ်သမားများက ဆန်စပါးလှူဒါန်း၍ ကျောင်းဆရာများကို ကျွေးထားနိုင်ရမည်။

(ဂ) ကျောင်းသားများက တစ်ဖန် တောင်သူအလုပ်သမားများကို ကူညီရမည်။ ဥပမာ စာမတတ်သော အလုပ်သမားများကို ကျောင်းသားများက သင်ပေးရမည်။ ဥပမာကောက်ရိတ်ချိန်တွင် ကျောင်းသားများက တောင်သူများကို ကူညီနိုင်သည်။



(ဃ) ကိုယ့်အရပ်ဒေသတစ်ဝိုက်တွင် ရှိသော ကျောင်းသုံးစာအုပ်၊ ကျောက်သင်ပုန်း၊ ကျောင်းသုံးပစ္စည်းအမျိုးမျိုးကို လိုက်လံစုဆောင်း၍ အချင်းချင်း မျှတစွာ ဝေသုံးစွဲရမည်။

ပထမအဆင့် တောင်းဆိုချက်

(က) အစိုးရက ကျောင်းများကို အသိအမှတ်ပြု၍ ဆရာများကို လစာပေးရန်

(ခ) အစိုးရသည် ပုလိပ်ဌာနကို ချက်ချင်းဖွင့်နိုင်လျှင် ပညာရေးဌာနကိုလည်း ဖွင့်နိုင်ရမည်။

(ဂ) ကျောင်းသုံးစာအုပ်နှင့် ကျောင်းသုံးပစ္စည်းအမျိုးမျိုးတို့ကို ဈေးပေါပေါနှင့် ရနိုင်အောင် အစိုးရက စီမံပေးရမည်။

ဒုတိယအဆင့် လုပ်ငန်း

(က) ကျောင်းများတွင် သမဝါယမပညာနှင့် စက်မှုလက်မှုပညာများကို သင်ကြားပေးရန်၊ ဥပမာ သားရေနယ် အလုပ်သမားတစ်ယောက်ကို ကျောင်းသို့လာ၍ သားရေနယ်ပညာ အသင်ခိုင်းနိုင်သည်။ အရင်းအနှီးမရှိသဖြင့် အလုပ်မဖွင့်သေးသော် စက္ကူလုပ်တတ်သော ပညာသည်တစ်ယောက်ခေါ်၍ စက္ကူလုပ်နည်းပညာ သင်ခိုင်းရမည်။

(ခ) ကျောင်းသားများအသင်းက သမဝါယမဌာန ဖွင့်ရမည်။

(ဂ) ဆိုဗီယက်ပညာရေးစနစ်၊ ဆိုဗီယက်ကျောင်းများအကြောင်း ဝါဒဖြန့်ရမည်။

(ဃ) အများပြည်သူတို့လက်တွင် အစိုးရအာဏာမရှိမချင်း၊ ဗမာပြည်သည် မလွတ်လပ်မချင်း ပညာရေးသည် တိုးတက်သင့်သလောက် မတိုးတက်ကြောင်း ရှင်းပြရမည်။

ဒုတိယအဆင့် တောင်းဆိုချက်

(က) ကျောင်းဆရာများအား လစာတိုးပေးရန်

(ခ) ကျောင်းသုံးပစ္စည်းများကို အစိုးရက ပေးရန်

(ဂ) ကျောင်းသုံးပစ္စည်းများနှင့် ကျောင်းသုံးစာအုပ်များကို လက်ဝါးကြီးအုပ် ဓနရှင်တို့လက်တွင် မထားဘဲ အစိုးရက ပြုလုပ်ရောင်းချရန်

(ဃ) အသက်မွေးဝမ်းကျောင်းပညာကို ပျံ့နှံ့အောင် သင်ကြားပေးရန်

(င) လူတိုင်း လူတိုင်း မသင်မနေရ ပညာရေးစနစ်ကို တည်ထောင်ရန်

(စ) အမျိုးသားလွတ်လပ်ရေး တိုးတက်ရေးတို့အတွက် ရေးသားထားသော စာအုပ်

www.burmeseclassic.com

www.burmeseclassic.com



များကိုသာ သင်ကြားရန်၊ လွတ်လပ်စွာရေးသားခြင်း၊ ပြောဆိုခြင်း စသည်တို့ကို ကျောင်းသားတို့က တောင်းဆိုရန်

(ဆ) အမျိုးသားလွတ်လပ်ရေးကို ကျောင်းသားများက ထောက်ခံရန်

(မှတ်ရန်) ကျောင်းဆရာများ၊ ဆရာဝန်များ၊ ရှေ့နေများ၊ စာရေးဆရာများတို့ကိုလည်း ဆိုင်ရာအစည်းအရုံးများ ဖွဲ့စည်းပေးရမည်။ ၎င်းတို့၏ ဆိုင်ရာလုပ်ငန်းများကို ပြန်လည်ထူထောင်ရာ၌ လိုအပ်သော အကြောင်းများတွင် အခြေပြုလျက် စည်းရုံးပေးရမည်။ ဥပမာ ကျောင်းဆရာများအတွက် ကျောင်းများကို အသိအမှတ်ပြုရေး၊ ဆရာဝန်များအတွက် ဆေးပေါပေါရရေး၊ စာရေးဆရာများအတွက် စက္ကူပေါပေါရရေး၊ ပုံနှိပ်စက်များ ပြန်လည်ဖွင့်ရေး

## အများပြည်သူတို့၏ အစားအစာ နေမှုထိုင်မှုကော်မတီ တည်ထောင်ခြင်း

ထိုအစားအစာကော်မတီတွင် (ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်) ကွန်မြူနစ်ပါတီ၊ အလုပ်သမားအစည်းအရုံး၊ တောင်သူများ၊ လက်မှုပညာသည်များ အစည်းအရုံး၊ သမဝါယမအစည်းအရုံး စသော အများပြည်သူတို့၏ အစည်းအရုံးများနှင့် အစိုးရကိုယ်စားလှယ်များ ပါဝင်စေရမည်။ မြို့ရွာ ရပ်ကွက်ဆိုင်ရာ ကော်မတီအသီးသီး ဖွဲ့စည်းနိုင်သည်။

(က) ဆန်စပါး၊ ဆီ၊ ဆား၊ သကြား၊ မီးခြစ်၊ အထည်အလိပ်၊ ဆေး၊ ဆပ်ပြာ အစရှိသည်များကိုသာ ကူညီမှုဖြစ်ရန်

(ခ) အဆမတန် အမြတ်ယူသူများကို တိုက်ဖျက်ရန် ဥပမာ ကုန်များကို လိုက်ဖော်ရမည်။ လက်တို့ဈေးတည်ထောင်နေသူများအား ပြည်သူတို့က သပိတ်မှောက်ခြင်း၊ ဝိုင်းပယ်ခြင်း၊ အစိုးရက အရေးယူခြင်း

(ဂ) ကုန်ပစ္စည်းများကို ရရှိအောင် စီမံရေး၊ ဥပမာ ကော်မတီမှ ငွေရှာကြ၍ ပစ္စည်းများကို ဝယ်နိုင်သည်။ အညာမှ ကော်မတီသည် အောက်ရွာများသို့ ထန်းလျက်၊ ဆီ စသည်တို့ကို ပို့ပြီးလျှင် အောက်ရွာမှ ငါးပိ၊ ငါးခြောက် ယူခဲ့နိုင်သည်။ အစိုးရက ဓရန်၊ အထည်အလိပ် စသည်တို့ကို ဝယ်၍ တစ်ဆင့်ရောင်းနိုင်သည်။ အစိုးရက ဝယ်ထားသော ပစ္စည်းများကိုဖြစ်စေ ကော်မတီက တရားသဖြင့် ဝေငှရမည်။

(ဃ) ကုန်ပစ္စည်းများကို အများပြည်သူတို့သိသော ဂိုဒေါင်များတွင် သိမ်းထားရမည်။

## အများပြည်သူတို့ ရောဂါဘယပျောက်ကင်းရေးနှင့် ကျန်းမာရေးကော်မတီ တည်ထောင်ရမည်။



အထက်ပါအတိုင်းပင် အများပြည်သူတို့ အစည်းအရုံး ကိုယ်စားလှယ်များနှင့် အစိုးရကိုယ်စားလှယ်များ ပါဝင်စေရမည်။

(က) ရောဂါပပျောက်ရေးနှင့် ရောဂါကာကွယ်ရေးတို့အတွက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း ဥပမာ ဆေးမြီးတိုများဖြန့်ခြင်း၊ ပလိပ်ပိုးပါသော ကြွက်များကို ဖျောက်ဖျက်ခြင်း၊ ငှက်ဖျားရောဂါဖြစ်စေသော ရေအိုင်များကို ရှင်းလင်းခြင်း၊ မကူးစက်အောင် ကာကွယ်ခြင်း စသည်တို့ဖြစ်သည်။

(ခ) အများပြည်သူတို့၏ ဆေးရုံများ၊ နယ်လှည့်ဆေးပေးအဖွဲ့များ ဖွင့်ရန်

(ဂ) အစိုးရထံမှဖြစ်စေ၊ သူနာပြုအဖွဲ့များဖြစ်စေ၊ အခြားဒါနရှင်များထံမှဖြစ်စေ ဆေးများကို ယူ၍ ဖြန့်ဝေရန်

(ဃ) ဆေးဖော်ခြင်း၊ လုပ်ခြင်းကို အားပေးရန်

(င) ဆေး၊ ဆပ်ပြာ၊ ဟင်းချက်ဆီ စသော အရာများ ပေါလာအောင် လှုံ့ဆော်ရန်၊ ဝါဒဖြန့်ရန်၊ ဆီပေါရန်၊ ဆီဆပ်ပြာပေါလျှင် ယားနာများကို အောင်မြင်စွာ တိုက်ခိုက်နိုင်လိမ့်မည်။

## အများပြည်သူတို့၏ သုခုမပညာအဖွဲ့များ (ယဉ်ကျေးမှုပညာ)တည်ထောင်ရမည်။

ယဉ်ကျေးမှုပညာ(သုခုမ)နှင့် ပတ်သက်သော အရာများမှာ ပွဲ၊ သဘင်၊ ဂီတ၊ စာပေ၊ ပန်းချီ စသည်တို့ဖြစ်သည်။ အထက်က အများပြည်သူတို့ ကိုယ်စားလှယ်များ ပါဝင်စေရမည်။ အစိုးရကိုယ်စားလှယ်တို့ ပါရန် မလို။

(က) ထိုယဉ်ကျေးမှုပညာများဖြင့် လူထုကြီးကို ဖက်ဆစ်ဝါဒ အကြွင်းမဲ့သုတ်သင်ရေးတွင် လှုံ့ဆော်ရမည်။ စည်းရုံးရမည်။

(ခ) ထိုပညာများဖြင့် တိုင်းပြည်ထူထောင်ရေးတွင်လည်းကောင်း၊ သေးညပဒ်ရောဂါများကို တိုက်ဖျက်ရေးတွင်လည်းကောင်း၊ လူထုကြီးကို လှုံ့ဆော်ရမည်၊ စည်းရုံးရမည်။ ခေတ်တိုးတက်ရေးဖြစ်သော စာပေများ၊ ဂီတများ၊ ပြဇာတ်များ ဖြန့်ဖြူးရန်

(ဂ) ဆိုဗီယက် ယဉ်ကျေးမှုပညာများကို ဖြန့်ဖြူးရန်

(ဃ) ထာဝစဉ်ငြိမ်းချမ်းရေး၊ လွတ်လပ်ရေး၊ ဒီမိုကရေစီ စသည့်အရာများကို လူထုကြီး နားလည်စိတ်ဝင်စားလာအောင် ဆောင်ရွက်ရမည်။

## အများပြည်သူတို့၏ ကာယဗလတိုးတက်ရေးနှင့် အပျော်ထမ်းတပ်များ တည်ထောင်ရေးကော်မတီ တည်ထောင်ရမည်။

ထိုကော်မတီတွင် အဆိုပါ အများပြည်သူတို့၏ အစည်းအရုံးကိုယ်စားလှယ်များ ပါဝင်စေရမည်။

(က) ကာယဗလ ပညာများ ဖြန့်ဖြူးရန်

www.burmeseclassic.com

www.burmeseclassic.com



(ခ) ကာယဗလပြိုင်ပွဲများ ကျင်းပရန်
(ဂ) အလုပ်သမားများ၏ အပျော်ထမ်းတပ်၊ တောင်သူများ၏ အပျော်ထမ်းတပ် စသည်တို့ကို ဗမာ့တပ်မတော်၏ အကူအညီဖြင့် ထူထောင်ရန်၊ တပ်မတော်ကို လူအားဖြည့်ရန်

မှတ်ချက်။ ။ ဤအခန်းတွင် လုပ်ငန်းများနှင့် တောင်းဆိုချက်ဟူ၍ ၂ မျိုးစီခွဲထားရာ လုပ်ငန်းဟူသည်မှာ မည်သူလုပ်လုပ် မလုပ်လုပ်၊ မည်သူ ကန့်ကွက် ကန့်ကွက်၊ မည်သူက ကိုယ့်တောင်းဆိုချက်ကို လိုက်နာ၊ မလိုက်နာ လူထုကြီး၏ မရှောင်သာ မလွှဲသာသော တာဝန်များအဖြစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်လေသည်။

လူထုကြီးသည် ထိုလုပ်ငန်းများကို လုပ်ရာ၌ ကိုယ်တိုင် ကိုယ့်အားကိုယ် ကိုးရမည်။ မည်သူမပြု မိမိမှုဟု နားလည်ရမည်။ ကိုယ့်ဝတ္တရားကိုယ် ကျေပွန်စွာ ထိုလုပ်ငန်းများကို ဆောင်ရွက်ရန် လူထုကြီးသည် ၎င်းတို့၏ အစည်းအရုံးကို တည်ထောင်ရမည်။ ထိုသို့ ဆောင်ရွက်ရင်း၊ တည်ထောင်ရင်း တောင်းဆိုချက်များကို တောင်းဆိုရမည်။

ကိုယ့်အလုပ်ကိုယ်လုပ်ခြင်းပင်လျှင် တောင်းဆိုချက်များကို ရရာ ရကြောင်း ဖြစ်သည်။ တောင်းဆိုချက်များရလျှင် ကိုယ့်အဓိကလုပ်ငန်းများ အောင်မြင်မည်။ ကိုယ့်အလုပ်များ ပိုမိုအောင်မြင်လျှင် ကိုယ့်အစည်းအရုံးများ ပိုမို၍ ကြီးမားလာလိမ့်မည်။ တောင့်တင်းလာလိမ့်မည်။

လုပ်ငန်းများ၊ တောင်းဆိုချက်များကို ပထမအဆင့်၊ ဒုတိယအဆင့် စသည်ဖြင့် အဆင့်ဆင့်ခွဲခြားထားရာ ဒေသ၊ ပတ်ဝန်းကျင်၊ အခြေအနေကို ကြည့်လျက် တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်၍ လုပ်သွားရမည်။ ဒေသပတ်ဝန်းကျင် အခြေအနေကိုကြည့်လျက် လုပ်ငန်းများ၏ (နည်းစနစ်)နှင့် တောင်းဆိုချက်များ၊ စကားအသုံးအနှုန်းပုံသဏ္ဍာန်များကို ဆီလျော်အောင် ပြုပြင်ကြရမည်။

## ဖြည့်စွက်ချက်

အထက်ပါကိစ္စများတွင် မိန်းမများလည်း ရင်ပေါင်တန်းပါဝင်စေရမည်။ ဗမာပြည်မှာ အထက်ပါကိစ္စများအတွက် မိန်းမများအဖို့ သီးခြားအဖွဲ့များ မလို၊ သို့သော် မိန်းမလုပ်ငန်းသက်သက်ဖြစ်သော ကိစ္စများကို ဆောင်ရွက်ရန် မိန်းမအကော်မတီ ဖွဲ့စည်းနိုင်သည်။ ဥပမာ စစ်ကြီးအတောအတွင်း နေရေးထိုင်ရေး ကျပ်တည်းသဖြင့် ပျက်စီးသွားသော မိန်းမများကို ပြန်လည်ပြုပြင်ရန်၊ ကလေးသူငယ်များ ကျန်းမာရေးကို စောင့်ရှောက်ရန်၊ ရက်ကန်းရက်ခြင်း၊ ပန်းလုပ်ခြင်း၊ အရုပ်လုပ်ခြင်း စသော မိန်းမတို့၏ လုပ်ငန်းများကို



အားပေးရန်၊ မီးဖိုချောင်လုံရေးအတွက် ထူ့ဆော်ရန် စသော ကိစ္စများအတွက် မိန်းမများ အထူးကော်မတီများ ဖွဲ့စည်းနိုင်သည်။

## အခန်း ၆

ဖက်ဆစ်ဂျပန်ကို အကြွင်းမဲ့သုတ်သင်ပြီးသောအခါ ဖက်ဆစ်ဂျပန်ကို အကြွင်းမဲ့ သုတ်သင်ပြီးသောအခါ၌ ကမ္ဘာ့နိုင်ငံရေးအခြေအနေသည် အောက်ပါ အတိုင်းဖြစ်လိမ့်မည်။

(က) တရုတ်ပြည်တွင် တစ်မျိုးလုံးညီညွတ်ရေး တည်မြဲလိမ့်မည်။ တရုတ် လူထုကြီး၏ ညီညွတ်ရေးတပ်ပေါင်းစုတွင် ချန်ကေရှိတ်၏ ကိုမင်တန် ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ တရုတ်ကွန်မြူနစ်ပါတီနှင့် အခြားသောပါတီများသည် ညီညွတ်ကြလိမ့်မည်။ ယခုအခါ တရုတ်ကွန်မြူနစ် ပါတီသည် အသင်းသား ရှစ်သိန်း၊ တပ်နီတော်သား ၆ သိန်း၊ ပြောက်ကျားတပ်သား ၂ သန်း ၃ သိန်းရှိလျက် လူဦးရေ သန်းပေါင်း ၉၀ ရှိသော နယ်မြေများတွင် လူထုကြီး၏ ညီညွတ်ရေးအစိုးရ တည်ထောင် အောင်မြင်လျက်ရှိလေသည်။ ထိုအစိုးရသည် လူထုကြီး၏ အစိုးရ (ဝါ) တကယ့်ဒီမိုကရေစီအစိုးရ ဖြစ်၍ တစ်နေ့တခြား အာဏာပြန့်လျက် တိုးတက်နေသည်။ ဂျပန်ပြုတ်ကျသော အချိန်၌ ထိုတကယ့်ဒီမိုကရေစီ အစိုးရသည် တရုတ်တစ်ပြည်လုံးကိုလိုလိုပင် လွှမ်းမိုးလျက်ရှိလိမ့်မည်။ တစ်ကမ္ဘာလုံးရှိ အစိုးရကို အသိအမှတ်ပြုလိမ့်မည်။ ထိုကဲ့သို့ လွတ်လပ်သော အင်အားကြီးမားသည့် တကယ့်ဒီမိုကရေစီ လွှမ်းမိုးသော တရုတ်ပြည်ကြီးသည် အာရှတိုက် လွတ်လပ်ရေးအတွက် စွက်ဖက်နိုင်သော အာဏာတစ်ခု ဖြစ်လိမ့်မည်။

(ခ) ယခုအခါ ဖက်ဆစ်တို့၏ ခေါင်းဆောင်ဖြစ်သော ဂျာမနီကို ဆိုဗီယက်ယူနီယံသည် အပြုတ်နှံနေရသည့် အရှေ့ဘက် ဖက်ဆစ်နိုင်ငံကို ဖြိုဖျက်ရေးအတွက် တရုတ်ပြည်ကို အကူအညီ ဆက်လက်ပေးခြင်းမှတစ်ပါး ဘာမျှ မဆောင်ရွက်နိုင်သေး။ အရှေ့ပိုင်းနိုင်ငံရေးပြဿနာများတွင်လည်း စွက်ဖက်ပြောဆိုခြင်း မရှိသေး။ သို့သော် ဂျပန်ကိုအပြုတ်နှံရာ၌ ဆိုဗီယက်ယူနီယံအကူအညီမပါဘဲ ကမ္ဘာသူ ကမ္ဘာသားတို့က လိုလားသော အချိန်အတွင်းတွင် ပြီးမြောက်နိုင်ရန် ခဲယဉ်းသည်။ ဆိုဗီယက်ယူနီယံသည် အရှေ့ပိုင်းစစ်ပွဲတွင် တိုက်ရိုက်ဝင်ချင်မှ ဝင်လိမ့်မည်။ တရုတ်ပြည်ကို ကူညီပေးခြင်း၊ မဟာမိတ်တပ်များကို အကူအညီပေးခြင်း စသော နည်းလမ်းတို့ဖြင့် ဝင်ရောက်စွက်ဖက်လိမ့်မည်။ ထိုသို့ဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



စွက်ဖက်သည်နှင့်အမျှ အရှေ့ဘက် နိုင်ငံရေးပြဿနာများတွင် ဆိုဗီယက်ယူနီယံအသံသည် ပြဲစာညောင်းလာလိမ့်မည်။

တရုတ်ပြည်ရှိ ချန်ကေရှိတ်နှင့်တကွသော ဖောက်ပြန်ရေးသမား တစ်စုတို့သည် ထိုသို့ အလားအလာကို မနှစ်မြို့နိုင်ကြပေ။ ချန်ကေရှိတ် ကြီးမှူးသော တရုတ်ဖက်ဆစ်အစိုးရသည် ဖက်ဆစ်ဂျပန် သက်တမ်းရှည်သရွေ့အပေါ်တွင်သာ မှီနေသည်။ ဖက်ဆစ်ဂျပန်သည် ချုံကင်းအစိုးရ ပျက်ပြားသွားသည်ကို မလိုလား။ အကြောင်းမူကား ချုံကင်းအစိုးရ ပျက်ပြားလျှင် မဟာမိတ်နိုင်ငံတို့က ယိနန်အစိုးရတို့ကို အားပေးကူညီ၍ အသိအမှတ်ပြုရလိမ့်မည်။

အမေရိကန် အမှူးပြုသော မဟာမိတ်နယ်ချဲ့အစိုးရများလည်း ချုံကင်းအစိုးရ ပျက်ပြားသွားမည်ကို မလိုလား။ အကြောင်းမူကား ချုံကင်းအစိုးရ ပျက်ပြားလျှင် ယိနန်အစိုးရကို အသိအမှတ်ပြုရမည် ဖြစ်သောကြောင့်သာတည်း။

❒

# စတုတ္ထပိုင်း

## မြန်မာနိုင်ငံအရပ်ရပ်တွင် ဖက်ဆစ်တော်လှန်ရေးကြီး စတင်ဆင်နွှဲခြင်း

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

## ပြည်သူလူထုတစ်ရပ်လုံး၏ တော်လှန်ရေး

### (က) တော်လှန်ရေးကာလ အင်္ဂလိပ်ဂျပန် စစ်အခြေအနေ

အရှေ့အာရှ သာတူညီမျှ ကောင်းစားရေးအလံကို လွှင့်ထူ၍ ချီတက်လာသော ဂျပန်တပ်မတော်ကြီးသည် မြန်မာနိုင်ငံအလုံးကို သိမ်းပိုက်မိပြီးသည့်အခါ၌ မိမိ၏အလံတော်ကို ရှေ့သို့ တိုး၍စိုက်ထူခြင်း မပြုနိုင်တော့ပေ။ ဂျပန်စစ်တပ်များသည် အိန္ဒိယ-မြန်မာနယ်စပ်မှ ရှေ့သို့တိုး၍ ချီတက်တိုက်ခိုက်ခြင်းပြု၍ ကြိုးစားကြသော်လည်း အောင်မြင်မှုမရခဲ့ကြဘဲ ရှိနေသည်။ မဟာမိတ်စစ်တပ်များသည် အိန္ဒိယနိုင်ငံမှနေ၍ ခိုင်ခိုင်မာမာခုခံရင်း မြန်မာနိုင်ငံမှ ရှေ့သို့တက်လာသော ဂျပန်တပ်မတော်ကို တားဆီးထားကြလေသည်။

ဂျပန်တပ်မတော်သည် အာရှတိုက်အလုံးကို သိမ်းကျုံးစိုးပိုင်ပြီးခဲ့ပါလျက်နှင့် အိန္ဒိယနိုင်ငံ၏ နယ်မြေကလေးတစ်ကွက်ကိုမျှ အဘယ်ကြောင့် သိမ်းပိုက်ခြင်းမပြုနိုင်သနည်းဟု မေးလျှင် အဖြေသည် ရှင်းနေပေသည်။ ၎င်းအဖြေမှာ မြန်မာနိုင်ငံ လူထုက ဂျပန်တပ်မတော်၏ စစ်အောင်နိုင်ရေးအတွက် အကူအညီ လုံးဝမပေးတော့၍ ဖြစ်ပေသည်။

မြန်မာလူထုသည် ဂျပန်တပ်မတော်နှင့် ရက်စက်ယုတ်မာသော ဂျပန်စစ်သားတို့၏ အပြုအမူများကို များစွာ စက်ဆုပ်ရွံရှာလျက်ရှိနေကြပြီ ဖြစ်လေသည်။ ထို့ကြောင့်ပင် ဂျပန်တို့တောင်းသောအကူအညီကို စိတ်ပါလက်ပါ ကူညီခြင်း မရှိကြချေ။ ဂျပန်စစ်တပ်သည် မြန်မာနိုင်ငံလူထုထံမှ သယ်ယူပို့ဆောင်ရေးအတွက် ယာဉ်နှင့် လူအား အကူအညီကို အနုနည်းဖြင့် တောင်းခံ၍ မရသောအခါ အကြမ်းနည်းဖြင့် တောင်းခံကြသည်။ မြန်မာလူထုသည် ဂျပန်များတောင်းသော အကူအညီကို လုံးဝမပေးဘဲ ရှောင်ရှားထွက်ပြေးနေကြတော့သည်။

www.burmeseclassic.com



ဂျပန်တပ်မတော်သည် အိန္ဒိယနိုင်ငံသို့ ချီတက်တိုက်ခိုက်ရေးအတွက် စစ်သားများ စားသောက်ရန် ရိက္ခာပြည့်စုံစွာ မရပေ။ မြန်မာလူထုသည် ဂျပန်တပ်မတော်များစားသောက်ရန် ရိက္ခာအကူအညီကိုလည်း လုံးဝမပေးဘဲ ရှောင်ရှားနေကြသည်။ ထို့ကြောင့် ဂျပန်တပ်သားများသည် နေရာတကာတွင် လုယက်တိုက်ခိုက်၍ ရိက္ခာများ ရှာဖွေစားသောက်နေရသည့်အခြေသို့ ရောက်နေလေသည်။

ဂျပန်တပ်များသည် ၁၉၄၄ ခုနှစ်၊ ဇန်နဝါရီလတွင် အိန္ဒိယနိုင်ငံသို့ ချီတက်တိုက်ခိုက်ရန် တပ်များကို စုရုံးလိုက်လေသည်။ ထိုအချိန်၌ ရခိုင်စစ်မျက်နှာတွင် ဂျပန်တပ်များနှင့် မဟာမိတ် ကမ်းတက်တပ်များသည် အပြင်းအထန် တိုက်ခိုက်နေခဲ့ကြပြီး ဖြစ်နေသည်။ ဂျပန်သည် ရခိုင်စစ်မျက်နှာတွင် ဟန်ပြသာ တိုက်နေပြီး တစ်ဖက်မှ စစ်ပရိယာယ်ဖြင့် အိန္ဒိယနိုင်ငံသို့ ချီတက်တိုက်ခိုက်ရန် ကြိုးစားခြင်း ဖြစ်သည်။

ထိုအချိန်က အိန္ဒိယနိုင်ငံရှိ မဟာမိတ်တပ်ပေါင်းစု၏ စစ်သေနာပတိချုပ်မှာ ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်ဖြစ်သည်။ ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်ကို အာရှအရှေ့တောင်ပိုင်းရှိ မဟာမိတ်တပ်ပေါင်းစု၏ အထူးအာဏာရ စစ်သေနာပတိချုပ်အဖြစ် ၁၉၄၃ ခုနှစ်၊ နိုဝင်ဘာလမှ စတင်၍ ခန့်ထားခြင်းခံခဲ့ရပေသည်။

ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်သည် အသက် ၄၃ နှစ်ရှိပြီဖြစ်သော စစ်သားကောင်းကြီးတစ်ဦးဖြစ်သည်။ မောင့်ဘက်တန်သည် ဝိတိုရိယဘုရင်မကြီး၏မြေးဖြစ်၍ အသက် ၁၃ နှစ်ကပင် စစ်တပ်ထဲသို့ ဝင်ခဲ့သူဖြစ်သည်။ သူသည် အသက် ၂၀ တွင် အရာရှိဖြစ်၍ အသက် ၄၃ နှစ်တွင် အင်္ဂလိပ် ရေတပ်မတော် စစ်ဦးစီးချုပ်ဖြစ်လာလေသည်။ ဘုရင်အနွယ်ဝင်တစ်ဦးဖြစ်သဖြင့် လည်းကောင်း၊ အရည်အချင်းပြည့်သူဖြစ်၍လည်းကောင်း ရာထူးကြီးတစ်ခုကို ထိုသို့ပင် လျင်မြန်စွာ ရရှိခဲ့ခြင်းလည်း ဖြစ်ပေသည်။

မောင့်ဘက်တန်၏ တစ်ခုတည်းသော တာဝန်မှာ မြန်မာနိုင်ငံကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရေးပင် ဖြစ်သည်။ အင်္ဂလိပ်ဝန်ကြီးချုပ် ချာချီသည် မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ရေးအတွက် မောင့်ဘက်တန်၏ သဘောကျ လုပ်ဆောင်ရန် တာဝန်ကြီးတစ်ရပ်ကို ထိုးအပ်ခဲ့ခြင်းလည်း ဖြစ်သည်။

၁၉၄၄ ခုနှစ်၊ နှစ်ဦးတွင်ပင် ဂျပန်များသည် တမူးလမ်းမှ နေ၍ အိန္ဒိယနိုင်ငံသို့ ချီတက်တိုက်ခိုက်ရန် ချင်းတွင်းမြစ်ဝှမ်းဒေသ၌ စုရုံးပြီး ဖြစ်နေကြတော့သည်။ ထိုအချိန်၌ ဂျပန်တို့သည် ယင်းသို့ စစ်မျက်နှာအသစ်တစ်ရပ် ဖွင့်လိုက်ခြင်းမှာ မိမိတို့သေတွင်းသို့ မိမိတို့ကိုယ်တိုင် ခုန်ဝင်သည်နှင့် တူလှပေသည်။ ပစိဖိတ်သမုဒ္ဒရာတွင်လည်းကောင်း၊ ရခိုင်စစ်မျက်နှာတွင်လည်းကောင်း၊



စစ်ပွဲများ တိုက်ခိုက်နေရပြီးလျှင် အောင်ပွဲရခြင်းလည်း မရှိသေးသည့်အချိန်၌ လောဘကြီးစွာဖြင့် အိန္ဒိယသို့စစ်ချီရန် ကြိုးစားခြင်းမှာ ဂျပန်၏ မိုက်မဲမှုဟုပင် ပြောဆိုရပေတော့မည်။

ဂျပန်တပ်များက တမူးလမ်းမှ အိန္ဒိယနိုင်ငံသို့ စစ်ပြုလာခြင်းသည် မဟာမိတ်တပ်များအတွက် အခွင့်ကောင်းတစ်ရပ်ဟု မောင့်ဘက်တန်က ယူဆသည်။ သူသည် လိုအပ်သည့် စစ်ပြင်ဆင်မှုများကို စနစ်တကျ ပြင်ဆင်ဆောင်ရွက်လျက် ရှိခဲ့လေသည်။

ထိုအချိန်၌ ဗိုလ်ချုပ်ကြီး စတီးဝဲလ်ဦးစီးသော မဟာမိတ်တပ်ပေါင်းစုသည် ဟူးကောင်းတောင်ကြားမှ နေ၍ မြန်မာနိုင်ငံမှ မြစ်ကြီးနားမြို့ဆီသို့ ချီတက်တိုက်ခိုက်လျက်ရှိလေသည်။ ဗိုလ်ချုပ်ကြီး စတီးဝဲလ်၏ တပ်များသည် ဂျပန်တပ်အတော်များများကို ထိုးဖောက်ချီတက်နိုင်ခဲ့လေသည်။ ဤအခြေအနေတွင် မြစ်ကြီးနားမှ ဂျပန်တပ်များသည် ချင်းတွင်းမြစ်ဝှမ်းဒေသကို ဆင်းလာစေရန် စစ်မြှူသည့်အနေဖြင့် မဟာမိတ်တပ်များကို ချင်းတွင်းမြစ်အထိ ထိုးဖောက်ချီတက်ရန် မောင့်ဘက်တန်က အစီအစဉ် ပြုလုပ်ထားခဲ့သည်။ သို့သော် ဂျပန်များသည် စစ်မြှူရန် မလိုတော့ဘဲ အလိုအလျောက်ပင် ချင်းတွင်းမှတစ်ဆင့် တမူးလမ်းအတိုင်း ချီတက်လာလေပြီ။ ဤကား မဟာမိတ်တပ်များအကြိုက်ကျသွားခြင်းပင်တည်း။

ဂျပန်တပ်မတော်၏ အမှတ် ၃၃၊ ဒီဗီဇံ တပ်မ၊ အမှတ် ၃၁ ဒီဗီဇံ တပ်မနှင့် အမှတ် ၁၅ ဒီဗီဇံတပ်မကြီးများသည် စစ်ကြောင်းကြီး သုံးကြောင်းခွဲ၍ အိန္ဒိယနိုင်ငံသို့ ချီလေသည်။ ၁၉၄၄ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ဂျပန်နိုင်ငံ တိုကျိုရေဒီယိုမှ ကြေညာရာ၌ ဂျပန်တပ်မတော်သားများသည် ချင်းတွင်းဒေသကို ဖြတ်ကျော်၍ အိန္ဒိယနိုင်ငံသို့ အောင်မြင်စွာ ချီတက်နေကြပြီဟု ပါရှိလေသည်။

ဂျပန်တပ်များသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံနယ်စပ်ရှိ တောင်တန်းကြီးများကို ခက်ခဲစွာ ဖြတ်ကျော်၍ ချီတက်ကြရလေသည်။ ဤနေရာတွင် မဟာမိတ်တပ်များက တစ်ပန်းသာနေ၏။ မဟာမိတ်တပ်များသည် မိမိ၏တပ်များကို များစွာ ဖြန့်ထားရန် မလိုဘဲ အခြေခံစစ်စခန်းများနှင့် နီးနီးကပ်ကပ်နေထိုင်ရန်သူများကို တိုက်ခိုက်ရခြင်းပင် ဖြစ်သည်။ ထိုသို့ အခြေခံစခန်းနှင့်နီးသောကြောင့် လက်နက်ခဲယမ်းမီးကျောက်မှ အစ ရိက္ခာများအထိ ထောက်ပို့ကူညီမှု လွယ်ကူစွာ ရခဲ့ကြပေသည်။

ဂျပန်တပ်များကား မိမိတို့အခြေခံစခန်းများနှင့် များစွာ ဝေးကွာ၍ သူမနီးသော တောကြီးတောင်ကြီးများကို ရက်ပေါင်းများစွာ ဖြတ်သန်း၍ တိုက်ခိုက်နေကြရခြင်းဖြစ်ပေရာ လက်နက်ခဲယမ်းမီးကျောက်မှအစ ဆေးနှင့် ရိက္ခာ

www.burmeseclassic.com

www.burmeseclassic.com



များကို ထောက်ပို့ဖြည့်တင်းရန် မလွယ်ကူပေ။ ထို့ပြင် တမူးလမ်းမှာလည်း လက်နက်ခဲယမ်းနှင့် ရိက္ခာများပို့ပေးရန် လွယ်ကူသော လမ်းကောင်းတစ်ခုမဟုတ်။

သို့သော် စစ်ပွဲ၏ ကနဦးအခြေတွင် ဂျပန်တပ်များသည် အိန္ဒိယနိုင်ငံမှ မဟာမိတ်တပ်များအပေါ် အောင်ပွဲရခဲ့လေသည်။ အိန္ဒိယရှိ အမှတ် ၁၄ တပ်မတော်ဗိုလ်ချုပ်ကြီးစလင်း၏ တပ်များကို ဂျပန်တပ်များသည် တိုက်ပွဲအစတွင်ပင် ရှင်းလင်းနိုင်ခဲ့သည်ကိုတွေ့ရလေရာ ဂျပန်နိုင်ငံ တိုကျိုရေဒီယိုမှ အောင်ပွဲခံသည့် အသံများမှာ ကျွက်ကျွက်ညံသွားခဲ့လေသည်။

ဂျပန်များသည် တစိမ့်စိမ့်ထိုးဖောက်ချီတက်သည့်နည်းကို သုံး၍ အိန္ဒိယနယ်မြေကို ထိုးဖောက်ခဲ့ခြင်း ဖြစ်လေသည်။ အိန္ဒိယနယ်စပ်ရှိ မဟာမိတ်တပ်များ၏ လမ်းပန်းအဆက်အသွယ်အတော်များများကို ဂျပန်တပ်များက စစ်ပွဲအစတွင် ဖြတ်တောက်နိုင်လိုက်သည်မှာ အံ့ဖွယ်ဖြစ်လေသည်။

မဏိပူရလွင်ပြင်ရှိ အင်ဖာမြို့နှင့် အာသံနယ်ခြားရှိ ကိုဟီးမားမြို့များတွင် မဟာမိတ်တပ်အများအပြားကို ဂျပန်တပ်များက ဝိုင်းမိထားလိုက်လေသည်။ အခြေအနေမှာ တော်တော်ပင် ဆိုးဝါးသွား၏။ အိန္ဒိယနိုင်ငံတွင် ပြောင်းရွှေ့ရုံးစိုက်နေသော မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်နှင့် အစိုးရအဖွဲ့ပင် များစွာ ထိတ်လန့်တုန်လှုပ်နေသည့် အချိန်ဖြစ်သည်။ အိန္ဒိယနိုင်ငံကြီးကိုပင် ဂျပန်သည် နေ့သိမ်းမည်လား၊ ညဥ့်သိမ်းမည်လားဟု လန့်သူတွေက လန့်နေကြလေသည်။

သို့သော် ဤအခြေအနေမှာ ခေတ္တခဏသာ ဖြစ်ပေသည်။ ဂျပန်တပ်များမှာ နောက်တန်းမှ ရိက္ခာနှင့်လက်နက်ခဲယမ်းအကူအညီကို ကောင်းစွာ ရနိုင်သူများ မဟုတ်ပေ။ ထို့ပြင် ဂျပန်လေတပ်ကလည်း မည်သည့်နည်းနှင့်မျှ အကူအညီပေးနိုင်ခြင်း မရှိပေ။ ရိက္ခာနှင့် လက်နက်ခဲယမ်း ဖြည့်တင်းခြင်း မခံရသော ဂျပန်တပ်များသည် မကြာမီပင် အောက်ခြေယိုင်လာလေ၏။

ဂျပန်တပ်များ အဝိုင်းခံထားရသော မဟာမိတ်တပ်များမှာမူကား မဟာမိတ်လေတပ်၏ ထောက်ပို့ကူညီမှုကို ကောင်းစွာ ရနေ၏။ လက်နက်ခဲယမ်း မီးကျောက်နှင့် ရိက္ခာများကို မဟာမိတ်တပ်များအား လေတပ်မှ ကောင်းစွာ ချပေးခဲ့လေသည်။ မဟာမိတ်တပ်များအား မဟာမိတ်လေတပ်မှ ကူညီမှုကို ဂျပန်တို့က မည်သို့မျှ တားဆီးခြင်းမပြုနိုင်ကြပေ။

ထို့ကြောင့် ၁၉၄၄ ခုနှစ်၊ ဇွန်လတွင်ပင် စစ်ပွဲအခြေအနေများမှာ ရုတ်တရက် ပြောင်းလဲသွားခဲ့လေတော့သည်။ ၁၉၄၄ ခုနှစ်၊ မတ်လက အိန္ဒိယပြည်တွင်းသို့ ခရီးရှည် ထိုးဖောက်ချီတက်ခဲ့သော ဂျပန်တပ်များသည် အစာငတ်ရေငတ်ဖြင့် ကစဥ့်ကလျား ထွက်ပြေးဆုတ်ခွာကြရလေသည်။ အင်ဖာစစ်မြေပြင်မှ ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသော ဂျပန်တပ်များကို အိန္ဒိယရှိ မဟာမိတ်တပ်များသည်



ကြည်းတပ်၊ လေတပ် ညှပ်၍ လိုက်တိုက်ကြတော့ရာ ဂျပန်များ၏ ဆုံးရှုံးမှုမှာ ကြောက်ခမန်းလိလိ ဖြစ်တော့သည်။ ဂျပန်တပ်သားပေါင်း ၃၀၀၀၀ ကျဆုံး၍ အများအပြား ဒဏ်ရာရပြီးလျှင် သို့ပန်းအမြောက်အမြား ဖမ်းမိခဲ့သည်။

ဂျပန်များ အင်ဖာစစ်မြေပြင်မှ ဆုတ်ခွာရာတွင် မိုးရာသီဖြစ်နေ၍ မဟာမိတ်တပ်များ လိုက်မလာနိုင်ဟု တွက်ခဲ့ကြသော်လည်း မဟာမိတ်တပ်များသည် နှစ်တကျ ချီတက်လိုက်ခဲ့ကြပြီး ဂျပန်တပ်သားများကို သုတ်သင်နိုင်ခဲ့ကြလေသည်။

ဂျပန်တပ်များ၏ ၆၀ ရာခိုင်နှုန်းမှာ မဏိပူရနှင့် အင်ဖာစစ်မြေပြင်တွင် ကျဆုံးဒဏ်ရာရခဲ့ကြပြီးနောက် တမူးလမ်းအတိုင်း လိုက်၍ တိုက်သော မဟာမိတ်တပ်များကို ဂျပန်တို့သည် ချင်းတွင်းဒေသအထိပင် ပြန်လည်ခုခံတိုက်ခိုက်ခြင်း မပြုနိုင်ဘဲ ရှိလေသည်။

၁၉၄၄ ခုနှစ်၊ မတ်လတွင်ပင် ဗိုလ်ချုပ်ဝင်းဂိတ်၏ ခရီးရှည်ထိုးစစ်အဖွဲ့ည် မြစ်ကြီးနားတောင်ပိုင်းသို့ ဒုတိယအကြိမ် ထိုးဖောက်ဝင်ရောက်ခဲ့၍ ဂျပန်ို့၏ လမ်းပန်းဆက်သွယ်ရေးကို လုံးဝဖြတ်တောက် ဖျက်ဆီးနိုင်ခဲ့သည်။ လ်ချုပ်ကြီးစတီးဝဲလ်၏ မဟာမိတ်တပ်များသည် ဟူးကောင်းတောင်ကြားမှ တက်လာပြီးနောက် ဝင်းဂိတ်တပ်သားများ၏ ထိုးစစ်အခြေအနေ အကူအညီ းကြောင့်ပင် ၁၉၄၄ ခုနှစ်၊ မေလ ၇ ရက်နေ့၌ မြစ်ကြီးနား လေယာဉ်ပျံကွင်းကို သိမ်းပိုက်ခဲ့တော့သည်။

စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်၏ လက်ရုံးတစ်ဆူဖြစ်သော ဗိုလ်ချုပ်ကြီးစလင်းသည် အမှတ် ၁၄ တပ်မတော်ကို ဦးစီးကွပ်ကဲလျက် န်မာနိုင်ငံသို့ ချက်ချင်း ချီတက်လိုက်လာခဲ့သည်။

ဗိုလ်ချုပ်ကြီးစလင်း၏ လက်အောက်တွင် ဒီဗီဇံတပ်မကြီး ၇ တပ်နှင့် ံချပ်ကာ ယန္တရားဘရိဂိတ်တပ် ၂ တပ် ရှိနေခဲ့သည်။ ထို့ပြင် မဟာမိတ်လေတပ်တော်၏ အကူအညီကိုလည်း ဗိုလ်ချုပ်ကြီးစလင်းသည် ထိထိရောက်ရောက်ယူနိုင်ပေသည်။ ဂျပန်တပ်များသည် အိန္ဒိယစစ်မြေပြင်မှ ဖရိုဖရဲဆုတ်ခွာလာပြီးနောက် မိမိတို့၏ ကျောဘက်မှ တရကြမ်းလိုက်လာသော မဟာမိတ်တပ်းကို ပြန်လည်ခုခံရန် စိတ်အား၊ ကိုယ်အား လျော့ပါးနေကြလေသည်။ မကြာ ကြုံခဲ့ကြရသော အင်ဖာတိုက်ပွဲကလည်း ဂျပန်တပ်သားများကို ခြောက်လှန့်လေသည်။

ထို့ပြင် မဟာမိတ်တပ်များ၏ သံချပ်ကာ ယန္တရားတပ်များသည် မြန်မာ တိုက်ပွဲတွင် များစွာအရေးပါနေလေသည်။ ၎င်းသံချပ်ကာကန္တရားတပ်များကို ဆိုင်ငံ့၍ပင် ဂျပန်တို့သည် ရွှေဘိုမြို့မှ ခုခံရန် လုံးဝမစွမ်းတော့ဘဲ ရာဝတီမှ ဖြတ်၍ မန္တလေးနှင့် မိတ္ထီလာသို့ ဆုတ်၍ ခံရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးစလင်းသည် မန္တလေးမြို့တိုက်ပွဲတွင် စစ်ပရိယာယ်သုံးခဲ့သည်။ မန္တလေးမြောက်ဘက်တွင် စစ်ယောင်ပြ၍ တိုက်ခိုက်ပြီး မိမိ၏ အဓိကအင်အားစုကို ပခုက္ကူမြို့မှ နေ၍ ဧရာဝတီမြစ်ကို ဖြတ်ကူးချီတက်စေလေသည်။ ဤသို့ပြုမူခြင်းဖြင့် ဂျပန်များညှပ်ပိတ်၍ ဝိုင်းမိစေသည့်အပြင် ဂျပန်တပ်များသို့ အကူအညီပေးနေသော လမ်းပန်းဆက်သွယ်ရေးအခြေအနေများကိုလည်း ဖြတ်တောက်နိုင်လေသည်။

ဤသို့ဖြင့် ဗိုလ်ချုပ်စလင်း၏ မဟာမိတ်တပ်များသည် ၁၉၄၅ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် မိတ္ထီလာမြို့ကိုလည်းကောင်း၊ မတ်လ ၂၁ ရက်နေ့တွင် မန္တလေးမြို့ကိုလည်းကောင်း ဂျပန်တပ်များ၏ လက်မှ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့လေသည်။

ထိုအချိန်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ကို မဟာမိတ်တပ်များက ရေကြောင်းမှ သိမ်းပိုက်ခဲ့ပြီးလေပြီ။ ရခိုင်ပြည်နယ်တွင် မဟာမိတ်တပ်များသည် လပေါင်းများစွာပင် ဂျပန်ကို တိုက်ရလေသည်။ နောက်ဆုံးတွင် မြန်မာ့တော်လှန်ရေးတပ်သားများက အတွင်းသူပုန်ထ၍ ကူညီလျက် ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်ခဲ့ကြသဖြင့် ဂျပန်တပ်များ ဖရိုဖရဲဖြစ်လျက် မဟာမိတ်တပ်များသည် စစ်တွေမြို့ကို လက်ရသိမ်းပိုက်နိုင်ခြင်း ဖြစ်တော့သည်။

## (ခ) တော်လှန်ရေးတိုင်းများ ခွဲခြင်း

ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးသည် ဖက်ဆစ်ဂျပန်များအား မြန်မာနိုင်ငံအတွင်းမှ မောင်းနှင်ထုတ်ရေးအတွက် အထူးလျှို့ဝှက်စွာဖြင့် ၁၉၄၄ ခုနှစ် နောက်ပိုင်းအချိန်များမှ စပြီး စီစဉ်စည်းရုံးနေခဲ့ကြလေသည်။

ထိုသို့ စည်းရုံးနေကြသည်တွင် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီဝင်များသည်လည်းကောင်း၊ ဗမာ့တပ်မတော်အတွင်းမှ ထိပ်တန်းခေါင်းဆောင်များသည်လည်းကောင်း၊ အရေးပါသည့်အပိုင်းမှ ပါဝင်ဆောင်ရွက်ခဲ့ကြသည့်အပြင် မြန်မာအစိုးရအဖွဲ့ဝင်များဖြစ်သော ဝန်ကြီးများကလည်း မိမိတို့ဩဇာအာဏာကို အကာအကွယ်ပြု၍ ဖက်ဆစ်ဆန့်ကျင်ရေး ဆောင်ရွက်မှုများတွင် ပါဝင်လှုပ်ရှားခဲ့ကြသည်လည်း ရှိပေသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဝန်ကြီး သခင်မြ၊ ဝန်ကြီး သခင်နုနှင့် ဝန်ကြီး သခင်သန်းထွန်းတို့သည် ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစု၏ အရေးပါသော ခေါင်းဆောင်များ ဖြစ်ကြပေသည်။

မြန်မာနိုင်ငံအစိုးရ၏ အဓိပတိအဖြစ် ဆောင်ရွက်နေသော ဒေါက်တာဘမော်ကိုယ်တိုင်ပင်လျှင် ဖက်ဆစ်ဆန့်ကျင်ရေး ဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး ဂျပန်များမသိစေရန် အထူးလျှို့ဝှက်၍ အကာအကွယ်ပေးသည်လည်း ရှိခဲ့၏



တစ်ကြိမ်တွင် အင်းစိန်ခရိုင်ဝန် ဦးသိန်းဖေသည် ဖက်ဆစ်ဆန့်ကျင်ရေး ...ရွက်စာတမ်းများကို ကိုင်ဆောင်လာသော တော်လှန်ရေးရဲဘော်တစ်ဦးကို ဖမ်းမိ...သည်။ ခရိုင်ဝန် ဦးသိန်းဖေသည် ထိုကိစ္စကို ဂျပန်စစ်ဘက်ဌာနသို့ အသိမပေး...ဘဲ နိုင်ငံတော်အဓိပတိထံသို့ ပြေးလာပြီး အစီရင်ခံခဲ့လေသည်။

အဓိပတိဒေါက်တာဘမော်သည် ထိုကိစ္စကို အသာအယာပင် ဖုံးဖိထား...ပိုက်ခဲ့ခြင်းဖြင့် ဖက်ဆစ်တော်လှန်ရေးသမားများကို ကူညီခဲ့သည်။

ဝန်ကြီးသခင်နု၏အိမ်တွင် တစ်ညနေ၌ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့...လွတ်လပ်ရေးအဖွဲ့ အစည်းအဝေးလုပ်ခဲ့ရာ၌လည်း သခင်နုသည် ကောင်းစွာ...ကာအကွယ်ပေးခဲ့လေသည်။ ထိုအစည်းအဝေးသို့ ဗမာ့တပ်မတော်မှ ဗိုလ်ချုပ်...အောင်ဆန်းနှင့် တပ်မတော်ခေါင်းဆောင်များ၊ ဗမာပြည်ကွန်မြူနစ်ပါတီမှ သခင်...သန်းထွန်း၊ ပြည်သူ့အရေးတော်ပုံပါတီမှ သခင်ချစ်၊ သခင်မြ၊ သခင်ကျော်ငြိမ်း၊ ...ဘဆွေ အစရှိသော ခေါင်းဆောင်များနှင့် သခင်နုလည်း တက်ရောက်လေ...သည်။

ထိုအစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက မိမိ ရေးယူလာသော ...ဖက်ဆစ်ဓားပြများကို ခုခံတိုက်ဖျက်ကြလော့' ခေါင်းစဉ်ပါ စာတမ်းရှည်ကြီးကို ...ဖတ်ကြားတင်ပြလေသည်။

အဆိုပါစာတမ်းကြီးမှာ မြန်မာနိုင်ငံအတွင်းရှိ ဖက်ဆစ်တော်လှန်ရေး ...အင်အားစုများသို့ ရိုက်နှိပ်ဖြန့်ချိဝေငှရန် ဖြစ်ပေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ...စာတမ်းကို အစည်းအဝေးတက်ရောက်သူများ အားလုံးပင် ထောက်ခံအတည်ပြု...ကြသည်။ ဤစာတမ်းကို စစ်သေနာပတိရုံးမှ တာဝန်ယူ၍ ရိုက်နှိပ်လျက် ...ဝေမည် ဖြစ်ပေသည်။

ဝန်ကြီးသခင်နုကဲ့သို့ပင် ဝန်ကြီး သခင်သန်းထွန်းသည်လည်း ထိုသို့...င် မြေပေါ်မြေအောက်လှုပ်ရှားမှုကို ဆောင်ရွက်ရင်း တော်လှန်ရေးလုပ်ငန်းများ...ကို စနစ်တကျ ပြုလုပ်နေခဲ့လေသည်။

၁၉၄၅ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း...နေအိမ်၌ ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ ခေါင်းဆောင်...များ၏ အစည်းအဝေးတစ်ရပ် ကျင်းပလေသည်။ ထိုအစည်းအဝေးမှာ ဖက်ဆစ်...တော်လှန်ရေးကြီး ဆင်နွှဲရန်အတွက် တော်လှန်ရေးတိုင်းများ အသီးသီးခွဲဝေ...သတ်မှတ်ရန် ...ည်းသည့် အစည်းအဝေးကြီး ဖြစ်လေသည်။ ၎င်းအစည်းအဝေးသို့ ဗမာပြည်...ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီနှင့် ဗမာ့တပ်မတော်မှ စစ်ခေါင်းဆောင်...များ စုံညီစွာ တက်ရောက်ကြသည်။ အစည်းအဝေးမှ တော်လှန်ရေးကြီး ...ခွဲရန်အတွက် တိုင်းများကို စနစ်တကျ ခွဲဝေတာဝန်ပေး ချထားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးကြီးအတွက် တိုင်းကြီး ၇ တိုင်းကို ဖွဲ့စည်းလိုက်ပြီးလျှင် တိုင်းဆိုင်ရာ နိုင်ငံရေးခေါင်းဆောင်များနှင့် စစ်ရေးခေါင်းဆောင်တို့ကိုလည်း ရွေးချယ်ရလေသည်။ နိုင်ငံရေးခေါင်းဆောင်သည် နိုင်ငံရေး၊ စည်းရုံးရေးနှင့် အုပ်ချုပ်ရေးတို့တွင် တာဝန်ယူရမည်ဖြစ်၏။ စစ်ရေးခေါင်းဆောင်သည် တိုက်ခိုက်ရေးကို ဦးစီးဆောင်ရွက်ရမည် ဖြစ်လေသည်။

ဖွဲ့စည်းခဲ့သော တော်လှန်ရေးတိုင်းကြီး ၇ တိုင်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

**တိုင်းအမှတ် (၁)။** ။ ဤတိုင်းတွင် ပြည်သာယာဝတီနှင့် အင်းစိန်ခရိုင်များ ပါဝင်၍ စစ်ရေးခေါင်းဆောင်အဖြစ် ဗိုလ်မှူးမောင်မောင်က ဆောင်ရွက်သည်။ နိုင်ငံခြားခေါင်းဆောင်မှာ သခင်ဗဟိန်း(ကွယ်လွန်သူ) ဖြစ်၏။ ဤတိုင်းတွင် ပါဝင်သော တော်လှန်ရေးတိုင်းအမှတ် ၁ တပ်ဖွဲ့ကို 'မင်းလှစည်သူတပ်ဖွဲ့' ဟု အမည်ပေးသည်။ စစ်ရေးခေါင်းဆောင် ဗိုလ်မှူးမောင်မောင်နှင့်အတူ ပူးတွဲ၍ တာဝန်ယူရမည့် တော်လှန်ရေးစစ်ခေါင်းဆောင်ငယ်များမှာ ဗိုလ်သိန်းတုတ်၊ ဗိုလ်သိန်းမောင်၊ ဗိုလ်သီဟန် (နောင် နိုင်ငံခြားရေးတာဝန်ခံ)၊ ဗိုလ်အောင်မင်း စသူတို့ ဖြစ်လေသည်။

**တိုင်းအမှတ် (၂)။** ။ ဤတိုင်းတွင် ဟံသာဝတီ၊ မအူပင်၊ ဖျာပုံခရိုင်များပါရှိ၍ စစ်ရေးခေါင်းဆောင်အဖြစ် ဗိုလ်မှူးကြီးနေဝင်း (နောင် ဗိုလ်ချုပ်ကြီးနေဝင်း)က ဆောင်ရွက်သည်။ နိုင်ငံရေးခေါင်းဆောင်မှာ ဗမာပြည် ကွန်မြူနစ်ပါတီမှ သခင်စိုးဖြစ်လေသည်။ ဤတိုင်းတွင် ပါဝင်သော တော်လှန်ရေးတိုင်းအမှတ် (၂)တပ်ဖွဲ့ကို 'ကျော်ခေါင်ဗလတပ်ဖွဲ့'ဟု အမည်ပေးသည်။ စစ်ရေးခေါင်းဆောင် ဗိုလ်မှူးကြီးနေဝင်းနှင့်အတူ တော်လှန်ရေးတပ်များကို ပူးတွဲအုပ်ချုပ်မည့် စစ်ခေါင်းဆောင်ငယ်များမှာ ဗိုလ်မှူးတင်ဖေ(နောင် ဗိုလ်မှူးချုပ်တင်ဖေ) ဗိုလ်မှူးအောင်ကြီး(နောင် ဗိုလ်မှူးချုပ်ဟောင်း)၊ ဗိုလ်ကြည်ဝင်း(နောင် ဗိုလ်မှူးကြီးဟောင်း)၊ ဗိုလ်ဗစိန် စသည့် ရဲဘော်များဖြစ်လေသည်။

**တိုင်းအမှတ် (၃)။** ။ ဤတိုင်းတွင် ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ စသော မြစ်ဝကျွန်းပေါ်ဒေသရှိ ခရိုင်မြို့နယ်များ ပါဝင်၍ စစ်ရေးခေါင်းဆောင်အဖြစ် ဗိုလ်မှူးကြီး စောကြာဒိုးတို့ကလည်းကောင်း၊ နိုင်ငံရေးခေါင်းဆောင်အဖြစ် ဗိုလ်မှူးကြီးလကျ်ာကလည်းကောင်း ဆောင်ရွက်သည်။ တော်လှန်ရေး တိုင်းအမှတ် (၃)တွင် ပါဝင်သော တပ်ဖွဲ့ကို 'ရဲကျော်သူရတပ်ဖွဲ့'ဟု အမည်ပေးထား၏။ ဗိုလ်မှူးကြီးစောကြာဒိုးတို့အား ဗိုလ်ကြီး စောစံဖိုးသင်နှင့် ဗိုလ်ကြီး စောထွန်းစိန် စသော စစ်ခေါင်းဆောင်ငယ်များက ကူညီကြရမည် ဖြစ်ပေသည်။

**တိုင်းအမှတ် (၄)။** ။ ဤတိုင်းအတွင်း၌ ပဲခူး၊ ရွှေကျင်၊ သထုံ စသော ခရိုင်များ ပါဝင်လေသည်။ နိုင်ငံရေးခေါင်းဆောင်မှာ သခင်ချစ် (နောင်



တာတွင်းကွန်မြူနစ်) ဖြစ်လေသည်။ ဤတိုင်းတွင် ပါဝင်သော တော်လှန်ရေး အမှတ် (၄)တပ်ဖွဲ့ကို 'လကျ်ာကျော်ထင်တပ်ဖွဲ့'ဟု အမည်ပေး၍ ဗိုလ်မှူးအောင်ရွှေ နောင် သံအမတ်ကြီး)၊ ဗိုလ်လွန်းတင်၊ (ဗိုလ်မှူးကြီးဟောင်း လွန်းတင်)၊ ဗိုလ်အေး မောင်(ရေဦး)၊ ဗိုလ်သိန်းတန်(နောင် လမ်းစဉ်ပါတီဌာနချုပ်)တို့က ပါဝင်အုပ်ချုပ် ကြလေသည်။

**တိုင်းအမှတ် (၅)။** ။ ဤတိုင်းတွင် မော်လမြိုင်၊ ထားဝယ်၊ မြိတ် သော တနင်္သာရီတိုင်း၊ ခရိုင်မြို့များ ပါဝင်၍ စစ်ရေးခေါင်းဆောင်အဖြစ် ဗိုလ်မှူးတင်ထွန်းက ဆောင်ရွက်သည်။ နိုင်ငံရေးခေါင်းဆောင်မှာ သခင်ဗသိန်း တင်(နောင် တောခိုကွန်မြူနစ်) ဖြစ်၏။ ဤတိုင်းတွင် ပါဝင်သော တော်လှန်ရေး တိုင်း (၅) တပ်ဖွဲ့များကို 'ဗေယျကျော်သူတပ်ဖွဲ့'ဟု အမည်ပေး၍ ဗိုလ်မှူး သတိုင်၊ ဗိုလ်လှဖေကြီး၊ ဗိုလ်ကျော်ထွန်းတင် စသည့် ရဲဘော်များက ပါဝင်ကွပ်ကဲ ကြလေသည်။

**တိုင်းအမှတ် (၆)။** ။ ဤတိုင်းတွင် တောင်ငူ၊ ရမည်းသင်း၊ မိတ္ထီလာ၊ တောင်ပိုင်းရှမ်းပြည်နယ်ဒေသခရိုင် မြို့နယ်များ ပါဝင်၍ စစ်ရေးခေါင်းဆောင် အဖြစ် ဗိုလ်မှူးရဲထွဋ်(နောင် လမ်းစဉ်ပါတီဌာနချုပ်)ကလည်းကောင်း၊ နိုင်ငံရေး တာဝန်ခံအဖြစ် ပြည်သူ့အရေးတော်ပုံပါတီမှ သခင်ကျော်ငြိမ်း(နောင် ဖဆပလ ကြီးဟောင်း)ကလည်းကောင်း ဆောင်ရွက်သည်။ နောင်တွင် အစီအစဉ် ပြောင်းလဲ၍ သခင်ကျော်ငြိမ်းသည် ရန်ကုန်တွင် နေခဲ့ရ၏။ ဤတိုင်းတွင် ပါဝင်သော တော်လှန်ရေးတိုင်းအမှတ် (၆)တပ်ဖွဲ့များကို 'ဘယကျော်ထင်တပ်ဖွဲ့' ခေါ်တွင်သည်။ ဤတိုင်းတွင် ဗိုလ်မှူးလွင်(ဆေးမှူး)၊ ဗိုလ်မှူးသောင်းကြည် ဗိုလ်မှူးကြီးသောင်းကြည်)၊ ဗိုလ်တောက်ထိန်(ဖဆပလအမတ်ဟောင်း)၊ ဗိုလ် စာရာ(နောင် စာရေးဆရာ)၊ ဗိုလ်ထွန်းတင် စသော ရဲဘော်များက ပါဝင်ကွပ်ကဲ သည်။

**တိုင်းအမှတ် (၇)။** ။ ဤတိုင်းတွင် သရက်၊ အောင်လံ၊ မကွေး၊ ပင်းဘူး စသည့် ခရိုင်များပါဝင်၍ စစ်ရေးခေါင်းဆောင်အဖြစ် ဗိုလ်မှူးအောင် နောင် ပထစဝန်ကြီးဟောင်း)က ဆောင်ရွက်သည်။ နိုင်ငံရေးခေါင်းဆောင်မှာ ဗမာပြည်ကွန်မြူနစ်ပါတီမှ သခင်တင်မြ(နောင် လမ်းစဉ်ပါတီဌာနချုပ်) ဖြစ်လေ သည်။ ဤတိုင်းတွင် ပါဝင်သော တော်လှန်ရေးတိုင်း (၇) တပ်ဖွဲ့များကို ရဲကျော်ထင်တပ်ဖွဲ့'ဟု ခေါ်တွင်စေသည်။ ဤတိုင်းတွင် ဗိုလ်မှူးစိန်ဝင်း(နောင် ဗိုလ်မှူးချုပ်စိန်ဝင်း)၊ ဗိုလ်မှူးစန်းယု(နောင် ဗိုလ်မှူးချုပ်စန်းယု)၊ ဗိုလ်မှူးစိန်မှန် ဝန်ကြီး)၊ ဗိုလ်မိုးညို၊ ဗိုလ်မောင်ကလေး စသော တော်လှန်ရေးရဲဘော်များက ပါဝင်ကွပ်ကဲဦးစီးကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် အထက်မြန်မာပြည် တိုင်းအဖြစ် အထူးဖွဲ့စည်း၍ စစ်ခေါင်းဆောင် ဗိုလ်မှူးဗထူး(ဗိုလ်မှူးကြီးဗထူး)၊ နိုင်ငံရေးခေါင်းဆောင် ရဲဘော်စိုးညွန့်(ကျဆုံး)တို့အား တာဝန်ပေးအပ်သည်။ ဤတိုင်းတွင် မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ မော်လိုက်၊ မြောက်ပိုင်းရှမ်းပြည်နယ်တို့ ပါဝင်ကြလေသည်။

ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီး၏ အစည်းအဝေးမှ အထက်ပါအတိုင်း တော်လှန်ရေးတိုင်းများကို ခွဲခဲ့ကြလေသည်။

## (ဂ) တော်လှန်ရေးတပ်ထွက်အခမ်းအနား ကျင်းပခြင်း

၁၉၄၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ဗမာ့တပ်မတော် တပ်ထွက်အခမ်းအနားတစ်ရပ်ကို ယခုတော်လှန်ရေးပန်းခြံနေရာလွှတ်ကွက်လပ်တွင် စည်ကားခမ်းနားစွာ ကျင်းပပြုလုပ်ခဲ့လေသည်။ ထိုအချိန်က ဗမာ့တပ်မတော်တပ်သား၊ အကြပ်၊ အရာရှိ၊ စစ်ခေါင်းဆောင်များအား ဖက်ဆစ်တော်လှန်ရေးကြိုဆင်နွှဲရန် စည်းရုံးလှုံ့ဆော်ထားပြီးဖြစ်လေရာ ယင်းတပ်ထွက်အခမ်းအနားမှာ ဗမာ့တပ်မတော်အနေဖြင့် ဆိုလျှင် ဖက်ဆစ်တော်လှန်ရေး တပ်ထွက်အခမ်းအနား တစ်ရပ်ပင် ဖြစ်တော့သည်။

သို့သော် ဂျပန်စစ်အာဏာပိုင်များအနေဖြင့်ကား ယင်းတပ်ထွက်အခမ်းအနားမှာ ဂျပန်တပ်မတော်ဘက်မှ နေ၍ မဟာမိတ်တပ်များကို ခုခံတိုက်ထုတ်မည့် ဗမာ့တပ်မတော်၏ တပ်ထွက်အခမ်းအနားတစ်ရပ် ဖြစ်နေလေသည်။ ဂျပန်များက ထိုသို့ ထင်မြင်ယူဆနေကြရန်လည်း စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာ့တပ်မတော် စစ်ခေါင်းဆောင်များသည် ဂျပန်များကို ပိရိစွာ လှည့်ဖြားထားနိုင်ကြလေသည်။

စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာ့စစ်ခေါင်းဆောင်များက ဂျပန်စစ်အာဏာပိုင်များနှင့် တွေ့ဆုံပြီးလျှင် မိမိတို့ ဗမာ့တပ်မတော်သည် မဟာမိတ်တပ်များနှင့် ရင်ဆိုင်တွေ့ဆုံ၍ ခုခံတိုက်ခိုက်လိုပါသည်။ နိပ္ပန်တပ်မတော်ကြီး စစ်အောင်နိုင်ရေးအတွက် မိမိတို့ ဗမာ့တပ်မတော်က ရှပ်ရှပ်ချွံချွံပါဝင်တိုက်ခိုက်ရန် စစ်မျက်နှာတစ်ရပ် ဖွင့်ပေးပါဟု ပြောဆိုခဲ့ကြသည်။

ဂျပန်စစ်အာဏာပိုင်တို့မှာ ထိုအချိန်က အရှုံးပိုင်း ဖြစ်နေကြလေသည်။ မဟာမိတ်တို့စစ်ကြောင်းက မြန်မာနိုင်ငံအတွင်းသို့ မြားပစ်သလို ဝင်လာနေသည့်အချိန်လည်း ဖြစ်သည်။ ထိုအချိန်တွင် ဗမာ့တပ်မတော်က နိပ္ပန်တပ်မတော်ဘက်မှ ဝင်၍ မဟာမိတ်တပ်များကို တိုက်ရန် စစ်မျက်နှာတစ်ရပ်ဖွင့်ပေးပါဟု ပြောလာသည်ကို ဂျပန်တို့က များစွာ ကျေနပ်အားရကြသည်။ ထို့ကြောင့်ပင် ဗမာ့



တပ်မတော်အား အထက်မြန်မာနိုင်ငံသို့ ချီတက်စေပြီး မဟာမိတ်တပ်များကို တိုက်ခိုက်ရန်အတွက် စစ်မျက်နှာဖွင့်ရန် စီစဉ်ညွှန်ကြားခဲ့လေသည်။

ထို့ကြောင့်ပင် ၁၉၄၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဗမာ့တပ်မတော်၏ တပ်ထွက်အခမ်းအနားမှာ ဂျပန်တို့အနေဖြင့် မဟာမိတ်တို့ကို တိုက်မည့် တပ်ထွက်အခမ်းအနားတစ်ရပ်အနေဖြင့် မြင်နေကြခြင်းဖြစ်လေသည်။

တပ်ထွက်အခမ်းအနားကို ရန်ကုန်မြို့ တောင်ဒဂုံလမ်းနှင့် ဦးဝိစာရလမ်းထောင့်ရှိ ကွင်းပြင်နေရာ(ယခု တော်လှန်ရေးပန်းခြံ)၌ ၁၉၄၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ နံနက် ၇ နာရီတွင် စတင်ကျင်းပခဲ့လေသည်။

အဆိုပါတပ်ထွက်အခမ်းအနားသို့ ရန်ကုန်မြို့တွင် စခန်းချနေကြသော ဗမာ့တပ်မတော်သားများသည် နံနက် ၅ နာရီအချိန်မှ စ၍ ချီတက်ရောက်ရှိလာကြလေသည်။ ချီတက်လာကြသည့်တပ်မတော်မှ တပ်ဖွဲ့အသီးသီးတွင် အောက်ပါတပ်ဖွဲ့များ ပါရှိလေသည်။

၁။ ဗိုလ်မှူးမောင်မောင် ဦးစီးသော စစ်ဝန်ကြီးရုံးမှ တပ်ဖွဲ့
၂။ ဗိုလ်မှူးတင်ဦး ဦးစီးသော တပ်ရင်း ၁
၃။ ဗိုလ်မှူးသိန်းမောင် ဦးစီးသော တပ်ရင်း ၄
၄။ ဗိုလ်မောင်မောင်လေး ဦးစီးသော တပ်ရင်း ၇
၅။ ဗိုလ်မှူးကျော်စိန်နှင့် ဗိုလ်စောစိုးကျော် ဦးစီးသော ကရင်အမျိုးသား တပ်ရင်း ၁ နှင့် ၂
၆။ ဗိုလ်သိန်းတန် ဦးစီးသော ဗမာ့တပ်မတော် စစ်လေ့ကျင့်ရေးတပ်
၇။ ဗိုလ်လွန်းတင်ဦးစီးသော ဗမာ့တပ်မတော် စစ်သားစုဆောင်းရေးတပ်
၈။ ဗိုလ်မှူးစဝ်မောင်လေးဦးစီးသော ဗမာ့တပ်မတော် စစ်လက်နက်ပစ္စည်းတပ်
၉။ ဗိုလ်မှူးကြီးမောင်မောင်ကြီး ဦးစီးသော စစ်ဆေးရုံတပ်ရင်း
၁၀။ ဗိုလ်မှူးရှိန်း ဦးစီးသော တပ်မတော်အချက်ပြ ဆက်သွယ်ရေးတပ်
၁၁။ ဗိုလ်မှူးဝင်း ဦးစီးသော ဗမာ့တပ်မတော် ထောက်ပံ့ရေးတပ်ရင်း
၁၂။ ဗိုလ်အေးမောင် ဦးစီးသော ဗမာ့တပ်မတော် အင်ဂျင်နီယာတပ်နှင့် လားတပ်ဖွဲ့
၁၃။ ဗိုလ်မှူးခင်ညို ဦးစီးသော ဗမာ့တပ်မတော် အမြောက်ကြီးတပ်နှင့် ရက်အမြောက်တပ်ဖွဲ့
၁၄။ စစ်ဝန်ကြီးရုံး ကင်းတပ်ဖွဲ့
၁၅။ ဗိုလ်မှူးအောင်ရွှေ ဦးစီးသော စစ်ဦးစီးဌာနချုပ်ရုံးတပ်ဖွဲ့

တပ်ရင်းနှင့် တပ်ဖွဲ့မျိုးစုံပါဝင်သော ရာပေါင်းများစွာသော တပ်မတော်

www.burmeseclassic.com

www.burmeseclassic.com



သားများသည် အထက်ပါအတိုင်း နေ့စဉ်တိုက်လျက် စစ်ရေးပြမည့်ကွင်းပြင်သို့ ရောက်ရှိလာကြရာ တစ်ကွင်းလုံးမှာ တပ်မတော်သား ရဲဘော်များဖြင့် ပြည့်လျက် ရှိနေတော့သည်။ တပ်မတော်သားများ အရှေ့ဘက်သို့ မျက်နှာမူလျက် မိမိတို့ တပ်ဖွဲ့အသီးသီးအား ချထားပေးသည့် နေရာများတွင် စနစ်တကျ နေရာယူလျက် ရှိနေကြလေသည်၊ တပ်မတော်သားများ၏ ရှေ့တွင်ကား စားပွဲတစ်လုံး ချထားလျက် ယင်းစားပွဲ၏ တစ်ဖက်တစ်ချက်တွင် ဂျပန်အလံနှင့် ဗမာ့တပ်မတော်မှ အသုံးပြုသော ဒေါင်းအလံတို့ကို လွှင့်ထားလျက်ရှိလေသည်။ နံနက် ၆ နာရီခွဲ ကျော်ကျော်ခန့် ရှိသည့်အခါတွင် စစ်ရေးပြမည့် ကွင်းပြင်ပတ်လည်၌ လူထု ပရိသတ် နှစ်သောင်းကျော်မျှတို့ ရောက်ရှိလာကြသည်ကို တွေ့ရ၏။ လူထု ပရိသတ်ကြီးသည် တပ်မတော်သားများ၏ တပ်ထွက်အခမ်းအနားကို လာရောက် အားပေးကြည့်ရှုကြခြင်း ဖြစ်လေသည်။ လူထုပရိသတ်ကြီးသည် ဦးဝိစာရလမ်း နှင့် ထရံစမ္ပိလမ်းတစ်လျှောက်တွင် ဝိုက်ဆိုလျက် နေရာယူပြီး ရှိနေကြခြင်းဖြစ် ပေသည်။

နံနက် ၇ နာရီအချိန်တွင် မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်၊ ဗမာ့တပ်မတော် အကြံပေးအရာရှိချုပ်ဖြစ်သူ ဂျပန် တပ်မတော်မှ မေဂျာဂျင်နရယ် ဆာကူရိုင်း၊ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့ ရောက်ရှိလျက် အသီးသီး နေရာယူကြပြီ ဖြစ်ပေသည်။

အခမ်းအနားကို နံနက် ၇ နာရီအချိန်တွင် စတင်ဖွင့်လှစ်သည်။ နိုင်ငံ တော်အဓိပတိ ဒေါက်တာဘမော်နှင့် ဗမာ့တပ်မတော် အကြံပေးအရာရှိချုပ် မေဂျာဂျင်နရယ် ဆာကူရိုင်းတို့သည် ဗမာ့တပ်မတော်သားများအား မိန့်ခွန်းပြော ကြားရာတွင် အဓိပတိ၏မိန့်ခွန်း၌ မိမိတို့ရန်သူများဖြစ်သော အင်္ဂလိပ် အမေရိကန် တို့အား စစ်မျက်နှာသီးခြားဖွင့်၍ ရဲရင့်စွာ တိုက်ခိုက်ကြရန်၊ ဗမာသတ္တိအစွမ်းကို ကမ္ဘာက သိစေရန် ပြသရန် အချိန်တော်ပြီဖြစ်ကြောင်း စသဖြင့် ပါရှိလေသည်၊

ထို့အတူပင် မေဂျာဂျင်နရယ်ဆာကူရိုင်းကလည်း အင်္ဂလိပ်အမေရိကန်တို့ အား အနိုင်တိုက်ရန်ကိုလည်းကောင်း၊ အာရှစစ်ကြီးတွင် နိပ္ပန်တပ်မတော်က အနိုင်ဆောင်နိုင်မည်ဖြစ်ကြောင်းကိုလည်းကောင်း၊ ဗမာ့တပ်မတော်သားများအား မိန့်ခွန်းပြောကြားခဲ့၏။

ဒေါက်တာဘမော်နှင့် မေဂျာဂျင်နရယ်ဆာကူရိုင်းတို့ မိန့်ခွန်းပြောကြား ပြီးသောအခါတွင် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားလေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းမှာ တိုတိုနှင့် လိုရင်းကို ဖော်ပြခဲ့၏။ ဗိုလ်ချုပ် အောင်ဆန်းက 'ရဲဘော်တို့... အကျယ်ချဲ့ပြီး ရှည်ရှည်မပြောချင်ဘူး၊ အခု စစ်မြေပြင်ကို ထွက်ရမယ်၊ ဆင်နွဲရမယ်၊ ဝေးတယ်၊ အခက်အခဲတွေနဲ့ ရင်ဆိုင်ရမယ်၊



…ပီပီ ဗမာ့သွေးကို ပြကြပါ၊ အထက်ဗိုလ်များရဲ့ အမိန့်ကို နာခံကြပါ၊ အထက်ဗိုလ်တွေကလည်း သားတွေညီမျှ ရဲဘော်စိတ် ထားကြပါ၊ ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နဲ့အတူ ချီတက်မယ်၊ ဗမာ့ ရန်သူကို ချေမှုန်းကြ၊ အနီးကပ်ဆုံးရန်သူကို ရှာပြီး တိုက်ကြ၊ ဒါပဲ'

ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောပြီးသည်နှင့် ဗမာ့တပ်မတော်သားများ သည် ရွှေတိဂုံစေတီတော်ကြီးကို ဦးညွှတ်ချီတက် အလေးပြုကြလေသည်။ ထို့နောက် ဗမာ့တပ်မတော်သားများ ချီတက်လာသည်ကို မြင်တွေ့ကြရသော လူထု ပရိသတ်ကြီးသည် 'ဗမာကျ၊ ကျိုးဖော' စသော ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ရင်း လက်ခုပ်လက်ဝါးများတီးကြသည်။ လူထုကြီးသည် တပ်မတော် သားများကို သစ္စာပန်းများ ဆက်ကပ်ခြင်း၊ ပန်းခွေပန်းခက်များ ပစ်ကြခြင်းဖြင့် …သားအား ဂုဏ်ပြုနှုတ်ဆက်ကြလေသည်။

ထိုအချိန်တွင် ဂျပန်လေတပ်မတော်မှ လေယာဉ် ၁၂ စင်းတို့သည် ဗမာ့တပ်မတော်သားများ၏ အပေါ်သို့ ကောင်းကင်မှ ပန်းပွင့်ပန်းခက်များ ကြဲချ ပြီး ကျွမ်းထိုးပြခြင်း စသည်တို့ကို ပြုလုပ်လျက် ဂုဏ်ပြုနှုတ်ဆက်ကြပြန်လေ သည်။ ထိုအချိန်တွင်ပင် ရန်ကုန်မြို့စောင့် ဂျပန်ရေတပ်မတော်မှ ကင်းစောင့် သင်္ဘောများနှင့် တိုက်သင်္ဘောများသည် အမြောက်များကို တစ်ပြိုင်နက် ပစ်ဖောက် ပြီးလျှင် ဗမာ့တပ်မတော်သားများ၏ တပ်ထွက်ပွဲကို အလေးပြုကြလေသည်။

ဗမာ့တပ်မတော်သားများသည် ရွှေတိဂုံစေတီတော်ကြီးကို လက်ယာရစ် လှည့်လျက် ချီတက်ကြ၏။ တပ်မတော်ကြီး၏ ထိပ်ဦးဆီမှ ဗမာ့တပ်မတော်၏ ဒေါင်းအလံကြီးကို တဝင့်ဝင့်ကိုင်ဆောင် ချီတက်လာကြ၏။ ထို့နောက်တွင် ဗမာ့တပ်မတော်မှ အရာရှိများသည် စစ်မြင်းကြီးများကို ကြွားကြွားဝင့်ဝင့်စီးနင်း လျက် လိုက်ပါလာကြသည်။

အမှန်ဆိုသော် ဤတပ်ထွက်ပွဲမှာ အဓိပ္ပာယ်နှစ်မျိုးရှိပေရာ ဂျပန်တပ်မ တော်အာဏာပိုင်များအနေဖြင့် ဗမာ့တပ်မတော်သည် မိမိတို့ ဂျပန်တပ်မတော်ကြီး နှင့်အတူ အင်္ဂလိပ် အမေရိကန်တပ်များအား ရင်ဆိုင်ထွက်၍ တိုက်ခိုက်မည့် တပ်ထွက်ပွဲဟု စိတ်ချယုံကြည်လျက်ရှိခဲ့သည်။ ထို့ကြောင့်ပင် ဂျပန်လေယာဉ် များနှင့် စစ်သင်္ဘောများသည် ဗမာ့တပ်မတော်၏ တပ်ထွက်ပွဲကို အနူးညွတ်ဆုံးဖြင့် …ဂုဏ်ပြုနှုတ်ဆက်လျက်ရှိခဲ့ခြင်း ဖြစ်လေသည်။ ထိုအချိန်က ဂျပန်တပ်မတော်သည် မဟာမိတ်တပ်များ၏ ထိုးစစ်ကို မခံနိုင်တော့၍ တစစီဖြင့် နောက်သို့ ဆုတ်ခွာ နေရသည့်အခါလည်း ဖြစ်သောကြောင့် ဗမာ့တပ်မတော်၏ အင်အားကို သုံး၍ အင်္ဂလိပ် အမေရိကန်တို့အား စစ်မျက်နှာသစ်ဖွင့်ရသည်ကို ဂျပန်ခေါင်းဆောင် များက အထူးကျေနပ်အားရကြခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗမာ့တပ်မတော်နှင့် မြန်မာစစ်ခေါင်းဆောင်များအနေဖြင့်ကား ထိုနေ့ တပ်ထွက်ပွဲသည် ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲအဖြစ် အသိအမှတ်ပြုထားကြသည်။ ဤသည်မှာ တော်လှန်ရေးမစမီကပင် ဖက်ဆစ်ဂျပန်များအပေါ်၌ ဗမာ့တော်လှန်ရေးအင်အားစုများက ပရိယာယ်စစ်ပွဲတွင် အနိုင်ရလိုက်ခြင်းလည်း ဖြစ်ပေသည်။ တပ်ထွက်ပွဲကျင်းပပြုလုပ်သော မတ်လ ၁၇ ရက်နေ့မှာ ဖက်ဆစ်တော်လှန်ရေးကြီးကို ဆင်နွှဲခဲ့သော မတ်လ ၂၇ ရက်နေ့မတိုင်မီ ၁၀ ရက်အကြိုတွင် ဖြစ်လေသည်။ ထိုအချိန်တွင် ရခိုင်စစ်မျက်နှာနှင့် မန္တလေးစစ်မျက်နှာတွင် တော်လှန်ရေးအင်အားစုများသည် ဖက်ဆစ်ဂျပန်များကို ကြိုတင်၍ တော်လှန်နေကြပြီ ဖြစ်လေသည်။ မန္တလေးစစ်မျက်နှာပြင်တွင် ဗိုလ်မှူးဗထူး ဦးစီးသော ဗမာ့တပ်မတော်မှ ဂျပန်တပ်များကို မတ်လဆန်းကပင် တော်လှန်နေကြပြီဖြစ်၍ ရန်ကုန်မြို့ရှိ ဗမာ့တပ်မတော်မှ စစ်ဌာနချုပ်သည် ဗိုလ်မှူးဗထူး၏ တော်လှန်ရေးတပ်သားများနှင့် လုံးဝမပတ်သက်သည့်ဟန် သီးခြားကြေညာချက်တစ်ရပ် ထုတ်ဝေခဲ့သေးသည်။

ဂျပန်တို့သည် မြန်မာ့တော်လှန်ရေးအင်အားစုတို့၏ လှည့်ကွက်ကို လုံးဝနားမလည်ကြဘဲ ရှိသည့်အချိန်တွင် မြန်မာနိုင်ငံတော် အဓိပတိဖြစ်သူ ဒေါက်တာဘမော်အား သခင်သန်းထွန်း စသော တော်လှန်ရေးခေါင်းဆောင်များသည် မြန်မာတော်လှန်ရေးအင်အားစုများ၏ လှုပ်ရှားမှုများကို အချိန်အခါအလျောက် အသိပေးထားလျက် ရှိခဲ့ပေသည်။

## (ဃ) မြန်မာပြည်အရပ်ရပ်တွင် တော်လှန်ရေးကြီး စတင်ဆင်နွှဲပြီ

မြန်မာနိုင်ငံအရပ်ရပ်တွင် ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှ စ၍ ဖက်ဆစ်တော်လှန်ရေးကြီးကို တညီတညွတ်တည်း ဆင်နွှဲခဲ့လေသည်။ တော်လှန်ရေးကြီးတွင် ဗမာ့တပ်မတော်နှင့်တကွ ဗမာပြည် ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီ၊ အာရှလူငယ်အစည်းအရုံး စသည့် အဖွဲ့အစည်းများကို တစုတရုံးတည်းသော အင်အားစုကြီးအဖြစ် ဖွဲ့စည်းထားသည့် ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးက စနစ်တကျ ဦးစီးခဲ့သည်။

အောက်ပါကြေညာချက်သည် ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးက ဂျပန်တပ်မတော်နှင့် ဂျပန်အစိုးရကို တော်လှန်ပြီဖြစ်ကြောင်း စစ်ကြေညာသည့် ကြေညာစာတမ်းတစ်စောင် ဖြစ်လေသည်။



### ပြည်သူ့လွတ်လပ်ရေးတပ်မတော် ပြန့်တမ်း

ယခုအခါ စစ်ဝန်ကြီးနှင့် စစ်သေနာပတိဖြစ်သော ဗိုလ်ချုပ်ကြီးအောင်ဆန်း ကြီးမှူးသော ဗမာပြည်အတွင်း စစ်အင်အားစုများဖြစ်သည့် ဗမာ့တပ်မတော်၊ မာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံအဖွဲ့၊ လူငယ်များအစည်းအရုံး သည် တို့ပါဝင်ရာ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးသည် ငရိုး တန်းနိုင်ငံတစ်ရပ်ဖြစ်သော ဂျပန်အစိုးရအား စစ်ကြေညာလိုက်ပြီဖြစ်ကြောင်း။

ဤသို့ကြေညာလိုက်ခြင်းအားဖြင့် မြန်မာပြည် မဟာမိတ်နိုင်ငံပေါင်းစု တွင် အသင်းဝင်တစ်ဦးလည်း ဖြစ်လာခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် ငါတို့ မြန်မာပြည်ဖွား တိုင်းရင်းသားတို့သည် မဟာမိတ် ိုင်ငံပေါင်းချုပ်နှင့် ပူးပေါင်း၍ ဤအဓမ္မသမား ဂျပန်များကို ပြည်တွင်းမှ ောင်းနှင်ထုတ်ရာတွင် လူတိုင်းလူတိုင်း လှည်းနေ လှေအောင်း မြင်းဇောင်းမကျန် ာင် ပါဝင်ဆောင်ရွက်၍ ဝိုင်းဝန်းကူညီကြရမည်။ ဤလက်နက်ကိုင် ပုန်ကန် ကြွမှုကြီးတွင် ပါဝင်ဆောင်ရွက်သူတိုင်းသည် နောင်စစ်ကြီးပြီးသွားသည့်အခါ ်တို့၏ အရည်အချင်းအလိုက် မဟာမိတ်နိုင်ငံပေါင်းချုပ်၏ ချီးမြှင့်ခြင်းခံကြ ည်။

အကယ်၍ ဂျပန်လူယုတ်မာများအား တိုက်ရိုက်အားဖြင့်လည်းကောင်း၊ ယ်ဝိုက်၍လည်းကောင်း အားပေးကူညီသူအား တွေ့ရှိပါက ပြည်သူ့လွတ်လပ် တပ်ခွဲရှိရာဌာနသို့ ဖမ်းဆီးခေါ်ဆောင်လာလေသောသူအား ဆုလာဘ်ချီးမြှင့်မည် ကြောင်း။

ဂျပန်လူယုတ်မာများအား ကူညီသူများကို နောင်စစ်ကြီးပြီးသည့်အခါ င်အောင်ပင် မဟာမိတ်နိုင်ငံပေါင်းချုပ်ရုံးတွင် ကြံရာပါများအဖြစ် တရားစွဲဆို ကြီးလေးသောအပြစ်များကို ပေးမည်ဖြစ်ကြောင်း။

ဌာနချုပ်ကောင်စီ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်

အထက်ပါကြေညာချက်ကို မဖြန့်ဝေမီကပင် မြန်မာနိုင်ငံတစ်ဝန်းရှိ တပ်မတော် တပ်ရင်းအဖွဲ့များသည် မိမိတို့ တိုင်းအသီးသီးရှိ တာဝန်ချထားရာ သများသို့ အသီးသီး တပ်ဖျောက်၍ သွားရောက်နေရာယူလျက် ရှိခဲ့ကြလေ ည်။ ရန်ကုန်မြို့တွင် မတ်လ ၁၇ ရက်နေ့က တပ်ထွက်အခမ်းအနားကျင်းပ တ်ခဲ့ကြသည့် တပ်ပေါင်းစုံသည် မတ်လ ၂၇ ရက်နေ့မတိုင်မီကပင် အသီး တာဝန်ခွဲချထားရာ တိုင်းများသို့ စနစ်တကျ တပ်ဖျောက်၍ ချီတက်ထွက်ခွာ နှင့်ကြပြီ ဖြစ်လေသည်။

ဖက်ဆစ်တော်လှန်ရေးကြီးကို ဦးစီးကွပ်ကဲသူ ဗိုလ်ချုပ်အောင်ဆန်းသည် န်မြို့မှ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ခြေရာဖျောက်၍ ထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ထိုနေ့နံနက် အရုဏ်ဦးအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အာရ်ဘီ ၂၇၈၄ ဝက်စလီအမျိုးအစား နက်ပြာရောင်ကားကလေးကို စီး၍ ပြည်လမ်းအတိုင်း မောင်းနှင်လျက် ရန်ကုန်မြို့မှ တိတ်တဆိတ်ထွက်ခွာသွားခဲ့လေသည်။

ထိုနေ့နံနက် ၉ နာရီအချိန်တွင် ဗမာ့တပ်မတော် အကြံပေးအရာရှိချုပ် မေဂျာဂျင်နရယ် ဗိုလ်ချုပ်ဆာကူရိုင်းသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံရန် ကိစ္စတစ်ခုအတွက် ရန်ကုန်မြို့ ကန်တော်ကြီးစောင်းရှိ ဗိုလ်ချုပ်အောင်ဆန်း၏ အိမ်သို့ သွားခဲ့ရာ အိမ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ၏ဇနီး သားသမီးများကို လုံးဝမတွေ့ရဘဲ ဗမာ့တပ်မတော်မှ ရဲဘော်ကလေးနှစ်ဦးသာလျှင် ကင်းစောင့်နေသည်ကို တွေ့ရတော့သည်။

မေဂျာဂျင်နရယ် ဆာကူရိုင်းသည် မိမိအား သတင်းမပို့၊ အကြောင်းမကြားဘဲနှင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသော ဗိုလ်ချုပ်အောင်ဆန်း၏ အပြုအမူကို များစွာ အံ့သြသွားလေသည်။ ကင်းစောင့်ရဲဘော်ကလေးများကို မေးကြည့်သော်လည်း ဗိုလ်ချုပ်သည် မည်သည့်နေရာသို့ ထွက်ခွာသွားမှန်း မသိဖြစ်နေရာ ဂျင်နရယ်ဆာကူရိုင်း များစွာ မကျေမနပ်ဖြစ်နေတော့သည်။

ဂျင်နရယ် ဆာကူရိုင်းသည် ဗိုလ်ချုပ်အောင်ဆန်း ခရီးထွက်သွားရာ ဒေသမှာ အောင်လံမြို့ဆီသို့ ဖြစ်ကြောင်းကို နောက်ပိုင်းတွင် စုံစမ်းသိရှိရသည်နှင့် မိမိ၏ကားကိုအပြင်းမောင်း၍ အောင်လံမြို့သို့ လိုက်လေသည်။ သို့သော် ဂျင်နရယ် ဆာကူရိုင်း၏ ကားသည် မင်္ဂလာဒုံမှတစ်ဆင့် ရှေ့သို့ သွား၍ မရတော့ပေ။ ပြည်လမ်း မင်္ဂလာဒုံတစ်နေရာ၌ တော်လှန်ရေးရဲဘော်တစ်စုက မော်တော်ကားလမ်းကို မိုင်းဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးထား၍ ဖြစ်လေသည်။ ဤတွင် ဗိုလ်ချုပ်အောင်ဆန်းအား ဂျင်နရယ် ဆာကူရိုင်းသည် မျက်ခြည်ပြတ်သွားလေသည်။

**စစ်ဌာနချုပ်ရုံး။** ။ ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးကို စစ်ဌာနချုပ်ရုံးကို သရက်ခရိုင်အတွင်းရှိ သရက်ချောင်းရွာအနီး တောစခန်းတွင် ဖွင့်လှစ်ထားရှိလျက် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းက ကွပ်ကဲဦးစီးလျက် ရှိခဲ့လေသည်။

ထိုရွာမှာ သရက်ခရိုင်အနောက်ဘက် ရခိုင်ရိုးမတောင်ခြေအနီးတွင် ရှိသော ကျေးရွာငယ်တစ်ရွာ ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တော်လှန်ရေးတပ်မတော် စစ်ဌာနချုပ်ရုံးတွင် ပါဝင်၍ တာဝန်များကို ထမ်းဆောင်နေကြသူများမှာ ဗိုလ်မှူးကြီးဇေယျ၊ ဗိုလ်မှူးလှအောင်၊ ဗိုလ်ကြီးခင်မောင်လေး(နောင် ဖဆပလဝန်ကြီးဟောင်း)၊ ဗိုလ်ကြီးရှိန်း(ဗိုလ်မှူးကြီးရှိန်း)၊ ဗိုလ်မှူးဖိုးကွန်း(နောင် ဆိုဗီယက်ရုရှားပြည်ဆိုင်ရာ မြန်မာသံအမတ်ကြီး)၊ ဗိုလ်မှူးထွန်းအုံ(မြူမင်းကြီးဟောင်း)၊ ဗိုလ်မှူးမင်းခေါင်(နောင် မထစ ခေါင်းဆောင်ဟောင်း)တို့ ဖြစ်လေသည်။



ဗိုလ်ချုပ်အောင်ဆန်း၏ စစ်ဌာနချုပ်မှာ ဗိုလ်မှူးအောင် ဦးစီးသော တော်လှန်ရေးတိုင်းအမှတ် (၇)၏ နယ်မြေတွင် တည်ရှိလေသည်။ ဗိုလ်ချုပ်သည် စစ်ဌာနချုပ်မှ နေ၍ ပြည်သူ့လွတ်လပ်ရေးတပ်မတော်ကြီးအား စနစ်တကျ ကွပ်ကဲဦးစီးလျက် တော်လှန်ရေးတာဝန်များကို ဆောင်ရွက်နေခဲ့လေသည်။

စစ်ဌာနချုပ်ရုံးသည် မြန်မာနိုင်ငံအရပ်ရပ်တွင် ရှိသော တော်လှန်ရေးအင်အားစုများနှင့် ဆက်သွယ်၍ တော်လှန်ရေးတပ်များ၏ စည်းစနစ်ကျမှုကို အထူးကွပ်ကဲခဲ့လေသည်။ အောက်ပါကြေညာချက်မှာ သရက်ခရိုင်တွင် စခန်းချနေသော ပြည်သူ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း၏ ညွှန်ကြားချက်အရ တော်လှန်ရေးတိုင်း အမှတ် (၇)နယ်မြေအတွင်းတွင် ထုတ်ပြန်သော ကြေညာချက်တစ်စောင်ဖြစ်သည်။ အဆိုပါ ကြေညာချက်မျိုးအတိုင်းပင် အခြားတော်လှန်ရေး တိုင်းနယ်မြေများတွင် စစ်ရေးခေါင်းဆောင်နှင့် နိုင်ငံရေးခေါင်းဆောင်များက ထုတ်ပြန်ကြေညာကြရလေသည်။

## ပြည်သူ့လွတ်လပ်ရေးတပ်မတော်
## တိုင်းအမှတ် (၇)

### နိုင်ငံရေးညွှန်ကြားချက် (၁)

(အခွင့်အရေး)

၁။ နိုင်ငံရေးနှင့် ပတ်သက်၍ဖြစ်စေ၊ အုပ်ချုပ်ရေးနှင့် ပတ်သက်၍ဖြစ်စေ၊ နိုင်ငံရေးတာဝန်ခံသည် အဓိကဖြစ်စေရမည်။ နိုင်ငံရေးတာဝန်ခံ၏ ညွှန်ကြားချက်အရ ယာယီခရိုင် နိုင်ငံရေးတာဝန်ခံ၊ ယာယီမြို့နယ် တာဝန်ခံများသည် ဆောင်ရွက်ကြရမည်။

၂။ နိုင်ငံရေးတာဝန်ခံများသည် မိမိနှင့် တွဲဖက်၍ ခေါင်းဆောင်ကာ တိုက်ခိုက်နေသော စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်များအား နိုင်ငံရေး၊ အုပ်ချုပ်ရေးများကို ဆွေးနွေးတိုင်ပင်၍ ညွှန်ကြားပေးရမည်။ နိုင်ငံရေးတာဝန်ခံသည် စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်အား ဆွေးနွေးတိုင်ပင်ခြင်းမပြုဘဲ မိမိသဘောအလျောက် လုပ်ငန်းများကို မဆောင်ရွက်နိုင်ပေ။

၃။ ပြောက်ကျားတပ်များက လာ၍ သိမ်းပိုက်ထားသောနယ်များ၏ အုပ်ချုပ်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ နိုင်ငံရေးတာဝန်ခံများသည် မိမိတို့၏ သိမ်းပိုက်ထားသော မြို့နယ်၊ ရပ်ရွာရှိ ဘက်တော်သားအဖွဲ့များအတွင်းမှ (ပြည်သူ့ကာကွယ်ရေးအဖွဲ့) အများသဘောအရ ကော်မတီအဖွဲ့ဝင် ရွေးကောက်တင်မြှောက်စေပြီး ရပ်ရွာအုပ်ချုပ်မှုများကို တာဝန်ပေးနိုင်သည်။

က) ထိုရပ်ရွာအုပ်ချုပ်ရေးတာဝန်ခံများသည် ထိုရပ်ရွာတွင် ဩဇာရှိသူများ ဖြစ်စေပြီး ၅ ယောက်ခန့်ပါဝင်သော ကော်မတီတစ်ခု ဖွဲ့စေရမည်။

www.burmeseclassic.com

www.burmeseclassic.com



(ခ) ထိုကော်မတီသည် မိမိရပ်ရွာတွင် ဖြစ်ပွားသော သာမန်အမှုမျိုးကို ဥပဒေ စစ်ဆေးစီရင်ခွင့်ရှိရမည်။
(ဂ) ယေဘုယျနှင့်ပတ်သက်၍ တိုင်းစစ်ရေးခေါင်းဆောင်နှင့် နိုင်ငံရေး ခေါင်းဆောင်၏ အခွင့်အာဏာလွှဲအပ်ထားသော တာဝန်ခံများမှအပ မည်သူမျှ ပေးနိုင်ခွင့် မရှိ။
(ဃ) ကြိမ်ဒဏ်ပေးရာတွင် အချက်ပေါင်း ၃၀ ထက်မပိုသော ဒဏ်ကိုသာ ပေးရမည်။
(င) သုံ့ပန်းများ၊ ဂျပန်ပေါင်းလျှောက်များကို ဖက်ဆစ်တို့၏ အပြုအမူများအရ မည်သည့်နည်းမျှ မညှဉ်းဆဲရ။ ထိုက်သင့်သောအပြစ်ဒဏ်သာ ပေးရမည်။

## တာဝန်ခွဲခြားမှု

၁။ တိုင်းနိုင်ငံရေးခေါင်းဆောင် (ခရိုင် နိုင်ငံရေးလက်အောက်တွင် အောက်ပါဌာနများ ရှိရမည်။)
(က) စာဖြန့် လှုံ့ဆော်ရေးဌာန (ဝါဒဖြန့်ချိရေးတွင် လက်သိပ်ထိုး ဝါဒဖြန့်ချိရေး၊ လေမှုန်တိုင်းဝါဒဖြန့်ချိရေး၊ ကြော်ငြာရေးအဖွဲ့များ ကျင်းပ၍ ဝါဒဖြန့်ချိရေးများ ပါဝင်သည်။)
(ခ) နိုင်ငံရေးစိတ်ဓာတ် မြှင့်တင်ရေး (ယခု စစ်သည် ပြည်သူ့စစ်)ဖြစ်ကြောင်းများကို ပြောကြားတာ၊ ဘက်တော်သား ပြည်သူများကို ပါရှိလာစေရန် ဆောင်ရွက်ရမည်။
(ဂ) အုပ်ချုပ်ရေးဆိုင်ရာဌာန (သာမန်အမှုများကို ရပ်ရွာတွင် စစ်ဆေး၍ ငြိမ်ဝပ်ပိပြားစွာ အုပ်ချုပ်သွားနိုင်ရန် ဖြစ်သည်။)
(ဃ) ကာကွယ်ရေးဌာန (ဘက်တော်သားများ၊ မြို့ရွာကာကွယ်ရေးအဖွဲ့များကို စစ်ဘက်ခေါင်းဆောင်နှင့်တွဲ၍) တာဝန်ယူကာ ဆောင်ရွက်သွားရန် ဖြစ်သည်။

ယာယီခရိုင် နိုင်ငံရေးခေါင်းဆောင်နှင့် ယာယီမြို့နယ် နိုင်ငံရေးခေါင်းဆောင်များ၏ လက်အောက်တွင် အထက်ပါအတိုင်း ၄ ဌာနခွဲ၍ ဖွဲ့စည်းကြရမည်။

(၁) တိုင်းစစ်ဘက်ဆိုင်ရာ ခေါင်းဆောင်

(၂) တိုင်းနိုင်ငံရေးဆိုင်ရာ ခေါင်းဆောင်

ဖက်ဆစ်တိုက်ဖျက်ရေး
ပြည်သူ့လွတ်လပ်ရေးတပ်မတော်
တိုင်းအမှတ် (၇)
အဆောက်အအုံ



ဗိုလ်ချုပ်အောင်ဆန်း၏ စစ်ဌာနချုပ်ရုံးတည်ရှိသော သရက်ခရိုင်ပါဝင်သည့် တိုင်းအမှတ် (၇) တော်လှန်ရေးတပ်မတော်သည် ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ တော်လှန်ရေးကြီး စတင်သည့်အချိန်မှ စ၍ အချိန်အနည်းငယ်အတွင်း၌ပင် တော်လှန်ရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ထိုအချိန်က သရက်မြို့တွင် ဗိုလ်မှူးစိန်ဝင်း ဦးစီးသော ဗမာ့တပ်မတော် ခြေလျင်တပ်ရင်း ၆ စခန်းချလျက်ရှိသည်။ ခြေလျင်တပ်ရင်း ၆ သည် ၁၉၄၄ ခုနှစ်မှ စ၍ လူငယ်လူရွယ်များကို တိတ်တဆိတ်စည်းရုံး၍ စစ်ပညာသင်တန်းများကို အခါအားလျော်စွာ ပို့ချသင်ကြားပေးနေခဲ့သည်။ ခြေလျင်တပ်ရင်း ၆ ၏ စည်းရုံးရေးလုပ်ငန်းများမှာ များစွာ ကျယ်ပြန့်ခဲ့သည်။ သရက်ခရိုင်အတွင်းရှိ ကမာမြို့၊ မင်းတုန်းမြို့များမှ အစ မှတ္တမ၊ ပေါက်ခေါင်းကား၊ ကံသာ့ဘုတ်တိုင်တား၊ ရွှေစင်၊ ရေနံမ၊ မင်းလှ စသည့် မြို့ရွာများအနှံ့ စည်းရုံးရေးဖြန့်လျက် လူငယ်လူရွယ်ပေါင်းများစွာကို စစ်သင်တန်းများ ပေးနေခဲ့သည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ ညနေ ၅ နာရီတွင် သရက်မြို့အနီး ရှိသောစခန်းရှိ ဗမာ့တပ်မတော် ခြေလျင်တပ်ရင်း ၆ သည် ဂျပန်အကြံပေး အရာရှိများကို ဘာသတင်းမျှ မပေးဘဲ တစ်ပါတည်းခေါ်ဆောင်၍ ချီတက်ခဲ့ကြရာ ည ၈ နာရီတွင် မင်းဘူးရွာစခန်း၌ တော်လှန်ရေးတိုင်း အမှတ် (၇)မှ ခေါင်းဆောင် ဗိုလ်မှူးအောင်၏ တပ်များနှင့် ဆုံမိကြသည်။ ဗိုလ်မှူးအောင် နှင့်အတူ ဗိုလ်မှူးရန်အောင်၊ ဗိုလ်မှူးစိန်မှန်တို့လည်း ပါလာကြလေသည်။

မင်းဘူးရွာ ဘုန်းတော်ကြီးကျောင်းတွင် စခန်းချနေစဉ် ဂျပန်စစ်အကြံပေးအရာရှိများထံမှ လက်နက်များကို တော်လှန်ရေးတပ်သားများက သိမ်းဆည်းရန်နှင့် စုစ်ပါက ပစ်သတ်ရန် အစီအစဉ်ရှိလေသည်။ ဗမာ့တပ်မတော် တပ်ရင်း ၆ မှ အရာရှိတစ်ဦးက မိမိ၏တပ်သားများအား 'ရဲဘော်များ ထမင်းစားပြီးကြပြီလားဟေ့' ဟု မေးလိုက်သည်နှင့်တစ်ပြိုင်နက် ရဲဘော်များသည် ဂျပန်အကြံပေး စစ်အရာရှိအား ဝိုင်းဝန်းဖမ်းဆီးရန် လက်နက်များကို သိမ်းဆည်းကြ၏။ ဂျပန်များက ခုခံသဖြင့် ဂျပန်အကြံပေးအရာရှိအားလုံးကို ပစ်သတ်လိုက်ကြလေသည်။

တိုင်းအမှတ် ၇ တွင် ပါဝင်သော ဗိုလ်မှူးစန်းယု ဦးစီးသည့် တပ်ရင်းအမှတ် ၂ သည်လည်းကောင်း၊ ဗိုလ်မှူးမိုးညို ဦးစီးသော စက်မှုလက်မှု တပ်ရင်းအမှတ် ၂ သည်လည်းကောင်း၊ ဗိုလ်မှူးမြင့်အောင် ဦးစီးသော စက်အမြောက်တပ်ရင်းသည်လည်းကောင်း၊ ဗိုလ်မှူးစိန်မှန် ဦးစီးသည့် အနောက်တိုင်း စစ်ဌာနချုပ်သို့သည် မတ်လ ၂၅ ရက်နေ့တွင် ထုတ်ပြန်လိုက်သော စစ်ဆေးပေါ် ဗိုလ်ချုပ်အောင်ဆန်း၏ အမိန့်အရ မတ်လ ၂၇ ရက်နေ့ ညမှ စ၍ ဖက်ဆစ်ဂျပန်များအား တစ်ချိန်တည်း တော်လှန်တိုက်ခိုက်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးစိန်မှန် ဦးစီးသော ထိုအနောက်တိုင်းစစ်ဌာနချုပ် လက်အောက်ရှိ တပ်များသည် အောင်လံမြို့နှင့် ပြည်မြို့အကြားတွင် စခန်းချနေကြသော ဂျပန်တပ်မတော်၏ ဆာကုဘူတိုက် စစ်ဌာနချုပ်ကို တော်လှန်ရေးစတင်သည့် ညဉ့်တွင်ပင် ဝင်ရောက်စီးနင်း တိုက်ခိုက်ကြလေ၏။ ဂျပန်တို့၏ ဓာတ်ဆီ၊ စက်ဆီနှင့် ခဲယမ်းမီးကျောက်များသိုလှောင်ရာ ဌာနချုပ်များကို ဝင်ရောက်တိုက်ခိုက် ဖောက်ခွဲလိုက်ကြသည်။

အောင်လံမြို့အနီးရှိ ဂျပန်တပ်မတော် လေယာဉ်ပျံကွင်းနှင့် ဂျပန်စစ်တန်းလျားများကို ဗမာ့တပ်မတော်သားများသည် လျှပ်ပြက်သလို ဝင်၍ စီးနင်းတိုက်ခိုက်ကြလေ၏။ ဗမာ့တပ်မတော်သားများသည် မင်းဘူးနှင့် မကွေးခရိုင်များရှိ ဂျပန်တပ်စခန်းများကို ဝင်ရောက်တိုက်ခိုက်ကြရာ တော်လှန်ရေးကြီး စတင်သည်နှင့်တစ်ပြိုင်နက် ဂျပန်တပ်စခန်းအချို့မှာ ဗမာ့တပ်မတော်လက်ဝယ်သို့ရောက်ရှိပြီး ဖြစ်နေတော့သည်။

**စစ်သေနာပတိ၏ ကြေညာချက်။** ။ ဗမာ့တပ်မတော်သည် ပြည်သူ့လွတ်လပ်ရေး တပ်မတော်အမည်ခံ၍ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှ စတင် တော်လှန်ပြီးနောက် မကြာမီပင် တိုင်းသူပြည်သားများ သိရှိရန်အတွက် ပြည်သူ့လွတ်လပ်ရေးတပ်မတော်၏ စစ်သေနာပတိချုပ် ဗိုလ်ချုပ်အောင်ဆန်းသည် သရက်ခရိုင် စစ်ဌာနချုပ်စခန်းမှ နေ၍ အောက်ပါကြေညာချက်ကို ထုတ်ပြန်ခဲ့လေသည်။ ထိုကြေညာချက်နှင့်အတူ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်၏ အလံတော်နမူနာတံဆိပ်ကိုလည်း ပူးတွဲ၍ ထုတ်ပြန်ခဲ့လေသည်။

### အားလုံး တိုင်းသူပြည်သားများ သိရှိရန်

ဗမာ့တပ်မတော်၊ ဗမာပြည်ကွန်မြူနစ်ပါတီအမှူးပြုသော ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးက ဂျပန်ဖက်ဆစ်ရိုင်း အစိုးရအား စစ်ကြေညာလိုက်ပြီ။

၁။ ယခုအခါ ဗမာ့တပ်မတော် တပ်ခွဲများသည် ဧရာဝတီမြစ် အနောက်ဘက်တွင် မင်းဘူးခရိုင်မှ ဟင်္သာတခရိုင်အထိလည်းကောင်း၊ ဧရာဝတီမြစ်အရှေ့ဘက်တွင် အောင်လံနယ်မှ ရန်ကုန်အထိလည်းကောင်း၊ မြစ်ဝကျွန်းပေါ်ဒေသအသီးသီးတွင်လည်းကောင်း၊ ပဲခူးမှ ပျဉ်းမနား၊ တောင်ပိုင်းရှမ်းပြည်နယ်တွင်လည်းကောင်း၊ ရေနံချောင်းခရိုင်တွင်လည်းကောင်း၊ တနင်္သာရီပိုင်းတွင်လည်းကောင်း၊ မိတ္ထီလာနယ်တွင်လည်းကောင်း တပ်ဖြန့်ကာ တိုက်ပွဲများကို ဆင်နွှဲနေကြပြီ။

၂။ ဧရာဝတီမြစ်အနောက်ဘက် မင်းဘူးခရိုင်အချို့၊ သရက်ခရိုင်နှင့် ပြည်ခရိုင်အချို့ကို ဗမာ့တပ်မတော်က သိမ်းပိုက်ပြီးလေပြီ။



၃။ ရခိုင်ပြည်နယ်တွင် ညီညွတ်အမှူးပြုသော တော်လှန်ရေးသမားများသည် ဂျပန်များကို မဟာမိတ်တပ်များနှင့် ကူညီတိုက်ခိုက် မောင်းထုတ်ပြီးလေပြီ။ မန္တလေးတစ်ဝိုက်တွင် ဗမာ့တပ်မတော်နှင့် တော်လှန်ရေးသမားများသည် ဂျပန်များကို တိုက်ခိုက်ခဲ့လေပြီ။

### တိုင်းသူပြည်သားအပေါင်းတို့...

၁။ ငါတို့အား ရန်သူ၏သတင်းများကို ပေးကြလော့၊ အစားအစာ၊ အဝတ်၊ ဆေး၊ လှေ၊ လှည်း၊ ယာဉ်၊ မြင်း၊ ကျွဲ၊ နွား၊ ဆင်၊ တိရစ္ဆာန်များ ပေးကြလော့၊ ငွေများလှူကြလော့။

၂။ ပြည်သူ့လွတ်လပ်ရေးအဖွဲ့များ ဖွဲ့ကြလော့၊ လက်နက်များစု၍ ပြည်သူ့ကာကွယ်ရေးအဖွဲ့များ ဖွဲ့ကြလော့။

၃။ အစိုးရအမှုထမ်းများ အားလုံး၊ အထူးပညာသည်များ (ဆရာဝန်၊ အင်ဂျင်နီယာ၊ သူနာပြု အစရှိသူတို့ ဖြစ်သည်။) ငါတို့တပ်များရှိရာသို့ နိဝင်ကြလော့။

၄။ ကိုယ်ပိုင်လက်နက် ရှိသူများသည် မိမိတို့ရှိ လက်နက်များကို ပြည်သူ့ကာကွယ်ရေးအဖွဲ့များသို့လည်းကောင်း၊ ငါတို့တပ်ဌာနများသို့လည်းကောင်း လာရောက်အပ်နှံကြရမည်။ မအပ်နှံသူများသည် အပြစ်ပေးခံရမည်။ ငါတို့ထံ၌ လက်နက်စာရင်းများ ပြုလုပ်ပြီး ရှိသည်။

၅။ အားလုံးသော တိုင်းသူပြည်သားများသည် အောက်ပါအချက်များကို လုပ်နိုင်သမျှ နေရာများတွင် လုပ်ကြရမည်။

(က) ဂျပန်ထံမှာ လုပ်သော အလုပ်သမားများ လက်နက်ပစ္စည်း တွေ့ရသမျှ ယူထွက်ပြေးခဲ့၊ သို့မဟုတ် တော်လှန်ပြီး ထွက်လာကြ

(ခ) ဂျပန်သိမ်းသော ပစ္စည်းအရပ်ရပ် ပြန်လုယူ၊ မယူနိုင်က ဖျက်ပစ်

(ဂ) ငါတို့ ပစ္စည်းအရပ်ရပ်ဖြန့်ပြီး ဝှက်ထား၊ မဝှက်နိုင်လျှင် ဖျက်ပစ်

(ဃ) ဂျပန်၏ သွားလမ်း၊ လာလမ်းများကို ပိတ်ပစ်၊ သို့မဟုတ် ဖျက်ပစ်၊ ကြေးနန်းကြိုးတွေ ဖြတ်၊ ဝိုင်ယာလက်ရုံတွေ ဖျက်ပစ်၊ လုယူနိုင်က လုယူ၊ ဂျပန်ရေးမှတ်ထားတဲ့ လမ်းအမှတ်အသားတွေ ဖျက်ပစ်၊ တံတားတွေ ဖျက်၊ ဂျပန်ကုန်တင်ကားတွေ၊ လှည်းတွေကို တိုက်ယူ၊ မယူနိုင်က ဖျက်ပစ်

(င) ဂျပန့်လက်နက်ရုံတွေ၊ ဓာတ်ဆီရုံတွေ၊ လေယာဉ်ပျံကွင်းတွေကို ဝင်စီးလုယူ၊ မယူနိုင်သမျှ မီးရှို့ဖျက်ပစ်

(စ) တွေ့သမျှ ဂျပန်တွေကို ဖမ်း၊ ဂျပန်တွေက ငါတို့တိုင်းသူပြည်သားများကို သတ်လျှင် ၎င်းတို့ကို သတ်ပစ်

www.burmeseclassic.com

www.burmeseclassic.com



(ဆ) ဂျပန်က ပစ္စည်းသိမ်း၊ ကျွဲသိမ်း၊ နွားသိမ်း၊ လှည်းသိမ်းလုပ်လျှင် အလုပ်မခံနှင့် ပြန်ချ၊ မချနိုင် ဖွက်ထား ပြေးပုန်းကြ

(ဇ) ပြေးလာသော ဂျပန်စစ်သားများကို ဖမ်းဆီး၍ ကောင်းမွန်စွာ လက်နက်များနှင့်တကွ ငါတို့တပ်တွေရှိရာ ပို့

(ဈ) လမ်းဘေးကျသော ရွာများ၊ မြို့များမှ အားလုံးရှောင်ရှားနေကြ။

၆။ အောက်ပါပြစ်မှုများကို ကျူးလွန်သူများအား တိုင်းပြည်ရန်သူများအဖြစ် ငါတို့ ကြေညာလိုက်သည်။ ၎င်းသူများ၏ ပစ္စည်းများကို အကြွင်းမရှိ အလျှော်မရှိ သိမ်းပိုက်မည်။ ၎င်းသူများကို ဖမ်းဆီး၍ ပြည်သူများရုံးတွင်လည်းကောင်း၊ စစ်တရားရုံးများတွင်လည်းကောင်း စစ်ဆေး၍ ကြီးလေးသော အပြစ်ဒဏ်များကို ပေးမည်။

၎င်းရုံးများ မရှိနိုက်တွင် တိုင်းတပ်မှူးများနှင့် ၎င်းတို့က အာဏာလွှဲအပ်ထားသော အရာရှိများသည် ငါတို့ ညွှန်ကြားချက်များအတိုင်း စစ်ဆေးအပြစ်ပေးလိမ့်မည်။

(က) ငါတို့စစ်တပ်များ၊ မဟာမိတ်စစ်တပ်များ၊ ငါတို့အဖွဲ့သားများ၏ သတင်းကို ရန်သူများအား ပေးခြင်း

(ခ) ရန်သူများအား တိုက်ရိုက်ပေးခြင်း၊ သွယ်ဝိုက်၍ဖြစ်စေ အားပေးကူညီခြင်း

(ဂ) ငါတို့စစ်တပ်များ၊ မဟာမိတ်စစ်တပ်များ၏ လုပ်ငန်းများကို နှောင့်ယှက်ခြင်း၊ ငါတို့စစ်တပ်များ၊ မဟာမိတ်စစ်တပ်များကို မကူညီရန် လှုံ့ဆော်ခြင်း

(ဃ) ကုန်ပစ္စည်းများကို အဆမတန် အမြတ်ယူ၍ ရောင်းချခြင်း

(င) ကုန်ပစ္စည်းများကို မိမိတစ်ဦးတည်း ကောင်းရန်အတွက် သိုဝှက်ထားခြင်း၊ အခြားမည်သည့်နည်းနှင့်မဆို တိုင်းသူပြည်သားများ၏ နေရေးထိုင်ရေး၊ စားသောက်ရေး ထိခိုက်လာအောင် ပြုခြင်း

(စ) ဓားပြတိုက်ခြင်း

(ဆ) မုဒိမ်းကျင့်ခြင်း

(ဇ) ငါတို့တပ်မှ ထွက်ပြေးခြင်း

(ဈ) ဗမာပြည်အတွင်းရှိ လူမျိုးအချင်းချင်း ဘာသာအချင်းချင်း အဓိကရုဏ်းဖြစ်စေခြင်း

(ည) နိုင်ငံနှင့် လူမျိုးအမျိုးများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်စေခြင်း

၇။ ငါတို့တပ်များအားသော်လည်းကောင်း၊ ငါတို့အဖွဲ့များကိုသော်လည်းကောင်း၊



မဟာမိတ်တပ်များကိုသော်လည်းကောင်း ကူညီကြသူများအား ငါတို့သည် အထိုက်အလျောက် ချီးမြှင့်ရန် မှတ်တမ်းတင်ထားမည်။ ချက်ချင်းဆုလာဘ်ပေးနိုင်ကလည်း ဆုလာဘ်များ ပေးမည်။ ငါတို့အား မကူညီသူများသည် ငါတို့၏ အချီးအမြှောက်ကို ခံယူရရှိမည် မဟုတ်။

၈။ အားလုံးသော တပ်ခွဲ၊ အဖွဲ့ခွဲသစ်များသည် ငါတို့ တပ်ဌာနများနှင့် ချက်ချင်းဆက်သွယ်ရမည်။ ငါတို့ တပ်မတော်မှ ကွဲထွက်သူများသည် အနီးဆုံးတပ်ဌာနမှတစ်ဆင့် ဆိုင်ရာသို့ အမြန်ဆုံးသွားကြရမည်။

၉။ မြို့တိုင်းရွာတိုင်းတွင် အနီရောင်ခံအတွင်း အလယ်တိုင် အထက်ထောင့်တွင် အဖြူရောင်ကြယ်ပွင့်ပါရှိသော အောင်လံတော်များကိုလည်းကောင်း၊ မဟာမိတ်တပ်များ (တရုတ်၊ အမေရိကန်၊ အင်္ဂလိပ်၊ ရုရှား)၏ အောင်လံတော်များကိုလည်းကောင်း လွှင့်ထူကြကုန်လော့။

ငါတို့အောင်လံတော်ပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

၁၀။ ငါတို့တပ်များ သိမ်းပိုက်မည့် ဒေသများတွင် ငါတို့၏ စစ်တပ်များသည် လက်ရှိအုပ်ချုပ်ရေး အရာရှိများ၏ အကူအညီဖြင့်လည်းကောင်း၊ ရပ်ရွာကိုယ်စားလှယ်အဖွဲ့များခွဲ၍လည်းကောင်း အုပ်ချုပ်လိမ့်မည်။

(ပုံ) **အောင်ဆန်း**

**သေနာပတိ**

**ပြည်သူ့လွတ်လပ်ရေးတပ်မတော်**

www.burmeseclassic.com

www.burmeseclassic.com



**ရခိုင်တော်လှန်ရေး။** ။ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံလုံး၌ တိုင်းကြီး ၇ တိုင်းခွဲ၍ ဖက်ဆစ်တော်လှန်ရေးကြီးကို ဆင်နွှဲသည့်အချိန်၌ ရခိုင်တိုင်းတွင် ရခိုင်ပြောက်ကျားတပ်များသည် ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်နေကြသည်မှာ ၄ လကျော်ခန့် ရှိနေပြီဖြစ်လေသည်။

ရခိုင်စစ်မျက်နှာတွင် ဂျပန်တပ်များကို ရေကြောင်းမှ တက်လာသော မဟာမိတ်တပ်များက စီးနင်းတိုက်ရန် ကြိုးစားသည်မှာ ၂ နှစ်တိုင်တိုင်ရှိခဲ့သည်၊ ရခိုင်စစ်မျက်နှာတွင် မဟာမိတ်တပ်များသည် အခိုင်အမာ တပ်စွဲထားသော ဂျပန်တပ်များကို မတိုးနိုင်ဖြစ်နေကြလေသည်။

၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ရခိုင်တိုင်းမှ တော်လှန်ရေးခေါင်းဆောင် ဆရာတော် ဦးစိန္တာ၊ ဦးပညာသီဟနှင့် ရဲဘော်ညိုထွန်းတို့ ဦးစီးသော ရခိုင်ပြောက်ကျား ၄၀၀၀ တို့သည် ရရာ လက်နက်များကို ကိုင်စွဲ၍ ဖက်ဆစ်ဂျပန်များကို တစ်ခဲနက် တော်လှန်တိုက်ခိုက်ကြလေသည်။

ယခင်က စစ်တကောင်းနှင့် ရခိုင်ပြည်နယ်စပ်ကြားတွင် ရှိသော ဘူးသီးတောင်နှင့် မောင်းတောနယ်များမှာ မဟာမိတ်တပ်များနှင့် ဂျပန်တပ်များ အကြိုးအကျယ် တိုက်ခိုက်နေကြပြီး အပြန်အလှန် သိမ်းပိုက်လျက်ရှိကြ၏။ ဂျပန်တို့သည်လည်းကောင်း၊ မဟာမိတ်တပ်များသည်လည်းကောင်း ရခိုင်လူထု၏ ကူညီထောက်ခံမှုကို လုံးဝမရခဲ့ဘဲ ရှိနေခဲ့သည်။ ဤအခြေအနေတွင် ရခိုင်တိုင်းမှ အတွင်းသူပုန်များ၏ တော်လှန်ရေးတစ်ရပ် ပေါ်ပေါက်လာခြင်းအတွက် မဟာမိတ်တပ်များမှာ များစွာ အခွင့်ကောင်းရသွားလေသည်။

ရခိုင်ပြောက်ကျား တပ်သား ၄၀၀၀ တို့၏ လှုပ်ရှားတိုက်ခိုက်မှုကို ခံရသော ဖက်ဆစ်ဂျပန်တပ်များသည် ၂ နှစ်တိုင်တိုင်တိုင် ခုခံတိုက်ခိုက်နေခဲ့သော မဟာမိတ်တပ်များကို တားဆီးနိုင်ခြင်းမရှိတော့ဘဲ ၂ လအတွင်း ဖရိုဖရဲ တပ်ကွဲ၍ ဆုတ်ခွာထွက်ပြေးကြရတော့သည်။

ရခိုင်ပြောက်ကျားတပ်ကြီးသည် စစ်တွေခရိုင်မှ ဖက်ဆစ်တော်လှန်ရေးအင်အားစုများနှင့် ပူးပေါင်း၍ ဂျပန်စစ်စခန်းများကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်း၊ ဂျပန်စစ်ကူတပ်များကို လမ်းဖြတ်တိုက်ခိုက်ခြင်း၊ ရိက္ခာအကူအညီများကို တိုက်ခိုက်ဖျက်ဆီးခြင်း၊ တပ်စုကွဲလာသော ဂျပန်များကို သုတ်သင်ခြင်း တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြလေသည်။

ရခိုင်တိုင်းရှိ ရခိုင်ပြောက်ကျား ဖက်ဆစ်တော်လှန်ရေး အင်အားစုကြီး၏ ခေါင်းဆောင်မှာ ဆရာတော် ဦးစိန္တာဖြစ်သည်။ စစ်တွေခရိုင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ခေါင်းဆောင်မှာ ဆရာတော် ဦးပညာသီဟ ဖြစ်သည်။ ၎င်းဆရာတော် ၂ ပါးသည် ရခိုင်လူမျိုးများကို လှုံ့ဆော်စည်းရုံး



၍ ဖက်ဆစ်ဂျပန်များကို ထိရောက်စွာ တော်လှန်တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်ပေသည်။

ရခိုင်တိုင်းမှ ဖက်ဆစ်တော်လှန်ရေးခေါင်းဆောင်တစ်ဦးဖြစ်သော ရဲဘော်ညိုထွန်း(နောင် သံအမတ်ကြီး ဦးညိုထွန်း)မှာ ရဲဘော်တင်ရွှေနှင့်အတူ အိန္ဒိယသို့ လိုက်ပါသွားခဲ့သော တော်လှန်ရေးရဲဘော်တစ်ဦး ဖြစ်လေသည်။ ရဲဘော်ညိုထွန်းသည် အိန္ဒိယမှ ပြောက်ကျားတိုက်ပွဲ သင်တန်းများကို စနစ်တကျ သင်ကြားခဲ့ပြီးနောက် အိန္ဒိယပြည်ရှိ သခင်သိန်းဖေ ဦးစီးသော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးကိုယ်စားလှယ်အဖွဲ့မှတစ်ဆင့် ရခိုင်ပြည်သို့ တိတ်တဆိတ် ပြန်လည်ရောက်ရှိလာခဲ့ခြင်း ဖြစ်လေသည်။

ဆရာတော် ဦးစိန္တာ၊ ပညာသီဟ၊ ရဲဘော်ညိုထွန်းတို့နှင့်အတူ ရဲဘော်ကျော်မြ၊ ရဲဘော်ကြာနီအောင်၊ ဆရာတော် ဦးနာရဒ၊ ရဲဘော်ကျော်ရင်(ကွယ်လွန်သူ ပါမောက္ခချုပ် ဦးကျော်ရင်)၊ ရဲဘော်ဘစော(သံအမတ်ကြီး ဦးဘစော)၊ လှသာကျော်၊ ဗိုလ်ပေါက်သာကျော် စသော တော်လှန်ရေးခေါင်းဆောင်များသည် ဖက်ဆစ်ဂျပန်များအား အထူးဒုက္ခပေးခဲ့သည့် ရခိုင်ဖက်ဆစ်တော်လှန်ရေးအင်အားစုကြီးကို စနစ်တကျ ကွပ်ကဲဦးစီးခဲ့ကြပေသည်။

**အထက်မြန်မာနိုင်ငံ တော်လှန်ရေး။** ။ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ မတိုင်မီကပင် ဖက်ဆစ်တော်လှန်ရေးကြီး ဆင်နွှဲနေကြသော အခြားတော်လှန်ရေးအင်အားစုတစ်ရပ် ရှိသေးသည်။ ၎င်းမှာ မန္တလေးတိုင်းမှူး ဗိုလ်မှူးဗထူး၏ တပ်များ ဖြစ်လေသည်။

၁၉၄၄ ခုနှစ်က ဗမာ့တပ်မတော်ကို စစ်တိုင်းများခွဲခြား သတ်မှတ်လျက် ဖွဲ့စည်းခဲ့ရာ ယင်းနှစ် မေလ ၅ ရက်နေ့တွင် ဗိုလ်မှူးဗထူးအား မန္တလေးစစ်တိုင်းမှူးအဖြစ် ခန့်ထားခဲ့ပေသည်။ မန္တလေးတိုင်း စစ်နယ်မြေမှာ တောင်ဘက်တွင် ပျဉ်းမနားအထိလည်းကောင်း၊ မြောက်ဘက်တွင် တမူးနှင့် ကလေးမြို့နယ်များအထိလည်းကောင်း ကျယ်ပြန့်လေသည်။

မန္တလေးတိုင်းအတွင်း၌ ဗမာ့တပ်မတော် ခြေလျင်တပ်ရင်း အမှတ် (၁)၊ (၃)၊ (၄)၊ (၅)နှင့် စက်မှုလက်မှု တပ်ရင်း အမှတ် ၁၊ အမြောက်တပ်နှင့် အမှတ်ကြီးတပ်များ ရှိလေသည်။ ဗိုလ်မှူးဗထူးသည် ၁၉၄၄ ခုနှစ် နောက်ပိုင်းတွင်၍ မိမိတပ်များကို အမျိုးမျိုးပြောင်းရွှေ့ နေရာချထားရင်း ဖက်ဆစ်တော်လှန်ရေးအတွက် စည်းရုံးရေးများ ဆောင်ရွက်ခဲ့၏။ ၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလ၌ ဗိုလ်မှူးဗထူးသည် ရန်ကုန်မြို့သို့ ဆင်းလာပြီးလျှင် ဖက်ဆစ်ဂျပန်များကို တော်လှန်ရန် ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုများက ချင်းပသော အစည်းအဝေးသို့ တက်ရောက်သည်။ ထိုအစည်းအဝေး၌ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံ၍ ညွှန်ကြားချက်များ ရယူခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၄ ခုနှစ် နှစ်အစပိုင်းတွင်ပင် မဟာမိတ်စစ်တပ်များသည် ဂျပန်တပ်များကို ဖြိုဖျက်၍ မြန်မာနိုင်ငံအတွင်းသို့ ဝင်လာကြသည်။ ၎င်းတို့သည် မြန်မာနိုင်ငံမြောက်ပိုင်းသို့ ဝင်ရောက်လျက် မန္တလေးမြို့ဆီသို့ ဦးတည်ချီတက်လာကြလေသည်။ ထိုအချိန်တွင် ဗိုလ်မှူးဗထူးသည် မိမိလက်အောက်ရှိ တပ်များဖြင့် ဖက်ဆစ်ဂျပန်များကို တော်လှန်တိုက်ခိုက်လေသည်။ အခြေအနေမှာ တော်လှန်တိုက်ခိုက်ခြင်းမပြု၍လည်း မရတော့ပေ။

တော်လှန်ရေးကို စောစောမစလျှင် ဗိုလ်မှူးဗထူး၏ တပ်များမှာ ဂျပန်နှင့် မဟာမိတ်တပ်များ၏အကြားတွင် ညှပ်ပိတ်လျက်နေတော့မည်ဖြစ်သည်။ ထို့ကြောင့် ၁၉၄၅ ခုနှစ်၊ မတ်လ ၈ ရက်နေ့ကပင် စတင်လျက် ဗိုလ်မှူးဗထူးသည် စစ်ကိုင်း၊ မန္တလေး၊ သီပေါမြို့များရှိ မိမိတပ်များကို ကွပ်ကဲလျက် ဖက်ဆစ်ဂျပန်များကို တရကြမ်းထိုးစစ်ဆင်တော်လှန်လျက် ရှိတော့သည်။

ဗိုလ်မှူးဗထူး၏ တပ်များက ဂျပန်တပ်များကို တော်လှန်သည့်အချိန်တွင် အောက်မြန်မာနိုင်ငံရှိ ဗိုလ်ချုပ်အောင်ဆန်း၏ ဖက်ဆစ်တော်လှန်ရေးအင်အားစုများမှာ တော်လှန်ရေးအတွက် အစီအစဉ်များကို လျှို့ဝှက်စီစဉ်ကြဆဲ ဖြစ်လေသည်။

ဗိုလ်မှူးဗထူးသည် မိမိ၏တော်လှန်ရေးအစီအစဉ်ကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ တပ်များအပေါ် ဂျပန်က ဒုက္ခပေးမည်ကို ကြိုတင်၍ သိမြင်သောကြောင့် ကြေညာချက်တစ်စောင်ကို မိမိ လက်မှတ်ရေးထိုး၍ ထုတ်ဝေလေသည်။ အဆိုပါတော်လှန်ရေးကြေညာချက်တွင် မိမိတော်လှန်ရေးတပ်များသည် နိုင်ငံတော်အဓိပတိ ဒေါက်တာဘမော်နှင့် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းနှင့်လည်းကောင်း အဆက်အသွယ် လုံးဝဖြတ်လိုက်ပြီဖြစ်ကြောင်း၊ မိမိတို့တပ်များကို ဗမာ့တော်လှန်ရေးတပ်မတော်အမည်ဖြင့် ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးနှင့် ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိသည် စသဖြင့် ဖော်ပြပါရှိလေသည်။

ထိုအချိန်တွင် ဗိုလ်မှူးဗထူးသည် မိမိ၏ တပ်အခြေအနေများကို ပြည့်စုံစွာ ဖော်ပြလျက် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းထံသို့ လျှို့ဝှက်အစီရင်ခံစာ တင်သွင်းထားပြီးဖြစ်သည်။ မိမိ၏ တော်လှန်ရေးကိုပင် ဗိုလ်ချုပ်အောင်ဆန်း၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ပရိယာယ်ဆင်၍ ဆောင်ရွက်သဖြင့်သာ မတ်လ ၂၇ ရက်နေ့တွင်မှ ပြုလုပ်သော မြန်မာတစ်ပြည်လုံးရှိ ဖက်ဆစ်တော်လှန်ရေးကြီးမှာ အနှောင့်အယှက်မရှိဘဲ အောင်မြင်ခဲ့ခြင်း ဖြစ်ပေသည်။

၁၉၄၅ ခုနှစ်၊ မတ်လ ၈ ရက်နေ့ တော်လှန်ရေးကို စတင်သည့်အချိန်ခြ



ဗိုလ်မှူးဗထူးနှင့် အနီးကပ်ဆုံးတပ်များမှာ မုံရွာ၊ စစ်ကိုင်းနယ်များရှိ ဗိုလ်သိန်းဦး ကွပ်ကဲသော လေယာဉ်ပစ်အမြောက်တပ်ခွဲ၊ မြစ်ငယ်ဒေသရှိ ဗိုလ်ရဲခေါင်၏ လေယာဉ်ပစ်အမြောက်တပ်ခွဲများ ဖြစ်ကြပေသည်။

ဗိုလ်မှူးဗထူး၏ တပ်များသည် မန္တလေးနယ်အတွင်းသို့ မဟာမိတ်တပ်များ မရောက်လာမီအတွင်းမှာပင် ဂျပန်တပ်များကို ကြိုတင်ဖယ်ရှား သုတ်သင်နိုင်ခဲ့ပေသည်။ ဗိုလ်မှူးဗထူး ဖွဲ့စည်းထားသော ပြည်သူ့ပြောက်ကျားတပ်များသည် တော်လှန်ရေးတွင် အရေးပါသော အင်အားစုတစ်ရပ်ဖြစ်သည်။ မဟာမိတ်တပ်များ၏ထိုးစစ်ကို ခံနေရသော ဂျပန်တပ်များကို ပြောက်ကျားစနစ်ဖြင့် ဝင်ရောက်ဒုက္ခပေးခဲ့သောသူများမှာ ပြည်သူ့ပြောက်ကျားတပ်သားများ ဖြစ်သည်။ မမြို့ကို မဟာမိတ်တပ်များ သိမ်းပိုက်ရာတွင် ပြည်သူ့ပြောက်ကျားများ၏ အကူအညီသည် များစွာ ထိရောက်ခဲ့သည်။

## (င) တိုင်း ၄ မှ ဂျပန် ၂၇၇၄ ဦးကျဆုံးသော တိုက်ပွဲ ၃၂၄ ပွဲ

၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် စတင်ခဲ့သော ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ ဦးစီးသည့် ပြည်သူ့တပ်မတော်၏ ဖက်ဆစ်တော်လှန်ရေးကြီးမှာ ယခုအခါတွင် မြန်မာနိုင်ငံအနှံ့အပြားသို့ ကူးစက်လျက်ရှိပြီဖြစ်သည်။ နေရာတိုင်းတွင် ဂျပန်တပ်များအား မြန်မာ့တော်လှန်ရေးအင်အားစုများက ပြောက်ကျားနည်းစနစ်ဖြင့် ဝင်ရောက်တိုက်ခိုက်လျက်ရှိသည်။

စစ်မျက်နှာအသီးသီးမှ တရကြမ်းဆုတ်ခွာလာသော ဖက်ဆစ်ဂျပန်တပ်များအား တော်လှန်ရေးအင်အားစုများသည် လမ်းမှ ဖြတ်၍ ချုံခိုတိုက်ပွဲများဖြင့် ဒုက္ခပေးခဲ့သည်။ ဖက်ဆစ်များအား ထောက်ပံ့လျက်ရှိသော ရိက္ခာပို့တပ်များကို လမ်းမှ ဖြတ်တောက်တိုက်ခိုက်ခဲ့ကြရာ ရှေ့တန်းစစ်မျက်နှာရှိ ဂျပန်တပ်အများအပြားမှာ ရိက္ခာပြတ်ပြီး ဖရိုဖရဲ တပ်စုကွဲ၍ ပြေးကြရသည်။

ထိုသို့ တပ်စုကွဲလာသော ဂျပန်တပ်များကို မြန်မာနိုင်ငံအနှံ့အပြားတွင် တော်လှန်ရေးအင်အားစုများက ထိထိရောက်ရောက် ကွပ်မျက်သုတ်သင်နိုင်ခဲ့ကြသည်လည်း ဖြစ်သည်။

၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့က စ၍ တော်လှန်တိုက်ခိုက်ခဲ့ကြသော တော်လှန်ရေးတိုင်းကြီး ၇ တိုင်းရှိ တော်လှန်ရေးအင်အားစုများတွင် ဖက်ဆစ်ဂျပန်စစ်သား ၂၇၇၄ ဦးကို ကျဆုံးစေခဲ့သော တိုက်ပွဲပေါင်း ၃၂၄ ပွဲ တိုက်ခိုက်ခဲ့ရသည်။ တိုင်း ၄ တိုင်း၏ အောင်မြင်မှုများမှာ သမိုင်းမတင်လျှင် မဖြစ်ဟု ဆိုရမည်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေး တိုင်း ၄ တွင် ပဲခူး၊ ရွှေကျင်၊ သထုံဒေသများ ပါဝင်လျက် စစ်ရေးခေါင်းဆောင်နှင့် တိုင်းမှူးမှာ ဗိုလ်မှူးကျော်ဇော (နောင် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော)ဖြစ်၍ နိုင်ငံရေးခေါင်းဆောင်မှာ သခင်စွမ်(နောင် တောတွင်း ကွန်မြူနစ်) ဖြစ်လေသည်။ တိုင်း ၄ သည် ပြည်သူ့လွတ်လပ်ရေးတပ်မတော်မှ ရေးဆွဲထားသော စစ်ပရိယာယ် ၅ ချက်ကို အထူးကရုစိုက်ကျင့်သုံးခဲ့သည်။ ၎င်းစစ်ရေးပရိယာယ် ၅ ချက်မှာ ၁။ ပြည်သူလူထုအား တော်လှန်ရေး ကြီးထွား ရဲဝံ့တက်ကြွစွာပါဝင်ရန် စည်းရုံးရေး ၂။ ဂျပန်နှင့် ၎င်း၏ ရိက္ခာအဖွဲ့များ အဆက်ဖြတ်ရေး၊ ကူညီသူ ရိက္ခာကန်ထရိုက်များ၊ အဝယ်တော်နှင့် သူကြီးများနှင့် ဂျပန်စစ်တပ်တို့ အဆက်ဖြတ်စေရေး ၃။ ပြည်သူလူထုထံမှ ရိက္ခာပစ္စည်းများကို ဂျပန်စစ်တပ်သို့ မည်သည့်နည်းနှင့်မျှ မရောက်စေရန် တားဆီးရေး ၄။ ရန်သူ ဖက်ဆစ်များ၏ ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သော တယ်လီဖုန်း၊ ကြေးနန်း၊ မီးရထားလမ်း၊ မော်တော်ကားလမ်းနှင့် မော်တော်ကားများကို အဆက်အသွယ် ပြတ်သွားစေရန် ဖျက်ဆီးရေး ၅။ ဖက်ဆစ်ရန်သူ၏ စစ်ဆင်ရေး ပျက်ပြားစေရန် ရန်သူ၏ ဌာနချုပ်များသို့ အခါကာလတော်ပြီး တိုက်ခိုက်ဖျက်ဆီးရေး စသည် များ ဖြစ်၏။

တိုင်း ၄ အတွင်းတွင် ပါရှိသော တပ်ဖွဲ့များကို တပ်ရင်းတစ်ခုလျှင် တပ်သား ၅၀၀ မှ ၁၀၀၀ အထိရှိသော တပ်ရင်း ၉ ခု ဖွဲ့လိုက်၏။ ၎င်းတို့ အထဲတွင် တပ်မတော်မှ စည်းရုံးထားသော ဌာနပြောက်ကျားတပ်များ မပါဝင်သေးပေ။ တိုင်း ၄ အတွင်းရှိ တပ်များမှ ၁။ တပ်ရင်းအမှတ် ၁၀၁ ကို ညောင်လေးပင် နိတ်ဦးနှင့် ရွှေကျင်နယ်တွင်လည်းကောင်း ၂။ တပ်ရင်းအမှတ် ၁၀၂ ကို ပဲခူးချောင်းဖျားနယ် သနပ်ပင်၊ ဝေါနှင့် စစ်တောင်းနယ်များတွင် လည်းကောင်း ၃။ တပ်ရင်းအမှတ် ၁၀၃ ကို ကဝမြို့နယ်နှင့် ဟံသာဝတီအရှေ့နယ် တွင်လည်းကောင်း ၄။ တပ်ရင်းအမှတ် ၁၀၄ ကို သထုံတွင်လည်းကောင်း ၅။ တပ်ရင်း အမှတ် ၁၀၅ ကို စစ်တောင်းမြစ် အရှေ့ဘက်ကမ်းတွင်လည်းကောင်း ၆။ တပ်ရင်းအမှတ် ၁၀၆ ကို ပဲခူးမြို့ ဝင်းကြီးရှိ ပဲခူးအနောက် တောထဲတွင်လည်း ကောင်း ၇။ တပ်ရင်းအမှတ် ၁၀၇ နှင့် ၁၀၉ ကို မော်လမြိုင်နှင့် တနင်္သာရီခရိုင် များသို့လည်းကောင်း ၈။ တပ်ရင်းအမှတ် ၁၀၈ ကို ဘီးလင်းနှင့် [illegible] လမ်းများမှ ဖြတ်၍ တိုက်ခိုက်ရန်လည်းကောင်း အသီးသီး တပ်ဖြန့်ချ ထားခဲ့လေသည်။

ဤတပ်များကို တော်လှန်ရေးမစမီ မိမိတို့သက်ဆိုင်ရာ ဒေသများသို့ အရောက်ဖြန့်ထားရသည်မှာ လွယ်ကူသည် မဟုတ်၊ ဂျပန်တပ်များ၏ အဆီး အစောင့်အပေါက်အမျိုးမျိုးကြားမှ ပရိယာယ်အမျိုးမျိုးဖြင့် ခက်ခဲစွာ ခိုကပ် တပ်ဖြန့်ထားရခြင်း ဖြစ်လေသည်။



တော်လှန်ရေးအင်အားစုကြီး၏ လှုပ်ရှားမှုကို ဂျပန်တို့သည် အနည်း အကျဉ်း ရိပ်မိသိရှိကြဟန်တူသည်။ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၄ ရက်၊ ၂၅ ရက် များက စ၍ ဂျပန်တပ်များသည် ပဲခူးမြို့ပေါ်ရှိ ဗမာ့တပ်မတော်သားအချို့ထံမှ လက်နက်များ သိမ်းယူရန် ပြင်ဆင်လှုပ်ရှားနေခဲ့ကြသည်။ မတ်လ ၂၆ ရက်နေ့ မှ စ၍ ပဲခူးတစ်မြို့လုံးတွင် ဂျပန်တပ်သားများကို လက်နက်အပြည့်အစုံဖြင့် ချထားခဲ့၏။ တပ်မတော်မှ တပ်မှူးများမှာ မတ်လ ၂၇ ရက်နေ့က စ၍ စိမ်းရေ ကြိုးစားလျက် အခြေအနေဆိုးဝါးလာလျှင် ရင်ဆိုင်ရန် အသင့်ပြင်ထား ကြ၏။ တစ်ဖက်မှလည်း ဂျပန်တွေ သက်သေကောင်းဖြစ်မည့် တော်မှ ကင်းဆေးစေ ၍ တပ်မတော်ဝင်းထဲတွင် ပွဲများ၊ အငြိမ့်များကို ဆိုင်းသံတြိမ့်မြိမ့်ဖြင့် ကပြစေ ရသည်။ မတ်လ ၂၈ ရက်နေ့၌ ဂျပန်များနှင့် ဗမာ့တပ်မတော်သားများ ထမင်းစားပွဲကြီး ကျင်းပရန်ပင် ဖိတ်စာများ ပို့ထားရသေးသည်။

မတ်လ ၂၇ ရက်နေ့ ညနေ ၆ နာရီတွင် ဗမာ့တပ်မတော်သားများကို သင့်တန်းစီစေ၍ ဂျပန်တပ်မတော်ကို စတင်၍ စစ်ကြေညာလိုက်ကြောင်း ကြေညာချက်ကို တပ်မှူးများက ဖတ်ပြလျက် တော်လှန်ရေးတွင် မလိုက်သူများ နေရစ်ခဲ့ရန် ခွင့်ပြုကြောင်း ပြောကြားကြ၏။ ရဲဘော်များသည် ရဲဝံ့စွာပင် တိုက်ပွဲ ဝင်မည့်အကြောင်း ပြောကြားကြ၏။ ရဲဘော်များသည် ရဲဝံ့စွာပင် တိုက်ပွဲဝင်မည့် အကြောင်း ကတိပေးကြလေသည်။ 'ငါတို့သည် အမိနိုင်ငံ၏ လွတ်လပ်ရေး အတွက် မသေမချင်း တိုက်ခိုက်ပါမည်' ဆိုသည့် ကတိသစ္စာပြုချက်ကို ရွတ်ဆို ပြီးလျှင် အမျိုးသားသီချင်းကို တညီတညာဆိုကြသည်။ ထို့နောက် တန်းဖြုတ် ၍ ကိုယ်ယောင်ဖျောက်လျှင် တာဝန်ကျရာ ဒေသအသီးသီးသို့ လျှို့ဝှက်စွာဖြင့် ထွက်သွားကြလေသည်။

ထိုနေ့ညနေမှ စ၍ ပြည်သူ့လွတ်လပ်ရေးတပ်မတော် (ပြည်သူ့တပ်မတော်) ဟု အမည်ပြောင်းထားသော ဗမာ့တပ်မတော်မှ ရဲဘော်များသည် ဖက်ဆစ်ဂျပန် များနှင့် ပဲခူးတိုင်းအတွင်း၌ နေရာအနှံ့ တိုက်ခိုက်ကြတော့သည်။ တိုက်ပွဲစာရင်း ကို ကြည့်လျှင် ထိုနေ့မှ စ၍ ၂၄ နာရီအတွင်း ၁၀ မိနစ်ပတ်လည် [illegible] အနည်းဆုံး တိုက်ပွဲတစ်ပွဲ ဖြစ်ပွားခဲ့လေသည်။

၁။ တပ်ရင်းအမှတ် ၁၀၁(က)သည် မတ်လ ၂၇ ရက်နေ့ညတွင် [illegible]ဦးမြို့ ဂျပန်တပ်ဖွဲ့ကို ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့သည်၊ ၂။ တပ်ရင်း အမှတ် ၁၀၂(င)တပ်ဖွဲ့သည် ကောင်တော်သိမ်ရွာနှင့် ပရွက်ရွာကို ဝင်ရောက်စီးနင်း ခဲ့သည်။ ထိုတိုက်ပွဲတွင် ဂျပန်တပ်သား ၈ ဦး ကျဆုံး၍ ၂ ဦး ဒဏ်ရာရသည်။ ၃။ တပ်ရင်းအမှတ် ၁၀၀ နှင့် ၁၀၈(က) တပ်သည် ဝေါ၊ မြစ်ကျိုးနှင့် ဆုတ်ကိုင်ရွာများကို ဝင်ရောက်စီးနင်းတိုက်ခိုက်ရာ ဂျပန်အများအပြား ထိခိုက်ပြီး ဆုတ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သည်။ ၄။ အမှတ် ၁၀၈(ဂ)တပ်သည် ရွှေကျင်မြို့ ဂျပန်တပ်ကို ဝင်စီး၍ ဂျပန်များကို မြို့အတွင်းမှ တိုက်ထုတ်နိုင်ခဲ့သည်။

၅။ အမှတ် ၁၀၃ တပ်ရင်းသည် မတ်လ ၂၇ ရက်နေ့ ညဥ့်မှာပင် အုန်းနဲ့နှင့် ကဝကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့၏။ ထို့ပြင် ဒါးပိန်မြို့ရှိ ဂျပန် တယ်လီဖုန်းရုံကို ဝင်ရောက်စီးနင်း မီးရှို့ဖျက်ဆီးခဲ့လေသည်။

အခြားတပ်ရင်းများလည်း တပ်စုတပ်စိတ်များ ခွဲလျက်ပင် မတ်လ ၂၇ ရက်နေ့ညမှ စ၍ တာဝန်ကျရာ ဒေသအသီးသီးရှိ ဂျပန်တပ်များကို ဝင်စီးကြ၏။ သထုံနယ် ကျိုက်ထို၊ ပေါင်မြို့များကို တော်လှန်ရေးတပ်များက ထိုနေ့ညမှာပင် ဝင်စီးခဲ့သည်။ ကျိုက်ထိုတွင် တော်လှန်ရေးတပ်ရင်း ၁၀၄(ခ)သည် မီးရထားလမ်းကို ချိုးထားပြီး ရန်သူအပြည့်ပါသော မီးရထားတစ်စင်းကို တောင်ပေါ်မှ စီး၍ တိုက်ခိုက်ရာ ဂျပန်များ တပ်လုံးပြုတ်လုနီး ကျဆုံးခဲ့သည်။ ပဲခူး၊ ပဲနွယ်ကုန်း၊ စစ်တောင်း၊ မုတ္တမမြို့အကြား မီးရထားလမ်းကို ဖျက်ခြင်း၊ ကားလမ်းများကို ဖောက်ခွဲခြင်း၊ တယ်လီဖုန်းကြိုးများ ဖြတ်ခြင်း၊ ချုံခိုတိုက်ပွဲများ ဆင်နွှဲခြင်းဖြင့် ဂျပန်အများအပြား ကျဆုံးစေခဲ့သည်။

တော်လှန်ရေးအစတွင် ဂျပန်တပ်များကို အငိုက်ဝင်စီးခြင်းဖြင့် ပြည်သူ့တပ်မတော်သားများက အောင်မြင်မှုရခဲ့သော်လည်း ဧပြီလ အလယ်တွင်ကား တိုက်ပွဲများတွင် အခက်အခဲများနှင့် ရင်ဆိုင်လာရသည့် အခြေအနေသို့ ရောက်လာ၏။ ဂျပန်တပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာရေး၌ ပဲခူး စစ်တောင်းဒေသမှာ စစ်လမ်းဖြစ်နေသည်။ ထို့ကြောင့် တိုက်ပွဲများတွင် ပြည်သူ့တပ်မတော်သားတို့သည် ဂျပန်တပ်အလုံးအရင်းနှင့်ချည်း ရင်ဆိုင်လာရသည်။ ပဲခူး၊ မော်လမြိုင်၊ မန္တလေး မီးရထားလမ်းများကို အသုံးပြုခြင်းမရှိစေရန်၊ စောင့်ကြပ်ဖျက်ဆီးရန် အမိန့်ရောက်လာသဖြင့် တပ်မတော်သားတို့သည် အဆိုပါ မီးရထားလမ်းများကို အပြီးတိုင် ဖျက်ဆီးခဲ့ကြလေသည်။ ထို့ကြောင့် မဟာမိတ်တို့ စစ်ကို မခံနိုင်၍ ဆုတ်ခွာလာကြသော ဂျပန်တို့မှာ ပဲခူးတိုင်း၌ ပရမ်းပတာဖြစ်ကုန်လေသည်။

ဂျပန်တို့သည် မီးရထားလမ်းက မဆုတ်နိုင်ကြတော့သဖြင့် စစ်တောင်းမြစ်ကို ရောက်သည့် နေရာမှ ဖြတ်ကူးလျက် ဆုတ်ခွာရန် စီစဉ်ကြတော့သည်။ ထိုအခါ ဂျပန်တို့ ဆုတ်ခွာမည့် လမ်းမှာ ၁။ ပဲခူး-မုတ္တမလမ်း ၂။ ဖာပွန်-ဘီးလင်းတစ်လမ်း ၃။ စစ်တောင်းမြစ်ရိုးတစ်လျှောက်တစ်လမ်း စုစုပေါင်း ၃ လမ်း ဖြစ်လာ၏။ ဂျပန်ဆုတ်နိုင်မည့် လမ်း ၃ လမ်းကို တော်လှန်ရေးတပ်သားများက ကြိုတင်သိထားကြသဖြင့် သထုံနယ်မှ တော်လှန်ရေးတပ်များကို ၎င်းလမ်း ၃ လမ်းတွင် ချထားလိုက်လေတော့သည်။

ဤတွင် ဂျပန်တပ်များနှင့် တော်လှန်ရေး အင်အားစုတို့ ရင်ဆိုင်တိုက်ပွဲ



ား နေရာအနှံ့ဖြစ်တော့သည်။ ဂျပန်တပ်သားများမှာ တော်လှန်ရေး တပ်သား ၏ ပြောက်ကျားနည်းတိုက်ခိုက်ခြင်းကို မရှုမလှခံရ၏။ စားရေးရိက္ခာ ပြတ်လပ် ျက် ပရမ်းပတာ ဆုတ်ခွာလာကြသော ဂျပန်တပ်သားများမှ အလစ်တွင် င်ရောက်တိုက်ခိုက်သော တိုင်း ၄ မှ တော်လှန်ရေးတပ်သားများ၏ ပြောက်ကျား ်ကို စနစ်တကျ မခုခံနိုင်ကြတော့ပေ။ ပဲခူးနှင့် စစ်တောင်းနယ်မှာ မြန်မာနိုင်ငံ ် ထွက်ပေါက်ဖြစ်သော နယ်စပ်သို့ သွားရာလမ်းဖြစ်သည်။ ပဲခူးနှင့် စစ်တောင်း ယ်သည် ပုလင်းလည်ပင်းနှင့် တူပေသည်။ မြန်မာနိုင်ငံမှ ဆုတ်မည်ဆိုလျှင် ိုဒေသကို ကွင်းသွား၍ မရပေ။ ထို့ကြောင့် ဂျပန်တပ်များ၏ အပြန်လမ်းမှ င့်၍ တော်လှန်ရေးတပ်သားတို့က တိုက်ခိုက်ခြင်းဖြင့် ဂျပန်များစွာ ကျဆုံးခဲ့ ဲရတော့သည်။

ဘီးလင်း-ဖာပွန်လမ်းအနီးတွင် ဖက်ဆစ်ဂျပန်များနှင့် တော်လှန်ရေး ပ်သားများ တိုက်ပွဲဖြစ်ပွားခဲ့ရာ၌ ဂျပန်တို့ အထူးအထိနာခဲ့သည်။ ဂျပန်တပ် ား ၁၅၀ တို့သည် မြင်း ၆ ကောင်၊ လှည်း ၃ စင်းဖြင့် ရွှေတန်းမှ ဆုတ်ခွာ ခဲ့သည်။ ဂျပန်တပ်တွင် စက်သေနတ်ကြီးများ ပါလာသည်။ လမ်းဘေးဝဲယာ တောင်တန်းများမှ အသင့်စောင့်နေကြသော တော်လှန်ရေးတပ်သားများသည် ကွင်းသို့ ဂျပန်များ ဝင်လာကြသည်နှင့်တစ်ပြိုင်နက် လက်ပစ်ဗုံး၊ ရိုင်ဖယ်၊ င်းဂန်း၊ တော်မီဂန်း စသည့် လက်နက်မျိုးစုံတို့ဖြင့် စုပြုံပစ်ထည့်ကြလေသည်။ တိုက်ပွဲတွင် အလွန်ကံကောင်းသော ဂျပန် ၁၀ ဦးခန့်သာ လွတ်မြောက် ်ပြေးသွားနိုင်၍ ဂျပန်တပ်သား ၁၁၆ ယောက် ကျဆုံးခဲ့လေသည်။

တော်လှန်ရေးအင်အားစုများ စောင့်ဆိုင်းနေသော လမ်း ၃ လမ်းမှ ်ခွာလာကြသော ဂျပန်တပ်များကို ရင်ဆိုင်တိုက်ခိုက်ခြင်းဖြင့် ရက်သတ္တ တ်အတွင်း၌ တိုက်ပွဲပေါင်းများစွာ ဖြစ်ပွားပြီး ဂျပန်တပ်သား ၈၀၈ ဦး ဆုံးခဲ့ကြသည်။ ဂျပန် ၂၇၁ ယောက် ဒဏ်ရာရခဲ့၍ ၎င်းတို့အထဲတွင် ဂျပန် င်၏ သူရဲကောင်းတံဆိပ်ဘွဲ့ရသော ဂျပန်စစ်ဗိုလ်မှူးကြီးတစ်ယောက် ပါဝင် သည်။

မြန်မာတော်လှန်ရေး အင်အားစုနှင့် မဟာမိတ်တပ်များ ရန်ကုန်မြို့ သိမ်းပြီးလျှင် ယင်းတပ်များသည် မော်လမြိုင်သို့ ချီတက်လာကြမည်အထင် ဂျပန်တပ်မတော် အမှတ် ၁၈ ဒီဗီဇံ တပ်မနှင့် အမှတ် ၅၃ ဒီဗီဇံ တပ်မ များသည် မော်လမြိုင်သို့ စု၍ ခုခံရန် ပြင်ကြ၏။ သို့သော် မဟာမိတ်တပ် ရက်တရက် ဆက်၍ ချီမလာသဖြင့်လည်းကောင်း၊ ပဲခူးရိုးမတွင် ကျန်နေ ဂျပန်တပ်သား နှစ်သောင်းခန့် ဆုတ်ခွာရေး လွယ်ကူစေရန်လည်းကောင်း က်ဖော်ပြပါ ဂျပန်တပ်မကြီးများသည် စစ်တောင်းမြစ်ဝှမ်းတစ်ဝိုက်၌

www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးအင်အားစုများကို တိုက်ခိုက်ရန် ပြန်၍ တပ်ဦးလှည့်ချီလာကြလေသည်။

ထိုအချိန်က တပ်များဖြန့်ထားရပေရာ စစ်တောင်းမြစ်ဝှမ်း၌ တော်လှန်ရေးတပ်သား ၅၀၀ ခန့်သာ ရှိ၍ ဂျပန်တပ်သား တစ်သောင်းခန့်တို့နှင့် ရင်ဆိုင်ရမည်ကဲ့သို့ ဖြစ်နေ၏။ တော်လှန်ရေးအင်အားစုများမှာ မော်လမြိုင်မှ ချီတက်လာသော ဂျပန်တပ်များ ဝိုင်းဝန်းခြင်းကို စစ်တောင်းမြစ်ဝှမ်း၌ ခံနေရစဉ် စစ်ဌာနချုပ်၊ စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းက တော်လှန်ရေးအင်အားစုများ ဂျပန်တို့ကို ဖောက်ထွက်ရန် အမိန့်ပေးခဲ့သည်။ အမိန့်အရ ဖောက်ထွက်ခဲ့ကြရာ တော်လှန်ရေးရဲဘော် ၂၀၀ ခန့်မှာ အောင်မြင်စွာ ထွက်ခွာမလာနိုင်ဘဲ ရှိကြသည်။ ၎င်းတို့အထဲမှ အချို့မှာ အရပ်သားအသွင် ရုပ်ဖျက်နေကြပြီး အချို့မှာ ဂျပန်များ အဖမ်းခံရ၍ ရက်စက်စွာ သတ်ဖြတ်ခြင်းခံကြရရှာသည်။

**တပ် ၅ တပ် ခွဲရခြင်း။** ။ မဟာမိတ်တပ်များ ရန်ကုန်မြို့ကို သိမ်းပြီးသည့်အချိန်တွင် တော်လှန်ရေးအင်အားစုများအတွက် ရင်ဆိုင်ရန် ဂျပန်တပ်အင်အားစုကြီး ၂ ရပ် ရှိနေသည်။ ၎င်းတို့မှာ ပဲခူး၊ မန္တလေး၊ မီးရထားလမ်း၏ အနောက်ရှိ ပဲခူးရိုးမစစ်မျက်နှာနှင့် စစ်တောင်းမြစ်ကမ်း စစ်မျက်နှာတို့ ဖြစ်ကြသည်။ ထိုစစ်မျက်နှာ ၂ ခုကို ရင်ဆိုင်ရန် တော်လှန်ရေး တိုင်းအသီးသီးတို့ အသင့်ပြင်ကြရသည်။

တိုင်း ၄ သည် မိမိတွင် လက်ကျန်ရှိသော တပ်များကို ၅ တပ် ခွဲရသည်။ တပ်တစ်တပ်ကို ပဲခူးရိုးမရှိ ဂျပန်များကို ရင်ဆိုင်ရန်လည်းကောင်း၊ ကျန် ၄ တပ်ကိုကား ပဲခူးရိုးမမှ နေ၍ စစ်တောင်းမြစ်ကို ဖြတ်ပြေးသည့် ရန်သူများကို ပြောက်ကျားစစ်ဆင်နွှဲရန်နှင့် စစ်တောင်းမြစ်ကမ်း အနောက်ဘက်ကို နယ်ကျော်၍ ထိုးဖောက်လာသော တပ်များကို ရင်ဆိုင်ရန်လည်းကောင်း ဖြစ်လေသည်။

တိုင်း ၄ တော်လှန်ရေးတပ်သားများသည် ပဲခူးအနောက် စစ်မျက်နှာတွင် လှည်းကူးကို ဖြတ်ဆင်းသော ငမိုးရိပ်ချောင်းနှင့် ပဲခူးကို ဖြတ်ဆင်းခဲ့သော ပဲခူးချောင်းဖျားအကြား၌ ရှိသော ဂျပန်တပ်များကို ၁၉၄၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ ဇူလိုင်လ ၂၈ ရက်နေ့အထိ ငမိုးရိပ်ချောင်းကမ်းမှ နေလျက် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ရှင်းလင်းခဲ့ရ၏။ ဇူလိုင်လ ၂၈ ရက်နေ့တွင် ရန်သူတပ်များကို လုံး၀ ရှင်းလင်းပြီးခဲ့သည်။

စစ်တောင်းစစ်မျက်နှာတွင် ဂျပန်တို့သည် စစ်ကြောင်းသုံးကြောင်းဖြင့် တိုက်လိုကြလေသည်။ ပထမစစ်ကြောင်းမှာ မြစ်ကျိုးစစ်ကြောင်း၊ ဒုတိယမှာ ညောင်ခါးရှည်စစ်ကြောင်း၊ တတိယမှာ ကုလားချောင်းကြီးမှ ကွင်းယားရှည်



တံခွန်တိုင်၊ ဝဲပြန်ရွာတစ်ဝိုက် စစ်ကြောင်းများ ဖြစ်လေသည်။ ဂျပန်တို့၏ ရည်ရွယ်ချက်မှာ မဟာမိတ်တပ်များ စစ်တောင်းမြစ်ကို ဖြတ်၍ သထုံနယ်ထဲ ဝင်ရောက်မလာနိုင်ရန်အတွက် အသေအလဲခံရန် ဖြစ်လေသည်။

မြစ်ကျိုးစစ်ကြောင်းမှ ဂျပန်တို့၏ တွက်ကိန်းမှာ ဤသို့ဖြစ်သည်။ မြစ်ကျိုးသည် ပဲခူး၊ မန္တလေး၊ မော်တော်ကားလမ်းမှ မြစ်ကျိုးအထိ ဖောက်လုပ်ထားသော ရေကာတာကြီး၏ ဆုံရာနေရာဖြစ်သည်။ ရေကာတာအတိုင်း မဟာမိတ် မော်တော်ကားများ ချီတက်လာနိုင်သည်။ ပဲခူး၊ စစ်တောင်း တူးမြောင်းဆုံရာ ဒေသလည်း ဖြစ်ပြီး ဒိုက်ဦးကို ဖြတ်၍ စီးလာသော ခမွန်ချောင်းဆုံရာဒေသလည်း ဖြစ်သည်။ ထိုလမ်းသုံးလမ်းမှ လာမည့် မဟာမိတ် ယန္တရားတပ်များသည် စစ်တောင်းမြစ်ကို ဖြတ်လျက် ခရွဲရွာကို ကူးလာနိုင်သည်ဆိုပြီး လမ်းသုံးလမ်းဆုံရာ မြစ်ကျိုးဒေသကို ဂျပန်တို့ အခိုင်အမာပြုခဲ့လေသည်။

ဒုတိယစစ်ကြောင်းမှာ ပဲခူး-မော်လမြိုင်သို့ စစ်တောင်းမြစ်ကို ဖြတ်သွားသည့် လမ်းဖြစ်သည်။ စစ်တောင်းတံတားကျိုးနေသော်လည်း မဟာမိတ်ယန္တရားများ စစ်တောင်းမြစ်ကို နည်းအမျိုးမျိုးဖြင့် ဖြတ်ကူးလာနိုင်သည်ကို ..ရိမ်ပြီး စစ်တောင်းမြစ် အနောက်ဘက်ရှိ ညောင်ခါးရှည်မြို့ကို ဂျပန်တို့ အရ ..မ်းပိုက်၍ ခံကြရလေသည်။

တတိယစစ်ကြောင်းဖြစ်သော ကုလားချောင်းကြီးမှ ဝဲပြန်ရွာအထိ ဒေသ.. ဂျပန်တပ်များ ပိတ်ဆို့ခံထားခြင်းဖြစ်သည်။ ထို့ပြင် ဤစစ်ကြောင်းကြီး ..ကြောင်း၏ အဓိကအားအထားဆုံး အကြံအစည်တစ်ခုမှာ စစ်တောင်းမြစ်ကမ်း ..စ်ဝိုက်ရှိ ရွာကြီးများမှ ရိက္ခာများ ကောင်းစွာ ရရှိစေရန် ဖြစ်လေသည်။

၎င်းစစ်ကြောင်းကြီး သုံးကြောင်းအနက် စစ်ကြောင်းတစ်ခုစီတွင် ဂျပန် ..ပ်သား အနည်းဆုံး ၁၅၀၀ မှ အထက် ရှိနေလေသည်။ မြန်မာ့တော်လှန်ရေး ..င်အားစုမှာ လူအင်အား ၄၀၀ မျှသာ ပါ၍ ရန်သူကို အင်အားမျှ၍ တိုက်ကြ ..သည်။ ဂျပန်တို့သည် ၄ ရက်တစ်ခါ၊ ၅ ရက်တစ်ခါ တပ်သားများ လဲလှယ် ..ပြီး ခုခံသည်။ စစ်ကြောင်းသုံးခုစလုံး၏ စစ်မျက်နှာများမှာ ရေများဖုံးလွှမ်း ..က် ရှိနေ၏။ ရွာတွေမှာ ရေတွေ ဝိုင်းနေ၏။ ဂျပန်များရယူထားသော ရွာတစ်ရွာ.. မြန်မာ့တော်လှန်ရေးတပ်သားများ ဝင်ရောက်တိုက်ခိုက်တော့မည်ဆိုလျှင် ..န်တို့သည် ကုန်းမြင့်ဒေသကို ရွေးပြီး ခံကတုတ်လုပ်၍ တိုက်ကြသည်။ ..ခါ ရေထဲမှ ဖြတ်၍ တက်သွားသော တော်လှန်ရေးတပ်သားများနှင့် ရင်ဆိုင် ..ရလေသည်။ ၎င်းစစ်မျက်နှာတွင် ဂျပန်တပ်များက ဆုတ်လိုက်၊ မြန်မာ.. ..သားများက ဆုတ်လိုက်နှင့် အပြန်အလှန်တိုက်နေကြရာ နောက်ဆုံး ဂျပန် ..ရှုံးနက်ချသည့် နေ့အထိ ဖြစ်တော့သည်။

ဒုတိယစစ်ကြောင်းဖြစ်သော ညောင်ခါးရှည်တွင် တော်လှန်ရေးတပ်သား

www.burmeseclassic.com

www.burmeseclassic.com



များသည် လက်ဝဲတောင်ပံမှလည်းကောင်း၊ မဟာမိတ်တပ်များသည် လက်ယာတောင်ပံမှလည်းကောင်း တိုက်ခိုက်ကြရာ တော်လှန်ရေးတပ်များသည် ဂျပန်တပ်များကို နောက်သို့တွန်းဖိ တိုက်ထုတ်နိုင်ခဲ့ကြ၏။

တတိယစစ်မျက်နှာတွင် ဂျပန်တို့ကို ရင်ဆိုင်ရသော တော်လှန်ရေးတပ်မတော် တပ်ရင်း ၁၀၂ နှင့် ၁၀၃ တို့သည် ရက် ၂၀ အတွင်း တရကြမ်းဖိတိုက်သဖြင့် ဂျပန်တို့သည် ပင်လယ်ကမ်းဘက်သို့ ဆုတ်၍ တံခွန်တိုင်ရွာနှင့် ဝဲပြန်ရွာများမှ နေ၍ ခုခံပြန်သည်။ တော်လှန်ရေးတပ်သားများသည် ဂျပန်များကို ၂ ဖာလုံခွာအထိ တရကြမ်း ဝင်တိုက်ခဲ့ကြလေသည်။

ဤသို့ဖြင့် တော်လှန်ရေးတပ်သားများနှင့် ဂျပန်တပ်များ၏ ရင်ဆိုင်တိုက်ပွဲ၊ ပြောက်ကျားတိုက်ပွဲ၊ ချုံခိုတိုက်ပွဲ စသည့် တိုက်ပွဲစာရင်းကို ချုပ်လိုက်လျှင် ဂျပန် ၂၇၇၄ ယောက် ကျဆုံး၍ ၁၁၈၄ ယောက် ဒဏ်ရာရရှိကြသည်။ ၂၅ ယောက်ကို အရှင်ဖမ်းမိ၍ ရန်သူ၏ ခဲယမ်းမီးကျောက်များစွာ လက်ရသိမ်းမိကြ၏။ ပြည်သူ့လွတ်လပ်ရေးတပ်မတော်ဘက်မှ တော်လှန်ရေးတပ်သား ၇၆ ယောက် ကျဆုံး၍ ၇၂ ယောက် ဒဏ်ရာရခဲ့သည်။

ဤကား ဖက်ဆစ်တော်လှန်ရေးကြီးတွင် အဓိကအကျဆုံး စစ်မျက်နှာကို ဝင်ရောက်တိုက်ခိုက်ကြရသော တော်လှန်ရေးတိုင်းအမှတ် ၄ မှ ပြည်သူ့လွတ်လပ်ရေးတပ်မတော်သားများ၏ သမိုင်းတင်ရမည့် အောင်ပွဲမှတ်တမ်းဖြစ်လေသည်။

## (ခ) တိုင်း ၆ မှ ဂျပန် ၄၀၃၅ ဦး၊ ကျဆုံးသော တိုက်ပွဲ ၃၅၇ ပွဲ

တော်လှန်ရေးတိုင်းကြီး ၇ တိုင်းအနက် အထက်ဖော်ပြပါတိုင်း ၄ ကဲ့သို့ပင် ဖက်ဆစ်ရန်သူများ အကျအဆုံးအများဆုံးရှိသော တိုက်ပွဲပေါင်း သုံးရာကျော် တိုက်ခိုက်ခဲ့ရသည့် တိုင်းမှာ တော်လှန်ရေးတိုင်း အမှတ် ၆ ဖြစ်ပေသည်။

ဤတိုင်းတွင် ဖက်ဆစ်ဂျပန်များနှင့် တော်လှန်ရေးအင်အားစုများ ၃၅၇ ကြိမ်တိတိ တိုက်ပွဲဆင်ခဲ့ရပြီးလျှင် ရန်သူဂျပန်များ စုစုပေါင်း ၄၀၃၅ ဦး ကျဆုံးစေခဲ့လေသည်။

တိုင်းအမှတ် ၆ ၌ မိတ္ထီလာ၊ ရမည်းသင်း၊ ပျဉ်းမနား၊ တောင်ငူနှင့် တောင်ပိုင်းရှမ်းပြည်နယ်များ ပါဝင်သတ်မှတ်ထားသည်။ တိုင်းအမှတ် ၆ ၏ စစ်ရေးခေါင်းဆောင်မှာ ဗိုလ်ရဲထွဋ်(နောင် လမ်းစဉ်ပါတီဌာနချုပ်)ဖြစ်၍ တိုင်းနိုင်ငံရေးခေါင်းဆောင်အဖြစ်ဖြင့် သခင်ကျော်ငြိမ်း(နောင် ဖဆပလ ဝန်ကြီးဟောင်း)ကို တာဝန်ပေးထားသည်။ တောင်ငူနယ်အတွက် နိုင်ငံရေးတာဝန်ခံမှာ သခင်သန်းဖေ (တောတွင်း၌ကွယ်လွန်သော ကွန်မြူနစ်ပါတီခေါင်းဆောင်)ဖြစ်၍ ပျဉ်းမနားနယ်



အတွက် သခင်တင်ထွန်းက တာဝန်ယူရသည်။ ယင်းနိုင်ငံရေးခေါင်းဆောင် သခင်ကျော်ငြိမ်းသည် နောက်ပိုင်း၌ ထပ်မံပြောင်းလဲသည့် အစီအစဉ်အရ ရန်ကုန် မြို့၌ တာဝန်ယူရသောကြောင့် တိုင်း ၆ သို့ မရောက်လာခဲ့တော့ပေ။

မူလက ၁၉၄၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ ည ၇ နာရီခွဲတွင် တော်လှန်ကြရန် ဗိုလ်ချုပ်အောင်ဆန်းထံမှ အမိန့်သည် တိုင်း ၆ မှ မတ်လ ၁ ရက်နေ့ ညတွင် ရသည်။ တိုင်း ၆ စစ်ရေးခေါင်းဆောင်သည် မတ်လ ၃ ရက်နေ့ ည ၆ နာရီတွင် ကား ၆ စီးဖြင့် တာဝန်ကျရဲဘော်များကို ခေါ်၍ ျဉ်းမနားသို့ ခရီးထွက်ခဲ့၏။ တိုင်း ၆ ခေါင်းဆောင်နှင့်အဖွဲ့သည် ဖြူးမြို့ သခင်ဗဟိန်းထံသို့ မှာလိုက်သော သတင်းများကို ဝင်၍ သတင်းပို့ပြီး တော်လှန်ရေးအစီအစဉ်များကို အချိန်မီလုပ်ဆောင်ရန် အမြန်ဆုံး ခရီးနှင်ခဲ့လေသည်။

တိုင်းအမှတ် (၆)ကို အောက်ပါအတိုင်း နယ်အသီးသီး ခွဲလိုက်သည်။

| | |
|---|---|
| ိုင်းအမှတ် (၆) စစ်ရေးခေါင်းဆောင် | ဗိုလ်ရဲထွဋ် |
| တိယစစ်ရေးခေါင်းဆောင် | ဗိုလ်တောက်ထိန် |
| းအုပ် | ဗိုလ်ထွန်းလင်း |
| င်ငံရေးတာဝန်ခံ | သခင်တင်ထွန်း |

(သခင်ကျော်ငြိမ်းကိုယ်စား တာဝန်ယူသူ)

ိုင်းအမှတ် ၆၊ နယ်အမှတ် ၁၊ မိတ္ထီလာနယ်တပ်မှူး တပ်ရင်း ၅ မှ ဗိုလ်မှူးသောင်းကြည်။

ိုင်းအမှတ် ၆၊ နယ်အမှတ် ၂၊ ပျော်ဘွယ်၊ ရမည်းသင်းနယ် ပြောက်ကျားတပ်မှူး ဗိုလ်ဝေလင်း။

ိုင်းအမှတ် ၆၊ နယ်အမှတ် ၃၊ တပ်ကုန်းနယ် စက်အမြောက်တပ်ခွဲမှူး ဗိုလ်ထွန်းရှိန်။

ိုင်းအမှတ် ၆၊ နယ်အမှတ် ၄၊ ပျဉ်းမနားမြောက်ပိုင်း သယ်ယူပို့ဆောင်ရေးတပ်မှူး ဗိုလ်လှကြည်။

ိုင်းအမှတ် ၆၊ နယ်အမှတ် ၅၊ ပျဉ်းမနားအရှေ့ပိုင်း လေ့ကျင့်ရေးတပ်ရင်း ၃၊ ဗိုလ်သိုက်ပွား။

ိုင်းအမှတ် ၆၊ နယ်အမှတ် ၆၊ ပျဉ်းမနားအနောက်ပိုင်း လေ့ကျင့်ရေးတပ်ရင်း ဗိုလ်စိုးလှိုင်။

ိုင်းအမှတ် ၆၊ နယ်အမှတ် ၇၊ တောင်ငူမြောက်ပိုင်း တပ်ရင်း ၅၊ တပ်ခွဲ ၃၊ ဗိုလ်ညိုလေး။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းအမှတ် ၆၊ နယ်အမှတ် ၈၊ တောင်ငူတောင်ပိုင်း လေ့ကျင့်ရေးတပ် ဒုဗိုလ်မှူး သီဟ။

တိုင်းအမှတ် ၆၊ နယ်အမှတ် ၉၊ တောင်ပိုင်းရှမ်းပြည်နယ် စစ်ဌာနချုပ် ဒုဗိုလ် ဘရီ။

တိုင်းစစ်ဌာနချုပ်သည် နယ်အမှတ် ၄ နှင့်အတူ တွဲဖက်၍ တိုက်ခိုက်လေသည်။ နယ်အလိုက် နိုင်ငံရေးတာဝန်ခံများကိုလည်း တွဲဖက်၍ ထားရလေသည်။ တိုင်းအမှတ် ၆ ၏ တော်လှန်ရေးလှုပ်ရှားမှုများကို ၃ ပိုင်း ပိုင်းရမည် ဖြစ်သည်။ ပထမပိုင်းမှာ မြန်မာတစ်ပြည်လုံးတော်လှန်ရေးမစမီကာလနှင့် ဒုတိယပိုင်းမှာ မြန်မာတစ်ပြည်လုံး တော်လှန်ရေးကြီးဆင်နွှဲသည့် ကာလနှင့် တတိယပိုင်းမှာ မဟာမိတ်တပ်များနှင့် ပူးတွဲစစ်ဆင်နွှဲသည့် ကာလများ ဖြစ်လေသည်။

မူလက မတ်လ ၂၅ ရက်နေ့တွင် တော်လှန်ကြရန် အစီအစဉ်ကို နောက်ပိုင်း၌ မတ်လ ၂၇ ရက်နေ့သို့ ပြောင်းရွှေကြောင်း အမိန့်ရောက်လာခဲ့သည်။

## ပထမပိုင်း

**ဗိုလ်မှူးသောင်းကြည်တပ်ရင်းမှ တော်လှန်ခြင်း။** ။ မူလက တပ်ရင်းအမှတ် ၅ မိတ္ထီလာနယ်ရှိ ဗိုလ်သောင်းကြည်၏တပ်သည် မဟာမိတ်များကို ရင်ဆိုင်တိုက်ခိုက်ရန်အတွက် ဂျပန်စစ်ဌာနချုပ်မှ ၂၆.၂.၄၅ နေ့၌ အမိန့်ရလေသည်။ ထိုအချိန်၌ အထက်မြန်မာနိုင်ငံတွင် မဟာမိတ်ထိုးစစ်က မြားပစ်သလို ဝင်လာပြီးဖြစ်လေရာ တော်လှန်ရေးအင်အားစုများသည် ဂျပန်များကိုတော်လှန်ရန် သတ်မှတ်သည့်အချိန်ထက်စော၍ တော်လှန်ရမည့်အခြေအနေ ဖြစ်လာလေသည်။ ထို့ကြောင့် ဗိုလ်မှူးသောင်းကြည်၏တပ်မှ ဗိုလ်သန်းမောင် ဦးစီးသည့် တပ်ခွဲသည် တာဝန် တွဲ၍ကျနေသော ဂျပန်တပ်တစ်တပ်ကို လျှပ်တစ်ပြက် ဝင်တိုက်ရတော့သည်။ ထိုတပ်သည် အရပ်ဝတ်အရပ်စား ဝတ်ဆင်လျက် ရပ်ဖျောက်၍ ဂျပန်များကို ဆက်ပြီး တိုက်နေရတော့သည်။

၁၉၄၅ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင်ကား တပ်ရင်း ၂၊ တပ်ရင်းတစ်ခုလုံးမှာ ဂျပန်အကြံပေးအရာရှိ ဗိုလ်တိုဂိုနှင့် အကြပ်ဂျပန် ၂ ဦးကို သုတ်သင်လိုက်ပြီး တပ်များကို ဖျောက်၍ တောရွာများသို့ ဖြန့်ထားလိုက်ရလေသည်။ တပ်ရင်း ၅ သည် နီးရာ ဂျပန်တပ်များကို အခွင့်အရေးရသလို ဝင်ရောက်စီးနင်း တိုက်ခိုက်နေလေသည်။

ဗမာ့တပ်မတော်က တော်လှန်သည်ကို ဂျပန်များ သိသွားပါက ရန်ကုန်နှင့်အောက်မြန်မာပြည်တွင် ရှိသော ဗမာ့တပ်မတော်ကြီးအတွက် ဂျပန်နှင့် ရင်ဆိုင်ပြဿနာများဖြစ်လာမည်ကို ကြိုတင်သိသဖြင့် ယခုတော်လှန်နေသော တပ်ရင်း ၅ သည် ယူနီဖောင်းမဝတ်ဘဲနှင့် အရပ်သား တော်လှန်ရေးသမားများအသွင်ကို ခံယူဟန်ဆောင်ကြသည်။



တပ်ရင်း ၅ မှ ဗိုလ်ထွန်းအောင်ကျော်နှင့် ဒုဗိုလ်ခင်ရွှေတို့သည် ပျဉ်းမနား စစ်ရေးတာဝန်ခံထံမှ အစီအစဉ်များကို ဆောင်ယူ၍ မိတ္ထီလာသို့ သွားရောက်ပြီးလျှင် ၂၇.၃.၄၅ ရက်သို့ ရောက်သည့်အခါ တပ်မတော်ယူနီဖောင်းကို ပြောင်းပြောင်ဝတ်ဆင်ပြီး ဖက်ဆစ်ဂျပန်များကို ရင်ဆိုင်တိုက်ခိုက်လေတော့သည်။

## ဒုတိယပိုင်း

**ပွဲဦးထွက်တိုက်ပွဲများ။** ။ ၂၇.၃.၄၅ ည ၇ နာရီခွဲတွင် ခွဲထားသော နယ်အသီးသီးရှိ တပ်အသီးသီးတို့သည် ဂျပန်စစ်ဌာနခွဲများကို အသီးသီး ဝင်ရောက်စီးနင်းတိုက်ခိုက်ကြလေသည်။ ပထမဆုံးတိုက်သည့် ဂျပန်များနှင့် ရင်ဆိုင်တိုက်ပွဲများတွင် နယ်အမှတ် ၁ ဂျပန်တပ်သား ၄၇ ဦးကျဆုံးစေခဲ့သည်။ နယ်အမှတ် ၂မှ ဂျပန်တပ်သား ၃၅ ဦး၊ နယ်အမှတ် ၃ မှ ဂျပန်တပ်သား ၁၇ ဦး နယ်အမှတ် ၄ မှ ဂျပန်တပ်သား ၁၉ ဦး၊ နယ်အမှတ် ၅ မှ ဂျပန်တပ်သား ၇၅ ဦး၊ နယ်အမှတ် ၆ မှ ဂျပန်တပ်သား ၉၅ ဦး၊ နယ်အမှတ် ၇ မှ ဂျပန်တပ်သား ၁၈ ဦး၊ နယ်အမှတ် ၉ မှ ဂျပန်တပ်သား ၈ ဦးတို့ကို သုတ်သင်တိုက်ခိုက်နိုင်ခဲ့ကြသည်။ ဂျပန်တို့၏ မော်တော်ကား ၂၅ စီးကိုလည်း မီးရှို့ဖျက်ဆီးနိုင်ခဲ့ကြသည်။ ထို့ပြင် ဂျပန်ဖက်ဆစ်တော်လှန်ရေးစစ်ဌာနချုပ်မှ စစ်ကြေညာသော ကြေညာချက်များကိုလည်း တော်လှန်ရေးရဲဘော်များက ဖြန့်ဝေခဲ့ကြသည်။

တိုင်းအမှတ် ၆ တစ်ခုလုံး၏ တပ်ဖွဲ့များသည် ထိုနေ့ညဉ့်မှ စ၍ မိမိတို့၏ တာဝန်ကျသော ဒေသအသီးသီးတွင် စနစ်တကျ တော်လှန်လျက်ရှိနေကြတော့သည်။ တော်လှန်ရေးတပ်မတော်သားတို့သည် ပြောက်ကျားတပ်တစ်မျိုးတည်း ဆင်နွှဲကြခြင်းမဟုတ်ဘဲ ရင်ဆိုင်ကိုက်ပွဲနှင့် ပြောက်ကျားတိုက်ပွဲကို အခွင့်သာသလို ဆင်နွှဲကြရလေသည်။ ဂျပန်တပ်များနှင့် တော်လှန်ရေးတပ်တို့မှာ လက်ယှက်သည့်နယ် နေရာအနှံ့အပြားတွင် ရင်ဆိုင်တိုက်ခိုက်ရသည်က များသည်။ တော်လှန်ရေးတပ်သားများတွင် ဂျပန်တို့လောက် လက်နက်ခဲယမ်းမီးကျောက် မများလှပေ။ သို့သော်လည်း ရဲဘော်များသည် ရှိသမျှလက်နက်ဖြင့် အာရကြမ်း ဝင်ရောက်တိုက်ခိုက်ကြသည်။

အချို့တိုက်ပွဲများတွင် တော်လှန်ရေးတပ်သားတို့သည် ဂျပန်တပ်များနှင့် ၁၇ နာရီမျှကြာအောင် တိုက်ရသည်လည်း ရှိသည်။ အချို့မှာ တပ်စိတ်တစ်စိတ်လုံး မြုတ်သွားသည်။ အချို့မှာ ရက်ပေါင်းများစွာ ထမင်းအငတ်ခံ၍ တိုက်ပွဲဝင်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွေ့ကြီးတိုက်ပွဲတွင် ဂျပန်ဗိုလ်ချုပ်တစ်ဦး ခေါင်းဆောင်သော စစ်ဌာနချုပ်တစ်ခုကို တော်လှန်ရေးအင်အားစုက ဝင်တိုက်ရာ ဂျပန်များ တစ်လုံးပြုတ်သွားသည်။ ရန်အောင်မြင်တိုက်ပွဲတွင် ဂျပန်ဗိုလ်ချုပ်တစ်ဦးပါသော ကားတစ်စီးကို စီးနင်း၍ ဂျပန်အားလုံး သုတ်သင်လိုက်သည်။ ကျိုတောင်တိုက်ပွဲ၌ ဂျပန်ဒုဗိုလ်မှူးကြီးတစ်ဦး ကျဆုံးစေခဲ့သည်။ သစ်ဝန်ဒိုင်းတိုက်ပွဲ၌ ဂျပန် ၁၀၀၀ ကျော်ကို တော်လှန်ရေးတပ်သား ၇၄ ယောက်တို့သည် ၁၁ နာရီကြာအောင် တိုက်ခိုက်နေခဲ့သည်။ တောင်တွင်းကြီး၊ ပျဉ်းမနားမီးရထားလမ်းမှ တစ်စင်းတည်းရှိသော စစ်ရထားကို ဖောက်ခွဲမှောက်ပစ်ပြီး တိုက်နိုင်ခဲ့သည်။

ပျဉ်းမနားမြို့ပေါ်ရှိသော ဂျပန်လက်နက်တိုက်ကြီး ၃ တိုက်ကို မြန်မာတော်လှန်ရေးသမားများက မီးရှို့ဖောက်ခွဲခဲ့ရ၏။ တောင်ငူမြောက်ဘက် ၂၂ မိုင်ကွာ စစ်တောင်းမြစ်ဝှမ်းရှိ ပျဉ်တောင်မှ ဆွာကူးတို့ဆိပ်အကြား တိုက်ပွဲကြီးကို ၅ ရက်တိုင်တိုင် တိုက်ခိုက်ကြရပြီး တော်လှန်ရေးတပ်မတော်သားများသည် ဂျပန် ၆၃၇ ယောက်ကို သုတ်သင်၍ စစ်တောင်းမြစ်အတွင်း မျှောနိုင်ခဲ့သည်မှာ တိုင်း ၆ ၏ အောင်မြင်မှုကြီးတစ်ရပ် ဖြစ်တော့သည်။ ဤတိုက်ပွဲသည် မြန်မာပြည်အလယ်ပိုင်း ဂျပန်တို့ စစ်ဆင်ရေးကို တန့်ရပ်သွားစေသည်အထိပင် အကျိုးရှိခဲ့လေသည်။ တော်လှန်ရေးအင်အားစုများကြောင့် ဂျပန်တို့သည် ရွှေဘိုမြို့အနီးတွင်လည်းကောင်း၊ နတ်တောင်တွင်လည်းကောင်း ခံစစ်ဆင်ရွှဲရန် စီစဉ်ထားခြင်းကို ရုပ်သိမ်း၍ တောင်ငူသို့ အပြင်းအထန် ဆုတ်ခွာရလေသည်။

မြန်မာနိုင်ငံ အထက်ပိုင်းမှ တော်လှန်ရေးတပ်များသည် အောက်မြန်မာနိုင်ငံဆီသို့ တဖြည်းဖြည်းဆင်းလိုက်ပြီး တိုက်ခိုက်ခဲ့ကြရာတွင် မဟာမိတ်တပ်များက ရှေ့ဆက်ချီရန် ခွင့်မပြုတော့၍ ပျဉ်းမနားဝန်းကျင် ရိုးမဒေသ တောင်တန်းများပေါ်ရှိ ဂျပန်တပ်အကြွင်းအကျန်များကို တိုက်ခိုက်နေလျက် ရှိခဲ့တော့သည်။

## တတိယပိုင်း

၁၉၄၅ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် မဟာမိတ်တို့၏ အမှတ် ၁၄ ဒီဗီဇံတပ်မမှ အမိန့်တစ်ရပ် တော်လှန်ရေးတိုင်း ၆ သို့ ရောက်လာ၏။ ထိုအမိန့်မှာ စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း၏ သဘောတူညီချက်ဖြင့် ရောက်လာခြင်းဖြစ်၍ တော်လှန်ရေးတပ်များ လိုက်နာကြရလေသည်။

ထိုအမိန့်အရ တိုင်းအမှတ် ၆ လက်အောက်ရှိ တပ်အားလုံးသည် ၁။ မြောက်ဘက် သာဝတ္တိ၊ တောင်ဘက် ရေတာရှည်၊ အရှေ့ဘက် အရှေ့ရိုးမ၊ အနောက်ဘက် ပဲခူးရိုးမအတွင်း ရောက်လာသည်။ ဂျပန်တို့ကို စစ်တောင်း



မြစ်ဝှမ်းကို အစိုကထားလျက် တိုက်ခိုက်ရန် ၂။ ဆွာတံတားကို အထူးစောင့်ရှောက်ရန် ဖြစ်၏။ ထို့ကြောင့် တပ်ရင်း ၆ သည် ရှိသမျှတပ်အားလုံးကို တပ်ရင်းသစ် ၃ ခုကို ဖွဲ့စည်းပြီးလျှင် ၁၉၄၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် အောက်ပါအတိုင်း အသီးသီး တာဝန်ချထားရ၏။

တပ်ရင်းအမှတ် ၁ ကို ဗိုလ်မှူးသောင်းကြည် အုပ်ချုပ်လျက် သာဝတ္တိမှ သာဂရအတွင်း တာဝန်ပေးသည်။ တပ်ရင်းအမှတ် ၂ ကို ဗိုလ်ဝေလင်း အုပ်ချုပ်၍ ဆွာမှ ရေတာရှည်အထိ တာဝန်ပေးသည်။ တပ်ရင်းအမှတ် ၃ ကို ဗိုလ်ညွန့်အုပ်ချုပ်လျက် သာဂရမှ ဆွာအထိ တာဝန်ပေးသည်။ တိုင်းစစ်ဌာနချုပ်သည် ဆွာဗိုလ်တဲတွင် စခန်းချလျက် ဆွာတံတားမှ သာဂရ မော်တော်ကားလမ်းအထိ တာဝန်ယူတိုက်ခိုက်ရလေသည်။

၂၂-၆-၄၅ ညဉ့် ၁၀ နာရီမှ ၃၁-၆-၄၅ နေ့အတွင်းဝယ် တာဝန်ချထားသော တပ်များ၏ နေရာတိုင်း၌ တိုက်ပွဲများ အပြင်းအထန် ဆက်တိုက်ဖြစ်ပွားခဲ့သည်။

ထိုအချိန်တွင် ဗိုလ်ဗလ အုပ်ချုပ်သော မူလတိုင်း ၇ မှ တပ်ရင်း ၇ သည် ဖေယျဝတီအရှေ့ စစ်တောင်းမြစ်ကမ်းသို့ တာဝန်ကျလေရာ တိုင်း ၆ ၏လက်အောက်သို့ ပြောင်းရွှေ့ပြီး တိုင်း ၆ တပ်ရင်း အမှတ် ၄ အဖြစ် ဇူလိုင်လမှ စ၍ တာဝန်ယူနေခဲ့ရ၏။ ထိုနေရာတစ်ဝိုက်တွင် ပဲခူးရိုးမအရှေ့ဘက်သို့ ဖြတ်ကူးသော ဂျပန်တပ်များမှာ တိုင်း ၆ စစ်တပ်များနှင့် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့ရပေသည်။

တိုင်းအမှတ် ၆ တွင် နောက်ဆုံးတိုက်ပွဲဖြစ်သည့် ၂၉-၈-၄၅ နေ့တွင် တပ်ရင်း အလိုက်၊ တပ်ခွဲအလိုက် ဂျပန်များနှင့် မကြာခဏရင်ဆိုင်တိုက်ကြရပြန်သည်။ တောင်ငူမှ ပြောက်ကျားတပ်များမှာမူ စက်တင်ဘာလအတွင်း တိုင်း ၆ ၏ တပ်ရင်း ၅ အဖြစ် နေရာယူပြီး တိုက်ခိုက်လျက်ရှိပြန်၏။

ဤသို့ဖြစ်၍ တော်လှန်ရေး တိုင်း ၆ သည် ဖော်ပြခဲ့သော တော်လှန်ချိန်အပိုင်းကြီး သုံးပိုင်းအတွင်း၌ ဂျပန်တပ်များနှင့် တိုက်ပွဲပေါင်း ၃၅၇ ကြိမ် တိုက်ခိုက်ရသည်။ ဤတိုက်ပွဲများတွင် ရန်သူ ဂျပန် ၄၀၃၅ ယောက် ကျဆုံး၍ ၂၇၅၉ ယောက် ထိခိုက်ဒဏ်ရာရလျက် သုံ့ပန်း ၁၃၈ ဦး ဖမ်းမိခဲ့သည်။ တော်လှန်ရေး တိုင်း ၆ မှ အရာရှိတပ်သား ၅၇ ယောက်သာ တိုက်ပွဲတွင် ဒဏ်ရာရ၍ ၁၁၇ ဦး ကျဆုံးခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## (ဆ) ရန်ကုန်မြို့ကို တော်လှန်ရေးတပ်များက သိမ်းခြင်း

ဂျပန်များက မည်သည့်နေ့ ဆုတ်ခွာကြမည်လဲဟု မြန်မာအစိုးရက မေးသည့်အခါတိုင်း ဂျပန်တို့သည် မြန်မာအစိုးရကို အမှန်မဖြေပေ။ ဂျပန်များ ရန်ကုန်မှ ဆုတ်ခွာရန် အစီအစဉ်မရှိဟုသာ ဖြေနေသည်။ ဂျပန်တို့က ထိုသို့ဖြေနေသော်လည်း မြန်မာပြည်၏ လေးပုံသုံးပုံခန့် ဒေသတို့မှာ မြန်မာတော်လှန်ရေး အင်အားစုနှင့် မဟာမိတ်တပ်များ၏ လက်ထဲတွင် ရောက်နေလေသည်။

မြန်မာပြည်အရပ်ရပ်တွင် ဂျပန်များသည် တရကြမ်း ဆုတ်ခွာနေရလေသည်။ ဖက်ဆစ်တော်လှန်ရေး အင်အားစုများဖြစ်သော မြန်မာတော်လှန်ရေးသမားများသည် ဂျပန်များကို တွေ့ရာသင်္ချိုင်း စားမဆိုင်း ချေမှုန်းသုတ်သင်လျက်ရှိသည်။ အင်အားကြီးမားသော မဟာမိတ်တပ်များသည် ဂျပန်စစ်စခန်းကြီးများကို စနစ်တကျ ဖြိုခွင်းလျက်ရှိလေသည်။

သို့သော် ဂျပန်တို့က မိမိတို့ ရန်ကုန်မှ မဆုတ်ခွာသေးဟုသာ ပြောနေလေသည်။ မည်သို့ပင်ဖြစ်စေ၊ ဂျပန်တပ်များ၏ အခြေအနေမှာ များစွာ ပျက်ပြားလျက် ရှိခဲ့ပေသည်။

၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် မြန်မာ့တော်လှန်ရေး အင်အားစုများက ဂျပန်တပ်များအား တော်လှန်ပြီးသည့်နောက်တွင် ဂျပန်တို့သည် ရန်ကုန်မြို့ကို စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ရန် စီစဉ်ခဲ့ကြသေးသည်။ ဂျပန်စစ်ဌာနချုပ်က ၁။ ရန်ကုန်မြို့ကို စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ရန် ၂။ ရွှေတိဂုံစေတီတော်ကြီးကို ဂျပန်စစ်ဌာနချုပ် ပြုလုပ်ရန် အချက် ၂ ချက်ကို ဂျပန်စစ်အာဏာပိုင်များကိုယ်တိုင် အပူတပြင်းစီစဉ်သည်။

ဤအစီအစဉ် နှစ်ရပ်စလုံးကိုပင် မြန်မာအစိုးရအဖွဲ့သည် လက်မခံနိုင်ပေ။ အကြောင်းမှာ ရန်ကုန်မြို့ကို စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်လျှင် မြန်မာအစိုးရအဖွဲ့၏ ဩဇာအာဏာ ဘာမျှမရှိတော့ဘဲ ဂျပန်စစ်သားများ၏ လက်တွင်းသာ တန်ခိုးအာဏာများ ရောက်ရှိလျက် စစ်သားများ၏ မတရားပြုကျင့်မှုများ၊ ဥပဒေမဲ့ လုပ်ဆောင်မှုများကို မြန်မာလူထု ခံကြရမည်ဖြစ်သည်။

ထို့အပြင် ရွှေတိဂုံစေတီတော်ကြီးကို စစ်အခြေခံစခန်း ဌာနချုပ် ပြုလုပ်မည်ဆိုခြင်းအတွက်လည်း ဗုဒ္ဓဘာသာ မြန်မာများအနေဖြင့် များစွာ စိတ်မချမ်းမြေ့ ဖြစ်ရမည် ဖြစ်သည်။ ရိုင်းစိုင်းသော ဂျပန်စစ်သားများသည် ရွှေတိဂုံစေတီတော်ကြီးကို ဖျက်ဆီးကြတော့မည်မှာ သေချာနေပေသည်။

ထို့ကြောင့် ဒေါက်တာဘမော် ဦးစီးသော မြန်မာအစိုးရအဖွဲ့သည် ဤအစီအစဉ်နှစ်ရပ်စလုံးကို မပြုလုပ်ပါရန် ဂျပန်စစ်တပ်အာဏာပိုင်များနှင့် ဆွေးနွေး ဖြေရှင်းရလေသည်။ တစ်ဖက်မှလည်း ဂျပန်များ ကျေနပ်မည့် အစီအစဉ်တစ်ရပ်ကို ပြုလုပ်ပေးရပေသည်။

မြန်မာ့တော်လှန်ရေး အင်အားစုများ ရန်ကုန်မြို့မှ ပျောက်ကွယ်သွားသည်မှ စ၍ နိုင်ငံတော်အဓိပတိ ဒေါက်တာဘမော်သည် စစ်သေနာပတိနှင့် ...ကာကွယ်ရေးဝန်ကြီး၏ တာဝန်များကို ကိုင်ဆောင်လျက် ဗိုလ်ရန်နိုင် ဦးစီးသော ...ဗမာ့တပ်မတော်ကို ပြန်လည်ဖွဲ့စည်းရလေသည်။ ထိုအချိန်က စစ်ဝန်ကြီးဌာန အတွင်းဝန်မှာ ဒုဗိုလ်မှူးကြီးလရောင် ဖြစ်လေသည်။

ဒုဗိုလ်မှူးကြီးလရောင်မှာ မူလပထမက ရှေ့တန်းချီ တော်လှန်ရေး အင်အားစုများနှင့် အတူလိုက်ပါရန် အစီအစဉ်ရှိခဲ့သည်။ သို့သော် နောက်ပိုင်း...တွင် ပြည်သူ့အရေးတော်ပုံပါတီ ခေါင်းဆောင်နှင့် တော်လှန်ရေးခေါင်းဆောင် ...ဦးဗဆွေ (နောင် ဖဆပလဝန်ကြီးဟောင်း)စသော ခေါင်းဆောင်များကို ဂျပန်စစ်တပ်... ဖမ်းဆီးထားသည့်ကိစ္စများနှင့် ပတ်သက်၍ လွတ်မြောက်ရေး ဆောင်ရွက်ရန် ...ရန်ကုန်တွင်ပင် နေရစ်ခဲ့ရသည်။ ထိုသို့ နေရစ်ခဲ့ရန် ဗိုလ်ချုပ်အောင်ဆန်းကပင် ...ညွှန်ကြားမှာကြားချက်စွာ တာဝန်ပေးထားခဲ့လေသည်။ အဓိပတိနှင့် စစ်ဝန်ကြီး ဒေါက်တာ...ဘမော်၏ အမိန့်ဖြင့် အတွင်းဝန် ဒုဗိုလ်မှူးကြီးလရောင်သည် ကြေညာရှင်းလင်း...ချက်တစ်စောင်ကို ရန်ကုန်မြို့တွင် ထုတ်ဝေခဲ့ရသည်။ ထိုကြေညာချက်မှာ ဖက်ဆစ်...ဂျပန်များကို ဗမာ့တပ်မတော်က တော်လှန်ပုန်ကန်သည့်အရေးနှင့် ပတ်သက်၍ ...ဖြောင်းလိမ်ရသော ကြေညာချက်ဖြစ်သည်။

အဆိုပါ ကြေညာချက်၌ ယခု ဂျပန်တပ်မတော်ကို ဗမာ့တပ်မတော်က ...ပုန်ကန်ခဲ့ရာတွင် ဗမာ့တပ်မတော်ကြီးတစ်ခုလုံးက တော်လှန်ခြင်းမဟုတ်ကြောင်း၊ ...ဗမာ့တပ်မတော်၏ တပ်သားအချို့ကသာ တော်လှန်ခဲ့ခြင်းဖြစ်ကြောင်း၊ ဂျပန်...တပ်မတော်အား သစ္စာရှိသော ဗမာ့တပ်မတော်သားများမှာ တော်လှန်ပုန်ကန်မှု...တွင် မပါဘဲ ရန်ကုန်မြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း စသဖြင့် ...ရှိ၍ စစ်ဝန်ကြီးဌာန အတွင်းဝန် ဒုဗိုလ်မှူးကြီးလရောင်၏ လက်မှတ်လည်း ...ပါရှိလေသည်။ အဆိုပါ ကြေညာချက်ကို ပုံနှိပ်ပြီးလျှင် ရန်ကုန်မြို့ပေါ်မှ ...လေယာဉ်ပျံများဖြင့် ကြဲချခဲ့လေသည်။

ထိုသို့ဖြင့် ၁၉၄၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့သို့ ရောက်လာ၏။ ဧပြီ ...၂၃ ရက်နေ့တွင် ရန်ကုန်မှ ဂျပန်တပ်များနှင့်အတူ မြန်မာအစိုးရအဖွဲ့ ဆုတ်ခွာ...မည်ဖြစ်ကြောင်းကို မြန်မာအစိုးရအဖွဲ့သို့ ဂျပန်တပ်များက အကြောင်းကြားလေ...သည်။ ထိုအချိန်အထိ ဂျပန်စစ်ပုလိပ်များ ဖမ်းဆီးထားသော ဦးဗဆွေနှင့် ...တင်ညွှန့် စသည့် မြန်မာခေါင်းဆောင်များကို လွှတ်ပေးခြင်းမရှိသေးပေ။ ...ကြောင့် သခင်ကျော်ငြိမ်းနှင့် ဦးလှမောင်(နောင် အင်္ဂလန်နိုင်ငံဆိုင်ရာ သံအမတ်...)တို့သည်လည်းကောင်း၊ ဗိုလ်ရန်နိုင်သည်လည်းကောင်း ဂျပန်စစ်အာဏာပိုင်...နှင့် သွားရောက်တွေ့ဆုံ၍ မြန်မာခေါင်းဆောင်များကို လွှတ်ပေးရန် အရေးဆို

www.burmeseclassic.com

www.burmeseclassic.com



ရလေ၏။ ထိုသို့ဖြင့် ဦးဗဆွေနှင့် ဦးတင်ညွန့်တို့ကို မကြာမီ ဂျပန်က ဖမ်းဆီးထားရာမှ လွှတ်လိုက်လေသည်။

၁၉၄၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ မြန်မာအစိုးရအဖွဲ့ ရန်ကုန်မှဆုတ်ခွာသောအခါတွင် အဓိပတိ ဒေါက်တာဘမော်နှင့်အတူ ဝန်ကြီး သခင်နု၊ ဝန်ကြီး သခင်မြ၊ ဝန်ကြီး ဦးထွန်းအောင်၊ ဝန်ကြီး ဗန္ဓုလဦးစိန်၊ ဝန်ကြီး ဦးလှဖေ၊ ဝန်ကြီးသခင်လွန်းဘော်ဘို့သည် လိုက်ပါဆုတ်ခွာလာကြလေသည်။

၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ဟံသာဝတီ၊ မအူပင်၊ ဖျာပုံဒေသ တော်လှန်ရေးခေါင်းဆောင်ဖြစ်သူ ဗိုလ်မှူးကြီးနေဝင်း၏ တော်လှန်ရေးတိုင်း ၂ ပြည်သူ့လွတ်လပ်ရေးတပ်မတော်သည် ရန်ကုန်မြို့ကို ဝင်ရောက်သိမ်းပိုက်ခဲ့လေသည်။

ဗိုလ်မှူးကြီးနေဝင်းသည် ရန်ကုန်မြို့တော်ကို သိမ်းမိလျှင် သိမ်းမိချင်း မြို့တော်အုပ်ချုပ်ရေးကို တစ်ဖက်မှ စီစဉ်လျက် မြန်မာနိုင်ငံ အသံလွှင့်ဌာနမှနေ၍ အောက်ပါကြေညာချက်ကို အသံလွှင့်ကြေညာလိုက်လေသည်။

**ရန်ကုန်မြို့တော်ကို ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့၌**
**ပြည်သူ့လွတ်လပ်ရေးတပ်မတော် သိမ်းယူပြီးနောက်**
**ဗိုလ်မှူးကြီးနေဝင်း၏ အသံလွှင့်ကြေညာချက်**

ပြည်သူလူထုအပေါင်းတို့ ခင်ဗျား…

ဗမာ့တပ်မတော်ဟာ ဗမာပြည်မှာ ရှိတဲ့ တိုင်းသူပြည်သားအတွက် အိုးကျေကျေ၊ အရေခန်းခန်း နှမ်းတစ်လုံးမှျ အသက်ကို မနှမြောတဲ့ မျိုးချစ်လူငယ်တွေ၊ ကျောင်းသားတွေ စုရုံးပြီး ဗမာ့လွတ်လပ်ရေးအတွက် တိုက်ခိုက်ဖို့ တည်ထောင်ထားတာကို ဗမာတစ်ပြည်လုံး သိကြပါလိမ့်မယ်။ ဒီတပ်မတော်ဟာ ဗမာ၊ ရှမ်း၊ ရင်၊ ချင်း စတဲ့ အမျိုးသားအားလုံးပါဝင်ပြီး အသက်ကို တိုင်းပြည်အတွက် အသက်စွန့်ရန် သန္နိဋ္ဌာန်ချထားတဲ့ ဗမာပြည်ရဲ့ အသက်သွေးခဲဆိုတာလည်း တိုင်းပြည်က သိကြပါလိမ့်မယ်။

ဒီဗမာ့တပ်မတော်ဟာ ယခု နယ်မှာ ရှိတဲ့ မျိုးချစ်လူငယ်တွေ၊ ကျေးရွာတောနယ်တွေနဲ့ ပူးတွဲပြီး ပြည်သူ့လွတ်လပ်ရေးတပ်မတော်အမည်နဲ့ တစ်မျိုး၊ ဂျပန်ဖက်ဆစ်ဘီလူးတွေကို စစ်ကြေညာပြီး တရကြမ်း တိုက်ခိုက်ခဲ့ကြတယ်။ ယခုလည်း တိုက်တုန်းပဲ၊ နောက်လည်း ဆက်ပြီး တိုက်မယ်။ အဲဒီလို ဖက်ဆစ်ဂျပန်ကို စစ်ကြေညာတိုက်ခိုက်တဲ့အချိန်က စပြီး ဗမာ့တပ်မတော်ကိုလည်း ပြည်သူ့လွတ်လပ်ရေးတပ်မတော်လို့ အမည်ပြောင်းလိုက်ပါတယ်။

တပ်မတော်ဟာ ဘာကြောင့် တိုက်ရသလဲဆိုတာကို တိုင်းသူပြည်သားတွေ ကောင်းကောင်းနားလည်စေချင်ပါတယ်။ တပ်မတော်ဟာ တာဝန်မဲ့



စည်းတမ်းမဲ့ အဓိပ္ပာယ်မရှိကြစတမ်း ထင်ရာလုပ်တာ မဟုတ်ကြောင်းကို တိုင်းပြည်က ကျနစွာသိစေချင်တယ်။ တပ်မတော်ဟာ အသက်၊ သွေး၊ ချွေး၊ ဘေးဒုက္ခတွေ၊ သားမယားတွေ အညှဉ်းဆဲခံ၊ ရွာတွေ အဖျက်ဆီးခံ၊ မီးရှို့ခံပြီး လုပ်တာတွေဟာ အပျော်တမ်းမဟုတ်ဘူးဆိုတာ ရှင်းပြချင်တယ်။

ဂျပန်တွေဟာ ဖက်ဆစ်ဓားပြတွေ၊ သူတို့ဟာ တရုတ်ပြည်မှာ ဘယ်လို ညှဉ်းခဲ့တယ်ဆိုတာ လူငယ်တွေအားလုံးပဲ သိခဲ့ကြတယ်။ ဒီလို သိလျက်နဲ့ ပေါင်းတာဟာ အကြောင်းမဲ့မဟုတ်ဘူး။ ဂျပန်ဟာ စစ်မကြေညာမီ ၁၉၃၉ ခုနှစ်ကတည်းက ဗမာပြည်ကို လွတ်လပ်ရေးပေးမယ်၊ ကိုယ်ပိုင်စစ်တပ် ထားခွင့်ပေးမယ်ဆိုတဲ့ ခိုင်လုံတဲ့ကတိကို လျှို့ဝှက်စွာ ရလို့တစ်ကြောင်း၊ ဗမာပြည်ဟာ လွတ်လပ်ရေးအတွက် နိုင်ငံခြားတစ်ဦးဦးရဲ့ အကူအညီနဲ့မှ ရမယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ဘူး။ ဂျပန်ကလည်း ကူညီမယ်ပြောနေတယ်။ ဂျပန်ဟာ ဗမာပြည်မှာ စစ်မပြီး၊ အိန္ဒိယကို တိုက်ရပေဦးမယ်။ အိန္ဒိယအတွက် ပြယုဂ်ကောင်းရန် ဗမာပြည်ကို လွတ်လပ်ရေးပေးလိမ့်မယ်ဆိုတဲ့ အခြေခံအချက်ရှိတာကြောင့်လည်း ကျွန်ုပ်တို့ ပေါင်းခဲ့ကြတာပဲ။

နောက်တစ်ဖက် စစ်ဖြစ်စ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်၊ ဟောင်ကောင်ကျပြီးစတွင် ဂျပန်နန်းရင်းဝန်က ဖိလစ်ပိုင်လူမျိုးတွေကို ဂျပန်နိုင်ငံ၏ စစ်ကြိုးပမ်းမှုအား ကူညီလျှင် ဂျပန်က ဝမ်းမြောက်စွာ သူတို့ရဲ့ လွတ်လပ်ရေးကို ရအောင် ကူညီပေးမည်၊ ဗမာနိုင်ငံအတွက်လည်း ဤအတိုင်းပဲ ရည်ရွယ်သည်ဟု အတိအလင်း ထုတ်ဖော်ကြေညာချက်ကို ယုံစား၍တစ်ကြောင်း၊ လူငယ်တွေဟာ ..ပေါင်းတိုက်ခိုက်ခဲ့တာပဲ။

မည်သို့မဆို ၎င်းတို့၏ ကြေညာချက်၊ ကတိဝန်ခံချက်တွေဟာ အတ္တလန္တိတ်ချာတာမှာ အိန္ဒိယနှင့် ဗမာပြည် မဆိုင်တဲ့ ဗမာပြည်အပေါ် လုံးဝသဘော..ားပြောင်းလဲ စဉ်းစားခြင်းမရှိတဲ့ ဗြိတိသျှအစိုးရရဲ့ သဘောထားထက် ကျေနပ်..ယ်ရာ ကောင်းလို့လည်း ဂျပန်ဖက်ဆစ်တွေနဲ့ ပေါင်းတိုက်ခဲ့တာပဲ။

ပထမအကြိမ် ဂျပန်တွေရဲ့ ကတိကို ယုံမှားသံသယဖြစ်တဲ့ အချက်ကတော့ မော်လမြိုင်မြို့ ကျဆုံးတာနဲ့ တစ်ပြိုင်နက် ဗမာ့လွတ်လပ်ရေး ကြေညာပြီး ..မာ့အုပ်ချုပ်ရေးကို ဗမာတွေကို လွှဲမယ်ဆိုတဲ့ ကတိကို မလိုက်နာတဲ့ အချက်ပဲ။ ..အချိန်က စပြီး ၎င်းတို့နဲ့ ရင်ဆိုင်ဖို့ အမျိုးမျိုး ဆွေးနွေးတိုင်ပင်စပြုကြရတယ်။ ဂျပန်ဖက်ဆစ်တွေရဲ့ ပြုမူပုံတွေ၊ အနိုင်ကျင့်ပုံတွေကို တဖြည်းဖြည်း တွေ့ကြုံရ..လေလေ ၎င်းတို့ကို တော်လှန်နိုင်ဖို့ နည်းလမ်းရှာရလေလေ ဖြစ်ခဲ့တယ်။ ထို..အကြောင်းကို ကြိုတင်သိမြင်ပြီး နိုင်ငံခြားအကူအညီ ရစိမ့်သောငှာ နိုင်ငံခြားကို ..ွက်ခွာရန် စီစဉ်ကြရတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



စီစဉ်တဲ့အတိုင်းလည်း လူငယ်ခေါင်းဆောင်တချို့ဟာ နိုင်ငံခြားသို့ ထွက်ခွာသွားကြတယ်။ ဒုတိယအချက်ကတော့ ဗမာပြည်လုံးဝကျဆုံးပြီး မန္တလေးမှာ ဗမာ့လွတ်လပ်ရေးတပ်မတော် ပြန်စုတဲ့အချိန်မှာ အင်အားအလွန်ကြီးမားတဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော် ဖျက်ပြီး ဘီဒီအေ ဗမာ့ကာကွယ်ရေးတပ်မတော် ဖွဲ့စည်းတဲ့အချိန်ပဲ။ ဗမာ့မျိုးချစ်လူငယ်တွေရဲ့ စိတ်ဓာတ်မှာ ဆောက်တည်ရာမရလောက်အောင် မခံနိုင်ဖြစ်ပြီး တော်လှန်ရန် ကြိုးစားခဲ့ကြသော်လည်း···

(က) ဂျပန်နန်းရင်းဝန်ကြီး တိုဂျို၏ ဗမာပြည်လွတ်လပ်ရေး ပေးမည်ဆိုသော ကတိရရှိ၍တစ်ကြောင်း

(ခ) တပ်သားတွေ အလေ့အကျင့်နည်း၍တစ်ကြောင်း

(ဂ) ကမ္ဘာ့အခြေအနေအရ ဂျပန်ဖက်ဆစ်တွေ အားအကောင်းဆုံးအချိန်ဖြစ်၍ တစ်ကြောင်း

အားမတန်လှ၍ မချိတင်ကဲ တော်လှန်ရေးအချိန်ကို အခိုက်အတန့်ဖြင့် လက်လျှော့ပေးခဲ့ရတယ်။

နောက်ဆုံး ဗမာ့လွတ်လပ်ရေးပြဿနာကို ရင်ဆိုင်ရတော့မှ လွတ်လပ်ရေးဟာ တကယ့်လွတ်လပ်ရေး မဟုတ်တဲ့အပြင် ဗမာပြည်က ပြည်နယ်အချို့ခွဲထုတ်တယ်၊ အမျိုးမျိုးညှဉ်းတယ်၊ စီးပွားရေး လက်ဝါးကြီးအုပ်တယ်၊ ပြည်သူ့လွတ်လပ်ရေးကို ချုပ်ချယ်တယ်၊ ဒါတွေ တွေ့တာနဲ့တစ်ပြိုင်နက် ဂျပန်ဖက်ဆစ်ကို ပြန်လှန်တိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီအချိန်က စပြီး လူငယ်တွေဟာ မနားမနေ အားပါးတကုတ် ကြိုးစားအားထုတ်ကြတယ်။ အလွန်ရက်စက်ကြမ်းကြုတ်တဲ့ ဂျပန်ဖက်ဆစ်ပုလိပ်တို့ရဲ့ အမျိုးမျိုးအဖုံဖုံ ညှဉ်းပန်းတဲ့ကြားထဲက နိုင်ငံခြားနဲ့ အခေါက်ခေါက်အခါခါကူးပြီး အလုပ်လုပ်တယ်။

တော်လှန်ရေးအဖွဲ့တွေကို နယ်အသီးသီးတွေမှာ ဖွဲ့တယ်။ ကျေးရွာတော်လှန်ရေးသမားတွေအထိရောက်အောင် ပြောက်ကျားသင်ခန်းစာ စာစောင်တွေ အဖုံဖုံ လျှို့ဝှက်စွာ ထုတ်တယ်။ နယ်တွေကိုလည်း တပ်မတော်သားတွေ လွှတ်ပြီး လူသူပြတ်လပ်တဲ့နေရာတွေမှာ သေနတ်ပစ်နည်းခတ်နည်း စစ်ဆင်စစ်တက် ပြောက်ကျား စစ်သေနင်္ဂဗျူဟာတွေကို လက်တွေ့ လျှို့ဝှက်စွာ သင်နိုင်ခဲ့တယ်။ ဒီအဖွဲ့တွေကို အခြေခံထားပြီး လွန်ခဲ့တဲ့ နှစ်က ၄ ကြိမ်တိတိ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။

ပဉ္စမမြောက်အကြိမ်ဖြစ်တဲ့ ယခုအချိန်ကျမှ အောင်မြင်စွာ တိုက်ခိုက်နိုင်တော့တယ်။ ကျနစွာ ကြိုတင်ပြင်ဆင်ပြီး အလုပ်လုပ်ခဲ့တယ်ဆိုတာကို အောက်ပါအချက်တွေကို ချင့်ပြီး သိနိုင်တယ်။



(က) ဗမာပြည်အထက်မှာ ရှိတဲ့ တပ်ပေါင်းစုံကို ရန်ကုန်မှာ စုပေါင်းထားလျက်နဲ့ မှန်းထားသော နယ်ကို ရောက်အောင် ဆိုင်ရာတပ်တွေပို့နိုင်ဖို့ ဂျပန်စစ်ဌာနချုပ်နဲ့ စီစဉ်နိုင်ခဲ့တယ်။

(ခ) ဗမာ့တပ်မတော်တစ်ခုလုံး တော်လှန်အုံဆဲဆဲ ရက်ပိုင်းအတွင်း ဂျပန်စစ်ဘက်ဆိုင်ရာက လက်နက်ခဲယမ်းမီးကျောက် အပြည့်အစုံရအောင် စီစဉ်နိုင်ခဲ့တယ်။

(ဂ) ဒေသအလိုက် မြစ်ဝကျွန်းပေါ်ဌာန အသီးသီး၊ ပြည်၊ သရက်၊ အောင်လံ၊ ပျဉ်းမနား၊ တောင်ငူ၊ ပဲခူး၊ မန္တလေးတို့ကို တော်လှန်ရေးအဖွဲ့များနှင့် တပ်မတော် ချက်ချင်းပေါင်းပြီး ဆောင်ရွက်နိုင်အောင် စီမံနိုင်ခဲ့တယ်။

(ဃ) အိန္ဒိယနိုင်ငံသို့ လက်နက်အကူအညီနှင့် စစ်ဘက်ဆိုင်ရာ အကူအညီအတွက် စစ်ဘက်နှင့် လူငယ်များကို ပို့ပေးနိုင်ခဲ့တယ်။

(င) မဟာမိတ်တပ်များနှင့် အဆက်အသွယ်ပြုလုပ်နိုင်ခဲ့တယ်။

(စ) အထက်ဗမာပြည်၊ ရခိုင်ပြည်နယ်တို့မှာ စနစ်တကျတိုက်ခိုက်ပြီး ဂျပန်တွေကို ချေမှုန်းနိုင်ကြတယ်။

(ဆ) နယ်အသီးသီးမှ ကျေးရွာများအထိ ပြောက်ကျားသင်ခန်းစာ လေ့ကျင့်ပြီး သေနတ်ပစ်ခတ်နိုင်တဲ့ ပြောက်ကျားစစ်အဖွဲ့ ဖွဲ့စည်းပြီးဖြစ်နေတယ်။

ဒီအချက်တွေဟာ တစ်နံနက်၊ တစ်ရက်နဲ့ စီစဉ်နိုင်တဲ့ကိစ္စတွေ မဟုတ်ဘူးဆိုတာ နားလည်ကြသင့်တယ်။ ဂျပန်စစ်ပုလိပ်အဖွဲ့၊ ဂျပန်စစ်သူလျှိုအဖွဲ့တွေနဲ့ ဂျပန်တွေနဲ့ မှုလိုပေါက်နေတဲ့ သတင်းပေးတွေကြားထဲက ယခုလို တိုက်ခိုက်နိုင်တာမို့ အံ့ဩဖွယ်ကောင်းလောက်တဲ့ လူငယ်တွေရဲ့ စွမ်းဆောင်ချက်ကို ဗမာလူမျိုးတွေ ပေါ့ပေါ့ဆဆ မယူသင့်ပါ။ ဒီအချက်ဟာ ကမ္ဘာက လက်ဖျားခါလောက်တဲ့ အချက်ကြီးဖြစ်ပါတယ်။ ဂျပန်လူမျိုးဟာ ရက်စက်ရာမှာလည်း ဖက်ဆစ်တိုင်းပြည်အားလုံးထဲမှ အဆိုးဆုံးဖြစ်တဲ့အပြင် ကမ္ဘာ့လက်နက်နိုင်ငံကြီးတွေကို အမြဲ ပခုံးချင်းယှဉ်ခဲ့ပါလျက် ဗမာကျမှ အလျှော့ပေးရတာဟာ ဗမာ့အစွမ်းကို ကမ္ဘာကို ပြတာပဲ။

စစ်ဘက်ဆိုင်ရာမှာလည်း ဂျပန်ဟာ ကမ္ဘာမှာ ဖွဲ့အကောင်းဆုံးနဲ့ ပြောက်ကျားမှာ အလွန်တော်တယ်လို့ မဟာမိတ်နိုင်ငံတွေတိုင်းက ဝန်ခံခဲ့ရတဲ့ ဂျပန်ကို ဗမာတွေ အလဲထိုးနိုင်ခဲ့ကြတယ်။ မန္တလေး၊ တောင်ငူ၊ ပျဉ်းမနား၊ အောင်လံ၊ သရက်၊ ပဲခူးနယ်၊ မြစ်ဝကျွန်းပေါ်ဒေသက ဒေးဒရဲ၊ ဖျာပုံ၊ ကျိုက်လတ်၊ ဝါကလေး အားလုံးကို ဂျပန်တွေ မောင်းနှင်ထုတ်ပြီး ဗမာ့တပ်မတော်က သိမ်းတယ်ဆိုတာ ချင့်ကြည့်ပါ။

ရန်ကုန်မှာ အရေးကြီးတဲ့ အဆောက်အအုံ၊ အလုပ်ရုံ၊ လမ်းဆုံလမ်းခွ၊ ဘိတားကြီးငယ်မကျန် ဖျက်ဆီးဖို့ ဒိုင်းနမိုက်အသင့်ဖြစ်ပြီး နေရာတွေကို သူတို့

www.burmeseclassic.com



အကြံ မအောင်အောင် တပ်မတော်သားတွေပဲ ပုန်းလျှိုးကွယ်လျှိုး ကြိုးစားပြီး ဗမာ့တပ်မတော်ကပဲ သိမ်းခဲ့ကြပါတယ်။ ဗမာ့တပ်မတော်ကြီးရဲ့ ကြိုးပမ်းမှုကြောင့် ဂျပန်ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဟာ ဖရိုဖရဲဖြစ်ပြီး နောက်ဆုံး ပျက်စီးသွားရတဲ့အခြေကို ရောက်ရတယ်။ ဒါတွေကို ကြည့်ရင် ဗမာ့တပ်မတော်ဟာ ကမ္ဘာရဲ့ စစ်သေနင်္ဂဗျူဟာမှာ ပြောက်ကျားတိုက်ရန် ဘယ့်ကလောက် ကောင်းတယ်ဆိုတာ စာတင်ကြရပါပြီ။

## (စ) တော်လှန်ရေးတိုက်ပွဲများ၊ နောက်ဆုံးအခြေအနေ

**ကရင်နှင့် မြန်မာ။** ။ 'ကရင်ဗမာ ချစ်ကြည်ရေးသည် ဂျပန်တော်လှန်ရေးလုပ်ငန်းတွင် အဓိကလုပ်ငန်းဖြစ်သည်' ငါးနှစ်ရာသီ ဗမာပြည် စာအုပ်တွင် သခင်နုသည် အထက်ပါအတိုင်း ရေးသားခဲ့လေသည်။

မှန်လည်း မှန်သည်။ ဖက်ဆစ်တော်လှန်ရေးသည် တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် ပြုလုပ်၍ မရ။ ခေါင်းဆောင်တစ်ဦးတည်း တော်လှန်၍ မရ၊ တိုင်းရင်းသားအားလုံး ညီရင်းအစ်ကိုကဲ့သို့ ချစ်ခင်ညီညွတ်ကြပြီး လက်နက်ကိုင်၍ တော်လှန်ခဲ့သဖြင့်သာလျှင် အောင်မြင်မှုရခဲ့ခြင်းဖြစ်သည်။ ရှမ်း၊ ချင်း၊ ကရင်၊ ကချင် စသော မြန်မာနိုင်ငံသား အများအပြားသည် ဂျပန်ဖက်ဆစ်များအား မြန်မာနိုင်ငံမှ မောင်းနှင်ထုတ်ခဲ့သည့် တော်လှန်ရေးကြီးတွင် မြန်မာ့နောင်တော်များ ဗမာ့တပ်မတော်သားများနှင့်အတူ တစ်ခဲနက် ပါဝင်တိုက်ခိုက်ခဲ့သည်ကို မှတ်တမ်းတင်ရမည် ဖြစ်ပေသည်။

ဖက်ဆစ်တော်လှန်ရေးတိုင်းများတွင် ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ စသည့် မြစ်ဝကျွန်းပေါ်ဒေသ မြို့နယ်ခရိုင်များပါဝင်သော တိုင်းအမှတ် ၃ ကို ကရင်အမျိုးသားခေါင်းဆောင် ဗိုလ်မှူးကြီး စောကြာဒိုးနှင့် ဗိုလ်ကြီး စောစံဖိုးသင်၊ ဗိုလ်ကြီးစောထွန်းစိန်တို့က ခေါင်းဆောင်ခဲ့သည်။ ထိုဖြစ်ရပ်သည် ဖက်ဆစ်တော်လှန်ရေး၌ ကရင်အမျိုးသားများက မည်သည့်အခန်းမှ ပါဝင်တိုက်ခိုက်ခဲ့သည်ကို ထိထိရောက်ရောက် ဖော်ပြခြင်းပင် ဖြစ်သည်။ ဗိုလ်မှူးကြီး စောကြာဒိုး ဦးစီးသော တိုင်းအမှတ် ၃၏ အောင်မြင်မှုများသည် ကရင်-မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ်များ ဖြစ်ခဲ့လေသည်။

ကရင် ဗမာ ချစ်ကြည်ရေးပျက်ပြားမှုတွင် မြစ်ဝကျွန်းပေါ်ရှိ ဂျပန်များက မြန်မာများနှင့် ကရင်များ ရန်သူဖြစ်သွားအောင် ကြားဝင်၍ ရန်တိုက်ပေးမှုများလည်း လုပ်ဆောင်ခဲ့သည့် သာဓကများ ရှိလေသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်နု စသော မြန်မာခေါင်းဆောင်များသည် ကရင်ခေါင်းဆောင်များနှင့် မကြာခဏ တွေ့ဆုံဆွေးနွေးခြင်း၊ ကရင်ရွာများသို့



ဝင်း၍ ရှင်းပြဆွေးနွေးခြင်း၊ ကရင်ရွာများ၌ ရက်များစွာ နေထိုင်၍ စည်းရုံးရေးဆောင်ရွက်ခြင်းများ လုပ်ဆောင်ခဲ့ကြရာတွင် ကရင်-မြန်မာ ချစ်ကြည်မှုများ ထူးရရှိခဲ့လေသည်။

ဤသို့ ကရင်-မြန်မာ ချစ်ကြည်မှုရရှိခဲ့ခြင်းသည် ဖက်ဆစ်တော်လှန်ရေးကြီး ဆင်နွှဲသည့်အခါ၌ ကရင်တော်လှန်ရေး တပ်သားများက မြန်မာတော်လှန်ရေး တပ်မတော်နှင့်အတူ တော်လှန်ရေးတွင် ပါဝင်တိုက်ခိုက်အောင်မြင်ခဲ့သည့် ကျေးဇူးထူးကို ရခဲ့၏။ အိန္ဒိယသို့ ရောက်၍ စစ်ပညာသင်ကြားခဲ့သော ကရင်အမျိုးသားတော်လှန်ရေးခေါင်းဆောင် မန်းဝင်းမောင်(သမ္မတဟောင်း ဦးဝင်းမောင်)သည် တောင်ငူတွင် လေယာဉ်မှ လေထီးဖြင့် ဆင်း၍ ကရင်အမျိုးသားများအား စည်းရုံးပြီး တော်လှန်ရေးတိုက်ပွဲများ၌ ပါဝင်ခဲ့လေသည်။

**မဟာမိတ်တပ်များ အကူအညီ။** ။ ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲများကို မြန်မာနိုင်ငံအတွင်း၌ မြန်မာ့တော်လှန်ရေးတပ်သားများက ဆင်နွှဲနေစဉ်အခါတွင် မဟာမိတ်တပ်များ၏ အကူအညီများကို ထိရောက်စွာ ရရှိခဲ့လေသည်။ မြန်မာတော်လှန်ရေးအင်အားစုများကို အဓိက ကူညီထောက်ပံ့နေသူမှာ အိန္ဒိယနိုင်ငံရှိ ဖို့စ် ၁၃၆ တပ်အမည်ရှိ မဟာမိတ် အထူးတပ်ဖွဲ့ ဖြစ်ပေသည်။ မြန်မာတော်လှန်ရေးသမားများကို ၎င်းတပ်မှ ခေါ်ယူ၍ စစ်ပညာများ သင်ကြားပေးခဲ့သည့်အကြောင်းကို ရှေ့အခန်းများ၌ ဖော်ပြခဲ့ပြီးဖြစ်လေသည်။

နောက်ပိုင်းတွင် မြန်မာတော်လှန်ရေး ရဲဘော်များသည် ဖို့စ် ၁၃၆ မှ လေယာဉ်များအကူအညီဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဆင်းကြလေသည်။ မြန်မာတော်လှန်ရေးရဲဘော်များအား ယူနီဖောင်းအပြည့်အစုံ ၄၅ ဘို့ ပစ္စတိုတစ်လက်နှင့် ကျည်ဆံ(?)မီးကတ်များ၊ ဓားမြှောင်တစ်ချောင်း၊ ကွန်ပါတစ်ခု၊ လက်ပစ်ဗုံးတစ်လုံး၊ လက်နှိပ်ဓာတ်မီးတစ်လက်၊ မြေပုံအိတ်နှင့် မြေပုံများ၊ ရေဘူးတစ်ဘူး၊ ဆေးအိတ်တစ်ခုနှင့် နှစ်ရက်အတွက် ရိက္ခာအင်္ဂလိပ်ငွေ ၁၄၂၀၀ ကျပ်၊ ဂျပန်ငွေ ၅၀၀ ကျပ်၊ ရွှေဒင်္ဂါး ၂ ပြား၊ မှတ်စုစာအုပ်၊ ဖောင်တိန်တစ်ချောင်း၊ လက်ပတ်နာရီတစ်လုံး စသဖြင့် အသီးသီးပေးလိုက်ပြီး ကြိုးမဲ့ကြေးနန်း အသံလွှင့်စက်များလည်း ပါလိုက် ထည့်ပေးကြလေသည်။ ၎င်းတို့နှင့်အတူ ချပေးမည့်အိမ်များတွင် ပြတိုင်သေနတ်၊ နိုင်ငံရေးစာအုပ်၊ ခြင်ထောင်၊ အိပ်ရာ၊ ကျည်ဆန်အများအပြားတို့ ထည့်ပေးခဲ့သည်။ ယင်းတော်လှန်ရေးသမားများ မြန်မာနိုင်ငံ၌ ဆင်းသက်လာစဉ် မြန်မာနိုင်ငံအတွင်းမှ တော်လှန်ရေးသမားများသည် အောက်မှ မီးများဖြင့် အချက်ပြ၍ ကြိုဆိုကြလေသည်။ ရောက်ရှိလာသော တော်လှန်ရေးရဲဘော်များသည် မြန်မာနိုင်ငံအတွင်းရှိ တော်လှန်ရေးတိုင်းအသီးသီးတွင် ပါဝင်ပျက်ဆစ်ဂျပန်များကို ထိရောက်စွာ တော်လှန်ခဲ့ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မဟာမိတ်တပ်မတော်သည် မြန်မာနိုင်ငံအတွင်းရှိ တော်လှန်ရေးသမားများအား လက်နက်ခဲယမ်းမီးကျောက်များ၊ ကြိုးမဲ့ကြေးနန်းစက်များနှင့် ရိက္ခာပစ္စည်းများကို အဆက်မပြတ် ပို့ပေးခဲ့သည်။ ပထမတွင် ထိုသို့ ပေးပို့ခြင်းနှင့် ပတ်သက်၍ မဟာမိတ်တပ်များတွင် သဘောထားကွဲလွဲမှု ဖြစ်ခဲ့သေးသည်။ အိန္ဒိယနိုင်ငံ ဆင်းမလားမြို့ရှိ မြန်မာနိုင်ငံ စစ်ပြေးအစိုးရ၏ ဘုရင်ခံ ဒေါမန်စမစ်နှင့် မြန်မာအစိုးရအဖွဲ့ဝင်များ၏ အယူအဆမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တော်လှန်ရေးတပ်သားများနှင့် မဟာမိတ်တပ်များ ပူးပေါင်းခြင်းသည် နောင်တစ်ချိန်၌ နိုင်ငံရေးအရ ဘေးဥပဒ်ကြုံတွေ့မည်ဟူ၍ ဖြစ်သည်။ ထိုအယူအဆကို မဟာမိတ်တပ်များ၏ စစ်သေနာပတိ ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်က လက်မခံပေ။ မောင့်ဘက်တန်က 'မဟာမိတ်တပ်များသည် အောင်ဆန်းနှင့် မပူးပေါင်းလျှင် ပို၍ ဘေးဥပဒ်ဖြစ်နိုင်သည်'ဟု တင်းတင်းကျပ်ကျပ် ပြန်ကြားခဲ့လေသည်။

မောင့်ဘက်တန်သည် သူ၏သဘောဆန္ဒကို ထိရောက်စွာ အကောင်အထည်ဖော်ခဲ့လေသည်။ မြန်မာနိုင်ငံ တော်လှန်ရေးအင်အားစုများသို့ လက်နက်ပစ္စည်းအကူအညီများကို ဆက်လက်ထောက်ပံ့စေဟု ၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်က အမိန့်ချခဲ့လေသည်။

မဟာမိတ်တပ်များသည် တော်လှန်ရေးအင်အားစု၏ အကူအညီဖြင့် မြန်မာနိုင်ငံအထက်ပိုင်းမှ ရန်ကုန်မြို့သို့ ဦးတည်ချီတက်ခဲ့ရာ ဧပြီလ ၁၀ ရက်နေ့တွင် ပဲခူးမြို့ကိုလည်းကောင်း၊ မေလ ၂ ရက်နေ့တွင် ရန်ကုန်မြို့နှင့် ပြည်မြို့ကိုလည်းကောင်း ပြန်လည်သိမ်းပိုက်ခဲ့ကြလေသည်။ ရန်ကုန်ကို မြန်မာတော်လှန်ရေး အင်အားစုများမှ တိုင်း ၂ ခေါင်းဆောင် ဗိုလ်မှူးကြီးနေဝင်း၏ တပ်များက မေလ ၁ ရက်နေ့ကပင် သိမ်းယူပြီး ဖြစ်လေသည်။

၁၉၄၅ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် မြန်မာ့တော်လှန်ရေး အင်အားစုများ၏ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် မဟာမိတ်ထိုးစစ်တပ်ဖွဲ့၏ စစ်ဦးစီး ဗိုလ်ချုပ်ဆာဝီလျံစလင်းတို့သည် တွေ့ဆုံခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက မိမိသည် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့၏ ကိုယ်စားလှယ်ဖြစ်သည်၊ မိမိအဖွဲ့၏ ရည်ရွယ်ချက်မှာ လွတ်လပ်သော အမျိုးသားအစိုးရကို တည်ထောင်ဖွဲ့စည်းမည်ဖြစ်ကြောင်း ရှင်းပြခဲ့၏။

ဗိုလ်ချုပ်ကြီးစလင်းက ဖက်ဆစ်တော်လှန်ရေးတပ်မတော်များကို မဟာမိတ်တပ် လက်အောက်တွင် ပူးပေါင်းရန် အကြံပေးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းက မိမိ၏တပ်များကို မဟာမိတ်တပ်များ လက်အောက်တွင် ပူးပေါင်းရန် လက်ခံကြောင်း၊ သို့သော် မိမိ၏တပ်များသည် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီး၏ သစ္စာကိုသာ စောင့်သိနိုင်မည်ဖြစ်ကြောင်းဖြင့် ပြတ်ပြတ်သားသား



တင်ပြခဲ့လေသည်။ ထိုဆွေးနွေးပွဲပြီးသည့်နောက်ပိုင်း၌ ပြည်သူ့လွတ်လပ်ရေးတပ်မတော်အား ဗမာ့မျိုးချစ်တပ်မတော် (Patroic Burmese Force) အဖြစ် မဟာမိတ်တပ်မတော်က အသိအမှတ်ပြုခဲ့လေသည်။

**တော်လှန်ရေးအတွင်းမှ ဝမ်းနည်းဖွယ်ဖြစ်ရပ်များ။** ။ မြန်မာတော်လှန်ရေး အင်အားစုများသည် တိုင်းအသီးသီးမှ ဖက်ဆစ်ဂျပန်များကို တစ်ခဲနက် တော်လှန်တိုက်ခိုက်နေစဉ်အတွင်းဝယ် ဂျပန်များသည် မြန်မာများကို သတ်ဖြတ်ညှဉ်းဆဲမှုများ အစွမ်းကုန် လုပ်ဆောင်လျက်ရှိခဲ့ကြသည်။ မြန်မာခေါင်းဆောင်အများသည် ဖက်ဆစ်ဂျပန်များ၏ လက်ချက်ဖြင့် ရက်စက်စွာ အသတ်ခံခဲ့ကြရလေသည်။ တော်လှန်ရေးရဲဘော်များနှင့် ပတ်သက်သူများ၊ ဆွေမျိုးမိတ်သင်္ဂဟများကို ဖက်ဆစ်ဂျပန်များသည် အရမ်းမဲ့ ဖမ်းဆီးပြီးလျှင် တစ်စုံတစ်ရာ စစ်ဆေးစုံစမ်းခြင်းမရှိဘဲ သတ်ဖြတ်ခဲ့ကြသည်ကို ဝမ်းနည်းဖွယ် ကြားသိကြရလေသည်။ မည်သို့ပင်ဖြစ်စေ၊ အသတ်ခံရသော ရဲဘော်များသည် ဖက်ဆစ်တော်လှန်ရေးအတွင်း၌ ဂျပန်များနှင့် တိုက်ခိုက်ရင်း ကျဆုံးခဲ့သည့် အာဇာနည်ခေါင်းဆောင်များကဲ့သို့ပင် တိုင်းပြည်၏ သူရဲကောင်းများအဖြစ် ကျဆုံးကြရခြင်းကိုကား ဂုဏ်ယူဖွယ် ဖြစ်ပေသည်။

**မြောင်းမြမှ အာဇာနည် ၄၉ ဦး။** ။ မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့များဖြစ်သော ဝါးခယ်မ၊ ကျုံမငေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ မြောင်းမြမြို့များရှိ သခင်ခေါင်းဆောင်များကို ၁၉၄၅ ခုနှစ်၊ ဖက်ဆစ်တော်လှန်ရေး ဖြစ်ပေါ်ပြီးသည့်အချိန့်တွင် ဂျပန်များက ဖမ်းဆီး၍ မြောင်းမြထောင်သို့ ပို့လိုက်သည်။ အဆိုပါ သခင်ခေါင်းဆောင်များအနက် အချို့မှာ မြောင်းမြထောင်သို့ပင် ရောက်မလာဘဲနှင့် လမ်းတွင်ပင် ဂျပန်တို့၏ လှံစွပ်ကစားခြင်းဖြင့် ရက်စက်စွာ သတ်ဖြတ်ခံကြရလေသည်။

ထိုသို့ အသတ်ခံရသူ၌ ဝါးခယ်မမှ ရဲဝန်ထောက် ဦးထွန်းဖေဆိုသူ၏ အဖြစ်မှာ ရင်နင့်စရာကောင်းလှသည်။ ဦးထွန်းဖေသည် အင်္ဂလိပ်ခေတ်က ရာဇဝတ်အုပ်ဘဝဖြင့် ရှိစဉ်ကပင် မျိုးချစ်စိတ် ထက်သန်ခဲ့သူတစ်ဦးဖြစ်ပြီးလျှင် အမျိုးသားရေးလှုပ်ရှားမှုကို တတ်အားသရွေ့ ကူညီသူဖြစ်သည်။ ဦးထွန်းဖေနှင့် ကျွန်းကုန်းဆန်စက်ပိုင်ရှင် စီမောင်တင်ဆိုသူကို ဂျပန်များက ဖမ်းဆီး၍ ဝါးခယ်မ တစ်ဖက်ကမ်း၌ လှံစွပ်ဖြင့် ရက်စက်စွာ ထိုးသတ်၍ အလောင်းများကို ကောက်ရိုးပုံထဲတွင် ထည့်လျက် မီးရှို့ခဲ့ကြသည်။

ဂျပန်များသည် မြောင်းမြထောင်ကြီးထဲတွင် ချုပ်နှောင်ထားသော သခင်များ အပါအဝင် မြန်မာခေါင်းဆောင် ၄၉ ဦးကိုလည်း ဖက်ဆစ်တော်လှန်ရေးကာလတွင် ရက်စက်စွာ သတ်ဖြတ်ခဲ့ကြသည်။ ဤအဖြစ်ဆိုးကြီးမှာ ဖက်ဆစ်တို့

www.burmeseclassic.com

www.burmeseclassic.com



၏ ယုတ်မာရက်စက်မှုကြီးကို ယနေ့အထိ မမေ့နိုင်စရာ ဖြစ်နေခဲ့လေသည်။ မြောင်းမြထောင်တွင် အကျဉ်းချထားသော မြန်မာခေါင်းဆောင်များထဲမှ ဂျပန်များ၏ အသတ်ခံရသူများမှာ သခင်သောင်းဖေ၊ သခင်ဗထွန်းရင်၊ သခင်အေးအောင် (သခင်ဗထွန်းရင်၏ ညီ)၊ လပွတ္တာမြို့ စက်ပိုင် ဦးဘစိန်(စာရေးဆရာ မောင်ထင်၏ ဦးလေး)၊ သခင်ဝင်းထိန်(စာရေးဆရာ မောင်ထင်၏ညီ)၊ လပွတ္တာ သခင်ကျော် စသည့် ရဲဘော်များအပါအဝင် စုစုပေါင်း ၄၉ ဦးတို့ ဖြစ်ကြသည်။

မြောင်းမြမှ ဂျပန်တပ်များသည် မြောင်းမြမြို့မှ ရေလမ်းဖြင့် ဆုတ်ခွာသွားခဲ့ပြီးမှ ပုသိမ်မြို့မှ ဆုတ်ခွာလာခဲ့သော ဂျပန်ရေတပ်မတော်မှ ဗိုလ်များ၊ အကြပ်တပ်သားများသည် မြောင်းမြမြို့ပေါ်သို့ တက်ရောက်ရမ်းကားသွားခဲ့ကြသည်။ ၁၉၄၅ ခုနှစ်၊ ဧပြီလကုန်တွင် မြောင်းမြမြို့သို့ ရောက်လာကြသော အဆိုပါ ဂျပန်ရေတပ်များသည် မြောင်းမြအကျဉ်းထောင်၌ ချထားသော သခင်ခေါင်းဆောင် ၄၉ ဦး ကို တစ်ညဉ့်တွင် ထောင်မှ ခေါ်ထုတ်သွားပြီးနောက် မြောင်းမြမြို့စွန်ရှိ ဦးအောင်ခိုင်၊ ဦးစိန်ဒိန်တို့၏ မိဘများပိုင်သည့် ခြံကြီးတစ်ခြံအတွင်း၌ တစ်ဦးစီအား ဓက်ကို ဓားဖြင့် ပိုင်းသတ်ကြလေသည်။ ထို့နောက် သခင်ခေါင်းဆောင် ၄၉ ဦး၏ အလောင်းများကို အနီးရှိ ရေတွင်းပျက်ကြီးထဲသို့ ပစ်ချကြသည်။ ထို့နောက် ရေတွင်းပတ်ဝန်းကျင်ရှိ အုတ်များ၊ ခဲများ၊ သဲများဖြင့် ရေတွင်းကို ပိတ်ဆို့ပြီး ရေတွင်းနှုတ်ခမ်းကို ချိုးဖဲ့လျက် ဖြိုချထားခဲ့ကြလေသည်။

ဂျပန်များ မြောင်းမြမှ ဆုတ်ခွာသွားပြီး နောက်တစ်နေ့တွင် မြို့လူကြီးများသည် မြောင်းမြထောင်မှ ဂျပန်များ ထုတ်ယူသွားသော တော်လှန်ရေးခေါင်းဆောင်သခင်များကို လိုက်လံရှာဖွေကြလေသည်။ ၃ ရက်တိုင်တိုင် ရှာဖွေ၍ မတွေ့ဘဲဖြစ်နေကြပြီးနောက်မှ မြို့အစွန်ရှိ ရေတွင်းပျက်ကြီးအထဲတွင် သွေးစသွေးနများ တွေ့သောကြောင့် ရေတွင်းပျက်ကြီးကို ဖော်ကြည့်ကြလေသည်။ ရေတွင်းပျက်ထဲမှ အပုပ်နံ့များ မခံနိုင်အောင် ထွက်လာပြီး ရေတွင်းဖော်သူများပင် မူးမေ့လဲကျသွားကြလေသည်။ ထို့ကြောင့် ရေတွင်းဘေးမှ နေ၍ ဥမင်လိုဏ်တူး၍ အလောင်းများကို ထုတ်ယူပြီးလျှင် ကျဆုံးသွားသောတော်လှန်ရေးခေါင်းဆောင်များကို အာဇာနည်သူရဲကောင်းများအဖြစ် ဂုဏ်ပြုသင်္ဂြိုဟ်ခဲ့ကြလေသည်။

**မော်လမြိုင်မှ အာဇာနည် ၂၆ ဦး။** ။ မြောင်းမြမှ အာဇာနည် ၄၉ ဦးကဲ့သို့ပင် မော်လမြိုင်မှ တော်လှန်ရေးခေါင်းဆောင်များ အပါအဝင် ရဲဘော် ၂၆ ဦးတို့သည်လည်း ဖက်ဆစ်တော်လှန်ရေးကာလတွင် ဂျပန်များက ရက်စက်စွာ သတ်ဖြတ်ခြင်းကို ခံခဲ့ကြရလေသည်။

အဆိုပါ အာဇာနည်ရဲဘော်များမှာ တော်လှန်ရေးလုပ်ငန်းများကို လုပ်ဆောင်နေကြစဉ်တွင် ဂျပန်စစ်ပုလိပ်များက ဖမ်းဆီးခြင်းကို ခံရပြီး မော်လမြိုင်



ထောင်ကြီးတွင် ချုပ်နှောင်ထားခဲ့လေသည်။ ၎င်းတို့ကို ၁၃၀၇ ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့တွင် ထောင်မှ ထုတ်သွားပြီး မော်လမြိုင်မြို့အနီး တေလေချောင်းရှာ၌ ဓားဖြင့် ရက်စက်စွာ ခုတ်ပိုင်းကြလေသည်။ ဖက်ဆစ်ဂျပန်များ၏ ရက်စက်ယုတ်မာစွာ သတ်ဖြတ်မှုကြောင့် အသက်စွန့်သွားကြသော တော်လှန်ရေးရဲဘော်များမှာ သံဃာ ၂ ပါး အပါအဝင် စုစုပေါင်း ၂၆ ဦး ဖြစ်သည်။ ၎င်းတို့မှာ ဦးနန္ဒသာရ၊ ဦးစန္ဒန၊ ဦးထွန်းငွေ၊ ဦးပါငယ်၊ ဦးကြူးဖေ၊ သခင်ဖိုးမဲ၊ သခင်ကျော်ဇ၊ သခင်သာဦး၊ သခင်သာဟန်၊ သခင်စံခင်၊ သခင်စံမြ၊ ကိုမြ၊ ကိုဉာဏ်ထွန်း၊ ကိုခင်မောင်ကြီး၊ ကိုထင်ပေါ်၊ ကိုဖေဆိုင်၊ ကိုတင်ဦး၊ ကိုကွန်သောင်၊ ကိုအောင်သောင်း၊ ကိုစံတင်၊ ကိုငြိမ်းမောင်၊ ကိုဝင်းသိန်း၊ ကိုချစ်သွင်၊ ကိုစိန်ဖေ၊ ကိုထွန်းကြိုင်၊ ကိုစောလွင် စသည့် အာဇာနည် ၂၆ ဦး ဖြစ်လေသည်။

အဆိုပါ တော်လှန်ရေးရဲဘော်များ၏ အလောင်းများကို မြေတွင် မြှုပ်ထားခဲ့ရာမှ ၁၃၀၉ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်နေ့တွင် မော်လမြိုင် ပြည်သူ့ရဲဘော်အဖွဲ့မှ ပြန်လည်တူးဖော်၍ အရိုးအိုးများတွင် ထည့်ပြီး မော်လမြိုင်မြို့ မိုင်ဒါကွင်းရှိ အာဇာနည်ဗိမာန်သို့ ပြောင်းရွှေ့ထားရှိခဲ့ကြလေသည်။

အထက်ဖော်ပြခဲ့သော ဝမ်းနည်းဖွယ်ရာ ရက်စက်စွာ သတ်ဖြတ်မှုကြီးများမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလအတွင်းက ဂျပန်များ၏ အသတ်ခံကြရသော မြန်မာ့တော်လှန်ရေးသမားများထဲမှ ဖြစ်ရပ်အချို့သာ ဖြစ်ပါသည်။ ခရိုင်တိုင်းတွင် မြန်မာတော်လှန်ရေးသမားများကိုလည်းကောင်း၊ တော်လှန်ရေးနှင့် မပတ်သက်သူ အရပ်သားများကိုလည်းကောင်း ဂျပန်များက တစုတဝေးတည်း ဖမ်းဆီးပြီးလျှင် ရက်စက်စွာ သတ်ဖြတ်ခဲ့ကြပေသည်။ သမိုင်းမတင်နိုင်ခဲ့ကြဘဲ အသက်စွန့်သွားခဲ့ကြရရှာသော တော်လှန်ရေးသမား ရဲဘော်များ၊ အာဇာနည်များမှာ မြန်မာနိုင်ငံအရပ်ရပ်တွင် များပြားစွာ ရှိနေခဲ့ကြလေသည်။

**တော်လှန်ရေးအတွင်း နစ်ဖက်အကျအဆုံး။** ။ ဤသို့ဖြင့် မြန်မာနိုင်ငံအရပ်ရပ်တွင် ဖက်ဆစ်တော်လှန်ရေးကြီးကို ဆင်နွှဲနေစဉ်အတွင်းဝယ် မြန်မာတော်လှန်ရေးသမားများသည် ဖက်ဆစ်ဂျပန်များကို နေရာတိုင်းတွင်ပင် ဝင်ရောက်တိုက်ခိုက်ခဲ့ကြရာမှ နှစ်ဖက်အကျအဆုံးများစွာ ရှိခဲ့လေသည်။

မြန်မာတော်လှန်ရေး အင်အားစုများသည် ဂျပန်များထက် အကျအဆုံး နည်းပါးခဲ့လေသည်။ မြန်မာတော်လှန်ရေးအင်အားစုများက အကျအဆုံး နည်းပါးရခြင်းမှာ ဒေသကျွမ်းကျင်မှုရှိခြင်း၊ ဂျပန်များအား အလစ်တွင် ပြောက်ကျားစနစ်ဖြင့် ထိရောက်စွာ တိုက်ခိုက်ရခြင်းများသည် အကြောင်းတစ်ရပ်ဖြစ်လေသည်။

ပူးတွဲပါ ဇယားတွင် ဖက်ဆစ်တော်လှန်ရေးကာလက တော်လှန်ရေးတိုင်းအသီးသီးမှ ကျဆုံးခဲ့ကြသော မြန်မာ့တော်လှန်ရေးသမားများနှင့် ဖက်ဆစ်

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တပ်သားများစာရင်းကို နှိုင်းယှဉ်ဖော်ပြချက် ဖြစ်လေသည်။ ဤစာရင်းတွင် တိုင်းအသီးသီးမှ စာရင်းအပြည့်အစုံ မပါရှိပေ။ လက်လှမ်းမီရာ ရှာဖွေလေ့လာသိရှိရသည့် စာရင်းများကိုသာ ဖော်ပြလိုက်ရပေသည်။

**၁၉၄၅ ခုနှစ် မြန်မာနိုင်ငံ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး တပ်မတော် ၁၉၄၅ ခုနှစ်၊ မတ်လမှ ဩဂုတ်လအထိ ဖက်ဆစ်တော်လှန်ရေးသမိုင်း အချို့တွင် တိုက်ခိုက်ခဲ့သည့် တိုက်ပွဲနှင့် သိမ်းဆည်းမိသော လက်နက်ပစ္စည်း စာရင်း။**

**မှတ်ချက်။** ။ (အောက်ပါတိုက်ပွဲစာရင်းနှင့် သိမ်းဆည်းမိသော လက်နက်စာရင်းတို့မှာ ရှာဖွေစုဆောင်း တွေ့ရှိသမျှဖြစ်ပါသည်။ ဤစာရင်းတွင် မပါဝင်သေးသော အချက်အလက် စာရင်းဇယားများစွာ ရှိနေဦးမည်ဟု ယုံကြည်ပါသည်။)

**(စာရေးသူ)**

| | |
|---|---|
| **၁။ တပ်အမည်** | **စစ်ဌာနချုပ်** |
| ၂။ တိုက်ပွဲပေါင်း | ၂ |
| ၃။ စစ်ခေါင်းဆောင်အမည် | ဗိုလ်မှူးဇေယျ |
| ၄။ ရန်သူအင်အား | ၁၄၀ |
| ၅။ ရန်သူကျဆုံး | ၇၀ |
| ၆။ ရန်သူဒဏ်ရာရ | ၁၀ |
| ၇။ ရန်သူစစ်သားသုံ့ပန်း | ၄ |
| ၈။ တော်လှန်ရေးတပ်ကျဆုံး | ၁ |
| ၉။ တော်လှန်ရေးတပ် ဒဏ်ရာရ | ၂ |
| ၁၀။ သိမ်းဆည်းမိ ဂျပန်ရိုင်ဖယ် | ၃၀ |
| ။ ခြောက်လုံးပြူး | ၁ |
| ။ တော်မီဂန်း | ၁ |
| ။ လှံစွပ် | ၃ |
| ။ ပစ္စတို | ၁ |
| ။ ဂျပန်ဓားရှည် | ၃ |



| | |
|---|---|
| **၁။ တပ်အမည်** | **တိုင်း (၁)** |
| ၂။ တိုက်ပွဲပေါင်း | ၇၃ |
| ၃။ စစ်ခေါင်းဆောင်အမည် | ဗိုလ်မောင်မောင် |
| ၄။ ရန်သူအင်အား | ၆၅၇၅ |
| ၅။ ရန်သူကျဆုံး | ၁၀၇၇ |
| ၆။ ရန်သူဒဏ်ရာရ | ၁၅၅ |
| ၇။ ရန်သူစစ်သုံ့ပန်း | ၉၇ |
| ၈။ တော်လှန်ရေးတပ် ကျဆုံး | ၃၂ |
| ၉။ တော်လှန်ရေးတပ် ဒဏ်ရာရ | ၂၄ |

| | |
|---|---|
| **၁။ တပ်အမည်** | **မြစ်ဝကျွန်းပေါ်တိုင်း** |
| ၂။ တိုက်ပွဲပေါင်း | ၃၁ |
| ၃။ စစ်ခေါင်းဆောင်အမည် | ဗိုလ်မှူးအောင်ကြီး |
| ၄။ ရန်သူအင်အား | ၈၂၀၀ |
| ၅။ ရန်သူကျဆုံး | ၅၅၃ |
| ၆။ ရန်သူဒဏ်ရာရ | ၂၀၁ |
| ၇။ ရန်သူစစ်သုံ့ပန်း | ၁ |
| ၈။ တော်လှန်ရေးတပ် ကျဆုံး | ၁၈ |
| ၉။ တော်လှန်ရေးတပ် ဒဏ်ရာရ | ၄ |
| ၁၀။ သိမ်းဆည်းမိ ဂျပန်ရိုင်ဖယ် | ၁၄ |
| ။ ခြောက်လုံးပြူး | ၁ |
| ။ စက်ကလေး | ၁ |
| ။ အင်္ဂလိပ်ရိုင်ဖယ် | ၄ |
| ။ ဂျပန်ရိုင်ဖယ်ကျည်ဆန် | ၁၁၃၀ |

| | |
|---|---|
| **၁။ တပ်အမည်** | **တိုင်း (၄)** |
| ၂။ တိုက်ပွဲပေါင်း | ၃၂၄ |
| ၃။ စစ်ခေါင်းဆောင်အမည် | ဗိုလ်မှူးကျော်ဇော |
| ၄။ ရန်သူကျဆုံး | ၂၇၇၄ |
| ၅။ ရန်သူဒဏ်ရာရ | ၁၁၈၄ |
| ၆။ ရန်သူစစ်သုံ့ပန်း | ၂၅ |
| ၇။ တော်လှန်ရေးတပ်ကျဆုံး | ၇၆ |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၈။ တော်လှန်ရေးတပ် ဒဏ်ရာရ | ၇၂ |
| ၉။ သိမ်းဆည်းမိ ဂျပန်ရိုင်ဖယ် | ၁၄၉ |
| ခြောက်လုံးပြူး | ၂ |
| ။ လက်ပစ်ဗုံး | ၁၆၈ |
| ။ မော်တော်ကား | ၄ စီး |
| ။ ဂျပန်ရိုင်ဖယ်ကျည်ဆန် | ၈၉၆၄ |
| ။ လုံ့စွပ် | ၅၁ |
| ။ ပစ္စတို | ၁၀ |

| | |
|---|---|
| **၁။ တပ်အမည်** | **တိုင်း (၆)** |
| ၂။ တိုက်ပွဲပေါင်း | ၃၅၇ |
| ၃။ စစ်ခေါင်းဆောင်အမည် | ဗိုလ်မှူးရဲထွဋ် |
| ၄။ ရန်သူကျဆုံး | ၄၀၃၅ |
| ၅။ ရန်သူဒဏ်ရာရ | ၂၇၅၉ |
| ၆။ ရန်သူစစ်သုံ့ပန်း | ၁၃၈ |
| ၇။ တော်လှန်ရေးတပ်ကျဆုံး | ၁၁၇ |
| ၈။ တော်လှန်ရေးတပ် ဒဏ်ရာရ | ၅၇ |
| ၉။ သိမ်းဆည်းမိ ဂျပန်ရိုင်ဖယ် | ၇၆၇ |
| ။ လက်ပစ်ဗုံး | ၁၀၉၇ |
| ။ စတင်းဂန်း | ၃၁ |
| ။ စိန်ပြောင်း | ၅ |
| ။ ဂျပန်ရိုင်ဖယ်ကျည်ဆန် | ၁၅၀ |
| ။ လုံ့စွပ် | ၂ |

| | |
|---|---|
| **၁။ တပ်အမည်** | **တိုင်း (၇)** |
| ၂။ တိုက်ပွဲပေါင်း | ၂၁ |
| ၃။ စစ်ခေါင်းဆောင်အမည် | ဗိုလ်မှူးအောင် |
| ၄။ ရန်သူအင်အား | ၈၀၀၀ |
| ၅။ ရန်သူကျဆုံး | ၃၀၂၃ |
| ၆။ ရန်သူဒဏ်ရာရ | ၂၈၃ |
| ၇။ စစ်သုံ့ပန်း | ၅၀ |
| ၈။ တော်လှန်ရေးတပ်ကျဆုံး | ၆၂ |



| | |
|---|---|
| ၉။ တော်လှန်ရေးတပ် ဒဏ်ရာရ | ၂၆ |
| ၁၀။ သိမ်းဆည်းမိ ဂျပန်ရိုင်ဖယ် | ၃၆၁ |
| ။ ခြောက်လုံးပြူး | ၄၄ |
| ။ လက်ပစ်ဗုံး | ၉၇ |
| ။ ဘရင်းဂန်း | ၅ |
| ။ စက်ကလေး | ၁၀ |
| ။ တော်မီဂန်း | ၄ |
| ။ မော်တော်ကား | ၁ |
| ။ ဂျပန်အမြောက်ကြီး | ၅ |
| ။ စိန်ပြောင်း | ၁၀ |
| ။ ဂျပန်ရိုင်ဖယ်ကျည်ဆန် | ၃၅၈၇၀ |
| ။ လုံ့စွပ် | ၉၀၉ |
| ။ ပစ္စတို | ၂၃ |

| | |
|---|---|
| **၁။ တပ်အမည်** | **တပ်ရင်း (၇)** |
| ၂။ တိုက်ပွဲပေါင်း | ၁၈ |
| ၃။ စစ်ခေါင်းဆောင်အမည် | ဗိုလ်မောင်လေးနှင့် ဗိုလ်မှူးဗလ |
| ၄။ ရန်သူအင်အား | ၂၃၀၂ |
| ၅။ ရန်သူကျဆုံး | ၁၉၂ |
| ၆။ ရန်သူဒဏ်ရာရ | ၁၅၃ |
| ၇။ ရန်သူစစ်သုံ့ပန်း | ၃ |
| ၈။ တော်လှန်ရေးတပ် ကျဆုံး | ၆ |
| ၉။ တော်လှန်ရေးတပ် ဒဏ်ရာရ | ၂ |
| ၁၀။ သိမ်းဆည်းမိ ဂျပန်ရိုင်ဖယ် | ၃၃ |
| ။ ခြောက်လုံးပြူး | ၂ |
| ။ လက်ပစ်ဗုံး | ၁၅ |
| ။ ဂျပန်ရိုင်ဖယ်ကျည်ဆန် | ၁၁၃၆ |
| ။ လုံ့စွပ် | ၅ |

| | |
|---|---|
| **၁။ တပ်အမည်** | **စက်အမြောက်တပ်ရင်း** |
| ၂။ တိုက်ပွဲပေါင်း | ၉ |
| ၃။ စစ်ခေါင်းဆောင်အမည် | ဗိုလ်မှူးမြင့်အောင် |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၄။ ရန်သူအင်အား | ၃၀၈၆ |
| ၅။ ရန်သူကျဆုံး | ၄၇ |
| ၆။ ရန်သူဒဏ်ရာရ | ၃ |
| ၇။ တော်လှန်ရေးတပ်ကျဆုံး | ၆ |
| ၈။ ဒဏ်ရာရ | ၂ |
| ၉။ သိမ်းဆည်းဂျပန်ရိုင်ဖယ် | ၃ |

**ဒ။ တပ်အမည်** **အထက်ဗမာပြည်တိုင်း**

| | |
|---|---|
| ၂။ တိုက်ပွဲပေါင်း | ၄၇ |
| ၃။ စစ်ခေါင်းဆောင်အမည် | ဗိုလ်မှူးဗထူး |
| ၄။ ရန်သူအင်အား | ၈၁၈၁ |
| ၅။ ရန်သူကျဆုံး | ၃၁၃ |
| ၆။ ရန်သူဒဏ်ရာရ | ၃၁ |
| ၇။ ရန်သူစစ်သုံ့ပန်း | ၂ |
| ၈။ တော်လှန်ရေးတပ် ကျဆုံး | ၁၇ |
| ၉။ တော်လှန်ရေးတပ် ဒဏ်ရာရ | ၅ |
| ၁၀။ သိမ်းဆည်းမိ ဂျပန်ရိုင်ဖယ် | ၅၀ |
| ။ ဘရင်းဂန်း | ၂ |
| ။ စက်ကလေး | ၂ |
| ။ မော်တော်ကား | ၂ |
| ။ စိန်ပြောင်း | ၁ |
| ။ ဂျပန်ဓားရှည် | ၁ |

**စုစုပေါင်း စာရင်းချုပ်**

| | |
|---|---|
| ၁။ တိုက်ပွဲပေါင်း | ၈၇၂ |
| ၂။ ရန်သူအင်အား | ၃၆၄၈၄ |
| ၃။ ရန်သူကျဆုံး | ၁၂၀၈၄ |
| ၄။ ရန်သူဒဏ်ရာရ | ၄၇၇၆ |
| ၅။ ရန်သူစစ်သုံ့ပန်း | ၃၃၀ |
| ၆။ တော်လှန်ရေးတပ်ကျဆုံး | ၃၃၅ |
| ၇။ တော်လှန်ရေးဒဏ်ရာရ | ၁၉၄ |
| ၈။ သိမ်းဆည်းမိ ဂျပန်ရိုင်ဖယ် | ၁၄၇၄ |



| | |
|---|---|
| ။ ခြောက်လုံးပြူး | ၅၀ |
| ။ လက်ပစ်ဗုံး | ၁၃၇၇ |
| ။ ဘရင်းဂန်း | ၇ |
| ။ စက်ကလေး | ၁၃ |
| ။ တော်မီဂန်း | ၅ |
| ။ မော်တော်ကား | ၇ |
| ။ အင်္ဂလိပ်ရိုင်ဖယ် | ၄ |
| ။ ဂျပန်အမြောက်ကြီး | ၅ |
| ။ စတင်းဂန်း | ၃၁ |
| ။ စိန်ပြောင်း | ၁၆ |
| ။ ဂျပန်ရိုင်ဖယ်ကျည်ဆန် | ၄၇၂၅၀ |
| ။ လုံခွပ် | ၉၇၀ |
| ။ ပစ္စတို | ၃၄ |
| ။ ဂျပန်ဓားရှည် | ၄ |

အထက်ပါတိုက်ပွဲစာရင်းများမှ ရမည်းသင်းတိုက်ပွဲများတွင် ကျဆုံးသော ဂျပန်တပ်များ၌ ဗိုလ်ချုပ်တစ်ဦးပါဝင်၍ ဂျပန်သံချပ်ကာကားများကို တော်လှန်ရေးတပ်သားများက တိုက်ခိုက်ဖောက်ခွဲ ဖျက်ဆီးနိုင်ခဲ့လေသည်။

တိုင်းအမှတ် ၄ မှ တိုက်ပွဲများတွင် ဂျပန် မီးရထားခေါင်းတွဲများ၊ ဂုန်တွဲများ၊ တံတားများကို တော်လှန်ရေးတပ်သားများက ဖောက်ခွဲဖျက်ဆီးခဲ့ပြီး ဂျပန်စစ်ကား ၂၄ စီးကို မီးရှို့ခဲ့၍ တယ်လီဖုန်းကြိုးများစွာကို ဖြတ်တောက်ခဲ့ကြသည်။

တော်လှန်ရေးတိုက်ပွဲအသီးသီးတွင် ကျဆုံးသူ ဂျပန်တပ်သားများအနက် အရာရှိများစွာ ပါဝင်လျက် ဖမ်းမိသော စစ်သုံ့ပန်းများ၊ ဒဏ်ရာရနေသူများတွင်လည်း ဗိုလ်မှူးအဆင့်မှ အောက်အရာရှိများစွာ ပါရှိပါသည်။ မြန်မာတော်လှန်ရေးအင်အားစုများသည် ဂျပန်၏ စစ်သုံ့ပန်းများကို ကောင်းစွာပြုစုကျွေးမွေးထားခဲ့ကြလေသည်။

**စစ်ဏ်နိဂုံး။** ။ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် အမေရိကန်စစ်တပ်မတော်သည် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ပေါ်သို့ အဏုမြူဗုံး စတင်ကြဲချခဲ့သည်။ ဒဏ်ကြောင့် လူပေါင်းများစွာတို့မှာ လုပ်ကိုင်စားသောက်ခြင်းမပြုနိုင်သည်အထိ ဒဏ်ရာပြင်းထန်စွာ ရရှိသွားခဲ့၏။ မြို့မှာလည်း ပြာကျပျက်စီးသွားလေသည်။ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ဂျပန်နိုင်ငံ နာဂါဆာကီမြို့ပေါ်သို့ အမေရိကန်လေယာဉ်များက အဏုမြူဗုံး ထပ်မံကြဲချပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် ဂျပန်နိုင်ငံမှ လက်နက်ချ အရှုံးပေးမည်ဖြစ်ကြောင်း အမေရိကန် စစ်ဌာနချုပ်သို့ အကြောင်းကြားခဲ့သည်။ ဩဂုတ်လ ၁၅ ရက်နေ့၌ ဂျပန်နိုင်ငံသည် လုံးဝလက်နက်ချ အညံ့ခံကြောင်း ကမ္ဘာသို့ ကြေညာခဲ့ခြင်းကြောင့် အင်္ဂလိပ်-ဂျပန်စစ်ကြီးမှာ ပြီးဆုံးသွားခဲ့လေသည်။

ထူးခြားချက်တစ်ရပ်။ ။ တော်လှန်ရေးကြီး၏ ထူးခြားချက်တစ်ရပ်မှာ လူတန်းစားပေါင်းစုံ ကျား၊မ မရွေး ပါဝင်ဆင်နွှဲကြခြင်းပင် ဖြစ်လေသည်။ တော်လှန်ရေးကြီး၌ အထူးသဖြင့် အမျိုးသမီးများ ပါဝင်လှုပ်ရှားခဲ့ခြင်းသည် သမိုင်းတင်ရမည့် အချက်တစ်ရပ်ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ၏ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်း၍ ရှေ့ဆုံးမှ တိုက်ပွဲဝင်ခဲ့ရပြီး ဖြစ်ပေသည်။ ထို့အတွက် ယခုဖက်ဆစ်တော်လှန်ရေးကြီးတွင်လည်း မြန်မာအမျိုးသမီးများသည် မိမိတို့အဖေ၊ မောင်၊ ခင်ပွန်း၊ မိတ်ဆွေ စသည့် တော်လှန်ရေးရဲဘော်များနှင့် အတူတကွ ရှေ့တန်းက ပါဝင်၍ ဖက်ဆစ်တော်လှန်ရေးလှုပ်ရှားမှုကြီးတွင် ရဲရဲဝံ့ဝံ့ ဆင်နွှဲခဲ့ကြလေသည်။

မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက ဖက်ဆစ်တော်လှန်ရေးတွင် ရှေ့တန်းက ပါဝင်ခဲ့ခြင်းမှာ အလွန်သဘာဝကျသည်ဟု ဆိုရပေမည်။ မြန်မာမျိုးသည် ဖိနှိပ်ချုပ်ချယ်စော်ကားမှုကို ဆတ်ဆတ်ထိမခံသော လူမျိုးဖြစ်သည်ဆိုခြင်းကိုလည်း ပို၍ ထင်ရှားစေခဲ့ပေသည်။ အကြောင်းမှာ ဂျပန်တပ်သားများသည် မြန်မာနိုင်ငံကို ဝင်လာသည့် နေ့က စ၍ တွေ့သည့် နေရာမှ အမျိုးသမီးများကို ခင်ပွန်းမိဘများရှေ့တွင်ပင် ရိုင်းစိုင်းယုတ်မာစွာ မုဒိမ်းကျင့်ကြလေသည်။ အစပထမတွင် ဖက်ဆစ်ဂျပန်များသည် မြန်မာ့လွတ်လပ်ရေးအတွက် ကယ်တင်ရှင်ကြီးများဟု မြန်မာတစ်မျိုးသားလုံးက ယူဆသကဲ့သို့ပင် မြန်မာအမျိုးသမီးများကလည်း ထင်မှတ်ယုံကြည်ခဲ့ကြသည်မှာ အမှန်ဖြစ်ပေသည်။

သို့သော် တကယ်နဖူးတွေ့ဒူးတွေ့ တွေ့ရသည့်အခါတွင်ကား ဂျပန်တို့သည် မြန်မာအမျိုးသားများ၏ လွတ်လပ်ရေးကယ်တင်ရှင်ကြီးများမဟုတ်ဘဲ မြန်မာတို့၏ ပစ္စည်းများကို ဓားပြတိုက်ယူခြင်း၊ မြန်မာအမျိုးသမီးများကို အဓမ္မ မုဒိမ်းကျင့်ကြခြင်း စသည့် ဆိုးဝါးယုတ်မာသည့် လူဆိုးဓားပြများသာ ဖြစ်နေသည်ကို တွေ့ရသောအခါ ဘဝပေးအသိ၏ နာကြည်းချက်ဖြင့် အမျိုးသမီးများတို့သည် ဖက်ဆစ်တော်လှန်ရေးကြီး၏ တပ်ဦးမှ ပါဝင်ဆင်နွှဲခဲ့ကြလေတော့သည်။

မြန်မာအမျိုးသမီးများသည်လည်းကောင်း၊ ပျိုရွယ်နုနယ်သော အမျိုးသမီးကလေးများသည်လည်းကောင်း ဈေးသည်အသွင်ဖြင့် တစ်မျိုး၊ ကျောင်းသူအသွင်ဖြင့် တစ်သွယ်၊ အမျိုးမျိုးရုပ်ဖျက်လှုပ်ရှား၍ ဖက်ဆစ်ဂျပန်တို့၏ အသွားအလာများကို ကင်းထောက်လုပ်ငန်း လုပ်သူများ ရှိသလိုပင် အချို့သည် ရှေ့တန်း



စစ်မျက်နှာသို့ ထွက်၍ လက်နက်ကိုင်လျက် ဖက်ဆစ်ဂျပန်များကို ရင်ဆိုင်တိုက်ခိုက်ခဲ့ကြလေသည်။

ဖက်ဆစ်တော်လှန်ရေးတွင် အမျိုးသမီးများနည်းတူ ကလေးသူငယ်များသည်လည်းကောင်း၊ ရဟန်းသံဃာများသည်လည်းကောင်း၊ လက်လုပ်လက်စား အလုပ်သမား ဆင်းရဲသားများနှင့် ကျေးတောနေ တောင်သူလယ်သမားများသည်လည်းကောင်း ရှေ့တန်းမှ ပါဝင်ခဲ့သည့် သာဓကတစ်ခုကိုလည်း သမိုင်းတွင် မှတ်တမ်းတင်ကြရမည်ဖြစ်လေသည်။ မြန်မာနယ်ချဲ့တော်လှန်ရေးသမိုင်းတွင် ဘုန်းတော်ကြီးများသည် ဓားဆွဲ၍ တော်လှန်ခဲ့ကြသည့်နည်းတူဝင် ယခု ဖက်ဆစ်တော်လှန်ရေးကြီးတွင်လည်း သာသနာကို စော်ကား၍ ဘာသာရေးကို ထိပါးရှုတ်ချလာကြသည့် ဂျပန်များကို ဘုန်းတော်ကြီးများသည် တပ်ဦးမှ ပါဝင်ခုခံတော်လှန်ခဲ့လေသည်။ ထို့အတူပင် ကလေးငယ်များသည် ကင်းထောက်လုပ်ငန်းများကို လုပ်ဆောင်ရင်း ဂျပန်တပ်များ၏ အသွားအလာကို သတင်းပေးပို့ခြင်းတာဝန်ကို ယူခဲ့ကြ၏။ အလုပ်သမား၊ လယ်သမားထုကြီးသည်ကား ဖက်ဆစ်ဓားပြရိုင်းတို့၏ ရက်စက်ယုတ်မာမှုများကို ကိုယ်တွေ့ကြုံရသည့်သူများဖြစ်သည့်အားလျော်စွာပင် တော်လှန်ရေးကြီးတွင် ရှေ့တန်းမှ ပါဝင်တိုက်ခိုက်ကြခြင်းဖြစ်၏။ ဤသို့ဖြင့် တော်လှန်ရေးကြီး အောင်မြင်စွာ ဆင်နွှဲခဲ့ရာတွင် မြန်မာအလုပ်သမား လယ်သမား ဆင်းရဲသားများနှင့်အတူ ဘုန်းတော်ကြီးများ၊ ကလေးသူငယ်များ၊ မြန်မာအမျိုးသမီးများ ရဲဝံ့စွာ ပါဝင်ခဲ့သည်ကိုပင် သမိုင်းတင်ရန် အမှန်လိုအပ်လှပေသည်။

❐

www.burmeseclassic.com

## အခန်း (၈)

### ဖက်ဆစ်တော်လှန်ရေးဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံအခြေအနေ

### (က) တော်လှန်ရေးနှင့် မဟာမိတ် သေနာပတိချုပ်အမြင်

၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ရန်ကုန်မြို့ကို မြန်မာ့တော်လှန်ရေးအင်အားစုများ၏ ခေါင်းဆောင် ဗိုလ်မှူးကြီး နေဝင်း (ဗိုလ်ချုပ်ကြီးနေဝင်း)က သိမ်းယူခဲ့ပြီးသည့်နောက် မေလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာသော နိုင်ငံခြားသတင်းထောက်များကို ဖိတ်ခေါ်၍ ဗိုလ်မှူးကြီးနေဝင်းသည် သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့လေသည်။

ထိုသတင်းစာရှင်းလင်းပွဲ၌ ဗိုလ်မှူးကြီးနေဝင်းက နိုင်ငံခြားသတင်းထောက်များအား မြန်မာတော်လှန်ရေးအင်အားစုများက ဖက်ဆစ်ဂျပန်များအား အဘယ်ကြောင့် တော်လှန်ခဲ့ရသည်ကို ရှင်းပြခဲ့၏။ ဗိုလ်မှူးကြီးနေဝင်းက ရှင်းပြရာတွင် ဗမာ့တပ်မတော်သည် ၁၉၄၂ ခုနှစ်က အင်္ဂလိပ်ကို တိုက်ခိုက်ခဲ့ခြင်းမှာ ထိုစဉ်က နန်းရင်းဝန် ချာချီ၏ စစ်ကြေညာချက်သည် မြန်မာနိုင်ငံအတွက် အကျိုးကျေးဇူး တစ်စုံတစ်ရာမပါရှိခဲ့၍လည်းကောင်း၊ ဂျပန်တို့ကလည်း သူတို့နှင့် ပူးပေါင်းလျှင် မြန်မာပြည်ကို လွတ်လပ်ရေးပေးမည်ဟု ကတိပေးခဲ့၍လည်းကောင်း၊ ၎င်းကတိကိုလည်း ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ဂျပန်ဝန်ကြီးချုပ် တိုဂျိုအစိုးရက ဂျပန်ဒိုင်ယက် လွှတ်တော်တွင် အတိအလင်း ကြေညာခဲ့သဖြင့်လည်းကောင်း၊ ထိုအကြောင်းများကြောင့် အင်္ဂလိပ်ကို ခုခံတိုက်ခိုက်ခဲ့ရပေသည်၊ သို့သော် မြန်မာနိုင်ငံသို့ ဂျပန်များ ရောက်ရှိလာသော အခါတွင်မူ ဂျပန်တို့ ကတိမတည်သဖြင့် ကျွန်ုပ်တို့သည် ဂျပန်ကို ပြန်တိုက်ခဲ့ပြန်ပေသည်၊ ကျွန်ုပ်တို့သည် လွတ်လပ်ရေးကို လိုချင်လှ၍ အင်္ဂလိပ်ကို



လည်းကောင်း၊ ဂျပန်ကိုလည်းကောင်း နှစ်ကြိမ်တိုင် တိုက်ခဲ့ကြပြီဖြစ်ကြောင်း၊ နောင်ကိုလည်း မြန်မာနိုင်ငံ လွတ်လပ်ရေးရရန်အတွက် ဗမာ့တပ်မတော်သည် အသက်စွန့်ရန် အသင့်ရှိနေသည်၊ ဗမာ့လွတ်လပ်ရေးကို တားဆီးသူမှန်သမျှအား ဗမာ့တပ်မတော်သည် တိုက်ခိုက်ရန် သန္နိဋ္ဌာန်ချမှတ်လျက် အသင့်ပြင်ဆင်ထားပြီး ဖြစ်ကြောင်း ပြောဆိုသွားခဲ့လေသည်။

ဗိုလ်မှူးကြီးနေဝင်း၏ ရှင်းပြချက်များမှာ ထိုစဉ်က အခြေအနေနှင့် များစွာ လိုက်ဖက်ညီထွေ ရှိခဲ့လေသည်။ ထိုအချိန်တွင် မြန်မာတစ်နိုင်ငံလုံးသည် 'လွတ်လပ်ရေး'ဆိုသည့် စကားများကိုသာ ပြောလျက်ရှိသည်။ လွတ်လပ်ရေးရမည်ဆိုလျှင် နောက်ထပ် တိုက်ပွဲတွေ ဘယ်နှပွဲတိုက်ရ အသင့်ဖြစ်နေကြလေသည်။

ဖက်ဆစ်တော်လှန်ရေးကြီးကို ခေါင်းဆောင်၍ ဆင်နွှဲခဲ့ကြသော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးနှင့် ဖက်ဆစ်တော်လှန်ရေးခေါင်းဆောင်များကလည်း ရှေ့သို့ ဆက်၍လုပ်ရမည့် လုပ်ငန်းစဉ်များကိုသာ မျက်ခြည်မပြတ် သတိချပ်လျက်ရှိသည်။ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးနှင့် မြန်မာနိုင်ငံ လူထုသည် ထိုအချိန်က ခွဲမရအောင် ညီညွတ်နေခဲ့ကြသည်။ သို့သော် ထိုအဖြစ်ကို အင်္ဂလိပ်အစိုးရနှင့် မြန်မာပြည်ဘုရင်ခံတို့က မသိမမြင်နိုင်စွမ်းဖြစ်နေလေသည်။ ၎င်းတို့က ဖတပလကို သူပုန်တပ်ဖွဲ့တစ်ဖွဲ့အဖြစ်သာ မြင်နေကြလေသည်။ သို့သော် သူတို့ထဲ၌ပင် အမြင် ၂ မျိုး ကွဲနေလေသည်။ အောက်ပါစာတမ်းမှာ အာရှစစ်ဆင်ရေးအတွက် တာဝန်ယူခဲ့သော မဟာမိတ်တို့၏ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးလော့မောင့်ဘက်တန်က မြန်မာနိုင်ငံနှင့် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့အပေါ် ထင်မြင်ယူဆချက်များ ဖြစ်သည်။ မောင့်ဘက်တန်က မဟာမိတ်စစ်ဦးစီးအဖွဲ့သို့ တင်သွင်းသည့် အစီရင်ခံစာမှ ကောက်နုတ်ချက်ဖြစ်လေသည်။

'၁၉၄၃ ခုနှစ်၊ ဒီဇင်ဘာလမှ စ၍ ဖတပလ ခေါင်းဆောင်များသည် ကျွန်ုပ်တို့ ထောက်လှမ်းရေးအမှတ် ၁၃၆ သို့ တိတ်တဆိတ်ဆက်သွယ်ခဲ့သည်။ ထိုအချိန်မှ စ၍ ဖတပလ ကိုယ်စားလှယ်များသည် ကျွန်ုပ်တို့နှင့် မပြတ်ဆက်သွယ်ကြပြီးနောက် ဖက်ဆစ်တော်လှန်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြလေသည်။ ထိုသို့ စကားကမ်းလှမ်းချက်များကို ကျွန်ုပ်က ကြည်ဖြူစွာ လက်ခံသင့်သည်ဟု သဘောရပါသည်။ ကျွန်ုပ်တပ်များကို ကူညီလျက် ဖက်ဆစ်ဂျပန်များကို တော်လှန်ရန် ကမ်းလှမ်းလာသော မြန်မာနိုင်ငံအတွင်းရှိ တော်လှန်ရေးအင်အားစုများကို လက်နက်ထုတ်ပေးရန် ကျွန်ုပ် အမိန့်ချလိုက်ပါသည်။ ဘီဒီအေခေါ် ဗမာ့ကာကွယ်ရေးတပ်မတော်၌ လက်နက်အပြည့်အစုံပါသော ရဲဘော်များ အနည်းဆုံး ၅၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ခန့်ရှိသည်ဟု ကျွန်ုပ် မှန်းမိပါသည်။ သူတို့၏ ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းများ အောင်မြင်ရန်အတွက် ကျွန်ုပ်တို့၏ တပ်သားများသည် အစွမ်းကုန် အကူအညီပေးရမည်ဟုလည်း ကျွန်ုပ်သည် ညွှန်ကြားချက်များ ထုတ်ဆင့်ပြီးခဲ့လေပြီ။ ကျွန်ုပ်၏ ညွှန်ကြားချက်များကိုလည်း မဟာမိတ်စစ်ဦးစီးဌာနချုပ်က စစ်ဝန်ကြီးအဖွဲ့သို့ တင်ပြပြီးနောက် သဘောတူညီချက် ရခဲ့လေသည်။

ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွက် ဦးစီးခေါင်းဆောင် ပြုလုပ်လျက်ရှိသူ ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်ဘုရင်မင်းမြတ်၏ အစိုးရအား သစ္စာဖောက်လျက် ဂျပန်တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း သူ၏ဆောင်ရွက်ချက်များသည် မိမိနိုင်ငံကောင်းစားရေးအတွက် ရိုးသားသော ထင်မြင်ယူဆချက်ဖြင့် တည့်တည့်မတ်မတ် ဆောင်ရွက်ခြင်းမျှသာ ဖြစ်ခဲ့သည်ဟု ကျွန်ုပ် ယူဆသည်။ သူ၏နိုင်ငံကောင်းစားရေးအတွက် ဂျပန်တို့ အကူအညီဖြင့်သာ အောင်မြင်နိုင်မည်ဟု သူနှင့် ရဲဘော်တို့သည် ရိုးသားစွာ ယုံကြည်ခဲ့ကြသည်။

သူ၏ယူဆချက် များယွင်းကြောင်းကို ယခု သူ၏ လက်ကမ်းချက်ကို ကြည့်၍ သိသာနိုင်သည်။ ထို့ကြောင့် သူတို့က ကျွန်ုပ်တို့အား ကူညီ၍ ဖက်ဆစ်ဂျပန်များအား တော်လှန်ရန် စကားကမ်းလှမ်းလာခြင်းကို ကျွန်ုပ်တို့က အစွမ်းကုန် အကူအညီပေးရမည်။ ယင်းသို့ ကူညီခြင်းမှာ အီတလီနိုင်ငံ၏ မျိုးချစ်တော်လှန်ရေးသမားတို့အား မဟာမိတ်တို့က ကူညီသကဲ့သို့ပင် ဖြစ်၏။

မြန်မာနိုင်ငံအတွင်း ဖတပလခေါင်းဆောင်သော တော်လှန်ရေးအင်အားစုများနှင့် ကျွန်ုပ်တို့၏ ဆက်ဆံမှုသည် အင်္ဂလိပ်အစိုးရ၏ ဂုဏ်သတင်းကိုလည်း ပွံ့သင်းစေနိုင်၏။ ကျွန်ုပ်တို့၏ စစ်ပွဲကြီး၏ အဓိပ္ပာယ်ကိုလည်း ကမ္ဘာက ယခုထက် ပိုမိုရှင်းလင်းစွာ သိနိုင်မည်ဖြစ်ပေသည်။ မြန်မာနိုင်ငံသို့ ကျွန်ုပ် ပြန်လည်ဝင်ရောက်ခြင်းက မြန်မာအမျိုးသားများအား ကလဲ့စားချေရန် မဟုတ်၊ ညှဉ်းပန်းနှိပ်စက်ရန် မဟုတ်ဟူသောသဘောကို ထင်ရှားစွာ ပြကြရမည်။ ကျွန်ုပ်၏တပ်များသည် ရန်ကုန်မြို့ကို ပြန်လည်သိမ်းယူခဲ့ပြီးနောက် ကျွန်ုပ်လက်အောက်ရှိ မြို့ပြဆိုင်ရာ အရာရှိအချို့က ဖတပလအဖွဲ့ကြီးကို မတရားအသင်းအဖြစ် ကြေညာရန် ကျွန်ုပ်အား တိုက်တွန်းကြ၏။ သူတို့၏ အကြောင်းပြချက်မှာ ဗိုလ်ချုပ်အောင်ဆန်းအား ဆက်လက်၍ အသုံးပြုရန် မလိုတော့သဖြင့် သူ ယခင်က ကျူးလွန်ခဲ့သော ရာဇဝတ်ပြစ်မှုများအတွက် သူ့အား ရာဇဝတ်ကောင်အဖြစ် ဖမ်းဆီးရန် သင့်သည်ဟု အကြံပေးကြခြင်း ဖြစ်လေသည်။

ထိုအကြံပေးချက်ကို ကျွန်ုပ် လက်ခံလိုခြင်း မရှိပါ။ ယင်းအကြံပေးချက်ကို လက်ခံလျှင် ကျွန်ုပ်တို့ ဆင်နွှဲလျက်ရှိသော တိုက်ပွဲကြီးအပြင် မြန်မာနိုင်ငံအတွင်း နောက်ထပ်တိုက်ပွဲကလေးတစ်ခုကိုပါ ဆင်နွှဲရပေမည်၏။ ကျွန်ုပ်တို့၏ စစ်ပွဲကြီးမှာလည်း မပြီးသေးပေ။ မြန်မာနိုင်ငံတစ်ခုလုံးကို သိမ်းပိုက်ပြီးသည့်တိုင်အောင် ဆက်လက်၍ တိုက်ရမည့် စစ်ပွဲများ ရှိနေပါသေးသည်။



ထိုသို့ ကျွန်ုပ် ယူဆသဖြင့် ၁၉၄၅ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် လန်ဒန်မြို့ရှိ မဟာမိတ်စစ်ဦးစီးအဖွဲ့သို့ သံကြိုးရိုက်ပြီးလျှင် ညွှန်ကြားချက်များကို ကျွန်ုပ် တောင်းဆိုခဲ့ပါသည်။ ကျွန်ုပ်၏ အကြံပေးချက်မှာ မြန်မာတို့၏ အမျိုးသားတပ်မတော်သည် စနစ်တကျ ဖွဲ့စည်းထားသော တပ်မတော်ဖြစ်၍ အင်္ဂလိပ်စစ်တပ်များကဲ့သို့ ဆက်လက်၍ စနစ်တကျဖွဲ့စည်းရန် လိုအပ်ကြောင်း၊ ထိုသို့ဖွဲ့စည်းပြီးနောက် မဟာမိတ်စစ်တပ်များ၏ တစ်စိတ်တစ်ဒေသအဖြစ် အသိအမှတ်ပြုသင့်ကြောင်း၊ လစာ အစရှိသော ရသင့်ရထိုက်သော အခွင့်အရေးများကိုလည်း ရသင့်သည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ အမျိုးသားတပ်မတော်တွင် ပါဝင်ခဲ့ခြင်းမပြုဘဲ လက်နက်ကိုင်၍ သီးခြားရုပ်ပွေနေကြသူများကိုကား ဥပဒေကျူးလွန်သော ဓားပြလူဆိုးများသာ ဖြစ်ကြောင်းကို ကြေညာသင့်ကြောင်း ကျွန်ုပ် အကြံပေးခဲ့၏။

မဟာမိတ်စစ်ဦးစီးချုပ်သည် ကျွန်ုပ်၏ အကြံပေးချက်ကို သဘောတူလက်ခံခဲ့လေသည်။ ထိုသို့ ထားရှိသော ဝါဒကို လက်တွေ့အကောင်အထည်ဖော်ရာတွင် အခက်အခဲများစွာ ရှိမည်ကို ကောင်းစွာ သိပေသည်။ သို့သော် ဖက်ဆစ်ဂျပန်များကို တွန်းလှန်တိုက်ခိုက်ရာ၌ ကျွန်ုပ်တို့အတွက် နှုံကောင်း၍ သစ္စာရှိသော လူငယ်လူရွယ်တစ်သောင်းခန့် ရရှိခြင်းသည် များစွာတန်ဖိုးရှိလှ၏။

၁၉၄၅ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်ုပ်၏ စစ်ဌာနချုပ်သို့ လာရောက်၍ ဗိုလ်ချုပ်စလင်းနှင့် တွေ့ဆုံခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုသို့ တွေ့ဆုံစဉ်က ၎င်းမှာ ဖတပလအဖွဲ့က ဖွဲ့စည်းထားသော မြန်မာနိုင်ငံအစိုးရ၏ ကိုယ်စားလှယ်အဖြစ်နှင့် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ယင်းအစိုးရအဖွဲ့တွင် မိမိသည် စစ်ဝန်ကြီးဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရာတွင် တန်းတူမဟာမိတ်တစ်ဦးနှင့် တွေ့ဆုံခြင်းမျှသာဖြစ်ကြောင်း၊ မည်သူ၏လက်အောက်ငယ်သားအဖြစ်မှ လာရောက်ခြင်းမဟုတ်ကြောင်းကို ရှင်းလင်းစွာ ပြောလေတော့သည်။ ၎င်းနောက် မြန်မာအမျိုးသားတပ်မတော်၏ နောင်ရေးနှင့် ပတ်သက်၍လည်း သူတစ်ဦးတည်း မည်သို့မျှ ထင်မြင်ချက်မပေးနိုင်၊ ဖတပလအဖွဲ့ကြီးနှင့် တိုင်ပင်ပြီးမှ ပေးနိုင်မည်၊ နိုင်ငံရေး၊ စစ်ရေးများအတွက် ဖတပလအဖွဲ့ကြီးကသာလျှင် အဆုံးအဖြတ်ပေးနိုင်ကြောင်း၊ ယင်းအဖွဲ့ကြီး၏ ဝါဒနှင့် လုပ်ငန်းစဉ်များကိုလည်း ၁၉၄၄ ခုနှစ်၊ ဩဂုတ်လအတွင်းက ကြေညာပြီးဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းက ရှင်းလင်းပြသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ငင်းက ပြောဆိုရာတွင် ဖတပလအဖွဲ့ကြီးသည် ဖက်ဆစ်ဂျပန်များအား မြန်မာနိုင်ငံမှ မောင်းနှင်ထုတ်ရာတွင် မဟာမိတ်စစ်တပ်များကို အစွမ်းကုန် အကူအညီပေးရန်နှင့် မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီအုပ်ချုပ်ရေး အခြေခံစည်းမျဉ်း ဥပဒေတစ်ခု ပြဋ္ဌာန်းအတည်ပြုရန် ဖြစ်သည်ဟုလည်း ပါရှိသည်။ လိုအပ်လျှင် မြန်မာအမျိုးသားတပ်မတော်သည် မြန်မာနိုင်ငံ နယ်နိမိတ်မှ ကျော်လွန်၍ပင် ဖက်ဆစ်ဂျပန်များကို တိုက်ပါမည်ဟုလည်း ငင်းက ကတိပြုခဲ့သည်။

ကျွန်ုပ်သည် ဗိုလ်ချုပ်အောင်ဆန်း၏ ထုတ်ဖော်ပြောဆိုချက်များကို စစ်ဦးစီးအဖွဲ့သို့ ချက်ချင်းအစီရင်ခံလိုက်၏။ ကျွန်ုပ်၏ အကြံပေးချက်တွင် ဖတပလအဖွဲ့ကြီးသည် ဂျပန်ကို တော်လှန်နေသော အင်အားစုများသာ မဟုတ်။ အမျိုးသားတပ်ဦးကြီးတစ်ခုအဖြစ် တည်ရှိနေကြောင်း၊ မျိုးချစ်စိတ် ထက်သန်ပြီး ထထကြွကြွဆောင်ရွက်နိုင်သူ ခေါင်းဆောင်များ ပါဝင်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအတွက် ဘုရင်ခံဒေါ်မန်စမစ်၏ အစိုးရအဖွဲ့သစ် ဖွဲ့စည်းလျှင် ဖတပလ ကိုယ်စားလှယ်များကို ထည့်သွင်းရန် ကျွန်ုပ်က အကြံပေးခဲ့၏။ သို့ရာတွင် အိန္ဒိယနိုင်ငံ၌ပင် ရှိနေသော မြန်မာနိုင်ငံ ဒေါ်မန်စမစ်က ထိုကိစ္စကို မစဉ်းစားနိုင်သေးကြောင်း ကျွန်ုပ်ထံသို့ သံကြိုးဖြင့် အကြောင်းပြန်ခဲ့၏။

၁၉၄၅ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ကျွန်ုပ်တို့၏ ဗိုလ်ချုပ်တစ်ဦးဖြစ်သော မွန်တေဂူစတော့ဖို့ဒ်ထံမှ သံကြိုးစာတစ်စောင် ရခဲ့ရာ ငင်းသံကြိုး၌ သူသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းက သဘောထားကြီးစွာဖြင့် ဆက်လက်ကူညီရန် ကတိပေးသောကြောင့် မဟာမိတ်စစ်ဌာနများသို့ ငင်းကို လိုက်လံပြသပြီးလျှင် မြန်မာအမျိုးသားတပ်မတော်နှင့် စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးခဲ့ကြောင်း' ဖော်ပြပါရှိ၏။

မဟာမိတ် သေနာပတိချုပ် ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်၏ အစီရင်ခံစာတွင် ပါရှိသော အထက်ပါအချက်များသည် သမိုင်းကြောင်းအတွက် အလွန်တန်ဖိုးရှိလှပေသည်။ ငင်းအချက်များကို ကြည့်၍ မဟာမိတ်တပ်မတော်မှ စစ်အရာရှိများသည် မြန်မာတော်လှန်ရေးတပ်အင်အားစုများအပေါ် မည်သို့ တန်ဖိုးထားသည်ကို သိရှိနိုင်ပေသည်။

ဂျပန်တပ်များ လက်နက်ချပြီးသည့်နောက် မဟာမိတ်တို့၏ အမှတ် ၁၂ တပ်မတော် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ဆာမွန်တေဂူ စတော့ဖို့ဒ်က မျိုးချစ်ဗမာတပ်မတော် သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းထံသို့ အောက်ပါအတိုင်း သဝဏ်လွှာပို့ခဲ့သည်။

'ယခုအခါတွင် ဂျပန်သည် မြန်မာနိုင်ငံရှိ ဂျပန်လက်နက်ကိုင်တပ်များ လက်နက်ချရေးအတွက် စည်းကမ်းချက်များကို လက်ခံပြီဖြစ်ရာ ကျွန်ုပ်တို့သည်



သင်နှင့်တကွ မျိုးချစ်ဗမာတပ်မတော်သားအားလုံးကို သင်တို့တိုင်းပြည် လွတ်မြောက်ရေးအတွက် ဆောင်ရွက်ချက်များကို ကျေးဇူးတင် ချီးကျူးလိုပါသည်။ မျိုးချစ်ဗမာတပ်များသည် ကျွန်ုပ်တို့ မဟာမိတ်တပ်များနှင့် ပူးပေါင်းဆောင်ရွက်မှုမှာ ထိရောက်၍ ဂျပန်အမြောက်အမြားကို ကျဆုံးစေခဲ့လေသည်။ ဂျပန်ကျူးကျော်ရေးသမားတို့၏ ရန်မှ မိမိနိုင်ငံကို ကယ်တင်ရန် လှုံ့ဆော်ခဲ့သော မျိုးချစ်တပ်သားများ၏ စိတ်ဓာတ်သည် အနာဂတ်ကာလတွင် ဗမာတပ်မတော်သားများအဖြစ် တိုင်းပြည်ကို ကာကွယ်ရန် နမူနာဖြစ်စေမည်ဟု ကျွန်ုပ် ယုံကြည်သည်'

အထက်ပါ သဝဏ်လွှာသည် မြန်မာတော်လှန်ရေးအင်အားစုများအား မဟာမိတ်တပ် စစ်ခေါင်းဆောင်များက မည်မျှ တန်ဖိုးထားသည်ကို ထိထိရောက်ရောက် ဖော်ပြထားခြင်းဖြစ်ရာ ဖက်ဆစ်တော်လှန်ရေးတပ်သားများသည် မည်မျှ အရေးပါသည့်အပိုင်းမှ ပါဝင်ခဲ့သည်ကို မှတ်တမ်းတင်ရန် ဤသဝဏ်လွှာက သမိုင်း၌ အထောက်အပံ့ပြုနေမည် ဖြစ်လေသည်။

## (ခ) နေသူရိန်ညီလာခံနှင့် ကန္ဒီကွန်ဖရင့်

မြန်မာနိုင်ငံအနှံ့အပြား၌ ဖက်ဆစ်များအား သုတ်သင်ရှင်းလင်းရေးတာဝန်များ ပြီးစီးသွားသော်လည်း ဖတပလအဖွဲ့ကြီးသည် နောက်ထပ်ဆောင်ရွက်ရန် တာဝန်များစွာ ကျန်ရှိနေသည်ကို တွေ့ရလေသည်။ ငင်းတို့မှာ အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံကို စစ်အုပ်ချုပ်ရေး အစိုးရအဖွဲ့ဖြင့်သာ အုပ်ချုပ်နေသည်ကို အရပ်သားအစိုးရအဖွဲ့ဖြင့် အုပ်ချုပ်ရေးနှင့် မျိုးချစ်ဗမာတပ်တော်သားများအား စစ်တကျသိမ်းသွင်းရေးကိစ္စများ ဖြစ်လေသည်။ ငင်းကိစ္စများကို ဖတပလအဖွဲ့ခေါင်းဆောင်များနှင့် မဟာမိတ် တပ်မတော် အာဏာပိုင်များ တွေ့ဆုံ၍ ဆွေးနွေးခဲ့သော်လည်း အောင်မြင်မှုမရခဲ့သေးပေ။

ထို့ကြောင့် ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ ဖတပလအဖွဲ့ချုပ်ကြီးမှ ကြီးမှူး၍ အစည်းအဝေးတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့သည်။ ငင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ နိုင်ငံရေးခေါင်းဆောင်အသီးသီး တက်ရောက်ကြသည်။ အစည်းအဝေး၌ မျိုးချစ်ဗမာတပ်မတော်ကိစ္စ၊ မြန်မာနိုင်ငံ၏ အနာဂတ်ရေးရာများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးရာ ကိစ္စများကို အလေးအနက်ပြု၍ ဆွေးနွေးကြ၏။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့၌ ဖတပလအဖွဲ့ချုပ်ကြီးမှ ကြီးမှူးကျင်းပ၍ ရန်ကုန်မြို့ နေသူရိန်ရုပ်ရှင်ရုံကြီးတွင် လူထုတစ်ရပ်လုံး တက်ရောက်သည့် ညီလာခံကြီးတစ်ရပ် ကျင်းပပြုလုပ်ခဲ့လေသည်။ ယင်းညီလာခံကြီးမှာ စစ်ပြီးခေတ် မြန်မာအမျိုးသားထုကြီး၏ အမျိုးသားစိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ကို ထင်ရှားစွာ ဖော်ပြသနိုင်ခဲ့သော သမိုင်းမှတ်တိုင်ကြီးတစ်ခု ဖြစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နေသူရိန်ညီလာခံ၌ သဘာပတိအဖြစ် ဗိုလ်ချုပ်အောင်ဆန်းက ဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ယင်းညီလာခံ၌ မိန့်ခွန်းပြောကြားခဲ့ရာ ဖတပလအဖွဲ့ကြီးနှင့် မျိုးချစ်ဗမာ့တပ်မတော်တို့၏ တော်လှန်ရေးလုပ်ငန်းများကိုလည်းကောင်း၊ မြန်မာအမျိုးသားများ၏ နိုင်ငံရေးပန်းတိုင်ကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများနှင့် မြန်မာ့ရေးရာများ၏ ဆက်စပ်နေမှုကိုလည်းကောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ရရှိရန် လိုအပ်ပုံကိုလည်းကောင်း အထူးတင်ပြခဲ့လေသည်။

နေသူရိန်ညီလာခံသို့ တက်ရောက်သော ဖတပလလက်အောက်ခံ လူထုအဖွဲ့အစည်းများက ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကြီးအား ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ဟူ၍ ဖတပလမှ ဖဆပလအဖြစ် ပြောင်းလဲခေါ်ဝေါ် သုံးစွဲရန် သဘောတူညီခဲ့ကြ၏။

နေသူရိန်ညီလာခံ လူထုကြီးက ဖဆပလ အဖွဲ့ချုပ်ကြီး၏ ဆောင်ရွက်မှုများကို မြန်မာနိုင်ငံ လူထုကြီးတစ်ရပ်လုံးက ထောက်ခံကြောင်း အဆိုကို ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် ဖက်ဆစ်ဝါဒကိုရှုတ်ချသော အဆို၊ နိုင်ငံတိုင်း မိမိနိုင်ငံ၏ ကံကြမ္မာကို ဖန်တီးနိုင်ခွင့်အဆို၊ မြန်မာနိုင်ငံအား လုံးဝလွတ်လပ်သော အချုပ်အခြာနိုင်ငံဖြစ်ရေး တောင်းဆိုချက်အဆို၊ မြန်မာနိုင်ငံအား စစ်အုပ်ချုပ်ရေးမှ မြို့ပြအစိုးရအဖွဲ့ အုပ်ချုပ်ရေးသို့ ပြောင်းလဲရေး အဆိုများကို တင်သွင်းအတည်ပြုခဲ့ကြလေသည်။

အရှယ်ရောက်သူတိုင်း မဲပေးခွင့်ရသော အမျိုးသားအစိုးရ ဖွဲ့စည်းရေး၊ နိုင်ငံ၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော မျိုးချစ်မြန်မာ့တပ်မတော်၏ နောင်ရေးအခြေအနေများကိုလည်း ဆွေးနွေးကြသည်။ တပ်မတော်သားများ၏ ရာထူးအဆင့်အတိုင်း သတ်မှတ်၍ မြန်မာနိုင်ငံ ကြည်းတပ်တွင် လက်ခံဖွဲ့စည်းရန် စသည့် အချက်များကို ဆုံးဖြတ်ခဲ့ကြလေသည်။

နေသူရိန်ညီလာခံကြီးမှ ဆုံးဖြတ်ချက်များကို တောင်းခံရန် မြန်မာနိုင်ငံအရပ်ရပ်ရှိ ဖဆပလ အဖွဲ့များသည် လူထုအစည်းအဝေးပွဲများ ကျင်းပကြလေသည်။ ယင်းအစည်းအဝေးမှ အထက်ပါ ဆုံးဖြတ်ချက်များကို တစ်ခဲနက် ထောက်ခံအတည်ပြုကြလေသည်။

ဖဆပလအဖွဲ့ကြီးနှင့် လူထုကြီး၏ စည်းလုံးညီညွတ်မှုများကို တွေ့မြင်ရသော မဟာမိတ်တပ်မတော် ဦးစီးအဖွဲ့သည် လျစ်လျူရှုနေခြင်းမှာ မတတ်နိုင်ကြတော့ဘဲ ဖဆပလခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန်အတွက် ဖိတ်ခေါ်ခဲ့လေတော့သည်။



မဟာမိတ် စစ်တပ်များဆိုင်ရာ စစ်သေနာပတိ ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်က မြန်မာနိုင်ငံရှိ ဖဆပလ အဖွဲ့ချုပ်ကြီးမှ ခေါင်းဆောင်များကို ၎င်းနှင့် တိုင်ပင်ဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သဖြင့် ဖဆပလအဖွဲ့ချုပ်မှ ၁၉၄၅ ခု၊ စက်တင်ဘာလ ၄ ရက်နေ့တွင် အောက်ပါကိုယ်စားလှယ်များကို သီဟိုဠ်ကျွန်း ကန္ဒီမြို့သို့ စေလွှတ်လိုက်လေသည်။

၎င်းခေါင်းဆောင်များမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီးလရောင်၊ ဦးညိုထွန်း(ရခိုင်တော်လှန်ရေးခေါင်းဆောင်)၊ ဗိုလ်မှူးဇေယျ၊ ဗိုလ်မှူးကျော်ဇော ဗိုလ်မောင်မောင်၊ ဗိုလ်ဇော်မင်း၊ သခင်သန်းထွန်း၊ ဦးဘဖေ၊ စောဘဦးကြီးတို့ ဖြစ်ကြ၏။ ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့များတွင် ကျင်းပသော ဗိုလ်ချုပ်ကြီး မောင့်ဘက်တန် ဖဆပလခေါင်းဆောင်များ ဆွေးနွေးပွဲမှ ကန္ဒီစာချုပ် ခေါ် သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ကြလေသည်။

## ကန္ဒီစာချုပ်

၁။ မျိုးချစ်ဗမာ့တပ်မတော်ကို တကွဲတပြားစီ ဖျက်သိမ်း၍ တစ်ဦးစီ အင်္ဂလိပ်စစ်တွင်းသို့ ဝင်ရောက်စေရန် ဟူသော အင်္ဂလိပ်အစိုးရ၏ မူလရည်ရွယ်ချက်ကို ရုပ်သိမ်းထားရမည်။

၂။ မျိုးချစ်ဗမာ့တပ်မတော်အား မြန်မာနိုင်ငံ အမြဲတမ်း စစ်တပ်အတွင်းသို့ ပူးပေါင်းရန် သဘောတူညီကြသည်။

၃။ ဗမာ့တပ်မတော်တွင် ဆက်လက်အမှုထမ်းလိုသော ကျန်းမာရေးနှင့် ပြည့်စုံသည့် တပ်သား ၅၂၀၀ နှင့် အရန်တပ်သား ၃၀၀၀ ကို လက်ခံရန် သဘောတူသည်။

၄။ တပ်မတော်ဗိုလ် ၂၀၀ နှင့် အရန်ဗိုလ် ၂၀၀ ကို လက်ခံရန် သဘောတူသည်။

၅။ တပ်မတော်သားများနှင့် သက်ဆိုင်သောကိစ္စ အဝဝကို စုံစမ်းရန်အတွက် မဟာမိတ်ကိုယ်စားလှယ်များနှင့် တပ်မတော်ကိုယ်စားလှယ်အား ပူးတွဲ၍ အဖွဲ့အစည်းဆောင်ရွက်ရန် သဘောတူညီသည်။

၆။ တပ်မတော်သားများသည် လစာခွင့်ရက် ဆေးဝါးကုသခွင့် စသော ရသင့်ရထိုက်သည့် အခွင့်အရေးများကိုလည်း ရရှိရန် သဘောတူသည်။

ကန္ဒီစာချုပ်ပါ အချက်များမှာ ဖဆပလ ခေါင်းဆောင်များအနေဖြင့် လက်ခံနိုင်သည့်အချက်များ များစွာပါရှိခဲ့လေသည်။ ဤစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းမှာ ဖဆပလအဖွဲ့၏ အောင်မြင်မှုတစ်ရပ်လည်း ခေါ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်က ဗိုလ်ချုပ်အောင်ဆန်းအား အသစ်ဖွဲ့စည်းမည်ဖြစ်သော ဗမာ့တပ်မတော်၌ ဆက်လက်၍ တာဝန်ထမ်းဆောင်ရန် ဖိတ်ခေါ်တောင်းပန်ခဲ့လေသည်။ သို့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းက မိမိသည် တိုင်းပြည်လူထုနှင့် ဖဆပလအဖွဲ့ကြီး၏ သဘောထားအတိုင်း တပ်မတော်မှ ထွက်၍ နိုင်ငံလွတ်လပ်ရေးတိုက်ပွဲအတွက် ဆောင်ရွက်မှုယ်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း စာရေးပြန်ကြားခဲ့လေသည်။ ဖဆပလအဖွဲ့ကို ဖက်ဆစ်ဂျပန်လက်ထက်တွင် လျှို့ဝှက်စွာ ဖွဲ့စည်းစဉ်တွင် ပါဝင်ခဲ့သော ဗမာ့တပ်မတော်သည် ယခုအခါတွင် နိုင်ငံရေးအဖွဲ့လုပ်ငန်းများကို လုပ်ဆောင်ရန် တာဝန်မရှိတော့သဖြင့် ဖတပလမှ ဖဆပလအဖွဲ့ဟု အမည်ပြောင်းထားသော အဖွဲ့ကြီးမှ နုတ်ထွက်ခဲ့လေသည်။

မျိုးချစ်ဗမာ့တပ်မတော်ကို အင်္ဂလိပ်အစိုးရ၏ ဗမာ့တပ်မတော်အတွင်းသို့ ထည့်သွင်းဖွဲ့စည်းခဲ့ပြီးနောက် ဆေးအဆင့်မမီ၍ ထွက်ရသူများ၊ နယ်ချဲ့စစ်တပ်တွင် မပါဝင်လိုသောကြောင့် တပ်မတော်မှ ထွက်ခဲ့ရသူများကို စုပေါင်း၍ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဟူသော အဖွဲ့ကြီးတစ်ခုကို ဗိုလ်ချုပ်အောင်ဆန်းက ဖွဲ့စည်းခဲ့ပြန်သည်။ ပြည်သူ့ရဲဘော်တပ်ဖွဲ့များကို မြန်မာနိုင်ငံအရပ်ရပ်တွင် ဖွဲ့စည်းစေပြီး စစ်ပညာသင်တန်းများကို သင်ကြားပို့ချပေးခဲ့ကြလေသည်။

ဖဆပလအဖွဲ့၏ ဆောင်ရွက်မှုကြောင့် အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံ၌ စစ်အုပ်ချုပ်ရေးကို ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှ စတင်၍ ရုပ်သိမ်းလိုက်ပြီး အိန္ဒိယနိုင်ငံ ဆင်းမလားမြို့မှ မြန်မာအစိုးရအဖွဲ့ကို ပြန်လည်ခေါ်ယူလိုက်လေသည်။ ဘုရင်ခံ ဆာဒေါမန်စမစ် ဦးစီးသော မြို့ပြအုပ်ချုပ်အဖွဲ့သည် ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ခဲ့လေသည်။

မြန်မာနိုင်ငံသို့ ပြန်ရောက်လာသော ဘုရင်ခံဒေါမန်စမစ်သည် ပထမတွင် ဖဆပလအဖွဲ့ချုပ်ကြီးနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် အစိုးရအဖွဲ့တွင် ဖဆပလအဖွဲ့ဝင်များကို ထည့်သွင်းရန် တောင်းဆိုခဲ့သည်။ ထို့ကြောင့် ဖဆပလအဖွဲ့မှ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ မန်းဘခိုင် အစရှိသော ခေါင်းဆောင်များပါဝင်သည့် ၁၁ ဦးပါ အဖွဲ့ကို ဘုရင်ခံထံ ကင်သွင်းလိုက်၏။ သို့သော် ဖဆပလနှင့် ဘုရင်ခံတို့၏ ဆက်ဆံရေးမှာ မပြေလည်ခဲ့ပေ။ ဖဆပလမှ တင်သွင်းသော အစိုးရအဖွဲ့ဝင်များစာရင်းကို ဘုရင်ခံက လက်မခံသဖြင့် ဖဆပလအဖွဲ့ကြီးသည် ဘုရင်ခံနှင့် ပူးတွဲဆောင်ရွက်ခြင်းငှာ မစွမ်းနိုင်ဖြစ်ခဲ့ရလေသည်။

ဘုရင်ခံ ဆာဒေါမန်စမစ်သည် ဆင်းမလားမြို့တွင် စစ်အတွင်းက ရေးဆွဲခဲ့သော စက္ကူဖြူစီမံကိန်းဖြင့် မြန်မာနိုင်ငံကို အုပ်ချုပ်ရန် ကြံစည်ခဲ့လေသည်။ ထိုဆင်းမလာစီမံကိန်းမှာ ဘုရင်ခံတစ်ဦးတည်းက ကြိုက်သလို အုပ်ချုပ်



နိုင်သည့် အခွင့်အာဏာများ ပါရှိသည့် အုပ်ချုပ်ရေးစနစ်ဖြစ်လေရာ မြန်မာနိုင်ငံလူထုသည် ယင်းစီမံကိန်းကို ဆန့်ကျင်ကန့်ကွက်မှုများ ပြသကြတော့သည်။

၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဖဆပလ ပြည်လုံးကျွတ်ညီလာခံကြီးကို ရွှေတိဂုံစေတီတော်ခြေရင်း၌ ကျင်းပခဲ့ရာ ဖဆပလ အလံတော်အောက်ရှိ လူထုတစ်ရပ်လုံး ညီညွတ်စွာ တက်ရောက်ကြ၏။ ထိုအစည်းအဝေးကြီးသည် မြန်မာနိုင်ငံ လွတ်လပ်ရေးတပ်ဦးဖြစ်သော ဖဆပလအဖွဲ့ကြီး၏ ညီညွတ်မှုအင်အားကို တစုတရုံးတည်း ပြခဲ့သည့် အစည်းအဝေးကြီးဖြစ်လေသည်။

မြန်မာဘုရင်ခံ၏ စက္ကူဖြူစာတမ်း အုပ်ချုပ်ရေးကို ကန့်ကွက်ဆန္ဒပြသည့် လူထုအစည်းအဝေးများကို ၁၉၄၆ ခုနှစ်၊ ဖွန်လမှ စ၍ မြန်မာနိုင်ငံအရပ်ရပ်တွင် အများအပြားပြုလုပ်ခဲ့ကြသည်။ ၁၉၄၆ ခုနှစ်၊ ဖွန်လ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၌ စက္ကူဖြူစာတမ်း ကန့်ကွက်ကျင်းပပြုလုပ်ရာ လူထုပရိသတ် တစ်သိန်းကျော် တက်ရောက်ကြလေသည်။ ထိုနည်းတူပင် မြန်မာနိုင်ငံအရပ်ရပ်တွင် စက္ကူဖြူစီမံကိန်း ကန့်ကွက်ဆန္ဒပြပွဲများကို ကျင်းပပြုလုပ်ကြလေသည်။

ထိုအချိန်တွင် မြန်မာနိုင်ငံ၌ ဖွဲ့စည်းခဲ့ပြီးဖြစ်သော ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်များမှာ စစ်လေ့ကျင့်ခန်းများကို စနစ်တကျသင်ကြားလျက် ရှိခဲ့ကြလေသည်။ ၎င်းတို့တွင် လူများစုမှာ ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲပြန် ရဲဘော်ဟောင်းများဖြစ်ကြလေသည်။ ထိုရဲဘော်များသည် မိမိတို့ တော်လှန်ရေးအတွင်းက ကိုင်ဆောင်ခဲ့ကြသော လက်နက် ခဲယမ်းမီးကျောက်များကို လုံခြုံသည့် နေရာများ၌ ဝှက်ထားခဲ့ကြ၏။ တစ်နေ့တွင် လွတ်လပ်ရေးတိုက်ပွဲတစ်ရပ်ကို လက်နက်ကိုင်၍ တိုက်ခိုက်ရဦးမည်ဆိုပါက ယင်းလက်နက်များသည် အင်္ဂလိပ်အစိုးရဘက်သို့ ဦးလှည့်ရတော့မည်ဖြစ်သည်ကို မျိုးချစ်ရဲဘော်ဟောင်းများသည် ကောင်းစွာ သဘောပေါက်နားလည်ပြီးဖြစ်ကြလေသည်။

၁၉၄၆ ခုနှစ်၊ စက်တင်ဘာလတွင် မြန်မာနိုင်ငံ ပုလိပ်အဖွဲ့ကြီး၏ ပြည်လုံးကျွတ်သပိတ်ကြီး ပေါ်ပေါက်လာလေသည်။ ပုလိပ်အဖွဲ့ကြီးသည် သပိတ်လက်နက်ကို ကိုင်စွဲ၍ ဖဆပလအဖွဲ့ကြီး၏ ထောက်ခံမှုဖြင့် အစိုးရထံ အရေးဆိုလေသည်။ ၎င်းတို့၏ တောင်းဆိုချက်မှာ စက္ကူဖြူစီမံကိန်းကို ပယ်ဖျက်၍ လူထုကိုယ်စားလှယ်များ ပါဝင်သော ယာယီအစိုးရအဖွဲ့ကို ဖွဲ့စည်းပေးရန် ဖြစ်လေသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းတွင် နိုင်ငံရေးကိစ္စများ၌ ဘယ်တော့မှ ပတ်သက်ခြင်း မရှိခဲ့ဖူးသော ပုလိပ်အဖွဲ့ကြီးသည် ဖဆပလအဖွဲ့ကြီး၏ အလံတော်အောက်သို့ ဝင်ရောက်လာပြီးလျှင် အင်္ဂလိပ်အစိုးရအဖွဲ့၏ ဖိနှိပ်ချုပ်ချယ်မှုများကို ထိရောက်စွာ ထိုးနှက်ခဲ့လေသည်။ ပုလိပ်အဖွဲ့ကြီးကဲ့သို့ပင် အစိုးရ

www.burmeseclassic.com

www.burmeseclassic.com



အမှုထမ်းပေါင်းစုံ သပိတ်ကြီး မကြာမီ ပေါ်ပေါက်လာလေ၏။ စာတိုက်အမှုထမ်းများက သပိတ်မှောက်ကြ၏။ မီးရထားလုပ်သားတို့လည်း သပိတ်မှောက်ကြ၏။ စာရေးစာချီ အမှုထမ်းများလည်း သပိတ်၌ ပါဝင်လာ၏။ အလုပ်ရုံ၊ စက်ရုံများ၏ ယန္တရား ရပ်ဆိုင်းသွားခဲ့လေသည်။ အားလုံးသော သပိတ်မှောက်မှုများ၏ တစ်ခုတည်းသော တောင်းဆိုချက်မှာ စက္ကူဖြူစာတမ်းအုပ်ချုပ်ရေးကို အမြန်ဆုံး ပယ်ဖျက်၍ လူထုကိုယ်စားလှယ်များ ပါဝင်သည့် အစိုးရအဖွဲ့ကို ဖွဲ့စည်းရန် ဖြစ်လေသည်။

အင်္ဂလိပ်အစိုးရ၏ စက်ယန္တရားကြီးသည် ရုတ်တရက် ဆိုင်းရပ်တော့မည်ကဲ့သို့ အခြေအနေဆိုးများနှင့် တွေ့ကြုံလာရသဖြင့် မြန်မာနိုင်ငံ ဘုရင်ခံ ဆာဒေါ်မန်စမစ်ကို အင်္ဂလိပ်အစိုးရ အဖွဲ့က ပြန်ခေါ်ပြီး ယာယီဘုရင်ခံ ဆင်ဟင်နရီနိုက်ကို ခေတ္တခန့်၍ နောက်တွင် ဘုရင်ခံ ဆားဟူးဘတ်ရန့်စ်ကို ပြောင်းလွှဲခန့်ထားခဲ့လေသည်။

ဆာဟူးဘတ်ရန့်စ်သည် မြန်မာနိုင်ငံ လူထုကြီး၏ ဆန္ဒသဘောတရားများနှင့် ဖဆပလအဖွဲ့ကြီး၏ အင်အားကို နားလည်သဘောပေါက်သည့်အပြင် မေဂျာဂျင်နရယ်တစ်ဦးဖြစ်၍ စစ်သားပီပီ ပရိယာယ်မရှိဘဲ ပြတ်သားရှင်းလင်းစွာ ပြောဆိုဆက်ဆံတတ်သူ ဖြစ်လေသည်။ ၎င်းသည် မြန်မာနိုင်ငံ အခြေအနေများကို လေ့လာပြီးလျှင် ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ဖဆပလအဖွဲ့ခေါင်းဆောင်များ ပါဝင်သော အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းစေတော့သည်။

ဤနေရာတွင် ဖက်ဆစ်တော်လှန်ရေး၏ အကျိုးဆက်များ ထင်ရှားပုံကို မြင်တွေ့ကြရ၏။ ဖက်ဆစ်တော်လှန်ရေးကာလက ဖက်ဆစ်ဂျပန်များကို လက်နက်စွဲကိုင်၍ တော်လှန်ခဲ့ကြသော မြန်မာအမျိုးသား လူထုတစ်ရပ်လုံးသည် ၁၉၄၆ ခုနှစ် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး လှုပ်ရှားမှုများကို ဆောင်ရွက်ရမည့်အချိန်တွင် တစည်းတလုံးတည်း၊ တညီတညွတ်တည်း ရှိနေကြခြင်းပင် ဖြစ်သည်။ တော်လှန်ရေးစိတ်ဓာတ်ပြင်းထန်လှသည့် လူထုကြီးသည် ဖိနှိပ်ချုပ်ချယ်မှုနှင့် နယ်ချဲ့မိုးမိုးမှုများနှင့် ကြုံလာလျှင် မည်မျှအင်အားကြီးသည့် နယ်ချဲ့အစိုးရကိုမဆို ရှုပ်ရှုပ်ချွံချွံ ခုခံဆန့်ကျင်တော်လှန်ရသည့် အစွမ်းသတ္တိရှိကြသည့် သာဓကကို ထိုအချိန်ကပင် နယ်ချဲ့အစိုးရက အသိအမှတ်ပြုခဲ့ရလေသည်။

ထို့ကြောင့်ပင် အင်္ဂလိပ်အစိုးရသည် ဖဆပလအဖွဲ့ကြီးနှင့်အတူ စည်းလုံးမိကြပြီဖြစ်သော မျိုးချစ်တပ်မတော် ရဲဘော်ဟောင်းများ အပါအဝင် ပြည်သူလူထုကြီး၏ဆန္ဒကို လိုက်လျောခဲ့ရပြီးလျှင် ဖိနှိပ်ချုပ်ချယ်မှုကိုလည်း တစ်ထစ်လျှော့ပေးခဲ့ရခြင်း ဖြစ်တော့သည်။



## (ဂ) အောင်ဆန်းအက်တလီစာချုပ်နှင့် ပင်လုံသွေးစည်းညီညွတ်ရေးညီလာခံ

၁၉၄၆ ခုနှစ်၊ စက်တင်ဘာလတွင် မြန်မာပြည်ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်သည် ဗိုလ်ချုပ်အောင်ဆန်းအား ဒုတိယဥက္ကဋ္ဌနှင့် ကာကွယ်ရေး၊ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်၍ သခင်မြ၊ ဦးတင်ထွဋ်၊ ပျော်ဘွယ်ဦးမြ၊ ဦးဘပေ၊ မန်းဘခိုင်၊ ဦးစော၊ ဆာမောင်ကြီး၊ ဦးအောင်ဇံဝေ၊ သခင်ဗစိန်၊ စောဘဦးကြီးတို့လည်း ဝန်ကြီးများအဖြစ် ပါဝင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့လေသည်။ ယင်းအစိုးရအဖွဲ့တွင် ဦးစောနှင့် သခင်ဗစိန်တို့မှ လွဲ၍ ကျန်ပုဂ္ဂိုလ်များမှာ ဖဆပလအဖွဲ့ဝင်များချည်းသာ ဖြစ်ကြ၏။

ဖဆပလအဖွဲ့ခေါင်းဆောင်များသည် ရာထူးလက်ခံကြသော်လည်း အမျိုးသား လွတ်လပ်ရေးပန်းတိုင်ကိုကား မျက်ခြည်ပြတ်မခံကြပေ။ မြန်မာ့လွတ်လပ်ရေးရရှိရေးအတွက် အနုနည်းများဖြင့် ပြီးစီးမည်ဆိုလျှင် လက်ရုံးအင်အားဖြင့် လှုပ်ရှားထကြွသော အကြမ်းနည်းကို မသုံး၊ အကယ်၍ အနုနည်းဖြင့် မအောင်မြင်မှသာလျှင် အကြမ်းနည်းဖြင့် တော်လှန်တိုက်ခိုက်ယူရမည့်နည်းကို သုံးမည်ဟု သန္နိဋ္ဌာန်ချထားကြသည်။ ဖဆပလအဖွဲ့ကြီးသည် မိမိ၏သဘောထားကို မကြာခဏ ကြေညာခဲ့သည်။ ထို့ပြင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း ယင်းအချက်ကို မိန့်ခွန်းပြောသည့်အခါတိုင်း မကြာခဏ ထည့်သွင်းပြောဆိုလျက်ရှိသည် ဖြစ်ရကား အင်္ဂလိပ်အစိုးရသည် ယင်းကိစ္စကို လက်ပိုက်ကြည့်၍ မနေနိုင် ဖြစ်လာလေသည်။

မြန်မာတစ်မျိုးသားလုံး အုံကြွတော်လှန်ခဲ့ကြသော ဖက်ဆစ်တော်လှန်ရေးကြီးကလည်း မှုမှုနွေးနွေးပင် ရှိသေးသည်။ ရဟန်းသံဃာ၊ တပ်မတော်သား၊ အရပ်သား၊ ကျားမ မရွေး ကျောင်းသားလူငယ်များပါမကျန် စည်းလုံးညီညွတ်စွာဖြင့် တော်လှန်ရေးကြီးတစ်ရပ်ကို ဆင်နွှဲခဲ့ကြပြီးသည့်နောက်တွင် တော်လှန်ရေးစိတ်ဓာတ်များ တဖွားဖွား ပေါ်ပေါက်တက်ကြွလျက် ရှိကြဆဲပင် ဖြစ်သည်။ ထို့ပြင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ကြီးကလည်း အင်အားတောင့်တင်းစွာဖြင့် စစ်ပညာများကို သင်ကြားနေသည်။ တော်လှန်ရေးတုန်းက လက်နက်များကိုလည်း ဝှက်ထားကြသည်ကို အင်္ဂလိပ်အစိုးရက သိထားသည်။

ယင်းအခြေအနေတွင် မြန်မာနိုင်ငံ အမျိုးသားများ လိုလားတောင်းဆိုနေကြသော လွတ်လပ်ရေးကို မပေးခဲ့ပါက မြန်မာအမျိုးသား တော်လှန်ရေးသမားများသည် နောက်ထပ် တော်လှန်ရေးတစ်ရပ် ဆင်နွှဲရန် ဝန်လေးဖင့်နွှဲခြင်းရှိမည် မဟုတ်ကြသည်ကိုလည်း အင်္ဂလိပ်အစိုးရ အဖွဲ့ခေါင်းဆောင်များက နားလည်လာကြပြီ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အင်္ဂလိပ်ဝန်ကြီးချုပ် မစ္စတာ ကလီမင့်အက်တလီက အောက်လွှတ်တော်တွင် ထုတ်ဖော်ပြောဆိုရာ၌ မြန်မာနိုင်ငံသို့ အာဏာလွှဲပြောင်းပေးရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးရန် မြန်မာလူထုကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို လန်ဒန်မြို့တော်သို့ ဖိတ်ခေါ်ရန် ကြံရွယ်ကြောင်း ပါရှိလေသည်။

ထိုသို့ ပြောဆိုရာ၌ ဝန်ကြီးချုပ် အက်တလီက မြန်မာနိုင်ငံသည် အင်္ဂလန်နိုင်ငံ၏ ဓနသဟာယအတွင်းတွင် နေထိုင်လိုသည်ဖြစ်စေ၊ သို့မဟုတ် မနေလိုသည်ဖြစ်စေ မြန်မာနိုင်ငံ၏ဆန္ဒကို လွတ်လပ်စွာ ဆုံးဖြတ်နိုင်သည်ဟု ပါရှိလေ၏။

ထို့ကြောင့်ပင် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် အင်္ဂလန်နိုင်ငံသို့ ထွက်ခွာသွားခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်းက 'မိမိသည် အကောင်းဆုံးကို မျှော်လင့်သည်၊ သို့သော် အဆိုးဆုံးဖြစ်မည်ဆိုလျှင်လည်း မိမိသည် အဆင်သင့်ပင် ဖြစ်နေပါသည်' ဟု ရန်ကုန်မြို့မှ မထွက်ခွာမီ ထုတ်ဖော်ပြောပြခဲ့သည်။

လွတ်လပ်ရေးအတွက် ဆွေးနွေးမည့် ကိုယ်စားလှယ်အဖွဲ့ကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဦးကျော်ငြိမ်း၊ ဦးဘဖေ၊ သခင်ဗစိန်၊ ဦးစောတို့ ပါဝင်သည်။ ၎င်းအဖွဲ့သည် အင်္ဂလန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အက်တလီနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဗီဗင်တို့ ပါဝင်သည့် အစိုးရခေါင်းဆောင်တို့ ဆွေးနွေးခဲ့ပြီးလျှင် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် 'အောင်ဆန်း အက်တလီစာချုပ်'ကြီးကို ချုပ်ဆိုခဲ့လေသည်။ အောင်ဆန်းအက်တလီစာချုပ်သည် မြန်မာတစ်မျိုးသားလုံး မျှော်မှန်းခဲ့သည့် လုံးဝလွတ်လပ်ရေးပန်းတိုင်သို့ သွားရန် ခရီးတစ်ဆစ်ကို လှမ်းမြောက်လာခဲ့ကြောင်း အထိမ်းအမှတ်ပင် ဖြစ်ခဲ့လေသည်။

အောင်ဆန်း အက်တလီစာချုပ်တွင် အောက်ပါအချက်များကို အဓိကထား၍ ဖော်ပြပါရှိလေသည်။

၁။ မြန်မာနိုင်ငံအမျိုးသားများသည် မိမိတို့နိုင်ငံ၏ အနာဂတ်အုပ်ချုပ်ရေးအတွက် အလျင်အမြန် ဆုံးဖြတ်နိုင်ရန် ၁၉၃၅ ခုနှစ် အက်ဥပဒေအရ ဥပဒေပြုအဖွဲ့အစား တိုင်းပြုပြည်ပြုလွှတ်တော်ကို ရွေးကောက်တင်မြှောက်ရမည်။

၂။ လူမျိုးသီးခြား မထားရှိသော လူစု၊ ကရင်အမျိုးသားများနှင့် အင်္ဂလိပ်မြန်မာ ကပြားလူမျိုးစုများအတွက် ရွေးကောက်ပွဲကို ဧပြီလတွင် ကျင်းပရမည်။

၃။ ခေတ်ပြောင်းနေသည့်ကာလတွင် မြန်မာနိုင်ငံတော်အစိုးရသည် ယခုအတိုင်းပင် ၁၉၃၅ ခုနှစ် အက်ဥပဒေပုဒ်မ ၁၃၉ အရ အပ်နှင်းထားသော လူထုအာဏာများနှင့် ၁၉၄၅ ခုနှစ် ယာယီစီမံချက် အက်ဥပဒေနှင့်တကွ အမိန့်ဟူသမျှအတိုင်း ခေတ္တဆောင်ရွက်ရမည်။



၄။ တိုင်းပြုပြည်ပြုလွှတ်တော်ကို ရွေးကောက်တင်မြှောက်ပြီးသည်နှင့် အမတ်ဦးရေ ၁၀၀ ပါဝင်သော ဥပဒေကောင်စီတစ်ခုကို ခန့်အပ်လိမ့်မည်။

၅။ ဘုရင်ခံမင်းကြီး၏ အမှုဆောင်ကောင်စီသည် မြန်မာနိုင်ငံတော်၏ ကြားဖြတ်အစိုးရ ဖြစ်လိမ့်မည်။ အမှုဆောင်ကောင်စီသည် ဒိုမီနီယံအစိုးရများအား ပေးအပ်သည့် အခွင့်အရေးအတိုင်း ဆောင်ရွက်ခွင့်ရှိမည့်အပြင် နိုင်ငံတော်အုပ်ချုပ်ရေးတာဝန်များကို ဆောင်ရွက်ရာ၌ လွတ်လပ်ခွင့်အများဆုံး ရစေရမည်။

၆။ ဤဖွဲ့စည်းထားသော အစိုးရသည် ကိုယ်ပိုင်ဘဏ္ဍာရေးအုပ်ချုပ်ခွင့် ရစေရမည်။

၇။ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးရာကိစ္စများကို အမှုဆောင်ကောင်စီတွင် တင်သွင်းစဉ်းစားရမည်။

၈။ လန်ဒန်မြို့တော်တွင် မြန်မာအစိုးရ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန် မဟာမင်းကြီးတစ်ဦးကို မြန်မာနိုင်ငံတော်အတွက် ခန့်ထားရမည်။

၉။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၌ အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ရန် မြန်မာနိုင်ငံတော်က လျှောက်ထားပါက အင်္ဂလိပ်အစိုးရက ထောက်ခံမည်။

၁၀။ မြန်မာနိုင်ငံ တပ်မတော်သားအားလုံးသည် မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ်၏ အုပ်ချုပ်မှုလက်အောက်သို့ ရောက်ရှိစေရမည်။

၁၁။ မြန်မာနိုင်ငံအတွက် ကာကွယ်ရန် တပ်ဖွဲ့များဖွဲ့စည်းခြင်း၌ ကူညီထောက်ပံ့ရန် အစိုးရအဖွဲ့နှစ်ဖွဲ့ ဆွေးနွေးဆောင်ရွက်ရမည်။

၁၂။ အုပ်ချုပ်ရေးအသစ် စတင်လာပြီးလျှင် မြန်မာနိုင်ငံရှိ အင်္ဂလိပ်စစ်တပ်များကို ဆက်လက်ထားရှိရေး၊ မထားရှိရေး ပြဿနာကို အစိုးရနှစ်ဖွဲ့ ညှိနှိုင်းတိုင်ပင် ဆုံးဖြတ်ရမည်။

၁၃။ နယ်စပ်ဒေသများနှင့် မြန်မာနိုင်ငံတော် ပြည်မတို့ ပူးပေါင်းနိုင်ရေးမှာ အင်္ဂလိပ်အစိုးရနှင့် မြန်မာအစိုးရတို့ နှစ်ဦးနှစ်ဖက် သဘောတူဆွေးနွေးပြီး ဆောင်ရွက်ရန် ဖြစ်သည်။ ဤအတောအတွင်း နယ်ခြားရှိ အမျိုးသားများသည် နှစ်ဦးနှစ်ဖက် လက်ခံနိုင်မည့်နည်းကို မြန်မာအစိုးရနှင့် ဆွေးနွေးရမည်ဖြစ်၏။

၁၄။ ပင်လုံအစည်းအဝေး သို့မဟုတ် လူထုအစည်းအဝေးမှ တစ်စုံတစ်ရာ ဆုံးဖြတ်ပြီးလျှင် အင်္ဂလိပ်အစိုးရနှင့် မြန်မာအစိုးရတို့သည် နယ်စပ်ဒေသမှ အမျိုးသားတို့၏ ဆန္ဒအတိုင်း လိုက်လျောစွာ ဆောင်ရွက်ပေးရမည်။

www.burmeseclassic.com

www.burmeseclassic.com



၁၅။ နယ်စပ်ဒေသရှိ တိုင်းရင်းသားများနှင့် ပူးပေါင်းရေးအတွက် အကောင်းဆုံးနည်းလမ်းများကို ရှာဖွေရန် စုံစမ်းရေးကော်မတီတစ်ရပ် တည်ထောင်ရမည်။

အောင်ဆန်းအက်တလီစာချုပ်တွင် နောက်ဆုံး၌ ပါရှိသော နယ်စပ်ဒေသရှိ တိုင်းရင်းသားများနှင့် ပူးပေါင်းရေးဆိုသည်မှာ ရှမ်း၊ ချင်း၊ ကချင်၊ ကယား အစရှိသော ပြည်နယ်တိုင်းရင်းသားများကို ဆိုလိုသည်ဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပြီးနောက် တိုင်းရင်းသားများနှင့် စည်းလုံးညီညွတ်ပူးပေါင်းရေးကို ချက်ချင်းဆောင်ရွက်ခဲ့လေသည်။

ဖေဖော်ဝါရီလ ၈ ရက်နေ့၌ ရှမ်းပြည်နယ် ပင်လုံမြို့တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ကိုယ်စားလှယ်များ တက်ရောက်သော ပင်လုံညီလာခံကြီးသို့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်၍ ပြည်မနှင့် တောင်တန်းဒေသများ ပူးပေါင်းရေးကို ဆွေးနွေးကြ၏။ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ပြည်မ တောင်တန်း စည်းလုံးညီညွတ်မှုကို ရရှိခဲ့ပြီးလျှင် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ပင် ပင်လုံစာချုပ်ကြီးကို ချုပ်ဆိုခဲ့ကြလေသည်။

ဖေဖော်ဝါရီလ ၁၂ ရက်နေ့၊ နံနက် ၁၀ နာရီတွင် ပြည်မခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပြည်နယ်ကိုယ်စားလှယ်များသည် တိုင်းရင်းသား သွေးစည်းညီညွတ်ရေးသမိုင်းတွင် မှတ်တမ်းတင်ရမည့် **'ပင်လုံစာချုပ်'**ပါ အချက်အလက်များအား သဘောတူလက်ခံဆောင်ရွက်ကြမည်ဖြစ်ကြောင်းကို စာချုပ်ကြီးအား လက်မှတ်ထိုးလိုက်ခြင်းဖြင့် ပြသခဲ့သည်။

အဆိုပါ ပင်လုံစာချုပ်၌ ပြည်မတောင်တန်း သွေးစည်းညီညွတ်စွာဖြင့် ပြည်ထောင်စုကြီးကို တည်ထောင်ရန် သဘောတူညီကြောင်း ပါရှိသည်ဖြစ်ရာ ပြည်မတောင်တန်း ညီညွတ်မှုကို အင်္ဂလိပ်အစိုးရက အသိအမှတ်ပြုပြီးလျှင် လွတ်လပ်ရေးပေးသည့်အခါ တောင်တန်းဒေသကို တစ်ချိန်တည်းပူးပေါင်းပေးရန် သဘောတူညီခဲ့ရလေတော့သည်။

ဤသို့ ပင်လုံစာချုပ် ချုပ်ဆိုသည့်နေ့ကို **'ပြည်ထောင်စုနေ့'**ဟု မြန်မာ့သမိုင်းတွင် မှတ်တမ်းတင်ရစ်ခဲ့လေတော့သည်။

ပင်လုံညီလာခံကြီးမှ ချုပ်ဆိုခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စာချုပ်သည် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွင် အဓိကအရေးပါသည့် မှတ်တိုင်တစ်တိုင်ဖြစ်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးကြီးကို ဆင်နွှဲသည့်အခါက တိုင်းရင်းသားလူမျိုးစုများစွာတို့သည် လက်နက်ကိုင်၍ ဖက်ဆစ်ဂျပန်များအား တွန်းလှန်ခဲ့ကြသည့် သာဓကရှိခဲ့သည်။ သို့သော် တော်လှန်ရေးကြီး ပြီးသွားသောအခါ၌ကား အင်္ဂလိပ်အစိုးရအစောရှိအချို့၏ သွေးခွဲမှုဖြင့် ပြည်မနှင့် ပြည်နယ်ခေါင်းဆောင်



တို့၏ ဆက်ဆံရေးမှာ တိုးတက်ကောင်းမွန်လာခြင်း မရှိသည့်အပြင် တစ်ဖက်နှင့်တစ်ဖက် အထင်လွဲမှုများလည်း များစွာ ပေါ်ပေါက်လာခဲ့ရသည်။

ဤအချက်ကို ပြေလည်တိုးတက်မှုရရှိစေရန် ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလန်မှ ပြန်လာလျှင်လာချင်း ချက်ချင်းပင် ကြိုးစားဆောင်ရွက်ခဲ့သည်။ ပြည်မရှိ မြန်မာအမျိုးသားများ၏ စေတနာကိုလည်းကောင်း၊ နိုင်ငံ၏ လက်ရှိအခြေအနေ အရပ်ရပ်ကိုလည်းကောင်း၊ တိုင်းပြည်အတွက် လိုအပ်နေသော စည်းရုံးရေးကိစ္စများကိုလည်းကောင်း အကျယ်တဝင့်ရှင်းလင်းပြောပြခဲ့သည်။ ယနေ့ ပြည်မတောင်တန်းစည်းလုံးမှု မရရှိလျှင် ကြုံတွေ့လာရမည်ဖြစ်သော ဘေးအန္တရာယ်ကိုလည်း ထောက်ပြခဲ့လေသည်။

အင်္ဂလိပ်အစိုးရ၏ မူလရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအား လွတ်လပ်ရေးကြေညာခွင့်ပေးသည့်အခါတွင် မြန်မာနိုင်ငံ ပြည်မကိုသာ ကြေညာပေး၍ ပြည်နယ်ဒေသများကို ချန်ထားခဲ့ရန် ဖြစ်သည်။ ဤသို့ပြုခြင်းဖြင့် မြန်မာနိုင်ငံ၏ ပြည်နယ်ဒေသများကို အင်္ဂလိပ်အစိုးရ၏ လက်အောက်တွင် ထားရှိလျက် ယင်းပြည်နယ်များ၏ သယံဇာတပစ္စည်းအဝဝကို သွေးစုပ်ထုတ်ယူသုံးစွဲရန် ကြံရွယ်ရင်းရှိခဲ့လေသည်။

သို့သော် **'ပင်လုံညီလာခံ'**သည် နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ အကြံအစည်ကို ထုံးသို့ ချေ ရေသို့ နောက်ပြီး ဖြစ်လေသည်။ ပြည်နယ်တောင်တန်းရှိ တိုင်းရင်းသားလူငယ်များသည် ပြည်မရှိ နောင်တော်မြန်မာအမျိုးသားများနှင့် အေးအတူပူအမျှလက်တွဲလျက် ခရီးဆက်ရန် သန္နိဋ္ဌာန်ပြုပြီးဖြစ်ကြောင်းကို ပင်လုံစာချုပ်က ကမ္ဘာသို့ ကြေညာခဲ့ခြင်းလည်း ဖြစ်တော့သည်။

## (ဃ) ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ လုပ်ကြံခံရခြင်း

**ဗိုလ်ချုပ်အောင်ဆန်းကို လုသတ်မှုဖြင့် ဖမ်းရန်အကြံ။** ။ စစ်ပြီးခေတ် မြန်မာနိုင်ငံ၏ ၁၉၄၇ ခုနှစ်၊ နှစ်ဦးပိုင်းအခြေအနေများမှာ များစွာ အားရဖွယ်ဖြစ်နေသည်။ မြန်မာ့လွတ်လပ်ရေးအုတ်မြစ် အခြေခံဖြစ်သော **'အောင်ဆန်း အက်တလီစာချုပ်'**ကိုလည်း ချုပ်ဆိုနိုင်ခဲ့ပြီဖြစ်၏။ ထို့ပြင် ပြည်ထောင်စုကြီးတစ်ခုလုံးသည်လည်း စည်းလုံးညီညွတ်လျက်ရှိသည်။ ပြည်မနှင့် တောင်တန်းသည် ခွဲမရအောင် တစ်သားတည်းကျနေ၏။ တောင်တန်းရှိ နိုင်ငံရေးခေါင်းဆောင်များသည် ဖဆပလ အဖွဲ့ချုပ်နှင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဩဝါဒခံယူလျက် ပင်လုံသွေးစည်းညီညွတ်ရေး စာချုပ်ပါ အချက်အလက်များကို အကောင်အထည်ဖော်ရန် ကြိုးစားနေကြပြီ ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းအား နိုင်ငံနှင့်အဝန်း ချစ်ကြည်လေးစားရှိနေသည့်

www.burmeseclassic.com

www.burmeseclassic.com



အချိန်တွင် ဗိုလ်ချုပ်ကို မနှာလိုဝန်တိုဖြစ်နေကြသော မြန်မာခေါင်းဆောင်အချို့ ရှိနေခြင်းမှာ များစွာ ဝမ်းနည်းဖွယ်ဖြစ်ပေသည်။ သန်းပေါင်းများစွာသော မြန်မာနိုင်ငံအမျိုးသားများက ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဖဆပလ အလံတော်အောက်တွင် မြန်မာနိုင်ငံကြီး လုံးဝလွတ်လပ်ရေးအတွက် စုဝေးနေကြသည့်အချိန်၌ မြန်မာခေါင်းဆောင်အချို့သည် မြန်မာဘုရင်ခံအား ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ ယုံမှားသံသယဖြစ်ဖွယ်ရာတို့ကို ပြောကြားသွေးထိုးပေးခဲ့ကြသည်။

ဆင်းမလားသို့ ပြေးခဲ့ရသော မြန်မာအစိုးရ၏ အဖွဲ့ခေါင်းဆောင်တစ်ဦးက မြန်မာနိုင်ငံ ဘုရင်ခံ ဒေါ်မန်စမစ်အား ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ကြီးပြီးသည့်အချိန်က စ၍ ဖဆပလအဖွဲ့ကြီးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသားအတွက်လည်းကောင်း ထိရောက်သော စွမ်းဆောင်အောင်မြင်မှု ဘာမျှ လုပ်ဆောင်မပေးနိုင်တော့ကြောင်း၊ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလ အဖွဲ့ကြီးမှာ ပြည်သူလူထု၏ အမြင်တွင် ဂုဏ်သိက္ခာမဲ့လာပြီဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ထိုသို့ပြောခြင်းဖြင့် စည်းလုံးညီညွတ်သော ဖဆပလအဖွဲ့ကြီး၏ ဂုဏ်သိက္ခာကို ထိပါးစေရန် ကြံရွယ်ကြိုးစားခဲ့ပေသည်။

ထိုအချိန်တွင် မခံမရပ်နိုင်စရာ ကောင်းလှသော စွပ်စွဲမှုတစ်ခု ပေါ်လာလေသည်။ ၎င်းမှာ 'ဗိုလ်ချုပ်အောင်ဆန်းအား လူသတ်မှုဖြင့် ဖမ်းဆီးတရားစွဲပါ' ဟု နိုင်ငံရေးသမားအချို့က ဘုရင်ခံအား တိုက်တွန်းခဲ့ကြခြင်း ဖြစ်လေသည်။

နိုင်ငံရေးသမားတစ်ဦးက ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ကြီးအတွင်း လူသတ်မှုကျူးလွန်ခဲ့သည်ဟု အတိအလင်းစွပ်စွဲခဲ့လေသည်။ 'ဂျပန်များ မြန်မာနိုင်ငံသို့ ဝင်လာစဉ်အခါက မိမိသည် ဘီအိုင်အေတပ်များနှင့်အတူ ဂျပန်တပ်များ နောက်မှလိုက်ပါလာခဲ့စဉ် သထုံမြို့အနီးရှိ ရွာတစ်ရွာသို့ ရောက်ခဲ့သည်။ ထိုရွာသူကြီးမှာ ကုလားအမျိုးသားတစ်ဦးဖြစ်သည်။ ရွာသူကြီးသည် အင်္ဂလိပ်စစ်တပ်နှင့် ဆက်သွယ်၍ ဂျပန်များကို ခုခံတိုက်ခိုက်ရန် ရွာသူရွာသားများ လှုံ့ဆော်နေသည်ဟု စွပ်စွဲပြောဆိုကြသည်။ ထိုအမှုကို ဗိုလ်ချုပ်အောင်ဆန်း သဘာပတိအဖြစ် ပါဝင်သော စစ်ခုံရုံးက စစ်ဆေး၍ သူကြီးကို သေဒဏ်ပေးလိုက်လေသည်။ ရွာသူကြီးကို ဗိုလ်ချုပ်အောင်ဆန်းက ဓားဖြင့် ခုတ်သတ်ရာ ပွဲချင်းပြီး မသေသောကြောင့် တပ်သားတစ်ဦးက အသေသတ်လိုက်ရသည်။ ဤလူသတ်မှုဖြင့် ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းသင့်သည်' စသည်ဖြင့် စွပ်စွဲခဲ့လေသည်။ ဤအမှုတွင် မိမိမှာ မျက်မြင်သက်သေဖြစ်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းအား တရားစွဲတင်လျှင် သက်သေလိုက်မည်ဟုပင် ထိုပုဂ္ဂိုလ် ကတိပေးသေးသည်။

စွပ်စွဲမှုမှာ ရန်ကုန်မြို့နှင့်တကွ ကမ္ဘာသို့ပင် ဂယက်ရိုက်သွားလေသည်။ စစ်အပြီးတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို အရယူပေးမည်ဖြစ်သော အမျိုး



သားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား တရားခွင်တွင် လူသတ်မှုဖြင့် စစ်ဆေးရန်အတွက် ကြေညာပြောဆိုခဲ့သဖြင့်လည်း ထိုသတင်းမှာ ဤမျှဂယက်ထသွားရခြင်း ဖြစ်လေသည်။ ဤတွင် မြန်မာပြည်ဘုရင်ခံသည် ထိုအမှုနှင့် ပတ်သက်ပြီး ပုလိပ်အဖွဲ့အား စုံစမ်းစစ်ဆေးရန် လွှဲအပ်လျက် ဗိုလ်ချုပ်အောင်ဆန်းအား ဖမ်းသင့်၊ မဖမ်းသင့်ကို အင်္ဂလန်နိုင်ငံရှိ မြန်မာနိုင်ငံဆိုင်ရာ အတွင်းဝန်ထံသို့ ကြေးနန်းရိုက်လျက် အခွင့်တောင်းလိုက်လေသည်။ သို့သော် အတွင်းဝန်ကြီး၏ ပြန်ကြားချက်တွင် ဗိုလ်ချုပ်အောင်ဆန်းကို မဖမ်းသင့်သေးပါဟု ပါရှိလေသည်။ ဤကိစ္စနှင့် ပတ်သက်၍ မြန်မာပြည် ပုလိပ်မင်းကြီး မစ္စတာချက်တဲလ်ကလည်း 'ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းလိုက်ပါလျှင် မြန်မာနိုင်ငံ၌ ပုန်ကန်ထကြွမှုများ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း' စသဖြင့် အစီရင်ခံလေသည်။

ဘုရင်ခံ ဒေါ်မန်စမစ်သည် ထိုကိစ္စကို ဗိုလ်ချုပ်အောင်ဆန်းအား ခေါ်ယူတွေ့ဆုံ မေးမြန်းခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းက ယင်းကိစ္စနှင့်ပတ်သက်၍ မိမိ လုံးဝတာဝန်ယူသည်၊ ထိုသူကြီးကို စစ်ခုံရုံးမှ စစ်ဆေး၍ စစ်ခုံရုံး၏ သေဒဏ်စီရင်ချက်အတိုင်း ကွပ်မျက်ခဲ့ရခြင်းဖြစ်သည် စသဖြင့် ရဲဝံ့စွာ ပြောလိုက်လေသည်။ ဘုရင်ခံဒေါ်မန်စမစ်သည် ဗိုလ်ချုပ်အောင်ဆန်း၏ သတ္တိကို မချီးကျူးဘဲ မနေနိုင် ဖြစ်ခဲ့လေသည်။ မိမိလုပ်ခဲ့သည့် လုပ်ရပ်တစ်ခုအတွက် ရဲဝံ့စွာ တာဝန်ယူခြင်းနှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ အပြုအမူမှာ တကယ်လည်း အံ့သြချီးကျူးဖွယ်ရာ ဖြစ်နေလေတော့သည်။

ဗိုလ်ချုပ်အောင်ဆန်းအား လူသတ်မှုဖြင့် ဖမ်းဆီးရန် အမိန့်မှာ မကြာမီပင် အင်္ဂလိပ်အစိုးရထံမှ မြန်မာပြည်ဘုရင်ခံ ဒေါ်မန်စမစ်ထံသို့ ရောက်လာလေသည်။ ဘုရင်ခံဒေါ်မန်စမစ်သည် ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးရန် အမိန့်ထုတ်ရေး စီစဉ်နေစဉ်မှာပင် ဒုတိယအမိန့်စာတစ်စောင်ကို အင်္ဂလိပ်အစိုးရထံမှ ရောက်လာပြန်၏။ ဗိုလ်ချုပ်အောင်ဆန်းအား ဖမ်းဆီးရန် အမိန့်ကို ပယ်ဖျက်လိုက်သည်။ နောက်ထပ် အမိန့်တစ်စုံတစ်ရာ မလာမချင်း ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးခြင်း မပြုရဟု အမိန့်စာတွင် ပါရှိလေသည်။

အဆိုပါအမိန့်အရ ဗိုလ်ချုပ်အောင်ဆန်းအား ဖမ်းဆီးရန် အကြံမှာ ရပ်ဆိုင်းသွားလေသည်။ နောက်လည်း ဗိုလ်ချုပ်အောင်ဆန်းအား ဖမ်းဆီးရန် အမိန့်မှာ ဘယ်တော့မျှ ရောက်မလာတော့ပေ။

ဤကိစ္စတွင် အင်္ဂလိပ်အစိုးရ၏ အမိန့်သည် မြန်မာနိုင်ငံ၏ သမိုင်းကို ပြုပြင်လိုက်သည်ဟု ဆိုရပေမည်။ အကယ်၍သာ ဗိုလ်ချုပ်အောင်ဆန်းကိုသာ လူသတ်မှုဖြင့် ဖမ်းဆီးလိုက်ပါလျှင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်များနှင့်အတူ မြန်မာအမျိုးသားတစ်ရပ်လုံးသည်လည်းကောင်း၊ ဗမာ့တပ်မတော်ကြီးသည်လည်းကောင်း လက်နက်ကိုင်လျက် အင်္ဂလိပ်အစိုးရကို ပုန်ကန်တော်လှန်ကြဦးမည်မှာ

www.burmeseclassic.com

www.burmeseclassic.com



သချာပေသည်။ ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးရန်အမိန့်ကို ပယ်ဖျက်လိုက်ခြင်းဖြင့် နောက်ထပ် တော်လှန်ရေးကြီးတစ်ရပ်ဖြစ်ပေါ်လာမည့်အရေးကို ဟန့်တားသလို ဖြစ်သွားခဲ့ပေသည်။

အောင်ဆန်း အက်တလီစာချုပ်အရ မြန်မာနိုင်ငံ အထွေထွေရွေးကောက်ပွဲကြီးကို ၁၉၄၇ ခုနှစ်၊ ဧပြီလတွင် မြန်မာတစ်ပြည်လုံး၌ ကျင်းပပြုလုပ်ခဲ့၏။ ထိုရွေးကောက်ပွဲကြီး၌ မွန်၊ မြန်မာ၊ ရခိုင် စသည့် တောင်ပေါ်သားများသည် ဖဆပလအလံတော်အောက်တွင် ရပ်တည်၍ ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံခဲ့ကြသည်။ ရွေးကောက်ပွဲတွင် ဖဆပလအဖွဲ့ဝင် အမတ်လောင်းများသည် ၉၅.၃ ရာခိုင်နှုန်း အရွေးခံခဲ့ရလေသည်။ တိုင်းပြုပြည်ပြုလွှတ်တော်ကို ၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် ဖွင့်လှစ်ခဲ့လေသည်။

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများသည် ပြည်နယ်ပြည်မ မခွဲခြားဘဲ တလုံးတစည်းတည်း ညီညွတ်စွာဖြင့် လွတ်လပ်ရေးပန်းတိုင်သို့ ချီတက်လျက်ရှိကြသည်။ တိုင်းပြုပြည်ပြုလွှတ်တော်ကို ရွေးကောက်တင်မြှောက်ခြင်းမပြုရသေးမီအချိန်ကဆိုလျှင် မြန်မာတစ်နိုင်ငံလုံးရှိ အမျိုးသားများသည် **'လွတ်လပ်ရေး ရရင် ရ၊ မရရင် ချမယ်'** ဟုဆိုသည့် ကြွေးကြော်သံများကို တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ ပြောဆိုကြွေးကြော်လျက် ရှိခဲ့ကြပေသည်။ သို့သော် တိုင်းပြုပြည်ပြုလွှတ်တော်ကို ရွေးကောက်တင်မြှောက်ပြီးသည့်နောက်တွင်ကား မြန်မာနိုင်ငံတစ်ဝန်း၌ ဖဆပလအဖွဲ့ချုပ်ကြီး၏ ကြွေးကြော်သံဖြစ်သော **'တစ်နှစ်အတွင်း လွတ်လပ်ရေး ရရမည်'** ဆိုသည့် အသံများသာလျှင် လှိုင်းထသကဲ့သို့ ရှိနေလေတော့သည်။

**လုပ်ကြံမှုကြီး ပေါ်ပေါက်ခြင်း။** ။ ထိုအချိန်တွင် မြန်မာနိုင်ငံအဖို့ အဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုကြီးတစ်ရပ် ဖြစ်ပေါ်လာခဲ့လေသည်။ ၎င်းမှာကား မြန်မာအမျိုးသားခေါင်းဆောင်ကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်များဖြစ်ကြသော ဝန်ကြီးများအား မသမာသူလူတစ်စုက ရက်စက်စွာ လုပ်ကြံသတ်ဖြတ်လိုက်ကြခြင်းကို ခံလိုက်ရခြင်းပင် ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းအပါ ဝန်ကြီးများသည် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် စနေနေ့နံနက် ၁၀ နာရီခွဲတွင် အတွင်းဝန်များရုံး၌ အရေးကြီးသည့် အစည်းအဝေးတစ်ရပ်ကို ကျင်းပနေစဉ် တပ်မတော်ယူနီဖောင်းများကို အယောင်ဆောင်၍ ဝတ်ဆင်ထားသော လူသတ်သမားသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ အစည်းအဝေးခန်းမသို့ တက်ရောက်လာပြီးလျှင် ခေါင်းဆောင်ကြီးများကို သေနတ်လက်နက်များဖြင့် ရက်စက်စွာ ပစ်သတ်ခဲ့ကြလေသည်။ ဤလုပ်ကြံမှုကြီးကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်



အတူ ဝန်ကြီးများဖြစ်သော သခင်မြ၊ မန်းဘခိုင်၊ ဦးဘချို၊ မစ္စတာရာဇတ်၊ မိုင်းပွန်စော်ဘွားကြီး၊ ဦးဘဝင်းတို့ ကျဆုံးခဲ့ရလေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများကို လုပ်ကြံသတ်ဖြတ်သူများမှာ မြန်မာနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဂဠုန်ဦးစော၏ အမိန့်ဖြင့် လာရောက်လုပ်ကြံသတ်ဖြတ်ကြခြင်း ဖြစ်လေသည်။ ဤခေါင်းဆောင်ကြီးများနှင့်အတူ အတွင်းဝန် ဦးအုန်းမောင်နှင့် မစ္စတာရာဇတ်၏ ကိုယ်ရံတော် ကိုထွေးတို့လည်း နေရာတွင်ပင် ကျဆုံးခဲ့ကြရလေ၏။

ဂဠုန်ဦးစောသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိမည်ကို အလွန်စိုးရိမ်နေသော နယ်ချဲ့လက်ပါးစေအချို့နှင့် ပူးပေါင်းပြီးလျှင် လက်နက်များစွာကို လိမ်လည်ထုတ်ယူ၍ လုပ်ကြံမှုကြီးကို အချိန်ကာလကြာမြင့်စွာကပင် ကြံစည်ကြိုးစားနေခဲ့သည်။

ယင်းသို့ ပီရိသေသပ်စွာဖြင့် လုပ်ကြံမှုကြီးတစ်ရပ် ဖြစ်ပေါ်လာအောင် ကြံစည်ကြိုးစားခဲ့ကြပြီးလျှင် ခေါင်းဆောင်ကြီးများအား ရက်စက်စွာ သတ်ခဲ့ခြင်း ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများ ကျဆုံးရပြီဆိုသော သတင်းသည် မြန်မာတစ်နိုင်ငံလုံးသို့ အချိန်အနည်းငယ်အတွင်းမှာပင် ပျံ့နှံ့သွားလေသည်။ ဗိုလ်ချုပ်ကို ချစ်ခင်ကြည်ညို လေးစားရင်းရှိကြသော မြန်မာနိုင်ငံ တိုင်းရင်းသားလူထုကြီးသည် နယ်ချဲ့သမားများနှင့် နယ်ချဲ့လက်ပါးစေလူသတ်သမားများအပေါ်တွင် ဒေါသအမျက်ထွက်ကြရသည်နှင့်အမျှပင် ခေါင်းဆောင်ကြီးများအတွက်လည်း များစွာ ယူကျုံးမရ နှမြောတသ၍ ဝမ်းနည်းငိုကြွေးခြင်း ဖြစ်ခဲ့ကြရလေသည်။

ခေါင်းဆောင်ကြီးများကို လုပ်ကြံသတ်ဖြတ်ခဲ့သော ဂဠုန်ဦးစောနှင့် အပေါင်းအပါတရားခံများကို လုပ်ကြံမှုကြီး ဖြစ်ပေါ်ပြီးသည့် ညနေမှာတွင်ပင် ရန်ကုန် ပုလိပ်အဖွဲ့က ဖမ်းဆီးမိခဲ့သည်။ လုပ်ကြံမှုတရားခံများကို အထူးခုံရုံးဖွဲ့၍ စစ်ဆေးခဲ့ပြီးနောက် အပြစ်ထင်ရှားရှိကြသော ဂဠုန်ဦးစောနှင့် အပေါင်းအပါတရားခံများကို အထူးခုံရုံးမှ သေဒဏ်အပြစ်ပေးခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ ကျဆုံးသွားသော်လည်း ကျန်ရှိနေသော ဖဆပလခေါင်းဆောင်များသည် လွတ်လပ်ရေးရရှိရန် ကိစ္စကို မျက်ခြည်ပြတ် မခံကြပေ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများအား နယ်ချဲ့လက်ပါးစေများ၏ လက်ချက်ဖြင့် လုပ်ကြံခံခဲ့ရသောကြောင့် မြန်မာအမျိုးသားထုကြီးသည် အလွန်ဒေါသထွက်နေသည့်အကြားမှ လုံးဝလွတ်လပ်ရေးရရှိရေးကိစ္စများအတွက် ဖဆပလ အလံတော်အောက်တွင် စုရုံးမြဲ၊ စည်းရုံးမြဲ ရှိနေခဲ့ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်နှင့် ခေါင်းဆောင်ကြီးများ ကျဆုံးပြီးသည့်နောက်တွင် မြန်မာနိုင်ငံ ဆာဟူးဘတ်ရန့်စ်သည် တိုင်းပြုပြည်ပြုလွှတ်တော်ဥက္ကဋ္ဌ သခင်နုကို ခေါ်ယူလျက် ဘုရင်ခံအစိုးရအဖွဲ့သစ်တစ်ခုကို ဖွဲ့စည်းစေခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်အမတ်များသည် ဗိုလ်ချုပ်အောင်ဆန်း လက်စသတ်မသွားနိုင်ခဲ့သောလုပ်ငန်းကြီးတစ်ရပ်ဖြစ်သည့် အခြေခံဥပဒေ ရေးဆွဲရေးတာဝန်များကို ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိခဲ့လေသည်။

၁၉၄၇ ခု၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အခြေခံဥပဒေကို ရေးဆွဲပြီးစီးခဲ့ကြ၏။ ထိုအချိန်တွင် အင်္ဂလန်နန်းရင်းဝန် မစ္စတာအက်တလီသည် မြန်မာနိုင်ငံဆိုင်ရာ ဝန်ကြီး မစ္စတာလော့ဒ်လစ္စတိုဝဲလ်ကို မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့သည်။ ဤဝန်ကြီးသည် မြန်မာနိုင်ငံတော်သို့ လာရောက်ပြီးလျှင် မြန်မာပြည် ဖဆပလခေါင်းဆောင်များနှင့်လည်းကောင်း၊ မြန်မာနိုင်ငံ ဘုရင်ခံနှင့်လည်းကောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးကြေညာရေးအတွက် ကိစ္စအဝဝကို ဆွေးနွေးခဲ့ပြီးနောက် အင်္ဂလန်အစိုးရအဖွဲ့သို့ တင်ပြရန် ပြန်သွားခဲ့လေသည်။

## (င) မြန်မာနိုင်ငံ လွတ်လပ်ရေးကြေညာခြင်း

မြန်မာနိုင်ငံတော် တိုင်းပြုပြည်ပြုလွှတ်တော်သည် အခြေခံဥပဒေကို ရေးဆွဲပြီးသည့်အခါတွင် ဦးတင်ထွဋ်၊ ဦးကိုကိုကြီး၊ မန်းဝင်းမောင်နှင့် ဗိုလ်မှူးအောင် စသော ခေါင်းဆောင်များ ပါဝင်သည့် မြန်မာ့ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို လန်ဒန်သို့ စေလွှတ်ခဲ့လေသည်။ နောက်ထပ်ဆက်၍လည်း သခင်နု၊ ဗိုလ်လက်ျာ၊ ဗိုလ်ထွန်းလင်း စသော မြန်မာခေါင်းဆောင်များသည် ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလတွင် အင်္ဂလန်နိုင်ငံသို့ သွားရောက်ကြသည်။ အဆိုပါ မြန်မာခေါင်းဆောင်များသည် အင်္ဂလိပ် မြန်မာ လွတ်လပ်ရေးစာချုပ်ကို အောက်တိုဘာလ ၁၇ ရက်နေ့တွင် ချုပ်ဆိုခဲ့သည်။

အဆိုပါစာချုပ်ကို '**နုအက်တလီစာချုပ်**'ဟု ခေါ်ဝေါ်အသိအမှတ်ပြုခဲ့ကြသည်။ ယင်းစာချုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အား လုံးဝလွတ်လပ်သောအချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကြီးအဖြစ် အသိအမှတ်ပြု၍ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် အင်္ဂလိပ်အစိုးရက အာဏာလွှဲပြောင်းပေးရန် ချုပ်ဆိုသည့်စာချုပ် ဖြစ်လေသည်။

ဤသို့ဖြင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်လမ်းပြခဲ့သည့် လွတ်လပ်ရေး လမ်းမကြီးဝယ် မြန်မာနိုင်ငံ အမျိုးသားများသည် လက်တွဲမဖြုတ်ဘဲ တညီတညွတ်တည်း ဆက်လက်လျှောက်လာခဲ့ကြရာ လွတ်လပ်ရေးမှခ်ဦးသို့ပင် မကြာမီ ရောက်ရှိလာသည်ကို တွေ့ရပေသည်။



မြန်မာနိုင်ငံအား အင်္ဂလိပ်အစိုးရသည် အဘယ်ကြောင့် ဤမျှ အချိန်စောစွာ လွတ်လပ်ရေးပေးခဲ့သနည်းဆိုသည့် အချက်ကို ကြည့်ပါလျှင် အောက်ပါအချက်များသည် အဓိကအကြောင်းအချက်များ ဖြစ်နေသည်ကို တွေ့ရပေသည်။ ၎င်းတို့မှာ ၁။ မြန်မာတစ်မျိုးသားလုံး စည်းရုံးမိကြခြင်း ၂။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံငယ်ကလေးများအား အစမ္မသိမ်းယူသည့် ကိုလိုနီစနစ် ပြိုကွဲနေခြင်း ၃။ အင်္ဂလိပ်အစိုးရသည် စီးပွားရေးအကျပ်အတည်းများ တွေ့ကြုံလာခြင်း ၄။ မြန်မာအမျိုးသားများသည် မကြာခဏ တော်လှန်ပုန်ကန်လေ့ရှိကြသောအမျိုးသားများ ဖြစ်နေခြင်း စသည့် အချက်များကြောင့်ပင် ဖြစ်လေသည်။

ပထမအချက်ဖြစ်သော မြန်မာအမျိုးသားများ အထူးစည်းလုံးမိကြခြင်းသည် အင်္ဂလိပ်အစိုးရက မြန်မာနိုင်ငံအား အချိန်စောစွာ လွတ်လပ်ရေးပေးခဲ့ခြင်းတွင် အရေးပါသည့် အချက်တစ်ရပ် ဖြစ်ပေသည်။ ထိုအချိန်က အင်္ဂလန်နိုင်ငံတွင် တွေးခေါ်မြော်မြင်မှုရှိ၍ မျှတစွာ သဘောထားတတ်သော မစ္စတာအက်တလီ ခေါင်းဆောင်သည့် လေဘာပါတီအစိုးရအဖွဲ့ တက်ရောက်အုပ်စိုးလျက် ရှိလေသည်။

မစ္စတာအက်တလီသည် အရာရာကို မျှတစွာ တွေးခေါ်တတ်ပြီးလျှင် မြန်မာအမျိုးသားများ၏ လွတ်လပ်ရေးတောင်းဆိုမှုသည် တရားမျှတသည်ဟုလည်း ယူဆသူ ဖြစ်လေသည်။ ထို့ပြင် မစ္စတာအက်တလီသည် ဖက်ဆစ်တော်လှန်ရေးကြီးအပြီးတွင် တော်လှန်ရေးစိတ်ဓာတ်များ အထူးတက်ကြွ လှုပ်ရှားနေကြသော တော်လှန်ရေးပြန် ရဲဘော်များနှင့် ပြည်သူလူထု၏ စည်းလုံးညီညွတ်မှုကိုလည်း အထူးလေ့လာ စူးစမ်းထားပြီးဖြစ်နေသည်။ ဤမျှ စည်းလုံးညီညွတ်နေသော မြန်မာအမျိုးသားထုကြီး၏ ဆန္ဒနှင့် ဆန့်ကျင်ဘက်လုပ်ရပ်များကို လုပ်ခြင်းဖြင့် မည်သို့မျှ အကျိုးရှိမည်မဟုတ်ဘဲ နှစ်နိုင်ငံစလုံး ထိခိုက်နစ်နာမည့်အရေးကို မစ္စတာအက်တလီသည် ကောင်းစွာ လေ့လာဆင်ခြင်မိခဲ့လေသည်။

ဒုတိယအချက်ဖြစ်သော ကမ္ဘာ့နိုင်ငံအသီးသီးတွင် အစမ္မသိမ်းပိုက်ထားခြင်းခံရသော ကိုလိုနီစနစ်သည် တစ်စတစ်စ ပြိုကွဲလာခြင်းသည်လည်း မြန်မာ့လွတ်လပ်ရေးကြီး ဤမျှ လျင်မြန်စွာ ရရှိခြင်းတွင် အချက်တစ်ရပ် ဖြစ်လာလေသည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံငယ်ကလေးများသည် စစ်ပြီးကာလတွင် အမျိုးသားအချင်းချင်း အထူးစည်းလုံးညီညွတ်စွာ ရှိခဲ့သည့်အချိန်၌ ကမ္ဘာ့အရင်းရှင်နိုင်ငံကြီးများသည် တိုက်ခိုက်ခဲ့ရသော စစ်ပွဲကြီး၏အကျိုးဆက်ကြောင့် စစ်ပန်းလျက် ရှိကြသည်။ ထိုအချိန်တွင် ဤနိုင်ငံကြီးများသည် နောက်ထပ် စစ်ပွဲဆင်နွှဲရန် အင်အားမရှိသည့်အချိန် ဖြစ်နေသည်။ ဤသည်ကို အခွင့်ကောင်းယူပြီးလျှင် နိုင်ငံငယ်ကလေးများသည် မိမိတို့အား လုံးဝလွတ်လပ်ရေးပေးရန်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဲနက်တောင်းဆိုနေခဲ့ကြလေသည်။ ဤနိုင်ငံငယ်ကလေးများကို ဆက်လက်၍ အစမ္မအုပ်စိုးနေခြင်းငှာ မတတ်နိုင်တော့ပြီဖြစ်သော နိုင်ငံကြီးများသည် ကိုလိုနီနိုင်ငံများကို လွတ်လပ်ရေးပေးခြင်းဖြင့် ပြဿနာကို အပြတ်ရှင်းလိုက်ကြလေသည်။

တတိယအချက်အနေဖြင့် အင်္ဂလိပ်အစိုးရ စီးပွားရေးကျပ်တည်းမှု ဖြစ်ရခြင်းသည်လည်း မြန်မာလွတ်လပ်ရေးရရှိခြင်းတွင် အချက်တစ်ချက် ဖြစ်ခဲ့ပေသည်။ အင်္ဂလိပ်အစိုးရသည် စစ်ကြီးပြီးသောအခါ၌ စစ်စရိတ်ကြွေးငွေများလည်ပင်းအထိ နစ်လျက် တင်ကျန်ရစ်လေသည်။ စစ်ကြီးအတွင်းက စက်မှုလက်မှုထုတ်ကုန်များအစား လက်နက်ခဲယမ်း မီးကျောက်များနှင့် စစ်သုံးပစ္စည်းများသာ ထုတ်လုပ်ခဲ့ရသောကြောင့် တိုင်းပြည်၏ စီးပွားရေးအခြေအနေသည် များစွာ ကျပ်တည်းနေခဲ့လေသည်။ မိမိနိုင်ငံ စီးပွားရေးအခက်အခဲများနှင့် ရင်ဆိုင်နေရချိန်တွင် မြန်မာနိုင်ငံကဲ့သို့ ကိုလိုနီနိုင်ငံအများမှ ငွေကြေးအကူအညီရရန်လည်း မျှော်လင့်၍ မဖြစ်ပေ။ ထိုနိုင်ငံငယ်များသည်လည်း စစ်ဒဏ်ကို အလူးအလဲ ခံထားရပေရာ စီးပွားရေးကပ်ဆိုက်ခြင်းနှင့် ကြုံတွေ့နေရလျက်ပင် ဖြစ်လေသည်။ ဤအခြေအနေတွင်ပင် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံငယ်ကလေး၏ လွတ်လပ်ရေးတောင်းဆိုမှု ပြဿနာများကို အပြီးအပြတ် ရှင်းလင်းလိုက်ရန်မှတစ်ပါး အင်္ဂလန်အဖို့ အခြားလုပ်ရန် နည်းလမ်းမရှိပေ။

စတုတ္ထအချက်အနေဖြင့်ဆိုလျှင် မြန်မာအမျိုးသား တိုင်းရင်းသားများသည် အမြဲမပြတ်ဆိုသလိုပင် လွတ်လပ်ရေးအတွက် ပုန်ကန်တော်လှန်မှုများကို ပြုလုပ်လေ့ရှိကြသည်။ ဥပဒေဘောင်အတွင်းမှဖြစ်စေ၊ ဥပဒေအပြင်ဘက်မှဖြစ်စေ လွတ်လပ်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်နေခဲ့ကြသူများ ဖြစ်လေသည်။ ထိုသို့သော အမျိုးသားများသည် ယခုတစ်ကြိမ်တွင် လွတ်လပ်ရေးကို အနုနည်းဖြင့် တောင်းဆိုနေသည့်အချိန်၌ အသာတကြည်မရခဲ့ပါလျှင် အကြမ်းနည်းဖြင့် တော်လှန်တိုက်ခိုက်ကြတော့မည်ကို အင်္ဂလိပ်အစိုးရအဖွဲ့က ကြိုတင်သိရှိပြီး ဖြစ်လေသည်။

စစ်လေ့ကျင့်ခန်းများကို အမြဲလုပ်ဆောင်နေသော တော်လှန်ရေးပြန် မြန်မာတပ်မတော်သားများသည်လည်းကောင်း၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ ဖဆပလအလံတော်အောက်ရှိ အမျိုးသားထုကြီးတစ်ရပ်လုံးသည်လည်းကောင်း လွတ်လပ်ရေးရရင် ရ၊ မရရင် ချမည်ဟု အတိအလင်း ကြွေးကြော်နေသည်လည်း ဖြစ်သည်။ ဤအချက်များကို ထောက်ရှု၍ပင် အင်အားကြီးလက်နက်နိုင်ငံတော်ကြီးဖြစ်သော အင်္ဂလန်နိုင်ငံ၏ အစိုးရအဖွဲ့သည် မြန်မာအမျိုးသားများ၏ လွတ်လပ်ရေးကြေညာချက်ကို ဤမျှလျင်မြန်စွာ ကြေညာပေးရန် စီစဉ်ခဲ့ခြင်းဖြစ်ပေသည်။



၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် လန်ဒန်မြို့ ဒေါင်းနင်းလမ်း အမှတ် ၁၀ ရှိ အင်္ဂလိပ်ဝန်ကြီးချုပ်ရုံး၌ နုအက်တလီစာချုပ်ကို ချုပ်ဆိုခဲ့ကြပြီးသည့်နောက် မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ ရောက်ရှိတော့မည်ဖြစ်ကြောင်းကို အင်္ဂလန်ပြည့်ရှင် ဂျော့ဘုရင်က ကြေညာခဲ့သည်။

၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် အင်္ဂလိပ် အောက်လွှတ်တော်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးဥပဒေကြမ်းကို လက်ခံအတည်ပြုလိုက်ခြင်းဖြင့် မြန်မာနိုင်ငံ လွတ်လပ်ရေးဥပဒေသည် အတည်ဖြစ်လာခဲ့လေသည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ်သို့ ရောက်ခဲ့လေသည်။ ထိုနေ့နံနက် ၄ နာရီ မိနစ် ၂၀ တွင် မြန်မာနိုင်ငံ ဘုရင်ခံ၏ အိမ်ရှေ့မြေကွက်လပ်ရှိ အလံတိုင်မှ အင်္ဂလိပ်ယူနီယံဂျက်အလံကို တဖြည်းဖြည်း ချလိုက်၏။ ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အလံတော်သည် အလံတိုင်ထိပ်သို့ တဖြည်းဖြည်းလွှင့်တက်သွားခဲ့လေသည်။ မြန်မာနိုင်ငံ အလံတော်ကို မြန်မာနိုင်ငံ၏ နောက်ဆုံးဘုရင်ခံနှင့် ပထမဆုံးသမ္မတ စပ်ရွှေသိုက်တို့ အမှူးပြုသော အစိုးရအဖွဲ့ဝင်များ၊ သံအဖွဲ့ဝင်များ၊ အရာရှိများက တညီတညွတ်တည်း အလေးပြုကြလေသည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ နံနက်က ကျင်းပပြုလုပ်သော ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမကြီးတွင် လွတ်လပ်သော မြန်မာနိုင်ငံတော်၏ ပထမဝန်ကြီးချုပ် သခင်နုက "ဤငါတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ကြေညာချက်သည် ကမ္ဘာတစ်ဝန်းလုံး တစ်ဦးတစ်ယောက်မကျန် ကြားသိစေသတည်း" စသဖြင့် ရွတ်ဖတ်လျက် မြန်မာလွတ်လပ်ရေး ကြေညာစာတမ်းကြီးကို ကမ္ဘာသို့ ထုတ်ပြန်ခဲ့လေသည်။

၎င်းနေ့တွင်ပင် ဝန်ကြီးချုပ် သခင်နုသည် ရန်ကုန်မြို့ ဆူးလေဘုရားအနီး ဗန္ဒုလယန်းခြံအတွင်း၌ မြန်မာ့လွတ်လပ်ရေး အထိမ်းအမှတ် ကျောက်တိုင်ကြီးကို အုတ်မြစ်ချခဲ့သည်။ ယင်းကျောက်တိုင်ကြီးတွင်...

"မြို့သက္ကရာဇ် တစ်ထောင့်သုံးရာကိုးဆယ်
ပြာသိုလဆုတ် ၉ ရက်၊ တနင်္ဂနွေနေ့တွင်
ဤငါတို့ မြန်မာပြည်သည် လုံးဝလွတ်လပ်သော
အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတ
နိုင်ငံတော်ကြီးအဖြစ် ကောင်းစွာ ရောက်စေသတည်း"

ဟု ကမ္ပည်းကျောက်စာ ထိုးနက်လျက် သမိုင်းမှတ်တမ်းတင်ခဲ့လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ လွတ်လပ်ရေးရသည့်အချိန်မှ စ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လွတ်လပ်ရေးအောင်ပွဲများကို ခြိမ့်ခြိမ့်သဲမျှ စည်ကားစွာ ကျင်းပပြုလုပ်လျက် အောင်ပွဲခံလျက်ရှိခဲ့ကြလေသည်။

ဤသို့ဖြင့် ၁၈၈၅ ခုနှစ်က ဆုံးရှုံးခဲ့သော မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြီးသည် ၆၃ နှစ်မျှ ကြာမြင့်စွာ တိုင်းခြားနယ်ချဲ့အစိုးရ ၏ လက်ထဲတွင် ရောက်ရှိနေခဲ့ပြီးမှ မြန်မာတစ်မျိုးသားလုံး၏ အသက်ပေါင်း များစွာကို စတေးခဲ့ရသည့် လွတ်လပ်ရေးတိုက်ပွဲအဆင့်ဆင့်ကို ကျော်လွှားခဲ့ပြီး လှိုင်မြန်မာအမျိုးသားများ၏ လက်ဝယ်သို့ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြန်လည်ရရှိခဲ့လေသည်။

**မပြီးဆုံးသေးသော တော်လှန်ရေး။** ။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်ဆိုသော်လည်း မြန်မာအမျိုးသားများသည် စီးပွားရေးလွတ်လပ်မှု အခွင့်အရေးများကို ပြည့်ပြည့်ဝဝ ခံစားရခြင်း မရှိခဲ့သည်မှာ အထင်ကရဖြစ်ခဲ့လေသည်။ မြန်မာအမျိုးသား တောင်သူလယ်သမားများနှင့် အလုပ်သမား ဆင်းရဲသားတို့၏ ဘဝမှာ လွတ်လပ်ရေးရပြီးသည့်နောက်၌ အဆင့်မြင့်မားမလာဘဲ စားဝတ်နေရေး အကျပ်အတည်းများဖြင့် ရင်ဆိုင်နေရလျက် ဒုက္ခဝဲထဲတွင် နစ်ပြီးရင်း နစ်ရင်းသာလျှင် ရှိနေခဲ့သည်။

ထိုအချိန်တွင် ငွေလုံးငွေရင်းရှိသော ကြေးရတတ် နေရှင်များသည် မိမိတို့တွင် ရှိနေသော ငွေများကို လှည့်လည်သုံးစွဲကာဖြင့် မိမိတို့၏ စည်းစိမ်ချမ်းသာ မြင့်သည်ထက် မြင့်စေရန်ကိုသာ မျှော်မှန်းလျက်ရှိနေကြသည်။ ယင်းငွေရှင်၊ ကြေးရှင်၊ နေရှင်များသည် ဆင်းရဲသား အလုပ်သမား လူတန်းစားများ၏ ဘဝသာယာပြောင်ပြိုးရေးအတွက် အနည်းငယ်မျှ ပြန်လည်ကြည့်ရှု၍ စီမံပေးရန် စိတ်မကူးခဲ့ကြပေ။

ထိုအချိန်တွင် တက်ရောက်လျက်ရှိသော ဖဆပလအစိုးရအဖွဲ့ကြီးသည်လည်း အမျိုးသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစီးပွား အဆင့်အတန်းမြင့်ရေးတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခဲ့ဘဲ အဖွဲ့အတွင်း ဂိုဏ်းဂဏများ ဖွဲ့စည်းလျက် စိတ်ဝမ်းကွဲမှုများသာလျှင် ဖြစ်နေခဲ့ကြလေသည်။ အဖွဲ့အတွင်း တိုက်ပွဲအမျိုးမျိုးကိုသာ ဆင်နွှဲနေလျက် ရှိခဲ့ကြပေသည်။

ဤသို့ဖြင့် တောင်သူလယ်သမား၊ အလုပ်သမား၊ ဆင်းရဲသားတို့မှာ "မြတ်သည်ထက် ညစ်"ဆိုသော စကားပမာ လွတ်လပ်ရေးရရှိသည်ဆိုပါလျက် လွတ်လပ်ရေး၏ အရသာကို တင်းပြည့်ကျပ်ပြည့် ခံစားခွင့်မရကြရှာဘဲ ဆင်းရဲတွင်း၌ နစ်မွန်းလျက် ရှိနေကြရှာလေသည်။ စားရသည်မှာ မဝတဝ၊ ဝတ်ရသည်မှာ အစအနဆိုသည့် စကားနယ်ပင် ငွေရှင်၊ ကြေးရှင်၊ အာဏာရှင်၊ ဂုဏ်ရှင်များ



ကြီးပွားသည့်ခေတ်၌ ဆင်းရဲသားပြည်သူအများမှာ အဘက်ဘက်မှ စီးပွားရေးအကျပ်အတည်းများကို တွေ့နေကြရပေသည်။

သို့သော် ဆင်းရဲသား အလုပ်သမား လယ်သမားတို့သည် မိမိတို့ဘဝရပ်တည်ရေးမှ ဘဝအဆင့်အတန်းမြင့်မားရေးအတွက် အမြဲတစေ ကြံစည်ကြိုးစားလျက် ရှန်းကန်ရင်းဖြင့် မြန်မာနိုင်ငံ အစိုးရအဖွဲ့အဆက်ဆက်တို့၏ စာတ်ရှုပ်ကြီး ကနေသည်ကို စောင့်ကြည့်ကာ မိမိတို့ ဘဝအဆင့်အတန်းမြင့်မားစေရေးကို ဦးဆောင်ပေးမည့် စီးပွားရေး တော်လှန်မှုတိုက်ပွဲတစ်ရပ်ကို ငံ့လင့်လျက် ရှိနေကြပေသတည်း။

တက္ကသိုလ်စိန်တင်

www.burmeseclassic.com

## ကျမ်းကိုးစာရင်း
### မြန်မာ


ကျော်ဇော-ဗိုလ်မှူးချုပ်ဟောင်း — **ပြည်တွင်းငြိမ်းချမ်းရေးသဘောထား။** ဒုတိယနှိပ်ခြင်း။ လင်းထင်စာပေ ၁၉၆၀

.... .... — အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများ။ ရန်ကုန်၊ လင်းထင်စာပေ ၁၉၆၁

ကျော်သက်-ဒေါက်တာ — **ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း** ရန်ကုန်၊ ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်း(စာရေးကိရိယာ)

ချစ်ကောင်း-ဗိုလ်မှူး — **အနှစ်နှစ်ဆယ်** ဒုတိယနှိပ်ခြင်း၊ ရန်ကုန်၊ တစ်သက်တာစာပေ၊ ၁၉၆၇

စိုးမောင်(မြန်မာ့အလင်း) ဦး — **ဝန်ကြီးချုပ်ဦးနု** ရန်ကုန်၊ သမာမိတ္တ ၁၉၅၆

.... .... — **ဝန်းသိုစော်ဘွားကြီး** ရန်ကုန်၊ သမာမိတ္တ ၁၉၅၉

တာရာ၊ ဗိုလ်၊ — **ရဲဘော်သုံးကျိပ် ပြည်တော်ပြန်** ရန်ကုန် သန်းမြစ် ဗဟို ၁၉၆၂

တင်မြ၊ သခင်၊ — **ဘုံဘဝမှာဖြင့်** ပ-ဒု-တ အတွဲများ ရန်ကုန်-ပုဂံ ၁၉၆၄-၆၈

တင်အောင်၊ ဗန်းမော် — **ကိုလိုနီခေတ် မြန်မာသမိုင်း** ဒု-နှိပ်၊ ရန်ကုန်၊ ပြည်သူ့အလင်းစာပေ ၁၉၆၄





ထွန်းအုပ်၊ သခင် — **ကျွန်ုပ်၏ရွှန်းစားခန်း** ဒုနှိပ်၊ ရန်ကုန် ကျူပျော်စာပေ ၁၉၆၄

နု၊ သခင် — **ငါးနှစ်ရာသီ ဗမာပြည် ရန်ကုန် မြန်မာ့အလင်း** ၁၉၄၆

နု၊ ဦးနှင့်၊ လှဖေဦး — **နိုင်ငံရေးအဘိဓာန်** ရန်ကုန်နဂါးနီ

နေအောင်၊ ရဲဘော် — **ဖက်ဆစ်တော်လှန်ရေးသမိုင်းဝင်စာတမ်းများ၊** ရန်ကုန်။ ပင်းယစာအုပ်တိုက် ၁၉၆၈

ဖေမြေ့၊ သခင် — သခင်ဖေမြေ့၏ သခင်ဖေမြေ့ ရန်ကုန်၊ ဒီရိုင်းစာပေ။

ဦးဘရင်(ဗမာ့ခေတ်) — **ဆရာတော် ဦးဥတ္တမ** ရန်ကုန်၊ သမာမိတ္တ၊ ၁၉၅၆

မြဒေါင်းညို — **ရဲဘော်သုံးကျိပ် ပ-တွဲ** ရန်ကုန်၊ သူရိယသတင်းစာတိုက် ၁၉၄၃

ရွှေသွေး — **စိန်မှန်ကင်းအစစ် ထင်းမြစ်နဲ့စဉ်က** စန္ဒာဝင်း ၁၉၆၇

သတင်းစာဆရာတစ်ဦး — **ဗမာ့မော်ကွန်းမှတ်တိုင်များ** ရန်ကုန်၊ လှိုင်စာပေ၊ ၁၉၆၇

သန့်၊ ဦး — **ပြည်တော်သာခရီး** ပတွဲ၊ ရန်ကုန်၊ စာပေဗိမာန် ၁၉၆၁

သိန်းဖေမြင့် — **ကျော်ငြိမ်း** ရန်ကုန်၊ ရွှေပြည်တန်စာအုပ်တိုက် ၁၉၆၁

.... — **စစ်အတွင်း ခရီးသည်** စနှိပ်။ ရန်ကုန် ပုဂံ ၁၉၆၈

.... — **ဘုံဝါဒနှင့် တို့ဗမာ၊** ဒုနှိပ်၊ ရန်ကုန်။ ပြည်တော်စိုး ၁၉၅၄

သိမ်းမောင်(သတင်းစာဆရာ)ဦး — **ရန်ကုန်ရာဇဝင်** ရန်ကုန်။ ဖွဲ့စာပေ ၁၉၆၂

ဟန်တင်၊ စစ်ကိုင်း — **လုံးဝလွတ်လပ်ရေးသို့** ရန်ကုန်၊ ပင်းယစာအုပ်တိုက် ၁၉၆၆

အောင်သန်း — **အောင်ဆန်း၊** ရန်ကုန်၊ ပုဂံ ၁၉၆၄


www.burmeseclassic.com

www.burmeseclassic.com



## ဌာနဆိုင်ရာထုတ် စာအုပ်စာတမ်းများ

ရေနံမြေအလုပ်သမားလှုပ်ရှားမှုသမိုင်း။ ။ ၁၉၆၄ ခု အလုပ်သမားရေး နိုင်ငံရေးရာ ကော်မတီ။
မြဝတီမဂ္ဂဇင်း (၁၉၅၅၊ ၆၆ ခုနှစ်) မတ်လထုတ် မဂ္ဂဇင်းများ
ငွေတာရီမဂ္ဂဇင်း ၁၉၆၅ ခုနှစ်၊ မတ်လ
သွေးသောက်မဂ္ဂဇင်း ၁၉၆၄ ခုနှစ်၊ မတ်လ
ရှေ့သို့စာစောင်များ (တပ်မတော်နေ့များထုတ်)
ကြေးမုံ၊ ဗမာ့ခေတ်၊ မဏ္ဍိုင်၊ မြန်မာ့အလင်း၊ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာများ (၁၉၄၅ မှ ၁၉၆၇)

## အင်္ဂလိပ်

*Aung San* — Burma's Challenge: Rangoon, 1946.
*Ba Than Dhammiha U (Retired Colonel)* — The Roots of the Revolution: Rangoon, Govt. Press. 1962.
*Christian John Leroy* — Burma and the Japanese Invader, Thacker & Co. Ltd, Bombay, 1945.
*Collis, Maurice.* — Last and First in Burma: Faber and Fabe Ltd, London 1956.
*Hall, D.G E.* — A History of South East Asia: Macmillan & Co Ltd, London; 1961.
*Maung Maung Dr.* — Burma's Constitution: The Hague Martinus, Nijhoff, 1959.
*Slim William* — Defeat into Victory: Cassell and Co Ltd, London: 1956.


www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com

# ၁၉၄၅ မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်း

တက္ကသိုလ်စိန်တင်

design Antt Bwere Zin

www.burmeseclassic.com